ဒီမိုကရေစီ

DEMOCRACY

ဒီမိုကရေစီ

DEMOCRACY

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသည့်ကာလ ။ ၂၀၁၅ ခုနှစ်၊ မေလ

ပုံနှိပ်ခြင်း ။ ပထမအကြိမ်

စောင်ရေ ။ ၅၀၀၀

တန်ဖိုး ။ ကျပန်နိုင်ငံ၊ ပညာရေးဝန်ကြီးဌာနမှ
လျှောဒါန်းသည်။

ထုတ်ဝေသူ ။ ဦးစိုးသန်း (ဝ၁၂၈၉)၊ ဖြိုးပြည့်စာပေတိုက်၊
တိုက်(၂)၊ အခန်း(၁၀၂)၊ ၅ လမ်း၊ ၉၂ရပ်ကွက်
ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်။

ပုံနှိပ်သူ ။ ဦးအောင်မြ၊ ဝဿန်ပုံနှိပ်တိုက်(ဝဝ၇၈၇)

ပင်ရင်းဖြန့်ချိရေး ။ ဦးစိုးသန်း၊ ဖြိုးပြည့်စာပေတိုက်၊
ဖုန်း-၀၉၇၃၂၃၅၁၄၀

စာကြည့်တိုက်တွင်သုံးရန်

ကျပန်ပညာရေးဝန်ကြီးဌာန ၃၅၅. ၈
ဒီမိုကရေစီ
ဒီမိုကရေစီဘာသာပြန်၊ ကျပန်ဘာသာမှမြန်မာဘာသာသို့ပြန်ဆိုခြင်း၊
ရန်ကုန် ၊ စာပေ၊ ပထမအကြိမ်၊ ၂၀၁၅ခုနှစ်၊ မေလ
၂၃၆ စာမျက်နှာ၊ ၁၃ စင်တီ × ၂၀. ၂ စင်တီ
ဒီမိုကရေစီ

ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအားဆန့်ကျင်ကြ
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် သစ်တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုး တက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောင်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များအမျိုး သားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
	အခန်း (၁)	
	ဒီမိုကရေစီအနှစ်သာရ	
၁။	ဒီမိုကရေစီအခြေခံသဘောထား၊	၁ - ၅
၂။	အောက်ခြေမှ အထက်သို့ဖွဲ့စည်းတည်ဆောက်ပုံ၊	၅ - ၉
၃။	ဒီမိုကရေစီ၏ပြည်သူ့ဘဝအနေအထား၊	၉ -၁၃
၄။	လွတ်လပ်မှုနှင့် သာတူညီမျှမှု၊	၁၃-၁၈
၅။	ဒီမိုကရေစီ၏အကျယ်အဝန်း၊	၁၈-၂၀
	အခန်း (၂)	
	ဒီမိုကရေစီပေါ်ပေါက်လာခြင်း	
၆။	ရှေးခေတ်ဒီမိုကရေစီ	၂၁-၂၂
၇။	အင်္ဂလန်တွင် ဒီမိုကရေစီပေါ်ပေါက်လာခြင်း၊	၂၂-၃၁
၈။	အမေရိကန်တွင် ဒီမိုကရေစီပေါ်ပေါက်လာခြင်း၊	၃၂-၄၁
၉။	ပြင်သစ်တွင် ဒီမိုကရေစီပေါ်ပေါက်လာခြင်း၊	၄၁-၄၈
	အခန်း (၃)	
	ဒီမိုကရေစီစနစ်အမျိုးမျိုး	
၁၀။	ဒီမိုကရေစီနှင့် ဆန့်ကျင်ဘက်စနစ်များ၊	၄၉-၅၃
၁၁။	ဒီမိုကရေစီအုပ်ချုပ်ရေး၏ထင်ရှားသောပုံစံများ၊	၅၄-၅၆

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၂။	အင်္ဂလိပ် ဒီမိုကရေစီစနစ်၊	၅၆ - ၆၁
၁၃။	အမေရိကန် ဒီမိုကရေစီစနစ်၊	၆၂ - ၆၇
၁၄။	ဆွစ်ဇာလန် ဒီမိုကရေစီစနစ်၊	၆၇ - ၇၀
	အခန်း (၄)	
	မဲပေးပိုင်ခွင့်	
၁၅။	ပြည်သူ့ကိုယ်စားလှယ်ရွေးကောက်ခြင်း၊	၇၁ - ၇၅
၁၆။	ရွေးကောက်ပွဲကျင်းပနည်းများ၊	၇၅ - ၇၉
၁၇။	မဲပေးပိုင်ခွင့်ကျယ်ပြန့်လာခြင်း၊	၇၉ - ၈၃
၁၈။	အမျိုးသမီးများနိုင်ငံရေးတွင်ပါဝင်လာခြင်း၊	၈၃ - ၈၆
၁၉။	ရွေးကောက်ပွဲအခွင့်အရေးနှင့် ရွေးကောက်ပွဲတာဝန်များ၊	၈၆ - ၉၀
	အခန်း (၅)	
	အများဆန္ဒဖြင့် ဆုံးဖြတ်ခြင်း	
၂၀။	ဒီမိုကရေစီနှင့် အများဆန္ဒ၊	၉၁ - ၉၃
၂၁။	အများဆန္ဒဖြင့်ဆုံးဖြတ်ခြင်း၊ အခြေခံသဘောတရားအပေါ် သံသယများ၊	၉၃ - ၉၇
၂၂။	ဒီမိုကရေစီ၏အားနည်းချက်၊	၉၇-၁၀၁
၂၃။	အများဆန္ဒဖြင့်ဆုံးဖြတ်ခြင်းနှင့် လွတ်လပ်စွာရေးသားပြောဆိုခွင့်၊	၁၀၁-၁၀၆
၂၄။	အများဆန္ဒဖြင့် ဆုံးဖြတ်ခြင်း၏နိုင်ငံရေးဆိုင်ရာတိုးတက်မှု၊	၁၀၆-၁၀၈

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
	အခန်း (၆)	
	နိုးကြားလာသော မဲဆန္ဒရှင်များ	
၂၅။	ဒီမိုကရေစီနှင့် လူထုအမြင်၊	၁၀၉-၁၁၂
၂၆။	ဝါဒဖြန့်ကြော်ငြာခြင်းဆိုသည်မှာ၊	၁၁၃-၁၁၅
၂၇။	ဝါဒဖြန့်ကြော်ငြာခြင်းဖြင့် အ များပြည်သူ အားလှည့်ဖြားခြင်း၊	၁၁၅-၁၂၁
၂၈။	ဝါဒဖြန့်ကြော်ငြာရေးဌာနများ၊	၁၂၁-၁၂၃
၂၉။	သတင်းအချက်အလက်များအား လက် တွေ့ကျကျချင့်ချိန်သုံးသပ်ခြင်း၊	၁၂၃-၁၃၃
	အခန်း (၇)	
	နိုင်ငံရေးနှင့် နိုင်ငံသား	
၃၀။	သူများလက်ဝက်ကွက်အပ်နိုင်ငံရေးနှင့်ကိုယ် တိုင်ကိုယ်ကျနိုင်ငံရေး၊	၁၃၄-၁၃၇
၃၁။	ဒေသအလိုက်အုပ်ချုပ်ရေး၊	၁၃၇-၁၄၂
၃၂။	တိုင်းပြည်နိုင်ငံရေး၊	၁၄၂-၁၄၅
၃၃။	နိုင်ငံရေးပါတီ၊	၁၄၅-၁၄၈
၃၄။	ပါတီနိုင်ငံရေး၏ဆိုးကျိုးများ၊	၁၄၈-၁၅၃
	အခန်း (၈)	
	လူမှုဝန်းကျင်ဆိုင်ရာဒီမိုကရေစီ	
၃၅။	လူမှုဝန်းကျင်တွင်းမှဒီမိုကရေစီ၊	၁၅၄-၁၅၇
၃၆။	လူဟာစဉ်ဦးချင်းအပေါ်လေးစားမှု၊	၁၅၇-၁၆၀
၃၇။	လူတိုင်းကောင်းစားရေးဝါဒ	၁၆၀-၁၆၃
၃၈။	အခွင့်အရေးနှင့် တာဝန်ဝတ္တရား၊	၁၆၄-၁၆၇
၃၉။	လူမှုကျင့်ဝတ်၊	၁၆၈-၁၇၀

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
	အခန်း (၉)	
	စီးပွားရေးလှုပ်ရှားမှုနှင့်ဒီမိုကရေစီ	
၄၀။	လွတ်လပ်စွာပြိုင်ဆိုင်လုပ်ဆောင်ခြင်း အကျိုးအမြတ်၊	၁၇၁-၁၇၇
၄၁။	လက်ဝါးကြီးအုပ်ခြင်း၏ဆိုးကျိုး၊	၁၇၇-၁၈၀
၄၂။	အရင်းရှင်ဝါဒနှင့် ဆိုရှယ်လစ်ဝါဒ၊	၁၈၀-၁၉၀
၄၃။	ချုပ်ကိုင်မှုလိုအပ်ခြင်းနှင့် ဒီမိုကရေစီ အသွင်ပြောင်းလဲမှု၊	၁၉၀-၁၉၅
၄၄။	သမဝါယမကျယ်ပြန့်လာခြင်း၊	၁၉၅-၂၀၀
၄၅။	စားသုံးသူကိုအကာအကွယ်ပေးခြင်း၊	၂၀၀-၂၀၃
	အခန်း (၁၀)	
	ဒီမိုကရေစီနှင့် အလုပ်သမားသမဂ္ဂ	
၄၆။	အလုပ်သမားသမဂ္ဂ၏ရည်ရွယ်ချက်၊	၂၀၄-၂၀၈
၄၇။	အလုပ်သမားသမဂ္ဂ၏ဝတ္တရား၊	၂၀၈-၂၁၁
၄၈။	ကုန်ထုတ်လုပ်မှုဖြစ်စဉ်သာယာဝပြောရေးအကောင်အထည်ဖော်မှု၊	၂၁၂-၂၁၅
၄၉။	အုပ်စုလိုက်အရေးဆိုညှိနှိုင်းမှု၊	၂၁၅-၂၂၁
၅၀။	အလုပ်သမားသမဂ္ဂ၏နိုင်ငံရေးလှုပ်ရှားမှု၊	၂၂၁-၂၂၄
	အခန်း (၁၁)	
	ဒီမိုကရေစီနှင့် အာဏာရှင်စနစ်	
၅၁။	ဒီမိုကရေစီ၏အသွင်သုံးရပ်၊	၂၂၅-၂၃၀
၅၂။	ဒီမိုကရေစီအပေါ်ဝေဖန်အပြစ်တင်မှုများ၊	၂၃၀-၂၃၃
၅၃။	ဒီမိုကရေစီ၏အဖြေ	၂၃၃-၂၃၆

အမှာစာ

H.E Takashi Tajima သည် မြန်မာနိုင်ငံကိုသံယောဇဉ်ရှိသော မြန်မာနိုင်ငံဆိုင်ရာ ဂျပန် သံအမတ်ကြီးဟောင်းဖြစ်ပါသည်။ မြန်မာနိုင်ငံကို မကြာခဏလာရောက် လည်ပတ်လေ့ရှိပါသည်။

ထိုသို့ လာရောက်လည်ပတ်သည့် ခရီးစဉ်များတွင် ကျွန်တော်နှင့် လာရောက်တွေ့ဆုံလေ့ရှိပြီး ကျွန်တော့်အနေဖြင့် ဂျပန်နိုင်ငံသို့သွားရောက်ခဲ့သည့် ခရီးစဉ်များတွင်လည်း H.E Takashi Tajima သည် လာရောက်တွေ့ဆုံလေ့ရှိပါသည်။

တွေ့ဆုံမှုတိုင်း မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြပါသည်။ H.E Takashi Tajima မြန်မာနိုင်ငံသို့လာရောက်သည့် ခရီးစဉ်တစ်ခုတွင် ကျွန်တော်က မြန်မာနိုင်ငံတွင် ဒီမိုကရေစီကျင့်စဉ်ကို ပြောင်းလဲကျင့်သုံးလျက်ရှိကြောင်း၊ ဒီမိုကရေစီကျင့်စဉ်သည် ပြည်သူများက၊ ပြည်သူများအတွက်၊ ပြည်သူများပါဝင်စီမံခန့်ခွဲသော ကျင့်စဉ်ဖြစ်ရာ ဒီမိုကရေစီ၏ အနှစ်သာရကို ပြည်သူများအနေဖြင့်သိရှိ သဘောပေါက်ရန် လိုကြောင်း၊ ဒုတိယကမ္ဘာစစ်အပြီး ဂျပန်နိုင်ငံပြန်လည်ထူထောင်ရေးနှင့် ဂျပန်ပြည်သူများအတွင်း ဒီမိုကရေစီနှင့်ပတ်သက်၍ ကျယ်ပြန့်စွာ သိရှိစေရန်အတွက် စာသင်ကျောင်းများတွင် သင်ကြားပေးသည်ဟု သိရှိရပါကြောင်း၊ ဂျပန်စာသင်ကျောင်းများတွင် သင်ကြားနေသော ဒီမိုကရေစီနှင့် ပတ်သက်သည့် သင်ရိုးညွှန်းတမ်းနှင့် ဖတ်စာစာအုပ်များကို လေ့လာလိုပါကြောင်း ဆွေးနွေးခဲ့ပါသည်။

H.E Takashi Tajima က ဒုတိယကမ္ဘာစစ်အပြီး ဂျပန်နိုင်ငံအား ပြန်လည်ထူထောင်ရာ၌ ကျောင်းများတွင် ဒီမိုကရေစီအကြောင်းကို ဘာသာရပ်တစ်ခုအဖြစ် ထည့်သွင်းခဲ့ပါကြောင်း၊ ဂျပန်ပညာရေးဝန်ကြီးဌာန၏ Textbook Study Centre တွင်ကျောင်းသုံးစာအုပ်များထိန်းသိမ်းထားပါကြောင်း၊ မိမိအနေဖြင့် ရှာဖွေပေးပို့မည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားပါသည်။

H.E Takashi Tajima သည် ဂျပန်နိုင်ငံအလယ်တန်းကျောင်းများတွင် သင်ကြားလျက်ရှိသော ဒီမိုကရေစီဘာသာရပ် ကျောင်းသုံးဖတ်စာစာအုပ်၊

ဆရာကိုင်၊ ဖတ်စာစာအုပ်အကျဉ်းတို့အား ဂျပန်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆို ပေးပို့ခဲ့ပါသည်။ အဆိုပါပေးပို့လာသည့် ဒီမိုကရေစီ ဆိုင်ရာ ဘာသာရပ် ကျောင်းသုံးစာအုပ်များသည် ဂျပန်နိုင်ငံ၏သမိုင်းကြောင်း နောက်ခံဖြစ်စဉ်များ အပေါ် အခြေပြု၍ ရေးသားပြုစုထားခြင်းဖြစ် သော်လည်း ဒီမိုကရေစီကျင့်စဉ်ကို ပြောင်းလဲကျင့်သုံးစ နိုင်ငံများတွင် လေ့လာသင့်သည်ဟု ယူဆသည့်အတွက် မူလအနှစ်သာရ မပျက်စေဘဲ အရေးအသားပြေပြစ်စေရန် ပြန်လည်ပြုစုခဲ့ပါသည်။ ယင်းပြုစုထားမှုများ အပေါ် ကိုယ်တိုင်ဖတ်ရှု လေ့လာယုံသာမက အခြားသူများကိုလည်း ဖတ်ရှု လေ့လာစေလိုသည့် ဆန္ဒဖြစ်ပေါ်လာပါသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ H.E Takashi Tajima နှင့် ဆွေးနွေးရာမှ ပြုစုထားသည်များကို ဂျပန်မှ အမြတ်အစွန်းမယူသည့် လူထုအဖွဲ့အစည်း General Incorporated Association "Japan Myamnar Association" နှင့် ပူးပေါင်းကူညီသည့် Specified Nonprofit Corporation " Mingalar Scholarship "တို့က စာအုပ်အဖြစ် ရိုက်နှိပ်ရန် ကူညီဆောင်ရွက်ပေးနိုင်ပါကြောင်း ဆွေးနွေးရရှိရာမှ ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။

ဒီမိုကရေစီ စာအုပ်သည် ဂျပန်နိုင်ငံ စာသင်ကျောင်းများတွင် လေ့လာသင်ကြားပေးသော ကျောင်းသုံးစာအုပ်များဖြစ်သော်လည်း မြန်မာနိုင်ငံတွင် ဒီမိုကရေစီကျင့်စဉ် ကျင့်သုံးရာတွင် ထပ်တူထပ်မျှ မဖြစ်နိုင်သည့်တိုင် အထောက်အကူဖြစ်စေမည်ဟုယုံကြည်ပါသည်။

ဦးဌေးဦး
ဟသ်တ

အခန်း (၁)
ဒီမိုကရေစီအနှစ်သာရ

ဒီမိုကရေစီအခြေခံသဘောထား

ယနေ့ကာလတွင် ဒီမိုကရေစီသည် အလွန်ရေပန်းစားသည့် စကားဖြစ်လာသည်။ လူတိုင်းစကားစမြည်ပြောလျှင်လည်း ဒီမိုကရေစီအကြောင်းပြောကြ၊ စာရေးရလျှင်လည်း ဒီမိုကရေစီအကြောင်း ဖွဲ့နွဲ့ရေးကြသည်။ ဤသို့သော စကားများကြားနေကြရ၊ ရေးသားသည်များဖတ်နေရသည့်အခါ လောကကြီးသည် ဆုံလည်ဇာတ်စင်ကြီးတစ်ခုကဲ့သို့ အောက်ခြေကစပြီး အမြစ်ပါမကျန် ဒီမိုကရေစီအဖြစ် ပြောင်းလဲသွားသယောင် မြင်ရသည်။ အာဏာရှင်များ ကမ္ဘာမြေပေါ်တွင် မျိုးတုံးပျောက်ကွယ်သွားပြီး မြေရှင်ယာရှင်စနစ်ဆိုသည်မှာလည်း လူများ၏ရင်ထဲကနေ ဆေးကြောသန့်စင်ခံလိုက်ရသကဲ့သို့ မှေးမှိန်သွားသယောင်ခံစားရသည်။

ဒီမိုကရေစီဟူသော စကားလုံးသည် အဓိပ္ပာယ်အမျိုးမျိုးရှိသည်။ ယင်းစကားလုံးကို အသုံးပြုသည့်နယ်ပယ်သည် ပိုပြီးကျယ်ပြန့်လာလျက်ရှိသည်။ ထို့ကြောင့် အဓိပ္ပာယ် ဖွင့်ဆိုပုံများသည်လည်း အသီးသီးကွဲပြားလာသည်။ ယင်းအတွက် ဒီမိုကရေစီနှင့် ဖီလာဆန့်ကျင်နေသည်ကို ဒီမိုကရေစီပါဟုဆို၍ လူထုကိုအတင်းအကျပ် ကျင့်သုံးစေသည်မျိုးလည်းရှိလာသည်။ ဒီမိုကရေစီ ပေါ်ပေါက်လာပြီဆိုသည့် လူ့ဘောင်တွင် ဒီမိုကရေစီ နည်းလမ်းမကျသည့် လူစုလူဝေးဖြစ်ရန် လှုံ့ဆော်ဆွဲဆောင်စည်းရုံးပြီး အနိုင်ကျင့်

အကြပ်ကိုင်တတ်သော ခေါင်းဆောင်များရှိနေခြင်းမျိုး၊ ဆရာ-တပည့် အဆက်အနွယ်များနှင့် ကြီးစိုးမင်းမူနေခြင်းမျိုးဖြစ်နေတတ်သည်။

ဒီမိုကရေစီကို မှန်မှန်ကန်ကန်လေ့လာ၊ မှန်မှန်ကန်ကန်ကျင့်သုံးမည်ဆိုပါလျှင် ကြွယ်ဝစည်ပင်ပြီး ငြိမ်းချမ်းမှုကိုထိန်းသိမ်းနိုင်မည်ဖြစ်ပါသည်။ သို့မဟုတ်ပါက လူသားများ၏အနာဂတ်တွင် စစ်ပွဲများနှင့် ပျက်ဆီးဆုံးရှုံးမှုများက စောင့်ကြိုနေပါလိမ့်မည်။ လူသားများနေထိုင်သည့် လူ့ဘောင်လောကသည် ဤကမ္ဘာမြေကြီးပေါ်ကလွဲပြီး အခြားတွင်မရှိပါ။ လောကတွင် ရှင်သန်နေထိုင်ကြသည့် လူသားများအတွက် နေ၍ကောင်းသည့် ငြိမ်းချမ်းသည့်စိတ်ချမ်းသာစရာ လောကတစ်ခုအဖြစ် တည်ထောင်သွားနိုင်မည်လား၊ သို့မဟုတ် ဤလောကကို မုန်းတီးမှုများ၊ ရန်လိုမှုများ၊ အသက်ဘေးအန္တရာယ်အတွက် စိုးရိမ်မှုများနှင့် ပြည့်နှက်နေသည့်လောက ငရဲဖြစ်စေမည်လား၊ ဤကဲ့သို့လမ်းခွေးချယ်ရာတွင် ဒီမိုကရေစီကို အမှန်တကယ် ပိုင်ဝိုင်နိုင်နိုင်လက်ကိုင်ပြုနိုင်မည်လားဆိုသည့်အပေါ် မူတည်၍နေပါသည်။ ဒီမိုကရေစီဆိုသည် အမှန်တကယ် သေရေးရှင်ရေးတမျှအရေးပါသည့် အကြောင်းကိစ္စတစ်ရပ် ဖြစ်လာသည်။ ငြိမ်းချမ်းရေးနှင့်သာယာဝပြောရေးကို လိုလားသူသည်မည်သို့ပင်ဖြစ်စေ ဒီမိုကရေစီအနှစ်သာရကို မှန်မှန်ကန်ကန်သိနားလည်စေရန် မလွဲမသွေကြိုးစားကြရပါမည်။

ဒီမိုကရေစီသည် ဒီမိုကရေစီနိုင်ငံရေးပင်ဖြစ်ပါသည်။ ယင်းထက်မပိုပါ။ သို့ရာတွင် နိုင်ငံရေးနယ်ပယ်လှုပ်ရှားမှုများကို ကြည့်ရုံနှင့် ဒီမိုကရေစီကို အမှန်တကယ် နားလည် နိုင်မည်မဟုတ်၊ နိုင်ငံရေးစနစ်အနေဖြင့် ဒီမိုကရေစီသည် အရေးပါသည်မှာ မှန်သော်လည်း ယင်းထက်ပိုအရေးကြီးသည်မှာ **ဒီမိုကရေစီ စိတ်ဓာတ်ကို နားလည်သဘောပေါက်ရန်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဒီမိုကရေစီ၏ အခြေခံ ဆိုသည်မှာ စိတ်ဓာတ်ရေးရာ အမူအကျင့်ဖြစ်နေသောကြောင့်ဖြစ်သည်။ ဒီမိုကရေစီ၏ အခြေခံစိတ်ဓာတ်မှာလည်း** လူသားများအပေါ် လေးစားမှုပင်ဖြစ်ပါသည်။

လူသားတစ်ယောက်က လူသားအဖြစ်ဖြင့် ကိုယ့်ကိုယ်ကိုယ်လေးစားသည်။ အခြားလူသားများကို အပြန်အလှန်လေးစားသည်ဆိုခြင်းသည် နိုင်ငံရေးပြဿနာများ၊ လွတ်တော်အမတ်လောင်းများနှင့် ပတ်သက်ပြီး ထောက်ခံသည် ကန့်ကွက်သည်စသည်ဖြင့် မဲပေးရွေးချယ်သည်ထက် အဆပေါင်းများစွာ ပိုပြီးအရေးကြီးပြီး အရေးပါသည့် ဒီမိုကရေစီကျင့်ဝတ်ဖြစ်သည်။

ဒီမိုကရေစီကိုလက်ခံကျင့်သုံးနိုင်ရန် ပထမလေ့လာရမည်မှာ လူတိုင်း မိမိ၏ပင်ကို ဓလေ့စရိုက်၊ ခံယူချက်များကို လေးစားပြီး ကိုယ်ကိုယ်တိုင်က မှန်ကန်သည်ဟု ခံယူထားသည်ကို ယုံကြည်ကိုင်စွဲတတ်သည့် စိတ်ဓာတ်ပင်ဖြစ်ပါသည်။

လူ့ဘောင်လောကဆိုသည်မှာ လူအများကြားက အပြန်အလှန်အမှီသဟဲပြု နေထိုင်ကြသည့် လောကတစ်ခုဖြစ်သည်။ ထို့ကြောင့် မိမိကိုယ်ကို လူသားတစ်ယောက်အနေဖြင့် လေးစားသည့်သူသည် အားလုံးသော လူသားတစ်ဦးချင်းအပေါ်တွင်လည်း အလားတူလူသားအဖြစ်နှင့် လေးစားရန်လို အပ်ပါသည်။ **ဒီမိုကရေစီစိတ်ဓာတ်သည်** မိမိကိုယ်ကိုလူသားအဖြစ် လေးစားရန်ဖြစ်သည်ဆိုသဖြင့် တစ်ကိုယ်ကောင်းဆန်သည့် အတ္တဝါဒဟုမှတ်ယူပါက မဟာအမှားကြီးပင်ဖြစ်သည်။ **မိမိကိုယ်တိုင်၏အခွင့်အရေးကို တောင်းဆိုသည်**သူသည် အခြားသူများ၏အခွင့်အရေးကို ထည့်သွင်းစဉ်းစားအလေး ထားရမည်။ **မိမိကိုယ်တိုင်၏လွတ်လပ်မှုကို** တောင်းဆိုသူသည် အခြားသူများ၏ လွတ်လပ်မှုကိုလည်း အလေးအနက်ထားလေးစားရမည်။ သို့မှသာ အပြန်အလှန်နားလည်မှု၊ ချစ်ကြည်မှုနှင့် ယုံကြည်မှုများ ပေါက်ဖွားလာမည်ဖြစ်သည်။ လူသားအားလုံး သာတူညီမျှမှုကို အသိအမှတ်ပြုနိုင်မည်ဖြစ်သည်။ ခရစ်တော်က **"လူသားအားလုံး မိမိအပေါ်ပြုမူမှာကို မနှစ်သက်တဲ့အရာကို အခြားသူများအပေါ် မပြုမူကြနဲ့"**ဟု မိန့်ကြားပါသည်။ တရုတ်ပညာရှင် ကွန်ဖြူးရှပ်ကလည်း **"ကိုယ့်အပေါ်မလုပ်စေချင်တာကို သူများအပေါ်လည်း မလုပ်နဲ့"**ဟု မိန့်ဆိုခဲ့ပါသည်။

ဤသို့သော စိတ်ထားများနှင့် ချစ်ကြည်ရင်းနှီးမှုစိတ်ထားများက လူ့လောကတွင် စိမ့်ဝင်ပျံ့နှံ့နေမည်ဆိုပါက ယင်းလောကသည် ဒီမိုကရေစီ

လောကပင်ဖြစ်သည်။ စက်ရုံ တစ်ရုံက အလုပ်သမားများနှင့် အလုပ်ရှင်၏ ဆက်ဆံရေးတွင် စိမ့်ဝင်အမြစ်တွယ် နေမည်ဆိုပါက ယင်းစက်ရုံသည် ဒီမိုကရေစီနည်းလမ်းကျသည့် နေရာပင်ဖြစ်သည်။ ကျောင်းများ၊ သမဂ္ဂများ မိသားစုများ၏ကြားတွင် လူမှုဆက်ဆံရေး၏ လမ်းညွှန်ဖြစ် နေမည်ဆိုပါလျှင် ယင်းစနစ်များသည်လည်း ဒီမိုကရေစီနည်းလမ်းကျမည်ဖြစ်သည်။ မည်သည့် နေရာတွင်မဆို၊ မည်သည့်အချိန်တွင်မဆို ယင်းစိတ်ဓာတ်နှင့် လူမှုဆက်ဆံရေး ရှိမည်ဆိုပါက ဒီမိုကရေစီလည်းရှိမည်ဖြစ်သည်။ နိုင်ငံရေးတွင်လည်း ယင်း စိတ်ဓာတ်ကို အခြေခံမှသာ ဒီမိုကရေစီအစစ်အမှန်ဖြစ်ပါမည်။

ထို့ကြောင့် ဒီမိုကရေစီဆိုသည်မှာ လွတ်တော်အမတ် ရွေးကောက်ခြင်း၊ အကြောင်းကိစ္စများကို အများဆန္ဒနှင့် ဆုံးဖြတ်သည့် နိုင်ငံရေး လုပ်ထုံး လုပ်နည်း ဆိုသည်ထက်ပိုပြီး ကြီးမားကျယ်ပြန့်ပါသည်။ သက်ဆိုင်သည့် နယ်ပယ် အလွန်ကျယ်ပြန့် သည့်အရာဖြစ်သောကြောင့် အပြင်ပန်းအမြင်မှာ တစ်ခါတစ်ရံနေရာအလိုက် ပုံသဏ္ဌာန်မတူပြောင်းလဲတတ်သည်။

သို့ရာတွင် အခြေခံသဘောထားမှာ မည်သည့်အချိန်ဖြစ်စေ၊ မည်သည့် နေရာဖြစ်စေ မပြောင်းလဲပါ။ နိုင်ငံအလိုက် ဒီမိုကရေစီစနစ်များ ခြားနား သယောင် မြင်တွေ့ရခြင်းသည် အပြင်ပန်းပုံသဏ္ဌာန်ကိုသာကြည့်ခြင်း ကြောင့်ဖြစ်သည်။ ဒီမိုကရေစီ၏ တူညီသည့်အခြေခံစိတ်ဓာတ်သဘောထား စိမ့်ဝင်အမြစ်တွယ်နေမည်ဆိုပါက မည်မျှပင်အလုပ်အကိုင်များ၊ ယုံကြည် ကိုးကွယ်သည့် ဘာသာများ၊ လူမျိုးများခြားနားနေပါစေ လူသားအချင်းချင်း အကြားတွင် တူညီသည့်နားလည်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများစသည့် ဆက်ဆံရေးပေါ် ပေါက်လာမည်သာဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ ထဲမှာသာမက မတူသည့်ဘာသာစကားကိုသုံးစွဲ၊ မတူသည့်ယဉ်ကျေးမှုများရှိသည့် ကွဲပြားသည့် လူမျိုးစု/ဘာသာကြားတွင်လည်း တူညီသည့်နားလည်မှုနှင့်ပူးပေါင်း ဆောင်ရွက်မှု ဆက်ဆံရေးများ ကျယ်ပြန့်လာမည်ဖြစ်သည်။ ယင်းနောက် တဖြည်းဖြည်း ကမ္ဘာကြီးသည် တပေါင်းတစည်းတည်းဖြစ်လာမည်။ ရန်စောင်ခြင်း၊ ဂုတ် သွေးစုပ်ခြင်းနှင့် စစ်ပွဲများမရှိသည့် တစ်ခုတည်းသော ငြိမ်းချမ်းသည့် ကမ္ဘာကြီးဖြစ်ပေါ် လာပါမည်။

ဒီမိုကရေစီ၏အနှစ်သာရသည် မည်သည့်အခါမျှ ပြောင်းလဲမှုမရှိသည့် အခြေခံ စိတ်ဓာတ် သဘောထားဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီ၏အနှစ်သာရ နှင့်ပတ်သက်ပြီး အဓိကပြဿနာမှာ အပြင်ပန်းအမြင်က မည်သို့သောအမျိုး အစားဆိုသည် မဟုတ်ဘဲ၊ စိတ်ဓာတ်သဘောထားမည်မျှပြည့်ဝသနည်း ဆိုသည့် အချက်ပင်ဖြစ်သည်။ ဒီမိုကရေစီသည် အိမ်တွင်းမှာရှိသကဲ့သို့ ကျောင်း၊ စက်ရုံအလုပ်ရုံများမှာပါ ရှိနေသည်။ လူမှုရေးလောကမှာရှိသကဲ့သို့ စီးပွားရေးလှုပ်ရှားမှုများရော၊ နိုင်ငံရေးလောကမှာပါရှိသည်။ သို့ရာတွင် မည်မျှအထိစစ်မှန်သည့် ဒီမိုကရေစီလည်းဆိုသည့်အချက်က အဓိကပြဿနာ ဖြစ်သည်။ ယင်းပမာဏကို ချိန်တွယ်ရန်ချိန်ခွင်ကဲ့သို့ အရာရှိပါမည်လား၊ ကျွန်ုပ်တို့သည် ရောနှောထားသည့် သတ္တုစပ်ထဲတွင်ပါရှိနေသည့် ရွှေစစ်စစ်၏ ပမာဏကို ချိန်တွယ်၍ရသည်။ ရွှေစစ်စစ်နှင့် ရွှေရောစိမ်းကိုခွဲခြားနိုင်သည်။ ယင်းသို့ပင် ကျွန်ုပ်တို့သည် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးလောကထဲတွင် ပါဝင်နေသည့် ဒီမိုကရေစီပမာဏကို အတိုင်းအတာတစ်ခုအထိ တိတိကျကျ တိုင်းထွာရန်ဖြစ်နိုင်ပါမည်လား၊ ရွှေများငွေများ၏ အတိုင်းအတာနှင့်မတူဘဲ၊ **ဒီမိုကရေစီအနှစ်သာရသည် စိတ်ပိုင်းဆိုင်ရာခံစားချက်** ဖြစ်သဖြင့် ယင်းကို တိုင်းထွာရန်မှာအတော်ခက်ခဲသည်။ သို့ရာတွင် ဒီမိုကရေစီအရေခြုံထားသည့် အာဏာရှင်စနစ်နှင့် ဒီမိုကရေစီစနစ်ကို တိတိကျကျခွဲခြားသိရန်မှာ အလွန် အရေးပါလှသည်။ မည်မျှခက်ခဲသော်လည်း တတ်နိုင်သလောက် ခွဲခြားသိရှိ စေရန် မဖြစ်မနေလုပ်ကြရမည်ဖြစ်သည်။

အောက်ခြေမှအထက်သို့ ဖွဲ့စည်းတည်ဆောက်ပုံ

ဒီမိုကရေစီ၏ဆန့်ကျင်ဘက်သည် အာဏာရှင်စနစ်ဖြစ်သည်။ အာဏာရှင်စနစ်ကို သက်ဦးဆံပိုင်နှစ်ဟုလည်းခေါ်ကြသည်။ အဘယ်ကြောင့် ဆိုသော် အာဏာရှင်စနစ်တွင် အပေါ်တွင်ရှိနေသူသည် အာဏာကိုအပိုင်စီး ထားပြီး အောက်ကလူများကို စိတ်တိုင်းကျ ခိုင်းစေလုပ်ဆောင်ခြင်းကြောင့် ဖြစ်သည်။ ဘုရင်များအာဏာရှင်များဆိုသည့် အုပ်ချုပ်သူများသည် ပေါ်ပေါ် ထင်ထင်ဖြစ်စေ၊ ပုန်းလျှိုးကွယ်လျှိုးဖြစ်စေ အကြောင်းကိစ္စများနှင့် ပတ်သက်၍

စိတ်ကြိုက်ဆုံးဖြတ်၊ အစိုးရကို စိတ်ကြိုက်ဖွဲ့၊ ဥပဒေကို စိတ်ကြိုက်ပြဋ္ဌာန်းကြသည်။ ဤသို့ဖြင့် သာမန်ပြည်သူများသည် ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ယင်းကိုလိုက်နာကြရသည်။ ဤနေရာတွင် အာဏာကိုချုပ်ကိုင်ထားသူသည် အောက်ကလူများကို စိတ်ထဲကမပါဘဲ ခိုးကျူးခြင်း၊ မြောက်ပင့်ခြင်း တစ်ခါတစ်ရံ ဂုဏ်ပြုမှုများပြုလုပ်သည်လည်းရှိပေမည်။ သို့ရာတွင် ဤသို့အပြုခံရသူများသည် အခိုင်မည်မျှပင်ကြာကြာ ကျေးတော်မျိုး ကျွန်တော်မျိုးများသာဖြစ်ကြသည်။ ကျေးတော်မျိုး ကျွန်တော်မျိုးဆိုသည် သခင်၏အယူဝါဒသည် မခိုင်မာဘဲ လိုသလိုပြောင်းလဲနေစေကာမူ သခင်၏အမိန့်ကို အကြွင်းမဲ့နာခံကြရသည်။

သက်ဦးဆံပိုင်ဘုရင်စနစ်တွင် ဘုရင်ဆိုသည်ရှိသည်။ ပဒေသရာဇ်စနစ်တွင် ပဒေသရာဇ် လူတန်းစားဆိုသည်ရှိသည်။ ဓနရှင်စနစ်တွင် ဓနရှင်များဆိုသည်ရှိသည်။ ယင်းလူများအတွက် သာမန်ပြည်သူများဆိုသည် ဝတ်ကောင်းစားလှဝတ်ရုံဖြင့် ကျေနပ်နေသည့် သတ္တဝါများသာဖြစ်သည်။ သို့မဟုတ် အထက်လူတန်းစား၏ဘဝကို သာယာစိုပြေအောင်၊ အဆင်ပြေအောင်လုပ်ပေးရန် ကိရိယာတန်ဆာပလာ သက်သက်ပင်ဖြစ်သည်။ ဤသို့သောအတွေးအခေါ်ကို ပြောင်ပြောင်တင်းတင်း ထုတ်ပြသည်လည်းရှိသည်။ ယင်းသို့သော စိတ်ထားကိုဖုံးကွယ်ပြီး လူများအားလုံး တန်းတူညီမျှမှုစိတ်ဓာတ်မျိုးရှိသကဲ့သို့ ပုံစံဖြင့်နေသော်လည်း အတူတူပင်ဖြစ်သည်။ အမှန်တကယ် လူသားကို အလေးထားသည်ဆိုသည့် အတွေးအခေါ်မရှိပါ။ အာဏာကို ချုပ်ကိုင်ထားသူသည် မိမိကိုယ်မိမိ လေးစားသော်လည်း သာမန်ပြည်သူများကို အဆင့်နိမ့်သည့် သူများအနေဖြင့် ဆက်ဆံကြသည်။ သာမန်ပြည်သူများကလည်း မိမိတို့သည် အဆင့်နိမ့်သည့် သူများဟုယူဆပြီး အထက်အုပ်ချုပ်သူများကို မျက်စိစုံမှိတ်ယုံကြသည်။

လူဘောင်လောက၏ ယဉ်ကျေးမှုအဆင့်အတန်းနိမ့်ကျနေသေးသည့် ခေတ်များတွင် အုပ်ချုပ်သူများသည် ယင်းတို့၏လိုအင်ဆန္ဒများကို အနည်းငယ်မျှပင် ဖုံးကွယ်ရန်မပြုလုပ်ခဲ့ကြပါ။ မဖွံ့ဖြိုးသေးသည့် လူမျိုးစုများ၏ ခေါင်းဆောင်များ၊ သက်ဦးဆံပိုင်ခေတ်က ဘုရင်များသည် ပိုမိုကြီးမားသည့်

အာဏာရခဲ့ကြပြီး ပိုပြီးကြီးမားသည့် သိမ်းပိုက်မှုများကို လိုချင်ကြသည် ဆိုသည့် ရိုးရိုးရှင်းရှင်းအကြောင်းနှင့်ပင် သူတို့၏လက်အောက်ခံ ပြည်သူများကို တရားလွန်အလုပ်လုပ်ခိုင်းသည်။ စစ်တိုက်ခိုင်းခဲ့ကြသည်။ ယဉ်ကျေးမှုထွန်းကားလာပြီး လူများ၏အသိဉာဏ်များ ဖွံ့ဖြိုးလာသည်နှင့် အမျှ သက်ဦးဆံပိုင် စနစ်နှင့် အာဏာရှင်စနစ်များ၏ လုပ်ပုံကိုင်ပုံများသည်လည်း တဖြည်းဖြည်း လိမ္မာပါးနပ်မှုရှိလာသည်။

အာဏာရှင်များသည် ယင်းတို့၏လောဘ၊ ဒေါသ၊ မောဟ၊ မာန များနှင့် ကြီးမားလှသည့် ရည်ရွယ်ချက်များကို ပေါ်ပေါ်ထင်ထင်မပြသဘဲ၊ ယင်းတို့လုပ်ခြင်းသည် တရားနည်းလမ်းကျသည်၊ နိုင်ငံ၏ဂုဏ်သရေဖြစ်သည်၊ ကိုယ့်လူမျိုးကိုတိုးတက်ထွန်းကားစေသည်. . . စသည့် အပေါ်ယံ ဝတ်ကောင်းစားလှကို ဆင်မြန်းပေးလိုက်ပါက. . . ပို၍လုပ်ရကိုင်ရ အဆင်ပြေသည်။ အကျိုးအမြတ်များလည်းကောင်းသည်ဆိုသည်ကို သိသွားကြသည်။ အင်ပါယာနိုင်ငံတော်ကြီးကို ကာကွယ်စောင့်ရှောက်ရန် ဆိုသည်မျိုးကဲ့သို့ လှပသည့်စကားလုံးအောက်တွင် လူများသည်သစ္စာခံပြီး လှည့်ဆွဲသည့် မြင်းကဲ့သို့အလုပ်လုပ်ကြ၊ အသက်ပေးပြီး တိုက်ခိုက်ကြသည်။ ယင်းသည် မည်သည့်အတွက်ဟု မစဉ်းစားဘဲ၊ အာဏာရှင်များ၏ လိုအင်ဆန္ဒများအတိုင်း ကြိုးဆွဲမှုခံနေရသည်ကို မသိဘဲ၊ ယင်းတို့သည် တာဝန်ဝတ္တရားဟု ခံယူရင်း သေဆုံးသွားကြသည်။

အာဏာရှင်စနစ်မှ ဒီမိုကရေစီအသွင်ပြောင်းပြီးပြီဆိုသည့် နိုင်ငံတွင်လည်း မည်သည့်အချိန်တွင် မည်သည့်နေရာမှနေ ခုန်ကျော်ဝင် ရောက်လာမည်ဆိုသည်ကို မပြောနိုင်ပေ။ အာဏာရှင်စနစ်ကိုကျင့်သုံးရန် ကြံစည်သူသည် နောက်တစ်ကြိမ်တွင် လုပ်ပုံလုပ်နည်းကိုပြောင်းပြီး ပိုပြီး လိမ္မာပါးနပ်လာမည်မှာမလွဲပေ။

နောင်အခါတွင် မည်သူမျှမဆန့်ကျင်ကြသည့် ဒီမိုကရေစီဆိုသည့် အလှဆုံး အမည်ကို အရေခြုံ၊ ယင်းကိစ္စသည် အများအကျိုးအတွက်ဟုဆိုပြီး လူများကို ကြိုးကိုင်ရန်လုပ်လာဦးမည်။ အပြောကောင်းကောင်းနှင့် မြှောက်ပင့်မည်။ ငွေနှင့်ဆွယ်မည်။ လူမှုဝန်းကျင်တွင် ရုတ်ရုတ်သဲသဲ

မတည်မငြိမ်ဖြစ်အောင် တမင်လုပ်မည်။ ယင်းကိုအခွင့်ကောင်းယူပြီး လိမ္မာပါးနပ်စွာ ချုပ်ကိုင်ခြင်းမျိုး၊ လူပြောင်းအသွင်ပြောင်းပြီး အကြံအစည်များ၊ လိုအင်များကိုမပြည့်ပြည့်အောင်လုပ်သည့် လူမျိုးမပေါ်လာဟူ၍ မပြောနိုင်ပေ။ ဤသို့သောအကြံများကို တိုက်ဖျက်ပစ်ရန်မည်သို့လုပ်ရမည်နည်း။

တိုက်ဖျက်ရန် နည်းလမ်းသည် တစ်လမ်းတည်းသာရှိသည်။ ၎င်းမှာ **ပြည်သူအားလုံးက နိုင်ငံရေးကိုကောင်းကောင်း နားလည်နေရန်ပင် ဖြစ်သည်။** သူများပြော၍ လိုက်လုပ်ခြင်းမျိုးမဟုတ်ဘဲ၊ မိမိကိုယ်တိုင် သုံးသပ်ဆုံးဖြတ်ချက်နှင့် အမှန်၊ အမှားခွဲခြားနိုင်ရန်ဖြစ်သည်။ ဒီမိုကရေစီသည် **"ပြည်သူလူထုအတွက်နိုင်ငံရေး"** ဖြစ်သော်လည်း မည်သည့်အရာက **"ပြည်သူလူထုအတွက်နိုင်ငံရေး"** ဟုဆိုသည်ကို ကိုယ်တိုင်မဆုံးဖြတ်နိုင်ပါက ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားဟု မဆိုနိုင်ပေ။ နိုင်ငံသားတစ်ယောက်ချင်းက ကိုယ်တိုင်စဉ်းစားတွေးခေါ် မိမိတို့၏ဆန္ဒနှင့်အညီ ဆုံးဖြတ် လုပ်ကိုင်ရမည်။ ဤနေရာတွင် လူအားလုံး၏ သဘောထားများတစ်ထပ်တည်းကြရန်မှာ အလွန်ခက်ခဲသဖြင့် ယင်းအနေအထားတွင် အများစု၏ဆန္ဒသဘောထားကို လိုက်နာရမည်ဖြစ်သည်။ နိုင်ငံသားအားလုံးစားဝတ် နေရေးအတွက် အလုပ်များနေကြရာ မိမိတို့က သင့်လျော်မည်ဟုထင်သည့် ကိုယ်စားလှယ်ကိုရွေးချယ်ပြီး ယင်းလူကို နိုင်ငံရေးလုပ်ခိုင်းသည်။ သို့ရာတွင် တခြားလူလက်ထဲဝကွက်အပ်တာမျိုးမဟုတ်ဘဲ မိမိတို့၏ သဘောထားကို နိုင်ငံရေးမှာ ထင်ဟပ်နိုင်အောင်ကြိုးပမ်းရမည်။ ဤသို့ဖြင့် ဂိုဏ်းချုပ်ကြီးများ၊ အာဏာရှင်များကြားဝင်ရန် ပျော့ကွက်ဟာကွက်များ မရှိနိုင်တော့ပါ။

ထို့ကြောင့် ဒီမိုကရေစီသည် အာဏာရှင်စနစ်၏ ဆန့်ကျင်ဘက်ဖြစ်သော်လည်း ဒီမိုကရေစီမှာလည်း အာဏာချုပ်ကိုင်မှုမရှိခြင်းမဟုတ်၊ သို့သော်လည်း ဒီမိုကရေစီတွင် အာဏာချုပ်ကိုင်မှုသည် နားလည်ကျွမ်းကျင်ပြီး မိမိတို့ကိုယ်တိုင်လှုပ်ရှားဆောင်ရွက်သည့် ပြည်သူများ၏ လက်ထဲတွင်ရှိနေသည်။ ယင်းသည် အောက်ကနေအထက်ကို အာဏာချုပ်ကိုင်မှုသာဖြစ်သည်။

၄င်းသည် အုပ်ချုပ်ခံသူများ၏ သဘောတူညီမှုနှင့် လုပ်ဆောင်သည့် နိုင်ငံရေး ပင်ဖြစ်သည်။

နိုင်ငံရေးလုပ်ဆောင်မှုအားလုံးသည် လူ့အဖွဲ့စည်းအထဲက လူအားလုံး၏ဆန္ဒသဘောထားများကို အခြေခံပြီး လူအားလုံး၏အကျိုးစီးပွားအတွက် နည်းလမ်းတကျလုပ်ဆောင်သည်။ နိုင်ငံရေးမှာ "ကျေးတော်မျိုး၊ ကျွန်တော်မျိုး"ဆိုနေရာမှ "ကျွန်ုပ်တို့ပြည်သူများ". . . ဆိုသည့်ပုံစံကို ပြောင်းလဲသွားသည်။ ပြည်သူများလွတ်လပ်စွာ ရွေးချယ်လိုက်သည့် ကိုယ်စားလှယ်များကတစ်ဆင့် ပြည်သူများကိုယ်တိုင်က အုပ်ချုပ်သည်။ ပြည်သူ့ကိုယ်စားလှယ်များသည် ပြည်သူများ၏ အရှင်သခင်များမဟုတ်ဘဲ၊ ပြည်သူများ၏ ဝန်ထမ်းများဖြစ်ကြသည်။ ပြည်သူများ၏ဆန္ဒသဘောထားနှင့် ပြဋ္ဌာန်းထားသည့် ဥပဒေများသည် ပြည်သူများကိုယ်တိုင် မိမိတို့ဘဝကို ကြပ်မတ်ထိန်းကွပ်နေသည်နှင့် တစ်ပြိုင်တည်း ပြည်သူ့ကိုယ်စားလှယ်များက လုပ်ဆောင်နေသည့် နိုင်ငံရေးကိုပါ ထိန်းကွပ်သည်။ ယင်းဘာည် နိုင်ငံရေး အပိုင်းတွင်တွေ့ရသည့် ဒီမိုကရေစီဖြစ်သည်။

ဒီမိုကရေစီ၏ပြည်သူ့ဘဝအနေအထား

ဒီမိုကရေစီ၏နိုင်ငံရေးအဖွဲ့အစည်းများဆိုသည် မည်သို့သောအဖွဲ့အစည်းများဖြစ်သည်ကို အခန်း(၃)တွင် ထပ်မံ၍ အသေးစိတ်ဖော်ပြပါမည်။ ယခုဒီမိုကရေစီစနစ်အောက်တွင် ပြည်သူများ၏ဘဝသည် မည်သို့အနေအထားရှိပြီး မည်သို့နေထိုင်လုပ်ကိုင်နေကြသနည်းဆိုသည့် အချက်ကိုသိရှိရန်ဖြစ်သည်။ ၄င်းကိုသိထားခြင်းသည် ဒီမိုကရေစီ၏ အနှစ်သာရကို နားလည်ရန် အထောက်အကူပြုမည်ဖြစ်သည်။

အခြေခံစိတ်ဓာတ်အနေဖြင့်ကြည့်ပါက ဒီမိုကရေစီသည်တစ်မျိုးတည်း သာရှိသည်။ သို့ရာတွင် နိုင်ငံရေးကို ပြည်သူများက လုပ်ဆောင်ရန်နည်းလမ်းမှာ ပုံစံ (၂) မျိုး (၂) စားရှိသည်။ ၄င်းအထဲတွင်မှ ကျယ်ကျယ်ပြန့်ပြန့်သုံးနှုန်းသည်မှာ **"ကိုယ်စားပြု ဒီမိုကရေစီ"**ဟု ခေါ်ကြသည့် ပုံစံပင်ဖြစ်သည်။ ပြည်သူအများစုသည် ကုမ္ပဏီတွင် အလုပ်လုပ်ခြင်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ခြင်း၊ ကလေးထိန်းခြင်း. . စသည့် အလုပ်များကိုမလုပ်၍ မဖြစ်သောကြောင့်

အများနှင့်ဆိုင်သည့် လုပ်ငန်းများအား အချိန်နှင့်လုပ်အား တစ်စိတ်တစ်ပိုင်း ကိုသာ ပေးနိုင်ကြသည်။ လွှတ်တော်များ၊ မြို့ကောင်စီအစည်းအဝေးများ၊ တခြားနိုင်ငံရေးအရ အဆုံးအဖြတ်ပေးရမည့်နေရာများမှာ မိမိတို့ကိုတရားဝင် ကိုယ်စားပြု ပေးနိုင်သည့် လူများကို ကိုယ့်အသိမိတ်ဆွေထဲက ရွေးချယ်ကြသည်။ တစ်ခြားဒီမိုကရေစီပုံစံတစ်ခုမှာ ပြည်သူများ၏ ဆန္ဒသဘောထားကို ကိုယ်စားလှယ်များက တစ်ဆင့်မသွားဘဲ၊ နိုင်ငံရေးအရဆုံးဖြတ်မှုများမှာ တိုက်ရိုက်ထင်ဟပ်စေသည်။ တစ်နည်းအားဖြင့် တရားဥပဒေများကို ပြဋ္ဌာန်းရန်၊ သမ္မတကိုရွေးချယ်ရန်စသည်များမှာ ပြည်သူများက တိုက်ရိုက်မဲပေးဆုံးဖြတ်ကြသည့် ပုံစံပင်ဖြစ်သည်။ ၎င်းကိုသာမန်အားဖြင့် **"စစ်မှန်သော ဒီမိုကရေစီ"** ဟုခေါ်သည်။

သို့ရာတွင် ဒုတိယပုံစံ ဒီမိုကရေစီကိုသာစစ်မှန်သည်ဟု ခေါ်ဝေါ်ခြင်းသည် အမှန်အားဖြင့် လုံးဝလျော်ကန်သင့်မြတ်သည်ဟုမဆိုနိုင်ပေ။ ဒီမိုကရေစီဆိုခြင်းသည် အာဏာကိုချုပ်ကိုင်ရန် ပြည်သူလူထုကို လှုံ့ဆော်ခြင်း၊ ကိုယ်တိုင်သုံးသပ်ဆုံးဖြတ်ခွင့်ဆုံးရှုံးပြီး ယင်းကဲ့သို့လှုံ့ဆော်မှုများထဲမှာ ဝင်ပါမိအောင်လုပ်ဆောင်ခြင်းမျှမရှိသည့်အခါမှသာ စစ်မှန်မည်ဖြစ်သည်။ ပြည်သူ့ဆန္ဒခံယူပွဲ ပြုလုပ်ခြင်းကြောင့် စစ်မှန်သည့် ဒီမိုကရေစီဖြစ်သွားခြင်းမဟုတ်ပေ။

ပြင်သစ်အတွေးအခေါ်ပညာရှင် ရူဆိုးသည်စစ်မှန်သည့် ဒီမိုကရေစီကို အားကြိုးမာန်တက် သက်ဝင်ပြောဆိုခဲ့သူ တစ်ယောက်ဖြစ်သည်။ သို့ရာတွင် ပြည်သူလူထုက ကျွန်စိတ်ဝင်ပြီး အာဏာရှိသည့်သူကို ဖော်လံဖားခြင်း၊ ဖိနှိပ်ညှဉ်းပန်းမည်ကို စိုးရိမ်ခြင်းများ ကြောင့် အုပ်ချုပ်သူပြောသမျှ မလွန်ဆန်ဘဲ အားလုံးတညီတညွတ်တည်း ထောက်ခံသည် ဆိုခြင်းမျိုးသည် သတိအထားသင့်ဆုံး ဒီမိုကရေစီ၏ထောင်ချောက်ဖြစ်သည်ဟု သူကဆိုခဲ့သည်။

ယခုပြောခဲ့သည့်အတိုင်း ဒီမိုကရေစီတွင် ပုံစံ(၂)မျိုးရှိသော်လည်း မည်သည့်ပုံစံဖြစ်ဖြစ် နိုင်ငံရေးအာဏာသည် ပြည်သူလူထု၏ လက်တွင်ရှိသည်။ တစ်နည်းအားဖြင့် နိုင်ငံရေးမူဝါဒကို နောက်ဆုံးအဆင့်ဆုံးဖြတ်သူသည် ပြည်သူလူထုပင်ဖြစ်ရမည်။

ထို့ကြောင့် စစ်မှန်သည့် ဒီမိုကရေစီစနစ်မှာ ပြည်သူတစ်ရပ်လုံး၊ ယုတ်စွအဆုံး မဲဆန္ဒရှင်အများစု၏ဆန္ဒကို အကောင်အထည်ဖော်ရန်အတွက် အသေချာဆုံးနည်းလမ်းသည် ပြည်သူလူထုက လွတ်လပ်စွာရွေးကောက်တင်မြှောက်ထားသည့် ကိုယ်စားလှယ်များက ပြည်သူလူထုဆုံးဖြတ်ထားသည့် နိုင်ငံရေးမူဝါဒများကို လက်တွေ့အကောင်အထည် ဖော်ခြင်းဖြစ်သည်။ ယင်းသို့လုပ်ရာမှာ ပြည်သူလူထု၏ စိတ်ချမ်းသာပျော်ရွှင်မှုနှင့် အကျိုးစီးပွားများ ဆတက်ထမ်းပိုးတိုးတက်စေရမည့် နိုင်ငံရေးရည်မှန်းချက်ဖြစ်ရမည်ဆိုခြင်း၊ တစ်နည်းအားဖြင့် နိုင်ငံရေး၏ကိစ္စအဝဝသည် အများပြည်သူအကျိုးအတွက်ဖြစ်သည်ဆိုခြင်းတို့သည် ပြောစရာမလိုပေ၊ အီဘရာဟင်လင်ကွန်းက ယင်းအခြေခံသဘောထားကို ရှင်းရှင်းလင်းလင်း တိုတိုတုတ်တုတ်ဖြင့် **"ဒီမိုကရေစီဆိုတာ ပြည်သူတွေက ပြည်သူတွေနဲ့ ပြည်သူတွေ အတွက်လုပ်တဲ့ နိုင်ငံရေးဖြစ်တယ်"** ဟု ပြောခဲ့သည်။

သဘောတရားသက်သက်နှင့် ဆိုရပါမူ အာဏာရှင်များ၊ "စေတနာရှိသည့် အာဏာချုပ်ကိုင်ထားသူ"များက ပြည်သူများအပေါ်၊ အများအကျိုးနှင့် ကိုက်ညီသည့် နိုင်ငံရေးကိုလုပ်ဆောင်ခြင်းဆိုသည် ဖြစ်ကောင်းဖြစ်နိုင်ပေသည်။ သို့ရာတွင် အာဏာရှင်စနစ်အောက်၌ ပြည်သူများအတွက် နိုင်ငံရေးအာမခံချက်ကို မျှော်လင့်ထားခဲ့သည်များသည် အမြဲတမ်းဆုံးရှုံးမှုနှင့် အဆုံးသတ်ခဲ့ရပြီး မည်သည့်ခေတ်ပင်ဖြစ်စေ မှားယွင်းသည့် လုပ်ရပ်ဖြစ်သည်ဆိုခြင်းသည် အသေအချာပင်ဖြစ်သည်။ သမိုင်းကပေးနေသော သင်ခန်းစာများအရ လူအချို့ကိုသာ နိုင်ငံရေးအာဏာကို ချုပ်ကိုင်ခွင့်ပေးလိုက်မည်ဆိုပါက အာဏာရှင်စနစ်မလွဲမသွေပေါ်လာမည်ဖြစ်သကဲ့သို့၊ အာဏာရှင်စနစ်ဖြစ်လာလျှင် စစ်ပွဲများဖြစ်ရန်ပိုလွယ်ကူပေသည်။ ထို့ကြောင့် ပြည်သူများအတွက် နိုင်ငံရေးကိုလက်တွေ့ အကောင်အထည်ဖော်ရန် တစ်ခုတည်းသောသေချာသည့်လမ်းသည် နိုင်ငံရေးသည် ပြည်သူများ၏နိုင်ငံရေးဖြစ်ရန်၊ ပြည်သူများပါဝင်သည့် နိုင်ငံရေးကို လုပ်ဆောင်ရန်ပင် ဖြစ်သည်။ နိုင်ငံရေးကို ပြည်သူများပိုင်ဆိုင်ထားမည်ဆိုပါက လူတစ်ဦးချင်းစီ၏ အခွင့်အရေးများကို ကာကွယ်ပြီး၊ စား၊ ဝတ်၊ နေရေးဘဝများကို ပိုပြီးအဆင့်မြင့်စေမည့် နည်းလမ်း

အနေဖြင့် ပြည်သူများက အသုံးပြုလာကြမည်ဖြစ်သည်။ ပြည်သူများအတွက် မဟုတ်သည့် နိုင်ငံရေးကို ပြည်သူများက ရေငုံနှုတ်ပိတ်ပြီး လက်ပိုက်ကြည့်နေသည် ဆိုသည်မှာ လူ့ကျင့်ဝတ်အရ ဖြစ်နိုင်စရာအကြောင်းမရှိပေ။

နိုင်ငံကအာဏာချုပ်ကိုင်သည့် တစ်ပါတီစနစ်၏ထူးခြားချက်သည် လူတစ်ဦးချင်းထက် နိုင်ငံကိုအလေးထားသည်ဆိုသည့်အချက်ဖြစ်သည်။ လောကတစ်ခုလုံး၌ အထွတ်အမြတ်ဆုံးအရာသည် အင်အားတောင့်တင်းသည့် နိုင်ငံဖြစ်ပြီး လူတစ်ဦးချင်းသည် နိုင်ငံကိုကြီးကျယ်အားကောင်းစေရန် တန်ဆာပလာတစ်ခုသာဖြစ်သည်ဟု မှတ်ယူသည်။ ယင်းအတွက်အာဏာရှင်အနေဖြင့် လိုအပ်မည်ဆိုပါက လူတစ်ဦးချင်းကို စတေးသည်ဆိုလျှင်လည်း ပြဿနာမရှိဟုခံယူသည်။ ထိုမျှမက ပြည်သူများကသစ္စာမခံပါက အလုပ်မဖြစ်နိုင်ခြင်းကြောင့် အာဏာရှင်ဟုခေါ်သည့် သူများသည် နိုင်ငံသာအင်အားတောင့်တင်းမည်ဆိုပါက ပြည်သူများ၏ဘဝသည်လည်း မြင့်မားလာမည်ဟု ကတိပြုကြသည်။ နောက်ပိုင်းတွင် ယင်းကတိကို မထိန်းသိမ်းနိုင်သည့်တိုင် အကြောင်းပြချက်များ ပေးချင်တိုင်းပေး၍ရသည်။ နောင်ငါးနှစ်၊ မဟုတ်သေး၊ နောက်ဆယ်နှစ်ဆိုအားလုံးအဆင်ပြေမည်ဟု ပြောမည်။ ယခုခေတ် ပြည်သူများသည် ရင်သွေးများ၏ အနာဂတ်သာယာစေရန် ယခုအနစ်နာခံမှု ဖြစ်မည်ဟုပြောမည်။ အာဏာရှင်များ၏အာဏာမက်မောမှုသည် အတောမသတ် ပိုမိုကြီးမားလာသည်။ နောက်ဆုံးအမိနိုင်ငံကို အခြားနိုင်ငံများ၏ရန်ကနေ ကာကွယ်ကြဆိုသည်မျိုး၊ နိုင်ငံပိုပြီးအခွန်ရှည်အောင်လုပ်ကြရမည်ဆိုသည်မျိုးပြောပြီး စစ်ပွဲများကိုစတိုက်ကြသည်။

အနှစ်ချုပ်ဆိုရပါမူ နိုင်ငံကအာဏာအားလုံးကို ချုပ်ကိုင်ထားသည့် စနစ်မှာ နိုင်ငံစည်ပင်လာသည်နှင့်အမျှ ပြည်သူများလည်း ကြွယ်ဝလာမည်ဟုပြောသည်။ ယင်းနောက်စစ်ပွဲဆိုသည့် အလောင်းအစားကိုလုပ်ပြီး အရင်းပါမကျန်ဆုံးရှုံးမှုများ ကြုံရသည်။

၄င်းနှင့်ပြောင်းပြန်ဖြစ်သောဒီမိုကရေစီမှာ ပြည်သူများကြွယ်ဝချမ်းသာသည်နှင့်အမျှ နိုင်ငံလည်းစည်ပင်မည်ဆိုသည့် အယူအဆကို

ဦးစားပေးသည်။ ဒီမိုကရေစီဆိုသည် လူတစ်ဦးချင်းကို လစ်လျူရှုသည်မျိုး၊ အလေးမထားသည့် သဘောထားမျိုး လုံးဝမရှိပေ၊ လူတစ်ဦးချင်း၏တန်ဖိုးနှင့် အရေးပါမှုများအပေါ် နက်နက်နဲနဲလေးစားမှုများကို အခြေခံထားပေသည်။ အားလုံးသော လူများက သူတို့မှာရှိသည့်အကောင်းဆုံး အရည်အသွေးကို အေးအေးဆေးဆေးပျိုးထောင်နိုင်သည့် သာတူညီမျှအခွင့်အရေးများရနိုင်ခြင်းအားဖြင့် ပြည်သူတစ်ရပ်လုံး အသိဉာဏ်ပညာများ၊ ကိုယ်ကျင့်တရားများ မြင့်မားလာပြီး စီးပွားရေးကောင်းလာသည့် နိုင်ငံသည်မလွဲမသွေစည်ပင်လာမည်။ နိုင်ငံစည်ပင်လာခြင်းသည် အဓိကအားဖြင့် ပြည်သူများ၏ လူသားတစ်ယောက်အနေဖြင့် စိတ်ဓာတ်ကြံ့ခိုင်မြင့်မားမှုများမှရရှိနိုင်သည့် အရာဖြစ်သည်။

လွတ်လပ်မှုနှင့်သာတူညီမျှမှု

ဒီမိုကရေစီတွင် ပြည်သူများကိုတစ်ဦးတစ်ယောက်ချင်းအနေဖြင့် လေးစားသည်။ ထို့ကြောင့် ဒီမိုကရေစီမှာ လူ့ဘောင်လောကအေးချမ်းသာယာရေးနှင့် အများပြည်သူအကျိုးစီးပွားနှစ်မျိုးစလုံးထိန်းထားနိုင်သည့် အနေအထားအထိ တစ်ဦးတစ်ယောက်ချင်း၏ လွတ်လပ်မှုကိုတတ်နိုင်သမျှ ကျယ်ကျယ်ပြန့်ပြန့်ခွင့်ပြုသည်။ လူတစ်ဦးတစ်ယောက်ချင်းဘဝကို တည်ဆောက်ရင်း စိတ်ချမ်းသာပျော်ရွှင်မှုရအောင် လုပ်ဆောင်ခြင်းသည် အခြားသူများ၏လက်ထဲကို လွှဲပြောင်းပေးအပ်၍မရသော သဘာဝအခွင့်အရေးဖြစ်သည်ဟု ခံယူပေသည်။

ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီဆိုသည့် အပြန်အလှန်မှီခိုနေသည့် လောကတွင် **လွတ်လပ်မှုများ၊ အခွင့်အရေးများနှင့် တပါတည်း လူ့ဘောင်လောကသား တစ်ယောက်အနေဖြင့် ထိန်းသိမ်းရမည့် ဝတ္တရားများလည်းရှိခြင်း**သည် သဘာဝကျသည်။ ဒီမိုကရေစီတွင် တစ်ဦးချင်းစီ၏လွတ်လပ်မှုကို ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုထားသော်လည်း ထင်တိုင်းကျဲစိတ်တိုင်းကျ အသုံးချမည်ဆိုပါက အကြီးအကျယ်မှားမည်ဖြစ်ပေသည်။ လက်တွေ့အားဖြင့် ဒီမိုကရေစီတွင် အခြားသူများ၏အခွင့်အရေးကို မထိခိုက်သမျှ လူတစ်ဦးချင်းက မိမိနှစ်သက်ရာ စိတ်ချမ်းသာ

ပျော်ရွှင်မှုရအောင်ခွင့်ပြုထားပြီး ယင်းကိုအားပေးကူညီသည်။ မိမိတို့နှစ်သက်သည့် ဘာသာတရားကိုကိုးကွယ်သည်။ နိုင်ငံရေးပါတီကိုရွေးချယ်သည်။ စာများကိုရေးသားသည်။ ယင်းတို့ကို နှုတ်ကနေဖွင့်ဟပြောဆိုသည်။ သို့ရာတွင် မိမိတို့အနေဖြင့် ယခုကဲ့သို့ လွတ်လွတ်လပ်လပ်ပျော်ရွှင်မှုကို ခံစားရသည်နှင့်အမျှ အမြဲမပြတ်ကိုယ့်အနီးအနားမှလူများ ပို၍အကျယ်ဆို ရပါမူ ပြည်သူတစ်ရပ်လုံး၏ အလားတူလွတ်လပ်မှုရှိလာပါက ရှိလာသည်နှင့်အမျှ ယင်းလွတ်လပ်မှုကိုအသုံးပြု၍ လောကကြီးအတွက် အကျိုးရှိအောင်လုပ်ဆောင်ရမည့်ဝတ္တရားလည်း ရှိလာသည်ဆိုသည်မှာ ဒီမိုကရေစီ၏ အခြေခံအတွေးအခေါ်ပင်ဖြစ်သည်။ **မိမိရရှိသည့် လွတ်လပ်မှုကို လူ့ဘောင်လောကအများအကျိုးအတွက် အကောင်းဆုံးအသုံးချမည်** ဆိုသည့် ခံယူချက်မရှိပါက မည်သည့်လွတ်လပ်မှုမျိုးမဆို အလဟဿ အကျိုးမဲ့ဖြစ်သွားမည်ဖြစ်သည်။

ဒီမိုကရေစီအလေးထားသည့် လွတ်လပ်မှုများထဲမှ အဓိကအကျဆုံးကို ဖော်ထုတ်ရမည်ဆိုပါက လွတ်လပ်စွာပြောဆိုခွင့်ပင်ဖြစ်သည်။ ထို့ကြောင့် သတင်းစာများသည် အဖြစ်မှန်ကိုရေးသားကြရန်၊ ရေဒီယိုများက အဖြစ်မှန်ကို ကြေညာကြရန်တာဝန်ရှိပေသည်။ ပြည်သူများသည် အဖြစ်မှန်အပေါ် အခြေခံပြီး စိတ်ကောင်းစေတနာကောင်းနှင့် သုံးသပ်ဆုံးဖြတ်ပြီး မိမိတို့အယူအဆများကို အခြားသူများနှင့် စိတ်ကောင်းစေတနာကောင်းထားကာ လွတ်လပ်စွာဖလှယ်ကြသည်။ ဤသို့လုပ်ဆောင်ခြင်းအားဖြင့် အကြောင်းကိစ္စများကို ဝေဖန်သုံးသပ် ကြည့်မြင်တတ်လာပြီး နိုင်ငံရေးနှင့် ပတ်သက်၍ အမှားအမှန်ခွဲခြားနိုင်သည့် စွမ်းရည်တိုးတက်လာရန် အလေ့အကျင့်ရပေသည်။ အကယ်၍ အဖြစ်မှန်များနှင့် ပတ်သက်ပြီး အမြင်များကို တက်တက်ကြွကြွနှင့် စကားစစ်ထိုးစေပြီး မဲခွဲဆုံးဖြတ်ခြင်းဖြင့်တူညီသည့် သဘောထားကိုရှာဖွေသည်။ ယခင်အတွေ့အကြုံများနှင့် ချိန်ထိုးပြီး အဆုံးအဖြတ်အမှားများကို ပြင်ဆင်သွားသည်။ "သာမန်လူတော်သုံးယောက်စုပေါင်းရင် ပညာရှိတစ်ယောက်စာ ဗဟုသုတစုံတယ်" ဆိုသည့်စကားသည် ဂျပန်ပြည်၌ ပြောဆိုနေကြသည်။ အတွေ့အကြုံများသည့် ပြည်သူများအားလုံးကသာ လွတ်လွတ်

လပ်လပ်နှင့်ပြောဆိုဆွေးနွေးမှုကိုအခြေခံပြီး တူညီသည့်အမှန်တရားကို တွေ့ရှိရန် မလျော့သော ဇွဲ၊ လုံ့လဖြင့် လုပ်ဆောင်သွားကြမည်ဆိုပါက ကိစ္စအဝဝ၏မှန်ကန်သည့်လမ်းကြောင်းကို ဖော်ထုတ်နိုင်မည်မလွဲပေ။ ပြည်သူများက ရွာဖွေဖော်ထုတ်လိုက်သည့် မှန်ကန်သည့်လမ်းကြောင်းသာလျှင် ပြည်သူများ၏လူနေမှုဘဝအတွက် နိုင်ငံရေးကိုပဲ့ကိုင်နိုင်မည့် သံလိုက်အိမ်မြောင်ဖြစ်ပေသည်။

ယင်းနှင့် ဆန့်ကျင်ဘက်အာဏာရှင်စနစ်မှာ အာဏာရှင်အတွက် အဆင်ပြေမည့်အရေးကို ကြော်ငြာဝါဒဖြန့်မှုကြောင့် ပြည်သူများ၏ နား၊ မျက်စိများတွင် အမှန်တရားကို မကြားမမြင်အောင် ဖုံးကွယ်ရန်သာ အလေးထားသည်။ အမှန်များကိုတင်ပြသည့် သတင်းဌာနသည် တားဆီးခံရ၊ ပိတ်ပင်ခံရသည်။ ယင်းနောက် အာဏာရှင်သဘောကျမည့် အယူအဆကလွဲပြီး အခြားမည်သို့ပြောဆိုဆွေးနွေးမှုမျိုးမဆို ပိတ်ပင်ရသည်။ ဥပမာ အနေဖြင့် လှည်းဆွဲသည့်မြင်းကိုကြည့်လျှင် မြင်းလှည်းသမားသည် မြင်းကဘေးဘီမမြင်ရအောင် မျက်စိဖုံးထားသည့်အာဏာကို ပေးတပ်ထားသည်။ လှည်းသမား၏အလိုအတိုင်းမပြေးလျှင် သနားညှာတာမှုမရှိဘဲ၊ ကြိမ်နှင့်ရိုက်သည်။ မြင်းနေရာတွင် လူဖြစ်နေမည်ဆိုပါလျှင်. . . ။ ကိုယ်ပိုင်အယူအဆ၊ ကိုယ်ပိုင်ဆုံးဖြတ်ချက်နှင့် ဘဝကိုထူထောင်မသွားနိုင်သည့် နေရာတွင် ဒီမိုကရေစီမထွန်းကားနိုင်ပေ။

လွတ်လပ်မှုနှင့်ယှဉ်ပြီး ဒီမိုကရေစီကျင့်သုံးရာတွင် အလေးထားရဆုံးအချက်မှာ လူသားများ၏ သာတူညီမျှမှုဖြစ်သည်။ ဒီမိုကရေစီသည် ပြည်သူအားလုံးကို လူသားတစ်ဦးစီအဖြစ်အလေးထားသည်။ လူသားတိုင်းသည် လေးစားရမည့်သူများအဖြစ် မှတ်ယူထားသည့်အတွက် လူအများကြားတွင် အဆင့်ခွဲခြားခြင်းမျိုးကို မူလကပင် မလွဲမသွေဖယ်ရှားထားရမည်ဖြစ်သည်။ ဒီမိုကရေစီမထွန်းကားခင်အထိ လူသားများသည် လူ့လောကထဲသို့ စတင်ရောက်လာချိန်မှစပြီး အဆင့်အတန်းခွဲခြားခံရသည်။ ဟိုလူက မင်းမျိုးမင်းနွယ်၊ ဒီလူက ဆွေကြီးမျိုးကြီးဟုဆိုပြီး ခွဲခြားဆက်ဆံကြသည်။ မည်မျှတော်သည့်သူဖြစ်စေ အောက်ခြေလူတန်းစားမှ မွေးဖွားလာခဲ့လျှင်

တစ်သက်လုံး အောက်ခြေမှာသာ ကြိတ်မှိတ်နေရသည်။ ဤမတရားမှုထက်ပိုသော အခြေအနေမရှိနိုင်၊ မည်သည့်အတန်းအစားကမွေးမွေး လူ့အသက်တစ်ချောင်းအဖြစ်တန်ဖိုးထားရမည်မှာ အတူတူပင်ဖြစ်သည်။ ကိုယ်ပိုင်အကျင့်စရိုက်ကို အလေးထားရာတွင်လည်း အကန့်အသတ်မရှိပေ။ လူတစ်ယောက်၏တန်ဖိုးသည် မျိုးရိုးအဆင့်အတန်းများနှင့် ဆုံးဖြတ်၍မရပေ။ ထို့ကြောင့် စစ်မှန်သည့် ဒီမိုကရေစီလူ့ဘောင်လောကထဲတွင် ဆွေတော်မျိုးတော် ဆွေမျိုးဆိုသည်မရှိပေ။ လူမျိုးအဆင့်အတန်း၊ ဓနအင်အားများကြောင့်ဖြစ်သည့် အဆင့်အတန်းခွဲခြားမှု ပျောက်သွားပေမည်။ လူသားအားလုံးသည် တူညီသည့် လူသားများအဖြစ် အသိပညာကိုမြင့်မားအောင်၊ စွမ်းရည်ထက်မြက်အောင်လုပ်ဆောင်နိုင်သည့် တူညီသောအခွင့်အရေးများကို ရနိုင်ခြင်းသည် ဒီမိုကရေစီ၏ မြင့်မြတ်သည့် ရည်မှန်းချက်ပင်ဖြစ်ပေသည်။

သို့ရာတွင် လူသားတိုင်းကိုသာတူညီမျှ သဘောထားသည်ဆိုခြင်းသည် အတွေးအခေါ်အနေဖြင့် မှန်ကန်သည်ဟုဆို၍မျှမကပေ။ ဤကဲ့သို့လုပ်ဆောင်ခြင်းသည် လူနေမှုဘဝအတွက် လက်တွေ့အကျိုးကျေးဇူးများကိုလည်းရစေသည်။ အဘယ်ကြောင့်ဆိုသော် မည်သူမဆိုမိမိ၏ အစွမ်းအစကို တိုးတက်မြင့်မားစေရန် သာတူညီမျှအခွင့်အလမ်းများကို ရနိုင်မည်ဆိုလျှင်၊ ယင်းကိုအကြောင်းပြုပြီး အသိပညာများ၊ လူသား၏များပြားလှသော စွမ်းရည်များပေါ်ထွက်လာစေပြီး ပြည်သူတစ်ရပ်လုံး စီးပွားရေးအရ၊ ယဉ်ကျေးမှုအရ ကြွယ်ဝလာမည်ဖြစ်သည်။ ရှိတ်စပီးယားသည် ဆင်းရဲသည့်အသားရောင်းသူနှင့် မိမိအမည်ကိုပင်မရေးတတ်သည့် အမျိုးသမီးတစ်ယောက်၏ သားအဖြစ်မွေးဖွားလာခဲ့သည်။ ဂီတပညာရှင် ရွှေဘတ်၏ဖခင်သည် လယ်သမားကြီးဖြစ်ပြီး မိခင်သည် အိမ်ထောင်မကျခင်အထိ အိမ်ဖော်တစ်ယောက်ဖြစ်ခဲ့သည်။ သိပ္ပံပညာရှင်ကြီး မိုက်ကယ်ဖာရာဒေးသည် ဂိုဒေါင်တဲကလေးမှာ မွေးဖွားခဲ့ပြီး ဖခင်ကရောဂါသည် ပန်းပဲသမား၊ မိခင်က သာမန်အလုပ်သမား တစ်ဦးဖြစ်ခဲ့သည်။ ယင်းတို့သည် ဒီမိုကရေစီမဖွံ့ဖြိုးသေးသည့်ခေတ်တွင် မွေးဖွားခဲ့ပြီး အသီးသီးသူမတူအောင် စွမ်းဆောင်ခဲ့ကြပေသည်။ အကယ်၍ လူသားအားလုံးတူညီမျှ ပညာ

သင်ကြားရန် အခွင့်အရေးသာရှိမည်ဆိုပါက ပြည်သူများထဲမှ လူတော်များ မည်မျှလောက်အထိ ပေါ်ထွက်လာမည်နည်း။ ယခုအချိန်အထိ နိမ့်ကျသည့် ပညာရေးကိုသာ သင်ယူနိုင်ခဲ့ကြသည့် အမျိုးသမီးများထဲမှလည်း သိပ္ပံပညာရှင် မာရီကျူရီကဲ့သို့ လူများတစ်ယောက်ပြီး တစ်ယောက်ပေါ်ထွက်ခဲ့မည်မှာမလွဲပေ။ ကမ္ဘာကြီးသည် ပွင့်လင်းသာယာပြီး ပြည်သူများ၏ ဘဝများသည်လည်း မြင့်မားလာပေမည်။

လူအချင်းချင်းသာတူညီမျှဆိုသည် လူသားအားလုံးအသိပညာနှင့် စွမ်းရည်များကို မြင့်မားထက်မြက်အောင်လုပ်ဆောင်နိုင်သည့် တူညီသည့် အခွင့်အရေးများကို ဖန်တီးပေးခြင်းပင်။ ယခုကဲ့သို့ အခွင့်အရေးများကို တစ်ဦးချင်းကမည်မျှလောက်သုံးစွဲပြီး မိမိ၏စွမ်းရည်များကို မည်မျှမြှင့်တင်ဖော်ထုတ်သွားမည်နည်းဆိုခြင်းသည် လူတစ်ဦးချင်း၏ လုံလ၊ ဝီရိယနှင့် မွေးရာပါစွမ်းရည်များအပေါ် မူတည်ပြီး အဆုံးအဖြတ်ပေးသွားမည်ဖြစ်သည်။ လူတစ်ဦးချင်း၏စွမ်းရည်၊ လုံလ၊ ဝီရိယများနှင့် ကိုက်ညီသည့်လူမှုအဆင့်အတန်းများ ရှိလာသည်။ ယင်းသည်သဘာဝကျသည်။ ထို့ကြောင့် ဒီမိုကရေစီသည် လူအချင်းချင်း သာတူညီမျှမှုကို အလေးထားသည်ဆိုသဖြင့် လောကထဲတွင် လူတိုင်းလူတိုင်းတူညီသည့် အကျိုးအမြတ်များခံစားရနိုင်မည်ဟု ထင်ပါက အမှားကြီးမှားပေမည်။ ထူးချွန်သည့် စွမ်းရည်ရှိသူ၊ ပညာအရည်အချင်းကြွယ်ဝသူနှင့် အစွမ်းအစလည်းမရှိ၊ ကြိုးလည်းမကြိုးစားသည့်သူတို့ကို တစ်ပြေးညီ အကျိုးခံစားခွင့်ရှိစေမည်ဆိုလျှင် မှန်ကန်သည့် လူ့ဘောင်လောက ဖြစ်စရာအကြောင်းမရှိပေ၊ ဆိုးရွားသည့်သာတူညီမျှမှုဆိုသည် သေချာပေသည်။ တရားမျှတသည့် လူ့ဘောင်လောကတွင် လူကောင်းလူတော်များသည် အခြားလူများ၏ ယုံကြည်အားကိုးမှုကိုခံရပြီး အရေးပါသည့် နေရာပေးခံရသည်။ မကောင်းသည့်စိတ်ဖြင့် လှုံ့ဆော်မှုနှင့် နိုင်ငံ၏ဥပဒေကို ဖောက်ဖျက်သည့်သူသည် တရားစီရင်ခံရပြီး အပြစ်လည်းအပေးခံရမည်ဖြစ်သည်။ ယခင်ကပင် ဂရိနိုင်ငံတွေးခေါ်ရှင် အရစ္စတိုတယ်က **"လူများ၏ အရည်အသွေးတန်ဖိုးအလိုက် လူတစ်ဦးချင်းနှင့် အပ်စပ်သည့် စီးပွားရေးအရ တန်ရာတန်ကြေးနှင့် စိတ်ပိုင်းဆိုင်ရာ ဂုဏ်သိက္ခာများကို ပိုင်းခြားသိခြင်းသည်**

အမှန်တရား ဖြစ်သည်"ဟု ဆိုခဲ့ပါသည်။ ဒီမိုကရေစီကျသည့် မှန်ကန်သည့် လူ့ဘောင်လောကဆိုသည်ကို လူသား၏တန်ဖိုးအလိုက် အပ်စပ်သည့် အကျိုးခံစားခွင့် ခွဲဝေပေးခြင်းအပေါ်တွင် တည်ဆောက်ကြရမည်ဖြစ်ပေသည်။

ဒီမိုကရေစီ၏အကျယ်အဝန်း

ယခုဆိုလျှင် ဒီမိုကရေစီဆိုသည်ကို အကြမ်းဖျင်းပုံပေါ်လာပေပြီ၊ တစ်ချိန်တည်းထွင် ဒီမိုကရေစီသည် အလွန်ကျယ်ပြောသည်ကိုလည်း သဘောပေါက်လာပြီဖြစ်သည်။ ထပ်ပြီးပြောရလျှင် ဒီမိုကရေစီဆိုသည် နိုင်ငံရေးစနစ်တစ်ခု သက်သက်မဟုတ်ဘဲ၊ လူများ၏စားဝတ်နေရေး၊ လုပ်ဆောင်မှုအဝဝထဲတွင် နစ်မြုပ်သုံးစွဲရမည့် စိတ်ဓာတ်သဘောတရား တစ်ခုဖြစ်သည်။ လူသားများကို လေးစားသည့်စိတ်ဓာတ်ဖြစ်ပြီး မိမိကိုယ်တိုင်နှင့်အလားတူ အခြားသူများ၏လွတ်လပ်မှုကို အလေးထားသည့်စိတ်၊ စေတနာ၊ ချစ်ကြည်ရင်းနှီးမှုမေတ္တာ၊ တာဝန်ယူမှုများနှင့် အရာရာကို လုပ်ဆောင်ခြင်းပင်ဖြစ်သည်။ ယင်းတို့တ်ဓာတ်သည် လူများ၏နှလုံးသားတွင် ကျယ်ကျယ်ပြန့်ပြန့်၊ စိမ့်ဝင်လာသည့်အခါ ဒီမိုကရေစီရှိလာသည်။ လူမှုဝန်းကျင်တွင် ဒီမိုကရေစီအသွင်ပြောင်းလာမည်။ ပညာရေးတွင်လည်း ဒီမိုကရေစီအသွင်ပြောင်းလာမည်။ စီးပွားရေးတွင်လည်း ဒီမိုကရေစီအသွင်ပြောင်းလာပေမည်။ ဆန့်ကျင်ဘက်အနေဖြင့် ယင်းစိတ်ဓာတ်မရှိလျှင် ကြီးကျယ်ခမ်းနားသည့် ရွေးကောက်ပွဲကြီးကိုကျင်းပ၊ ပါတီများက လက်ကမ်းစာစောင်များဝေ၊ လွတ်တော်နိုင်ငံရေးစနစ်ကျင့်သုံးရန် အားလုံးအဆင့်ဆင့်ဖြစ်နေသည်ဆိုသည့်တိုင် ဒီမိုကရေစီအပြည့်အဝပေါ်ပေါက်လာပြီးဟုမပြောနိုင်ပေ။

ထို့ကြောင့် စစ်မှန်သည့်ဒီမိုကရေစီဆိုသည် နန်းတော်များ၊ လွတ်တော်များစသည့် အဆောက်အအုံများထဲကနေ ဖန်တီးပြုလုပ်လိုက်ခြင်း မဟုတ်ပေ။ အကယ်၍ ဒီမိုကရေစီဆိုသည် ဖန်တီးပြုလုပ်သည့် အရာမျိုးဖြစ်သည်ဟုဆိုပါလျှင် ယင်းသည် ပြည်သူများ၏နှလုံးသားထဲမှာ ဖန်တီးခြင်းသာဖြစ်ပေ

မည်။ ယင်းကိုလိုလားတောင့်တ၊ မြတ်နိုးအလေးထား၊ စားဝတ်နေရေး ဘဝထဲတွင် လက်တွေ့ကျင့်သုံးကြသည့် လူများ၏နှလုံးသားသာလျှင် ဒီမိုကရေစီ၏ ကိန်းအောင်းရှင်သန်ရာ နေရာဖြစ်ပေသည်။

နိုင်ငံရေးစနစ်တစ်ခုဖြစ်ရုံမျှဖြင့် ဒီမိုကရေစီသည် ပြီးပြည့်စုံမည် မဟုတ်သည်ကိုသိရန် နိုင်ငံရေးနှင့် စီးပွားရေး၏ဆက်စပ်မှုကို စဉ်းစားကြည့်ရန်ဖြစ်သည်။ တရားမျှတပြီး ပွင့်လင်းမြင်သာလာသည့် နိုင်ငံရေးကို ကျင့်သုံးရန် မှန်ကန်သည့် သတင်းအချက်အလက်များနှင့် ယင်းတို့အပေါ် အခြေခံသည့် လွတ်လပ်သည့် ဆွေးနွေးငြင်းခုံမှုများက အထူးသဖြင့်အရေး ပါသည်ဆိုသည်မှာ ယခင်ကပြောခဲ့သည့်အတိုင်း မလုံလောက်သေးပေ။ ယင်းတို့နှင့်အတူ **လိုအပ်သည့်အချက်မှာ ပြည်သူများ၏ စီးပွားရေးတိုးတက်ရန်ပင်ဖြစ်သည်။**

ပြည်သူအများစုသည် ဆင်းရဲနွမ်းပါးနေပြီး တစ်နေ့လုပ်၊ တစ်နေ့စား၊ စား၊ ဝတ်၊ နေရေးအတွက်ဗျာများနေရပါက လူသားတစ်ယောက်အနေဖြင့် ပညာကိုမသင်ယူနိုင်သကဲ့သို့ နိုင်ငံရေးနှင့်ပတ်သက်၍ မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်အောင် လေ့လာမှုများကိုလုပ်ရန် အချိန်လည်းမရှိနိုင်ပေ၊ ဤကဲ့သို့သော အနေအထားတွင် ဒီမိုကရေစီထွန်းကားရန် မဖြစ်နိုင်ဟု ဆိုသည်ကို မည်သူမဆိုသိနိုင်မည်ဖြစ်သည်။ ချမ်းသာသည့် လူနည်းစုကပင် ယင်းကိုအသုံးချပြီး သတင်းဌာနများကိုဝယ်၊ ယုတ္တိကင်းသည့် လူထုသဘောထားများကို အစစ်အမှန်လိုဝါဒဖြန့်ပြီး ဓနရှင်နိုင်ငံရေးကို ကျင့်သုံးရန်လုပ်လာနိုင်သည်။ တစ်ဖက်တွင် ပြည်သူ့အကျိုးအတွက်ဟုပြော၍ အာဏာကိုချုပ်ကိုင်နိုင်ရန် ကြိုးစားနေသူ လက်တစ်ဆုပ်စာလူနည်းစုက စားဝတ်နေရေးအတွက် လုံးပန်းနေကြရသည့် ပြည်သူအများကို အယုံသွင်းပြီး နိုင်ငံရေးလမ်းကြောင်းကို သူတို့လိုရာဆွဲယူရန် လုပ်ကြံမှုများလည်း ရှိနိုင်ပေသည်။

ထို့ကြောင့် စီးပွားရေးလုပ်ဆောင်မှု အခွင့်အလမ်းများကိုသာတူညီမျှရစေပြီး ပြည်သူများ၏ စား၊ ဝတ်၊ နေရေးအဆင့်ကို မြှင့်တင်နိုင်ရန် အတွက် စီးပွားရေးတွင် ဒီမိုကရေစီကို မကျင့်သုံးနိုင်ဘူးဆိုပါလျှင် ရွှေကောက်ပွဲကနေ ကိုယ်စားလှယ်ကို ရွေးချယ်၊ လွှတ်တော်မှာ ဥပဒေများကို ပြဋ္ဌာန်းနိုင်သည့်တိုင် ဒီမိုကရေစီဆိုခြင်းသည် ရှင်သန်နိုင်မည်မဟုတ်ပေ။

စီးပွားရေးနှင့် ပတ်သက်သည့် ဒီမိုကရေစီကဲ့သို့ပင် လူမှုရေးနှင့် ပတ်သက်သည့် ဒီမိုကရေစီ၊ ပညာရေးနှင့်ပတ်သက်သည့် ဒီမိုကရေစီများမှာလည်း အလားတူပြောနိုင်ပေသည်။ ဒီမိုကရေစီသည် နိုင်ငံရေးအဖွဲ့အစည်းထက် အများကြီးကျယ်ပြန့်ပေသည်။ အမျိုးမျိုးသော ဒီမိုကရေစီ၏အခြေခံသဘောတရားဆိုသည်မှာ အခြားသူများအပေါ် ထားရမည့် စိတ်ဓာတ်ပင်ဖြစ်သည်ဆိုသည်ကို နားလည်သဘောပေါက်လျှင် လုံလောက်ပေပြီ။

ယခုအခါ ဂျပန်နိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရှိနေပေပြီ။ ယင်းဥပဒေသည် အမှန်တကယ်ကောင်းမွန်သည့် ဥပဒေဖြစ်သည်။ မည်မျှကောင်းပါသည်ဟု ပြောနေကြသည်ပင်ဖြစ်စေ၊ မည်မျှပင် အများပြည်သူသိအောင် ဝေမျှပေးနေသည်ဖြစ်စေ၊ ဒီမိုကရေစီသည် အလိုအလျောက် ပေါ်ပေါက်လာမည်မဟုတ်ပေ။ မည်သို့သော အခြေခံဥပဒေမဆို၊ စည်းမျဉ်းဥပဒေမဆို၊ အစိုးရအဖွဲ့အစည်းမဆို၊ ယင်းတို့ကြောင့် စစ်မှန်သည့် ဒီမိုကရေစီပေါ်ပေါက်စေနိုင်သည်ဆိုခြင်းမှာ တစ်ကြိမ်တစ်ခါမျှမရှိသေးပေ။ ဒီမိုကရေစီဆိုခြင်းသည် ပြည်သူများအကြားတွင် ကျယ်ကျယ်ပြန့်ပြန့်စိမ့်ဝင်နေသည့် စိတ်ကောင်းစေတနာခိုင်မြဲသည့် ချစ်ကြည်ရင်းနှီးမှုမေတ္တာ၊ ပူးပေါင်းလုပ်ဆောင်သည့် စိတ်ဓာတ်၊ အပင်ပန်းခံအားထုတ်ကျင့်ကြံမှု၊ လုံလဝီရိယနှင့် မိမိ၏ဘဝကိုမြင့်မည်ဆိုသည့် အားကောင်းသည့် ဆုံးဖြတ်ချက်များစသည်တို့မှ ပေါက်ဖွားလာခြင်း ဖြစ်ပေသည်။

အခန်း (၂)
ဒီမိုကရေစီပေါ် ပေါက်လာခြင်း

ရှေးခေတ်ဒီမိုကရေစီ

လူများက ဒီမိုကရေစီနိုင်ငံရေးဆိုသည် ရှေးခေတ်ဂရိနှင့်ရောမ ခေတ်များမှစတင်ခဲ့သည်ဟု ပြောဆိုကြသည်။ ဒီမိုကရေစီဆိုသည့်စကားသည် ဂရိဘာသာစကား၊ ဒီမိုကရက်တိစ်ကလာသည်။ ဒီမိုစ် (Demos) ဆိုသည် ပြည်သူများဖြစ်ပြီး ကရက်တိစ် (Kratos) ဆိုသည် အုပ်ချုပ်မှုဖြစ်သည်။ ယင်းနောက် စကားလုံးသက်သက်သာမက ဂရိတို့၏ မြို့ပြနိုင်ငံတစ်ခုဖြစ်သည့် အေသင်မြို့ပြနိုင်ငံတွင် လက်တွေ့အားဖြင့် ပြည်သူများ၏ လွတ်တော်ကနိုင်ငံရေးကို လုပ်ဆောင်ခဲ့သည်။ ရောမတွင်အစောပိုင်း၌ ဘုရင်စနစ်ဖြစ်ခဲ့သော်လည်း BC ၅၀၀ ခန့်ကစပြီး ဒီမိုကရေစီအစိုးရ ဖြစ်လာခဲ့သည်။

ယင်းနောက်လွတ်လပ်သည့် အရာရှိမဟုတ်သူများနှင့် ဖွဲ့စည်းထားသည့် ပြည်သူ့အဖွဲ့၊ အကြံပေးအဖွဲ့များလည်းရှိပြီး နိုင်ငံရေးအရ၊ ဥပဒေအရ ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြသည်။ ထိုကြောင့် နိုင်ငံရေးစနစ်ပုံစံရှုထောင့်မှကြည့်လျှင် ဒီမိုကရေစီအစသည် ဂရိနှင့်ရောမဖြစ်သည်ဟု ဆိုပါကမမှားပေ။

ရှေးခေတ်နိုင်ငံများတွင် သာမန်လူများ တစ်နည်းအားဖြင့် ပြည်သူများအတွင်း ကျွန်အမှုအကြားရှိနေသည်။ ပြည်သူများသည် လွတ်လပ်ရေးရရှိခဲ့ပြီး အခွင့်အရေးအမျိုးမျိုးလည်းရှိခဲ့သော်လည်း ကျွန်များနှင့် လုံးဝခြားနားခဲ့သည်။ ကျွန်များသည် အိမ်မွေးတိရစ္ဆာန်များ၊ ပစ္စည်းများကဲ့သို့ ပိုင်ဆိုင်သူအရှင်သခင်၏ ဓနဥစ္စာဖြစ်ပြီး အရှင်သခင်အလိုက္ခ လုပ်ဆောင်

ရန်သက်သက် အသက်ရှင်နေကြရသည်။ ကျွန်များသည် လူဖြစ်သော်လည်း လူ့အခွင့်အရေးမရခဲ့ပေ။ ယင်းသို့သော လောကတွင် အနှစ်သာရရှိသော ဒီမိုကရေစီသည် မည်သို့ရှိနိုင်ပါမည်နည်း။ ကျွန်များကိုပိုင်ဆိုင်ထားသည့် ပြည်သူများက လုပ်ဆောင်နေသည့် နိုင်ငံရေးသည် အနှစ်သာရရှိသော ဒီမိုကရေစီနိုင်ငံရေးမဟုတ်ပေ။ လူများက လူတစ်ဖက်သားကိုအလေးမထားဘဲ ကိုယ့်အလိုကျလုပ်ပြီး လူတစ်ဖက်သားကိုချုပ်ကိုင် လွှမ်းမိုးသည့်နေရာတွင် စစ်မှန်သည့် ဒီမိုကရေစီသည်မရှိပေ။

ထို့ကြောင့် ဒီမိုကရေစီထွန်းကားလာရန် အနောက်တိုင်းမှာပင် ခေတ်သစ်ရောက်သည်အထိ ကာလရှည်ကြာစွာ စောင့်ဆိုင်းခဲ့ရသည်။ ခေတ်သစ်ကိုပြောင်းလာခဲ့ပြီး အစောဆုံး ဒီမိုကရေစီတိုးတက်ဖွံ့ဖြိုးလာခဲ့သည်မှာ အင်္ဂလန်ဖြစ်သည်။ ၄င်းနောက် အမေရိကန် ပြည်ထောင်စုပေါ်ပေါက်လာခဲ့သည်။ ပြင်သစ်တော်လှန်ရေးကြီးပေါ်ပေါက်လာခဲ့သည်။ သို့ရာတွင် ယင်းနိုင်ငံများတွင် တမဟုတ်ခြင်း ဒီမိုကရေစီလောကကြီးပေါ်ပေါက်လာသည်မဟုတ်ပေ၊ လူအများက အချိန်အတန်ကြာကြိုးပမ်းအားထုတ်မှုနှင့် ပြည်သူများအကြား တဖြည်းဖြည်းခြင်းမြင့်တက်လာသည့် နိုင်ငံရေးစိတ်ဓာတ်များက ဒီမိုကရေစီလူ့ဘောင်လောကကို **တစ်ဆင့်ပြီး တစ်ဆင့် တည်ဆောက်သွားကြရခြင်း** ဖြစ်သည်။

အင်္ဂလန်တွင် ဒီမိုကရေစီပေါ်ပေါက်လာခြင်း

ရှေးခေတ်အခါတွင် ဆက်ကဆွန်လူမျိုးဘုရင်များ အင်္ဂလန်နိုင်ငံကို အုပ်စိုးခဲ့သည့်အချိန်၌ အင်္ဂလန်ပြည်သူလူထုသည် ဒေသအလိုက်အုပ်ချုပ်ခွင့် အကန့်အသတ်ရရှိခဲ့ကြသည်။ သို့သော်လည်း တစ်နိုင်ငံလုံး အကန့်အသတ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခဲ့သည်မှာ (၁၁) ရာစု တစ်ဝက်ကျိုးသည့်နောက် အင်္ဂလန်တွင် နော်မန်လူမျိုးများဝင်လာပြီး နိုင်ငံကိုသိမ်းပိုက်အုပ်ချုပ်သည့် အခါမှဖြစ်သည်။ ကိုယ်ပိုင်အုပ်ချုပ်ရေးဟုဆိုသော်လည်း အဆင့်နိမ့်သည်မှာ အမှန်ပင်ဖြစ်သည်။ ယင်းသို့အငုံအဖူးကလေး တစ်ခုလောက်ရှိသည့် ကိုယ်ပိုင်အုပ်ချုပ်ရေးသည် အာဏာအမျိုးမျိုး၏ဖိအားများကို ရင်ဆိုင်ပြီး

ယနေ့အင်္ဂလန်နိုင်ငံ၏ အားကောင်းသည့် ဒီမိုကရေစီသစ်ပင်ကြီး ဖြစ်လာသည်အထိ ရှင်သန်ကြီးထွားရန်အတွက် **နှစ်ပေါင်း ၉၀၀ ခန့်အချိန်ယူခဲ့ရ**သည်။

နိုင်ငံကိုသိမ်းပိုက်အုပ်စိုးလာသည့် နော်မန်လူမျိုးဘုရင်ကို အောင်နိုင်သူ ဝီလျံဟု ခေါ်ကြသည်။ ယင်းဘုရင်သည် အားကောင်းသည့် အာဏာချုပ်ကိုင်မှုစွမ်းရည်ရှိပြီး ပါးနပ်သူလည်းဖြစ်သည်။ နယ်ပယ်အသီးသီးကို အုပ်စိုးနေကြသည့် မြို့စား၊ နယ်စားများကို သိမ်းသွင်းပြီး ဘုရင်၏ဩဇာခိုင်မာအောင်ပြုလုပ်သည့် မူကိုကျင့်သုံးခဲ့သည်။ ယင်းအချိန်က အင်္ဂလန်တွင် ဘာရွန်ဟုခေါ်သည့် မင်းမျိုးမင်းနွယ် မြို့စားနယ်စားများရှိပြီး ယင်းတို့သည် ခေတ်အဆက်ဆက်အုပ်စိုးလာခဲ့ကြသူများ ဖြစ်ကြသည်။

ဝီလျံဘုရင်သည် တစ်ဖက်တွင် မြို့စားနယ်စားများက တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်အားဖြည့် ပူးပေါင်းခြင်း၊ တစ်ယောက်ချင်းအနေဖြင့် ဘုရင်ကိုတော်လှန်၍ ရသည်အထိ အင်အားတောင့်တင်းလာခြင်းမျိုးမရှိစေရန် လုပ်ခဲ့သည်။ တစ်ဖက်တွင်လည်း မြို့စားနယ်စားများက ဘုရင်၏အာဏာကို ယုံကြည်အားကိုးလာစေရန် အခွင့်အရေးအမျိုးမျိုးကိုပေးပြီး သဘောကျအောင် ပြုလုပ်ရန်လည်း မမေ့ခဲ့ပေ။

နှစ်ပေါင်း ၁၅၀ ခန့်ကြာသည့်အခါ အုပ်စိုးနေသည့်ဘုရင်ဂျွန်သည် မြို့စားနယ်စားများကို ဂရုမစိုက်ဘဲနိုင်ငံရေးတွင် မိမိသဘောနှင့် မိမိလုပ်ခဲ့သည်။ ဝီလျံဘုရင်က မြို့စား နယ်စားများအပေါ် အသိအမှတ်ပြုထားသည့် အခွင့်အာဏာများကို သိမ်းယူရန်ကြိုးပမ်းခဲ့သောကြောင့် မြို့စား နယ်စားများ အကြီးအကျယ်ဒေါသထွက်ပြီး ဘုရင်ကိုဆန့်ကျင် အကျပ်ကိုင်ကာ "နောက်နောင် ဤသို့ဆိုးရွားသည့် အုပ်ချုပ်ခြင်းမျိုးမပြုလုပ်တော့ပါ" ဆိုသည့်စာကို ဘုရင်အား ကတိခံယူချက် လက်မှတ်ရေးထိုးခိုင်းခဲ့သည်။ ယင်းကို သမိုင်းတွင်သည့် မဂ္ဂနာကာတာဟူ၍ခေါ်သည့် စာချုပ်ကြီးဖြစ်ပြီး ယင်းစာချုပ်ပေါ် ပေါက်သည်မှာ ခရစ်နှစ် **၁၂၁၅ ခုနှစ်** ဖြစ်သည်။

ယင်းစာချုပ်ကြီးသည် အင်္ဂလန်နိုင်ငံ၏"လွတ်လပ်မှုအတွက်ခံတပ်ကြီး" ဟု အမည်တွင်လာခဲ့သည်။ အမှန်အားဖြင့် စာချုပ်ကြီးတွင် ဘုရင်သည် အခွန်ကောက်ခံရာ၌ ကောင်စီ၏သဘောတူညီမှု မဖြစ်မနေယူမည်။

လွတ်လပ်သည့် ပြည်သူများသည် ဥပဒေ၊ စည်းမျဉ်းများအရ တရားရုံး၏ ဆုံးဖြတ်ချက်မပါဘဲ ဖမ်းဆီးခံရခြင်း၊ စည်းစိမ်ဥစ္စာသိမ်းယူခံရခြင်း၊ အကျဉ်းချခံရခြင်း၊ ပြည်နှင်ခံရခြင်းများမရှိစေရ၊ ဘုရင်သည်လွတ်လပ်သည့် ပြည်သူများအပေါ် လက်နက်အင်အားကို အသုံးပြုခြင်း၊ တရားနည်းလမ်းကျသည့် အခွင့်အရေးများကို ငြင်းပယ်ခြင်းမလုပ်ရစသည်ဖြင့် ပြဋ္ဌာန်းထားရှိပေသည်။ ထို့ပြင် ယင်းသဘောတူညီချက်များကို ဘုရင်ကထိန်းသိမ်းစေရန် မြို့စားနယ်စားများသည် ၄င်းတို့ ဖွဲ့စည်းထားသည့် ကောင်စီကစောင့်ကြည့်ပြီး ဘုရင်က ကတိဖောက်ဖျက်သည့်အခါ ဘုရင်ကိုကန့်ကွက်မည်ဖြစ်သည်။

ဘုရင်က ၄င်း၏လုပ်ရပ်များကို မပြင်ပါက မြို့စားနယ်စားများသည် တစ်နိုင်ငံလုံး ပြည်သူများနှင့်အတူ ဘုရင့်ဘဏ္ဍာများကို သိမ်းယူခြင်းအပါအဝင် အခြားနည်းလမ်းများနှင့် ဘုရင်ကို အခက်တွေ့အောင်လုပ်ခွင့်ရှိသည်ဟု သတ်မှတ်ထားရှိသည်။ သို့သော် စာချုပ်၏ရည်ရွယ်ချက်သည် ပြည်သူများ၏လွတ်လပ်မှုကို တိုးပွားလာစေပြီး ပြည်သူများ၏ အနာဂတ်ဘဝများ ကောင်းမွန်လာအောင် လုပ်ရန်ဖြစ်သည်ကို မပြောနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ယင်းစာချုပ်သည် အမှန်အားဖြင့် မြို့စား နယ်စားများ၏ အထူးအခွင့်အရေးများကို ဘုရင်၏နှောင့်ယှက်မှုမှကာကွယ်ရန် အဓိကထားခြင်းကြောင့် ဖြစ်သည်။

ဤသို့ဖြင့်စာချုပ်ကြီးကို ဘုရင်နှင့် မြို့စားနယ်စားများအကြား ချုပ်ဆိုခဲ့ပြီး နယ်မြေအုပ်ချုပ်ရေးနှင့်ဆိုင်သည့် စာချုပ်စာတမ်းတစ်ခုသက်သက် ဖြစ်ခဲ့သော်လည်း ယင်းစာချုပ်ပေါ် ပေါက်လာခြင်းသည် အင်္ဂလန်သမိုင်းအတွက် အလွန်အဓိပ္ပာယ်ရှိသည့် ဖြစ်ရပ်တစ်ခုပင်ဖြစ်သည်။ စာချုပ်ကြောင့် ဘုရင်၏အာဏာသည် အတိုင်းအတာတစ်ခုအထိ ကတိကဝတ်ရှိလာပြီး ဘုရင်၏သဘောအတိုင်းလုပ်ဆောင်၍မရသော စည်းမျဉ်းစည်းကမ်းများကို ဘုရင်၏အာဏာအထက်မှာ ထားလိုက်နိုင်ခဲ့ပေသည်။ အကယ်၍ ဘုရင်သည် ယင်းစည်းမျဉ်းများကို ဖေါက်ဖျက်သည့်အချိန်တွင် ဘုရင်၏အမှားအယွင်းများကို ပြည်သူများ၏စွမ်းအားနှင့် ပြင်ဆင်ထိန်းကျောင်းသည်ကို တရားဝင်လက်ခံရန် ဖြစ်လာခဲ့ပေသည်။ ထို့ကြောင့်

စာချုပ်ကြီးသည် နောင်နှစ်ရာခွဲပြီး အင်္ဂလန်လွှတ်တော်၏ ဩဇာကိုချဲ့ထွင်ရန် ကြိုးစားမှုအတွက် လက်နက်တစ်ခုအဖြစ် အသုံးကျလာခဲ့ပေသည်။

အင်္ဂလန်လွှတ်တော်တွင် ပါဝင်သည့်သူများ၏ အဝန်းအဝိုင်းသည် တဖြည်းဖြည်း ကျယ်ပြန့်လာခဲ့သော်လည်း ယခုကဲ့သို့ဖြစ်လာခြင်းသည် ခေတ်အဆက်ဆက် ဘုရင်များ၏အားများလည်းပါပေသည်။ ဘုရင်က လွှတ်တော်ကို ဖွဲ့စည်းပျိုးထောင်ရာမှာ အားပေးသကဲ့သို့ဖြစ်ရခြင်းသည် အမှန်အားဖြင့် ပြည်သူများအပေါ် မေတ္တာထားခြင်း၊ ဒီမိုကရေစီကိုနှစ်နှစ်ကာကာလိုလားခြင်း လုပ်ဆောင်နေခြင်းမျိုးမဟုတ်ပေ။ အမှန်မှာငွေကြေးကို တပ်မက်ခြင်းက ပိုများခဲ့ပေသည်။ အဘယ့်ကြောင့်ဆိုလျှင် ဘုရင်များသည် မြို့စား၊ နယ်စားများဆီကရရှိသည့် ငွေနှင့်မလုံလောက်သည့်အတွက် အခွန်ကောက်လို့ရသည့် နယ်ပယ်ကိုချဲ့ထွင်ရန်နည်းလမ်းအဖြစ် လွှတ်တော်ကို အသုံးချပြီး အခွန်ထမ်းသူအရေအတွက်ကို တိုးအောင်လုပ်ခဲ့ခြင်းပင်ဖြစ်သည်။

ဘုရင်အုပ်ချုပ်ရေးအားကောင်းခဲ့သည့်အချိန်တွင် ဘုရင်များသည် လွှတ်တော်ကို မဖျက်သိမ်းခဲ့ကြပေ။ လွှတ်တော်ကိုဆက်ထားပြီး ကောင်းစွာအသုံးချရန်လုပ်ခဲ့ကြသည်။ ဘုရင်များသည် လွှတ်တော်၏ ထောက်ခံမှုရယူခြင်းအားဖြင့် ဘုရင်၏အလိုဆန္ဒကို ပြည်သူများ၏အလိုဆန္ဒဟု ထင်မြင်စေခြင်းသည် နိုင်ငံရေးတွင် လုပ်ရကိုင်ရ အဆင်ပြေသည်ဟု တွေးခဲ့ကြခြင်းဖြစ်သည်။

အင်္ဂလန်တွင် လွှတ်တော်ပေါ်ပေါက်လာခဲ့သည့်အခါပိုင်းတွင် ပြည်သူများ၏ ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားခြင်းမဟုတ်ပေ။ အင်္ဂလန်လွှတ်တော်သည် လွှတ်တော်နှစ်ရပ်ထားသည့်စနစ်ဖြစ်ပြီး မြို့စား နယ်စားလွှတ်တော်နှင့် သာမန်ပြည်သူများ၏ လွှတ်တော်များနှင့် ဖွဲ့စည်းထားသည်ဆိုသော်လည်း မြို့စားနယ်စားလွှတ်တော် (House of Lords) သည် အစကတည်းက မြို့စားနယ်စားများက မြို့စားနယ်စားများအတွက် ဖွဲ့စည်းထားသည့်အဖွဲ့အစည်းဖြစ်ပြီး သာမန်ပြည်သူများ၏ လွှတ်တော် (House of Commons)သည် အမည်နှင့်အညီ သာမန်ပြည်သူများ၏ လွှတ်တော်ဖြစ်ခဲ့သည်မဟုတ်ပေ၊ အသားရောင်းသည့်ဈေးသည် ပေါင်မုန့်ရောင်းသည့်သူ၊

လယ်သမားများလို သာမန်ပြည်သူများဆိုဟုဆိုလိုသည့်အမည် မဟုတ်ဘဲ၊ မြို့ရွာ (Commune)ဆိုသည့်စကားမှ ယူထားခြင်းဖြစ်သည်။ မြို့ရွာများအလိုက် ထင်ရှားသည့် သူဌေးကြီးများ၊ ကျေးလက်များက ငွေရှင်ကြေးရှင်များနှင့် လွှတ်တော်ကို ဖွဲ့စည်းထားခြင်းဖြစ်သည်။ ယင်းသည် ဘုရင်က ဘဏ္ဍာငွေရရန် လွှတ်တော်တွင် ကိုယ်စားလှယ်ဖြစ်နိုင်သည့် သူ့အဝန်းအဝိုင်းကို တိုးချဲ့လိုသည့် ရည်ရွယ်ချက်ရှိသည်ဆိုခြင်းကို တွက်ဆကြည့်မည်ဆိုပါက လွယ်လွယ်ကူကူ သဘောပေါက်နိုင် မည်ဖြစ်သည်။

အင်္ဂလန်ဒီမိုကရေစီနိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှုသည် အုပ်ချုပ်သူများ၏ အတ္တလောဘကြောင့် ပိုပြီးအားကောင်းလာသည်ဟူသော ဖြစ်စဉ်သည် စိတ်ဝင်စားစရာကောင်းသည့် အဖြစ်မှန်ဖြစ်သည်။ ဥပမာ ဘုရင်ဂျိန်၏ အသုံးအစွဲကြီးမှု၊ လောဘကြီးမှုများကြောင့် ဘဏ္ဍာငွေကိုအတင်းအကြပ် တောင်းခံရင်း မြို့စားနယ်စားများကိုဖိနှိပ်သည့် မတရားအုပ်ချုပ်မှုဖြစ်လာခဲ့ပြီး နောက်ဆုံး၌ မဂ္ဂနာကာတာစာချုပ်ကြီးကို လက်မှတ်ရေးထိုးလိုက်ရသည်။ ပထမ အက်ဒဝပ်ဘုရင်သည် မြို့စားနယ်စားများထံမှ အခွန်ကောက်ခံခြင်းဖြင့် မလုံလောက်ဟုတွေးပြီး အခွန်ကို ချမ်းသာသည့် သာမန်ပြည်သူများထံမှပါ ပိုပြီးကျယ်ကျယ် ပြန့်ပြန့်ကောက်ရန်လုပ်ခဲ့ရာမှ လွှတ်တော်တိုးတက်အောင် ကူညီရာ ရောက်ခဲ့သည်။ ပထမဂျိမ်းစ်ဘုရင်သည် ဘုရင့်အာဏာကိုပိုပြီး ခိုင်မာစေရန် သူ့ကိုယ်သူဘုရားသခင်နှင့် တစ်တန်းတည်းထားပြီး ဘုရင်သည် ဘုရားသခင်၏ အလိုတော်နှင့်အညီ အုပ်ချုပ်နေခြင်းဖြစ်သည်ဟု ပြောဆိုကာ အတင်းအကြပ် အုပ်ချုပ်ခဲ့ခြင်းကြောင့် **၁၆၄၉ ခုနှစ်တွင်** ထကြွတော်လှန်မှုများဖြစ်ခဲ့ပြီး သူ့နေရာဆက်ခံခဲ့သည့် ပထမချားလ်စ် ဘုရင်သည် နောက်ဆုံး၌ လွှတ်တော်၏ဆုံးဖြတ်ချက်ဖြင့် အသတ်ခံခဲ့ရပေသည်။

ဤသို့ဖြင့် လွှတ်တော်သည်ပိုမိုပြီးအားကောင်းလာခဲ့သော်လည်း တိုးတက်မှုသမိုင်းကြောင်းတွင် အရေးပါသည့်ခေတ်ကိုရောက်ရှိစေခဲ့သည်ကတော့ အခွင့်အရေးများဆိုင်ရာဥပဒေကြမ်း (Bill of Rights) ပင်ဖြစ်ပေသည်။ အခွင့်အရေးများဆိုင်ရာဥပဒေကြမ်း အတည်ဖြစ်ခဲ့ခြင်း **၁၆၈၈ ခုနှစ်တွင်** ပေါ်ပေါက်ခဲ့သည့် ဂုဏ်သိက္ခာတော်လှန်ရေး (Glorious Revolution)၏ ရလဒ်ပင် ဖြစ်သည်။

ဘုရင်သည် ဥပဒေကိုရပ်စဲခြင်း၊ ဖျက်သိမ်းခြင်းများကို လွှတ်တော်၏ သဘောတူညီမှုမရဘဲ လုပ်ဆောင်၍မရတော့ပေ။ ထို့ပြင် လွှတ်တော်အမတ်ရွေးကောက်ပွဲကို လွှတ်လွှတ်လပ်လပ်လုပ်ဆောင်ရမည်။ လွှတ်တော်အမတ်များ၏ဟောပြောမှု၊ ဝေဖန်ပြောဆိုမှုများနှင့် ပတ်သက်၍လည်း အပြည့်အဝ လွှတ်လပ်မှုရှိသည်။ လွှတ်တော်ကိုမကြာမကြာကျင်းပရမည်စသည့် အခြေခံစည်းမျဉ်းအမျိုးမျိုးကို ပြဋ္ဌာန်းခဲ့သည်။ ယင်းသည် ဘုရင်၏အာဏာကို ထိန်းချုပ်ပြီးလွှတ်တော်၏ လွှတ်လပ်စွာရပ်တည်မှုကို ပိုမိုရှိလာစေပြီး ပြည်သူများအတွက် လွှတ်လပ်မှုအားပို၍ အာမခံပေးခဲ့သည့် အခြေခံ ဥပဒေဆန်သော စည်းမျဉ်းပင်ဖြစ်ပေသည်။ ထို့ကြောင့် အခွင့်အရေးဆိုင်ရာ ဥပဒေကြမ်းကို နောက်ပိုင်းတွင် အမေရိကန်နှင့် အခြားနိုင်ငံများ၏ အခြေခံ ဥပဒေရေးဆွဲသူများက ကိုးကားခဲ့ကြသည်။

တစ်ဖက်တွင် အုပ်ချုပ်ရေးစနစ်အနေဖြင့် ပထမတွင်အတိုင်ပင်ခံကောင်စီ (Privy Council) ကိုထားရှိခဲ့သည်။ အတိုင်ပင်ခံကောင်စီကို ဘုရင်သည် အုပ်ချုပ်ရေးလုပ်ဆောင်ရာတွင် အကြံဉာဏ်ရယူတိုင်ပင်ရန် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်း၌ ကောင်စီထဲမှ လူတချို့ကိုဘုရင်က ထပ်ဆင့်ရွေးချယ်ပြီး အရေးပါသည့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စများနှင့်ပတ်သက်ပြီး ယင်းလူများ၏ အကြံဉာဏ်ကိုမေးမြန်းကာ လွှတ်တော်အပေါ် လွှမ်းမိုးမှုရှိသည့် သူတို့၏ စွမ်းအားများကိုအသုံးချရင်း ဘုရင်၏အလိုကျဥပဒေများကို လွှတ်တော်က အတည်ပြုချက်ရအောင်လုပ်ဆောင်ခဲ့ပေသည်။ ယင်းသည် အင်္ဂလန်တွင် အစိုးရအဖွဲ့ စတင်ပေါ်ပေါက်လာခြင်းဖြစ်သည်။ ပထမပိုင်းတွင် ဘုရင်သည် အစိုးရအဖွဲ့အစည်းအဝေးများမှာ တက်ရောက်ခဲ့ပြီးဦးဆောင်ခဲ့သော်လည်း နောက်ပိုင်းတွင် အစည်းအဝေးတက်ရောက်မှုနည်းပါးလာပြီး နိုင်ငံရေးနှင့် ပတ်သက်၍ ဝန်ကြီးများ၏လက်ထဲမှာပဲ လွှဲအပ်လာခဲ့ပေသည်။ ဤသို့ဖြင့် ဘုရင်အစားအစိုးရ၏ ဗဟိုချက်အဖြစ် အစည်းအဝေးကို ဦးဆောင်ကျင်းပတာဝန်ယူခဲ့သည့်သူပေါ်လာပြီး ယင်းကိုဝန်ကြီးချုပ်ဟု ခေါ်လာခဲ့ကြသည်။

ယင်းအချိန်ဘုရင်သည် မိမိအလိုဆန္ဒနှင့်ကိုက်ညီသည့် သူများကို ရွေးချယ်ပြီး အစိုးရကို ဖွဲ့စည်းခဲ့ပေသည်။ ယင်းနှင့်တစ်ပြိုင်တည်းလွှတ်တော်ကို နည်းအမျိုးမျိုးဖြင့် နှောင့်ယှက်သွင်းပြီး၊ အစိုးရအဖွဲ့ကိုလွှတ်တော်က

ထောက်ခံစေခဲ့ခြင်းသည် ထုံးစံဖြစ်နေပေသည်။ ထို့ကြောင့်နိုင်ငံကို အုပ်ချုပ်ခြင်းသည် ဘုရင်နှင့်သူ၏ ဝန်ကြီးများ၏အလုပ်ဟူ၍ ယူဆပြီးလွတ်တော်က နိုင်ငံ၏ဗဟိုချက်ဖြစ်လာရန်အထိမှာ များစွာအလှမ်းဝေးနေသေးသည်။ လွတ်တော်သည် ဝန်ကြီးများက အကူအညီတောင်းလာသည့် ဥပဒေမူကြမ်းများကို နိုင်ငံရေးအတွက်လိုအပ်သည့်အရာအဖြစ် မူအားဖြင့်သဘောတူသည်။ သို့ရာတွင် ပြည်သူများအပေါ်မတော်မတရားနိုင်ငံရေးဖိနှိပ်မှုများ၊ ပြည်သူများ၏ဘဏ္ဍာရေးဝန်ထုပ်ဝန်ပိုးများကို အလွန်အကျွံဖြစ်စေမည့် ဥပဒေမူကြမ်းများကို ဆန့်ကျင်ကန့်ကွက်ခြင်း၊ ပြင်ဆင်ခြင်းများကို လုပ်ဆောင်ခဲ့ပေသည်။ ယင်းသည် လွတ်တော်၏ အဓိကတာဝန်များပင် ဖြစ်ပေသည်။

ဤသို့ဖြင့် **၁၇၂၁ ခုနှစ်တွင်** ဝန်ကြီးချုပ်ဖြစ်ခဲ့သည့် ဝေါလ်ပေါလ်သည် ဘုရင်၏အစွမ်းဖြင့် လွတ်တော်ကိုချုပ်ကိုင်ထားပြီး တစ်ဖက်တွင် နည်းလမ်းအမျိုးမျိုးနှင့် အမတ်များကိုကြိုးကိုင်ကာ သာမန်ပြည်သူများ၏လွတ်တော်တွင် မိမိအပေါ်ထောက်ခံသည့် အများစုအင်အားရှိသည့်အဖွဲ့ကိုဖွဲ့စည်း၊ ယင်းကိုအုတ်မြစ်အနေဖြင့်ထားရှိပြီး နိုင်ငံရေးကို လုပ်ဆောင်ခဲ့သည်။ ၁၇၄၂ ခုနှစ်တွင် ဝေါလ်ပေါလ်အစိုးရအဖွဲ့အပေါ် လွတ်တော်က အယုံအကြည် ကင်းမဲ့သွားသည့်အချိန်တွင် ဘုရင်က ၎င်းကို တာဝန်လွှဲအပ်ပါသော်လည်း ရာထူးကနုတ်ထွက်ခဲ့ပေသည်။ အင်္ဂလန်၏ ယနေ့ခေတ် နိုင်ငံရေးအစသည် ယင်းကစခဲ့သည်ဟု ပြောရမည်ဖြစ်ပေသည်။

အင်္ဂလန်လွတ်တော်တွင် **၁၇ ရာစု**ကပင် ဘာသာရေးအယူအဆကွဲပြားသည့် ပြဿနာများကိုအကြောင်းပြုပြီး တိုရီ (Tory) နှင့် ဝှစ် (Whig) ဆိုသည့် ပါတီနှစ်ဖွဲ့ရှိခဲ့သည်။ ယင်းပါတီများသည်နောင်တွင် ကွန်ဆာဗေးတစ်နှင့် လစ်ဘရယ်ပါတီများဖြစ်လာခဲ့သည်။ ယင်းအချိန်စောစောပိုင်းကဖြစ်ခဲ့သည့် ရာထူးမှနုတ်ထွက်သွားသည့်ကိစ္စဖြစ်ခဲ့ပြီး အစိုးရသည် လွတ်တော်တွင် အများစု၏အတည်ပြုမှုကို အခြေခံရမည်ဟု စဉ်းစားလာကြသည်။ လွတ်တော်အမတ်အများစု အင်အားရှိသောပါတီဆိုသည် အချိုးညီသည့်မဲဆန္ဒရှင်အများစု၏ ယုံကြည်မှုနှင့် အကျိုးစီးပွားများကို ကိုယ်စားပြုသည်ဟု ယူဆကြပေသည်။ ထို့ကြောင့် အစိုးရသည်လွတ်တော်တွင် အများစု

အင်အားရှိသည့် ပါတီကိုအခြေခံပြီးအုပ်ချုပ်သင့်ပြီး သာမန်ပြည်သူများ၏ လွှတ်တော်တွင် အများစုထောက်ခံမှုကို ဆုံးရှုံးသည့်အခါ အစိုးရသည် ရာထူးမှ နုတ်ထွက်ကာ ရွေးကောက်ပွဲအသစ်ကိုကျင်းပခြင်းသည် သဘာဝကျသည် ဆိုသည့် အတွေးအခေါ် တဖြည်းဖြည်းပိုမိုအားကောင်း လာခဲ့ပေသည်။

သို့ရာတွင် ယင်းသို့သော ပါတီအစိုးရစနစ်သည် အမှန်တကယ် ပြည်သူများ၏ အစိုးရဖြစ်လာရန်မှာ မဲပေးခွင့်အဝန်းအဝိုင်းကို ချဲ့ထွင်ရန် လိုအပ်သည်။ ဤသို့သောအနေအထားတွင် အခွင့်အာဏာများစွာပိုင်ထား သည့် မြို့စားနယ်စားလွှတ်တော်သည် မင်းမျိုးမင်းနွယ်နှင့် ဓနရှင်များကို ကိုယ်စားပြုနေခြင်းဖြစ်ပြီး သာမန်ပြည်သူများ၏ လွှတ်တော်မှအမတ်များ သည်လည်း အားလုံးနီးပါး အလယ်တန်းအလွှာ၏ အပေါ်ယံ လူတန်းစားများ ပင်ဖြစ်သည်။ ဂုဏ်သိက္ခာတော်လှန်ရေးဖြစ်ပွားပြီးသည့် နောက်နှစ်ပေါင်း ၁၅၀ လောက်ထိ ယင်းကဲ့သို့သော လူများသည်အာဏာကို တောက်လျှောက် ချုပ်ကိုင် ထားခဲ့ကြပေသည်။ အာဏာချုပ်ကိုင်မှုသည် **၁၈၃၂ ခုနှစ်** ရွေးကောက်ပွဲ ဥပဒေပြင်ဆင်သည့်အခါမှသာ အဆုံးသတ်ခဲ့ပေသည်။ ရှင်းရှင်းလင်းလင်းပြောရမည်ဆိုပါက ကြွယ်ဝချမ်းသာလာသည့် လူတန်းစား အသစ်ထဲမှ လွှတ်တော်ကိုယ်စားလှယ် ဖြစ်လာနိုင်ခဲ့ခြင်းသည် ဥပဒေ ပြင်ဆင်လိုက်ခြင်းကြောင့်ပင်ဖြစ်သည်။ ထို့ပြင် **၁၈၆၇ ခုနှစ်** ဒုတိယအကြိမ် ရွေးကောက်ပွဲဥပဒေပြင်ဆင်မှုအရ အောက်ခြေပြည်သူအဆင့်လူတန်းစားနှင့် မြို့နေအလုပ်သမားများလည်း မဲပေးခွင့်ရလာပြီး ၁၈၈၄ ခုနှစ် တတိယ အကြိမ်ဥပဒေပြင်ဆင်မှုအရ မဲပေးခွင့်ရှိသူအဝန်းအဝိုင်းသည် သတ္တုတွင်း အလုပ်သမားများနှင့် လယ်ယာလုပ်ငန်း အလုပ်သမားများအထိ ကျယ်ပြန့် လာခဲ့ပေသည်။ ထို့နောက် ပထမကမ္ဘာ စစ်ပြီးဆုံးသွားသည့် **၁၉၁၈ ခုနှစ်**တွင် အသက်(၂၀)ကျော် အမျိုးသားအားလုံးနှင့် အသက် (၃၀)ကျော် အမျိုးသမီးများထဲမှ အက်မှတ်ထားသည့် ပမာဏအတိုင်းအတာ တစ်ခုအထိ ငွေကြေးဥစ္စာပိုင်ဆိုင် သူများသည် မဲပေးခွင့်ရရှိပြီး **၁၉၂၈ ခုနှစ်**တွင် ကျား/မတန်းတူ အခွင့်အရေးရှိသည့် ပြီးပြည့်စုံသော သာမန်မဲပေးစနစ်ကို ကျင့်သုံးလာနိုင်ခဲ့သည်။

မဲပေးခွင့်ကျယ်ပြန့်လာသော်လည်း မဲပေးရွေးချယ်နိုင်မှုမှာ သာမန်ပြည်သူများ၏ လွတ်တော်အမတ်များကိုသာဖြစ်သည်။ တစ်ဖက်တွင် မြို့စားနယ်စားများ၏ လွတ်တော်မှအုပ်စုများ အားကောင်းနေသည့်အချိန်တွင် လွတ်တော်သည် ပြည်သူများ၏တကယ့်ဆန္ဒသဘောထားများကို ကိုယ်စားပြုသည်ဟုပြော၍မရနိုင်ပေ။ လွတ်တော်သည် ပြည်သူများက လုပ်ဆောင်သည့် နိုင်ငံရေးအချက်အချာအဖြစ် ပိုပြီးအရေးပါလာသည်နှင့်အမျှ သာမန်ပြည်သူများ၏ လွတ်တော်နှင့် မြို့စားနယ်စားများ၏ လွတ်တော်အကြား အားပြိုင်မှုများ ပိုပြင်းထန်လာခြင်းသည်မဆန်းပေ။

ပြည်သူများ၏လွတ်တော်တွင် လစ်ဘရယ်ပါတီ၏တိုးတက်မှုဦးစားပေးဝါဒနှင့် ကွန်ဆာဗေးတစ်ပါတီ၏ ရှေးရိုးစွဲဝါဒများပြိုင်ဆိုင်မှုရှိသည်။ တစ်ဖက်တွင် မြို့စားနယ်စားလွတ်တော်၏ အနေအထားသည် ရှေးရိုးစွဲဝါဒ ဆန်ဆန်ရှိနေသည်ကို ပြောစရာမလိုပေ။ ထို့ကြောင့် လစ်ဘရယ်ပါတီသည် ပြည်သူ့လွတ်တော်တွင် အများစုအင်အားဖြစ်ပြီး အစိုးရဖွဲ့စည်းနိုင်သည့်အခါ အားပြိုင်မှုများပို၍ ပြင်းထန်လာသည်။ ၁၉၀၉ ခုနှစ်တွင် လစ်ဘရယ်ပါတီအစိုးရသည် ချမ်းသာသည့်လူတန်းစားများအပေါ် အခွန်များစွာ တိုးကောက်ခံရန်အတွက် ဘဏ္ဍာရေးဆုံးဖြတ်ချက်မူကြမ်းကို လွတ်တော်တွင်တင်ပြသည့်အခါ မြို့စားလွတ်တော်ကပယ်ချခဲ့သည်ကို အကြောင်းပြုပြီး **၁၉၁၁ ခုနှစ်**တွင် လွတ်တော် ဥပဒေကိုပြဋ္ဌာန်းရန်ဖြစ်လာခဲ့ပေသည်။ ယင်းဥပဒေအရ မြို့စားနယ်စားလွတ်တော်သည် ဥပဒေမူကြမ်းများကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းများကိုလုပ်၍ မရတော့ရုံသာမက ဥပဒေမူကြမ်းတစ်ရပ်ကို သာမန်ပြည်သူများ၏လွတ်တော်တွင် လွတ်တော်အစည်းအဝေး (၃) ကြိမ်ဆက်တိုက်အတည်ပြုခံရမည်ဆိုပါက ယင်းမူကြမ်းသည် မြို့စားနယ်စားလွတ်တော်ကပယ်ချခဲ့သည့်တိုင် ဥပဒေအဖြစ်နှင့် အသက်ဝင်သည်ဆိုသည့် အခြေခံမူကိုချမှတ်ခဲ့ပေသည်။ ဤသည်မှာ မြို့စားနယ်စားလွတ်တော်အထက်တွင် သာမန်ပြည်သူများ၏လွတ်တော်က ရပ်တည်နေသည့်အနေအထားကို ရယူလိုက်ခြင်းပင်ဖြစ်ပေသည်။ ထိုအချိန်မှစ၍ သာမန်ပြည်သူများ၏လွတ်တော်သည် ဂုဏ်သိက္ခာအရရော လက်တွေ့မှာပါ လွတ်တော်၏ အဓိကနေရာဖြစ်လာပြီး အင်္ဂလန်သည်နိုင်ငံရေး အဖွဲ့အစည်းအားလုံး၏ ဗဟိုချက်မလည်း ဖြစ်လာခဲ့ပေသည်။

အင်္ဂလန်၏လွတ်တော်ဥပဒေပေါ် ပေါက်လာသည့် သမိုင်းကြောင်းကို ကြည့်လျှင်လည်း ဒီမိုကရေစီစနစ်ကို အောင်အောင်မြင်မြင်နှင့် ကည်ဆောက်ရာတွင် မည်မျှအချိန်ယူရသည်၊ မည်မျှသည်းခံကြိုးစားရသည် ဆိုသည်ကို သိရှိနိုင်ပေသည်။ ခေတ်သစ်ဒီမိုကရေစီ၏ ပင်မရေစီးကြောင်း ဖြစ်သည့် အင်္ဂလန်သည်အစပိုင်း၌ အာဏာချုပ်ကိုင်ထားသည့် ဘုရင်အုပ်ချုပ်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ပေသည်။ ဘုရင်တစ်ဦးတည်း၏ လက်ထဲတွင် မောင်ပိုင်စီးထားသည့်အာဏာသည် မြို့စားနယ်စားများလက်ဝယ် ခွဲဝေ ရောက်ရှိလာပြီး မြို့ပြကုန်သည်ကြီးများနှင့် နယ်များကမြေရှင်များက မျှဝေကြသည်။ တဖြည်းဖြည်းသာမန်မြို့သူမြို့သားများ၊ စက်ရုံအလုပ်ရုံ အလုပ်သမားများနှင့် လယ်သမားများလက်ထဲကို အာဏာချုပ်ကိုင်မှု ဗဟိုချက်ကပြောင်းရွှေ့ကျယ်ပြန့်လာခဲ့သည်။ ယင်းသို့ပြောင်းလဲလာတိုင်း ပြည်သူများ၏အခွင့်အရေးနှင့် လွတ်လပ်မှုများကိုကာကွယ်ရန် ပြင်းထန်သည့် တိုက်ပွဲများဖြစ်ခဲ့သည်။ ၂၀ ရာစုနှစ်ရောက်သည့် အချိန်မှစပြီး အလုပ်သမား များ၏အကျိုးစီးပွားကို ကိုယ်စားပြုသည့်လေဘာပါတီက သာမန်ပြည်သူများ၏ လွတ်တော်တွင် အားကောင်းလာပြီးနောက်ဆုံး၌ လေဘာပါတီ တစ်နည်း အားဖြင့် အလုပ်သမားပါတီ အစိုးရလည်းရှိလာသည့် ခေတ်ကိုရောက်ခဲ့ ပေသည်။

"ရောမကိုတစ်နေ့တည်းနှင့်တည်ထောင်လို့မရပါ" ဆိုသည့် စကားရှိခဲ့သည်။ **အင်္ဂလန်က ဒီမိုကရေစီသည် နှစ်ပေါင်း ၉၀၀ တိုင် အချိန်ကြာမြင့်စွာ ပြည်သူများကြိုးပမ်းခဲ့ရာမှစ၍ ပေါ် ပေါက်လာခဲ့ခြင်း** ဖြစ်သည်။ ရောမသည် အင်ပါယာဘုရင်စနစ်ကျဆုံးခဲ့သဖြင့် ပျက်သုဉ်းခဲ့ရ ပေသည်။ ခိုင်မာသည့် ဒီမိုကရေစီစနစ်ဆိုသည် အခက်အခဲအမျိုးမျိုးကို ကျော်လွှားပြီး လူသားများ၏ကံကြမ္မာကိုမျှော်လင့်ချက်ဆန္ဒများ၊ သာယာဝ ပြောမှုများပြည့်သည့် လမ်းပေါ် ခေါ် ဆောင်သွားမည်ဖြစ်သည်။ သမိုင်းစဉ် များမှ လေ့လာနမူနာယူကြရမည်ဖြစ်ပေသည်။

အမေရိကန်တွင် ဒီမိုကရေစီပေါ်ပေါက်လာခြင်း

အမေရိကတိုက်တွင် ကိုလိုနီခေတ်လက်အောက်ခံနယ်မြေကို တည်ထောင်ခဲ့သည့် ဥရောပမှလူများထဲတွင် စပိန်သည်ဦးဆုံးဖြစ်သည်။ စပိန်လူမျိုးများက အမေရိကကို လွှမ်းမိုးအုပ်ချုပ်မှုသည် ကာလရှည်ကြာသော်လည်း၊ ယင်းခေတ်ကစပြီး စပိန်နယ်မြေသစ်ဟု ခေါ်ကြသည့် နယ်မြေတွင် ဒီမိုကရေစီ၏အစပင်မပေါ်ပေါက်ခဲ့ပေ။ ရွှေရှာရန်ပင်လယ်သမုဒ္ဒရာကို ဖြတ်ပြီးရောက်လာခဲ့သည့် စပိန်လူမျိုးများက ဒေသခံလူမျိုးစုများ၏ လုပ်အားအသီးအပွင့်များကို သိမ်းကျုံးညှစ်ထုတ်ရယူပြီး စပိန်နိုင်ငံစည်ပင်သာယာစေရေး သက်သက်ကိုသာလုပ်ဆောင်ခဲ့သည့် အုပ်ချုပ်မှုသာဖြစ်သည်။ စပိန်မြေသစ်ကို အုပ်ချုပ်ခဲ့ကြသူများသည် အလယ်ခေတ်ဥရောပ၏ မြို့စားနယ်စားများနှင့်အလားတူ အကြွင်းမဲ့အာဏာကိုချုပ်ကိုင်ထားပြီး ကျယ်ပြန့်သည့်မြေယာများကို ပိုင်ဆိုင်ကြသည်။

ယင်းနေရာကို ပိုင်ဆိုင်ကြသည့် ဒေသခံလူမျိုးစုများအား အိမ်မွေးတိရိစ္ဆာန်များကဲ့သို့ သဘောထားပြီးခိုင်းစေခဲ့သည်။ ဤသို့ဖြင့် နယ်မြေသစ်တွင်ရှိသည့် မကုန်နိုင်သော ကြွယ်ဝချမ်းသာမှုများကို ခွဲယူနိုင်ရန်ပြင်သစ်လူမျိုးများလည်းရောက်ရှိလာကြသည်။ ပဒေသရာဇ်စနစ်တည်ထောင်ရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ အလားတူ ဒတ်ချ်လူမျိုးများလည်း စမ်းသပ်ဆောင်ရွက်ခဲ့ကြသော်လည်း ပြင်သစ်များကဲ့သို့ အောင်မြင်မှုမရခဲ့ကြပေ။ ယင်းသည် လူဖြူများ၏မတရားအုပ်ချုပ်မှုနှင့် ရက်စက်ကြမ်းကြုတ်မှုသမိုင်းကြောင်းဖြစ်ပြီး သားကောင်ဖြစ်ရသည်မှာ ဒေသလူမျိုးစုများဖြစ်ကြသည်။

နယ်မြေသစ်၏ကောင်းကင်တွင် ဒီမိုကရေစီ၏ ခပ်မှိန်မှိန်အရုဏ်ဦးအလင်းရောင်ခြည်သန်းစပြုလာခဲ့သည်မှာ အင်္ဂလိပ်များက ယင်းမြေတွင် ကိုလိုနီနယ်မြေထူထောင်ခဲ့ပြီးနောက်မှ ဖြစ်သည်။

အင်္ဂလန်ပြည်မကြီးတွင် တစ်စနှင့်တစ်စ အရေးပါအရာရောက်သည့် နေရာကိုရလာသည့် ကုန်သည်ပွဲစားများက နယ်မြေသစ်၏သယံဇာတများကို မျက်စိကျပြီး ယင်းနယ်မြေသို့တဖြည်းဖြည်းနှင့် ရောက်လာကြသည်။ ၎င်းနေရာသည် မျှော်လင့်ထားသည့် ရွှေငွေရတနာများမရှိသော်လည်း ကျယ်ပြန့်သည့် တောတောင်ရေမြေသဘာဝများရှိနေပြီး မမြင်မတွေ့ဖူးသည့်

စိမ်းလန်းစိုပြည်သည့် သစ်တောများရှိသည်။ ၄င်းတို့နိုင်ငံက စီးပွားရေး လုပ်ငန်းများအတွက် လိုအပ်သည့်ပေါ်ကြွယ်လှသော သယံဇာတများရှိနေသည်။ ယင်းနေရာနှင့် မိမိတို့နိုင်ငံအကြား ကုန်သွယ်ရေးလုပ်နိုင်ပါက အလုပ် လက်မဲ့ဖြစ်နေသည့်လူများ အများကြီးအလုပ်ရကြမည်ဟု မျှော်လင့်ထားခဲ့ ကြသည်။ ဥရောပတွင် ယခင်ကတည်းက အင်္ဂလန်နှင့်စပိန်အကြား အင်အား ပြိုင်နေကြရာ မိုးချစ်စိတ်ကလည်းအနိုင်ရရန် တွန်းအားပေးခဲ့သည်။ ၄င်းပြင် အင်္ဂလိပ်များ၏ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ချင်သည့်စိတ်ဓာတ်၊ လွတ်လပ်မှု၊ အထူးသဖြင့် ဘာသာရေးလွတ်လပ်ခွင့်ကိုလိုလားသည့် စရိုက်များကလည်း ကိုလိုနီနယ်မြေ၏ အခြေခံကိုထူထောင်အသုံးချခဲ့သည်။

ယင်းကဲ့သို့ ကိုလိုနီနယ်မြေကို စီမံအုပ်ချုပ်သည်ဆိုခြင်းသည် အုပ်ချုပ်ရေး၏အကျိုးကိုမျှော်ကိုးလုပ်ဆောင်သည့် အတ္တဟိတလုပ်ငန်း ဖြစ်သော်လည်း တဖြည်းဖြည်းကျယ်ပြန့်လာသည်နှင့်အမျှ ကုန်သွယ်ရေး ကုမ္ပဏီများက ကြီးစိုးသည့်အုပ်ချုပ်မှုဖြစ်လာပြီးနောက် ကတော်အတန် လွတ်လွတ်လပ်လပ်နှင့် လုပ်ကိုင်ခွင့်ရလာသည်။ သို့ရာတွင် ကိုလိုနီ အုပ်ချုပ်ရေး၏ချုပ်ကိုင်မှုသည် ပြည်မကြီးရှိ ဘုရင်နှင့်လွှတ်တော်များ၏ လက်ထဲတွင်ရှိနေသဖြင့် ဘုရင်ကစီမံခန့်ခွဲနိုင်ရန် ဘုရင်ခံကိုစေလွှတ်ခဲ့သည်။ ဤသို့ဖြင့် အင်္ဂလိပ်များ၏ အမေရိကန်ကိုလိုနီအုပ်ချုပ်ရေးသည် တဖြည်းဖြည်းချင်း အခြေခိုင်လာခဲ့သည်။

တစ်ဖက်တွင် ယင်းကိုလိုနီအုပ်ချုပ်ရေးကို ကြိုးကိုင်ထားကြသည့် ကုန်သည်ပွဲစားများသည် သူတို့၏အကျိုးစီးပွားကို ကာကွယ်ရန်အတွက် ကိုလိုနီနယ်မြေများမှ အတိုင်းအတာတစ်ခုအထိ ကိုယ်ပိုင်အုပ်ချုပ်မှုကို ခွင့်ပြုခြင်းသည် ပိုပြီးသင့်လျော်သည်ဟု စဉ်းစားကြသည်။ အဘယ့်ကြောင့် ဆိုသော် ယခုကဲ့သို့ခွင့်ပြုထားပါက ကိုလိုနီအုပ်ချုပ်ရေးအတွက် စရိတ်စက သက်သာသည့်အပြင် လုပ်ငန်းအဆင်မပြေဖြစ်သည့်အခါ ဆုံးရှုံးမှုများလည်း သက်သာမည်ဖြစ်သောကြောင့်ပင်ဖြစ်သည်။ ယင်းရည်ရွယ်ချက်နှင့် ၁၆၁၉ ခုနှစ်တွင် ဗာဂျီးနီးယားကုမ္ပဏီသည် အမေရိကၨ ပထမဦးဆုံးကိုယ်စားလှယ် များနှင့် ဖွဲ့စည်းသည့် လွှတ်တော်ကိုဇာတ်ထောင်ခွင့်ပြုခဲ့သည်။ ယင်းနောက် အမြတ်အခွန်မရသဖြင့် အင်္ဂလန်ဘုရင်ကအမျက်ထွက်ကာ ကုမ္ပဏီကိုသိမ်းယူ

ဘုရင်ပိုင်လုပ်ခဲ့ပြီးနောက် နောက်ပိုင်းတွင်လည်း ယင်းလွှတ်တော်သည် ဆက်ပြီးရှိနေခဲ့သည်။

ဗာဂျီးနီးယားလွှတ်တော်သည် လွှတ်တော်နှစ်ရပ်နှင့် ဖွဲ့စည်းထားပြီး အထက်လွှတ်တော်တွင် ဒေသန္တရအုပ်ချုပ်ရေးမှူးနှင့် ကိုယ်စားလှယ်ခြောက် ဦးပါဝင်ပေသည်။ အားလုံးကို ဘုရင်ကရွေးချယ်ခန့်ထားခြင်းဖြစ်ပြီး သူတို့ သည်လက်တွေ့အားဖြင့် ကိုလိုနီနယ်မြေအုပ်ချုပ်ခွင့်ကို ချုပ်ကိုင်ထားကြသည်။ တစ်ဖက်တွင် အောက်လွှတ်တော်ကို ဗာဂျီးနီးယား၏နယ် တစ်နယ်ကနေ ရွေးချယ်ခံကိုယ်စားလှယ်နှစ်ဦးစီနှင့် ဖွဲ့စည်းထားသည်။ အောက်လွှတ်တော် သည်အားနည်းသော်လည်း လူအများ၏အကျိုးစီးပွားကို လူနည်းစု အုပ်ချုပ်သူများ၏အာဏာစက်မှ ကာကွယ်ရန်ဆိုသည့် တာဝန်ကို အတော်အတန် ထမ်းဆောင်ခဲ့သည်။ ယင်းသည် ရှေ့ပြေးနမူနာဖြစ်လာခဲ့ပြီး အမေရိကန် အတ္တလန်တိတ်ဘက်ခြမ်း အင်္ဂလိပ်ကိုလိုနီနယ်မြေတွင် တစ်ခုပြီးတစ်ခု ကိုယ်စားလှယ်စနစ်များကျင့်သုံးလာပြီး (၁၇) ရာစုကုန်ကာနီးတွင် ကွဲလွဲမှု အနည်းငယ်ရှိခဲ့သော်လည်း အများအားဖြင့်တူညီသည့် ပြည်သူ့လွှတ်တော် ရှိလာခဲ့သည်။

ဤသို့ဖြင့် အမေရိကန်တွင် ဒီမိုကရေစီမျိုးစေ့အပင်ပေါက်လာခဲ့သည်မှာ အစပိုင်းတွင် ပြည်သူများအတွက် ရည်ရွယ်ခဲ့ခြင်းမဟုတ်ဘဲ အုပ်ချုပ်သူများ၏ အကျိုးစီးပွားအတွက် အကွက်ချသည့်ရည်ရွယ်ချက်မှ စတင်ခဲ့ခြင်းဖြစ်သည်။ မည်သို့သော ရည်ရွယ်ချက်ရှိစေကာမူ တစ်ကြိမ်တစ်ခါ ဒီမိုကရေစီအပင် ပေါက်လာပြီဆိုပါက ယင်းအပင်သည် နှင်းခဲမြုပ်နှံမှုများကြောင့် အေးစက် ကြမ်းတမ်းလွန်းသည့်ရာသီများကို အန်တုပြီးရှင်သန်ကြီးထွားခဲ့သည်။

ယင်းအချိန်က အမေရိကကို ပြောင်းရွှေ့နေထိုင်ရန်သွားကြသည့် သူများထဲတွင် အင်္ဂလန်ပြည်မကြီးတွင် ဘာသာရေးဖိနှိပ်ချုပ်ချယ်သူများ ကြောင့် တိမ်းရှောင်ပြီး နယ်မြေသစ်တွင် ဘာသာရေးလွတ်လပ်မှုကိုမျှော်လင့်ခဲ့ ကြသည့် ပရိုတက်စတင့် ဘာသာရေးကိုးကွယ်သူများ (ပျူရစ်တန်) များစွာ ပါဝင်ခဲ့ကြသည်။ ၎င်းတို့က ဘာသာရေးလွတ်လပ်ခွင့်သည် နိုင်ငံရေး လွတ်လပ်ခွင့်နှင့် သီးခြားခွဲထား၍ မရဟုယုံကြည်ကြပြီး ပြင်းထန်သည့် ယုံကြည်ချက်များ၊ တော်လှန်သည့်စိတ်ဓာတ်များဖြင့် မတရားဖိနှိပ်

ခြေလှမ်းမှုများမရှိသည့် နယ်မြေသစ်တွင် ၄၄းတို့မျော်လင့်သည့် နိုင်ငံရေးလူ့ဘောင်တစ်ခုကို တည်ထောင်ရန်ကြိုးပမ်းခဲ့ကြသည်။

ယင်းအထဲမှ "မေဖလားဝါး" ဆိုသည့် သင်္ဘောကိုစီးပြီး အမေရိကကို ရောက်လာခဲ့သည့်အုပ်စုသည် ၁၆၂၀ ပြည့်နှစ် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ဝေးကွာသောနယ်မြေမှ နယ်မြေသစ်ကို မျှော်မှန်းရင်း တစ်ဦးချင်းစီ၏ ခံယူချက်များ၊ ကတိကဝတ်ပြုမှုများနှင့် လွတ်လပ်သည့် နိုင်ငံရေးအဖွဲ့အစည်းကိုထူထောင်မည်ဟု သစ္စာပြုခဲ့ကြခြင်းသည် နောင်အခါ၌ အမေရိကန်လွတ်လပ်ရေးရရန် အတွေးအခေါ်၏ ရှေးပြေးဖြစ်လာခဲ့ပေသည်။ ပြည်မကြီး၏ အုပ်ချုပ်သူများက သူတို့၏အကျိုးစီးပွားအတွက် မျိုးစေ့ချခဲ့သည့် ဒီမိုကရေစီအပင်ပေါက်ကလေးသည် ယခုကဲ့သို့သော စိတ်ဓာတ်၊ အတွေးအခေါ်များ၏ အားဖြည့်ပျိုးထောင်မှုများကြောင့် တဖြည်းဖြည်းနက်နက်ရှိုင်းရှိုင်း အမြစ်တွယ်လာခြင်းဖြစ်သည်။

ဤသို့ဖြင့် နယ်မြေသစ်၏နယ်ပယ်အမျိုးမျိုးတွင် ဒီမိုကရေစီရှင်သန်လာသည်နှင့်အမျှ ပြည်မကအုပ်ချုပ်သူများ၊ အထူးသဖြင့် အင်္ဂလန်ဘုရင်နှင့် အကြား ပြင်းထန်သည့်ထိပ်တိုက်တွေ့မှုများ များလာသည်မှာ အဆန်းမဟုတ်ပေ။ ကိုလိုနီနယ်မြေလူများက မိမိတို့၏ယုံကြည်ချက်အတိုင်း ကိစ္စအဝဝကို စီမံလုပ်ကိုင်ကြ၊ ဘဝကိုတည်ဆောက်ရန်လုပ်ဆောင်နေကြသည့်အပေါ် အုပ်ချုပ်သူများက ဖိနှိပ်ချုပ်ခြယ်ရန်ကြိုးစားခဲ့ရာမှ ထွက်ပေါ်လာသည့် ရလဒ်မှာ လက်နက်ကိုင်ပြီးလွတ်လပ်ခွင့်ကို ကာကွယ်သည့်တိုက်ပွဲကြီးပေါ် ပေါက်လာခြင်းပင်ဖြစ်ပေသည်။ **"လွတ်လပ်မှုကိုပေး၊ မပေးရင်သတ်လိုက်"** ဟု ကြွေးကြော်ခဲ့သည့် ပက်ထရစ်ဟင်နရီ၏စကားလုံးသည် တိုက်ပွဲဝင်သူများ၏ ခံစားချက်များနှင့် တက်ကြွနေသည့်ရည်မှန်းချက်ကို ကောင်းကောင်း ထင်ဟပ်ပြနေပေသည်။

ယင်းနှင့် တစ်ပြိုင်တည်း ကိုလိုနီနယ်မြေလူသည့် လူများ၏ အကြားတွင်လည်း သဘောထားကွဲလွဲမှုများစွာရှိခဲ့သည်။ ကုန်သည်များနှင့် လယ်သမားများအကြား အငြင်းပွားမှုများရှိသကဲ့သို့မြို့ပြနှင့် ကျေးလက်အကြား အကျိုးစီးပွားဆိုင်ရာ အငြင်းပွားမှုများရှိခဲ့ပေသည်။ ကိုလိုနီနယ်မြေ

အုပ်ချုပ်သူ အသီးသီးကြားတွင်လည်း အာဃာတအညိုးအတေးထားမှုများနှင့် အားပြိုင်မှုများရှိခဲ့သည်။ သို့သော်လည်း အရာရာထက်ပြည်မကြီးကနိုင်ငံရေး၊ စီးပွားရေးဖိနှိပ်ချုပ်ခြယ်မှုများကို မဖြစ်မနေတော်လှန်ဆန့်ကျင်ရမည်ဆိုသည့် စိတ်ဓာတ်သည် သဘောကွဲလွဲနေကြသည့် သူများကို စည်းလုံးစေပြီး ကိုလိုနီနယ်မြေများကို ညီညွတ်စေခဲ့သည်။ ယင်းအင်အားများသည် တစ်ခုတည်းသော စစ်မျက်နှာအတွက် ပေါင်းစည်းခဲ့ကြသည်။ ဤသို့ဖြင့် လွတ်လပ်ရေးအတွက် ကြီးမားသည့်စစ်ပွဲကြီးဖြစ်လာခဲ့သည်။ ဤသို့လူများသည် မိမိတို့၏ရပ်တည်ချက်ကို ပြည်သူများနှင့် တစ်ကမ္ဘာလုံးကို ရှင်းရှင်းလင်းလင်းပြသနိုင်ရန် ဖီလာဒဲလ်ဖီးယားကို ကိုယ်စားလှယ်များစေလွှတ်ခဲ့သည်။ တစ်ခုတည်းသော ကြေညာချက်ကို ရေးသားထုတ်ပြန်ရန်တာဝန်ပေးခဲ့သည်။ ယင်းမှာ ကမ္ဘာ့သမိုင်းတွင် နာမည်ကျော်ကြားသည့် "လွတ်လပ်ရေးကြေညာစာတမ်း" ဖြစ်ပေသည်။

၁၇၇၆ ခုနှစ် လွတ်လပ်ရေးကြေညာစာတမ်းတွင် လက်မှတ်ရေးထိုးကြသည့်သူများသည် ကိုလိုနီနယ်မြေမှ ပြည်သူအားလုံး၏ ကိုယ်စားလှယ်များဖြစ်သည်ဟု ယတိပြတ်ပြော၍မရပေ။ ကိုလိုနီနယ်များမှာ အစပိုင်းနေထိုင်သူအများစုသည် လယ်သမားများဖြစ်သော်လည်း လက်မှတ်ရေးထိုးသည့် ကိုယ်စားလှယ်အားလုံးနီးပါးသည် မြို့ပြမှလူများဖြစ်ခဲ့ပြီး ဥပဒေပညာရှင်များ၊ ကုန်သည်များပါဝင်ကြသည်။ သို့ရာတွင် လက်တွေ့၌ ယင်းကြေညာစာတမ်းကို ရေးခဲ့သည့် သောမတ်စ်ဂျက်ဖာဆင်သည် ကျေးလက်ဒေသမှလူများအတွက် ကြိုးပမ်းလုပ်ဆောင်လာသည့် အတွေးအမြင်ပဓာနဝါဒီတစ်ယောက်ဖြစ်ပြီး လက်မှတ်ရေးထိုးသူ ၅၆ ဦးထဲမှအများစုက ယင်းကြေညာစာတမ်းသည် စိတ်ကူးယဉ်ဆန်လွန်းသည်ဟု မှတ်ယူခဲ့ကြသည်အထိပင်ဖြစ်သည်။ ကြေညာစာတမ်းသည် အားမာန်အပြည့်ပါပြီး အမေရိကန်နိုင်ငံတည်ထောင်ရန် အတွေးအခေါ်ကို ပြတ်ပြတ်သားသားပြသနေရုံသာမက ဒီမိုကရေစီ၏စံညွှန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဖွင့်ဆိုရင်း ပဒေသရာဇ်အုပ်ချုပ်ရေး၊ အာဏာရှင်အုပ်ချုပ်ရေးများကို မဖြစ်မနေဖယ်ရှားရမည်ဆိုသည့် သဘောထားကိုရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသားဖော်ပြထားပေသည်။ အထူးသဖြင့် ကျော်ကြားသည့်စာပိုဒ်တွင် ယခုကဲ့သို့ ရေးသားထားရှိသည်-

"ကျွန်ုပ်တို့သည် ဆက်လက်ဖော်ပြမည့်အမှန်တရားကို မိမိတို့ကိုယ်တိုင် ယုံကြည်ကျင့်သုံးပါမည်။ ထိုသည်မှ လူသားအားလုံးကို တန်းတူညီမျှဖန်ဆင်းထားခြင်းဖြစ်ပြီး ထာဝရဘုရားသခင်ထံမှ တစ်ပြေးညီသော၊ အခြားသူတစ်ဦးတစ်ယောက်ထံမည်သို့မျှ လွှဲပြောင်းပေး၍မရသော အခွင့်အရေးများကို ရရှိထားသည်။ ထိုအထဲတွင် အသက်၊ လွတ်လပ်မှုနှင့် သာယာဝပြောမှုကို ရှာကြံခွင့်တို့ပါဝင်သည်။ အစိုးရဟူသည်မှာ ထိုအခွင့်အရေးများကို ကာကွယ်ပေးရန်လူသားများအကြား ဖွဲ့စည်းထားသောအရာသာဖြစ်ပြီး အစိုးရတွင် ရှိသော မှန်ကန်သည့်အာဏာသည် အုပ်ချုပ်ခံများ၏ သဘောတူညီမှုကို အခြေခံထားလေသည်။ မည်သည့်ပုံစံအစိုးရပင်ဖြစ်စေ ထိုအစိုးရသည် ဖော်ပြခဲ့သော ရည်ရွယ်ချက်များကို ဖျက်ဆီးရန်လုပ်ဆောင်လာသည့်အခါ ပြည်သူများသည် ထိုအစိုးရကိုပြောင်းလဲခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း ပြုလုပ်ပြီး မိမိတို့၏လုံခြုံရေးနှင့် သာယာဝပြောရေးအကောင်အထည်ဖော်ရန် အသင့်တော်ဆုံးဟုယူဆရသော၊ ထိုအတွေးအခေါ်ကို အခြေခံရပ်တည်ကာ ထိုကဲ့သို့ အသွင်ဆောင်သော အာဏာကျင့်သုံးသည့် အဖွဲ့အစည်းဖြစ်သော အစိုးရကိုထူထောင်နိုင်သည့် အခွင့်အရေးရှိသည်"။

အကောင်းဆုံးသဘောတရားများကို ကိုင်စွဲရင်းစတင်ခဲ့သည့် လွတ်လပ်ရေးစစ်ပွဲသည် နောက်ဆုံး၌ ကိုလိုနီနယ်မြေများတွင် အောင်ပွဲခံခဲ့ပေသည်။ အမေရိကန်အရှေ့ပိုင်းက ပြည်နယ် (၁၃) ခုသည် အင်္ဂလန်ပြည်မကြီး၏ လက်အောက်မှ လုံးလုံးလျားလျားလွတ်မြောက်ခဲ့ပြီး ကျက်သရေအပေါင်းနှင့် ပြည့်စုံသည့်လွတ်လပ်ရေးကို ရခဲ့ပေသည်။ ဗဟိုအစိုးရဖွဲ့စည်းပုံ၊ သမ္မတ၊ လွှတ်တော်များနှင့် တရားရုံးချုပ်၏ အခွင့်အာဏာများကို သတ်မှတ်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြဋ္ဌာန်းခဲ့သည်။ ထို့နောက် ကာလကြာမြင့်စွာ ဆင်းရဲဒုက္ခရောက်ခဲ့ရသည့်စစ်ပွဲကြီးကို အောင်မြင်အောင်ခေါင်းဆောင်ခဲ့ပြီး ပြည်တွင်းမှာရော ပြည်ပကပါလေးစားခံရသည့် ဂျော့ဝါရှင်တန်သည် အသစ်ထူထောင်လိုက်သည့် အမေရိကန်ပြည်ထောင်စု၏ ပထမဆုံးသမ္မတအဖြစ် အရွေးချယ်ခံခဲ့ရသည်။

သို့သော်လည်း အမေရိကန်သည် ဒီမိုကရေစီ၏အခြေခံသဘောတရားများကို နိုင်ငံထူထောင်ရေးအတွေးအခေါ်အဖြစ် ကြွေးကြော်ခဲ့ခြင်း

ကြောင့် မူလကတည်းက ဒီမိုကရေစီကို အဆင့်မြင့်မြင့်ပြည့်ပြည့်ဝဝကျင့်သုံးခဲ့သည်ဟုထင်ပါက မှားမည်သာဖြစ်သည်။ လွတ်လပ်ရေး ကြေညာစာတမ်းပါ ဒီမိုကရေစီအခြေခံသဘောတရားကို မြင့်မြင့်မားမားရေးသားထားသော်လည်း ပေါ်ပေါက်လာသည့် အမေရိကန်ပြည်ထောင်စု၏ နိုင်ငံရေးတွင် တကယ်တမ်း ဒီမိုကရေစီနည်းကျကျလုပ်ဆောင်လာသည့် အနေအထားရောက်ရန်မှာလည်း ပြည်သူလူထု၏ကြီးမားသည့် ကြိုးပမ်းအားထုတ်မှုများ အချိန်ကာလကြာမြင့်စွာလိုအပ်ပေသည်။ ယင်းကြိုးပမ်းအားထုတ်မှုသည် ယနေ့အချိန်ပင် မပြီးဆုံးသေးဘဲ ဆက်လက်ရှိနေဆဲပင်ဖြစ်သည်။

အမေရိကန်လွတ်တော်သည် အစပိုင်းတွင် လူကုံထံများသက်သက်နှင့်ဖွဲ့စည်းခဲ့သည်။ လွှတ်တော်အမတ်များသည် မိမိတို့၏စည်းစိမ်ဥစ္စာကို ကာကွယ်ရန် အဓိကဦးစားပေးကြပြီး သူတို့၏စီးပွားရေးလုပ်ငန်းကို ချဲ့ထွင်ရန် အသာစီးရရေးကိုလိုလားခဲ့ကြသည်။ ယင်းတို့သည် ဒီမိုကရေစီကို မယုံကြည်ကြဘဲအမှန်အတိုင်းဆိုရပါက ဒီမိုကရေစီပိုပြီး ထွန်းကားလာမည်ကို စိုးရိမ်ခဲ့ကြသည်။

ဤသို့ဖြင့် နိုင်ငံရေး၏အခြေခံဦးတည်ချက်သည် စည်းစိမ်ဥစ္စာကို ကာကွယ်ပြီး အခွင့်ထူးခံလူတန်းစားများက သူတို့၏အခွင့်အရေးများကို ဆက်လက်ရရှိစေရန် ဖြစ်သည်ဟုယူဆခဲ့ကြသည်။ သောမတ်(စ်)ဂျက်ဖာဆင်ရေးခဲ့သည် လွတ်လပ်ရေးကြေညာစာတမ်းသည် လူအများ၏သာတူညီမျှမှုနှင့် လူ့အခွင့်အရေးစောင့်ရှောက်ကာကွယ်ရေးကို အထူးအလေးပေးထားသော်လည်း ယင်းသည် စာရွက်စာတမ်းပေါ် တွင်သာရေးထားသည့် စကားလုံးသက်သက်ဟူ၍ ယူဆသည့်သူများ များစွာရှိနေသေးသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "ကျွန်ုပ်တို့ပြည်ထောင်စုနိုင်ငံသားများသည်" ဆိုသည့် စကားလုံးနှင့် စဖွင့်ထားသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့သူများ အဓိကဦးစားပေးခဲ့ကြသည်က နိုင်ငံသားအားလုံး၏ အကျိုးစီးပွားမဟုတ်ခဲ့ပေ၊ မဲပေးပိုင်ခွင့်ကို အစပိုင်းတွင် နိုင်ငံသားအားလုံး၏(၈ ပုံ၊ ၁ ပုံ) ကိုသာပေးထားသဖြင့် ယင်းသည် ပြည်သူတစ်ရပ်လုံး၏ဆန္ဒများကို ကိုယ်စားပြုသည်ဟု မပြောနိုင်ပေ၊ ပြည်သူများ အကြားတွင် နိုင်ငံရေးလုပ်ဆောင်မှု

များ၏ပါဝင်နိုင်ခွင့်ကို တပြေးညီရရှိစေရန် ချဲ့ထွင်သွားရန်လှုပ်ရှားမှုများ ပေါ်ပေါက်လာခြင်းသည် အထွေအထူးပြောနေစရာမလိုပေ။

လှုပ်ရှားမှုနှစ်ခုအား နောက်ပိုင်းတွင် ပါတီနှစ်ဖွဲ့က အသီးသီး ကိုယ်စားပြုလာကြသည်။ တစ်ဖွဲ့က ဓနရှင်လူတန်းစား၏အကျိုးစီးပွားကို ကိုယ်စားပြုပြီး၊ ငွေရှင်ကြေးရှင် များ၏အခွင့်အရေးများကို ကာကွယ်ပေးရန် ဗဟိုအစိုးရ၏အင်အားကို တောင့်တင်းအောင် လုပ်ခြင်းဖြစ်ပြီး၊ **ဖယ်ဒရယ်ပါတီ**ဟု ခေါ်ပေသည်။ နောက်ပါတီတစ်ဖွဲ့မှာ ဗဟိုအစိုးရ၏ အင်အားတောင့်တင်းမှုကို များစွာမလိုလားဘဲ နိုင်ငံရေးအခွင့်အာဏာများက လူနည်းစုငွေရှင်ကြေးရှင်ဝင်များလက်၌ စုပုံနေခြင်းကိုဆန့်ကျင်သည့် **ရီပတ်ဘလစ်ကန်ပါတီ** ဖြစ်သည်။

အစပိုင်းတွင် ရီပတ်ဘလစ်ကန်ပါတီကို ဦးဆောင်သူသည် သောမတ်စ် ဂျက်ဖာဆင်ဖြစ်သော်လည်း ယင်းပါတီသည် တဖြည်းဖြည်း အားကောင်းလာပြီး ဖယ်ဒရယ်လစ်ပါတီမှေးမှိန် ပျောက်ကွယ်သွားသည်အထိ ကြီးထွားခဲ့သည်။ ရီပတ်ဘလစ်ကန်ပါတီသည် အုပ်စုနှစ်စုကွဲလာခဲ့သည်။ တစ်စုက ကုန်သွယ်လုပ်ငန်းနှင့် ပတ်သက်ဆက်နွယ်နေသူများဖြစ်ပြီး၊ ရီပတ်ဘလစ်ကန် ပါတီထဲတွင် ဗဟိုကအာဏာချုပ်ကိုင်မှုကိုလိုလားသည့် သဘောထားပြင်းပြသည်။ နောက်တစ်ခုမှာ အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့် အနောက်ပိုင်းနယ်မြေချဲ့ထွင်ရေးလုပ်ငန်းများမှာ စိတ်ပါဝင်စားသည့်သူများဖြစ်ပြီး ပြည်နယ်အသီးသီးလက်ထဲအာဏာခွဲဝေမှုကို ထောက်ခံကြသည်။ ပထမအုပ်စုသည် နဂိုအတိုင်းရီပတ်ဘလစ်ကန်ဟု သုံးစွဲပြီး နောက်အုပ်စုက ဒီမိုကရစ်တစ်ပါတီဟု ခေါ်တွင်လာကြသည်။ ယင်းအုပ်စုများကြီးထွားလာပြီး ယနေ့ခေတ် အမေရိကန်နိုင်ငံရေးနယ်ပယ်တွင် နှစ်ခုကွဲနေသည့် ပါတီနှစ်ခုဟူ၍ ဖြစ်လာခဲ့ပေသည်။

နိုင်ငံရေးဘက်က လှုပ်ရှားမှုများနှင့် အတူမဲပေးခွင့်ရှိသူ အဝန်းအဝိုင်း ပိုမိုကျယ်ပြန့်လာပြီး မဲပေးခွင့်ကန့်သတ်ချက်အနေဖြင့် စည်းစိမ်ဥစ္စာပိုင်ဆိုင် မှုရှိရမည်ဆိုသည်မှာ မှေးမှိန်လာသည်။ နောက်ပိုင်းတွင် ယင်းစနစ်သည် လုံးဝပျောက်ကွယ်သွားသည်။ ယင်းနောက် လူမျိုးအလိုက်၊ ကျား၊ မ အလိုက် မဲပေးပိုင်ခွင့်အပေါ် ခွဲခြားထားမှုသည်လည်း တဖြည်းဖြည်းဖယ်ရှားလိုက်ပြီး

တကယ်စစ်မှန်သည့် ဒီမိုကရေစီအစိုးရပေါ်ပေါက်လာရန် နီးစပ်လာခဲ့ပေသည်။ ယင်းကဲ့သို့ မဲဆန္ဒရှင်အသစ်များ၏အများစုသည် ဒီမိုကရက်တစ်ပါတီတွင် ပါဝင်နေကြသဖြင့် ဒီမိုကရက်တစ်ပါတီအင်အားသည် ပိုမိုခိုင်မာလာပြီး ၁၈၂၈ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် သမ္မတလောင်းအင်ဒရူးဂျက်ဆင် အရွေးခံခဲ့ရသည်။ ယင်းသည် ဒီမိုကရက်တစ်ပါတီအင်အားက ကြီးမားသည်ဟုဆိုရန်သည်ဆိုခြင်းကို ပထမဦးဆုံး သက်သေပြလိုက်သည်ဆိုသည့် သဘောဖြစ်သဖြင့် အမေရိကန်နိုင်ငံရေးသမိုင်းကြောင်းတွင် ခေတ်စာမျက်နှာသစ်တစ်ခုကို ဖွင့်လှစ်လိုက်သည့် ဖြစ်ရပ်တစ်ခုပင်ဖြစ်သည်။

ဒီမိုကရက်တစ်ပါတီသည် အဓိကအားဖြင့် အနောက်ပိုင်းနယ်မြေခဲ့ထွင်ရေးနှင့်ပတ်သက်ပြီး အကျိုးစီးပွားအားဖြင့် ဆက်နွယ်နေသည့် သူများ၏ထောက်ခံမှုကို ရရှိခဲ့သော်လည်း အနောက်ပိုင်းနယ်မြေခဲ့ထွင်ရေးဆိုခြင်းသည် ကုန်းတွင်းပိုင်းဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တဖြည်းဖြည်းနယ်သစ်ဖော်ခြင်းက အနောက်အရပ်ဆီသို့ ဦးတည်ပြီးရွှေ့သွားသည်ကို ဆိုလိုပေသည်။ အနောက်ပိုင်းနယ်မြေသည် ရှိရှိသမျှအလုပ်လက်မဲ့ပြဿနာများ၊ လူမှုဝန်းကျင်၏စိုးရိမ်မှုများကို ပြေလည်အောင်လုပ်ပေးသည့် ဘေးအန္တရာယ်တားဆီးရေးအသွင်ဆောင်နေပြီး ဥရောပနှင့် အခြားနယ်များကတစ်သုတ်ပြီးတစ်သုတ်ဆိုသလို အခြေချနေထိုင်ရန်ရောက်လာသည့်လူများကိုပင် နေရာချထားနိုင်သည့် အိမ်မက်နိုင်ငံကြီးဖြစ်သည်။ သို့ရာတွင် နောက်ပိုင်းနယ်မြေဖွံ့ဖြိုးတိုးတက်မှုအလားအလာသည်လည်း အကန့်အသတ်မဲ့ရှိနေခြင်းမျိုးမဟုတ်ပေ၊ နောက်ဆုံးအနောက်ပိုင်းကို ရွှေ့သွားသည့်အရှိန်ရပ်သွားပြီး အမေရိကသည် နောက်ထပ်တစ်ကြိမ် နိုင်ငံရေးနှင့် စီးပွားရေးဆက်စပ်ပုံကို ပြောင်းလဲပြင်ဆင်ရန်မဖြစ်မနေလုပ်ရမည့် ကာလကိုရောက်လာခဲ့ပေသည်။

အဘယ့်ကြောင့်ဆိုသော် စီးပွားရေးလုပ်ငန်းများစည်ပင်လာပြီး ငွေပင်ငွေရင်းများက တစ်နေရာတည်းမှာ စုပြုံလာသည့်အခါ ကြီးမားသော စီးပွားရေးလုပ်ငန်းများဖြစ်လာသည်။ ပိုက်ဆံမရှိသည့်သူများများလာသည်။ အလုပ်လက်မဲ့များများစားပေါ်ပေါက်လာသည့်တိုင် အနောက်ပိုင်းနယ်မြေတွင် လူများအလုပ်ရရန်နေရာလပ်ရှိသည့်အချိန်တွင် ပြဿနာကြီးမားစွာ

မရှိသော်လည်း နယ်မြေခွဲ့ထွင်ရာတွင် ယခင်ကဲ့သို့အလုပ်ပေးနိုင်သည့် အနေအထားမရှိတော့သည့်အခါ လူမှုပတ်ဝန်းကျင်ဆိုသည့် ပြဿနာသည် နိုင်ငံရေးအရ ပြုပြင်ပြောင်းလဲမှုအသစ်များလုပ်ဆောင်ပြီး ဖြေရှင်းမှုရနိုင်မည့် အနေအထားကိုရောက်လာခဲ့သည်။ ၁၈၉၀ ပြည့်ခုနှစ်ခန့်ကစ၍ ကျန်ရှိနေသေးသည့် ဓနရှင်စီးပွားရေးပုံစံကိုဖယ်ရှားပြီး ယခင်ကထက်ပို၍ ဒီမိုကရေစီကျသည့် နိုင်ငံရေးကိုဖော်ဆောင်ပြီး ပြည်သူလူထု၏အခွင့်အရေးများကို ပိုပြီးခွဲ့ထွင်နိုင်ရန်ရည်ရွယ်သည့် ပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှုစတင်ပေါ်ပေါက်လာခဲ့သည်။

ပထမကမ္ဘာစစ်ဖြစ်ပွားသည့်အချိန်တွင် သမ္မတဝဲလ်ဆင်က ပြုပြင်ပြောင်းလဲရေးဝါဒအရ နိုင်ငံရေးလမ်းစဉ်သစ်ကို အကောင်အထည်ဖော်ခဲ့သည်။ ဒုတိယကမ္ဘာစစ်မတိုင်မီအချိန်တွင် သမ္မတရုစဘဲကမူဝါဒသစ်အမျိုးမျိုးကို ချမှတ်လုပ်ဆောင်ခဲ့သည်။ ဤသို့ဖြင့် နိုင်ငံတစ်နိုင်ငံဖြစ်သော အမေရိကန်၏ဒီမိုကရေစီသည် အလျဉ်မပြတ်တိုးတက်လာခဲ့သည်။ ယခုအချိန်တွင်လည်း တိုးတက်ပြောင်းလဲနေဆဲဖြစ်ပြီး ရှေ့ဆက်ပြီးလည်း တိုးတက်လာ မည်မှာမလွဲပေ။ တစ်ခုတည်းသော ရည်မှန်းချက်ပန်းတိုင်ကို ဦးတည်ပြီး ပြည်သူများက ပြည်သူများနှင့် ပြည်သူများအတွက် နိုင်ငံရေးကို လက်တွေ့အကောင်အထည်ဖော်ရန် ဖြစ်ပေသည်။

ပြင်သစ်တွင် ဒီမိုကရေစီပေါ်ပေါက်လာခြင်း

ဥရောပတိုက်တွင် ဒီမိုကရေစီခေတ်ကိုရောက်လာစေသည့် ပြင်သစ်တော်လှန်ရေးဖြစ်စဉ်ကို အကျဉ်းချုပ်၍လေ့လာကြရန်ဖြစ်သည်။

တော်လှန်ရေးမတိုင်မီ ပြင်သစ်တွင် ဆွေစဉ်မျိုးဆက်ဘုရင်များဟိုပြုသည့် မင်းမျိုးမင်းနွယ်များ၊ ခရစ်ယာန်ဘုန်းတော်ကြီးများ. . . စသည့် အခွင့်ထူးခံလူတန်းစားရှိနေပြီး နိုင်ငံရေးအာဏာကို ချုပ်ကိုင်ထားကြသည်။ ယင်းအခွင့်ထူးခံလူတန်းစားများသည် နယ်များတွင်ကျယ်ပြန့်သည့် မြေယာများကို ပိုင်ဆိုင်သူများဖြစ်ကြပြီး နိုင်ငံရေးအာဏာနှင့်တကွ လူ့ဘောင်လောကဏ္ဍ ကြွယ်ဝမှုအားလုံးကို မောင်ပိုင်စီးထားကြသည်။ ကျေးလက်နေလယ်သမားများသာမက မြို့ပြတွင် စီးပွားရေးလုပ်ကိုင်နေ

ကြသည့် မြို့နေလူတန်းစားများလည်း အုပ်ချုပ်သူလူတန်းစားများအဖြစ် ရှိနေသည့်အချိန်ကာလကို ကြာမြင့်စွာနေလာခဲ့ကြသည်။

သို့ရာတွင် အရောင်းအဝယ်နှင့် ကုန်ထုတ်လုပ်ငန်းများထွန်းကားလာသည်နှင့် အမျှ မြို့နေလူတန်းစားများ၏ စည်းစိမ်ဥစ္စာများလည်း တဖြည်းဖြည်းတိုးပွားလာပြီး လူမှုဝန်းကျင်တွင် သြဇာသက်ရောက်မှု ကျယ်ပြန့်လာခဲ့သည်။ အစိုးရ၏ခွင့်ပြုချက်ကိုရယူပြီး အစိုးရ၏လုပ်ငန်းများကို ကိုယ်စားပြုလုပ်ကိုင်ရင်း နိုင်ငံ၏ဘဏ္ဍာရေးကို ထောက်ပံ့ခဲ့ခြင်းမှာ ကုန်သည်များ၊ ဘဏ်လုပ်ငန်းရှင်များဖြစ်ကြသည်။ ဤသို့လုပ်ခဲ့သော်လည်း အုပ်ချုပ်သူလူတန်းစားများသည် ယခင်အတိုင်းပင် သုံးဖြုန်းပျော်ပါးခဲ့သဖြင့် နိုင်ငံ၏ဘဏ္ဍာရေးသည် ကျပ်တည်းလာခဲ့သည်။ ယင်းအထဲတွင် အခွန်အကောက် ကင်းလွတ်ခွင့်ဆိုသည့် အခွင့်ထူးခံကိုရထားကြသည်။ ဤသို့သောကာလသည် အချိန်ကြာမြင့်စွာတည်မြဲမှုမရှိပေ။ ယင်းအနေအထားအပေါ် ပြည်သူများ၏အမျက်ဒေါသများ ပိုမိုပြင်းထန်လာပြီး တဖြည်းဖြည်းပေါက်ကွဲမှတ်အနီးသို့ ရောက်လာခြင်းသည် သဘာဝကျသည်ဟုဆိုရပေမည်။

ယင်းအချိန်တွင် ပြင်သစ်နိုင်ငံ၌ ဒီမိုကရေစီအတွေးအခေါ်သည် အတော်ပင်ကျယ်ပြန့်လာခဲ့သည်။ **မွန်တက်စ်ကျူး(Charies-Louis de Montesquieu)ဆိုသည့် ပညာရှင်က ၁၇၄၈ ခုနှစ်တွင် "ဥပဒေ၏ စိတ်ဓာတ်" (The sprit of the laws) ဆိုသည့် ကျမ်းကိုပြုစုခဲ့ပြီး၊ ပဒေသရာဇ် အာဏာချုပ်ကိုင်မှုကြောင့် ပြည်သူများဆင်းရဲဒုက္ခရောက်ရခြင်းမှ ကာကွယ်ရန်အတွက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာသုံးရပ်ကို သီးသန့်အဖွဲ့အစည်းများကို ခွဲဝေအပ်နှင်းထားခြင်းသည် ကောင်းမွန်ကြောင်းရေးသားခဲ့သည်။** ထို့ပြင် ဆွစ်ဇာလန်ဇာတိဖြစ်ပြီး ပြင်သစ်တွင် နေထိုင်လှုပ်ရှားခဲ့သည့် ဒီမိုကရေစီအတွေးအခေါ်ပညာရှင်ရူဆိုး(Jean-Jacques Rousseau)က ၁၇၆၂ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် နာမည်ကျော် "လူ့ဘောင်အဖွဲ့အစည်းသဘောတူစာချုပ်အဆို"(Of the social contract, or Principles of Political Right)ဆိုသည့်အထဲတွင် "မည်သည့်နိုင်ငံတွင်မဆို အချုပ်အခြာအာဏာသည် ပြည်သူလူထုထံတွင်ရှိရမည်ဖြစ်၍ ပြည်သူအများ၏ဆန္ဒနှင့် ရေးသားထားသည့် ဥပဒေကိုအစိုးရ၏အလုံးစုံသော အခြေခံအဖြစ်ထားရမည်"ဟုဆိုထားသည်။

ယင်းအတွေးအခေါ်များက တဖြည်းဖြည်းပညာတတ်လူတန်းစားထဲတွင် ပျံ့နှံ့လာသည်နှင့်အမျှ ပဒေသရာဇ်နိုင်ငံရေး၏ မတရားမှုများ တဖြည်းဖြည်းနှင့် ဘူးပေါ်သလိုပေါ်လာပြီး တော်လှန်ရေးအတွက် အစစ ရေကန်အသင့်၊ ကြာအသင့်အနေအထား ဖြစ်လာခဲ့သည်။

၁၈ ရာစုအချိန်ကုန်ကာနီးတွင် ဘဏ္ဍာရေးအကျပ်အတည်းကြောင့် ပိုပြီး အခက်အခဲတွေ့လာသည့် ဘော်ဘွန်းမင်းဆက်၏ လူဝီ(၁၆)ဘုရင်သည် ၁၇၈၉ ခုနှစ်တွင် မင်းမျိုးမင်းနွယ်၊ ဘုန်းကြီးများနှင့် ပြည်သူများကို ကိုယ်စားပြုသည့် လွှတ်တော်သုံးရပ်နှင့် ဖွဲ့စည်းထားသော လူတန်းစားညီလာခံကြီးကိုကျင်းပပြီး ဘဏ္ဍာရေးအကျပ်အတည်းကနေ ရုန်းထွက်ရန် ကြိုးစားခဲ့သည်။ သို့ရာတွင် မင်းမျိုးမင်းနွယ်၊ ဘုန်းကြီးများ၏ ကိုယ်စားလှယ်များနှင့် ပြည်သူ့ကိုယ်စားလှယ်များအကြား အပြင်းအထန်သဘောထားကွဲပြီး ပြည်သူများ၏ကိုယ်စားလှယ်များကို ဗဟိုပြုထားသည့်အမှတ် (၃) လွှတ်တော်သည် သီးခြားခွဲထွက်ပြီး ပြည်သူ့လွှတ်တော်ကို ထူထောင်၊ ယင်းလွှတ်တော်ကတစ်ဆင့် ယခုအချိန်အထိရှိလာခဲ့သော ပဒေသရာဇ်စနစ်၏ မတော်မတရားလုပ်ရပ်များကို တော်လှန်ပြောင်းလဲကြမည်ဆိုသည်ကို ဆုံးဖြတ်ကြေညာခဲ့သည်။ မဟာတော်လှန်ရေး၏ကန့်လန့်ကာသည် ယင်းနေရာကစပြီး ဖွင့်လိုက်ခြင်းပင်ဖြစ်ပေသည်။

ပြည်သူ့လွှတ်တော်သည် မင်းမျိုးမင်းနွယ်၊ မြို့စားနယ်စားများနှင့် ဘုန်းတော်ကြီးများက ချုပ်ကိုင်ထားသည့် အခွင့်အရေးများကို ဖျက်သိမ်းရန် ဆုံးဖြတ်ပြီး တစ်ပြိုင်တည်းမှာပင် နာမည်ကျော် လူ့အခွင့်အရေးကြေညာစာတမ်းကို ထုတ်ပြန်လိုက်ပြီး တော်လှန်ရေးအခြေခံမူဝါဒကို အတိအလင်းကြေညာလိုက်သည်။ ယင်းကြေညာစာတမ်းတွင် လူသားများသည် မွေးဖွားလာကတည်းက လွတ်လပ်မှုနှင့်သာတူညီမျှမှုအခွင့်အရေးများကို ပိုင်ဆိုင်ထားသည်။ ထို့နောက် နိုင်ငံရေးအဖွဲ့အစည်းအားလုံးသည် လူသားများကို ကောင်းကင်ဘုံ(ဘုရားသခင်)က ပေးအပ်ထားသည့် ယင်းအခွင့်အရေးများကို ကာကွယ်ရန်ဖွဲ့စည်းထားခြင်းသာဖြစ်သည်။ ထို့ကြောင့် နိုင်ငံရေးအဖွဲ့အစည်းများကို စီမံခန့်ခွဲသည့်အာဏာ၏အခြေခံသည် ပြည်သူများ၏

လက်ထဲတွင်ရှိရမည်။ တစ်နည်းအားဖြင့် အချုပ်အခြာအာဏာသည် ပြည်သူများတွင်ပင် အမြဲတမ်းရှိရမည်။ ပြည်သူလူထုသည် ယင်းအခြေခံသဘောတရားအရ ဥပဒေများကိုရေးဆွဲပြဋ္ဌာန်း၊ ပြည်သူများ၏အခွင့်အရေးများကိုကာကွယ်ရင်း တစ်ပြိုင်တည်းမှာ လူ့ဘောင်လောကအတွက် အန္တရာယ်ရှိသည့်အရေးကိစ္စများကို တားမြစ်သည်။

ထို့ကြောင့် ပြည်သူလူထုသည် ဥပဒေ၏ရှေ့မှောက်၌ အားလုံးတန်းတူဖြစ်ကြသည်။ **ဥပဒေကို မဖောက်ဖျက်သည့် အဝန်းအဝိုင်းထဲတွင် လွတ်လပ်ခွင့် မှန်သမျှကိုပိုင်ဆိုင်ရမည်။ တစ်ဦးတစ်ယောက်ချင်းသည် လွတ်လပ်မှုရှိသော်လည်း ယင်းလွတ်လပ်မှုသည် အခြားသူ၏ လွတ်လပ်မှုကိုခြိမ်းခြောက် နှောင့်ယှက်ခြင်းမျိုးမဖြစ်စေရဟု** ဆိုထားပေသည်။

လူ့အခွင့်အရေးကြေညာစာတမ်းတွင် ဤသို့စည်းမျဉ်းစည်းကမ်းများကိုချမှတ်ပြီး ဒီမိုကရေစီခေတ်သစ်၏ အုတ်မြစ်ဖြစ်လာခဲ့သည်။ ယင်းစိတ်ဓာတ်သဘောထားသည် "လွတ်လပ်မှု၊ သာတူညီမျှမှုနှင့်ချစ်ကြည်မှု" ဆိုသည့်အချက်သုံးချက်အပေါ် အခြေခံထားသည်ဟုဆိုကြသည်။ ထို့နောက် ပြည်သူ့လွှတ်တော်သည် ၁၇၉၁ ခုနှစ်တွင် အခြေခံဥပဒေကိုရေးဆွဲပြီး လူ့အခွင့်အရေးကြေညာစာတမ်းကို ဥပဒေ၏နိဒါန်းတွင်ထည့်ပြီး ဒီမိုကရေစီ၏ အခြေခံအုတ်မြစ်အဖြစ်ထားရှိသည်။

မည်သည့်အရာမဆို ဖျက်ဆီးရသည်မှာလွယ်ကူသလောက် တည်ဆောက်ရန်မှာ ခက်ခဲပေသည်။ ပြင်သစ်တော်လှန်ရေးသည် မကြာခင်မှာပင် ပြည်သူ့အစိုးရကို ဖျက်သိမ်းသည့်အဆင့်ထိရောက်လာပြီး ယခင်က ဘုရင်လူးဝစ် (၁၆) ကို သေဒဏ်ချမှတ်ခဲ့သော်လည်း တစ်ဖက်တွင် တော်လှန်ရေးဂုဏ် ဆန့်ကျင်သည့်အင်အားစုများ၊ နယ်များတွင် တော်လှန်ရေး၏ ပျော့ညံ့မှုများကို ဒေါသထွက်နေကြသည့် အစွန်းရောက်အုပ်စုများရှိနေခဲ့သဖြင့် ပြည်တွင်းက အုပ်စုအချင်းချင်းအကြား သဘောထားကွဲလွဲမှုများ ပြင်းထန်သည်ထက် ပြင်းထန်လာသည်။ ဥရောပက အခြားနိုင်ငံများ၏ အုပ်ချုပ်သူများသည် ပြင်သစ်တော်လှန်ရေး၏ဂယက်များ ယင်းတို့နိုင်ငံ

ရိုက်ခတ်လာမည်ကိုဝိုးရိမ်ပြီး ဖိအားပေးလာကြသည့်အတွက် တော်လှန်ရေးအစိုးရ၏ရှေ့ခရီးသည် ပိုမိုခက်ခဲလာခဲ့သည်။ ယင်းအချိန်၌ နပိုလီယံပေါ်လာခဲ့ပြီးအားမရှိတော့သည့် တော်လှန်ရေးအစိုးရကို ဖြုတ်လှဲ၊ အာဏာရှင်အစိုးရကိုခေါင်းဆောင်ရင်း ၁၈၀၄ ခုနှစ်တွင် ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပပြီး ဧကရာဇ်ဘုရင် ဖြစ်လာခဲ့သည်။

မကြာခင် နပိုလီယံနန်းကျပြီး ဘော်ဘွန်းမင်းဆက်၏ လူဝစ် (၁၈) ဘုရင်ဖြစ်လာပြီး စည်းမျဉ်းခံဘုရင်စနစ်ကိုကျင့်သုံးသည်။ ယင်းသည်လည်း အချိန်များစွာ မတည်တံ့ခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် ယခင်က ဖြစ်ပျက်မှုများကို တန်ပြန်သည့်ဆန့်ကျင်ဘက်ပုံစံဖြစ်လွန်းနေသော အစိုးရသည် သာမန်ပြည်သူများကို နိုင်ငံရေးကနေဖယ်ထုတ်ရန်ကြိုးစားခဲ့ခြင်းကြောင့် ပြည်သူများ၏မကျေနပ်မှု ပိုမိုပြင်းထန်လာခဲ့၍ဖြစ်ပေသည်။

ခေတ်မီစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာသည်နှင့်အမျှ ကျယ်ပြန့်သည့် အလုပ်သမား၊ လူတန်းစားသစ်ပေါ် ပေါက်လာခဲ့သည်။ ယင်းလူများသည်လည်း နိုင်ငံရေးတွင် ပါဝင်လုပ်ဆောင်ရန်အခွင့်အရေးကို အပြင်းအထန်တောင်းဆိုခဲ့ကြသည်။ နိုင်ငံရေးအင်အားစုအသစ်များက ၁၈၄၈ ခုနှစ်ကိုရောက်သည့်အခါ ဖေဖော်ဝါရီတော်လှန်ရေးဟု လူသိများကြသော လှုပ်ရှားမှုကြီးစတင်ခဲ့သည်။ ဘုရင်အုပ်ချုပ်ရေးပြုလဲပြီး သမ္မတနိုင်ငံ (ပြည်သူ့အစိုးရ) အုပ်ချုပ်ရေး ပြန်ဖြစ်လာခဲ့သည်။

ယခုတစ်ကြိမ်သည် ယခင်ကကဲ့သို့ တော်လှန်ရေးအင်အားစုများ၏ အထဲတွင် စီးပွားရေးအရအားသာသည့်အနေအထားရှိသည့် လူတန်းစားများနှင့် ဆိုရှယ်လစ်ဝါဒအရောင်လွှမ်းသည့် အလုပ်သမားလူတန်းစားများ၏ အားပြိုင်မှုဖြစ်ခဲ့ပြီး အလုပ်သမားများက ဆိုရှယ်လစ်ဝါဒ သမ္မတနိုင်ငံကို ထူထောင်ရန် ယင်းနှစ်ဖွဲ့လုပ်တွင် တော်လှန်ရေးလုပ်ခဲ့ကြသော်လည်း ပြင်းထန်သည့်မြို့တွင်းတိုက်ပွဲများဖြစ်ခဲ့ပြီးနောက် အရေးနိမ့်သွားခဲ့သည်။ ယင်းမှာ ဖွဲ့တော်လှန်ရေးဟု ၄ ကြိမ်သည်။ ထိုအတောအတွင်း သာမန်ရွေးကောက်ပွဲနှင့် အခြေခံဥပဒေပြုလွှတ်တော်ဖွဲ့စည်းထူထောင်ခဲ့ပြီး ၁၈၄၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြုစုရေးဆွဲခဲ့သည်။ ဥပဒေပြုအာဏာရှိသော ပြည်သူ့လွှတ်တော်နှင့် အုပ်ချုပ်ရေးအာဏာရှိသော သမ္မတဆိုပြီးအာဏာကို ခွဲခြား

ထားသည့် သမ္မတနိုင်ငံစနစ်အဖွဲ့အစည်းကို ပြဋ္ဌာန်းခဲ့သည်။ ၄င်းပြင်ဇွန်တော်လှန်ရေးသည် ပြည်သူများ၏စိတ်ထဲ၌ ဆိုရှယ်လစ်စနစ်အပေါ် ကြောက်ရွံ့မှုကို မျိုးစေ့ချပေးခဲ့ပြီး လယ်သမားများကြားတွင်လည်း နဝလီယံကိုးကွယ်သည့် စိတ်ဓာတ်များကျန်ရှိနေသေးသဖြင့် မကြာခင်တွင် ဆန့်ကျင်သည့် အင်အားများအားကောင်းလာပြီး နဝလီယံနှင့်အတူ လူဝန်းနဝလီယံသည် သမ္မတဖြစ်လာခဲ့သည်။

၁၈၅၂ ခုနှစ်တွင် ဧကရာဇ်ဘုရင်ဖြစ်လာပြီး တတိယမြောက် နပိုလီယံဟုအမည်တွင်ခဲ့သည်။ သို့ရာတွင် တတိယမြောက်နပိုလီယံသည်လည်း ၁၈၇၀ ပြည့်ခုနှစ်ဂျာမနီနှင့် စစ်ပွဲတွင် ရှုံးနိမ့်ခဲ့ပြီး နန်းကျခဲ့သဖြင့် ပြင်သစ်သည် တတိယအကြိမ်မြောက် သမ္မတနိုင်ငံပြန်ဖြစ်လာခဲ့ပေသည်။

ယင်းနောက်ပိုင်းတွင်လည်း ပြင်သစ်သည် ပြုပြင်ရေးသမားများနှင့် ရှေးရိုးစွဲသမားများအကြား "ဝဲလုံတစ်လှည့်ငါးပို့တစ်လှည့်" အားပြိုင်တိုက်ခိုက်လာခဲ့ကြပြီး ပဒေသရာဇ်အစိုးရကို ပြန်လည်ပေါ်ပေါက်ရန်ကြိုးစားသည့် ဘုရင်ပါတီက ပိုမိုအားကောင်းသည့်အနေအထားပင်ရှိလာခဲ့သည်။ သို့ရာတွင် ဘုရင်ပါတီမှာလည်း အုပ်စုအမျိုးမျိုးကွဲပြီး ညီညွတ်မှုမရှိဘဲ၊ ဘုရင်အုပ်ချုပ်ရေးပြန်လည်ထူထောင်ရန်လှုပ်ရှားမှုသည် အကောင်အထည်မပေါ်ဘဲ အဆုံးသတ်သွားခဲ့ပေသည်။ ထို့ကြောင့် ပြင်သစ်သည် ယင်းနောက်ပိုင်းမှအစပြုပြီး တောက်လျှောက် သမ္မတနိုင်ငံအဖြစ်တည်ရှိလာခဲ့သည်။

ဤသည်ကို ကြည့်ခြင်းအားဖြင့် ပြင်သစ်တွင် ပဒေသရာဇ်အစိုးရနှင့် သမ္မတအစိုးရသည် အပြန်အလှန်မျက်စိလည်စရာကောင်းလောက်အောင် "ဘတစ်ပြန် ကျားတစ်ပြန်" နေရာယူအုပ်စိုးလာခဲ့သည်။ ယင်းနှင့်အတူ ဒီမိုကရေစီနှင့် ဆန့်ကျင်သူများအကြားတွင် ပြင်းထန်သည့်အားပြိုင်မှုများရှိလာခဲ့သည်။ ဘတ်စ်ချူးထောင်ဖောက်မှုကိုအစပြုသည့် တော်လှန်ရေးကြီးကသားစဉ်မြေးဆက်အာဏာချုပ်ကိုင်သော နိုင်ငံရေးစနစ်ကို တစ်ဦးတည်းမြေလှန်လိုက်ပြီး ပဒေသရာဇ်ခေတ်၏လေးလံသော တံခါးချပ်ကြီးကိုတွန်းဖွင့်၊ ခေတ်သစ်ဒီမိုကရေစီ၏အလင်းရောင်ကို ဥရောပတိုက်တွင် ထွန်းလင်းလာအောင်လုပ်ပေးခဲ့ခြင်းသည် ပြင်သစ်ပြည်သူများပင်ဖြစ်သည်။ သို့ရာတွင် ယင်းနောက်ပိုင်းချက်ချင်းဆိုသလို နပိုလီယံ၏စစ်ရေးအောင်မြင်မှုများကို ခိုးမြှောက်ဂုဏ်ပြုပြီးအဆုံးတွင် သူ့ကိုဧကရာဇ်အဖြစ်တင်မြှောက်ခဲ့သည်

မှာလည်း ပြင်သစ်ပြည်သူများပင်ဖြစ်သည်။ ဤနေရာတွင် သက်ဦးဆံပိုင် စနစ်ကိုလိုလားသည့် ရှေးရိုးစွဲသမားများ အလွန်အမင်းအင်အားတောင့် တင်းနေသည်ဟု ထင်ရသည့်အချိန်တွင် အလုပ်သမားများ၏အကျိုးအတွက် မြို့တွင်းတိုက်ပွဲကို ဆင်နွှဲသည့် ပြုပြင်ပြောင်းလဲရေးသမားများလည်း ရှိနေသည်ဆိုသည့် ပုံစံဖြစ်နေခြင်းပင်။

ယင်းသည် တစ်ဖက်တွင် စိတ်ခံစားချက်ပြင်းသည့် ပြင်သစ်က လူများ၏အကျင့်စရိုက်ကြောင့်ဖြစ်သကဲ့သို့ တစ်ဖက်တွင် ပြင်သစ်လူမျိုး များ၏ ပြင်းထန်အားကောင်းသည့် မျိုးချစ်စိတ်ကိုပြသနေခြင်းလည်းဖြစ် ပေသည်။ ထို့ကြောင့် ပြင်သစ်ဒီမိုကရေစီသမိုင်းသည် အင်္ဂလန်နှင့် အမေရိကန်ကို လေ့လာခဲ့သည်နှင့်မတူဘဲ လားရာတစ်ခုဆီသို့တဖြည်းဖြည်း တိုးတက်ရွေ့လျားသွားသကဲ့သို့ မဖြစ်ခဲ့ပေ၊ ရှေးတိုးလိုက်နောက်ဆုတ် လိုက်လမ်းကြောင်းကို လျှောက်ခဲ့သည်။ မည်သို့ပင် ခေတ်နောက်ပြန်ဆွဲ အင်အားစုက ဖိနှိပ်ချုပ်ခြယ်ထားရန် ကြိုးပမ်းစေကာမူ ဖိနှိပ်ထား၍မရတော့ဘဲ ဒီမိုကရေစီ၏အင်အားများက နောက်ဆုံး၌ သမိုင်းကိုလမ်းထွင်ပေးခဲ့ပေ သည်။

ဒုတိယကမ္ဘာစစ်တွင် ပြင်သစ်သည် နာဇီဂျာမနီ၏ တိုက်ခိုက်မှုကို ခံရပြီး တစ်နိုင်ငံလုံး ဂျာမနီတပ်များက သိမ်းပိုက်ခြင်းကိုခံခဲ့ရသော်လည်း မဟာမိတ်တပ်ဖွဲ့၏ ပူးပေါင်းကူညီမှုနှင့် ဝုဏ်သရေရှိသောလွတ်လပ်မှုကို ပြန်ရခဲ့သည်။ ပြင်သစ်ပြည်သူများသည် ယင်းအတွေ့အကြုံကြီးနှင့်ကြုံခဲ့ပြီး ဒီမိုကရေစီအပေါ်ထားသည့် ယုံကြည်ချက်ပိုပြီး ပြင်းထန်ခိုင်မာလာခဲ့ပေသည်။ မပြောင်းမလဲသောခိုင်မာသည့်အခြေခံကို တည်ဆောက်ရန်လိုအပ်သည် ဆိုသည်ကို ကောင်းကောင်းသိသွားခဲ့သည်။ ယင်းစိတ်ဓာတ်များနှင့် လိုအပ်ချက်များကိုအခြေခံပြီး ပြင်သစ်သမ္မတသည် ၁၉၄၆ ခုနှစ် စက်တင် ဘာလတွင် လွှတ်တော်က ပြည်သူ့ဆန္ဒခံယူပွဲနှင့် အသက်ဝင်ပေါ်ပေါက် လာခဲ့သဖြင့် အဓိပ္ပာယ်လေးနက်သည့် အဖြစ်အပျက်ဟုပြောရမည်ဖြစ်သည်။

ပြင်သစ်သမ္မတနိုင်ငံအခြေခံဥပဒေသည် ၁၇၈၉ ခုနှစ်က လူ့အခွင့် အရေးကြေညာ စာတမ်းအရ သတ်မှတ်ထားသည့် အခြေခံလူ့အခွင့်အရေး များကို ခိုင်ခိုင်မာမာထပ်မံ အတည်ပြုပြီး ပြင်သစ်အရေးတော်ပုံ၏ ဆောင်ပုဒ် မှာ "လွတ်လပ်ရေး၊ ညီမျှရေး၊ ချစ်ကြည်ရေး"ဟူသော ဒီမိုကရေစီဆောင်ပုဒ်

များဖြစ်ကြသည်။ ပြင်သစ်တော်လှန်ရေး၏ဆောင်ပုဒ်သည် ပြည်သူများအတွက် ပြည်သူများကလုပ်ဆောင်သည့် ပြည်သူ့နိုင်ငံရေးဖြစ်သည်ကို အတိအလင်းဖော်ပြထားသည်။ တစ်ပြိုင်တည်းမှာ အပြည့်အဝ ကျား၊ မ တန်းတူညီမျှမှုကို အာမခံထားပြီး လူတိုင်းအလုပ်လုပ်ရမည့် တာဝန်နှင့် အလုပ်ရှာဖွေပိုင်ခွင့်များကို ပိုင်ဆိုင်ရမည်ဆိုခြင်းကို ကတိပြုထားသည်။ ဤမျှနှင့်မက အလုပ်သမားတိုင်းသည် သူတို့၏ကိုယ်စားလှယ်မှတစ်ဆင့် အလုပ်ဆိုင်ရာကန့်သတ်ချက်များကို အဖွဲ့အစည်းနှင့်ချမှတ်နိုင်သည်။ ယင်းထက်မက ကုမ္ပဏီ၏စီမံခန့်ခွဲမှုနယ်ပယ်များတွင်လည်း ဝင်ရောက်လုပ်ကိုင်သည်ဆိုခြင်းကို အတိအလင်းဖော်ပြထားပေသည်။ ယင်းအချက်များအရ အခြေခံဥပဒေသစ်သည် ပြင်သစ်တော်လှန်ရေး၏သဘောတရားများကို ထိန်းသိမ်းဆက်ခံရုံသက်သက်မက ယင်းသဘောတရားများကို ခေတ်နှင့်လိုက်လျောညီထွေရှိအောင် တိုးတက်ကျယ်ပြန့်စေရန်ရည် ရွယ်ထားသည်ဟုဆိုရပေမည်။

အခန်း (၃)
ဒီမိုကရေစီစနစ်အမျိုးမျိုး

ဒီမိုကရေစီနှင့် ဆန့်ကျင်ဘက်စနစ်များ

ရောဘင်ဆန်ခရူးဆိုး၏ ခရီးသွားမှတ်တမ်းသည် ကမ္ဘာတစ်လွှားက ကလေးငယ်များကို ဖမ်းစားထားသည့် စာအုပ်ဆိုသော်လည်း ယင်းစွန့်စားခန်းသည် တကယ့်လူပုဂ္ဂိုလ်တစ်ဦး၏အဖြစ်အပျက်ကို နမူနာယူထားခြင်းဖြစ်သည်။ ၁၇၀၄ ခုနှစ် ဆောင်းဦးရာသီတွင် အင်္ဂလိပ်လူမျိုး သင်္ဘောသား အလက်ဇန္ဒားစေးလ်ကတ် (Alexander Selkirk)သည် တောင်အမေရိကတိုက် ချီလီနိုင်ငံကမ်းခြေတွင် သင်္ဘောပျက်ပြီး မစာတီအဲလာဟုအမည်တွင်သော လူသူမနီးသည့် ကျွန်းတစ်ကျွန်းပေါ် သို့ ရောက်သွားခဲ့သည်။ လေးနှစ်ကြာ နေထိုင်ခဲ့သည်။ ယင်းအဖြစ်အပျက်ကိုအခြေခံပြီး အခြားသော ကဗျာဆရာတစ်ယောက်က အောက်ပါအတိုင်းကဗျာရေးဖွဲ့ခဲ့သည်-

ငါဟာမျက်စိတစ်ဆုံးမြင်မြင်သမျှအားလုံးရဲ့ဘုရင်ပဲ၊
ငါရဲ့အာဏာကို လုယူမယ့်သူလည်းတစ်ယောက်မျှမရှိ၊
ကျွန်းရဲ့အလယ်ဗဟိုကနေ အရပ်လေးမျက်နှာ ပင်လယ်ပြာအထိ၊
ငါဟာငှက်တွေ သားရဲတိရစ္ဆာန်တွေရဲ့အရှင်သခင်ကြီးပဲဟုဖြစ်သည်။

သို့ရာတွင် ရောဘင်ဆန်ခရူးဆိုးသည် ကဗျာတွင်ပါရှိသလို ကျွန်းမှာရှိနေသည့် ငှက်များ၊ သားရဲတိရစ္ဆာန်များ၏ဘုရင်ဖြစ်ခဲ့သလား၊ တစ်ယောက်တည်းသောလူသားက လူသူမနီးသည့် ကျွန်းတွင်ရောက်လာနေ

ထိုင်နေသည့်နောက်မှာလည်း ငှက်များသည် လွတ်လွတ်လပ်လပ် ကောင်းကင်မှာ ပျံသန်းနေခဲ့မည်ဖြစ်သည်။ သားရဲတိရစ္ဆာန်များသည် တမင်သက်သက်သူ့ရှေ့ကိုလာပြီး ဦးနှိမ်ဝပ်တွားအရိုအသေပေးသည်မျိုးရှိခဲ့မည် မဟုတ်၊ ရော်ဘင်ဆန်ခရူးဆိုးသည် ယင်းတိရစ္ဆာန်များထဲကအချို့ကို အစားအစာအဖြစ် ဖမ်းမွေးထားခဲ့လိမ့်မည်။ ကြက်တူရွေးကို ယဉ်အောင်မွေးပြီး စကားသင်ပေးလိမ့်မည်။ ယင်းသည် ကျွန်းတိရစ္ဆာန်များထဲက အနည်းငယ်သာ ဖြစ်သည်မှာ သေချာသည်။ အခြားသော တိရစ္ဆာန်များသည် ယခင်ကကဲ့သို့ လွတ်လွတ်လပ်လပ်ကောင်းကင်မှာပျံဝဲ၊ တောတောင်များထဲတွင် ပြေးလွှားနေကြမည်မှာမလွဲပေ။

လူသားဆိုသည် ငှက်များ၊ သားရဲတိရစ္ဆာန်များနှင့် နှိုင်းယှဉ်၍ မရအောင် ဉာဏ်ပညာအရည်အချင်းများကို ပိုင်ဆိုင်ထားသည်။ သို့သော် လူသားတစ်ယောက်က အရေအတွက်အများကြီးရှိနေသည့် ငှက်များ၊ သားရဲတိရစ္ဆာန်များ၏ ဘုရင်ဖြစ်သည်ဆိုခြင်းသည် ကဗျာများ၊ ဒဏ္ဍာရီများထဲ၌သာဖြစ်နိုင်သည်။ အံ့ဩစရာကောင်းသည်မှာ လူ့ဘောင်လောကထဲတွင် ဘုရင်ဆိုသည် ရှေးယခင်ကတည်းက အမှန်ပင်ရှိခဲ့သည်။ ယင်းဘုရင်သည် ကိုယ့်ထက်ဉာဏ်ရည်အများကြီးနိမ့်ကျသည့်တိရစ္ဆာန်များကို အုပ်စိုးနေခြင်း မဟုတ်ဘဲ ဉာဏ်ပညာအရည်အသွေးတန်းတူသည့်၊ အရေအတွက်အများကြီး ရှိနေသည့် လူများကိုအုပ်စိုးနေခြင်းဖြစ်သည်။ ထိုမျှမက ဘုရင်သည် လက်အောက်ငယ်သားများထက် ဉာဏ်ပညာအရည်အသွေးများစွာနိမ့်သည့် "အရူးအနှမ်းဘုရင်"များလည်း မနည်းပေ၊ သို့ဖြစ်ပါလျက်နှင့် ဘုရင်တစ်ယောက်က လူများစွာကိုအုပ်စိုးနိုင်ခဲ့ခြင်းသည် အလွန်ခက်ခဲသည့် ပြဿနာဖြစ်သည်။ ယင်းသည်ပင် အလွန်လွယ်ကူသည့်ပြဿနာလည်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ယင်းကဲ့သို့သော လောကမျိုးတွင် တစ်ဦးတည်းသောဘုရင်ကို ခိုးမြောက်အားပေး၊ အားလုံးကအမိန့်အတိုင်း လုပ်ကိုင်ကြ၊ အမိန့်မနာခံသူကို စိတ်ကြိုက်အပြစ်ပေးဆိုသည့် အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းမျိုးရှိနေ၍ဖြစ်သည်။

ဤသို့သောပုံစံဖြင့် တစ်ယောက်တည်းသော အာဏာရှင်က အာဏာအားလုံးကိုပိုင်ဆိုင်ပြီး ကျန်သူအားလုံးက သူ၏အမိန့်ကို

ခြင်းချက်မရှိနာခံရသော နိုင်ငံရေးစနစ်သည် ဆွေစဉ်မျိုးဆက်ပဒေသရာဇ်စနစ်ဖြစ်သည်။ အထူးသဖြင့် ယင်းအာဏာရှင်သည် သာမန်ပြည်သူများအနားမကပ်နိုင်အောင် အရှိန်အဝါမြင့်မားပြီး သူ၏အရိုက်အရာကို သူ၏သားသမီးများကသာ ဆက်ခံရသည့်အနေအထားကိုရည်ညွှန်း၍ ဆွေစဉ်မျိုးဆက်ပဒေသရာဇ်မင်း၊ ဆွေစဉ်မျိုးဆက်ပဒေသရာဇ်စနစ်ဟု အမည်ပေးထားပေသည်။ ဆွေစဉ်မျိုးဆက် ပဒေသရာဇ်မင်းက ဆိုးသွမ်းသည့်သူဖြစ်ခြင်း၊ ဉာဏ်ရည်နိမ့်သူဖြစ်ခြင်းမျိုးများစွာရှိသော်လည်း အဘယ့်ကြောင့် သာမန်ပြည်သူများက ယင်းတို့ကို ဦးညွှတ်နာခံနေကြသည်မှာ အလွန်အံ့သြစရာကောင်းပေသည်။ ဤသို့အံ့သြစရာကောင်းနေခြင်းကို အံ့သြစရာမကောင်းအောင်လုပ်နိုင်ပေသည်။ ယင်းသည် ပြည်သူများက ဘုရင်မင်းမြတ်၏ ရာထူးဂုဏ်သိန်သည် ဘုရားသခင်ဆီက အပ်နှင်းထားခြင်းဖြစ်ပြီး ဘုရင်မင်းမြတ်၏အမိန့်သည် ဘုရားသခင်၏အလိုတော်ရဖြစ်သည်ဟု ယုံကြည်သက်ဝင်လာအောင်လုပ်ရန်ဖြစ်သည်။ နှေးခေတ်က ပဒေသရာဇ်အုပ်ချုပ်ရေးအများစုသည် ဘုရားပေးသည့်မင်းအာဏာဆိုသည့်အယူအဆပေါ်မှာတည်ထောင်ခဲ့ကြသည်။ ထို့ကြောင့်လည်း လူသားများ၏ မိမိကိုယ်တိုင် စဉ်းစားတွေးခေါ်မှုမြင့်မားလာပြီး ယင်းသို့သော အယူအဆများလည် အဓိပ္ပာယ်ကင်းမဲ့သည်ဟု သတိပြုလာသည့်နောက်ပိုင်းမှစ၍ ဆွေးစဉ်မျိုးဆက်ပဒေသရာဇ်စနစ်များသည် ဆင့်ကဲဆင့်ကဲပြိုလဲလာခဲ့ပေသည်။

ဆွေစဉ်မျိုးဆက်ပဒေသရာဇ်စနစ်ကွယ်ပျောက်သွားပြီးဆို၍ အာဏာကို အစဉ်အဆက်ချုပ်ကိုင်သည့်စနစ်ကြီး မရှိတော့ဟူ၍ယူဆမရပေ။ ယခုခေတ်တွင်လည်း သူဌေးများက နိုင်ငံရေးတွင် လက်တွေ့အားဖြင့် အာဏာကို ထိန်းချုပ်ထားသည့် အရင်းရှင်စနစ်ရှိသကဲ့သို့ ဆိုရှယ်လစ်ဆန်ဆန် အပြင်ပန်းအရေခြုံထားရင်း ပြည်သူများကို လွတ်လပ်မှုနည်းနည်းပင်မရှိအောင် အကွက်ကောင်းကောင်းချထားသည့် အစဉ်အဆက်အာဏာချုပ်ကိုင်သည့်စနစ်များလည်းရှိပေသည်။

ဒီမိုကရေစီအယောင်ဆောင်ထားသည့် အာဏာချုပ်ကိုင်သည့်စနစ်များတွင် ရွေးကောက်ပွဲကျင်းပသော်လည်း ပါတီကတစ်ခုတည်းသာ

ရှိနေသောကြောင့် ပြည်သူများ၏လွတ်လပ်သည့် အတွေးအခေါ်များကို ကိုယ်စားမပြုနိုင်ပေ။ ပြည်သူများသည်မဲပေးခွင့်ရှိသော်လည်း အရွေးခံမည့် ပုဂ္ဂိုလ်များသည် သာမန်အားဖြင့် မူလကပင်သတ်မှတ်ပြီးသားဖြစ်နေ၍ ရွေးကောက်ပွဲလုပ်သည်ဖြစ်စေ၊ မလုပ်သည်ဖြစ်စေအတူပင်ဖြစ်သည်။ ပြည်သူများကနိုင်ငံရေးတွင် ပါဝင်သည်ဆိုသည်မှာ အမည်ခံသက်သက်ဖြစ်ပြီး အမှန်မှာလူနည်းစုကအာဏာကိုချုပ်ကိုင်ထားပြီး လူနည်းစုအာဏာရှင်များ၏အလိုဆန္ဒနှင့်အညီ ကိစ္စအဝဝကို ဆုံးဖြတ်လုပ်ကိုင်ကြသည်။ ပြည်သူများသည် အလုပ်လုပ်၊ အမိန့်ကိုနာခံ၊ စစ်တိုက်ရန်အတွက် မွေးဖွားလာခြင်းဖြစ်သည်ဟု အယူဝါဒမှိုင်းတိုက်သွတ်သွင်းခံရသည်။ ပြည်သူများသည် မိမိတို့လုပ်အားခသည် တရားမျှတမှုရှိမရှိ မိမိတို့ လိုက်နာရမည့်ဥပဒေ၊ အမိန့်များသည် တရားမျှတမှုရှိမရှိ၊ မိမိတို့တိုက်ရသည့် စစ်ပွဲများသည် မည်သည့်ရည်ရွယ်ချက်ဖြစ်သည်ကို သံသယဖြစ်ပိုင်ခွင့်ပင်မရှိပေ။ စစ်တိုက်ခြင်းအားဖြင့် ကျေးဇူးဆပ်၊ ကျည်ဆန်များ၏ပစ်မှတ်ဖြစ်ပြီး သေ၊ သေချင်းသည်ဂုဏ်ရှိသည်၊ လူသားများလွတ်လပ်မှုအတွက်ဖြစ်သည်ဟု တွေးခေါ်ယုံကြည်လာအောင်လုပ်ထားကြသည်။

လူသားများ၏သမိုင်းစတင်ကတည်းက ပြည်သူများကိုပိုင်ဆိုင်၊ အသုံးချ၊ ခြယ်လှယ်ကြသည့် အစိုးရများမနည်းပေ၊ ထိုသို့ဖြစ်သည့်အတွက် အစိုးရမရှိခြင်းသည် အကောင်းဆုံးဟုဆိုသည့် အယူအဆကိုပြောဆိုကြသူများလည်းရှိခဲ့ပေသည်။ ယင်းကား အစိုးရမဲ့ဝါဒပင်ဖြစ်သည်။ ရုရှားက အတွေးအခေါ်ပညာရှင် ခရိုပိုတိုကင် (Pjotr Aljeksjejevich kroptkin) သည် ယင်းကဲ့သို့ အယူအဆရှိသည် သူတစ်ယောက်အဖြစ်ထင်ရှားခဲ့သည်။

အစိုးရမဲ့ဝါဒကို ပန်းတိုင်အဖြစ်ထားသည့်လူဘောင်တွင် အာဏာပိုင်အဖွဲ့ဥစည်းမရှိသဖြင့် ဘုရင်လည်းမရှိ၊ သမ္မတလည်းမရှိ၊ လွတ်တော်လည်းမရှိသကဲ့သို့ တရားရုံးလည်းမရှိဆိုသည့်သဘောပင်ဖြစ်သည်။ အကယ်၍ ခရိုပိုတိုကင်စသည့်သူများက ပြောသကဲ့သို့သောအနေအထားတွင် လောကထဲ၌ ငြိမ်းချမ်းသာယာမှုကို လုံးဝထိန်းသိမ်းနိုင်ပြီး လူများက မိမိတို့၏ဆန္ဒအတိုင်း ပူးပေါင်းပါဝင်၊ ကူညီဖေးမခြင်းအားဖြင့် လူ့ဘောင်

လောက၏သာယာဝပြောမှုသည် သူ့အလိုလိုတိုးတက်ကျယ်ပြန့်လာမည် ဆိုပါက အစိုးရဆိုသည်မရှိလိုပေ။ အစိုးရမရှိပါက ပြည်သူကိုအာဏာနှင့် ဖိနှိပ်ချုပ်ချယ်သည့် အစိုးရလည်းမရှိသည်မှာ အသေအချာပင်ဖြစ်သည်။

သို့ရာတွင် အစိုးရမရှိဘဲ အဆင်ပြေနိုင်သည်ဆိုခြင်းသည် စိတ်ကူးယဉ် လောက တွင်သာဖြစ်နိုင်ပေသည်။ လက်တွေ့လောကတွင် လူအများကြားတွင် အတွေးအခေါ်ချင်း ထိပ်တိုက်ဆန့်ကျင်ရာက အကျိုးအမြတ်နှင့် ဆုံးရှုံးမှု အငြင်းပွားစရာများဖြစ်နေကြသည်။ ဤအနေအထားတွင် အားလုံးမှန်သည် ဟုလုပ်၍မရသည့်အဆုံး အများစုသဘောတူသည့် အယူအဆကိုကျင့်သုံး မည်၊ ယင်းနှင့်ဆန့်ကျင်သည့် တစ်နည်းအားဖြင့် ယင်းနှင့်မတူသည့် အယူအဆရှိသူများလည်း အများသဘောတူသည့် အယူအဆအတိုင်း လိုက်နာစေရမည်ဟုဆုံးဖြတ်သည်။ ယင်းကိုဆန့်ကျင်သည့်သူများအပေါ် ဆုံးဖြတ်ချက်ကို အတင်းအကျပ်လိုက်နာရန်လုပ်ရန်လိုအပ်လာသည်။ လူ့ဘောင် လောကတွင် အတင်းအကျပ်လုပ်ဆောင်ခွင့် အာဏာပိုင်သည့် အဖွဲ့အစည်း သည် အစိုးရပင်ဖြစ်သည်။ ထို့ကြောင့် လူ့ဘောင်လောကတွင် အတင်းအကျပ် လုပ်ဆောင်ခွင့်အာဏာ မလိုအပ်လောက်အောင်ပင် လူ့လောကသည် အရာရာ ပြီးပြည့်စုံနေသည့်အချိန် မရောက်မချင်းအစိုးရဆိုသည် ရှိရန်လိုအပ် နေမည် ဖြစ်သည်။

အစိုးရဆိုသည် လိုအပ်နေမည်ဖြစ်သည့်အတွက် အစိုးရအဖွဲ့ အစည်းတွင် အတတ်နိုင်ဆုံးအများစု၏ ဆန္ဒသဘောထားအတိုင်း ဆုံးဖြတ် ခြင်းမျိုးဖြစ်သင့်ပေသည်။ အစိုးရအဖွဲ့အစည်းတွင်မက အစိုးရအဖွဲ့၏ မူဝါဒများသည်လည်း ပြည်သူလူထုအများစု၏ ဆန္ဒအတိုင်းဆုံးဖြတ်သင့် သကဲ့သို့ ယင်းအတွေးအခေါ်နှင့်အညီ နိုင်ငံရေးကို လုပ်ကြသည့်သူများ သည်လည်း ပြည်သူများထဲက လွတ်လွတ်လပ်လပ်ရွေးချယ်ထားသည့် ပြည်သူ ကိုယ်စားလှယ်များသာဖြစ်ရမည်။ သို့မှသာ ပြည်သူများအတွက် နိုင်ငံရေးကို လုပ်ဆောင်နိုင်ရန်မျှော်လင့်ချက်ထားနိုင်ပေမည်။ ထို့ကြောင့် ဒီမိုကရေစီ စနစ်သည် အသင့်လျော်ဆုံး၊ အမှန်ကန်ဆုံး၊ နိုင်ငံရေးစနစ်ဖြစ်သည်ဟု ထင်ရှားလာခြင်းပင် ဖြစ်ပေသည်။

ဒီမိုကရေစီအုပ်ချုပ်ရေး၏ထင်ရှားသောပုံစံများ

ပြည်သူများ၏ကိုယ်စားလှယ်များက ပြည်သူများ၏ဆန္ဒအတိုင်း ပြည်သူများအတွက် နိုင်ငံရေးလုပ်ဆောင်သည့် ဒီမိုကရေစီ၏သဘောတရားသည် တစ်မျိုးတည်းပင်ဖြစ်သည်။ ဒီမိုကရေစီကို ကျင့်သုံးနေသမျှမည်သည့် နိုင်ငံမဆို၊ ယင်းသဘောတရားသည် မပြောင်းလဲပေ၊ သို့ရာတွင် သဘောတရားတူသည့်တိုင် ယင်းကို**အကောင်အထည် ဖော်သည့်စနစ်များမှာ နိုင်ငံအလိုက်အတိုင်းအတာတစ်ခုအထိ ကွဲပြားမှုများရှိကြပေသည်။** ထို့ကြောင့်လည်း ဒီမိုကရေစီ၏စနစ်များကို ပုံစံအလိုက်ခွဲခြားနိုင်ပေသည်။ ယင်းပုံစံများထဲက အဓိကကျသည့် အချို့ကိုအကြမ်းဖျင်း မိတ်ဆက်ပေးပြီး ယင်းကိုမည်သို့ လက်တွေ့ကျင့်သုံးနေသည်ဆိုခြင်းကို လေ့လာကြရန်ဖြစ်ပေသည်။

နိုင်ငံရေးနယ်ပယ်က ဒီမိုကရေစီသည် ကိုယ်စားပြုဒီမိုကရေစီနှင့် စစ်မှန်သော ဒီမိုကရေစီဆိုသည့် ပုံစံနှစ်မျိုးရှိသည်ဟု ပြီးခဲ့သောအခန်းတွင် ရှင်းပြခဲ့ပြီးဖြစ်သည်။

ကိုယ်စားပြုဒီမိုကရေစီဆိုသည် ဥပဒေကိုပြဋ္ဌာန်းခြင်း၊ အုပ်ချုပ်ရေးကိုဆောင်ရွက်ခြင်းမျိုးလုပ်ဆောင်သည့်အခါ ပြည်သူများက တိုက်ရိုက်မဲပေးခြင်းမျိုးမလုပ်ဘဲ၊ ပြည်သူများထဲမှ လွတ်လပ်စွာရွေးခြယ်ထားသည့် ကိုယ်စားလှယ်များက ယင်းလုပ်ငန်းများကို လုပ်ဆောင်သည့် ပုံစံဖြစ်သည်။ ယင်းပုံစံသည် ပြည်သူများ၏ဆန္ဒသဘောထားကို ပြည်သူ့ကိုယ်စားလှယ်များ၏ အစည်းအဝေးကတစ်ဆင့် သွယ်ဝိုက်သောအားဖြင့် နိုင်ငံရေးတွင် အကောင်အထည်ဖော်သွားသည်။ ထို့ကြောင့် ယင်းပုံစံကို **"သွယ်ဝိုက်ဒီမိုကရေစီ"** ဟုလည်းခေါ်သည်။ တစ်ဖက်တွင် **စစ်မှန်သော ဒီမိုကရေစီမှာ** ပြည်သူများက တိုက်ရိုက်မဲပေးပြီး ဥပဒေကိုပြဋ္ဌာန်းခြင်း အရေးပါသည့် နိုင်ငံရေးပြဿနာများကို အဆုံးအဖြတ်ပေးခြင်းစသည် တို့ကို လုပ်ဆောင်သည်။ ထို့ကြောင့် ယင်းစနစ်ကို**"တိုက်ရိုက်ဒီမိုကရေစီ"**ဟု ခေါ်ကြသည်။

သွယ်ဝိုက်ဒီမိုကရေစီ၏ဖွဲ့စည်းပုံထဲတွင် ပြည်သူများကြားက ရွေးထားသည့်သူများနှင့် ဖွဲ့စည်းထားပြီး ပြည်သူများကိုယ်စားဥပဒေများကို ပြဋ္ဌာန်းရာတွင် အရေးပါဆုံးဌာနမှာ လွှတ်တော်ပင်ဖြစ်သည်။ လွှတ်တော်က လုပ်ဆောင်သည့်အရေးအကြီးဆုံးလုပ်ငန်းမှာ ဥပဒေပြဋ္ဌာန်းရေးပင်ဖြစ်သည်။ အစိုးရကရရှိထားသည့်အုပ်ချုပ်ရေးအာဏာ တစ်နည်းအားဖြင့် စီမံခန့်ခွဲမှုအာဏာသည် ဥပဒေ၏ဘောင်အတွင်းလိုက်နာကျင့်သုံးပြီး လုပ်ဆောင်ရသည်။ ထို့ကြောင့် အစိုးရသည် လွှတ်တော်အမတ်အများစု၏ ထောက်ခံမှုကို မရနိုင်ပါက အလုပ်ကိုစိတ်ရှိတိုင်းမလုပ်နိုင်ပေ။ ဤသို့ဖြင့် လွှတ်တော်ထဲတွင် အများစုအင်အားရှိသည့် နိုင်ငံရေးပါတီက အစိုးရဖွဲ့ခြင်းသည် နည်းလမ်းကျပြီး အဆင်လည်းပြေသည်ဟူ၍ဖြစ်လာသည်။ နိုင်ငံရေးပါတီတစ်ခုတည်းက လွှတ်တော်တွင် အများစုအင်အားကိုမရနိုင်သည့်အခါ နှစ်ခုထက်မက နိုင်ငံရေးပါတီများက ပေါင်းစည်းပြီး ညွှန့်ပေါင်းအစိုးရကိုဖွဲ့သည်။ ယင်းကဲ့သို့ လုပ်ထုံးလုပ်နည်းများရှိခြင်းက လွှတ်တော်နိုင်ငံရေးတစ်နည်းအားဖြင့် လွှတ်တော်ဗဟိုပြုသည့် ဒီမိုကရေစီဖြစ်သည်။

တစ်ဖက်တွင် အုပ်ချုပ်ရေးအပိုင်းက လွှတ်တော်ထက်ပို၍ လွှတ်လပ်သည့် အနေအထားရှိသည့် ဖွဲ့စည်းပုံမျိုးလည်းရှိပေသည်။ ယင်းဖွဲ့စည်းပုံမှာ အစိုးရ၏ခေါင်းဆောင်သည်၊ (ဥပမာ- အမေရိကန်ပြည်ထောင်စု၏ သမ္မတသည်) လွှတ်တော်က ရွေးချယ်ခြင်းမျိုးမဟုတ်ဘဲ၊ အခြားနည်းလမ်းနှင့် ပြည်သူများထဲက ရွေးချယ်ခြင်းဖြစ်သည်။ လွှတ်တော်ဗဟိုပြုဒီမိုကရေစီမှာ အုပ်ချုပ်ရေးအာဏာက ဥပဒေပြုအာဏာပေါ်မှာမှီခိုနေရသည့် ပုံသဏ္ဌာန်ဖြစ်နေသော်လည်း အမေရိကန်ကဲ့သို့သော ဒီမိုကရေစီပုံစံမှာ အုပ်ချုပ်ရေးအာဏာနှင့် ဥပဒေပြုအာဏာသည် သီးခြားစီရှိနေသည်။ ယင်းကို "အာဏာကိုသီးသန့်ခွဲထားသော ဒီမိုကရေစီ"ဟုခေါ်သည်။ ဒီမိုကရေစီနိုင်ငံရေးတွင်မည်သည့်နိုင်ငံတွင်မဆို ဥပဒေအရတရားစီရင်မည့် တရားရုံးစနစ်ကထွန်းကားနေပြီး တရားရုံးသည် လွှတ်တော်ကရော၊ အစိုးရကပါ သီးခြားလွတ်လပ်စွာဖြင့် တရားစီရင်ရေးအာဏာကိုကျင့်သုံးသည်။ "တရားစီရင်ရေးအာဏာ သီးခြားရပ်တည်မှု"နှင့် ပတ်သက်ပြီး လွှတ်တော်ဗဟိုပြုဒီမိုကရေစီပုံစံနှင့် အာဏာသီးသန့်ခွဲထားသည့် ပုံစံကွဲပြားမှုမရှိပေ။

တိုက်ရိုက်ဒီမိုကရေစီစနစ်သည် ပြည်သူများ၏မဲဆန္ဒနှင့် ပြဋ္ဌာန်းနိုင်သည်။ လွှတ်တော်ရှိသော်လည်း လွှတ်တော်က ဥပဒေမူကြမ်းကို ဆွေးနွေးရန် သာဖြစ်ပြီး အတည်ပြုပြဋ္ဌာန်းပေးခြင်းသည် ပြည်သူ့ဆန္ဒခံယူပွဲဖြစ်သည်။ အင်္ဂလိပ်လို "Referendum" ဟု ခေါ်ပေသည်။ တိုက်ရိုက်ဒီမိုကရေစီကိုပိုပြီး ပြည့်ပြည့်ဝဝကျင့်သုံးသည့်အခါမျိုးတွင် ပြည်သူများသည် ပြည်သူ့ဆန္ဒခံယူပွဲနှင့် ဥပဒေမူကြမ်းများကို အတည်ပြုခြင်း၊ ပယ်ချခြင်းများသာမက ပြည်သူများဘက်က ဥပဒေမူကြမ်းများကို တင်သွင်းခြင်းလည်းလုပ်နိုင်သည်။ ၎င်းကို ပြည်သူ့ပဓါနဥပဒေပြုမှု Initiative ပင်ဖြစ်သည်။ ပြည်သူအချို့က ပဏာမ ဥပဒေပြုမှုအရတင်သွင်းသည့် ဥပဒေမူကြမ်းကို နောက်ထပ်ပြည်သူများ၏ ထောက်ခံမှုအရ သို့မဟုတ် ဥပဒေပြုအဖွဲ့အစည်းများ၏အတည်ပြုမှုအရ ဥပဒေပြုပြဋ္ဌာန်းခြင်းပင်ဖြစ်သည်။

ဒီမိုကရေစီပုံစံများထဲက ယင်းသုံးမျိုးကို တစ်မျိုးစီသီးသန့်ကျင့်သုံးနေခြင်းမဟုတ်ဘဲ၊ ပုံစံအမျိုးမျိုးရောယှက်နေခြင်း၊ သီးသန့်ပုံစံတစ်ခုဟုပြောရမရနိုင်သည့် အသွင်အပြင်များရောပါနေခြင်း. . . စသဖြင့် နိုင်ငံအလိုက် ကျင့်သုံးနေကြသည်။ ယင်းတို့တွင် မူရင်းပုံစံနှင့် အလွန်နီးစပ်သည့် နမူနာအချို့ကိုပြောရမည်ဆိုပါက လွှတ်တော်ဗဟိုပြုပုံစံသည် အင်္ဂလန်၊ အာဏာသီးသန့်ခွဲထားသည့်ပုံစံသည် အမေရိကန်၊ တိုက်ရိုက်ဒီမိုကရေစီပုံစံသည် ဆွစ်ဇာလန်ဆိုပြီးပြောနိုင်သည်။ ထိုနိုင်ငံသုံးခုတွင် ဒီမိုကရေစီပုံစံများကို လက်တွေ့မည်သို့ကျင့်သုံးနေသည်ဆိုသည်ကို လေ့လာကြည့်ရန်ဖြစ်သည်။

အင်္ဂလိပ်ဒီမိုကရေစီစနစ်

ခေတ်သစ်ဒီမိုကရေစီပထမဆုံးထွန်းကားလာသည့်နိုင်ငံမှာ အင်္ဂလန်ဖြစ်သည်။ ထိုနိုင်ငံရှုထောင့်ကကြည့်ပါက ခေတ်သစ်ဒီမိုကရေစီ၏အစ အင်္ဂလန်ကဟု လူအများအပြားကပြောကြသည်။ ခေတ်သစ်လူသားများသည် ဘာသာရေးကို အရှေ့တိုင်းကသင်ယူခဲ့ကြသည်။ စာလုံးများကို အီဂျစ်ကသင်ယူခဲ့သည်။ ဥပဒေကို ဥရောပကနေသင်ယူခဲ့သည်ဖြစ်သော်လည်း နိုင်ငံရေးစနစ်အများစုကို အင်္ဂလန်ကနေသင်ယူခဲ့သည်ဟုဆိုသည်။

အင်္ဂလန်နိုင်ငံရေးဖွဲ့စည်းပုံတွင် ဗဟိုချက်အဖြစ်ရှိနေခြင်းက လွှတ်တော်ဖြစ်သည်။ အင်္ဂလန်လွှတ်တော်သည် မည်သည့်အရာကို မဆိုအားလုံးနီးပါးလုပ်နိုင်သည့် အာဏာကိုပိုင်ဆိုင်ထားသည်။ ထို့ကြောင့် **"အင်္ဂလန်လွှတ်တော်သည် မိန်းမကို ယောကျ်ားဖြစ်အောင်၊ ယောကျ်ားကို မိန်းမဖြစ်အောင်ကလွဲရင် ဘာမဆိုလုပ်နိုင်တယ်"**ဟု ပြောသည့်သူရှိခဲ့ဖူးသည်။ မြို့စားနယ်စားများ၏လွှတ်တော်နှင့် သာမန်ပြည်သူများ၏ လွှတ်တော်ဆိုသည့် လွှတ်တော်နှစ်ရပ်နှင့် ဖွဲ့စည်းထားသည်။ မြို့စားနယ်စားများ၏လွှတ်တော်သည် မင်းစိုးရာဇာများနှင့် ဖွဲ့စည်းထားခြင်းကြောင့် ပြည်သူများကို တကယ်တမ်းကိုယ်စားပြုသည်မှာ သာမန်ပြည်သူများ၏ လွှတ်တော်ဖြစ်သည်။ ထို့ကြောင့် အင်္ဂလန်၏နိုင်ငံရေးသည် ဒီမိုကရေစီ နည်းလမ်းကျပြီး လွှတ်တော်သည်အာဏာကြီးမားသည်ဟု ဆိုခြင်းသည် သာမန်ပြည်သူများ၏လွှတ်တော်က ဩဇာကြီးမားသည်ဆိုသည့် အဓိပ္ပာယ်ပင်ဖြစ်သည်။

အင်္ဂလန်နိုင်ငံရေးပုံစံသည် အခြေခံဥပဒေအရအုပ်ချုပ်သည့်ပဒေသရာဇ် (စည်းမျဉ်းခံဘုရင်စနစ်)ဖြစ်ပြီး မူအားဖြင့် ဘုရင်ကထိပ်ဆုံးတွင်ရှိသည့် ဖွဲ့စည်းပုံဖြစ်သည်။ ဘုရင်သည် ပုံမှန်အားဖြင့် ဂုဏ်သိက္ခာနှင့် တရားမျှတမှု၏ မြစ်ဖြားခံရာအဖြစ်ယူဆကြပြီး တရားဥပဒေကိုပြဋ္ဌာန်းကျင့်သုံးသည့် အမြင့်မားဆုံးအာဏာကို ပိုင်ဆိုင်ထားသည်ဟု သဘောတူလက်ခံထားကြသည်။ ယင်းအနေအထားမှစ၍ ဒီမိုကရေစီကိုတောင်းဆိုကြသည့် ပြည်သူများက အချိန်ကာလရှည်ကြာစွာ တိုက်ပွဲဝင်လာခဲ့သည့်ရလဒ်အနေဖြင့် တဖြည်းဖြည်း လွှတ်တော်ကိုဗဟိုပြုပြီး နိုင်ငံရေးအာဏာကို ကျင့်သုံးလာခဲ့ကြခြင်းဖြစ်သည်။ ယခုခေတ်တွင် ဥပဒေကိုရေးဆွဲ၊ ယင်းကိုသုံးသပ်ဆွေးနွေးခြင်းသည် လွှတ်တော်ကိုပေးအပ်ထားသည့်အာဏာဖြစ်ပြီး ဘုရင်သည်ယင်းကိစ္စနှင့် ပတ်သက်ပြီး လုံးဝဝင်မစွက်ဖက်နိုင်ပေ၊ မူအားဖြင့်ဘုရင်သည် လွှတ်တော်က ဆုံးဖြတ်လိုက်သည့်ဥပဒေမူကြမ်းကို လက်မှတ်မထိုးငြင်းပိုင်ခွင့်ရှိသည်ဟု သတ်မှတ်ထားသော်လည်း ယင်းအခွင့်အာဏာသည်လည်း ၁၇၀၇ ခုနှစ် နောက်ပိုင်း တစ်ကြိမ်တစ်ခါမှမသုံးခဲ့သေးပေ၊ လက်တွေ့အားဖြင့် ဘုရင်၏

အခွင့်အာဏာသည် အကန့်အသတ်များစွာရှိနေသည်။ ဗြိတိန်ပညာရှင်များက ဘုရင်သည် ဒီမိုကရေစီဆိုသည့်အဆောက်အအုံတွင် ထိပ်ဆုံး၌ထားသည့် အဆောင်အယောင်ဖြစ်ပြီး နိုင်ငံနှင့် အုပ်ချုပ်ထားသည့်နယ်မြေများက ပြည်သူများအတွက် ဦးညွှတ်အရှိအသေပေး၊ သစ္စာစောင့်သိရပါမည်ဟု ကတိခံစရာအမြင့်မြတ်ဆုံးသော သင်္ကေတဖြစ်ကြောင်း ဗြိတိသျှဓနသဟာယကြီးကို ထိထိရောက်ရောက် ချိတ်ဆက်ပေးထားသည့် သံကြိုးကြီးဟု ဆိုကြသည်။

ထို့ကြောင့် အင်္ဂလန်သည် ဘုရင်နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း နိုင်ငံရေးမှာ လက်တွေ့ဗဟိုချက်အနေဖြင့် ရပ်တည်နေခြင်းက လွတ်တော်ဖြစ်သည်။ ယင်းအထဲတွင် ပြည်သူများကရွေးချယ်လိုက်ပြီး ပြည်သူများကို ကိုယ်စားပြုနေသည့် သာမန်ပြည်သူများ၏လွတ်တော်က အဓိကနေရာယူထားသည်။ ပြည်သူများ၏လွတ်တော်ကိုဗဟိုပြုသည့် အင်္ဂလန်လွတ်တော်သည် ဥပဒေပြုအာဏာကိုပိုင်ဆိုင်သည့်အမြင့်ဆုံး နိုင်ငံ့အဖွဲ့အစည်းဖြစ်ပြီး တစ်ပြိုင်တည်းမှာပင် အစိုးရကလုပ်ဆောင်သည့် အကြောင်းကိစ္စအားလုံးကို ဝေဖန်ရန်ဆိုသည့်အရေးပါသော တာဝန်ဝတ္တရားကိုထမ်းဆောင်နေသည်။

အစိုးရသည်လွတ်တော်တွင် အများစုအင်အားရှိသည့် ပါတီ၏ ထောက်ခံမှုကို ရရှိထားသော်လည်း လွတ်တော်ထဲတွင် အတိုက်အခံပါတီသည် အမြဲတမ်းရှိနေပြီး အစိုးရ၏အစီအစဉ်များကို အစဉ်တစိုက်အပြစ်တင်ဝေဖန်ပြီး တိုက်ခိုက်သည်။ ဤသို့သောအနေအထားတွင် အစိုးရသည် သူ၏အစီအစဉ်များကို အကြိမ်ကြိမ်ရှင်းလင်းတင်ပြပြီးကာကွယ်ရသည်။ အစိုးရသည် ဤကဲ့သို့ တောက်လျှောက်ဆိုသလို သူတို့၏နိုင်ငံရေးမူဝါဒသည် မှန်ကန်မှုရှိသလားဆိုသည်ကို ပြန်ပြီးစဉ်းစားသုံးသပ်နေသကဲ့သို့ ဖြစ်နေသည်။ ပြည်သူများအနေဖြင့်လည်း အမြဲတမ်းနိုင်ငံရေးပြဿနာများ၏အရေးပါသည့် ဗဟိုချက်ကို ဝေဖန်ဆန်းစစ်သည့်အကြည့်များဖြင့် မျက်စိဒေါက်ထောက်ကြည့်နေသည့်သဘောဖြစ်သည်။ ထို့ကြောင့် နိုင်ငံရေးနှင့် ပတ်သက်သည့် ဝေဖန်ပြောဆိုသူများကို ပွင့်ပွင့်လင်းလင်းလုပ်ဆောင်နိုင်သည့် စင်မြင့်အဖြစ် လွတ်တော်သည် အရေးအပါဆုံးတာဝန်ကိုထမ်းဆောင်နေပြီး အင်္ဂလန်

လွတ်တော်သည်အရေးပါသည့်တာဝန်ကို စံပြအနေဖြင့် လုပ်ဆောင်နေသည်ဟု ပြောနိုင်ပေသည်။

သာမန်ပြည်သူများ၏လွတ်တော်အမတ်များကို အသက် (၂၁) နှစ်အထက် ကျား၊ မများက ရွေးချယ်တင်မြှောက်ကြသည်။ တစ်နည်းအားဖြင့် ကျား၊ မတန်းတူအခွင့်အရေးရှိသည့်၊ ပြီးပြည့်စုံသည့် ပုံမှန်ရွေးကောက်ပွဲဖြစ်သည်။ သို့ရာတွင် ယခုခေတ်အခြေ အနေမျိုးရောက်သည်အထိ အချိန်အကြာကြီးကြာခဲ့သည်။ ယခင်က မဲဆန္ဒရှင်များသည် ဥစ္စာစည်းစိမ်ရှိသည့် လူနည်းစုသာဖြစ်သဖြင့် လွတ်တော်သည်ပြည်သူများ၏ အမှန်တကယ် သဘောထားဆန္ဒများကို အနည်းငယ်မျှပင်ကိုယ်စားမပြုခဲ့ပေ။

ယင်းအနေအထားမှစ၍ တဖြည်းဖြည်းနှင့် မဲပေးနိုင်သည့်သူအဝန်းအဝိုင်းကို ချဲ့ထွင်လာခဲ့ပြီး ၁၉၂၈ ခုနှစ်ကိုရောက်မှ အမျိုးသမီးများလည်း အပြည့်အဝသာတူညီမျှဖြစ်သည့်မဲပေးပိုင်ခွင့်ကို ပထမဆုံးရလာခဲ့ကြသည်။ အင်္ဂလန်တွင် အမျိုးသမီးများမဲပေးပိုင်ခွင့်ရရှိရေးလှုပ်ရှားမှုသည် အခြေခံဥပဒေနှင့် အုပ်ချုပ်သည့် နိုင်ငံရေးစနစ်တိုးတက် ထွန်းကားလာမှုသမိုင်းတွင် အထူးထင်ရှားပေသည်။ အင်္ဂလန်ရှိသာမန်ပြည်သူများ၏လွတ်တော်ကပြည်သူဆန္ဒကို လုံးဝကိုယ်စားပြုသည့်အဖွဲ့အစည်းဖြစ်နေသည်။ တစ်ဖက်တွင် မြို့စားနယ်စားများ၏ လွတ်တော်သည်အစပိုင်းတွင် ဖေါ်ပြသကဲ့သို့အစဉ်အဆက်မင်းစိုးရာဇာများနှင့်ဖွဲ့စည်းထားသည့် လွတ်တော်ဖြစ်သည်။ မြို့စားနယ်စားများဆိုသည်မှာ သက်ဦးဆံပိုင်ပဒေသရာဇ်စနစ်၏ အကြွင်းအကျန်ဖြစ်သောကြောင့် မင်းစိုးရာဇာဆွေစဉ်မျိုးဆက်များက အမတ်ဖြစ်သည်ဆိုသည့်စနစ်သည် ပြည်သူပဓာနနိုင်ငံရေး၏ အခြေခံသဘောတရားအရကြည့်ပါက မသင့်လျော်သည်မှာ အမှန်ပင်ဖြစ်သည်။

သို့သော်လည်း အင်္ဂလန်တွင်မြို့စားနယ်စားလွတ်တော်၏ လုပ်ပိုင်ခွင့်အာဏာကို အကြီးအကျယ်လျှော့ချပြီး ဆက်လက်ထားရှိသည်။ ရှေးပိုင်းအခန်းတွင် ဖော်ပြထားသကဲ့သို့ မြို့စားနယ်စားလွတ်တော်၏အာဏာကိုလျှော့ချရန်လုပ်ဆောင်ခြင်းသည် ၁၉၁၁ ခုနှစ် လွတ်တော်ဥပဒေဖြစ်ပြီး ယင်းဥပဒေအရ ဥပဒေမူကြမ်းတစ်ရပ်သည် သာမန်ပြည်သူများ၏လွတ်တော်တွင်

သုံးကြိမ်၊ သုံးခါဆက်တိုက်အတည်ပြုခဲ့ရမည်ဆိုလျှင် မြို့စားနယ်စားလွှတ်တော်က အကြိမ်တိုင်းတွင်ပယ်ချခဲ့သည့်တိုင် ဘုရင်၏ခွင့်ပြုချက်ကိုရယူပြီး ဥပဒေအဖြစ်ပြဋ္ဌာန်းနိုင်လာခဲ့သည်။

မြို့စားနယ်စားလွှတ်တော်၏ ကန့်ကွက်ဆန့်ကျင်မှုကြောင့် ဥပဒေကို ပြဋ္ဌာန်းရန် အချိန်ကြာလာမည်ဖြစ်ပါက ပြည်သူလူထု၏ဝေဖန်မှုပြင်းထန်လာမည်ဖြစ်သောကြောင့် ပေါ့ပေါ့တန်တန်ဥပဒေပြဋ္ဌာန်းမှုမျိုးမဖြစ်အောင် ရှောင်ရှားနိုင်မည်ဆိုသည့်ဘက်တွင် အလွန်ထိရောက်မှုရှိပေသည်။ ထို့ကြောင့် လွှတ်တော်နှစ်ရပ်ထားရှိသည့်စနစ်သည် ကောင်းမွန်သည့်အချက်လည်းရှိသည်ကို လက်ခံရမည်ဖြစ်ပေသည်။

လူ့ဘောင်လောက၏ အခြေခံပေါ်တွင်တည်ဆောက်ပြီး ဘုရင်၏အထောက်အကူပြုပေးရင်း အုပ်ချုပ်ရေးကိုလက်တွေ့လုပ်ဆောင်နေသည်မှာ အစိုးရအဖွဲ့ဖြစ်သည်။ **အစိုးရဖွဲ့စည်းပုံနှင့် အခွင့်အာဏာများနှင့်ပတ်သက်ပြီး စည်းမျဉ်း (၃) ရပ်ရှိပေသည်-**

(၁) ဝန်ကြီးသည် လွှတ်တော်အမတ်ဖြစ်ရမည်။ သာမန်ပြည်သူများ၏ လွှတ်တော်အမတ်မှဖြစ်လာသည့် ဝန်ကြီးများသည် မြို့စားနယ်စားအမတ်ကြီးများထက် အရေးအတွက် ပိုများရမည်ဟု သတ်မှတ်ထားသည်။ ယင်းစည်းမျဉ်းကြောင့် အစိုးရအဖွဲ့၏လုပ်ဆောင်မှုများသည် စဉ်ဆက်မပြတ်ပြည်သူ့ကိုယ်စားလှယ်များ၏ လွှတ်တော်တွင် ဝေဖန်သတိပေးသည်များကို ခံရသည့် အနေအထားဖြစ်စေသည်။

(၂) ဝန်ကြီးတိုင်းသည် ပူးတွဲတာဝန်ခံကြရသဖြင့် ဝန်ကြီးဌာနအသီးသီး၏ လုပ်ငန်းတာဝန်များအတွက် ဝန်ကြီးအသီးသီးတွင် တာဝန်ရှိသော်လည်း အစိုးရ၏လုပ်ငန်းတစ်ခုလုံးအတွက် ဝန်ကြီးအားလုံးက တာဝန်ယူရကြရသည်။ ထို့ကြောင့် ဝန်ကြီးအားလုံးသည် တညီတညွတ်တည်းတူညီသည့် မူဝါဒနှင့်လုပ်ဆောင်သွားခြင်းဖြစ်သည်။

(၃) အစိုးရအဖွဲ့အပေါ် အယုံအကြည်မရှိအဆိုကို သာမန်ပြည်သူများ၏လွှတ်တော်က အတည်ပြုလိုက်လျှင်ဖြစ်ဖြစ်၊ အစိုးရအဖွဲ့၏ အသက်သွေးကြောဟုပြောနိုင်သည့် အရေးပါသော ဥပဒေမူကြမ်းပယ်ချခံရလျှင်ဖြစ်စေ၊ အစိုးရအဖွဲ့သည်နှုတ်ထွက်ရမည်ဆိုသည့် စည်းမျဉ်းကို ချမှတ်ထားသည်။ အစိုးရမနှုတ်ထွက်ဘဲ ယင်းအစား သာမန်ပြည်သူများ၏လွှတ်တော်ကိုဖျက်သိမ်း၊ ရွေးကောက်ပွဲလုပ်ပြီး ပြည်သူလူထုက မည်သူ့ကိုထောက်ခံသနည်းဟု မဲပေးရွေးချယ်စေခြင်းကိုလည်း လုပ်နိုင်သည်။

ယင်းကဲ့သို့သော စည်းမျဉ်းများကို ချောချောမွေ့မွေ့လုပ်ဆောင်သွားခြင်းအားဖြင့် အစိုးရသည် လွှတ်တော်ထဲတွင် ပြည်သူများအတွင်းနက်နက်ရှိုင်းရှိုင်းအမြစ်တွယ်နေသည့် ဒီမိုကရေစီနည်းလမ်းကျသည့် စနစ်ဖြစ်စေအောင် ထိန်းသိမ်းထားနိုင်သည်။

အင်္ဂလန်နိုင်ငံရေးဖွဲ့စည်းပုံသည် တစ်ချိန်တည်း၊ တစ်ပြိုင်နက်တည်း ပေါ်ပေါက်လာခြင်းမဟုတ်ပေ၊ ရှည်လျားလှသည့် သမိုင်းကြောင်းတစ်လျှောက် တဖြည်းဖြည်းတိုးတက်ပြောင်းလဲလာခဲ့ခြင်းပင်ဖြစ်သည်။ ပုံစံတည်ဆောက်ပုံသည်လည်း ဥပဒေအမျိုးမျိုးအရ စဉ်ဆက်မပြတ်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ စာသားအဖြစ်နှင့် ရေးသားထားခြင်းမဟုတ်မူဘဲ လုပ်ထုံးလုပ်နည်းဆိုင်ရာစည်းမျဉ်းများအပေါ် အမှီပြုထားသည့် အုပ်ငြိုးများလည်း အနည်းနှင့်အများဆိုသကဲ့သို့ရှိသည်။

အင်္ဂလန်သည် အခြေခံဥပဒေနှင့် အုပ်ချုပ်သည့် နိုင်ငံရေးစနစ်၏မြစ်ဖျားခံရာဟု ပြောကြသော်လည်း ဂျပန်နှင့် အမေရိကန်တို့ကဲ့သို့ တစ်ခုတည်းသောဥပဒေအဖြစ်နှင့် စစည်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမရှိပေ။ သို့ရာတွင် နိုင်ငံ၏အခြေခံအကျိုးအမြတ်များနှင့် ပတ်သက်သည့် ဥပဒေများကိုပြင်ဆင်သည့်အခါ မပြင်ဆင်မီ အထွေထွေရွေးကောက်ပွဲကို ကျင်းပ၍ ပြည်သူများ၏ဆန္ဒသဘောထားကို ခံယူရမည်ဆိုသည့် စည်းမျဉ်းရှိသော နိုင်ငံရေးလုပ်ထုံးလုပ်နည်းအရ ပေါ်ပေါက်လာခြင်းပင်ဖြစ်သည်။

အမေရိကန် ဒီမိုကရေစီစနစ်

ခေတ်သစ် ဒီမိုကရေစီစနစ်ပေါ် ပေါက်မလာခင် အစဉ်အဆက် ဆက်ခံသည့် ဘုရင်သည် နိုင်ငံ၏ အာဏာအားလုံးကို ချုပ်ကိုင်ထားခဲ့သည်။ ဥပမာ- ဘုရင်တစ်ဦးက စိတ်ရှူးပေါက်ပြီး ခွေးကိုနှိပ်စက်သည့် သူများကို သေဒဏ်ချမည်ဟု အမိန့်ထုတ်လိုက်သည်ဆိုလျှင် ယင်းသည် ဥပဒေဖြစ်သွားပြီး လူကိုကိုက်တတ်သည့် ခွေးကို တုတ်နှင့်ခြောက်လှန့် မောင်းနှင်ပါကလည်း သေဒဏ်အချခံရသည်။ မူလက ဥပဒေအဖြစ်မပြဋ္ဌာန်းထားသော်လည်း ခမ်းနားသည့် နန်းတော်ကြီးဆောက်ရန်အခွန်အတုပ်များကို အကြီးအကျယ် တိုးကောက်၍ရသည်။ သဘောမကျလျှင်မကျသကဲ့သို့ အောက်လက်ငယ်သားများကို ချက်ချင်းသတ်ပစ်၍ရသည်။

ဤသို့သော ရိုင်းစိုင်းသည့် အုပ်ချုပ်ရေး၊ တရားစီရင်ရေးများကြောင့် ပြည်သူများဒုက္ခမရောက်ရစေရန် မည်သို့လုပ်ကြမည်နည်း၊ ဥပမာ- အမေရိကန်တွင် ပြည်သူများကိုယ်စားပြုသူ လွှတ်တော်တွင် ဥပဒေကို ရေးဆွဲသည်။ ယင်းဥပဒေကို အုပ်ချုပ်ရေးတွင် အသုံးပြုသည့်အလုပ်ကို သမ္မတကလုပ်သည်။ ဥပဒေနှင့်အညီ တရားစီရင်ရန်အလုပ်ကို တရားရုံးက တာဝန်ယူသည်။ အာဏာသုံးရပ်ကို သီခြားစီခွဲပြီးကျင့်သုံးသည့် ပုံစံလုပ်ထားသည်။ ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာများကို အားလုံးပိုင်ထားလျှင် စိတ်တိုင်းကျရမ်းကားသည့် မည်သည့်အုပ်ချုပ်မှုမျိုးမဆိုလုပ်နိုင်သည့် အနေအထားဖြစ်နိုင်သည်။ အာဏာသုံးရပ်ကို သီးခြားစီခွဲထားပြီးသီးခြား အဖွဲ့အစည်းသုံးခုကို အပ်နှင်းလုပ်ကိုင်စေမှ ဖြစ်မည်ဆိုခြင်းသည် အာဏာကို သီးသန့်ခွဲဝေခြင်း သို့မဟုတ် အာဏာသုံးရပ် သီးခြားခွဲထားခြင်း အခြေခံသဘောတရားဖြစ်သည်။ ယင်းသဘောတရားကို အထင်အရှားဆုံးပုံဖော်နေသည်က အမေရိကန်ပြည်ထောင်စု၏ဖွဲ့စည်းပုံ အခြေခံဥပဒေပင်ဖြစ်သည်။

ဥပဒေပြုအာဏာကိုကျင့်သုံးသည်မှာ လွှတ်တော်၊ လွှတ်တော်သည် ဥပဒေကို ပြဋ္ဌာန်းသည့် တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်ပြီး သမ္မတသည် လွှတ်တော်က အတည်ပြုသည့်ဥပဒေကို ငြင်းပယ်ပိုင်ခွင့်ရှိသော်လည်း

အကြွင်းမဲ့လုပ်ပိုင်ခွင့်မရှိပေ၊ အုပ်ချုပ်ရေးအာဏာကိုပိုင်ဆိုင်ထားသည့် အုပ်ချုပ်ရေးအဖွဲ့၊ တရားစီရင်ရေးအာဏာပိုင်ထားသည့်တရားရုံးတို့သည် လွှတ်တော်က ပြဋ္ဌာန်းလိုက်သည့်ဥပဒေအရ ဖွဲ့စည်းထူထောင်ခြင်းဖြစ်ပြီး ဥပဒေနှင့်အညီလုပ်ဆောင်ကြရသည်။ လွှတ်တော်က သဘောတူထားသည့် ဘတ်ဂျက်အသုံးစရိတ်နှင့် လူပ်ရှားဆောင်ရွက်ရသည်။ ယင်းရှုထောင့်မှကြည့်ပါလျှင် လွှတ်တော်ကတာဝန်ယူထားသည့် လုပ်ငန်းများသည် အခြားသောနိုင်ငံ၏ လူပ်ရှားမှုအားလုံးအတွက် အခြေခံဖြစ်နေသည်ဟုဆိုရမည်။

အမေရိကန်တွင် ဆီးနိတ်ဟုခေါ်သည့် အထက်လွှတ်တော်နှင့် ပြည်သူ့ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသည့် အောက်လွှတ်တော်ဟူ၍ လွှတ်တော်နှစ်ရပ်ရှိသည်။ အမေရိကန်ပြည်ထောင်စုသည် ပြည်နယ် (၄၈) ခုနှင့် ဖွဲ့စည်းထားသည်။ အထက်လွှတ်တော်သည် ပြည်နယ်တစ်ခုချင်းစီမှ အညီအမျှ အမတ်နှစ်ယောက်စီဖြင့် ဖွဲ့စည်းထားသည်။ အောက်လွှတ်တော်သည် ပြည်နယ်၏ လူဦးရေအလိုက်သတ်မှတ်ထားသည့် အရေအတွက်နှင့်အညီ အမတ်အဖြစ်အရွေးခံရသူများနှင့် ဖွဲ့စည်းထားသည်။

ယင်းအတွက် ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူအဝန်းအဝိုင်းသည် အလွန်ကျယ်ပြန့်ပြီး သာတူညီမျှသတ်မှတ်ထားသည်။ ကျား၊ မ ခွဲခြားမှု မရှိသည့်အပြင် အသားအရောင်ခွဲခြားမှုလည်း တဖြည်းဖြည်းပျောက်ကွယ်လာနေသည်။ လူသားအားလုံး သာတူညီမျှမွေးဖွားလာခြင်းဖြစ်သည်ဆိုသည့် အချက်သည် အမေရိကန်လွှတ်လပ်ရေးကြေညာစာတမ်းတွင် အတိအလင်းရေးသားထားသည့် အဓိကအခြေခံသဘောထားဖြစ်သော်လည်း ယင်းအခြေခံသဘောထားကို နိုင်ငံရေးသာတူညီမျှအနေဖြင့် ပြည်ထောင်စုအုပ်ချုပ်ရေးစနစ်ထဲတွင် လိမ္မာပါးနပ်စွာထည့်သွင်းထားသည်ဟု ဆိုနိုင်သည်။

လွှတ်တော်၏အဓိကတာဝန်ဝတ္တရားသည် ဥပဒေပြုရန်ဖြစ်ပြီး လွှတ်တော်ကလွဲပြီး အခြားမည်သည့်အဖွဲ့အစည်းမှ ဥပဒေပြုနေ၌မပါဝင်ပေ။ ထို့ကြောင့် အမေရိကန်သမ္မတသည် လွှတ်တော်ကို ဥပဒေပြုရန်သတိပေးနိုင်သော်လည်း ဥပဒေရေးဆွဲနိုင်သောအာဏာကို မပိုင်ဆိုင်ပေ။

ဥပဒေကို လွတ်တော်တစ်ရပ်၏အတည်ပြုချက်ရသည့်အခါ ချက်ချင်း အခြားလွှတ်တော်ကို တင်ပြသည်။ ဥပမာ- ဆီးနိတ်လွှတ်တော်က ဥပဒေကို အရင်ဆုံးအတည်ပြုပြီးပြီဆိုပါက ယင်းဥပဒေကို ချက်ချင်းအောက်လွှတ်တော် သို့ပို့လိုက်သည်။ ယင်းကနေပြင်ဆင်မှုမရှိဘဲ၊ အတည်ပြုမည်ဆိုပါက လွှတ်တော် နှစ်ရပ်၏ ဥက္ကဋ္ဌများက လက်မှတ်ထိုးပြီး သမ္မတကိုတင်သည်။ သမ္မတ ယင်းကို သဘောတူပါက လက်မှတ်ထိုးပြီး ပြည်ထဲရေးဝန်ကြီးဌာနကို ပို့လိုက် သည်။ ပြည်ထဲရေးဝန်ကြီးဌာနက ပြည်သူလူထုကိုအသိပေးသည်။ သမ္မတက ဥပဒေကို ငြင်းပယ်သည့်အခါတွင် အကြောင်းပြချက်ကိုဖော်ပြပြီး စတင်၍ ဥပဒေကိုအတည်ပြုခဲ့သည့် လွှတ်တော်သို့ပြန်ပို့သည်။ သမ္မတက ငြင်းပယ် သော်လည်း လွှတ်တော်နှစ်ရပ်စလုံး၏ ၂/၃ ပုံကျော် အများစုအမတ်များက ဥပဒေကို နောက်တစ်ကြိမ်ထပ်မံအတည်ပြုမည်ဆိုပါက ယင်းဥပဒေသည် အတည်ဖြစ်ပေသည်။ သမ္မတ၏ငြင်းပယ်ပိုင်ခွင့်သည် အကြွင်းမဲ့အာဏာ မဟုတ်ပေ။

အမေရိကန်ပြည်ထောင်စု၏ အုပ်ချုပ်ရေးအာဏာဘက်တွင် အမြင့်ဆုံးအာဏာပိုင်မှာ သမ္မတဖြစ်သည်။ သမ္မတကို သာမန်ပြည်သူ များထဲမှ ဆန္ဒပေးရွေးချယ်ခြင်းဖြစ်သဖြင့် မည်မျှဆင်းရဲနွမ်းပါးသည့်မိသားစုက မွေးဖွားလာသည့် လူငယ်ပင်ဖြစ်စေကာမူ ကမ္ဘာ့အဆင့် (၁) နိုင်ငံကြီးတစ်ခု၏ သမ္မတဖြစ်နိုင်ပေသည်။ လေးနှစ်တစ်ကြိမ်ကျင်းပသည့် သမ္မတရွေးကောက်ပွဲသည် အမေရိကန်တစ်နိုင်ငံလုံးအတွက် အလွန်စိတ်လှုပ်ရှားစရာကောင်းသည့် ပွဲဖြစ်သည်။ သို့ရာတွင် သမ္မတကို ပြည်သူကတိုက်ရိုက်ရွေးချယ်ခြင်းမဟုတ်ဘဲ ပြည်သူများကအရင်ဆုံးသမ္မတရွေးချယ်ရေးကိုယ်စားလှယ်ကို ရွေးချယ်ကြ သည်။ ယင်းကိုယ်စားလှယ်များကသမ္မတကို ရွေးချယ်ခြင်းဖြစ်သည်။ အမေရိကန်သမ္မတရွေးကောက်ပွဲသည် သွယ်ဝိုက်ရွေးကောက်ပွဲဖြစ်သည်။

သမ္မတရွေးချယ်ရေးကိုယ်စားလှယ်သည် သူတစ်ဦးတည်း၏ သဘောနှင့် မဲပေးရွေးချယ်ခြင်းမဟုတ်ဘဲ၊ သူ၏မိခင်ပါတီကကြိုတင်ပြီး သတ်မှတ်ထားသည့်သမ္မတလောင်းကိုမဲပေးသည်။ ထို့ကြောင့် ပြည်သူများက ရွေးချယ်ရေးကိုယ်စားလှယ်ကို ရွေးသည့်အချိန်တွင် မည်သူသမ္မတအဖြစ်

အရွေးခံမလဲဆိုသည်ကို လက်တွေ့အားဖြင့် သတ်မှတ်ထားပြီးသားဖြစ်သွားသည့် သဘောပင်ဖြစ်ပါသည်။

ထို့ကြောင့် ပါတီများက မိမိတို့ပါတီ၏သမ္မတလောင်းကို ရွေးချယ်သည့်ပွဲသည် အလွန်အရေးပါသည်ဆိုသည့် အဓိပ္ပာယ်ဆောင်သည်။ အဓိက ပါတီကြီးနှစ်ခုဖြစ်သည့် ရီပတ်ဘလင်ကန်ပါတီနှင့် ဒီမိုကရတ်တစ်ပါတီများ၏ သမ္မတလောင်းရွေးချယ်ပွဲကို အစပြုပြီးကျင်းပမည့် ပြည်သူများ၏ရွေးချယ်ရေးကိုယ်စားလှယ်ရွေးကောက်ပွဲ အမေရိကန်ပြည်တွင်းတွင် နိုင်ငံရေးကိစ္စများနှင့် လှုပ်လှုပ်ရှားရှားစည်းကားနေတတ်သည်။ ယခုကဲ့သို့ လုပ်ဆောင်မှုများသည် ပြည်သူလူထု၏ နိုင်ငံရေးစိတ်ဓာတ်များကို မြင့်တက်လာစေသည့် အခွင့်အလမ်းလည်းဖြစ်နေပေသည်။

သမ္မတသည် အုပ်ချုပ်ရေးအာဏာကိုကျင့်သုံးရန်အတွက် အုပ်ချုပ်ရေးလုပ်ငန်းများကို ကူညီလုပ်ဆောင်ပေးမည့် သူများအဖြစ်ဝန်ကြီးများကို ရွေးချယ်ခန့်အပ်သည်။ ဝန်ကြီးများ၏အဖွဲ့ကို အစိုးရဟုခေါ်ကြသည်။ အစိုးရသည် သမ္မတ၏အောက်တွင်ရှိပြီး သမ္မတကိုအကူအညီပေးသည်။ ထို့ကြောင့် အစိုးရသည် သမ္မတအတွက်သာတာဝန်ရှိပြီး လွှတ်တော်အတွက် တာဝန်မရှိပေ။ အုပ်ချုပ်ရေးအာဏာကျင့်သုံးမှုအတွက် တာဝန်အားလုံးသည် သမ္မတတစ်ယောက်တည်း၌သာရှိသည်။

ထို့ကြောင့် အမေရိကန်သမ္မတသည် အုပ်ချုပ်ရေးတွင် သိသိသာသာ ကြီးမားသည့် အာဏာကိုပိုင်ဆိုင်ထားသည်။ အရေးပါသည့် အစည်းအဝေးတစ်ခုတွင်အားလုံးက လင်ကွန်းကိုဆန့်ကျင်ခဲ့ကြသည်။ သမ္မတလင်ကွန်းက ကန့်ကွက်မဲခုနစ်မဲ၊ ထောက်ခံမဲ တစ်မဲရှိသည်။ ထို့ကြောင့် ထောက်ခံသည်ဟုဆုံးဖြတ်သည်ဟုပြောသည်။ အာဏာသီးသန့်ခွဲဝေခြင်း အခြေခံမူကိုတင်းတင်းကျပ်ကျပ်ထိန်းသိမ်းထားသည့်အတွက် သမ္မတသည်လွှတ်တော်၏ လုပ်ငန်းများတွင် ဝင်မစွက်ဖက်ပေ။သို့သော်လည်း သမ္မတ၏မူဝါဒများကို လက်တွေ့ကျင့်သုံးရန်အတွက် အခြေခံဖြစ်သည့်ဥပဒေကို လွှတ်တော်က မပြုစု၍မရပေ၊ ထို့ကြောင့် လွှတ်တော်ကို လှုံ့ဆော်တွန်းအားပေးပြီး သူ၏မူဝါဒနှင့်ကိုက်ညီမည့်ဥပဒေပေါ်ပေါက်လာရန်လုပ်ဆောင်ခြင်းသည် သမ္မတ၏အစွမ်းအစပင်ဖြစ်သည်။ ယင်းအတွက် အများစုအင်အားရှိသည့် ပါတီ၏

လူပ်ရှားမှုအပေါ်မူတည် နေသည်ဟုဆိုသော်လည်း သမ္မတကိုယ်တိုင်က လိုအပ်သည်ဟု ယုံကြည်သည့်လုပ်ငန်းများနှင့် ပတ်သက်ပြီး လွှတ်တော်တွင် ဆွေးနွေးကြရန်သတိပေးနိုင်သည်။ သတိပေးချက်ကို သတင်းစကား(Message) အနေဖြင့် လွှတ်တော်ကိုပေးပို့သည်။ သတင်းစကားသည် စာအနေဖြင့် ရေးသားထားသည်ရှိသကဲ့သို့ သမ္မတကိုယ်တိုင်နှုတ်မှပြောသည်လည်းရှိသည်။

အာဏာသုံးရပ်ထဲမှ တရားစီရင်ရေးအာဏာကို ကျင့်သုံးခြင်းမှာ အထူးမဟုတ်ပေ။ သို့သော်လည်း အမေရိကန်တရားရုံးချုပ်သည် သာမန်တရားစီရင်ရေးအာဏာအပြင် လွှတ်တော်တွင်ရေးဆွဲသည့် ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုရှိမရှိဆုံးဖြတ်သည့်၊ အလွန်အရေးပါသည့်အာဏာကိုလည်းပိုင်ဆိုင်ထားသည်။ ယင်းကိုအခြေခံဥပဒေဆိုင်ရာ ချိုးဖောက်မှုသုံးသပ်စိစစ်ရေးအာဏာဟုခေါ်ပေသည်။

လွှတ်တော်ကရေးဆွဲသည့် ဥပဒေသည် အခြေခံဥပဒေ၏ အနှစ်သာရနှင့် ဆန့်ကျင်နေသည်ဟု တရားရုံးချုပ်က ဆုံးဖြတ်မည်ဆိုလျှင် ယင်းဥပဒေပြဋ္ဌာန်းခြင်းကိုပယ်ချနိုင်ပြီးရလဒ်အားဖြင့် ယင်းဥပဒေသည် အလိုအလျောက်သက်ရောက်မှုပျက်ပြားသွားသည်။ အခြေခံစည်းမျဉ်းသည် ထုံးတမ်းစဉ်လာအရပေါ်ပေါက်လာခြင်းဖြစ်ပြီး အခြေခံဥပဒေထဲတွင် ရေးသားထားခြင်းမဟုတ်ပေ။ သို့ရာတွင် အခြေခံစည်းမျဉ်းရှိနေသမျှ လွှတ်တော်၏ဥပဒေပြုအာဏာသည် နောက်ဆုံးအဆုံးအဖြတ်ပေးနိုင်ခြင်းမဟုတ်ဆိုသည့် အနေအထားရှိသည်။ လွှတ်တော်ဟုပြောသော်လည်း လူသားများ၏ အစုအဝေးဖြစ်ပြီး လူသားအစုအဝေးဖြစ်နေသမျှ ဆုံးဖြတ်ချက်များသည် အမြဲမှန်ကန်နေမည်မဟုတ်ပေ။ ထို့ကြောင့် **တရားရုံးချုပ်၏ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ချိုးဖောက်မှုသုံးသပ်စိစစ်ရေးအာဏာ**နှင့် လွှတ်တော်၏ကျူးလွန်သည့် လုပ်ရပ်များကိုထိန်းချုပ်ပြီး လွှတ်တော်တွင် မဲခွဲဆုံးဖြတ်မှု၏ရလဒ်များက အခြေခံဥပဒေ၏အနှစ်သာရကို ဆန့်ကျင်မှုမဖြစ်အောင် လုပ်နေခြင်းသည် အမေရိကန်စနစ်၏အကြီးဆုံးအသွင်အပြင်ဟု ပြောရမည်ဖြစ်သည်။

တရားရုံးဆိုသည် အခြေခံဥပဒေဆိုင်ရာတရားရုံးချုပ်နှင့် ဥပဒေအရာတည်ထောင်ထားသည့် အောက်အဆင့်တရားရုံးများနှင့် ဖွဲ့စည်းထားသည်။

ထို့ကြောင့် တရားရုံး၏ဖွဲ့စည်းပုံတွင် အသေးစိတ်အစိတ်အပိုင်းများကို လွှတ်တော်က ပြဋ္ဌာန်းထားသည့်ဥပဒေအရသတ်မှတ်ထားသည်။ အဓိပ္ပာယ်မှာ တရားရုံးချုပ်သည် လွှတ်တော်၏အခြေခံဥပဒေချိုးဖောက်မှုကို ကြပ်မတ်နိုင်သည့်အခွင့်အာဏာကို ပိုင်ဆိုင်နေသော်လည်း တရားရုံးများကိုမည်သို့တည်ထောင်ထားရှိမည်ဆိုခြင်းနှင့်ပတ်သက်၍ လွှတ်တော်၏အဆုံးအဖြတ်ကလွန်စွာအဓိကကျနေသည်။ ထို့ပြင် တရားရုံးချုပ်တွင် အလုပ်လုပ်နေသည့် တရားသူကြီးများနှင့် ပတ်သက်ပြီး အခြေခံဥပဒေတွင်ရာထူး၌ ရာသက်ပန်ရှိစေမည်ဟုဆိုထားသည်။

ယင်းကိုအကြောင်းပြုပြီး တရားရုံး၏သီးခြားလွတ်လပ်စွာရပ်တည်မှုကို အာမခံပေးထားသော်လည်း တစ်ဖက်တွင် တရားသူကြီးများကို ရွေးချယ်ရာတွင် သမ္မတကအထက်လွှတ်တော်၏ အတည်ပြုချက်ကိုရယူပြီး ခန့်အပ်ရမည်ဖြစ်သည်။ တရားရုံးချုပ်၏ရာထူးခန့်ထားသည့်အပိုင်းတွင် အုပ်ချုပ်ရေးအာဏာက ဝင်ရောက်စွက်ဖက်ခြင်းကို အသိအမှတ်ပြုထားသည်။ အမေရိကန်စနစ်သည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာသုံးရပ်ကို အကြမ်းအားဖြင့် ပြတ်ပြတ်သားသားသီးခြားခွဲထားရင်း တစ်ခုနှင့်တစ်ခုအကြားတွင် လိမ္မာပါးနပ်စွာဖြင့် ဆက်စပ်ထားပြီး အပြန်အလှန်ထိန်းကွပ်နိုင်အောင် သေချာစွာတွက်ချက်ထားသည်။

ဆွစ်ဇာလန်ဒီမိုကရေစီစနစ်

သားဖြစ်သူ၏ခေါင်းပေါ်တွင် ပစ်မှတ်အဖြစ်ထင်ထားသည့် ပန်သီးကို တည့်တည့်မှန်အောင်မြှားနှင့်ပစ်ခွင်း၊ အကယ်၍လွဲသွားခဲ့ပါက နောက်မြှားတစ်စင်းနှင့် အာဏာပိုင်ကိုပစ်ရန်လုပ်ခဲ့သည့် ဝီလီယမ်တေးလ်၏ဇာတ်လမ်းကို ကမ္ဘာတစ်လွှားက ကလေးငယ်များကောင်းကောင်းသိကြသည်။ ဆိုးသွမ်းသည့်အာဏာပိုင်ကိုတော်လှန်ပြီး အမိဆွစ်ဇာလန်နိုင်ငံ၏လွတ်လပ်ရေးကို စောင့်ရှောက်ထိန်းသိမ်းခဲ့သည့် သူ၏သတ္တိကို ဒီမိုကရေစီ၏လူစွမ်းကောင်းအဖြစ် သတ်မှတ်ရန်သင့်လျော်အပ်ပေသည်။ ရွေးခေတ်ကရာဇဝင်ဖြစ်သည်ဟုဆိုသော်လည်း ယနေ့ခေတ်တွင်လည်း ဆွစ်ဇာလန်ဒီမိုကရေစီ၏အရေးပါဆဲသည့် နမူနာတစ်ခုအဖြစ်ရှိနေပေသည်။

ဆွစ်ဇာလန်သည် အမေရိကန်ပြည်ထောင်စုကဲ့သို့ ပြည်ထောင်စု နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ပြည်နယ်များနှင့် ဖွဲ့စည်းထားသည်။ ဆွစ်ဇာလန် ပြည်ထောင်စုအစိုးရသည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍ သုံးခုခွဲထားပြီး ဥပဒေပြုကဏ္ဍကို ပြည်သူ့လွှတ်တော်နှင့် ပြည်ထောင်စု လွှတ်တော်များနှင့် ဖွဲ့စည်းထားရှိသည်။ ပြည်ထောင်စုလွှတ်တော်ကို ပြည်နယ် အသီးသီးက တန်းတူညီမျှအမတ်နှစ်ဦးစီကို ရွေးချယ်ဖွဲ့စည်းထားရာ အမေရိကန် အထက်လွှတ်တော်ဆင်တူပေသည်။ ပြည်သူ့လွှတ်တော်သည် ပါတီအလိုက် ရရှိသည့် မဲအရေအတွက်ပေါ်မူတည်ပြီး အမတ်အရေအတွက်ကို ခွဲဝေသည့် စနစ်အရ ပြည်နယ်အသီးသီးတွင် မဲပေးရွေးချယ်ထားသည့် ၂၀၀ ခန့်ရှိသည့် အမတ်များနှင့် ဖွဲ့စည်းထားသည်။

ပါတီအသီးသီးသည် ပြည်သူလူထု၏ထောက်ခံမှုနှင့် ကိုက်ညီသည့် အမတ်အရေအတွက်ကို ရနိုင်သည်ဆိုသည့်အထူးစီမံထားသည့် ရွေးကောက်ပွဲ နည်းလမ်းပင်ဖြစ်သည်။ မဲပေးပိုင်ခွင့်မှာ အသက်(၂၀)ကျော် အမျိုးသား များကိုသတ်မှတ်ပြီး အမျိုးသမီးများနိုင်ငံရေးတွင် ပါဝင်လုပ်ဆောင်ခြင်းကို အသိအမှတ်မပြုသေးပေ။ ၁၉၇၁ ခုနှစ်မှသာ အမျိုးသမီးများနိုင်ငံရေး လုပ်ခွင့်ရကြသည်။ ရွေးကောက်ပွဲသည် အမေရိကန်ပြည်ထောင်စုနှင့် အခြားနိုင်ငံများကဲ့သို့ ပွဲတော်တစ်ခုပမာအကြီးအကျယ်လုပ်ခြင်းမျိုး မဟုတ်ဘဲ မဲပေးမည့်သူအရေအတွက်နည်းပြီး နိုင်ငံရေးပြဿနာများကို ခေါင်းအေးအေးနှင့် စဉ်းစားဆုံးဖြတ်နေသည့်အချက်မှာ များစွာလေ့လာ အတုယူသင့်လှသည်။

ဆွစ်ဇာလန်အစိုးရ၏ အုပ်ချုပ်ရေးပိုင်းတွင် ထူးခြားသည့်ဖွဲ့စည်းပုံရှိ ပေသည်။ များသောအားဖြင့် အုပ်ချုပ်ရေးအာဏာပိုင်ဆိုသည် ဘုရင် သို့မဟုတ် သမ္မတတစ်ယောက်သာရှိသော်လည်း ဆွစ်ဇာလန်တွင် လူအများ အပြားခန့်ထားသည်။ **ပြည်ထောင်စုကောင်စီ**ဟုခေါ်ပြီး လွှတ်တော်နှစ်ရပ်က ရွေးချယ်ထားသည့် ကောင်စီဝင်ခုနစ်ဦးနှင့် ဖွဲ့စည်းထားသည်။ နှစ်တိုင်း လွှတ်တော်နှစ်ရပ်မှက်နှာစုံညီအစည်းအဝေးတွင် ကောင်စီဝင်များထဲမှ ဥက္ကဋ္ဌကိုရွေးချယ်ပြီး ဆွစ်ဇာလန်ပြည်ထောင်စုသမ္မတရာထူးခန့်အပ်သည်။

သို့ရာတွင် သမ္မတသည်ကောင်စီဥက္ကဋ္ဌအနေဖြင့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် အတည်ပြုသည့်အခွင့်အာဏာရှိသည် ဆိုခြင်းထက်မပိုပေ။ ထို့ကြောင့် သမ္မတရာထူးအရသာ ပြည်ထောင်စုသမ္မတဖြစ်ပြီး အခမ်းအနားများတွင် နိုင်ငံကိုကိုယ်စားပြုရန် သက်သက်ပင်ဖြစ်သည်။

ဆွစ်ဇာလန်စနစ်၏ အထူးခြားဆုံးအချက်မှာ တိုက်ရိုက်ဒီမိုကရေစီထွန်းကားသည့် အချက်ဖြစ်သည်။ အရေးပါသည့် ဥပဒေမူကြမ်းများကို ဥပဒေပြုလွှတ်တော်များတွင် ဆွေးနွေးပြီးနောက် ပြည်သူ့ဆန္ဒခံယူပွဲနှင့် ပြည်သူများက တိုက်ရိုက်အတည်ပြုပြီး ဥပဒေအဖြစ်ပြဋ္ဌာန်းသည်။ ၄င်းအပြင် ပြည်သူများထဲတွင် အတိုင်းအတာတစ်ခုအထိ မဲဆန္ဒရှင်များ၏တူညီသည့် သဘောထားများစုစည်းမိသည်ဆိုပါက ပြည်သူများဘက်က ဥပဒေမူကြမ်းကို တင်သွင်းပြီး ဥပဒေလွှတ်တော်က ယင်းကိုအတည်ပြုသည့်နည်း၊ သို့မဟုတ် ပြည်သူများက မဲပေးအတည်ပြုသည့်နည်း၊ တစ်နည်းနည်းကိုသုံးပြီး ဥပဒေကို ရေးဆွဲပြဋ္ဌာန်းသည်။ ပထမနည်းသည် ပြည်သူ့ဆန္ဒခံယူသည့်နည်းဖြစ်ပြီး နောက်နည်းမှာ ပြည်သူများကစတင်သည့်နည်းဖြစ်သည်။ ဤနည်းကို အမေရိကန်ပြည်ထောင်စု ပြည်နယ်အချို့တွင် အလားတူသုံးစွဲနေသည်ကို တွေ့ရသည်။ ထို့ကြောင့် အမေရိကန်ပြည်ထောင်စုသည် ပြည်ထောင်စုတစ်ခုလုံးအနေဖြင့် သွယ်ဝိုက်ဒီမိုကရေစီဆန်သော်လည်း အချို့သောပြည်နယ်များတွင် တိုက်ရိုက်ဒီမိုကရေစီစနစ်ကို အတိုင်းအတာတစ်ခုအထိ ပေါင်းစပ်သုံးစွဲနေသည်ဟု ဆိုနိုင်သည်။

တိုက်ရိုက်ဒီမိုကရေစီစနစ်သည် ပြည်သူလူထု၏ ဆန္ဒသဘောထားအရ ဥပဒေပြုမှုနှင့်ဆိုင်သော ပြဿနာများကို တိုက်ရိုက်ဖြေရှင်းခြင်းဖြစ်သည့်အတွက် ဒီမိုကရေစီစနစ်တစ်ခုအနေဖြင့် အပြည့်အဝဆုံးကျင့်သုံးသည့်ပုံစံဖြစ်သည်။ သို့သော်တစ်ဖက်ကကြည့်လျှင် ဥပဒေပြဿနာများဆိုသည် အလွန်ရှုပ်ထွေးပြီးခက်ခဲပေသည်။ ထို့ကြောင့် ပြည်သူအများစုသည် ဥပဒေနှင့်ပတ်သက်ပြီး နှံ့စပဲကျွမ်းကျင်သည်ဟုမဆိုနိုင်ပေ၊ ခက်ခဲသည့် ဥပဒေဆိုင်ရာပြဿနာကို ဥပဒေနှင့်ပတ်သက်သည့် အသိပညာပြည့်ပြည့်ဝဝမရှိသည့် ပြည်သူများက တိုက်ရိုက်မဲပေးဆုံးဖြတ်မည်ဆိုပါက ထင်သလိုလုပ်ခြင်း

မျိုး၊ မတော်တဆအကြောင်းတိုက်ဆိုင်ခြင်းများကြောင့် အနေအထား ပြောင်းလဲသွားခြင်းမျိုးဖြစ်နိုင်သော အန္တရာယ်ရှိပေသည်။

၄င်းသည်တိုက်ရိုက်ဒီမိုကရေစီနှင့် ပတ်သက်ပြီးသဘောထားကွဲလွဲစရာအချက်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ၊ ပြည်သူများ၏နိုင်ငံရေးအသိစိတ်ဓာတ် မြင့်မားခြင်းမရှိပါက တိုက်ရိုက်ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်လျှင် ရလဒ်ကောင်းများသေချာပေါက်ရမည်ဟု မမျှော်မှန်းနိုင်ပေ။

ဒီမိုကရေစီစနစ်တွင် ဤသို့ပင်ပုံစံအမျိုးမျိုးရှိသည်။ ယင်းအထဲမှ အင်္ဂလန်၊ အမေရိကန်နှင့် ဆွစ်ဇာလန်နိုင်ငံများ၏ နမူနာသုံးခုကို လေ့လာခြင်းပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေးတည်ဆောက်ပုံဆိုသော်လည်း ခေတ်ကာလအလိုက် တဖြည်းဖြည်းပြောင်းလာခြင်းဖြစ်သဖြင့် ဆက်၍ပြောင်းလဲနေမည်မှာမလွဲပေ။ ဒီမိုကရေစီသည် ရှင်သန်နေမှုသည် သက်ရှိကဲ့သို့အစဉ် မပြတ်ကြီးထွားလာနေသည်။ သို့ရာတွင်အခြေခံသဘောတရား၊ တစ်နည်းအားဖြင့် လွတ်လပ်စွာဖော်ထုတ်သည့် ပြည်သူများ၏ဆန္ဒသဘောထားများနှင့် ပြည်သူများက မိမိတို့အတွက် နိုင်ငံရေးမူဝါဒကိုချမှတ်၊ ပြည်သူများက လွတ်လပ်စွာရွေးချယ်ထားသည့် ကိုယ်စားလှယ်များကို ယင်းမူဝါဒများဖြင့် အကောင်အထည်ဖော်စေသည့် သဘောထားသည် အမြဲတမ်းတစ်ခုတည်းသာဖြစ်ပြီး မည်သည့်အခါမျှ ပြောင်းလဲမည်မဟုတ်ပေ။

အခန်း(၄)
မဲပေးပိုင်ခွင့်

ပြည်သူ့ကိုယ်စားလှယ်ရွေးကောက်ခြင်း

ဒီမိုကရေစီနိုင်ငံရေးဆိုသည်မှာ ပြည်သူလူထုပါဝင်သည့် နိုင်ငံရေးဖြစ်သည်။ ဤသို့ဆိုသော်လည်းပြည်သူအားလုံးက နိုင်ငံရေးအလုပ်များကို တကယ်ပါဝင်လုပ်ဆောင်ရန် မဖြစ်နိုင်ပါ။ ထို့ကြောင့် ဒီမိုကရေစီနိုင်ငံရေးတွင် အခြေခံအားဖြင့် ပြည်သူ့ကိုယ်စားလှယ်များကဆောင်ရွက်သည့် နိုင်ငံရေးအဖြစ်နှင့် လူပ်ရှားလုပ်ကိုင်ကြသည်။ ပြည်သူလူထုသည် မိမိတို့ထဲမှ မိမိတို့ကိုယ်စားပြုသည့် ကိုယ်စားလှယ်ကိုရွေးချယ်ကြသည်။

ပြည်သူ့ကိုယ်စားလှယ်များသည် ပြည်သူများ၏သဘောထားကို အခြေခံပြီး နိုင်ငံရေးကိုလုပ်ဆောင်ကြသည်။ ထို့ကြောင့်ရွေးကောက်ပွဲပြုလုပ်သည့် ပြည်သူများ၏နယ်ပယ်အတိုင်းအတာက ပိုမိုကျယ်ပြန့်သည်နှင့်အမျှ ရွေးကောက်တင်မြောက်ခံရသည့် ပြည်သူ့ကိုယ်စားလှယ်များသည် ပြည်သူ့ဆန္ဒကိုပိုပြီးထင်ဟပ်သည်၊ ကိုယ်စားပြုသည်ဟု ပြောနိုင်သည်။ ထို့အပြင်ရွေးကောက်ပွဲနှင့်ပတ်သက်သည့် ပြည်သူလူထု၏အတွေးအခေါ်ကမြင့်မားသည်နှင့် အမျှ ထက်မြက်ပြီးအရည်အချင်းရှိသည့် ပြည်သူ့ကိုယ်စားလှယ်များလက်ထဲသို့ နိုင်ငံရေးကို အပ်နှံနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ရွေးကောက်ပွဲကို ကျကျနန၊ မှန်မှန်ကန်ကန်ကျင်းပနိုင်မှသည် ဒီမိုကရေစီနိုင်ငံရေးကိုအောင်မြင် အောင်လုပ်ဆောင်နိုင်ခြင်း၏ အဓိကကျသည့် သော့ချက်ဖြစ်သည်ဟု ပြောမည်ဆိုပါကလွန်မည်မထင်ပါ။

ပြည်သူ့ကိုယ်စားလှယ်များသည် အမျိုးအစားအမျိုးမျိုးရှိပြီး ယင်းတို့တွင် အထူးသဖြင့် အရေးကြီးသည်မှာ ပြည်သူများ၏ကိုယ်စား ဥပဒေကိုရေးဆွဲပေးသည့် လွှတ်တော်အမတ်များဖြစ်သည်။ သို့ရာတွင် လွှတ်တော်ဟုတစ်ခွန်းတည်းပြောလျှင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသန္တရ လွှတ်တော်များလည်းရှိပြီး အဓိပ္ပာယ်ကောက်လွဲနိုင်သည့်အတွက် နိုင်ငံလုံး ဆိုင်ရာအတိုင်းအတာနှင့် လွှတ်တော်ကိုရည်ညွှန်းသည့် အခါမျိုးတွင် ပြည်သူ့လွှတ်တော်ဟု နားလည်ရမည်ဖြစ်သည်။ ပြည်သူ့လွှတ်တော်ကရေးဆွဲ လိုက်သည့် ဥပဒေသည် ပြည်သူများ၏နေ့စဉ်ဘဝတွင် စည်းမျဉ်းစည်းကမ်း များ သတ်မှတ်ပေးလိုက်ခြင်းဖြစ်သလို၊ အစိုးရကတိုင်းပြည်ကိုအုပ်ချုပ်ရာ တွင်သုံးသည့်နည်းစနစ်တစ်ခုလည်း ဖြစ်လာသည်။ ထို့ကြောင့် ဥပဒေကောင်းရင် ကောင်းသလောက် နိုင်ငံရေးသည်လည်းကောင်းမွန်လာမည်ဖြစ်သည်။ ဥပဒေကောင်းတစ်ရပ်ကိုရေးဆွဲနိုင်ရန်အတွက် ပြည်သူ့လွှတ်တော်အနေဖြင့် ပြည်သူ့သဘောထားကိုအမှန်အကန်ကိုယ်စားပြုသည့် သူများနှင့်ဖွဲ့စည်း ရမည်ဖြစ်သည်။ ပြည်သူ့လွှတ်တော်တွင် လူတော်လူကောင်းများကို ထားရှိနိုင်ရန်အတွက် ပြည်သူလူထုကိုမဲပေးခွင့်ပေးထားသကဲ့သို့မဲပေးခွင့်ကို ပြည်သူလူထုက မှန်မှန်ကန်ကန်အသုံးချပြီးရွေးချယ်ကြရမည်ဖြစ်သည်။

သက်ဦးဆံပိုင်အုပ်ချုပ်ရေး၊ အာဏာရှင်အုပ်ချုပ်ရေးများတွင် သက်ဦးဆံပိုင်အုပ်ချုပ်သူတစ်ဦး သို့မဟုတ် အာဏာရှင်တစ်ဦးနှင့် ယင်းတို့ ပတ်ဝန်းကျင်တွင်ရှိသည့် လက်တစ်ဆုပ်စာလူနည်းစုကအာဏာကို အပြည့် အဝချုပ်ကိုင်ထားလေ့ရှိသည်။ အဆိုပါသူများသည် မိမိစိတ်ကြိုက်ထင်သလို အာဏာကိုအသုံးပြုပြီး ပြည်သူများ၏ ဘဝကိုဖိနှိပ်ချုပ်ချယ်သည့်အပြင် အခွင့်အရေးများကိုဆုံးရှုံးအောင်လုပ်လေ့ရှိကြသည်။ ယင်းအန္တရာယ်ကို ကာကွယ်ရန်အတွက် အချုပ်အခြာအာဏာမှန်သမျှကို တည်ဆဲဖြစ်သော ဥပဒေလမ်းကြောင်းမှ သွေဖည်မသွားစေရန် ထိန်းချုပ်သတ်မှတ်ခြင်းသည် ဒီမိုကရေစီနိုင်ငံရေး၏ ကြီးမားသည့်အရေးပါသည့် အချက်ဖြစ်သည်။ သက်ဦးဆံပိုင် အုပ်ချုပ်ရေး၊ အာဏာရှင်အုပ်ချုပ်ရေးများတွင် ဥပဒေမရှိဟု ပြော၍မရသော်လည်း ယင်းဥပဒေသည် သက်ဦးဆံပိုင်အာဏာရှင် တစ်ဦးတစ်ယောက်က တစ်ဖက်သတ်ရေးဆွဲထားသည့် ဥပဒေများဖြစ်သည်။

သို့ရာတွင် ဒီမိုကရေစီနိုင်ငံရေးစနစ်အောက်တွင် ဥပဒေရေးဆွဲသူများသည် ဘုရင်လည်းမဟုတ်၊ သမ္မတလည်းမဟုတ်၊ ဝန်ကြီးချုပ်လည်းမဟုတ်၊ ပြည်သူလူထုကိုယ်တိုင်သာဖြစ်သည်။ ဘုရင်ဖြစ်စေ၊ သမ္မတဖြစ်စေ၊ ဝန်ကြီးချုပ်ဖြစ်စေ၊ အခြားအုပ်ချုပ်ရေးဆိုင်ရာအလုပ်ကို လုပ်ကိုင်နေသူအားလုံးအနေဖြင့် ပြည်သူလူထုကရေးဆွဲထားသည့်ဥပဒေကို လေးစားလိုက်နာရမည်ဖြစ်သည်။ ဤနေရာတွင် ပြည်သူလူထုကဥပဒေကို တိုက်ရိုက်ရေးဆွဲခြင်းမပြုဘဲ လူထုကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသည့်လွှတ်တော်ကို တာဝန်ပေးအပ်ရေးဆွဲစေလေ့ရှိကြသည်။ လွှတ်တော်၏လုပ်ငန်းတာဝန်သည် ဤမျှအထိအရေးပါသည်၊ အရည်အချင်းနှင့်ပြည့်စုံပြီး သစ္စာရှိဖြောင့်မတ်သည့် လွှတ်တော်အမတ်များကို ရွေးချယ်နိုင်ရန်သည် ပြည်သူလူထုအတွက် မည်မျှအထိအရေးပါသည်ဆိုသည်ကို ယခုဆိုလျှင် သေသေချာချာနားလည် သဘောပေါက်လာပြီဟုယူဆသည်။

ဥပဒေပြုတာဝန်ကိုလွှတ်တော်တစ်ခုတည်းကိုသာ ပုံအပ်တာဝန်ပေးထားခြင်းသည် မကောင်းဘူးဟုပြောကြသည်လည်းရှိသည်။ လွှတ်တော်တွင် ဥပဒေပြုရုံနှင့် ပြည်သူလူထု၏ဆန္ဒအစစ်အမှန်ကို ဖြည့်ဆည်းပေးနိုင်မည့်ဥပဒေများကျိန်းသေပေါက်ထွက်ပေါ်လာမည်ဟု တရားသေသတ်မှတ်ထား၍မရပါ။ လွှတ်တော်တွင် အမတ်နေရာအများစုရထားသည့် ပါတီတစ်ခု၏ စဉ်းစားဆုံးဖြတ်ချက်တစ်ခုတည်းနှင့်ဆိုပါက ပြည်သူလူထု၏ဆန္ဒနှင့် သွေဖည်သည့် ဥပဒေများထွက်ပေါ်လာပြီး ယင်းဥပဒေများအောက်တွင် နိုင်ငံရေးကိုလုပ် ဆောင်လိုက်ရသည်မျိုးရှိနိုင်သည်။ ထို့ကြောင့် ဥပဒေ ပြုစုသည့်အခါ ပြည်သူလူထုကတိုက်ရိုက်မဲပေးပြီးဆုံးဖြတ်လုပ်ဆောင်ရန်လိုအပ်သည်။ ယင်းအဆိုကို လက်တွေ့အကောင်အထည်ဖော်သည်ကတော့ ယခင်အခန်း (၃)တွင် ဖော်ပြခဲ့သည့် ရိုးစင်းသည့်ဒီမိုကရေစီသို့မဟုတ်တိုက်ရိုက်ဒီမိုကရေစီ စနစ်ဖြစ်သည်။

ယနေ့ခေတ်လွှတ်တော်၏ဥပဒေများသည် အလွန်တရာရှုပ်ထွေးမှုရှိသည့် အနေအထားသို့ပြောင်းလဲလာနေသည်။ ထို့ကြောင့် ဥပဒေကောင်းတစ်ခုကိုရေးဆွဲနိုင်ရန်အတွက် သက်ဆိုင်ရာဗဟုသုတလည်း ဖြစ်ပေါ်လာမည့်အကျိုးအမြတ်နှင့် ထိခိုက်ဆုံးရှုံးမှုကို သေသေချာချာစဉ်းစားပြီးမှလုပ်ဆောင်ရမည်ဖြစ်သည်။ ယင်းအတွက် ဥပဒေနှင့် ပတ်သက်ပြီး အတွေ့

အကြံုနည်းသူ အများစုပါဝင်သည့် ပြည်သူလူထုက ဖြစ်သလိုဆုံးဖြတ်ချက်ချခြင်း၊ ပုဂ္ဂလိကခံစားချက်နှင့်ဆုံးဖြတ်ခြင်းတို့ဖြင့် မဲပေးမည်ဆိုပါက အပင်ပန်းခံပြီးကြိုးစားပမ်းစားရေးဆွဲထားသည့် ဥပဒေမူကြမ်းတစ်ခုသည် အပယ်ခံလိုက်ရသည်မျိုးလည်းရှိသည်။ သန်းချီရှိသည့်လူထုနေထိုင်သည့် နိုင်ငံတစ်နိုင်ငံတွင် ဥပဒေမူကြမ်းတစ်ခုချင်းတစ်ခုချင်းကိုလူထုကိုတင်ပြ၊ ယင်းနောက် အတည်ပြုမပြုစသည့်အဆင့်များကိုလုပ်ဆောင်ရန်သည်လည်း အင်မတန်လက်ဝင်ပြီး အချိန်လည်းကုန်သည်။ ထိုကြောင့်လက်တွေ့တွင် ဥာဏ်အမြော်အမြင်နှင့်ပြည့်စုံပြီး အတွေ့အကြုံကြွယ်ဝသည့်လွှတ်တော်အမတ်များနှင့် လွှတ်တော်ကိုဖွဲ့စည်းပြီး ဥပဒေပြုအာဏာကို လွှတ်တော်ကိုပေးအပ်လိုက်သည်။ ပြည်သူလူထုသည် လွှတ်တော်အမတ်များကိုရွေးချယ်ပေးသည့်နည်းလမ်းက ပိုပြီးအဆင်ပြေသည်။ ယင်းသည် ကိုယ်စားပြုဒီမိုကရေစီတစ်နည်းအားဖြင့် သွယ်ဝိုက်ဒီမိုကရေစီစနစ်ဖြစ်ပြီး ယနေ့ခေတ်ဒီမိုကရေစီနိုင်ငံအများစုသည် ယင်းနည်းကို သတ်မှတ်အသုံးပြုနေကြသည်။

ထို့ကြောင့် ဒီမိုကရေစီနိုင်ငံရေးမည်မျှအထိ ထွန်းကားလာမည်ကို လွှတ်တော်အမတ်ခန့်အပ်ရာတွင် လူကောင်းကိုရွေးချယ်သလား၊ မရွေးချယ်ဘူးလားဆိုခြင်း အပေါ်မူတည်၍ ကွာခြားသွားမည်ဖြစ်သည်။ ရွေးကောက်ပွဲသည် ပြည်သူလူထုတစ်ဦးတစ်ယောက်ချင်းစီက အမှန်တကယ်စိတ်ချယုံကြည်ရသည့် လူပုဂ္ဂိုလ်ကိုရွေးပြီး မိမိတို့၏ကိုယ်စားလှယ်အဖြစ် အရေးကြီးသည့်ဥပဒေများကိုရေးဆွဲရန်အာဏာကို လွှဲပြောင်းပေးအပ်ခြင်းဖြစ်သည့်အတွက် လေးလေးနက်နက်လုပ်ဆောင်ရမည်ဖြစ်သည်။ သို့ရာတွင် ရွေးကောက်ပွဲအတွက် ဝင်ရောက်ယှဉ်ပြိုင်သူများထဲတွင် ကိုယ့်အတွက် မဲရအောင် နည်းအမျိုးမျိုးလုပ်နေသည့် သူများလည်းပါသောကြောင့် မဲဆန္ဒရှင်များအကြိုက်လိုက်ပြီး ကောင်းကွက်များကို သာရွေးချယ်ပြောဆိုခြင်း၊ မဖြစ်နိုင်သည့်ကတိစကားများကိုပေးခြင်းအစရှိသည်များကို လုပ်ဆောင်သည့် သူများရှိကြသည်။ ယခုကဲ့သို့ ဆွဲဆောင်မှုများနောက်သို့ပါမသွားဘဲ အတုများထဲက ရတနာအစစ်ကို ရွေးချယ်ဖော်ထုတ်နိုင်ရန်မှာ ပြည်သူလူထု၏အသိဉာဏ်ပညာလိုအပ်ပါသည်။ ပြည်သူ့ကိုယ်စားလှယ်များက ဥပဒေကောင်းများကိုရေးဆွဲပြီး ကောင်းမွန်သည့်နိုင်ငံရေးကို လုပ်ဆောင်စေရန်အတွက်၊ ပထမအဓိကကျသည့်အချက်မှာ ပြည်သူလူထု၏နိုင်ငံရေးဆိုင်ရာ

အသိဉာဏ်ပညာ မြင့်မားနေရန်ဆိုသည့်အချက်ဖြစ်သည်။ ရွေးချယ်သည့် ပြည်သူလူထု၏အမြင်သည် စူးရှထက်မြက်မည်ဆိုပါက ထက်မြက်သည့် ကိုယ်စားလှယ်ကောင်းများကို ရွေးချယ်နိုင်မှာဖြစ်ပြီး မိမိတို့၏သာယာ ချမ်းမြေ့မှုကို ဆောင်ကြဉ်းပေးနိုင်သည့်နိုင်ငံရေးကိုတည်ဆောက်နိုင်မှာ ဖြစ်သည်။

ဥပဒေရေးဆွဲခြင်းသည် လွှတ်တော်၏အရေးအကြီးဆုံးလုပ်ငန်း တစ်ခုဖြစ်သော်လည်း မည်မျှလောက်အထိကောင်းသည့် ဥပဒေကို ရေးဆွဲနိုင်ပါစေ၊ ယင်းကို နည်းမှန်လမ်းမှန်နှင့်အသုံးမချနိုင်လျှင်လည်း နိုင်ငံရေးတွင် ရလဒ်ကောင်းများမည်သည့်အခါမှထွက်ပေါ်လာနိုင်မည် မဟုတ်ပါ။ ဥပဒေကို လက်တွေ့ဆောင်ရွက်ရာတွင် တရာရုံးဆိုသည်နေရာရှိ သော်လည်း နိုင်ငံရေးကဏ္ဍတွင် ဥပဒေကိုကျင့်သုံးခြင်းက အစိုးရဖြစ်သည်။ ထို့ကြောင့် နိုင်ငံရေးကို ချောချောမွေ့မွေ့ဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်နှင့် အစိုးရကြားတွင် အပေးအယူမျှမျှတတနှင့် လုပ်ဆောင်ရန် အရေးကြီးသည်။ ဤနေရာတွင် ဒီမိုကရေစီနိုင်ငံအများစုသည် လွှတ်တော်နှင့် ဟန်ချက်ညီညီလက်တွဲသွားနိုင်မည့် အစိုးရမျိုးကိုတည်ဆောက်နိုင်ရန် အစီအစဉ်များကို ပြုလုပ်ထားလေ့ရှိကြသည်။ ဂျပန်ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်တွင် "အစိုးရအဖွဲ့ဝန်ကြီးချုပ်ကို လွှတ်တော်၏ ဆုံးဖြတ်ချက်နှင့် လွှတ်တော်အမတ်များထဲမှရွေးချယ်ရမည်" ဟုပါရှိခြင်းသည် ယင်းအတွက် ကြောင့်ဖြစ်သည်။ ထို့ကြောင့် ပြည်သူလူထုက ပြည်သူ့ကိုယ်စားလှယ်ဖြစ် သည့်လွှတ်တော်အမတ်ကိုရွေးကောက်တင်မြှောက်ခြင်းသည် သာမန် လွှတ်တော်အမတ်တစ်ဦးကို ရွေးချယ်လိုက်ရုံသာမကဘဲ တစ်ချိန်တည်းတွင် နိုင်ငံကိုတိုက်ရိုက်အုပ်ချုပ်သည့် အစိုးရအဖွဲ့၏ ထိပ်ဆုံးခေါင်းဆောင်ကို ရွေးချယ်လိုက်ခြင်းလည်းဖြစ်သည်။ ရွေးကောက်ပွဲ၏အရေးပါမှုသည် ယခုလောက်အထိကြီးမားသည်ဟုပြောရမည်ဖြစ်သည်။

ရွေးကောက်ပွဲကျင်းပနည်းများ

လွှတ်တော်သည်နိုင်ငံရေး၏ကျောရိုးမကဲ့သို့ဖြစ်သည့် ဥပဒေကို ရေးဆွဲခြင်း၊ ဥပဒေကိုလက်တွေ့ကျင့်သုံးပြီး နိုင်ငံကိုအုပ်ချုပ်မည့် အစိုးရ၏ခေါင်းဆောင်ကိုဆုံးဖြတ်ပေးခြင်းများကို ဆောင်ရွက်ပေးသည်။

ထို့ကြောင့် နိုင်ငံတစ်နိုင်ငံ၏နိုင်ငံရေးဦးတည်ရာလမ်းကြောင်းကို လွှတ်တော်က ဆုံးဖြတ်ပေးသည်ဟုပြောမည်ဆိုလျှင်လည်းမမှားပေ။ သို့ရာတွင် မည်သည့် လမ်းကြောင်းကိုသွားလျှင်ကောင်းမည်ဟုဆိုခြင်းနှင့် ပတ်သက်၍ အမြင်များ အမျိုးမျိုးကွဲပြားလေ့ရှိသည်။ ယခုကဲ့သို့ အမြင်ကွဲပြားရာမှ နိုင်ငံရေးပါတီ အမျိုးမျိုးပေါ်လာခြင်းဖြစ်သည်။ ထို့နောက် လွှတ်တော်တွင် အမတ်နေရာ အများစုရှိသည့်ပါတီကဥပဒေပြုရေးကိုဆုံးဖြတ်ပေးသည်။ အထူးသဖြင့် လွှတ်တော်ကိုဗဟိုပြုသည့်ဒီမိုကရေစီနိုင်ငံရေးတွင် အင်အားကြီးပါတီကသာ အစိုးရအဖွဲ့ဖွဲ့စည်းသည်။ ပါတီတစ်ခုတည်း၏အင်အားနှင့် မလုံလောက်ပါက မိမိပါတီနှင့်မူဝါဒချင်းဆင်တူသည့် အခြားပါတီများနှင့် ညွှန့်ပေါင်းဖွဲ့ပြီး အစိုးရကိုဖွဲ့စည်းလေ့ရှိကြသည်။ ယင်းကို လွှတ်တော်နိုင်ငံရေးဟု ခေါ်ဝေါ်ကြောင်း ရှေ့၌ဖော်ပြပြီးဖြစ်သည်။

ယခုကဲ့သို့လွှတ်တော်အတွင်းတွင် နိုင်ငံရေးပါတီများအပြန်အလှန် တိုက်ကြခိုက်ကြ၊ အကြိတ်အနယ်ယှဉ်ပြိုင်ကြသည့်ကိစ္စသည်တိုင်းပြည် တစ်ခုလုံးညီညွတ်ညွတ်ဖြစ်ရန်အရေးတွင် အနှောင့်အယှက်ပြုသကဲ့သို့ ဖြစ်နေသည်။ သို့ရာတွင် မည်သို့သောနိုင်ငံရေးလမ်းကြောင်းနှင့် သွားမည် ကို ဆုံးဖြတ်ချက်တစ်ခုတည်းလုပ်ဆောင်ခြင်းသည်အလွန်အန္တရာယ်များ သည်။ ဆုံးဖြတ်ချက်တစ်ခုနှင့်ပတ်သက်ပြီး ဆန့်ကျင်ဘက်အမြင်ရှိသည် များကလည်းအတွင်းရောအပြင်ပါ သေချာစွာဆန်းစစ်လေ့လာပြီး မတူညီသည့် အမြင်များကို အပြန်အလှန်ဝေဖန်ခြင်းဆွေးနွေးညှိနှိုင်းသည့်နည်းလမ်းများ နှင့် နိုင်ငံရေးကိုလုပ်ဆောင်သွားခြင်းကသာ ဒီမိုကရေစီနိုင်ငံရေး၏ အနှစ်သာရဖြစ်သည်။ လမ်းကြောင်းတစ်ခုတည်းကပင် အမှန်ဖြစ်သည်ဟု ဆိုပြီး တခြားရပ်တည်ချက်က သဘောထားများကို ပိတ်ဆို့ထားခြင်းသည် အာဏာရှင်နိုင်ငံရေး၏လက်သုံးနည်းလမ်းဟောင်းပင်ဖြစ်သည်။ "ငါမြင်း ငါစိုင်းစစ်ကိုင်းရောက်ရောက်" ပုံစံကျင့်သုံးသည့်အခါ နောက်ဆုံးတွင် ပြည်သူများချောက်ထဲကျသည့်အခြေအနေကို ဆိုက်ရောက်သွားနိုင်သည်။ နိုင်ငံရေးပါတီများ၏အရေအတွက်များက များပြားလွန်းပြီး ပြိုင်ဆိုင်တိုက်ခိုက် မှုများများလွန်းသည့်အခါတွင်လည်း နိုင်ငံရေးမတည်မငြိမ်ဖြစ်ပြီး ပြည်တွင်း

မငြိမ်မသက်ဖြစ်စေသည့် အကြောင်းရင်းဖြစ်သွားနိုင်သည်။ ထို့ကြောင့် နိုင်ငံရေးပါတီနှစ်ပါတီ သို့မဟုတ် သုံးပါတီက တရားမျှတပြီး မှန်ကန်သည့် ဆွေးနွေးမှုမျိုးလုပ်ဆောင်သွားခြင်းက အကောင်းဆုံးဖြစ်ပါသည်။

ပြည်သူလူထုက လွှတ်တော်အမတ်ကိုရွေးကောက်တင်မြှောက်သည့် အခါတွင်လည်း လွှတ်တော်အမတ်လောင်းတစ်ဦးတစ်ယောက်၏ အရည် အချင်းကိုသာကြည့်ခြင်းမဟုတ်ဘဲ ယင်းအမတ်လောင်းက မည်သို့သော နိုင်ငံရေးပါတီတွင်ပါနေသနည်း၊ မည်သို့သောနိုင်ငံရေးအယူအဆကို စွဲကိုင်ထားသနည်းဆိုသည်များကိုပါ သေသေချာချာလေ့လာဖို့လိုအပ်သည်။ ဆိုရမည်ဆိုလျှင် ပြည်သူလူထုသည်ရွေးကောက်ပွဲတွင် လူကိုရွေးချယ်ရခြင်း ဖြစ်သလို ပါတီကိုလည်းရွေးချယ်ရခြင်းကြောင့်ဖြစ်သည်။ ဤသို့ဆိုလျှင် ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းများနှင့် ယင်းကိုယ်စားလှယ်လောင်း၏ မိခင်ပါတီ ယင်းနှစ်ခုတွင်မည်သည်ကို ဦးစားပေးပြီးရွေးချယ်သင့်ပါသနည်း။

ဆုံးဖြတ်ရခက်သည့်ပြဿနာတစ်ခုဖြစ်သည်။ နိုင်ငံရေးပါတီ၏ မူဝါဒ ခိုင်ခိုင်မာမာရှိမည်ဆိုလျှင်တစ်နည်းအားဖြင့် ကောင်းမွန်သည့် နိုင်ငံရေးပါတီတစ်ခုဖြစ်မည်ဆိုလျှင် ဦးစွာယင်းနိုင်ငံရေးပါတီကိုစဉ်းစားပြီး မဲထည့်သင့်သည်။ သို့ရာတွင်နိုင်ငံရေးပါတီတစ်ခုက ပြတ်ပြတ်သားသား မရှိဘဲမူဝါဒကရုတ်ခြည်းပြောင်းလဲသွားမည့်အခြေအနေမျိုးတွင် လူပုဂ္ဂိုလ်ကိုသာ မဲပေးရွေးချယ်ရန်လည်းလိုအပ်လာသည်။ ပါတီတစ်ခုကိုထောက်ခံပြီး ယင်းပါတီ၏ကိုယ်စားလှယ်လောင်းကို မဲထည့်ပေးလိုက်သော်လည်း ကိုယ်စားလှယ်လောင်းက ရွေးကောက်ခံရပြီးနောက်မှာ ပါတီကိုဖြုတ်ခွဲခြင်း၊ ပါတီကို သစ္စာဖောက်ပြီး တခြားပါတီနှင့် ပူးပေါင်းခြင်းများလုပ်မည်ဆိုပါက လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကို ရွေးကောက်ခြင်းသည်လည်း အဓိပ္ပာယ်မရှိပါ။ ယင်းအတွက်ကြောင့် ပြည်သူများသည် နိုင်ငံရေးပါတီကို အလေးထားသင့်ကဲ့သို့ ယင်းနှင့်လိုက်လျောညီထွေရှိသည့် ကိုယ်စားလှယ်လောင်းကို ရွေးချယ်၍ မဲပေးခြင်းသည်ကောင်းမွန်ပါလိမ့်မည်။ ထို့အပြင် ရွေးကောက်ပွဲသွားပြီး ကိုယ့်တာဝန်ပြီးသွားဟု မမှတ်ယူသင့်ဘဲ ကိုယ်ရွေးချယ်ထားသည့် ကိုယ်စားလှယ် တစ်နည်းအားဖြင့် လွှတ်တော်အမတ်များ၏ လုပ်ကိုင်

ဆောင်ရွက်ပုံများကို သတိကြီးကြီးထားစောင့်ကြည့်ပြီး တရားနည်းလမ်းကျသည့် ဝေဖန်မှုများပြုလုပ်သွားရပါမည်။ ထက်မြက်သည့် လူတော်လူကောင်းများနှင့် ဖွဲ့စည်းထားသည့် ကောင်းမွန်သည့် ပါတီတစ်ခုဖြစ်လာအောင် ပြည်သူလူထုက မိမိတို့ကိုယ်တိုင်၊ မိမိတို့လက်နှင့်မြေတောင်မြှောက်ပေးသွားမည်ဆိုသည့် စိတ်ဓာတ်မျိုးထားရှိရန်လိုအပ်သည်။

လွတ်တော်နိုင်ငံရေးသည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းလုပ်ဆောင်နေခြင်းမဟုတ်ဘဲ ပါတီအလိုက်လှုပ်ရှားလုပ်ဆောင်ရခြင်းဖြစ်သည်။ မည်မျှပင်လူတော်လူကောင်းကို ရွေးချယ်ထားသည်ဆိုသော်လည်း ယင်းလူပါဝင်သည့်ပါတီသည် လွတ်တော်အမတ်အရေအတွက်သည် နည်းပါးမည်ဆိုပါကလွတ်တော်ကို ဦးဆောင်နိုင်ရန်မှာခက်ခဲသည်။ သို့ရာတွင် ရွေးကောက်ပွဲတွင် ပါတီတစ်ခု၏ကိုယ်စားလှယ်လောင်းတစ်ဦးက အလွန်နာမည်ကြီးသူဖြစ်မည်ဆိုလျှင် ယင်းလူပုဂ္ဂိုလ်ကိုပဲ လိုအပ်သည်ထက်ပိုပြီး မဲပေးကြသည့်အခါ ယင်းလူပုဂ္ဂိုလ်အရွေးချယ်ခံရသော်လည်း ပါတီထဲက တခြားကိုယ်စားလှယ်လောင်းများရွေးကောက်ပွဲမှာ ရှုံးနိမ့်ကြသည်မျိုးလည်းရှိသည်။ ထို့ကြောင့် ကိုယ်စားလှယ်လောင်းတစ်ယောက်ရွေးကောက်ခံရရန်အတွက် လိုအပ်သည့်အရေအတွက်ပြည့်မီသွားသည့်အခါတွင် ပိုနေသည်များအား ယင်းကိုယ်စားလှယ်လောင်း၏ မဲအဖြစ်မသတ်မှတ်ဘဲ သူ့မိခင်ပါတီထဲက အခြားကိုယ်စားလှယ်လောင်းများထံသို့ ခွဲဝေပေးသည်ဆိုသည့် စနစ်ကို စဉ်စား၍လာကြသည်။ ယင်းစနစ်သို့မဟုတ် ယင်းစနစ်နှင့် ဆင်သည့် တခြားနည်းလမ်းများနှင့် ပါတီအသီးသီးကနေ အချိုးအစားအလိုက် အမတ်များကိုရွေးချယ်သည့် ရွေးကောက်ပွဲစနစ်ကိုအချိုးကျကိုယ်စားပြုစနစ်ဟုခေါ်သည်။

အချိုးကျကိုယ်စားပြုစနစ်သည် သဘောတရားအရ အဖွဲ့ဖြိုးဆုံးရွေးကောက်ပွဲနည်းလမ်းဖြစ်သော်လည်း လက်တွေ့တွင် ယင်းစနစ်အားကျွမ်းကျွမ်းကျင်ကျင်အသုံးပြုနိုင်ရန် အလွန်ရှုပ်ထွေးပြီးခက်ခဲသည်။ မဲဆန္ဒနယ်တစ်ခုမှ တစ်ဦး သို့မဟုတ် နှစ်ဦးအထက်ရှိသည့်လွတ်တော်အမတ်ကို ရွေးချယ်သည်ဆိုသည့်သာမန်နည်းလမ်းကိုသာ အခုထိကျယ်ကျယ်ပြန့်ပြန့်

အသုံးပြုနေကြသည်။ မဲဆန္ဒနယ်တစ်ခုမှ အမတ်တစ်ဦး သို့မဟုတ် နှစ်ဦး ရွေးချယ်သည်စနစ်ကို မဲဆန္ဒနယ်ငယ်စနစ်၊ သုံးဦး သို့မဟုတ် ငါးဦး ရွေးချယ်သည့်စနစ်ကို မဲဆန္ဒနယ်လတ်စနစ်၊ ငါးဦးအထက်ရွေးချယ်သည့် စနစ်ကို မဲဆန္ဒနယ်ကြီးစနစ်ဟုခေါ်ဆိုလာခဲ့ကြသည်။ မဲဆန္ဒနယ်ငယ်စနစ်တွင် မဲဆန္ဒရှင်များသည် အမတ်လောင်းကို သေသေချာချာသိတာများပြီး ယင်းအတွက် ကိုယ့်နယ်မြေကိုယ့်ဒေသအတွက် မျှော်လင့်ချက်ရှိသည့်သူကို ရွေးချယ်ခြင်းကသင့်တော်သည်။ မဲဆန္ဒနယ်ကြီးစနစ်တွင် အမတ်လောင်း အများကြီးကိုကြည့်ရှုလေ့လာပြီး ယင်းအထဲက ကောင်းမွန်သင့်တော်သည်ဟု ထင်ရသည့်သူကို လွတ်လွတ်လပ်လပ်ရွေးချယ်နိုင်ပြီး ရွေးချယ်နိုင်သည့် ဘောင်က ကျယ်ဝန်းသည်ဆိုသည့်ကောင်းကွက်ရှိသည်။

မည်သည့်စနစ်ပင်ဖြစ်စေ လွတ်တော်အမတ်ရွေးကောက်ပွဲသည် ဒီမိုကရေစီနိုင်ငံရေးတွင်ကျင့်သုံးသည့် ရွေးကောက်ပွဲများထဲတွင် အရေးကြီးဆုံးကိစ္စတစ်ရပ်ဖြစ်သည်။ သမ္မတစနစ်ကျင့်သုံးသည်နိုင်ငံများတွင် သမ္မတကို ရွေးကောက်တင်မြှောက်သည့်အခါ ပြည်သူလူထုက အလွန်အာရုံစိုက်ကြခြင်းက သဘာဝဖြစ်သည်။ လွတ်တော်အမတ်များကို ရွေးကောက်တင်မြှောက်သည့်အခွင့်အာဏာသည် ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံတွင် ပြည်သူလူထုကပိုင်ဆိုင်သည့် ဂုဏ်သိက္ခာရှိသည့်အခွင့်အာဏာဖြစ်ပြီး ယင်းအခွင့်အာဏာကို ကောင်းကောင်းမွန်မွန်၊ မှန်မှန်ကန်ကန်အသုံးချခြင်းသည် ပြည်သူလူထုအတွက် မြင့်မြတ်သည့်တာဝန်တစ်ရပ်ဖြစ်သည်။

မဲပေးပိုင်ခွင့်ကျယ်ပြန့်လာခြင်း

ဒီမိုကရေစီစနစ်တိုးတက်ဖွံ့ဖြိုးမှု၏ အကြောင်းရင်းများထဲတွင် မဲပေးပိုင်ခွင့်များကျယ်ပြန့်လာခြင်းကအဓိကကသည်။ ဒီမိုကရေစီစနစ် ပြည့်ပြည့်ဝဝမပေါ်ပေါက်သေးသည့်ခေတ်များတွင် ပြည်သူလူထုကိုမဲပေးရွေးချယ်ပိုင်ခွင့်ပေးထားပေးသော်လည်း ယင်းရွေးချယ်ပိုင်ခွင့်ဘောင်သည် သိသိသာသာကျဉ်းမြောင်းနေခဲ့သည်။ အင်္ဂလန်၊ အမေရိကန်ကဲ့သို့နိုင်ငံများတွင် အစပိုင်း၌ ပစ္စည်းဥစ္စာမရှိသည့်သူများ၊ လူမျိုးခြားများ၊ ဘာသာရေးဂိုဏ်း

အချို့တွင်ပါဝင်နေသည့်သူများသည် ရွေးကောက်ပွဲမှဖယ်ကြဉ်ထားခြင်းခံခဲ့ရသည်။ ယင်းကဲ့သို့ အာဏာရှိသူအရေအတွက်နည်းရင်နည်းသလောက် သာမန်ပြည်သူလူထု၏သဘောထားကိုလျစ်လျူရှုပြီး မင်းဆွေမင်းမျိုး၊ ဥစ္စာဓနရှင်များကသာ မိမိတို့စိတ်ကြိုက်နိုင်ငံရေးကိုဆောင်ရွက်လေ့ရှိကြသည်။ ယင်းသည်သက်ဦးဆံပိုင်အုပ်ချုပ်ရေးစနစ်မှ ဒီမိုကရေစီနိုင်ငံရေးစနစ်ကို ကူးပြောင်းခါစတွင်တွေ့ကြုံရသည့် ကနဦးအဆင့်ဖြစ်သည်။

နိုင်ငံရေးအာဏာဆိုသည် အသုံးပြုသူအပေါ်လိုက်ပြီး အဆိပ်လည်းဖြစ်နိုင်သကဲ့သို့ ဆေးအဖြစ်လည်းပြောင်းလဲသွားနိုင်သည့်အရာတစ်ခုဖြစ်သည်။ ဥပမာ- ဆေးတစ်မျိုးတည်းဆိုသော်လည်း အနည်းငယ်လျှော့သုံးပါက လူကိုအကျိုးပြုသည့်ဆေးအဖြစ်ပြောင်းလဲနိုင်သကဲ့သို့ အနည်းငယ်ပိုသုံးလိုက်လျှင် လူကိုသေစေနိုင်သည့် အဆိပ်ဆေးအဖြစ်ပြောင်းလဲသွားနိုင်သည်။ ဤသို့ပင် တစ်ဦးတစ်ယောက်၊ လူနည်းစုက အာဏာကိုချုပ်ကိုင်ထားမည်ဆိုပါက ပြည်သူလူထုကို ဆင်းရဲဒုက္ခရောက်စေသည့် အဆိပ်ဆေးပင်ဖြစ်သွားနိုင်ပါသည်။ ထို့ကြောင့် အာဏာကိုတတ်နိုင်သမျှလူအများကိုခွဲဝေပေးပြီး ယင်းကို ဆေးအဖြစ်နှင့် အကျိုးရှိရှိအသုံးချသွားရန်လိုအပ်သည်။ သို့ရာတွင် လက်ရှိတွင်အာဏာကိုချုပ်ကိုင်ထားသည့်သူများကအာဏာပိုရှိလေ မိမိအတွက် အကျိုးစီးပွားရှိစေမည့် နိုင်ငံရေးမျိုးကို လုပ်ဆောင်လေဖြစ်ခြင်းကြောင့် အာဏာပိုကိုအများအား ခွဲဝေပေးရန်မလိုလားကြ။ ထို့အပြင် နိုင်ငံရေးတွင် လှုပ်ရှားဆောင်ရွက်နေကြသည့်လူနည်းစုသည် မိမိကိုယ်မိမိသူများတွေထက်သာသည့်သူများဟုအထင်ရောက်ပြီး ပြည်သူလူထုများ၏ ဗဟုသုတနှင့်ကိုယ်ကျင့်သိက္ခာကိုအထင်သေးအမြင်သေးတတ်သည့်အကျင့်က စွဲနေလေ့ရှိကြသည်။ ထို့ကြောင့် ယင်းကဲ့သို့ ပြည်သူများထံသို့ ရွေးကောက်တင်မြှောက်ခွင့်အာဏာကိုသာပေးလိုက်မည်ဆိုပါက အန္တရာယ်ရှိသည်ဟုယူဆပြီး ဆန့်ကျင်ကြပါတော့သည်။ အထူးအခွင့်အရေးရ လူတန်းစားအနေနှင့်အာဏာကို ခွဲဝေပေးရန်ဆိုသည့် စိတ်မျိုးမရှိပါက ဥပဒေကိုပြင်ဆင်ပြီး ရွေးကောက်ပွဲကို ဒီမိုကရေစီကျကျလုပ်ဆောင်နိုင်မည်မဟုတ်သည့်အတွက် ရွေးကောက်တင်မြှောက်ခွင့်

အာဏာကိုတိုးပွားအောင် အကောင်အထည်ဖော်ရန်အလွန်ခက်ခဲသည်ဟု ပြောနိုင်ပါသည်။ ယခုကဲ့သို့ အမြစ်စွဲနေသည့် အကျင့်စရိုက်များကို ရိုက်ချိုးနိုင်မှသာ ရွေးကောက်တင်မြှောက်ခွင့်အာဏာသည် ပြည်သူလူထုအကြား ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာသည့်အပြင် ဖြောင့်မတ်မှန်ကန်သည့် ဒီမိုကရေစီနိုင်ငံရေးကို ဖော်ဆောင်လာနိုင်ခြင်းမှာ တဖြည်းဖြည်းချင်းမြင့်မားလာသည့် ပြည်သူလူထု၏နိုင်ငံရေးဆိုင်ရာအကြားအမြင်များမှန့် အတွေးအခေါ်ပညာရှင်များ၏ ထက်သန်သည့်ထောက်ပြ ပြောဆိုမှုကြောင့်ဖြစ်ပြီး အခြားမရှိပါ။

နိုင်ငံရေးတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုဆိုင်ရာရှည်လျားသည့် သမိုင်းကြောင်းကိုကြည့်မည်ဆိုပါက အထူးသဖြင့်အရေးပါသည့် အဓိပ္ပာယ်ကိုဆောင်နေခြင်းသည် ရွေးကောက်ပွဲမဲပေးခွင့်ကို ပစ္စည်းဥစ္စာပိုင်ဆိုင်မှုနှင့် ကန့်သတ်ထားသည့်စနစ်အား ဖယ်ရှားပစ်လိုက်ခြင်းပင်ဖြစ်သည်။

ပစ္စည်းဥစ္စာပိုင်ဆိုင်သည့်သူကပင် ရွေးကောက်ပွဲတွင်ပါဝင်ခွင့်ရပြီး ဆင်းရဲသားများကို ရွေးကောက်ပွဲကနေကြဉ်ထားခြင်းသည် လုံးဝအဓိပ္ပာယ်မဲ့သည့်ကိစ္စပင်ဖြစ်သည်။ ယင်းသို့ဆိုသော်လည်း ယခင်အချိန်က ဆင်းရဲသားဆိုသည်ပညာမတတ်၊ ယဉ်ကျေးမှုအဆင့်အတန်းနိမ့်သည်ဆိုသည့် စကားသံများအောက်တွင် ရွေးကောက်ပွဲမဲပေးခွင့်သည် ကန့်သတ်ခံခဲ့ရသည်။ သတ်မှတ်ထားသည့် ပစ္စည်းဥစ္စာအတိုင်းအတာတစ်ခုအထိရှိသည့် သူများကိုသာ အသိအမှတ်ပြုခဲ့ကြသည်။ ဤသို့ဖြစ်လာပါက ဓနရှင်များ၏ အကျိုးစီးပွားအတွက် ရည်ရွယ်ထားသည့်နိုင်ငံရေးကလွဲ၍ အခြားမဖြစ်နိုင်ပါ။ ဥစ္စာပိုင်ဆိုင်မှုနည်းပါးသည့်သူများမှာ မည်သည့်နေရာတွင်ဖြစ်စေ ပြည်သူလူထုအများစုဖြစ်ကြပြီး နဖူးကချွေးခြေမကျအောင်လုပ်လာခဲ့သည့် ကြိုးစားမှုကြောင့်သာလျှင် တိုင်းပြည်၏အင်အားကိုတိုးပွားလာစေခဲ့ခြင်းဖြစ်သည်။ နိုင်ငံရေးဆိုခြင်းသည် လူသားအားလုံး၏ အကျိုးစီးပွားအတွက်ဖြစ်နေရန်လိုအပ်သည်။ ယင်းကဲ့သို့ ဖြစ်ရန်အတွက် ဦးစွာလုပ်သားလူတန်းစား တစ်နည်းအားဖြင့် အခြေခံလူတန်းစား၏ဆန္ဒနှင့် အတွေးအခေါ်များက ရွေးကောက်ပွဲတွင် ထင်ဟပ်နေရမည်ဖြစ်သည်။ အခြေခံ

လူတန်းစားများသည် သူဌေးသူကြွယ်များပြုမူလေ့ရှိသည့် ဓလေ့ထုံးစံ ယဉ်ကျေးမှုများကို နားလည်ကောင်းမှနားလည်နိုင်မည်ဖြစ်သော်လည်း လက်တွေ့ပြဿနာအစစ်အမှန်အပေါ် လေးလေးနက်နက်နှင့် စဉ်းစားဆုံးဖြတ်ပေးသည့်စစ်မှန်သည့် စိတ်နေသဘောထားများကို ပိုင်ဆိုင်ထားကြသည်။ ငွေကြေးမပြည့်စုံခြင်းကြောင့် အထက်တန်းပညာရေးကို မသင်ယူခဲ့ရခြင်းမျိုးရှိကောင်းရှိနိုင်သော်လည်း မသင်မနေရပညာရေးစနစ်ပြန့်ပွားလာခြင်းနှင့်အတူ အခြေခံအသိပညာဗဟုသုတများရှိကြသည့်အပြင် အရေးအကြီးဆုံးတကယ့်လက်တွေ့ဘဝတွင် အသက်ရှင်နေထိုင်လာသည့် အတွေ့အကြုံများပိုင်ဆိုင်ထားကြခြင်းဖြစ်သည်။ ယင်းကဲ့သို့စစ်မှန်သည့် စိတ်နေသဘောထားများအတွေ့အကြုံများကို နိုင်ငံရေးဘက်တွင် မသုံးရဟုဆိုသည့် ဥပဒေမျိုးလည်းမရှိပါ။ ထို့ကြောင့် ယင်းကဲ့သို့ လူတန်းစားများထင်မြင်ချက်သဘောထားများက အားကောင်းလာသည့်နှင့်အမျှ နိုင်ငံရေး၏ဆုံးဖြတ်ခွင့် အာဏာကိုချုပ်ကိုင်ထားသည့် ဓနရှင်များသည်လည်း တဖြည်းဖြည်းနှင့် နေရာကနေဖယ်ပေးလာရသည်။ ဤသို့ဖြင့် ပစ္စည်းဥစ္စာနှင့် တိုင်းတာဆုံးဖြတ်သည့် သတ်မှတ်ချက်သည်လည်း ကွယ်ပျောက်လာပြီး ဆင်းရဲချမ်းသာမရွေး ပြည်သူလူထုအားလုံးသည် သာတူညီမျှ ရွေးကောက်ပွဲမဲပေးခွင့်ကို ပိုင်ဆိုင်လာသည့် အခြေအနေမျိုးကို ရောက်ရှိလာခဲ့သည်။

ဥစ္စာဓနကြွယ်ဝသည့် အထက်တန်းလူတန်းစားတစ်မျိုးတည်းကသာ ရွေးကောက်ပွဲ မဲပေးခွင့်ကိုပိုင်ဆိုင်ပြီး သူတို့၏ကိုယ်စားလှယ်ကို လွှတ်တော်ထဲပို့ပြီးသည့်နောက် ကိုယ့်အကျိုးစီးပွားအတွက် ကာကွယ်ခိုင်းသည့် စနစ်မျိုးသည် ယခင်ကမည်သည့်နိုင်ငံမှာမဆိုရှိခဲ့ကြသည်။ ငွေကြေးပြည့်စုံသည့် လူတန်းစားများကသာချုပ်ကိုင်လာသည့် နိုင်ငံရေးအာဏာက ပြည်သူလူထုများလက်ထဲရောက်လာရသည့်အကြောင်းရင်းတစ်ချက်မှာ ဒီမိုကရေစီစနစ်နှင့် ပတ်သက်သည့်အတွေးအခေါ်များကခိုင်မာလာပြီး ဆင်းရဲသည့်အလုပ်သမားလူတန်းစားများအတွက် ကြိုးပမ်းဆောင်ရွက်ပေးသည့်လူများများပြားလာသည့်အချက်ဖြစ်သည်။ ဒုတိယအချက်မှာ ၁၈

ရာစုအကုန်မှစ၍ ၁၉ ရာစု ကာလအတွင်းစက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုနှင့် အတူ စက်မှုတော်လှန်ရေးများပေါ်ပေါက်လာပြီး နိုင်ငံအနှံ့အပြားသို့ ပျံ့နှံ့သွားခဲ့ခြင်းကြောင့်ဖြစ်သည်။ ယင်းခေတ်တွင် လယ်ယာလုပ်ငန်း၊ အိမ်တွင်းလက်မှုလုပ်ငန်းများကို အဓိကထားသည့်စီးပွားရေးမှ စက်မှုလုပ်ငန်းများကို အဓိကထားသည့် စီးပွားရေးသို့ပြောင်းလဲလာခဲ့သည့်အတွက် လယ်ယာလုပ်ငန်းလုပ်ကိုင်ခဲ့သည့် လယ်သမားများသည် မြို့ပေါ် သို့တက်ပြီး စက်ရုံများတွင် အလုပ်လုပ်ကိုင်လာခဲ့ကြသည်။ ယင်းလူများသည် မိမိတို့၏ နိုင်ငံရေးနှင့်ဆိုင်သည့် အသိပညာများကိုတိုးမြှင့်ပြီး တဖြည်းဖြည်းချင်း နိုင်ငံရေးအင်အားကိုကြီးထွားအောင် ပြုလုပ်လာခဲ့ကြသည်။ ယင်းသို့အသစ်ပေါ်ပေါက်လာသည့် အလုပ်သမားလူတန်းစားသည် မြို့ကြီးပြကြီးများတွင် နေထိုင်သည့် သာမန်လူတန်းစားများ၊ ရွာများတွင်နေထိုင်သည့် လက်လုပ်လက်စားများနှင့်ပေါင်းစည်းပြီး နိုင်ငံရေးတွင်ပါဝင်ခွင့်ရရန် တောက်လျှောက်တောင်းဆိုလာကြသကဲ့သို့ တစ်ချိန်တည်းမှာ ရွေးကောက်ပွဲမဲပေးခွင့်ကို ပစ္စည်းဥစ္စာပိုင်ဆိုင်မှုနှင့် ကန့်သတ်ထားသည့်အချက်ကို ဖယ်ရှားခြင်းသည် အောင်မြင်သွားခဲ့သည်။

အမျိုးသမီးများ နိုင်ငံရေးတွင်ပါဝင်လာခြင်း

တိုးတက်သည့်ဒီမိုကရေစီစနစ်ကျင့်သုံးသည့် နိုင်ငံအသီးသီးတွင် အမျိုးသမီးများ နိုင်ငံရေးပိုင်းတွင်ပါဝင်ရန်လွယ်လွယ်ကူကူနှင့် ဖြစ်လာခဲ့ခြင်း မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုလျှင် အနောက်နိုင်ငံများမှာပါ ယခင်ကတည်းက အမျိုးသမီးများသည် အမျိုးသားများထက် တစ်ဆင့်နိမ့်ကျသည်ဟု ယူဆလာခဲ့ကြသည့်အတွက်ဖြစ်သည်။ ထို့အပြင် အမျိုးသမီးများသည် မိသားစုအရေးကိုအာရုံစိုက်နေကြခြင်းကများပြီး အမျိုးသားများကဲ့သို့ လူမှုပတ်ဝန်းကျင်ဆိုင်ရာလှုပ်ရှားမှုများတွင် စိမ်ဆောင်ရွက်ခြင်းမျိုးမရှိသဖြင့် နဂိုမူရင်းအိမ်ထောင်ရှင်မအလုပ်အပြင် နောက်ထပ်အလုပ်တစ်ခုကို ထပ်ပြီးတာဝန်ယူရန်ဆိုသည့်အချက်ကနေကြည့်မည်ဆိုပါက နိုင်ငံရေးပြဿနာများတွင်ပါဝင်လှုပ်ရှားသည့်အခါ အမျိုးသားများချည်းပဲလုပ်ခြင်းက ကောင်းသည်ဟု ထင်မြင်ယူဆခဲ့ကြခြင်းကြောင့်ဖြစ်သည်။

ဒီမိုကရေစီစနစ်၏အခြေခံအယူအဆဖြစ်သည့် လူသားချင်းတန်း
တူညီမျှရှိမှုဆိုသည့်ရပ်တည်ချက်ကကြည့်မည်ဆိုလျှင် ယင်းကဲ့သို့ခွဲခြားဆက်
ဆံမှုသည် အချိန်ကြာမြင့်စွာထိန်းသိမ်းထားကောင်းသည့်အရာမဟုတ်ပါ။
သို့သော်လည်း ဒီမိုကရေစီစနစ်သည်စွမ်းဆောင်ရည်နှင့် အတွေ့အကြုံ
အနည်းအများစသည့်မျှားကိုလုံးဝလျစ်လျူရှုပြီး လူသားအားလုံးကို
တစ်တန်းတစ်စားတည်း တန်းတူညီမျှသတ်မှတ်ထားခြင်းမဟုတ်ပါ။
လက်ရှိဘွင် ရွေးကောက်ပွဲမဲထည့်ခွင့်နှင့်ပတ်သက်၍ မည်သည့်နိုင်ငံမဆို
အသက်အရွယ်ကန့်သတ်ချက်ကို တသမတ်တည်းသတ်မှတ်ထားပြီး ကလေး
များကတော့ ရွေးကောက်ပွဲတွင် ပါဝင်မဲပေးနိုင်ခွင့်မရှိပါ။ သို့ရာတွင်
အမျိုးသားနှင့် အမျိုးသမီးအကြားတွင် ခွဲခြားထားခြင်းသည် အခြေအနေ
ချင်းမတူဘဲ အမျိုးသမီးများအဆင့်နှိမ့်ခံထားရခြင်းသည် အဓိကအားဖြင့်
အမျိုးသားများက အနိုင်အထက်ပြုမူခဲ့ကြခြင်းကြောင့်ဖြစ်သည်။ အကယ်၍
အမျိုးသမီးများ၏ အသိပညာဗဟုသုတက နိမ့်သည်ဟုဆိုမည်ဆိုလျှင်
ယင်းသည် အဆင့်မြင့်ပညာရေးကိုသင်ယူနိုင်သည့် အခွင့်အရေးမရခဲ့ခြင်း
ကြောင့်သာဖြစ်မည်။ ပျမ်းမျှအားဖြင့် အမျိုးသမီးများသည် အမျိုးသား
များထက်အစွမ်းအစနည်းပါးသလား၊ မနည်းပါးဘူးလားဆိုခြင်းကို
မသိနိုင်ပါ။ အကယ်၍ ယင်းကို ပြောနိုင်သည်ဆိုလျှင် အစွမ်းအစမရှိသည့်
အမျိုးသားများကိုပင် ရွေးကောက်ပွဲမဲထည့်ခွင့်ပေးထားခြင်း၊ ထက်မြက်သည့်
အမျိုးသမီးများကို ပြည်သူတစ်ဦးအဖြစ်နှင့် မဲထည့်ခွင့်ပေးထားခြင်း၊
ထက်မြက်သည့်အမျိုးသမီးများကို ပြည်သူတစ်ဦးအဖြစ်နှင့် မဲထည့်ခွင့်
မပေးထားခြင်းတို့သည် မျှတမှုလုံးဝမရှိပါ။ ထို့အပြင် လူ့ဘောင်ပတ်ဝန်း
ကျင်ဆိုင်ရာလှုပ်ရှားမှုများတွင် အမျိုးသမီးများပါဝင်မှုသည် တဖြည်းဖြည်း
နှင့် ကမ္ဘာတစ်ဝန်းတွင် များပြားလာနေသည်။ အမျိုးသမီးများ၏အသေး
စိတ်သည့်စိတ်ခံစားမှုနှင့် တစ်ဖက်သားအပေါ် စဉ်းစားပေးခြင်းများသည်
အများနှင့် သက်ဆိုင်သည့် အလုပ်များနှင့်ပတ်သက်လျှင် အမျိုးသားများ
လိုက်မမီနိုင်လောက်အောင် အစွမ်းအစပြနိုင်ကြသည်ဆိုခြင်းကိုသိလာသည်။
ဥပမာ- စားဝတ်နေရေးပြည့်စုံသည့် လူနေမှုဘဝတိုးမြှင့်ရန်အတွက်

အမျိုးသမီးများ နိုင်ငံရေးတွင်မပါဘဲနှင့် ဖြေရှင်းပေးရန် ခက်ခဲမှုဖြစ်လာသည်။ ဗြိတိန်နိုင်ငံက John Stuart Mill အစရှိသည့် ပညာရှင်အများစုက အမျိုးသမီးများပါ ရွေးကောက်ပွဲမဲပေးခွင့်ကို တောင်းဆိုခဲ့ကြခြင်းကြောင့် လူအများသိရှိလာကြပြီး နောက်ဆုံးကျားမတန်းတူညီမျှ မဲပေးပိုင်ခွင့်ကို အသိအမှတ်ပြုခဲ့ကြသည်။ ဗြိတိန်နိုင်ငံတွင် အမျိုးသမီးရွေးကောက်ပွဲမဲပေးခွင့်ရရှိခဲ့ခြင်းက ၁၉၁၈ ခုနှစ်ဖြစ်ပြီး အမေရိကန်နိုင်ငံတွင် ၁၉၂၀ ပြည့်နှစ်မှပြင်ဆင်လိုက်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကြောင့် သာမန်အမျိုးသမီးများလည်း ရွေးကောက်ပွဲမဲပေးခွင့်ကိုရရှိလာခဲ့ကြသည်။

ဂျပန်နိုင်ငံတွင် Taisho ခေတ်(၁၉၁၂-၁၉၂၅)အကုန်ခန့်တွင် အမျိုးသားများကိုသာ ပုံမှန်ရွေးကောက်ပွဲမဲပေးပိုင်ခွင့်ကို အသိအမှတ်ပြုခဲ့ကြသည်။ ယင်းကာလတွင် ဒီမိုကရေစီလမ်းကြောင်းဘက်သို့ တိုးတက်လာသောနိုင်ငံရေးလှုပ်ရှားသည့် Showa ခေတ်ကိုရောက်သည့်အချိန်တွင်စစ်ဝါဒ၊ အာဏာရှင်နိုင်ငံရေးဝါဒဘက်ကို သွေဖည်သွားခဲ့သည်။ ဤမှာပင် အမျိုးသမီးများအုပ်ချုပ်ရေးတွင် ပါဝင်ဆောင်ရွက်ရန်ဆိုသည့် ကိစ္စသည်လည်း နေလာနှင်းပျောက်ဖြစ်သွားခဲ့သည်။ သို့ရာတွင် ဒုတိယကမ္ဘာစစ်ပွဲ၏အကျိုးဆက်အနေနှင့်စစ်ဝါဒ၊ အာဏာရှင်စနစ်သည် ပျောက်ကွယ်သွားခဲ့ပြီးသည်နှင့် တစ်ပြိုင်နက်တည်း ရွေးကောက်ပွဲအတွက် အသက်ကန့်သတ်ချက်သည် အမျိုးသားအမျိုးသမီးပါ အသက် (၂၀) ပြည့်လျှင် မဲပေးခွင့်ရှိသည်ဟု လျှော့ချသတ်မှတ်ခဲ့သည်။ ထို့ပြင် ရွေးကောက်ခံရပြီး လွှတ်တော်အမတ်တစ်ယောက်ဖြစ်ရန်အတွက် အသက်ကန့်သတ်ချက်ကိုလည်း အထက်လွှတ်တော်တွင် အသက် (၃၀)၊ အောက်လွှတ်တော်တွင် အသက် (၂၅)နှစ်အဖြစ်ပြင်ဆင်လိုက်ခြင်းကြောင့် ငယ်ရွယ်သည့်လွှတ်တော်အမတ်များ အမျိုးသမီးအမတ်များလည်းပေါ်ထွက်လာပြီး ဂျပန်နိုင်ငံသစ်ကိုတည်ဆောက်ရန်ကြိုးပမ်းနိုင်ကြပြီဖြစ်သည်။

ပစ္စည်းဥစ္စာနှင့်တိုင်းတာသည့် ကန့်သတ်မှုပျက်ပြယ်သွားပြီး အမျိုးသမီးများလည်းရွေးကောက်ပွဲတွင် ပါဝင်ခွင့်ရလာမည်ဆိုပါက ပုံမှန်ရွေးကောက်ပွဲစစ်စစ်ဟုပြော၍ရသည်။ သို့ရာတွင် ပုံမှန်ရွေးကောက်ပွဲ

စစ်စစ်လို့ပြောသော်လည်း ရွေးကောက်ပွဲမဲထည့်ခွင့်နှင့်ပတ်သက်ပြီး ပြည်သူလူထုအကြားတွင် ကန့်သတ်ချုပ်ထားခြင်းများပျောက်သွားခြင်းမျိုးတော့ မရှိသေးပါ၊ ပြစ်မှုကြီးကြီးမားမားကျူးလွန်ထားသည့် အသက်(၂၀) မပြည့်သေးသည့် လူငယ်လေးများအတွက် ရွေးကောက်ပွဲမဲပေးခွင့်မရှိပါ။ ထို့ကြောင့် မည်သို့ပင် သာမန်ရွေးကောက်ပွဲဟုပြောစေကာမူ ပြည်သူလူထုအားလုံးပါဝင်ခွင့်ရသည့်အခြေအနေထိမဖြစ်သေးပါ။ အသက်(၂၀) ဆိုသည့် ကန့်သတ်ချက်သည်အမှန်တကယ်ပုံသေကားကျဆန်လှသည်။ အသက် (၂၀) မပြည့်သေးသော်လည်း နိုင်ငံရေးနှင့်ပတ်သက်၍ အမြင်ကျယ်ပြီးအစွမ်းအစနှင့်ပြည့်စုံသည့်သူမျိုးလည်း ရှိနိုင်သည်မဟုတ်ပါလား၊ အသက် (၃၀)၊ (၄၀) ပြည့်ပြီသူဖြစ်သော်လည်း နိုင်ငံရေးကိုလုံးဝစိတ်မဝင်စားသည့် သူလည်းရှိသည်။ သို့သော်ယင်းသည် လူကြိုက်များသည့်၊ အများကအာရုံစိုက်သည့် အားကစားသမားတစ်ဦးကိုရွေးချယ်ခြင်းနှင့်မတူဘဲ ကလေးများအထိ ရွေးကောက်ပွဲမဲပေးခွင့်ကို အသိအမှတ်ပြုခြင်းသည် မသင့်တော်ဟုယူဆပါက ယင်းနေရာတွင် ကန့်သတ်မှုဥဆွဲလိုက်ရန်ကလွဲ၍ တခြားမရှိပါ။ ရွေးကောက်ပွဲမဲပေးခွင့်ကျယ်ပြန့်လာခဲ့သည့် သမိုင်းကြောင်းကို ကြည့်မည်ဆိုပါက အခုလက်ရှိအခြေအနေသည် ဖြစ်သင့်သည့်အနေအထားတစ်ခုသို့ ရောက်ခဲ့သည်ဟု ပြော၍ရနိုင်ပြီဖြစ်သည်။

ရွေးကောက်ပွဲအခွင့်အရေးနှင့်ရွေးကောက်ပွဲတာဝန်များ

ဒီမိုကရေစီနိုင်ငံရေး၏လုပ်နည်းလုပ်ဟန်များ သေချာစွာသင်ယူပြီး လူသားများအနေနှင့် ရှိသင့်ရှိထိုက်သည့်ယဉ်ကျေးမှုများ နိုင်ငံရေးနှင့်ပတ်သက်သည့်ဗဟုသုတများကို စနစ်တကျလေ့လာသင်ယူမှုမရှိပါက အများစုကိုမဲထည့်ရန်ခွင့်ပြုထားသည့်အခွင့်အရေးသည် သဲထဲရေသွန်သကဲ့သို့ဖြစ်သွားပေမည်။ ကာလတစ်ခုကြာဖြစ်ပွားနေသည့် အခက်အခဲကြောင့် စိတ်ဓာတ်ကျနေချိန်၊ ပြင်းထန်သည့်အတွေးအခေါ် နောက်သို့ပါသွားမိချိန်မျိုးတွင် အာဏာရှင်တို့ဆွဲတင်လိုက်သကဲ့သို့မဖြစ်ဟူ၍လည်း မပြောနိုင်ပါ။

ဥပမာ- ဂျာမနီနိုင်ငံတွင် ပထမကမ္ဘာစစ်တွင် စစ်ရှုံးပြီးသည့်နောက် နာမည်ကျော် စာရေးဆရာ Goethe ကွယ်လွန်ခဲ့သည့် Weimarer မြို့ကလေးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကိုရေးဆွဲပြီး လွတ်တော်ကိုဗဟိုပြုသည့် အဆင့်မြင့်ဒီမိုကရေစီနိုင်ငံရေးကို အကောင်အထည်ဖော်ခဲ့ကြသည်။ သို့ရာတွင် လွတ်တော်အတွင်းတွင် နိုင်ငံရေးပါတီများအများအပြား ပေါ်လာပြီး "ဒါဆိုလည်းမဟုတ်၊ ဟိုဟာဆိုလည်းမဟုတ်ဘူး" ဆိုကာ အချင်းချင်းငြင်းခုံ ယှဉ်ပြိုင်နေစဉ်ကာလတွင် ဟစ်တလာဦးဆောင်သည့် နာဇီပါတီပေါ်ပေါက်လာခဲ့သည်။ ပါတီနိုင်ငံရေး၏ ပြတ်ပြတ်သားသားမရှိသည့်ပုံစံများကို စိတ်ပျက်လက်ပျက်ဖြစ်နေကြသည့် ဂျာမနီနိုင်ငံအမျိုးသား၊ အမျိုးသမီးများသည် ရွေးကောက်ပွဲအခွင့်အရေးကိုအသုံးချပြီး တက်တက်ကြွကြွရှိသည့်နာဇီပါတီကို တစ်ခဲနက်မဲပေးခဲ့ကြသည်။ နာဇီပါတီကို လွတ်တော်၏နံပါတ်တစ်ပါတီအဖြစ်နှင့် တင်မြှောက်ပြီး အာဏာရှင်နိုင်ငံရေးကိုသန္ဓေတည်အောင် လုပ်လိုက်မိခဲ့ကြသည်။ နာဇီပါတီ၏ အာဏာရှင်စနစ်သည်တဖြည်းဖြည်းနှင့် အတင့်ရဲလာပြီး နိုင်ငံတကာ ဥပဒေများကိုချိုးဖောက်ခြင်း နိုင်ငံတကာယုံကြည်မှုများကိုပျက်စီးအောင် ပြုလုပ်ခြင်း၊ နောက်ဆုံးစစ်ပွဲများကိုမဆင်မခြင်ဆင်နွဲခဲ့ခြင်းကြောင့် ဂျာမနီနိုင်ငံသားများသည် ဂျပန်နိုင်ငံထက်ပိုပြီးဆိုးရွားသည့်အခြေအနေအတွင်းသို့ ကျရောက်ခဲ့ရသည်။ ယင်းကို ကြည့်မည်ဆိုပါက ဒီမိုကရေစီစနစ်သစ်ကို အခြေခံသည့်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ထွန်းလာပြီး ရွေးကောက်ပွဲ အခွင့်အရေးများ ပြည်သူများအကြားတွင် ကျယ်ကျယ်ပြန့်ပြန့်ရရှိလာသည်ဆိုသော်လည်း ဒီမိုကရေစီနိုင်ငံရေးက အောင်အောင်မြင်မြင်ပေါ်ထွန်းလာပြီဟု တထစ်ချပြော၍မရနိုင်ကြောင်းသိသာသည်။

ရွေးကောက်ပွဲအခွင့်အရေးများက မည်မျှပင်ကျယ်ပြန့်လာသည်ဆိုစေကာမူ ပြည်သူလူထုက မိမိတို့ကိုပေးလာသည့်အခွင့်အရေးနှင့် အာဏာရှင်ကိုမဲပေးမိလိုက်မည်ဆိုပါက ဒီမိုကရေစီစနစ်သည်ပျက်စီးသွားနိုင်သည်။ ထိုမျှမကသေးပါမဲဆန္ဒရှင်အများစုက မိမိတို့၏အခွင့်အရေးကို မှန်မှန်ကန်ကန်သစ္စာရှိရှိအသုံးမချဘဲ မဲပေးခြင်းကိုရေသာခိုနေကြမည်ဆိုလျှင် လူ့ဘောင်

အဖွဲ့အစည်း၏နောက်ကွယ်တွင် ဖုံးကွယ်နေသည့် လူထုကိုကြီးဆွဲချုပ်ကိုင်မည့် အာဏာရှင်၏အလိုအတိုင်း ဖြစ်သွားတတ်သည်ကိုလည်း မေ့ထား၍မရပါ။

အဘယ့်ကြောင့်ဆိုသော် ပြည်သူလူထုက နိုင်ငံရေးအပေါ် စိတ်ပါဝင်စားသည့်အခါ အကြံအစည်တစ်ခုကိုကျိန်းသေပေါက် အကောင်အထည်ဖော်ရန်ကြိုးစားနေသည့် အုပ်စုတစ်စုက အင်အားကြီးသည့် ကိုယ်စားလှယ်လောင်းကို စုပြုံးမဲထည့်ကြသည်။ ယင်းကဲ့သို့သောပုံစံနှင့် အာဏာကို မောင်ပိုင်စီးရန်လုပ်သည့်သူအရေအတွက်က ပြည်သူလူထုကြားထဲတွင် အနည်းငယ်သာရှိသည်ဆိုသော်လည်း နိုင်ငံရေးအပေါ် စိတ်မဝင်စားသည့် သူများ၏မဲအများစုကို ရယူပြီး အာဏာကို ချုပ်ကိုင်သွား၍ ရနိုင်သည်။ ယင်းနောက် အာဏာကိုချုပ်ကိုင်ထားသည့်အုပ်စုသည် မကောင်းဟူသော အခြေအနေကို ပြည်သူများအနေနှင့် အချိန်နှောင်းကာမှသိမည်ဆိုပါက ဒီမိုကရေစီနည်းလမ်းတကျ လွတ်လပ်သည့်ရွေးကောက်ပွဲကိုကျင်းပရန်မဖြစ်နိုင်အောင် အစိုးရအဖွဲ့ကိုအစကနေပြောင်းလဲပစ်ကောင်းပြောင်းလဲပစ်ရနိုင်သည်။ ထို့ကြောင့် မဲဆန္ဒရှင်အများစုက ကိုယ့်အခွင့်အရေးကို မေ့လျော့နေကြမည်ဆိုလျှင် ဒီမိုကရေစီနိုင်ငံရေးကို အားနည်းစေရုံသာမကဘဲ အသက်ကိုပင်ခြိမ်းခြောက်ခံရသည့်အနေအထားသို့ ရောက်ရှိသွားမည်ဖြစ်သည်။

ပြည်သူလူထုထဲတွင် နိုင်ငံရေးနှင့်ပတ်သက်၍လုံးဝစိတ်မဝင်စားသည့်သူအရေအတွက်သည် မနည်းလှပါ။ ယင်းလူတန်းစားသည် အဓိကအားဖြင့် နှစ်မျိုးနှစ်စားရှိသည်။ ပထမတစ်မျိုးက အသိပညာအတော်အတန်ပြည့်စုံပြီး အရည်အသွေးရှိသော်လည်း နိုင်ငံရေးသည်အဓိပ္ပာယ်မရှိ၊ တန်ဖိုးမရှိဟု အထင်သေးအမြင်သေးသည့်လူစားဖြစ်သည်။ သူတို့သည် နိုင်ငံရေးတွင် ဇောက်ချလုပ်ကိုင်နေသည့်လူများအပေါ် နှစ်သက်လေ့မရှိကြပါ။ ထို့အပြင် မိမိလောက်မတော်၊ မတတ်ဘူးဟုယူဆထားသူက အာဏာရသွားသည့်အခါ သူများထက်ပိုပြီးဝမ်းနည်းပက်လက်ဖြစ်ကြလေ့ရှိသည်။ ဒုတိယတစ်မျိုးမှာ နိုင်ငံရေးဆိုသည် မိမိတို့လက်လှမ်းမမီသည့် နေရာမှာရှိသည်။ မိမိတို့အနေနှင့်နားလည်ရန်ခက်ခဲသည့်ကိစ္စဟု ထင်နေသည့်သူများဖြစ်သည်။ သူတို့သည် မိမိကိုယ်မိမိနှိမ့်ချပြီးတွေးတောသည့် အလေ့အထက

ကြာရှည်စွဲမြဲလာခဲ့ခြင်းကြောင့် နိုင်ငံရေးဆိုသည်မှာ မိမိတို့နှင့် အဝေးကြီးတွင် ရှိနေသည့် အရာဟု တွေးထင်ယူဆနေကြလေ့ရှိသည်။ ထို့အပြင် နိုင်ငံရေး အကောင်းအဆိုးသည် မိမိတို့၏ ကံကြမ္မာနှင့် တိုက်ရိုက်ဆက်စပ်နေသည် ဆိုသည်ကိုလည်း သတိမထားမိကြပါ။

ဤလူစားနှစ်မျိုးစလုံး၏တွေးခေါ်ဆင်ခြင်ပုံများသည် မမှန်ကန်ဟု ဆိုသည်ကို ပြောစရာလိုမည်မထင်ပါ။ ဒီမိုကရေစီစနစ်အစစ် အမှန်မှာ နိုင်ငံရေးသည် **"လူသားအားလုံး"** ၏အလုပ်တာဝန်ဖြစ်နေရန်လိုအပ်ပါသည်။

ထို့ကြောင့် ရွှေကောက်ပွဲသည် အခွင့်အရေးတစ်ရပ်ဖြစ်သကဲ့သို့ တစ်ချိန်တည်းမှာပင် တာဝန်တစ်ရပ်ဟုလည်းဆိုနိုင်သည်။ တာဝန်ဆိုသည့် နေရာတွင် ဥပမာ- အခွန်မဆောင်၍အပြစ်ပေးခံရသည်ဆိုသည့်ပုံစံမျိုး မဟုတ်ပါ။ ပြင်းပြသည့်စိတ်ဆန္ဒ နားလည်သဘောပေါက်မှုများနှင့် အတူ နိုင်ငံရေးတွင်ပါဝင်သည်ဆိုခြင်းသည် ဥပဒေအကြောင်းအရာတာဝန်ရှိသည် မျိုးမဟုတ်ဘဲ ကျင့်ဝတ်သိက္ခာအရတာဝန်ရှိခြင်းဖြစ်သည်။ ထို့ထက်ပို ပြီးပြောရမည်ဆိုပါက ကျင့်ဝတ်သိက္ခာအရတာဝန်ဆိုသည်ထက် လူအများ၏ ပျော်ရွှင်ချမ်းမြေ့မှုကိုစဉ်းစားပေးသည့် မေတ္တာတရားပေါ်တွင် မူတည်နေသည်။ ဥပမာ- တောတွင်နေသည့် "အမျိုးသမီးတစ်ဦးက ရွှေကောက်ပွဲဆိုသည်ကို မသိနားမလည်သည့်အတွက် မဲမထည့်ဟုဆိုကြပါစို့။ နိုင်ငံထဲမှာ လူသန်းပေါင်းများစွာရှိသည့်အထဲတွင် မိမိတစ်ယောက်တည်းမဲမထည့်လည်း ဘာမှမဖြစ်ပါဘူး" ဟု စဉ်းစားကောင်းစဉ်းစားပါလိမ့်မည်။ သို့ရာတွင် လူတိုင်းလူတိုင်းက ယင်းအမျိုးသမီးကဲ့သို့သာစဉ်းစားနေမည်ဆိုပါက ယင်းကရွှေကောက်ပွဲရလဒ်ကို အကြီးအကျယ်ပြောင်းလဲသွားစေနိုင်သည်။ မဲရုံကိုမသွားဘဲ ကလေးကိုပဲနို့တိုက်ပြီးထိန်းနေသည်ဆိုပါက ယင်းကလေး သည်တစ်ချိန်တွင် မဲတစ်မဲကြောင့် အာဏာရှင်စနစ်၏သားကောင်ဖြစ်သွား နိုင်သည်ဆိုခြင်းသည် ပုံပြင်တစ်ပုဒ်မဟုတ်ဘဲ အမှန်တကယ်ဖြစ်လာနိုင် သည့်ကိစ္စဖြစ်သည်။ ဒီမိုကရေစီစနစ်ဆိုခြင်းသည် ယင်းအချက်ကိုသေချာစွာ နားလည်သဘောပေါက်သည့်သူများက ခိုင်မာသည့်အသိဉာဏ်ပညာ၊ ပြင်းပြ

သည့်တာဝန်ယူလိုစိတ်များနှင့်အတူ လုပ်ဆောင်ရသည့်အပြုအမူတစ်ခု ဖြစ်သည်။ တစ်နည်းအားဖြင့် အုတ်တစ်ချပ်ချင်းစီနှင့်ခိုင်မာသည့် ကြီးမားသည့်အဆောက်အအုံကြီးတစ်ခုကို တည်ဆောက်ထားသည့် သဘောပင်ဖြစ်သည်။

အခန်း(၅)
အများဆန္ဒဖြင့်ဆုံးဖြတ်ခြင်း

ဒီမိုကရေစီနှင့်အများဆန္ဒ

လူသားတစ်ဦးတစ်ယောက်စီသည်စွမ်းရည်အကျင့်တို့ခြားနားကြသည့်အပြင် မွေးရာကြီးပြင်းရာ ရေခဲမြေခဲပတ်ဝန်းကျင်များကလည်း အမျိုးမျိုး အဖုံဖုံဖြစ်သည့်အတွက် ဝါသနာများ၊ အကြိုက်များလည်းကွဲပြားပါသည်။ ဤသို့အမျိုးမျိုးကွဲပြားနေသည်များကို ပုံစံတစ်ခုတည်းတွင်ထည့်သွင်းရန်ကြိုးစားခြင်းသည် လူသားများကိုလေးစားမှုရှိသည် ဟုမဆိုနိုင်ပါ။ ထို့ကြောင့် လူသားများကို လေးစားရန်ဆိုသည့်အချက်ကို အခြေခံစိတ်ဓာတ်အဖြစ်သတ်မှတ်ထားသည့် ဒီမိုကရေစီစနစ်တွင်အရေးအကြီးဆုံးမှာ လူတစ်ဦးတစ်ယောက်ချင်း၏ စိတ်နှင့်ကိုယ်ပိုင်လက္ခဏာကို အလေးထားရန်ဖြစ်ပါသည်။

လူအားလုံးအနေဖြင့် ကိုယ်ပိုင်အရည်အသွေးများ၊ မွေးရာပါ အစွမ်းအစများကို လွတ်လွတ်လပ်လပ်ဖော်ထုတ်ပြီး လူဘောင်လောကကို အကျိုးပြုရန်အတွက် သာတူညီမျှသည့်အခွင့်အရေး၊ ပညာရေး၊ လွတ်လပ်ခွင့်စသည်များကို အာမခံချက်ပေးနိုင်ရမည်ဖြစ်ပါသည်။ ဤနည်းဖြင့်ဖွဲ့စည်းလာသည့်လူမှုအသိုက်အဝန်းတွင် လူတိုင်းလူတိုင်းသည်မိမိတို့ထင်မြင်ယူဆချက်အတိုင်း၊ ယုံကြည်သည့်အတိုင်းပြောဆိုလုပ်ဆောင်နိုင်ပြီး အများပြည်သူတို့၏အကျိုးစီးပွားကို မထိခိုက်သမျှကာလပတ်လုံး မိမိတို့အလိုဆန္ဒအတိုင်းလွတ်လပ်ခွင့်ကို ပိုင်ဆိုင်ကြရမည်ဖြစ်သည်။

ထို့ကြောင့် ဒီမိုကရေစီစနစ်နိုင်ငံရေးဖော်ဆောင်ရာတွင် အမျိုးမျိုး ထွက်ပေါ်လာသည့် လူအများ၏အမြင်များနှင့်ဖလှယ်ပြီး အခြေအတင် အငြင်း အခုံပြုလုပ်ရလေ့ရှိပါသည်။ လူတစ်ဦးချင်းစီက မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်များတင်ပြီး မိမိကမှန်ကန်သည်ဟု ထင်သည့်ကိစ္စကို လုပ်ဆောင်ခြင်း၊ နောက်တစ်ခါတစ်ဦးချင်းစီက မတူညီသည့်ရပ်တည်ချက်များမှ ကွဲပြားသည့် အယူအဆများကိုတင်ပြခြင်းဖြစ်သည့်အတွက် အခြေအတင်ငြင်းခုံပြီး ထိပ်တိုက်တွေ့ခြင်းမျိုးကို ရှောင်လွှဲ၍မရနိုင်ပါ။ ထို့ကြောင့်လူပေါ်လိုက်ပြီး ယင်းစနစ်ကို မကြိုက်သည်မျိုးရှိကောင်းရှိနိုင်ပါမည်။ သို့ရာတွင် ယခုကဲ့သို့ မတူကွဲပြားခြင်းကိုညှိနှိုင်းရခြင်းသည်ပင်လျှင် ဒီမိုကရေစီနိုင်ငံရေး၏ အသက်ဖြစ်ပါသည်။ အကယ်၍ ယင်းစနစ်ကရပ်တန့်သွားမည်ဆိုပါက ဒီမိုကရေစီစနစ်သည်လည်း သေဆုံးသွားမည်ဖြစ်သည်။

သို့ရာတွင် ဥပဒေရေးဆွဲသည့်အခါ၊ နိုင်ငံရေးလမ်းစဉ်ဆုံးဖြတ်သည့် အခါများတွင် အားလုံး၏ကွဲပြားသည့်အမြင်များကိုတင်ပြပြီး တစ်ဦးနှင့် တစ်ဦးအလျော့မပေး၊ နောက်မဆုတ်ကြလျှင် မည်မျှအချိန်ကြာသည်ဖြစ်စေ အဖြေတစ်ခုထွက်လာမည်မဟုတ်ပါ။ တစ်ဦးချင်းစီ၏စဉ်းစားပုံများကို အလေးထားရမည်ဖြစ်သော်လည်း သူ့အမြင်ကကောင်းသည်၊ ငါ့အမြင်ကတော့ ကျိုးကြောင်းခိုင်လုံသည်ဟုဆိုပြီးအားလုံးကိုထောက်ခံနေမည်ဆိုလျှင် လမ်းကြောင်းတစ်ခုတည်းနှင့်ရွေ့ဆက်လျှောက်လှမ်းရန်ခက်ခဲ၍ လက်တွေ့ ပြဿနာကို ဖြေရှင်းပေးနိုင်မည်မဟုတ်။ ဤနေရာတွင် ဒီမိုကရေစီစနစ်သည် အများဆန္ဒနှင့် ဆုံးဖြတ်သည့်နည်းကိုကျင့်သုံးပါသည်။ အားလုံးကအကြိတ် အနယ်ဆွေးနွေးငြင်းခုံပြီးနောက် ဆုံးဖြတ်ချက်ကိုအများဆန္ဒ၊ အများ၏ သဘောထားနှင့် မဲခွဲခြင်းသည် ဒီမိုကရေစီစနစ်၏လုပ်ပုံကိုင်ပုံဖြစ်ပါသည်။

မည်သို့လုပ်ဆောင်ရသနည်းဆိုပါလျှင် ထင်မြင်ချက်တစ်ခုကို မူကြမ်းအဖြစ်တင်ပြပြီး လက်ထောင်ခြင်း၊ မတ်တပ်ရပ်ခြင်း၊ မဲပေးခြင်း များလုပ်ပြီး သဘောတူသလား၊ မတူဘူးလားဆိုသည်ကိုမေးမြန်းပါသည်။ အခြေခံအားဖြင့် လူဦးရေတစ်ဝက်ကျော်က ထောက်ခံသည်ဆိုလျှင် မူကြမ်းကိုအတည်ပြုပြီး ထောက်ခံသည့်သူကလူနည်းစုဖြစ်မည်ဆိုပါက

ပယ်ချပါသည်။ ဤသို့သော နည်းဖြင့်ဖြတ်လိုက်ပြီးဆိုပါက သဘောမတူသည့် သူများ၊ တစ်နည်းအားဖြင့် လူနည်းစုအနေဖြင့်လူများစုက အတည်ပြုလိုက်သည့် ဆုံးဖြတ်ချက်အတိုင်းလုပ်ဆောင်ရမည်ဖြစ်ပါသည်။ ယင်းသည် အများဆန္ဒနှင့် ဆုံးဖြတ်နည်းပင်ဖြစ်သည်။

အများဆန္ဒနှင့်ဆုံးဖြတ်ရာမှာ ကန့်ကွက်သည့်လူနည်းစုကလည်း ဆုံးဖြတ်ချက်အတိုင်းလိုက်နာရသည်ဆိုသည်မှာ ဒီမိုကရေစီစနစ်၏စည်းမျဉ်းတစ်ခုဖြစ်ပြီး ဤသို့သောမပြုလုပ်ပါလျှင် နိုင်ငံရေးအရရင်ဆိုင်တွေ့မှုမျိုးကို ဖြေရှင်းနိုင်မည်မဟုတ်၊ လူမှုအဖွဲ့အစည်းတွင် ဥပဒေစိုးမိုးမှုဆိုသည်ကို ထိန်းသိမ်းထားနိုင်မည်မဟုတ်ပါ။

အများဆန္ဒဖြင့် ဆုံးဖြတ်ခြင်း၊ အခြေခံသဘောတရားပေါ်သံသယများ

အများဆန္ဒနှင့် ဆုံးဖြတ်ခြင်းဆိုသည်မှာ အဆင်ပြေသည့်နည်းလမ်းများထဲက တစ်ခုဖြစ်ပါသည်။ မူလသဘောတရားအရ တရားဥပဒေဆိုသည်မှာ မှန်ကန်မှုရှိရန်လိုသည်။ နိုင်ငံရေးသည်လည်း မှန်ကန်သည့်လမ်းကြောင်းကို ဦးတည်ဖော်ဆောင်သွားရမည်ဖြစ်သည်။ သို့ရာတွင် မည်သို့လုပ်မည်ဆိုပါက မှန်မှန်ကန်ကန်ဖြစ်လာနိုင်မည်နည်းဆိုခြင်းနှင့်ပတ်သက်၍ အမြင်များအမျိုးမျိုးကွဲပြားနေပြီးမည်မျှဆွေးနွေးမှုကို ဆက်၍လုပ်သည်ဖြစ်စေ အမြင်များတစ်ထပ်တည်းမကျလျှင်ဥပဒေရေးဆွဲရန် နိုင်ငံရေးလမ်းကြောင်း ဖော်ဆောင်ရန်မဖြစ်နိုင်ခြင်းကြောင့် မလွဲမရှောင်သာအများဆန္ဒနှင့် ဆုံးဖြတ်ရန်သာရှိပါတော့သည်။

သို့ရာတွင် အများဆန္ဒနှင့်ဆုံးဖြတ်တိုင်းလည်း တရားသေမှန်ကန်သည်ဟုပြောနိုင်ပါသလား၊ လူနည်းစု၏ထောက်ခံမှုကိုသာရသဖြင့် ထိုအဆိုသည်မှားနေသည်ဟုစဉ်းစားရတော့မည်လား။ ဤသို့သော သဘောလည်းမဟုတ်ပြန်ပါ။ လက်တွေ့တွင် အများဆန္ဒနှင့်ဆုံးဖြတ်ပေးရာတွင် မှားယွင်းနေသည့်ကိစ္စများရှိပြီးအနည်းစု၏အမြင်များက မှန်ကန်နေသည့်အခါမျိုးလည်းရှိပါသည်။ အမှန်အားဖြင့်ထူးချွန်ထက်မြက်သည့် လူနည်းစုကသေသေချာချာစဉ်းစားထားသည့် ဆုံးဖြတ်ချက်သည်လူအများက ပေါ့ပေါ့

တန်တန်စဉ်းစားထားသည့်ဆုံးဖြတ်ချက်ထက်စာပါက မှန်ကန်သည်ကများသည်။

ယင်းထက်ပို၍ပြောရလျှင် ပြည်သူလူထုထဲတွင် ဥာဏ်ပညာအရှိဆုံးတစ်ယောက်တည်းသောသူ၏ဆုံးဖြတ်ချက်က အမှန်ကန်ဆုံးဆုံးဖြတ်ချက်လည်းဖြစ်နိုင်ပါသည်။ မူလကတည်းကတော်ပြီး ထက်မြက်သည့်လူနည်းစု၊ ဥာဏ်ပညာအရှိဆုံးသူတစ်ယောက်တည်း၏ဆုံးဖြတ်ချက်ကိုလက်မခံဘဲ အများစု၏သဘောထားကိုတောင်းခံပြီး အများစုဆန္ဒယူသည်ဆိုသည့်နည်းလမ်းကိုသာ ရွေးခြယ်ရန်လိုအပ်ပါသည်။

အများဆန္ဒနှင့် ရွေးချယ်ခြင်းနှင့်ပတ်သက်၍ ယခင်ကတည်းကဤသို့သော မေးခွန်းများရှိခဲ့ပါသည်။ အများဆန္ဒနှင့် ရွေးချယ်သည့် ဒီမိုကရေစီနိုင်ငံရေးမျိုးကိုအသုံးမပြုဘဲ၊ ဥာဏ်ပညာအထက်မြက်ဆုံးလူများကို နိုင်ငံရေးအာဏာအပ်လိုက်သည်က အဆင်ပြေမည်ဆိုသည့်အမြင်များလည်းရှိခဲ့ပါသည်။ ယင်းအထဲတွင် နာမည်အကြီးဆုံးမှာ ဂရိနိုင်ငံ၏တွေးခေါ်ပညာရှင် ပလေတိုက ဖော်ထုတ်ခဲ့သည့် ဒဿနိကဗေဒပညာရှင်က စီမံအုပ်ချုပ်မှုဆိုသည့် သဘောတရားဖြစ်သည်။

ပလေတိုကအသိဉာဏ်ပညာနည်းပါးသူ အများကြီး၏အင်အားနှင့် နိုင်ငံရေးကိုဖော်ဆောင်သည့် ဒီမိုကရေစီနိုင်ငံရေးကိုကန့်ကွက်ပြီး ကျိုးကြောင်းဆက်စပ်တွေးခေါ်မှုအားကောင်းသည့် ဆုံးဖြတ်ဆင်ခြင်နိုင်စွမ်းအားအမြင့်ဆုံးရှိသည့် ဒဿနိကပညာရှင်များက နိုင်ငံရေးကိုဦးဆောင်မှုပြုသည့်အဖွဲ့အစည်းမျိုးကသာ၊ ပျက်စီးနေသည့်လူသားများ၏စိတ်ဓာတ်ကိုကယ်တင်ပေးနိုင်ပြီး ယခုကဲ့သို့လုပ်မှသာ စံပြနိုင်ငံပုံစံဖြစ်လာမည်ဟုပြောခဲ့သည်။ ယခုကဲ့သို့မျိုး ပလေတို၏စံပြနိုင်ငံရေးပုံစံသဘောတရားသည် နောက်ပိုင်းရာစုနှစ်များမှာက ပေါ်ပေါက်လာခဲ့သည့် ဒဿနိကပညာရှင်များအပေါ်လွှမ်းမိုးမှုသည် အလွန်ကြီးမားခဲ့သည်။

သို့ရာတွင် ပလေတို၏စံပြနိုင်ငံပုံစံသဘောတရားသည် နိုင်ငံရေးအတွက် စိတ်ကူးယဉ်ကအကောင်းဆုံးပုံစံဖြစ်ကောင်းဖြစ်နိုင်သော်လည်း၄င်းကို ယင်းအတိုင်းလက်တွေ့အကောင်းအထည်ဖော်မည်ဆိုပါက ကျိန်းသေ

ဆုံးရှုံးမှုနှင့် တွေ့ကြုံရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုပါလျှင် ဥာဏ်ပညာအထက်မြက်ဆုံးဟုခေါ်ဆိုပြသည့်လူများလက်ထဲသို့ နိုင်ငံရေးအာဏာအလုံးစုံအပ်နှံလိုက်ပြီး သာမန်ပြည်သူများက မှားယွင်းသည်ဟုယူဆပြီး ဒဿနိကပညာရှင်ပေးသည့် အမိန့်အတိုင်းလိုက်နာရမည်ဆိုခြင်းသည် နောက်ဆုံးတွင် အာဏာရှင်စနစ်နှင့် အတူတူပင်ဖြစ်နေသည်။ အာဏာရှင်စနစ်တွင် အာဏာရှင်သည်နိုင်ငံသားများထဲက အကြီးကျယ်ဆုံးလူသားတစ်ဦးဖြစ်သည့်အတွက် ယင်းလူ၏စိတ်ဆန္ဒအတိုင်း လိုက်နာဆောင်ရွက်မည်ဆိုပါက အမှားမရှိနိုင်ဟုယူဆလေ့ရှိကြသည်။ သို့အတွက် အာဏာရှင်ကပြည်သူလူထုထဲကအကြီးမြတ်ဆုံး၊ ဥာဏ်အကောင်းဆုံးလူဆိုသည်ကိုမည်သူကသတ်မှတ်ဆုံးဖြတ်ပေးမည်နည်း။ အာဏာရှင်၏နောက်လိုက်များက ယင်းသို့ပြောသည့်အတွက် ယင်းအတိုင်းဟုတ်လိမ့်မည်ဟု ယူဆကြသည့်တိုင် ခိုင်မာသောအာမခံချက်မျိုးမရှိပါ။

လက်တွေ့တွင် အဆိုပါပြောဆိုမှုသည် အကြီးအကျယ်လိမ်ညာနေသည်လည်း ဖြစ်နိုင်ပါသေးသည်။ ၄င်းပြင်အာဏာရှင်က အမှန်တကယ်ကြီးမြတ်သည့်သူဖြစ်သည်ဟုဆိုပါကလည်း ယင်းလူတစ်ယောက်တည်းက အာဏာအလုံးစုံကိုကာလရှည်ကြာစွာ ချုပ်ကိုင်ထားမည်ဆိုပါက အဂတိလိုက်စားမှုများဖြစ်လာပြီး ရာထူးကပြုတ်ကျပျက်စီးနိုင်သည်။ ၄င်းကိုကြည့်မည်ဆိုပါကအာဏာသည် လူနည်းစုလက်ထဲတွင်ရှိနေသည့်အတွက်၊ ယင်းအာဏာသည်လူထုအတွက် ဆေးမဖြစ်ဘဲအဆိပ်ဖြစ်လာနိုင်ပါသည်။

ဤသို့သောဆိုးကျိုးများကိုလူထုမသိရှိစေရန် ဖုံးကွယ်ပြီးအာဏာရှင်စနစ်၏ကောင်းသောအချက်များကိုသာ ဝါဒဖြန့်ချိရန်အတွက်နည်းအမျိုးမျိုးနှင့်လည်း လိမ်ညာလေ့ရှိကြသည်။ မဖြစ်နိုင်သည့်နိုင်ငံရေးပုံစံကိုဖော်ဆောင်ပြီး အလှမ်းဝေးနေသည့်အောင်မြင်မှုများဖြင့် ဂုဏ်ယူရန်ကြိုးစားကြသည်။ နောက်ဆုံးမဖြစ်နိုင်သည်များက ဘူးလေးရာဖရုံဆင့်ဆိုသကဲ့သို့များလာပြီး တိုင်းသူပြည်သားများကို ချောက်ကမ်းပါးထဲကျအောင်လုပ်လိုက်သကဲ့သို့ဖြစ်လာသည်။ ပြန်လည်အဖတ်ဆည်၍မရသည့် ဆုံးရှုံးမှုများနှင့် တွေ့ကြုံရနိုင်ပါသည်။ အာဏာရှင်ဟစ်တလာကို အတုမရှိသည့်သူရဲကောင်းအဖြစ်ပုံဖော်နိုင်ခဲ့ခြင်းမျိုးဖြစ်သည်။

ပလေတိုကဖော်ထုတ်ခဲ့သည့်စံပြနိုင်ငံပုံစံမျိုးကို အကောင်အထည်ဖော်နိုင်ခဲ့သည်ဟုဆိုပြီး ဂုဏ်ယူဝင့်ကြွားခဲ့ကြသည့် နာဇီဂျာမနီတို့၏ကံကြမ္မာကို ကြည့်ခြင်းအားဖြင့် အာဏာရှင်နိုင်ငံရေးနောက်တစ်ကြိမ်မည်သည့်အခါမျှ ထပ်မံပေါ်ပေါက်လာ၍မဖြစ်ဟူသည့် အသိတရားသင်ခန်းစာကို ရရှိစေခဲ့ပါသည်။

အာဏာရှင်စနစ်သည်ဒီမိုကရေစီစနစ်ကို "စည်းမဲ့ကမ်းမဲ့ပရမ်းပတာနိုင်ငံရေး" ဆိုကာ ပြစ်တင်ဝေဖန်လေ့ရှိသည်။ ဝေဖန်သည့်အတိုင်း ဒီမိုကရေစီဝါဒသည်လည်း ယင်းကဲ့သို့အဖြစ်ဆိုးမျိုးနှင့် မကြုံနိုင်ဟု မပြောနိုင်ပါ။ သို့ရာတွင် ပညာရေးထွန်းကားလာပြီး ဉာဏ်ပညာဗဟုသုတနှင့် ပြည်စုံလာသည့် လက်ရှိခေတ်ပြည်သူများသည် ပလေတိုတို့ခေတ်က ပြည်သူများနှင့် မတူတော့ပါ။ ပြည်သူလူထုကမှန်ကန်သည့် နိုင်ငံရေးဂုဏ်သိက္ခာအကြောင်းကိုသာ ကောင်းကောင်းနားလည်ထားမည်ဆိုလျှင် လူအများ၏စဉ်းစားတွေးခေါ်ပုံကိုစုစည်း၍ ညှိနှိုင်းဆောင်ရွက်နိုင်ပြီး စုပေါင်းညီညာအောင်ကြောင်းဖြာနိုင်မည်ဖြစ်သည်။ နိုင်ငံရေး၏အရေးပါသည့်အဓိကအချက်ကို ပြည်သူများကိုဖုံးကွယ်ထားပြီး ခေါင်းဆောင်တစ်ယောက်တည်းကပြောသည့်လမ်းအတိုင်းသာ လျှောက်လှမ်းနေမည်ဆိုလျှင် ပြည်သူများကြားတွင်ရှိသည့်အသိပညာများကို ပေါ်ထွက်လာအောင် လုပ်ဆောင်နိုင်မည်မဟုတ်ပါ။ ဤသို့ဆိုပါက ပြည်သူများသည် မျက်ကန်းများကဲ့သို့ ဘဝမျိုးရောက်လာရုံတင်မက အာဏာရှင်ကိုယ်တိုင်လည်း ပြည်သူများထံမှဝေဖန်မှုကို လက်ခံနားထောင်သည့် အခွင့်အရေးမျိုးမရှိသည့်အတွက် သူကိုယ်တိုင်လည်းမျက်ကန်းဘဝသို့ရောက်သွားပြီး ဆုံးရှုံးမှုဆီသို့သာ ဦးတည်သွားနိုင်သည်။

ယင်းအန္တရာယ်ကိုရှောင်ရှားရန်အတွက် တတ်နိုင်သမျှလူအများကနိုင်ငံရေးတွင် ပါဝင်ပြီးအများဆန္ဒ၊ အများသဘောထားများကို စုစည်းလုပ်ဆောင်သွားသည့်နည်းလမ်းအပြင် အခြားကောင်းမွန်သည့်နည်းလမ်းမရှိပါ။

ဒီမိုကရေစီစနစ်သည် အကောင်းအဆိုးရောထွေးနေသည့် အများဆန္ဒတစ်ခုတည်းကို အလေးထားခြင်းမဟုတ်ဘဲ၊ ပြည်သူလူထုအထဲက

အသိဉာဏ်ပညာထက်မြက်သည့် သူကိုနိုင်ငံရေးလုပ်စေသည့်နည်းလမ်းကို အသုံးပြုလေ့ရှိသည်။ လူထုကအားလုံးစုပြီး ဥပဒေကိုရေးဆွဲမည့်အစား လွှတ်တော်အမတ်များကိုရွေးချယ်ပြီး ဥပဒေရေးဆွဲရာတွင် ကျွမ်းကျင်သည့် ပညာရှင်ကို ဥပဒေပြုလုပ်ငန်းလုပ်ဆောင်စေသည်။ လွှတ်တော်က အစိုးရအဖွဲ့ဝန်ကြီးချုပ်ကို ရွေးချယ်ပြီးအခြားဝန်ကြီးများကို ဝန်ကြီးချုပ်က သူ့စိတ်ကြိုက်ရွေးချယ်သည်။ ဤသို့သော ပုံစံနှင့် အစိုးရအုပ်ချုပ်ခြင်းက အထက်တွင်ဖော်ပြခဲ့သည့် နည်းလမ်းပင်ဖြစ်သည်။ တစ်ခုသာပြောစရာရှိသည်။ ဥပဒေပြုအာဏာဖြစ်စေ၊ အုပ်ချုပ်ရေးအာဏာဖြစ်စေ သတ်မှတ်ထားသည့် လူများကသာအချိန်အကြာကြီး သိမ်းပိုက်ထားမည်ဆိုပါက ညှဉ်းပန်းနှိပ်စက်မှုများကျိန်းသေပေါ်ပေါက်လာနိုင်သည်။ ရေသည်တစ်နေရာတည်းတွင် အချိန်အကြာကြီးဝပ်နေမည်ဆိုလျှင် ခြင်ဥများပေါက်ဖွားပြီး ရေဆိုးရေပုပ်များဖြစ်လာခြင်းမျိုးရှိသည်။ ယင်းအတွက်ကြောင့် ဒီမိုကရေစီစနစ်တွင် လွှတ်တော်အမတ်များ၏ သက်တမ်းကိုကန့်သတ်ထားသကဲ့သို့ မကြာမကြာ အထွေထွေရွေးကောက်ပွဲကိုကျင်းပပြီး အစိုးရအဖွဲ့အတွင်းတွင် လူသစ်များပါဝင်လာအောင်လုပ်ဆောင်ပေးရသည်။ တစ်နည်းအားဖြင့် ဒီမိုရေစီနိုင်ငံရေးသည် အများဆန္ဒဖြင့်ဆုံးဖြတ်သည့်စနစ်နှင့် လူထုကိုယ်စားလှယ်ကိုရွေးချယ်သည့်စနစ်၊ ယင်းစနစ်နှစ်ခု၏အားသာချက်များကိုယူကာ ပေါင်းစပ်ဖွဲ့စည်းထားသည် ဟုပြောလျှင်လည်းရနိုင်သည်။

ဒီမိုကရေစီ၏အားနည်းချက်

ဒီမိုကရေစီနိုင်ငံရေးကို ဖော်ဆောင်သွားရန်အတွက် အခြေခံကျသည့် နည်းလမ်းဖြစ်သည့် အများဆန္ဒနှင့်ဆုံးဖြတ်ခြင်းသည် ပြောင်းလဲမှုမရှိ၊ လူထုအကြားမှ လွှတ်တော်အမတ်များကိုရွေးချယ်သည့်နေရာတွင် မဲအများဆုံးရသည့်သူကို ရွေးချယ်ကြသည်။ လွှတ်တော်တွင် ဥပဒေကိုပြဋ္ဌာန်းသည့်အခါတွင်လည်း မဲအများစုနှင့်ဆုံးဖြတ်လေ့ရှိကြသည်။ အစိုးရအဖွဲ့ဝန်ကြီးချုပ်ကို ရွေးချယ်သည့်အခါ လွှတ်တော်တွင် မဲအများဆုံးရသည့်သူကိုသာ ရွေးချယ်ခြင်းဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီနိုင်ငံရေး ဆိုသည်မှာ

အများစုက အုပ်ချုပ်သည့်ပုံစံဖြစ်သည်။ အများစုက ဆုံးဖြတ်လိုက်သည့် ကိစ္စကို ပြည်သူလူထုတစ်ရပ်လုံး၏ သဘောထားအနေနှင့် ဆုံးဖြတ်လုပ်ဆောင်ခြင်းဖြစ်သည်။

ကနဦးပြောခဲ့သကဲ့သို့ အများသဘောဆန္ဒဖြစ်သည့်အတွက် လူနည်းစု၏သဘောထားထက်ပိုပြီးမှန်သည်ဟု တရားသေပြော၍မရပါ။ ဥရောပ အလယ်ခေတ်ကာလတွင် နေတို့ကြယ်တို့သည် လူသားများနေထိုင်သည့် ကမ္ဘာကြီးကိုဗဟိုပြုပြီး လည်ပတ်နေကြသည်ဟုလူအားလုံးက ယုံကြည်ခဲ့ကြသည်။ မျက်မှောက်ခေတ်အစောပိုင်းကိုရောက်လာချိန်တွင် နီကိုလပ်စ်ကို ပါနီးကပ်စ်၊ ဂယ်လီလီယိုတို့ကဲ့သို့ ပညာရှင်များပေါ်လာပြီး ကမ္ဘာမြေကြီးကို ဗဟိုပြုပြီးနေများလများက လှည့်ပတ်နေသည်ဆိုသည့် အယူအဆသည်များယွင်းနေသည်ဆိုခြင်းကို သက်သေပြခဲ့သည်။ ယခင်ခေတ်က ယင်းအယူအဆသည်ကိုန်းသေပေါက်မှန်ကန်သည်ဟုအများက ယူဆထားခဲ့ကြသည်။ အမှန်မှာကမ္ဘာကသာနေကိုဗဟိုပြုပြီး လှည့်ပတ်နေသည်ဆိုသည့် အယူအဆကသာမှန်ကန်ကြောင်းယုံကြည်ခဲ့ကြသည့်သူအရေအတွက်က အနည်းငယ်သာရှိခဲ့သည်။ အလားတူပင် နိုင်ငံရေးအရဆုံးဖြတ်ချက်များချမှတ်သည့် အခါတွင်လည်းများစွာရှိသည်။ မည်သည့်ကိစ္စမဆိုအများ၏အင်အားနှင့် ဖိအားပေးပြီး မှန်ကန်မှုရှိသည်ဟုယူဆပြီး လူနည်းစု၏အမြင်သဘောထားကိုနားစိုက်မထောင်ပါက ယင်းဆောင်ရွက်မှုသည်အများစုက နိုင်လိုမင်းထက်ပြုမူခြင်းသာဖြစ်သည်။ ဒီမိုကရေစီစနစ်သည် ယင်းကဲ့သို့ အနိုင်ကျင့်ခြင်းတို့ကို တစ်နည်းနည်းနှင့် ကာကွယ်တားဆီးရန်လိုအပ်သည်။

အများဆန္ဒနှင့် ဆုံးဖြတ်ခြင်းနည်းလမ်းသည် အသုံးပြုပုံဖော်လိုက်ရာတွင် အများစုနိုင်လိုမင်းထက်ပြုမူမှုအား လက်ယပ်ခေါ်သလိုဖြစ်တတ်သည်သာမက၊ ဒီမိုကရေစီစနစ်၏နဂိုမူလအခြေခံအုတ်မြစ်ကိုပါ ပျက်စီးသွားစေနိုင်သည်။ အဘယ်ကြောင့်ဆိုသော် အများစုအင်အားကိုသာရပါက မည်သည့်ကိစ္စကိုမဆိုဖြစ်အောင်လုပ်နိုင်သည်ဟု ယုံကြည်လက်ခံလာပါက အများစု၏အရှိန်အဝါကိုသုံးပြီး နိုင်ငံရေးလမ်းစဉ်တစ်ခုကို ကျိန်းသေမှန်ကန်သောလမ်းစဉ်အဖြစ်ပုံဖော်လာမည်ဖြစ်ခြင်းကြောင့်ဖြစ်သည်။ ကန့်ကွက်ဝေဖန်

မှုမှန်သမျှကို တားဆီးပြီး အာဏာရှင်နိုင်ငံရေးစနစ်ကို တည်ထောင်သွားနိုင်ခြင်းကြောင့် ဖြစ်သည်။

ဤနေရာတွင် ဂျာမနီနိုင်ငံကို နောက်တစ်ကြိမ်ထပ်၍ဥပမာပေးလိုပါသည်။ ပထမ ကမ္ဘာစစ်တွင်စစ်ရှုံးခဲ့သည့်ဂျာမနီနိုင်ငံသည် Weimarer (ဗိုင်မာ)ဆိုသည့်မြို့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲပြီး အဆင့်မြင့် ဒီမိုကရေစီစနစ်ကိုပြဋ္ဌာန်းခဲ့သည်။ ဗိုင်မာဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းပြည်၏အချုပ်အခြာအာဏာမူလရင်းမြစ်သည် ပြည်သူလူထုဖြစ်သည်။ ပြည်သူလူထု၏သဘောထားကိုအခြေခံပြီး တိုင်းပြည်၏အုပ်ချုပ်ရေးမဏ္ဍိုင် ဖြစ်လာခြင်းမှာ လွှတ်တော်ဖြစ်ပါသည်။ လွှတ်တော်အမတ်များသည် ကျားမ တန်းတူညီမျှမှုရှိသည့် ပုံမှန်ရွေးကောက်ပွဲများက ရွေးကောက်တင်မြှောက်ခံရပြီး ဥပဒေကိုလွှတ်တော်၏အများစုဆုံးဖြတ်ချက်နှင့် သတ်မှတ်သည်။ လွှတ်တော်တွင် အများစုနေရာရထားသည့်ပါတီက ဦးစီးဦးဆောင်ပြုပြီး အစိုးရအဖွဲ့ကိုဖွဲ့စည်းပြီးသည့်နောက် ပြဋ္ဌာန်းထားသည့်ဥပဒေအတိုင်း နိုင်ငံရေးကို လုပ်ဆောင်သည်။ ယင်းစနစ်အားသုံးသပ်ပြောကြားရမည်ဆိုပါက ဂျာမနီနိုင်ငံသည် ဗိုင်မာဖွဲ့စည်းပုံအခြေခံအောက်တွင် အခြားမည်သည့်နိုင်ငံနှင့်မဆိုတန်းတူ ဒီမိုကရေစီစနစ်ကိုဖော်ဆောင်နိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် မြင်ရမည်ဖြစ်သည်။

သို့ရာတွင် လွှတ်တော်ထဲတွင် နိုင်ငံရေးပါတီအများအပြားပေါ်ပေါက်လာပြီး ယင်းပါတီများက အချင်းချင်းအာဏာလုနေကြခြင်းကြောင့် ဂျာမနီနိုင်ငံသားများသည် တဖြည်းဖြည်းနှင့်လွှတ်တော်နိုင်ငံရေးအပေါ် ငြီးငွေ့စိတ်ကုန်လာကြသည်။ အခြေမခိုင်ယိမ်းယိုင်နေသည့် နိုင်ငံရေးပါတီများအစား ဦးတည်ရာတစ်ဖက်ဘက်သို့ဖြောင့်ဖြောင့်တန်းတန်းနှင့် လူထုကိုဆွဲခေါ်သွားနိုင်မည့် နိုင်ငံရေးအင်အားစုတစ်ခုပေါ်ပေါက်လာရန် မျှော်လင့်လာကြသည်။ ယင်းအချိန်တွင်ပေါ်လာသည့်ပါတီမှာ နာဇီပါတီဖြစ်သည်။ ပါတီစတင်ဖွဲ့စည်းစတွင် အဖွဲ့ဝင်ခုနစ်ဦးသာရှိခဲ့သည်ဆိုသည့် နာဇီပါတီသည်အချိန်တို့အတွင်းတွင် လူထုအကြားသို့ ရေပန်းစားလာပြီး ၁၉၃၃ ခုနှစ်ဇန်နဝါရီလတွင် ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင်

ဂျာမနီလွတ်တော်၏နံပါတ်တစ်ပါတီဖြစ်လာခဲ့သည်။ အစိုးရအဖွဲ့ကို ဖွဲ့စည်းခဲ့သည့် ဟစ်တလာသည်လွတ်တော်၏အများစုဆုံးဖြတ်ချက်ကို အသုံးချပြီး အုပ်ချုပ်ရေးအာဏာသာမက ဥပဒေပြုရေးအာဏာကိုပါ အစိုးရကိုအပ်နှင်းရမည်ဆိုသည့် ဥပဒေတစ်ရပ်ကိုပြဋ္ဌာန်းစေခဲ့သည်။ အစိုးရကဥပဒေပြုရေးအာဏာကို ချုပ်ကိုင်နိုင်မည်ဆိုပါက မည်သည့် နိုင်ငံရေးတွင်ဖြစ်စေ စိတ်တိုင်းကျလုပ်ဆောင်နိုင်မည်ဖြစ်သည်။ ထိုအခါ လွတ်တော်သည်ချောင်ထိုးခံလာရသည်။ ဂျာမနီနိုင်ငံသည် အာဏာရှင်စစ်စစ်ပုံစံဖြစ်လာပြီး ဂျာမနီနိုင်ငံသားများသည် ဟစ်တလာ၏ဝါဒနှင့် နာဇီပါတီ၏ဖိနှိပ်မှုအောက်တွင် စစ်ပွဲကိုဆင်နွှဲခဲ့ကြရာမှ ပျက်စီးဆုံးရှုံးခဲ့ရသည်။

တိရိစ္ဆာန်လောကတွင်လည်း ယင်းကိစ္စနှင့် ဆင်တူသည့်အဖြစ်အပျက်များရှိသည်။ ဥပမာ- ဥဩဆိုသည့်ငှက်သည် မိမိဘာသာအသိုက်မဆောက်ဘဲ ငှက်ရွှေဝါ၏ အသိုက်ထဲတွင်သွားပြီး ဥဥလေ့ရှိပါသည်။ ငှက်ရွှေဝါငှက်မသည် မိမိဥထားသည့်ဥများနှင့် အတူတူဥဩငှက်၏ဥများကို အနွေးဓာတ်ပေးသည်။ ဥဩငှက်၏ဥများသည် ငှက်ရွှေဝါ၏ဥများထက် အကောင်ပေါက်သည့်ရက်က တိုတောင်းသည်။ ထို့ကြောင့် ဥဩငှက် အကောင်ပေါက်များအရင်ဆုံးထွက်လာပြီး တဖြည်းဖြည်းကြီးလာသည့်အခါ ယင်းအသိုက်ကို မောင်ပိုင်စီးလာသည်။ ငှက်ရွှေဝါ၏ဥများကို အပြင်သို့ဖယ်ထုတ်လာသဖြင့် ဥများမြေပေါ်ပြုတ်ကျပြီး ပျက်စီးကုန်သည်။

အများစုနေရာကို ပိုင်ဆိုင်ထားသည့်နိုင်ငံရေးပါတီကို ဆင်ခြင်သုံးသပ်ခြင်းမရှိဘဲ အာဏာကုန်လွှဲအပ်လေ့ရှိသည့် ဒီမိုကရေစီစနစ်သည် မိုက်မဲသည့် ငှက်ရွှေဝါငှက်မနှင့် အတူတူဖြစ်သည်။ အာဏာကုန်ပေးသည်ကို အသုံးချပြီး ဥဩငှက်နှင့်တူသည့် အာဏာရှင်ကဒီမိုကရေစီနိုင်ငံရေး၏ အသိုက်နှင့်တူသည့် လွှတ်တော်ထဲတွင်ဥကိုဥသည်။ အစပိုင်းတွင် မည်သို့မျှ လှုပ်လှုပ် ရှားရှားမလုပ်သော်လည်း တခြိန်တွင်အများစုကနေရာကိုပိုင်ပြီဆိုသည်နှင့် တစ်ပြိုင်နက်ချက်ချင်းဇာတိရုပ်ကို ပြပြီးပြိုင်ဘက်အတိုက်အခံပါတီများကို အလဲထိုးပြီးသည့်နောက် လွှတ်တော်တွင် ကြီးစိုးပါသည်။ ဒီမိုကရေစီစနစ်သည်ဖြိုခွဲခံရပြီး အာဏာရှင်စနစ်ကကြိုက်သလိုစီမံအုပ်

ချုပ်သည့်အခြေအနေကို ရောက်သွားသည်။ ဂျာမနီအရေးကို ကြည့်မည်ဆိုလျှင် ယင်းပုံစံအတိုင်းဖြစ်သည်။ ဤကဲ့သို့ထပ်မံမဖြစ်နိုင်ဟု ပြော၍မရပါ။ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ၏နိုင်ငံသားများသည် ဒီမိုကရေစီနိုင်ငံရေးတွင် ယခုကဲ့သို့ အားနည်းချက်ရှိနေသည်ကို အသေအချာသတိထားရန်လိုအပ်လှသည်။

အများဆန္ဒဖြင့်ဆုံးဖြတ်ခြင်းနှင့်လွတ်လပ်စွာရေးသားပြောဆိုခွင့်

အများဆန္ဒနှင့်ဆုံးဖြတ်သည့်နည်းလမ်းနှင့်အတူ ဖြစ်လာနိုင်သည့် ဆိုးကျိုးများကို ကာကွယ်ရန်အတွက်အရေးအကြီးဆုံးမှာ လွတ်လပ်စွာရေးသားပြောဆိုခွင့်ကို အလေးထားရန်ပင်ဖြစ်သည်။ လွတ်လပ်စွာရေးသားပြောဆိုခွင့်တစ်ခုတည်းကသာ ဒီမိုကရေစီစနစ်ကို အာဏာရှင်စနစ်ဖြစ်သွားစေမည့်အကြံအစည်များက ကာကွယ်ပေးနိုင်သည့်ဒိုင်းတခုဖြစ်ပြီး လုံခြုံမှုပေးနိုင်သည့်အရာဖြစ်သည်။ ထို့ကြောင့် နိုင်ငံရေးပါတီတစ်ခုက လွတ်တော်၏အများစုနေရာကို မည်မျှပင်ပိုင်ထားသည်ဖြစ်စေ၊ အတိုက်အခံဘက်လူနည်းစု၏ပြောဆိုချက်များကို ပိတ်ဆို့တားဆီးထားခြင်းမျိုးကို ခွင့်မပြုသင့်ပါ။ ဒီမိုကရေစီစနစ်၏တိုးတက်မှုဆိုခြင်းသည် နိုင်ငံရေးပါတီအချင်းချင်းကြားတွင် ဝေဖန်ပြောကြားမှုများပြုလုပ်ပြီး ငြင်းခုံဆွေးနွေးမှုများပြုလုပ်သည့်နေရာတွင်သာ ရှိနေခြင်းဖြစ်သည်။ ယင်းကို တစ်နိုင်ငံလုံးသဘောထားတစ်ခုတည်းရှိသည်၊ တစ်နိုင်ငံတစ်ပါတီဆိုသည်များကိုပြောပြီး အတိုက်အခံပါတီ၏ပြောဆိုခွင့်များကို တားမြစ်လိုက်မည်ဆိုပါက နိုင်ငံတိုးတက်မှုသည် ရပ်တန့်သွားမည်ဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီစနစ်သည်မည်မျှပင်အများဆန္ဒကိုအလေးထားသည်မှာ မှန်သော်လည်းအများဆန္ဒနှင့် ဆုံးဖြတ်ခြင်းသည် ဒီမိုကရေစီစနစ်၏သဘောတရားဖြစ်သော်လည်း မည်ကဲ့သို့ပင်အများစု၏ဆန္ဒဟုပြောနေစေကာမူ ဒီမိုကရေစီစနစ်ကို ဆန့်ကျင်ခြင်းမျိုးကို လက်မခံနိုင်ပါ။

လွတ်လပ်စွာပြောဆိုခွင့်ဟူသောကိစ္စသည် တစ်ဦးတစ်ယောက်၏သဘောထားကို လေးစားမှုပေးခြင်းဖြစ်ပြီး လူနည်းစုသဘောထားကို

လေးစားရမည်ဆိုခြင်းသည် ယင်းကြောင့်ဖြစ်သည်။ လူထုကသာ ဥာဏ်အမြော်အမြင်နှင့် ပြည့်စုံမည်ဆိုပါက အများစု၏အမြင်သည် အနည်းစု၏အမြင်ထက် အမှန်တရားနှင့်ပိုပြီးနီးစပ်သည်ဟုပြောနိုင်သည်။ သို့ရာတွင် အများစု၏အမြင်ကမှန်နေသည်ဆိုလျှင် အနည်းစု၏ကန့်ကွက်မှုကို သေချာစွာနားထောင်၍ လူများစုကထောက်ခံသည့်အမြင်ကို နောက်တစ်ကြိမ်ပြန် လည်စဉ်းစားကြည့်ခြင်းသည်အမှန်တရားကို တိကျမှုရှိစေရန် ထပ်ဆင့်လိုက်သည့် သဘောပင်ဖြစ်သည်။ ယင်းနှင့်ပြောင်းပြန်ဖြစ်သော လူနည်းစုပြောသည်က မှန်ကန်သော်လည်း လူများစု၏အမြင်ကို အတင်းအဓမ္မအကောင်အထည်ဖော်ကာ လူနည်းစုပြောခြင်းကို နားမထောင်သည့် အခါမျိုးတွင် နိုင်ငံရေးအတွင်းတွင်ရှိသည့် မှန်ကန်မှုဆိုသည့်အလင်းရောင်သည် ပျောက်ဆုံးသွားမည်ဖြစ်သည်။ ဤကဲ့သို့ ပြုမူလုပ်ဆောင်ခြင်းသည် လူမှုအသိုက်အဝန်းများတွင် ဖြစ်ပေါ်နေသည့်အမှားအယွင်းများကို ပြန်လည်တည့်မတ်ပေးနိုင်သည့်အခွင့်အလမ်းကို မိမိကိုယ်တိုင်ဆုံးရှုံးခံရန် ဆောင်ရွက်လိုက်သည်ဟု ပြောရမည်ဖြစ်သည်။

ထို့ကြောင့်အများဆန္ဒနှင့် ဆုံးဖြတ်သည့်ကိစ္စသည် အများစု၏အမြင်ဖြစ်၍မှန်ကန်သည်ဟု ဆုံးဖြတ်ခွင့်ပေးထားသည့် အဓိပ္ပာယ်မျိုးမဟုတ်ပေ။ သို့ရာတွင် အတိုက်အခံဖြစ်နေသည့် အမြင်အမျိုးမျိုးထဲတွင် မည်သို့သော အမြင်ကမှန်သနည်းဆိုခြင်းကို နောက်တစ်ကြိမ်ပြန်ပြီး သုံးသပ်မှုမလုပ်ခြင်းကများသည်။ ဘုရားသခင်ကသာ ယင်းထဲက မည်သည်အမှန်ဖြစ်သည်ကို ချက်ချင်းဆုံးဖြတ်နိုင်မည်ဖြစ်သည်။ ဘုရားသခင်မဟုတ်သည့် လူသားများအနေနှင့် တန်ခိုးရှင်ကဲ့သို့ အစွမ်းအစကိုပိုင်ဆိုင်ပြီး ဆုံးဖြတ်ချက်ချပေးရန်သည် မိမိကိုယ်မိမိ ယုံကြည်ချက်ထားပြီး ဆုံးဖြတ်ရန် ကလွဲပြီး အခြားမရှိပါ။ မည်သည်က ရှေ့ဆက်သွားသင့်သည်ကိုမသိပါ မှန်ကန်သည့်လမ်းကြောင်းကိုမသိပါဟုပြောနေရုံနှင့် ပြဿနာသည်မည်သည့် အခါမှ ပြေလည်မည်မဟုတ်ပါ။ ထို့ကြောင့် အများစု၏သဘောထားနှင့် ပြဿနာကို လတ်တလောဖြေရှင်းရမည်ဖြစ်သည်။ တစ်နည်းအားဖြင့် ကျိန်းသေပေါက်မှန်သည်ဟုပြော၍မရဘဲ မျက်စိရှေ့ကပြဿနာကို ဖြေရှင်း

ပြီး ရှေ့ကိုဆက်ပြီး တိုးတက်အောင်လုပ်ကြည့်သည့် နည်းလမ်းတစ်ခုသာ ရှိသည်။

မှန်ကန်သည့်လမ်းကြောင်းနှင့် မှားယွင်းနေသည့်လမ်းကြောင်း၊ ယင်းနှစ်ခုအကြားကကွဲပြားမှုသည် အချိန်မကြာချိန်တွင်ပင် အဖြူအမည်းသဲကွဲသည့်အချိန်သို့ရောက်လာနိုင်ပါသည်။ ယင်းသို့ သိရှိနိုင်ရန်အတွက် အတွေ့အကြုံကသာ သင်ကြားသွားမည်ဖြစ်သည်။ ဘုရားသခင်မဟုတ်သည့် လူသားများသည် ဤသို့သောကွဲပြားမှုကို ကျိန်းသေပေါက်မသိနိုင်ပါ။ သို့သော် လတ်တလောတွင် အများဆန္ဒနှင့် ဆုံးဖြတ်ခြင်းအားဖြင့် ပြဿနာကိုအဆုံးသတ်စေသည်။ ယင်းနောက်တွင် ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံရေးကို လုပ်ဆောင်ကြည့်သည့်အခါ ယင်းအကျိုးသက်ရောက်မှုသည် မကြာမီကာလတွင် အဖြူအမည်းသဲကွဲလာသည်။ ပြောင်းပြန်အနေဖြင့် အများ၏သဘောထားနှင့် ဆုံးဖြတ်ထားသည့် လမ်းစဉ်ကမှားနေပြီး လူနည်းစု၏အမြင်ကိုလိုက်နာခြင်းက မှန်ကန်သည်ဆိုသည့် အခြေအနေမျိုးက အဖြစ်မှန်ပေါ်လိုက်ပြီး သိသာထင်ရှားလာမှုများလည်းရှိသည်။ ယင်းအခြေအနေနှစ်ခုတွင် ပထမအခြေအနေဖြစ်ပါက ယင်းအတိုင်းဘဲ အဆင်ပြေနိုင်သည်။ ဤသို့မဟုတ်ဘဲ ဒုတိယအခြေအနေမျိုးဖြစ်ပါက မှန်ကန်သည့် လူနည်းစုအမြင်အတိုင်း ဥပဒေကိုပြောင်းလဲပြီး နိုင်ငံရေးလုပ်ထုံးလုပ်နည်းများကို ပြောင်းလဲသွားရန်လိုအပ်သည်။ ထိုအခါ ပြည်သူများအနေနှင့်လည်းအများ၏သဘောထားကို အားပေးမှုများလုပ်တော့မည်မဟုတ်ပါ။ ပြောင်းပြန်အနေနှင့် လူနည်းစု၏ အမြင်များကိုအများကထောက်ခံလာပါလိမ့်မည်။ ဤကဲ့သို့ ဖြစ်မည်ဆိုပါက ယခင်က လူများစု၏သဘောထားအမြင်သည် လူနည်းစုအမြင်ဖြစ်သွားပြီး လူနည်းစု၏အမြင်က လူအများ၏သဘောထား အမြင်များအဖြစ်ပြောင်းလဲသွားမည်ဖြစ်သည်။ လွှတ်တော်တွင် နောက်တစ်ကြိမ်ဆုံးဖြတ်ခြင်းအားဖြင့် ဥပဒေကိုပြင်ဆင်၍ ရနိုင်သည်။ ဤနည်းလမ်းအားဖြင့် ဥပဒေသည် တဖြည်းဖြည်းတိုးတက်လာပြီး နိုင်ငံရေးသည် တစ်စတစ်စမှန်ကန်သည့်လမ်းကြောင်းဘက်ကို ဦးတည်သွားမည်ဖြစ်သည်။ အထက်တွင် ဖော်ပြထားသကဲ့သို့ အများဆန္ဒနှင့်

ဆုံးဖြတ်ထားသည့်ရလဒ်ကို အတွေ့အကြုံနှင့်ယှဉ်သည့် ပြင်ဆင်မှုများ
ပြုလုပ်ပြီး ပြည်သူလူထု၏ဝေဖန်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုပါ
ပေါင်းစပ်လိုက်မည်ဆိုပါက နိုင်ငံရေးလုပ်ဆောင်ရာတွင် အဆက်မပြတ်
တိုးတက်သွားစေခြင်းက ဒီမိုကရေစီစနစ်၏စစ်မှန်သော အားသာချက်
ဖြစ်သည်။ လူနည်းစုအသံကိုအမြဲနားစွင့်သည်ဆိုသည့်အလုပ်ကို ရေသာခိုပြီး
အများဆန္ဒနှင့်ဆုံးဖြတ်သည့်စနစ်ကို လုပ်ဆောင်နေခြင်းက ဒီမိုကရေစီ
စနစ်ကျဆုံးခြင်း၏ ပြယုဂ်သာဖြစ်သည်။

အာဏာရှင်များသည် လေကြီးလေကျယ်များပြောလေ့ရှိကြသည်။
ဥပမာ "ငါ့ရဲ့ဆုံးဖြတ်ချက်ဟာအမှားမရှိဘူး။ ငါညွှန်ပြတဲ့လမ်းကြောင်းဟာ
ကျိန်းသေပေါက် မှန်ကန်တယ်၊ အားလုံးပါးစပ်ပိတ်ပြီးနောက်ကလိုက်၊
ဝေဖန်ဆန့်ကျင်တာကို ခွင့်မလွှတ်ဘူး၊ လက်ရှိအနစ်နာခံနေတာတွေကို
မမုန်းပါနဲ့၊ အနာဂတ်မှာ ပျော်ရွှင်ချမ်းမြေ့မှုရဖို့ငါအာမခံတယ်၊ တကယ်လို့
သင်တို့ဟာ ဘဝကိုခက်ခက်ခဲခဲဖြတ်သန်းရတယ်ဆိုရင်တောင်မှ အဲဒီပင်ပန်း
ဆင်းရဲမှုဟာ သင်တို့သားသမီးမြေးမြစ်တွေရဲ့ ပျော်ရွှင်ချမ်းမြေ့မှုအတွက်ဖြစ်
တယ်၊ အဲဒါကြောင့်ယုံကြည်ချက်ထားကြပါ၊ လူမျိုးတိုးတက်ကြီးပွားရေး
အတွက် တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေးအတွက်" စသဖြင့်ပြောလေ့ရှိသည်။

ပြည်သူအများစုသည် အာဏာရှင်များ၏ယခုကဲ့သို့သော အပြော
များအောက်တွင် သာယာယစ်မူးကုန်ကြသည်။ အခြားသူများက ယခု
ကဲ့သို့အပြောများအပေါ်သံသယရှိပြီး ဆန့်ကျင်ဘက်အမြင်များ ကိုယ်စီရှိ
ကြသော်လည်း ယင်းကိုထုတ်ဖော်ပြလိုက်မည်ဆိုပါက ဖမ်းဆီးထိန်းသိမ်း
ခံရလေ့ရှိသည်။ ထို့ကြောင့် မတတ်သာဘဲ ယင်းလမ်းစဉ်အတိုင်း လိုက်လုပ်
ကြရသည်။ အာဏာရှင်၏ပြောဆိုချက်များသည် မျှော်လင့်ချက်မဲ့ပြီး
အဓိပ္ပာယ်မရှိသည့်အရာမှန်း အားလုံးသိလာကြသည့်အချိန်အထိဖြစ်သည်။

အာဏာရှင်၏ ကိုယ့်ကိုယ်ကိုယ်အထင်ကြီးသည့် စကားလုံးများနှင့်
ပတ်သက်ပြီး ဒီမိုကရေစီစနစ်တွင် ယခုကဲ့သို့ ပြောကြလေ့ရှိသည်။ နိုင်ငံရေး
ဆိုတာဟာ ပြည်သူတွေရဲ့ နိုင်ငံရေးဖြစ်သည်။ နိုင်ငံရေးက ဆောင်ကျဉ်းပေး
လာတဲ့ ပျော်ရွှင်ချမ်းမြေ့မှုနဲ့ အကျိုးကျေးဇူးတွေကို ပြည်သူတွေအနေနဲ့

မိမိတို့ ကိုယ်တိုင်ရိတ်သိမ်းရယူနိုင်ပါသည်။ သို့ရာတွင် ယခုကဲ့သို့ အဲဒီလို ရိတ်သိမ်းနိုင်ရန်အတွက် ပြည်သူများသည် မိမိတို့ကိုယ်တိုင်လယ်ယာမြေကို ထွန်ယက်မှု၊ မျိုးစေ့ကြဲမှု၊ ပေါင်းသင်၊ မြေဩဇာထည့်၊ ရေလောင်းစသည်ဖြင့် အလုပ်အမျိုးမျိုးကို အမြဲမပြတ်ကြိုးပမ်းလုပ်ဆောင်နေဖို့လိုပါသည်ဟု ဆိုကြသည်။ ခက်ခဲသောပြဿနာအမျိုးမျိုးဖြင့် ပြည့်နှက်နေသည့် ဤလောကကြီးထဲတွင် ကောင်းမွန်သည့် နိုင်ငံရေးဆိုသည့်အသီးကို အောင်အောင်မြင်မြင်ဖြစ်ထွန်းစေရန်အတွက် ဘာတွေလုပ်ပါက ကောင်းမည်ဟု စဉ်းစားသုံးသပ်၍ ပြည်သူလူထုအနေနှင့် မိမိတို့ကိုယ်တိုင်စဉ်းစားပြီး လူတိုင်းလူတိုင်းက ပွင့်ပွင့်လင်းလင်းနဲ့ မိမိတို့၏သဘောထားကိုပြောဆို ဆွေးနွေးဖို့လိုအပ်ပါသည်။ ယင်းနောက်တွင် အများနှင့်အတူ ဆွေးနွေးဆုံးဖြတ်ပြီး လုပ်ဆောင်သွားသင့်ပါသည်။ သို့ရာတွင် အားလုံး၏သဘောထားက တစ်ထပ်တည်းကျရန်လွယ်ကူသည့် ကိစ္စမဟုတ်ပါ။ ယင်းအတွက်ကြောင့် အများ၏ဆုံးဖြတ်ချက်လမ်းစဉ်တစ်ခုကိုချမှတ်ပြီး ယင်းလမ်းစဉ်အောက်တွင် အားလုံးပူးပေါင်းပါဝင်သွားရန်လိုအပ်ပါသည်။ အကယ်၍ အများဆန္ဒနှင့် ဆုံးဖြတ်ထားသည့်လမ်းစဉ်က မကောင်းမွန်ဆိုပါက ယင်းရလဒ်သည် ဆောင်းဦးရာသီသီးနှံရိတ်သိမ်းချိန်တွင် ထင်ထင်ရှားရှားပေါ်လာမည်မှာ မလွဲဧကန်ဖြစ်သည်။ ဤသို့ဖြစ်လာမည်ဆိုပါက နောက်တစ်နှစ်တွင် ယင်းနှစ်၏အတွေ့အကြုံများကိုအသုံးချပြီး တခြားလမ်းစဉ်နှင့် ပြောင်းလဲလုပ်ဆောင်ခြင်းကကောင်းပါသည်။ ထိုသို့လုပ်သွားသည့် အချိန်အတွင်းတွင် လက်ရှိအခက်အခဲများကို တဖြည်းဖြည်းကျော်လွှားသွားပြီး ပြည်သူလူထုကိုယ်တိုင်၏သာယာချမ်းမြေ့မှုကိုပေးနိုင်သည့် ကောင်းမွန်သည့် နိုင်ငံရေးရဲ့အသီးအပွင့်များကိုခံစားရမည်မှာ မလွဲဧကန်ဖြစ်သည်။ အများဆန္ဒနှင့် ဆုံးဖြတ်ခြင်း၏နောက်ဆုံးအဖြေသည် တစ်ခါတစ်ရံတွင် မှားယွင်းတတ်သည်ဟုယူဆပြီး ယင်းနည်းလမ်းကိုစွန့်ပစ်၍မရနိုင်ပါ။ ယင်းနည်းလမ်းကိုစွန့်ပစ်လိုက်မည်ဆိုပါက အာဏာရှင်စနစ်သည် ကျိန်းသေပေါ်ပေါက်လာမည်ဖြစ်သည်။ အများဆန္ဒနှင့် ဆုံးဖြတ်သည့်နည်းကို အသုံးပြုရင်းနှင့် ယင်းနည်းလမ်းထဲက အမှားအယွင်းများကို အများဆန္ဒနှင့် ပင်ဆုံးဖြတ်ပြီး တည့်မတ်သွားရန်က စစ်မှန်သည့်ဒီမိုကရေစီစစ်စစ်ဖြစ်ပါသည်။”

အများဆန္ဒဖြင့်ဆုံးဖြတ်ခြင်း၏နိုင်ငံရေးဆိုင်ရာတိုးတက်မှု

ယနေ့ခေတ်လူသားများသည် အဆုံးအစမရှိသည့်ရတနာများကို ပိုင်ဆိုင်ထားကြသည်။ မီးတောင်ကိုပေါက်ကွဲစေသည့်ရေနွေးငွေ့၏အားကို အသုံးချပြီး ရေနွေးငွေ့သုံးမီးရထား သင်္ဘောများကိုမောင်းနှင်ကြသည်။ ရှေးခေတ်လူသားများက မိုးကြိုးနတ်သား၏စွမ်းအင်ဟုယူဆကာကြောက်ရွံ့ ရိုသေခဲ့ကြသည့် လျှပ်စစ်ကိုအသုံးပြုပြီး စက်ရုံက စက်ကိရိယာများကို မောင်းနှင်ကြသကဲ့သို့ လျှပ်စစ်စွမ်းအင်သုံးဓာတ်ရထားများကိုလည်း မောင်းနှင်နေကြသည်။ မီတာထောင်ပေါင်းများစွာနက်သည့် မြေအောက်ကရေနံကို တူးဖော်ခြင်း၊ မော်တာကိုလည်စေပြီး လေယာဉ်များလည်း ပျံသန်းနိုင်ခဲ့ပြီးဖြစ်သည်။ ဒုတိယကမ္ဘာစစ်အကုန်ကာလတွင် ပေါ်ပေါက်ခဲ့သည့် အဏုမြူဗုံးသည် လူသားမျိုးနွယ်တစ်ခုလုံးကိုဖျက်စီးစေနိုင်သည်အထိ ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာလက်နက်ဖြစ်သော်လည်း တစ်ချိန်တည်းတွင် အဏုမြူစွမ်းအင်ကိုငြိမ်းချမ်းသည့်နည်းလမ်းနှင့် အသုံးပြုမည်ဆိုပါက လူသားများအတွက်မည်မျှလောက်များပြားသည့် အကျိုးကျေးဇူးများကို ပေးနိုင်မည်ဆိုသည်ကို မှန်းဆ၍မရနိုင်ပါ။ ယင်းကဲ့သို့ အဆုံးအစမဲ့သည့် အသိဉာဏ်ပညာဆိုသည့်ရတနာသည် လူသားများ၏ရှည်လျားသည့်ကာလအတွင်း ကြိုးပမ်းအားထုတ်မှုနှင့် အတွေ့အကြုံများကတဆင့်ရရှိလာခြင်းဖြစ်ပါသည်။ မရေမတွက်နိုင်သည့် လူပေါင်းများစွာသည် ယခုကဲ့သို့ ရတနာအတွက် ကြိုးပမ်းအားထုတ်နေကြသည်။ သံမှိုပွင့်ကိုကန်ထွက်လာအောင် တွန်းအားပေးနိုင်သည့် ရေနွေးငွေ့၏စွမ်းအားမှတစ်ဆင့်အကြံဉာဏ်ရခဲ့ပြီး ရေနွေးငွေ့သုံးအင်ဂျင်ကိုတီထွင်ခဲ့သူမှာ စကော့တလန်က အင်ဂျင်နီယာပညာရှင် ဂျိန်းစ်ဝပ်ထ်ဆိုသူဖြစ်ပြီး ရေနွေးငွေ့သုံးအင်ဂျင်ကိုအသုံးပြုပြီး မီးရထားကိုတီထွင်ခဲ့သူမှာ စတီဗင်ဆွန်ဆိုသူဖြစ်ပါသည်။ ၎င်းအချိန်က ကလေးကစားစရာကဲ့သို့သော မီးရထားလေးကစ၍ ကြီးမားခန့်ထည်သည့် ရထားတွဲများကိုဆွဲပြီး တစ်နာရီကို ကီလိုမီတာရာနှင့်ချီ၍ပြေးဆွဲနိုင်သည့် ယနေ့ခေတ် မီးရထားများပေါ်လာအောင် ပညာရှင်များ အလုပ်သမားများသည် သွေးများ၊ ချွေးများနှင့်ရင်းပြီးကြိုးစားခဲ့ကြသည်။ ယင်းကဲ့သို့

သောအချိန်အတွင်းတွင် မည်မျှလောက်အထိဆုံးရှုံးမှုများနှင့် ရင်ဆိုင်ခဲ့ရသည်ကိုမသိနိုင်ပါ။ သို့ရာတွင် ဆုံးရှုံးမှုဆိုခြင်းသည်အောင်မြင်မှု၏ လမ်းစဖြစ်သည်။ တစ်ကြိမ်ဆုံးရှုံးသွားပြီးသည့်နောက်၊ နောက်တကြိမ်စမ်းသပ်မှုကို လက်လျှော့လိုက်မည်ဆိုပါက လူသားများ၏တိုးတက်မှုသည် ယင်းအချိန်ကတည်းက ရပ်တန့်သွားမည်မှာ မလွဲဧကန်ဖြစ်သည်။

အလားတူပင် နိုင်ငံရေးနှင့်ပတ်သက်၍ ယခုကဲ့သို့ပြောဆိုနိုင်သည်။ တစ်ကြိမ်တည်းနှင့် အလုံးစုံအောင်မြင်အောင်လုပ်ရန်ဆိုခြင်းသည် အလွန်မှပေါ့တန်သည့်အတွေးမျိုးဖြစ်သည်။ လူသားများ၏လူမှုအသိုက်အဝန်းတွင် ဖြစ်ပေါ်နေသည့်ကိစ္စအရပ်ရပ်သည် ရေနွေးငွေ့တို့ လျှစ်စစ်တို့ကဲ့သို့ သဘာဝအဖြစ်အပျက်များထက် အများကြီးပိုမိုရှုပ်ထွေးပါသည်။ ယင်းအတွက်ကြောင့် လူမှုအသိုင်းအဝိုင်းကိစ္စများအား ကိုင်တွယ်ဆောင်ရွက်သည့် နိုင်ငံရေးသည် သဘာဝတရား၏စွမ်းအင်များကိုအသုံးချပြီး တီထွင်ခဲ့သည့် နည်းပညာများထက်ဆုံးရှုံးမှုကလည်း ပိုမိုများပြားလှသည်။ ယင်းဆုံးရှုံးမှုများကိုအသုံးချပြီး တဖြည်းဖြည်းနှင့် ကောင်းမွန်သည့် နိုင်ငံရေးကို တည်ဆောက်သွားနိုင်ရန်သည် ပြည်သူလူထုအားလုံး၏တာဝန်ပင်ဖြစ်သည်။ အားလုံးက မိမိအမြင်များကို လွတ်လွတ်လပ်လပ်ပြောဆိုပြီး အများဆန္ဒနှင့် နိုင်ငံရေးလမ်းစဉ်ကိုထူထောင်ပြီးသည့်နောက် လက်တွေ့လုပ်ကိုင်ကြည့်သဖြင့် အဆင်မပြေသည့်အခါအားလုံးနှင့် နောက်တစ်ကြိမ်ဆွေးနွေးပြီး ပြုပြင်ကြသည်။ ယင်းသည်ဒီမိုကရေစီဖြစ်သည်။ ယင်းကဲ့သို့ လုပ်ရန်အတွက် အချိန်များပင်ပန်းဆင်းရဲမှုများကို ရှောင်ရှားပြီး။ တစ်ဦးတစ်ယောက်၏ဆုံးဖြတ်မှုကိုသာ အားလုံးပုံအပ်ထားပြီး တစ်ကြိမ်တည်းနှင့် ကြီးကျယ်သည့်အောင်မြင်မှုကိုရအောင်လုပ်ရန်ကြိုးစားခြင်းက အာဏာရှင်နိုင်ငံရေးဖြစ်သည်။ ယခုကဲ့သို့ လုပ်ခြင်းသည် ကံကိုယုံပြီး ဆူးပုံနင်း သကဲ့သို့ပင်ဖြစ်သည်။

ထိုကြောင့် ဒီမိုကရေစီနိုင်ငံရေး၏အများဆန္ဒနှင့် ဆုံးဖြတ်မှုတွင် အမှားအယွင်းရှိနိုင်သည်ဆိုသည့်ကိစ္စကိုအစကပင် ထည့်သွင်းစဉ်းစားထားကြသည်။ သို့ရာတွင် တတ်နိုင်မည်ဆိုပါကနိုင်ငံရေးတွင် အပိုများကို မလုပ်ခြင်းကကောင်းသည်။ အများဆန္ဒနှင့် ဆုံးဖြတ်သည့်ကိစ္စသည် မူလ

အစကပင် မှန်ကန်သည့်နိုင်ငံရေးဆိုင်ရာ အသိဉာဏ်ပညာဗဟုသုတကို မြင့်တင်ပေးရန်မှာ နံပါတ်တစ်လိုအပ်ချက်ဖြစ်သည်။ အများဆန္ဒနှင့် ဆုံးဖြတ်သည့် ဒီမိုကရေစီစနစ်ကိုဝေဖန်သည့်သူများက ဒီမိုကရေစီစနစ်သည် "စည်းမဲ့ကမ်းမဲ့ ပရမ်းပတာနိုင်ငံရေး" ဟု တညီတစ်ညွတ်တည်း ပြောလေ့ရှိကြသည်။ ဟုတ်ပါသည်။ ပြည်သူများက ဗဟုသုတနည်းပါးသည့် သူများဖြစ်မည်ဆိုပါက အသိဉာဏ်နည်းသည့် လူများစုကယုံကြည်သည့် ကိစ္စသည် အမှားအယွင်းလည်းကြီးမားမည်ဖြစ်သည်။ သို့ရာတွင် ပြည်သူများ အကြား၌ ဗဟုသုတများတိုးပွားလာပြီး အသိဉာဏ်ပညာများမြင့်မားလာနေသည့် ယနေ့ခေတ်တွင် ယင်းကဲ့သို့ စဉ်းစားနေမည်ဆိုလျှင် စဉ်းစားနေသည့်သူကိုယ်တိုင်က အသိဉာဏ်အနည်းဆုံးလူဆိုခြင်းကို မိမိကိုယ်တိုင် သက်သေပြနေသကဲ့သို့ဖြစ်သည်။ ယခုကဲ့သို့သောလူစားသည် နောက်ဖေးလမ်းကြားတွင်နေသော ဆင်းရဲသား၊ မီးဖိုချောင်ထဲတွင်သာ အချိန်ကုန်နေသည့်အမျိုးသမီးများကို မဲထည့်ခွင့်ပေးလိုက်လျှင် နိုင်ငံရေးရှုပ်ထွေးကုန်မည်ဟုဆိုပြီး သာမန်ရွေးကောက်ပွဲ၊ အမျိုးသမီးများပါဝင်သည့် နိုင်ငံရေးမျိုးကို ဆန့်ကျင်လေ့ရှိကြသည်။ သို့ရာတွင် ယနေ့ခေတ် နိုင်ငံအများစုတွင် မဲထည့်ခွင့်တိုးပွားလာသည်နှင့်အမျှ ပွင့်လင်းပြီး ကောင်းမွန်သည့်နိုင်ငံရေးကို ပိုမိုလုပ်ဆောင်လာနေကြသည်။

အခန်း (၆)
နိုးကြားလာသော မဲဆန္ဒရှင်များ

ဒီမိုကရေစီနှင့်လူထုအမြင်

ဒီမိုကရေစီသည် နိုင်ငံရေးပုံစံကိုညွှန်ပြသည့် အရာတစ်ခုမဟုတ်သကဲ့သို့ ဟောင်းနွမ်းနေပြီဖြစ်သည့် နိုင်ငံရေးအဖွဲ့အစည်းကို တိုးတက်မှုရှိသည့်စနစ်အဖြစ်ပြောင်းလဲလိုက်သည်ဆိုသည့် အဓိပ္ပာယ်တစ်ခုတည်းမဟုတ်ပါ။ အမှန်မှာ အလွန်အလွန်ကြီးမားသည့်အဓိပ္ပာယ်နှင့် အကြောင်းအရာများ ပါဝင်နေသည်။ ဒီမိုကရေစီအစစ်အမှန် ဖြစ်ခြင်းသည် ကျွန်ုပ်တို့နေ့စဉ်လူမှုဘဝကိုဖြတ်သန်းရန်အတွက် နည်းလမ်းတစ်ခုဖြစ်သည်။ လူ့ဘောင်လောကတွင် လူသားတစ်ဦးတစ်ယောက်ချင်း၏အင်အားနှင့် မည်သို့မျှစွမ်းဆောင်နိုင်ခြင်းမရှိသည့်ကိစ္စအများအပြားရှိသည်။ ယင်းသို့ပင် တစ်ဦးတစ်ယောက်ချင်း၏ကြိုးစားမှုနှင့် အကောင်အထည်ဖော်၍ မရနိုင်သည့်ကိစ္စကို အများနှင့်အပြန်အလှန်ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ဖြစ်မြောက်စေသည့်နည်းလမ်းသည် ဒီမိုကရေစီဖြစ်ပြီး ဒီမိုကရေစီနိုင်ငံရေးလည်းဖြစ်ပါသည်။

ဒီမိုကရေစီနိုင်ငံများတွင် အလုံးစုံသော နိုင်ငံရေးမူလရင်းမြစ်သည် ပြည်သူလူထု၏သဘောထားဖြစ်သည်။ တစ်နည်းအားဖြင့် ပြောရလျှင် အဓိကကျသော အချုပ်အခြာအာဏာသည် ပြည်သူများ၏လက်ထဲတွင်ရှိသည်။ သို့ရာတွင် ပြည်သူများအနေနှင့် မိုးလင်းကနေ မိုးချုပ်သည့်အချိန်

အထိနိုင်ငံရေးကို စဉ်းစားနေရန်ဆိုခြင်းသည် မဖြစ်နိုင်သည့်အတွက်ကြောင့် မိမိတို့ကိုယ်စားနိုင်ငံရေးကို ဆောင်ရွက်ပေးမည့် ကိုယ်စားလှယ်ကို ရွေးချယ်ရသည်။ ယင်းနှင့်ပတ်သက်၍ အရှေ့တွင်ဖော်ပြခဲ့ပြီးဖြစ်သည်။ ပြည်သူများသည် ရွာအုပ်ချုပ်ရေးမှူး၊ မြို့အုပ်ချုပ်ရေးမှူး၊ မြို့ဝန်၊ မြို့ကောင်စီဝင်၊ လွှတ်တော်အမတ်စသဖြင့် လူထုကိုယ်စားလှယ်များကို မိမိတို့ထဲကနေ ရွေးချယ်လေ့ရှိကြသည်။ ရွေးချယ်ခံကိုယ်စားလှယ်များသည် ပြည်သူများ၏ အားပေးထောက်ခံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုအခြေခံပြီး ပြည်သူတစ်ဦးတစ်ယောက်ချင်းအင့်အားနှင့် လုပ်ဆောင်ရန်ခက်ခဲသော အရေးကြီးသည့်လုပ်ငန်းများ ဥပမာ- ကျောင်းဆောက်ခြင်း၊ လမ်းဖောက်ခြင်း၊ ရေသွယ်ခြင်းများအပြင် ကူးစက်ရောဂါ၊ သဘာဝဘေးအန္တရာယ်၊ ရာဇဝတ်မှုများကို တားဆီးကာကွယ်ပေးခြင်းမျိုးလုပ်ငန်းများကို လုပ်ဆောင်ပေးကြရသည်။ ယင်းအတွက်ကြောင့် လူထုကိုယ်စားလှယ်များသည် လူထုအများစုက မည်သည်ကို တောင်းဆိုနေသနည်း၊ ပြည်သူလူထုအတွက် မည်သည့်အရာက အရေးကြီးဆုံးဆိုသည်ကိုသိရှိအောင်လုပ်၍ အစဉ်တစိုက်ကြိုးစားလုပ်ဆောင်သွားရမည်ဖြစ်သည်။

ဤနေရာတွင် ပြည်သူလူထုအရေအတွက်က အလွန်တရာများပြားသည့်အတွက် တစ်ဦးချင်းစီက မည်သည်ကိုစဉ်းစားပြီး မည်သည်ကိုလိုအပ်နေသနည်းဆိုသည်ကိုမေး၍ လုပ်သွားရန်ဆိုခြင်းသည်မဖြစ်နိုင်ပါ။ ဤကဲ့သို့ပြောသဖြင့် လူတစ်စု၏အမြင်ကိုသာမေးပြီး နိုင်ငံရေးလုပ်ငန်းစဉ်ကို ဆုံးဖြတ်မည်ဆိုလျှင်လည်း အလွန်တရာအန္တရာယ်ကြီးသည်။ ထို့ကြောင့် ပြည်သူလူထုသည် ကျယ်ကျယ်ပြန့်ပြန့်သိနိုင်သည့်နည်းလမ်းနှင့် မိမိတို့၏ မျှော်လင့်ချက်များ၊ သဘောထားများကို ပြောဆိုဖော်ထုတ်ရန်ကြိုးပမ်းကြသည်။ နိုင်ငံရေးကိုဆောင်ရွက်သည့် ကိုယ်စားလှယ်များက ယင်းကဲ့သို့သိရှိလာသည့် ပြည်သူလူထု၏သဘောထားများကို မှုမှုတတနှင့် ဆုံးဖြတ်ပြီးသည့်နောက် လူထုဆန္ဒကိုတတ်နိုင်သမျှဖြည့်ဆည်းပေးရန်အတွက် မူဝါဒများကို လက်တွေ့အကောင်အထည်ဖော်သွားကြရမည်ဖြစ်သည်။ လူမှုအသိုက်အဝန်းထဲတွင် အာရုံစိုက်ခံနေရသည့်ပြဿနာနှင့် ပတ်သက်ပြီး ဥပမာ-

သတင်းစာ၊ ရေဒီယိုများကို ပေးစာပို့ခြင်း၊ မဂ္ဂဇင်းစာစောင်များက ရေးသားဖော်ပြချက်များ လူထုစည်းဝေးပွဲအပါအဝင် တခြားအစည်းအဝေးများတွင် ပြောဆိုခြင်းစသည့် သာမန်နည်းလမ်းများနှင့် ပြောဆိုဖော်ထုတ်သည့် လူထု၏အသံများကို လူထုအမြင်ဟုခေါ်သည်။

ယနေ့ခေတ်လူမှုအသိုင်းအဝိုင်းတွင် လူထုအမြင်ကိုဖော်ထုတ်သည့် နည်းလမ်းများစွာ ပေါ်ပေါက်လာနေသည်။ သတင်းစာ၊ မဂ္ဂဇင်းများတွင် ကိုယ်တိုင်ဆောင်းပါးရေးခြင်း၊ ဟောပြောမှုလုပ်ခြင်းများမလုပ်သော်လည်း၊ ပြဿနာတစ်ခုခုနှင့် ပတ်သက်၍ဖော်ပြထားသည့် မဂ္ဂဇင်းတစ်စောင်မည်မျှ ရောင်းနေရသနည်း။ လူတစ်ယောက်၏ဟောပြောမှုကို မည်မျှလောက် သောပရိတ်သတ်များစွာလာနားထောင်ပြီး လက်ခုပ်တီးကြသနည်း၊ မည်သို့သော ရုပ်ရှင်မျိုးပြဇာတ်မျိုးကို လူများသဘောကျကြသနည်းဆိုခြင်းများကို ကြည့်လိုက်မည်ဆိုပါက အတိုင်းအတာတစ်ခုအထိ လူထု၏အမြင်ကို သိနိုင်သည်။ ယင်းနည်းသည် လက်ရှိတွင် ပြည်သူလူထုအနေနှင့် မည်သည့် ပြဿနာဖြစ်နေပြီး မည်သည့်အကြောင်းအရာနှင့်ပတ်သက်၍ စိတ်ဝင်စားနေကြသနည်းဆိုခြင်းကို သိနိုင်သည့်နည်းလမ်းဖြစ်သလိုဆက်စပ်၍ ပြည်သူ့ကိုယ်စားလှယ်များအနေနှင့် လူထုအမြင်၏လားရာလမ်းကြောင်းကို ဆုံးဖြတ်၍ ရနိုင်သည့် တန်ဖိုးရှိသည့်အချက်အလက်များဖြစ်သည်။

သို့ရာတွင် သတင်းစာ၊ မဂ္ဂဇင်း၊ ရေဒီယို၊ ဟောပြောပွဲအစရှိသည်များသည် အသုံးပြုသည့်နည်းလမ်းပေါ်လိုက်၍ လူထု၏အမြင်ကို အမှန်အတိုင်းဖော်ပြမည့်အစား၊ အမှန်မဟုတ်သည့် လူထုအမြင်ကို ဟုတ်သယောင်လုပ်ကြံပြီး ရပ်တည်ချက်တစ်ခုအတွက် အကျိုးအမြတ်ရှိစေရန်လူထုအမြင်ကို ပြောင်းလဲပစ်နိုင်သည့် အလွန်အစွမ်းထက်သည့် နည်းလမ်းတစ်ခုလည်းဖြစ်သွားနိုင်သည်။ မိမိတို့၏အကျိုးအမြတ်အတွက်သာစဉ်းစားပြီး လူမှုအသိုက်အဝန်း၏အကျိုးစီးပွားကို မငဲ့ညှာသည့်လူနည်းစုတစ်စုက ငွေကြေးပမာဏ အမြောက်အမြားကိုသုံးစွဲပြီး သတင်းစာ၊ မဂ္ဂဇင်းများကို သိမ်းပိုက်ဝယ်ယူပြီးသည့်နောက် တစ်ဖက်သတ်ကျသည့်အမြင်များ၊ မဟုတ်မမှန်သည့် အကြောင်းအရာများကို ရေးသားမည်ဆိုပါက လက်တွေ့တွင် ပြည်သူများက

ဆန့်ကျင်နေသည့်ကိစ္စတစ်ခုကို ပြည်သူများက အမှန်တကယ်လိုချင်နေ
သယောင်ရေးသားဖော်ပြ၍ ရနိုင်ပါသည်။ လူထုကိုယ်စားလှယ်များအနေနှင့်
ယင်းကဲ့သို့ရေးသားပြောဆိုမှုများအောက်တွင် လိမ်လည်လှည့်ဖြားခံရ
ရုံသာမက လူထုကိုယ်တိုင်ကလည်း အချိန်ကြာလာသည်နှင့်အမျှ ယင်းကို
အမှန်ဟု ထင်မြင်ယူဆသွားခြင်းမျိုးလည်း အများအပြားရှိနေကြသည်။
လူထုသည်ဝါဒဖြန့်ကြော်ငြာမှုတွင် မျောပါသွားခြင်းဖြစ်သည်။

မိဒီယာကိုအသုံးချသည့်ကြော်ငြာမှုသည် မကောင်းမှုအတွက်အသုံး
ချမှုတစ်ခုတည်းလည်းမဟုတ်ပါ။ လိမ်ညာမှုမရှိသည့်အဖြစ်မှန်၊ နိုင်ငံသား
များအနေနှင့် သိသင့်သိထိုက်သည့်ကိစ္စကို သတင်းစာ၊ ရေဒီယို၊ ဟောပြော
ပွဲများက တစ်ဆင့်ကျယ်ကျယ်ပြန့်ပြန့်အသိပေးခြင်းသည် မဖြစ်မနေလုပ်
ဆောင်ရမည့်ဝါဒဖြန့်ကြော်ငြာမှုတစ်ခုဖြစ်သည်။ ယင်းကဲ့သို့ တိကျမှန်ကန်
သည့် ကိစ္စများ၊ သတင်းအချက်အလက်များကိုအခြေပြုပြီး ချက်ဆိုနား
ခွက်က မီးတောက်သည့်ပြည်သူများက ယခုကိစ္စဒီလိုမျိုးသာဖြစ်ရမည်ဆိုပြီး
ဆုံးဖြတ်ခြင်းကသာ လူထုအမြင်အစစ်အမှန်ဖြစ်သည်။ သို့ရာတွင် ဝါဒဖြန့်
ကြော်ငြာမှုကို မကောင်းသည့်ဘက်တွင်အသုံးချမည်ဆိုပါက လမ်းကြောင်း
များပြီး ပြည်သူလူထု၏ဆုံးဖြတ်နိုင်စွမ်းကို မှားယွင်းသွားစေနိုင်သည်။
လူနည်းစုကလုပ်ဆောင်နေသည့် စီမံကိန်းကိုဖြစ်မြောက်စေရန်အတွက်
ငွေကြေးနှင့် အဖွဲ့အစည်း၏အင်အားကိုအသုံးချပြီး လွှတ်တော်တွင် ပြည်သူ
များအတွက်အကျိုးမဲ့စေသည့်ဥပဒေများကို ပြဋ္ဌာန်းအောင်လုပ်သည်များ
လည်းရှိသည်။

ထိုကြောင့် ဝါဒဖြန့်ကြော်ငြာမှု၏သရုပ်မှန်ကိုသေချာစွာရှုမြင်၍
အမှန်အကန်ဖြစ်သည်၊ အတုအယောင်ဖြစ်သည်ဆိုသည်ကို ရှင်းရှင်း
လင်းလင်းခွဲခြားရေးသည် ဒီမိုကရေစီနိုင်ငံတွင်နေထိုင်သည့် နိုင်ငံသူ
နိုင်ငံသားများအနေနှင့် အလွန်အရေးကြီးသော သတိချပ်သင့်သည့်ကိစ္စဟု
ပြောရမည်ဖြစ်သည်။

ဝါဒဖြန့်ကြော်ငြာခြင်းဆိုသည်မှာ

ဝါဒဖြန့်ကြော်ငြာခြင်းကို Propaganda ဟုခေါ်သည်။ Propaganda ဆိုသည့်စကားလုံးကို ပထမဦးဆုံးသုံးစွဲခဲ့သည်မှာ ၁၆၂၂ ခုနှစ်တွင် ဖြစ်သည်။ ရောမပုပ်ရဟန်းမင်းကြီးက တည်ထောင်ခဲ့သည့်ဘာသာရေး ကျောင်းတော်အမည်ဖြစ်ပြီး ခရစ်ယာန်ဘာသာ ယုံကြည်ကိုးကွယ်မှုကို တခြားဘာသာဝင်များဆီပျံ့နှံ့စေရန်အတွက် ကမ္ဘာအရပ်ရပ်ကို စေလွှတ်ရန် သင့်တော်သည့်လူငယ်များကို ယင်းကျောင်းတွင် ပြုစုပျိုးထောင်ပေးသည်။ ယင်းကတစ်ဆင့် အဖွဲ့အစည်းလိုက် ဝါဒဖြန့်ဝေရန်လုပ်ဆောင်သည့် နည်းပညာရပ်၏အခေါ်ဝေါ်ဖြစ်လာသည်။

သို့ရာတွင် လူသားများက ဝါဒဖြန့်ကြော်ငြာမှုကို စတင်ပြုလုပ်ခဲ့ခြင်းမှာ ယင်းထက်ပိုစောသည့် ရှေးယခင်ခေတ်ကာလများကတည်းက ဖြစ်သည်။ ဥပမာ- ပြည်သူလူထုကို တော်လှန်ရေးစိတ်ဓာတ်များသွင်းပေးရန် အတွက် ရန်သူကိုရက်စက်သောသူများ လူစိတ်မရှိသောသူများဖြစ်လာစေရန် ပုံဖော်ပြောဆိုမှုများ၊ သမိုင်းပေးတာဝန်ကိုယ့်မှာရှိသည်ဟု ထင်ယောင်ထင်မှားဖြစ်စေရန်ဆောင်ရွက်မှုများစသည့် နည်းလမ်းများအားအသုံးပြုခဲ့ကြသည်။

ယင်းကဲ့သို့ ရှေးယခင်က တစ်ဆင့်စကားတစ်ဆင့်နားနှင့် ဝါဒဖြန့်ကြော်ငြာခြင်းသည် တစ်ခုတည်းသော နည်းလမ်းဖြစ်ခဲ့သော်လည်း ၁၅ ရာစုတွင် ပုံနှိပ်သည့်နည်းပညာများပေါ်ထွန်းလာပြီး နောက်ပိုင်းတွင် စာရွက်စာတမ်းများနှင့် ကြော်ငြာခြင်းသည် အလျင်အမြန်တိုးတက်လာခဲ့သည်။ အထူးသဖြင့် ၁၉ ရာစုသို့ဝင်လာပြီးနောက် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပညာရေးတိုးတက်မှုများကို သိသိသာသာတွေ့မြင်လာရပြီး စာဖတ်တတ်သူ အရေအတွက်တိုးတက်လာခဲ့သည်။ စာဖတ်သူအများအပြားကို ပစ်မှတ်ထားသည့် သတင်းစာ၊ မဂ္ဂဇင်းအစရှိသည့် ပုံနှိပ်စာပေများကို အကြီးအကျယ်ထုတ်ဝေလာကြပြီး ယင်းတို့ကတစ်ဆင့်ဝါဒဖြန့်ကြော်ငြာမှုကို ထိထိရောက်ရောက် အသုံးချလာကြသည်။ ထို့ကြောင့် ပုံနှိပ်စက်များတိုးတက်ဖွံ့ဖြိုးလာမှုနှင့် ပညာရေးအဆင့်မြင့်မားလာမှုက ဝါဒဖြန့်ကြော်ငြာရေးနည်းပညာကို

တိုးတက်လာစေသည့် အကြီးမားဆုံးသော အကြောင်းရင်းများဖြစ်သည်
ဟုပြောနိုင်ပါသည်။ ပိုပြီးကျယ်ဝန်းသည့်အဓိပ္ပာယ်နှင့် ပြောမည်ဆိုပါက
ဝါဒဖြန့်ကြော်ငြာခြင်းသည်သာ ကိစ္စရပ်တစ်ခု သို့မဟုတ် အတွေးအမြင်
တစ်ခုကို စာပေ၊ ရေဒီယို၊ ဟောပြောမှုများမှတစ်ဆင့် အများပြည်သူကို
အသိပေးသည့်နည်းလမ်းဖြစ်ပါသည်။ ထို့ကြောင့် ရည်ရွယ်ချက်တစ်ခုကို
လုပ်ဆောင်လိုသည့်အခါ လူအများအပြားကိုသိမ်းသွင်းပြီး ရည်ရွယ်ချက်
ပြည့်မြောက်စေရန်အတွက်လိုအပ်သည့်လှုပ်ရှားမှုတွင် လူများပါဝင်လာ
အောင်ကျိုးသွင်းသည့်မီဒီယာမျိုးကို ဝါဒဖြန့်ကြော်ငြာခြင်းဟုပြော၍ရသည်။
သို့ရာတွင် ယခင်ပြောခဲ့သကဲ့သို့ ဝါဒဖြန့်ကြော်ငြာမှုသည် မကောင်းသည့်
ရည်ရွယ်ချက်နှင့် မကြာခဏအသုံးချခြင်းခံရလေ့ရှိသည်။ ဝါဒဖြန့် ကြော်ငြာ
မှုဆိုသည် မိမိအကျိုးစီးပွားနှင့်ဆိုင်သည့်ရည်မှန်းချက်ကို တမင်သက်သက်
ဖုံးကွယ်ထားပြီး ကောင်းကွက်များကိုသာ လူအများကိုအသိပေးဖြန့်ဝေခြင်း
အားဖြင့် မိမိတို့၏ရည်မှန်းချက်ကို အကောင်အထည်ဖော်လုပ်ဆောင်သည့်
နည်းလမ်းတစ်ခုဖြစ်သည်။

ဥပမာ - မဂ္ဂဇင်းတစ်စောင်၊ သတင်းစာတစ်စောင်က နိုင်ငံရေး
ပါတီ တစ်ခုနှင့် ရင်းနှီးသည့်ဆက်ဆံရေးမျိုးရှိသည်ဆိုပါစို့။ ယင်းမဂ္ဂဇင်း၊
သတင်းစာများက ပါတီမှ ငွေကြေးရရှိနေသည့်ကိစ္စကိုဖုံးကွယ်ထားပြီး ပါတီ၏
ခံယူချက်သဘောထားများနှင့် ပတ်သက်ပြီးအကျိုးရှိစေမည့် အာဘော်များ၊
ဆောင်ပါးများကိုထည့်သွင်းသည်။ ယင်းသို့ ဖော်ပြခဲ့သည့်မဂ္ဂဇင်း၊ သတင်း
စာများသည် ပါတီဝါဒဖြန့်ဝေမှု၏လက်နက်တစ်ခုဖြစ်သွားသည်။ ထို့အပြင်
အပြောအဆိုကျွမ်းကျင်သည့်လူများကို အတွေးအခေါ်မှားပြောင်းလဲစေရန်
အတွက် တာဝန်ပေးမှုမျိုးလည်းရှိသည်။ ငွေကြေးအမြောက်အမြားကို
အသုံးပြုပြီး ရုပ်ရှင်၊ ပြဇာတ်၊ ဝတ္ထုများကိုရေးသားရိုက်ကူးပြီး ယင်းတို့ကို
ကြည့်ရှုကြသည့် အများပြည်သူက မိမိတို့သတိမထားလိုက်မိသည့် အချိန်
အတွင်း၌ပင် အတွေးအခေါ်သဘောထားတစ်ခုတည်းကို အမှန်ထင်သွားမှု
မျိုးလည်းရှိသည်။

ဒီမိုကရေစီလူ့ဘောင်အဖြစ်ပြောင်းလဲလာပြီး လွတ်တော်နိုင်ငံရေး စနစ်တိုးတက်ပြောင်းလဲလာသည့်အခါ နိုင်ငံရေးပါတီများသည် အရေးကြီးသည့်နေရာကနေပါဝင်လာခဲ့ကြသည်။ ပါတီဝင်များအများစုသည် မိမိတို့အလုပ်အပေါ်တွင် အလေးအနက်ထားပြီး စီးပွားရေးပြန်လည်တည်ဆောက်မှု၊ စက်မှုလုပ်ငန်းပြန်လည်ထူထောင်မှု၊ လူမှုအသိုက်အဝန်းပြုပြင်ပြောင်းလဲမှုများအတွက် အမျိုးမျိုးစဉ်းစားကာ အထောက်အကူဖြစ်စေမည့် စီမံကိန်းများကို ရေးဆွဲနေကြမည်ဖြစ်သည်။ သို့သော်လည်း မိမိတို့ပါတီကများနိုင်သလောက်များများအမတ်အဖြစ်အရွေးခံရရန်အတွက်၊ မိမိတို့၏ နိုင်ငံရေးလမ်းစဉ်အတိုင်းဥပဒေပြုပြီး အစိုးရ၏အာဏာကို ဆုပ်ကိုင်နိုင်ရန်အတွက် လက်ကမ်းစာစောင်များထုတ်ခြင်း၊ ပါတီ၏ပြည်လုံးကျွတ်အစည်းအဝေးများ၊ ဟောပြောပွဲများကိုကျင်းပခြင်း၊ ရေဒီယိုကတစ်ဆင့် ပြည်သူလူထုကို ဆော်သြတိုက်တွန်းခြင်းစသဖြင့် နည်းလမ်းပေါင်းစုံကိုသုံး၍ လုပ်ဆောင်နေမှုများလည်းရှိနေမည်ဖြစ်သည်။ ယင်းသို့ လုပ်ဆောင်သည့်အခါ သာမန်မဲဆန္ဒရှင်များသည်မည်သည့်ပါတီကို ယုံစားရမှန်းမသိဖြစ်လာကြသည်။ မှန်ကန်သည့်ဆုံးဖြတ်ချက်ကိုမချနိုင်ဘဲ မှားယွင်းသည့်ခံယူချက်လမ်းစဉ်ရှိသည့်ပါတီကို ထောက်ခံလိုက်မိခြင်းမျိုးဖြစ်ရန်လွယ်သည်။ ယင်းကို တည့်တည်ငြိမ်ငြိမ်နှင့် ဆုံးဖြတ်နိုင်ရန်မှာ "နိုးကြားမှုရှိသော မဲဆန္ဒရှင်များသာ"ဖြစ်သည်။ ဒီမိုကရေစီစံနှုန်းအပြည့်အဝရှိသည့် နိုင်ငံတစ်နိုင်ငံကိုတည်ဆောက်ရန်ဆိုလျှင် ရွေးကောက်ပွဲတွင်ပါဝင်သည့်အားလုံးသော နိုင်ငံသူနိုင်ငံသားများသည် နိုးကြားမှုရှိသည့် မဲဆန္ဒရှင်များ ဖြစ်နေရန်လိုအပ်သည်။

ဤတွင် အင်မတန်ပြောင်မြောက်သည့် ဝါဒဖြန့်ကြော်ငြာမှုများကြောင့် လူထုသည်မည်မျှလောက်အထိ အလိမ်ခံနေရသနည်းဆိုသည်ကို အနည်းငယ်ထပ်မံစဉ်းစားကြည့်ရန်လိုအပ်မည်ဖြစ်သည်။

ဝါဒဖြန့်ကြော်ငြာခြင်းဖြင့် အများပြည်သူအားလှည့်ဖျားခြင်း

နိုင်ငံရေးမဟုတ်သော်လည်း ကုန်ပစ္စည်းကြော်ငြာမှုသည် ဝါဒဖြန့်ကြော်ငြာမှုနည်းတစ်မျိုးဖြစ်သည်။ စက်မှုတော်လှန်ရေးနောက်ပိုင်း

စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးလာပြီး ကြော်ငြာကဏ္ဍသည်လည်း အလွ
တိုးတက်လာခဲ့သည်။ ကြော်ငြာကောင်းကောင်းအသုံးပြုခြင်းနှင့် အသုံးမ
ခြင်းတွင် နှိုင်းယှဉ်လို့မရနိုင်လောက်သည့် ကွာခြားချက်ကြီးရှိသည်
မည်မျှပင်ကောင်းသည့်ကုန်ပစ္စည်းကိုထုတ်လုပ်သော်လည်း ကြော်ငြ
မကောင်းလျှင် ရောင်းမကောင်းပါ။ ပစ္စည်းကလည်းမကောင်း၊ ထိရောက်
လည်းမရှိသည့်ဆေးဖြစ်စေကာမူ ကြော်ငြာကောင်းကောင်းသုံးမည်ဆိုပါ
ရောင်းအားတစ်ဟုန်ထိုးတိုးတက်လေ့ရှိသည်။ ထို့ကြောင့် ကြော်ငြာနည်း
သုတေသနလုပ်သည့် ပညာရှင်များရှိလာသကဲ့သို့ ကြော်ငြာလုပ်ငန်း
လုပ်ကိုင်သည့်သူများလည်းပေါ်လာခဲ့သည်။ ကြော်ငြာကိုယုံကြည်ပြီး မည်သ
မျှမကောင်းသည့်ပစ္စည်းကို ဝယ်မိသွားခြင်းမျိုးရှိသည်ဆိုခြင်းကို လူတိုင်း
သိကြသည်။ ဤသို့သိနေပါလျက်နှင့် ရုပ်ပုံများ သို့မဟုတ် သီချင်စိတ်
တိုးပွားစေသည့် အပြောအဆိုများနောက်ပါသွားပြီး မထင်မှတ်ဘဲဝယ်ခ
သည့်စိတ်ကပေါ်လာသည်။ နိုင်ငံရေးတွင် ဝါဒဖြန့်ကြော်ငြာခြင်းသည်မ
လည်း ယင်းသဘောပင်ဖြစ်သည်။

ဆူပူမှုကိုဖြစ်စေသည့် နိုင်ငံရေးသမား၊ အထူးသဖြင့် လှုံ့ဆော်ရ
တာစူနေသည့် ကွန်မြူနစ်ဝါဒီများ မျက်စိကျလေ့ရှိသည့် လူတန်းစားမှ
အမြဲတမ်းနင်းပြားဘဝတွင်ရှိပြီး လူမှုအသိုက်အဝန်းအတွင်းက မကျေနပ်
များ ပြည့်နှက်နေသည့် လူတန်းစားဖြစ်သည်။ ယင်းလူတန်းစားများတွ
ထုတ်ဖော်ပြောချင်သည့်မကျေနပ်မှုများက တောင်လိုပုံနေလေ့ရှိသည်
သို့သော်ယင်းတို့ကို ဖွင့်အန်ရန်နေရာလည်းမရှိ၊ ကိုယ်ကိုယ်တိုင်ကလည်
လူတွေကိုလှုံ့ဆော်ရန် အင်အားကလည်းမရှိကြပါ။ ထို့ကြောင့် မလွဲသာ
မရှောင်သာ နှုတ်ပိတ်နေကြရသည်။ ထိုအခါ လှုံ့ဆော်ချင်သူ နိုင်ငံရေ
သမားများက ယင်းအချက်ကိုကိုင်ပြီး ယင်းလူတန်းစားများပြောချင်သည်
အကြောင်းအရာများကို ကျယ်ကျယ်လောင်လောင်နှင့် ပြောကြသည်
ယင်းနည်းနှင့် စိတ်ဝင်စားလာအောင်လုပ်ကြသည်။ ကျိုးကြောင်းဆီလျော်
သည့် သဘောတရားများနှင့် ပြောဆိုလှည့်ဖျားပြီး ဤသို့လုပ်မည်ဆိုပါက
ချမ်းသာမှုကိုအညီအမျှခွဲဝေနိုင်ပြီး လူတန်းစားအသီးသီး၏အဆင့်အတန်

တိုးတက်လာမည်ဟု ထင်မှတ်စေပါသည်။ ယင်းတို့ကိုသာထောက်ခံအား ပေးပါက မည်သို့လုပ်ပေးမည်၊ မည်သို့ဖြစ်စေရမည်ဟု ကတိများပေးသည်။ မကျေနပ်မှုများပေါက်ကွဲပြီး ဆူပူအုံကြွလာမည်ဆိုပါက ယင်းသည် သူတို့ကြုံတင်ကြံစည်ထားသည့်အတိုင်းသာဖြစ်သည်။ ယင်းကဲ့သို့အခြေအနေကို အသုံးချပြီး အာဏာကိုလက်ထဲရောက်အောင်လုပ်ကြသည်။ ပေးထားခဲ့သည့် ကတိများကိုလျစ်လျူရှုပြီး သူတို့စိတ်ကြိုက်နိုင်ငံရေးကိုလုပ်ဆောင်သည်။ နောက်ဆုံးတွင် ဓားစာခံဖြစ်သွားကြသူများမှာ နိုင်ငံရေးကန့်လန့်ကာ နောက်ကွယ်ကို သေသေချာချာမြင်နိုင်စွမ်းမရှိသည့် ပြည်သူများသာ ဖြစ်သည်။

ထပ်မံ၍ အနည်းငယ် ခွဲခြားလေ့လာကြည့်မည်ဆိုပါက ဝါဒဖြန့်ကြော်ငြာသူက လူထုကိုလိမ်ညာသည့်နည်းလမ်းထဲတွင် အောက်ပါအမျိုးအစားများရှိနေသည်ကို တွေ့ရမည် ဖြစ်သည်-

နံပါတ်တစ်မှာ - ဝါဒဖြန့်ကြော်ငြာသူသည် မိမိ၏ပြိုင်ဘက်များ၊ အနှောင့်အယှက်လိုဖြစ်နေသည့်သူများကို အလဲထိုးနိုင်ရန်အတွက် ယင်းလူများကိုနာမည်ဆိုးတပ်ပြီး လူထုက ယင်းလူများအပေါ်ဆန့်ကျင်သည့် အမြင်များ၊ သဘောထားများဖြစ်လာအောင်လုပ်သည်။ ရှေးရိုးစွဲတန်ပြန်တော်လှန်ရေးသမား၊ လက်ယာဝါဒီ၊ အစွန်းရောက်အမျိုးသားဝါဒီ၊ နိုင်ငံသစ္စာဖောက်၊ အနီရောင်များ၊ လက်ဝဲအစွန်းရောက်ကွန်မြူနစ်များဆိုပြီး နာမည်တံဆိပ်အမျိုးမျိုးခတ်နှိပ်ကြသည်။ ဒီမိုကရေစီစနစ်စတင်ထွန်းကားလာသည့်အချိန်တွင် "အဲဒါတန်ပြန်တော်လှန်ရေးသမားတွေပဲ"ဟုဆိုပြီး အလယ်အလတ်ဝါဒီသမားများကို ပျက်စီးအောင်ပြုလုပ်ကြသည်။ ထို့အပြင် အမှန်နှင့်အမှားကို ရောတွေးပြီးပြောမည်ဆိုပါက ထိရောက်မှုကပိုများလာမည်မလွဲပါ။

နံပါတ်နှစ်မှာ - ပထမအချက်နှင့်ပြောင်းပြန်ဖြစ်သော မိမိတို့၏ရပ်တည်ချက်သည် ကောင်းမွန်သည်ဆိုသည်ကို ပြသရန်လုပ်ဆောင်သည့် နည်းလမ်းဖြစ်သည်။ အမှန်တရား၊ ဖြောင့်မတ်မှု၊ ဒီမိုကရေစီအစရှိသည့် စကားလုံးများသည် ယင်းလူများ၏ ပြောနေကျစကားလုံးများဖြစ်သည်။ သို့ရာတွင် သိုးရေခြုံထားသည့်မြေခွေးကို မိမိတို့၏အပေါင်းအသင်းဟု

မှတ်ထင်နေသည့်သိုးများသည် အလွယ်တကူမြေခွေးစာဖြစ်သွားသကဲ့
ဖြစ်သည်။

နံပါတ်သုံးမှာ - မိမိတို့မြောက်စားချင်သည့် လူပုဂ္ဂိုလ်၊ မိမိ
လုပ်ဆောင်မည်ဟု မျှော်မှန်းထားသည့် စီမံကိန်းများကို အရင်ဆုံးလူထု
လေးစားသည့် အရာတစ်ခုခုနှင့် ဆက်နွယ်အောင်လုပ်ပြီး လူထုအနေ
ယင်းလူသည် လေးစားရန်ကောင်းသည့် လူဟုထင်မြင်လာစေရန်ပုံဖော်ခြ
စီမံကိန်းသည်အလွန်ကောင်းမွန်သည့် စီမံကိန်းဖြစ်သည်ဟု လူထု
ယုံကြည်လာစေရန် လုပ်ဆောင်ခြင်းစသည့် နည်းလမ်းဖြစ်သည်။ ဥပမာ
ဂျာမနီနိုင်ငံသားများသည် လူမျိုးဆိုသည်ကို အလွန်အလေးအနက်ထားသ
စိတ်များရှိခဲ့ကြသည်။ နာဇီပါတီသည် ယင်းအချက်ကို အသုံးချပြ
ဟစ်တလာသည် ဂျာမနီလူမျိုးများ၏ဆန္ဒကိုပြောပြနိုင်သည့် တစ်ဦးတည
သောပုဂ္ဂိုလ်ဖြစ်သည်ဟု ဝါဒဖြန့်ပြောဆိုသည်။ ထို့အတူ ဂျပန်လူမျိုးမျ
သည် ရှေးယခင်ကတည်းက ဘုရင်ဧကရာဇ်ကို သစ္စာစောင့်သိရိုသေသ
စိတ်ရှိခဲ့သည်။ စစ်တိုက်ရန်အစီအစဉ်ချသည့် အချိန်များအတွ
ယင်းအချက်ကို မိမိရရဆုပ်ကိုင်ခဲ့သည်။ စစ်ခေါင်းဆောင်များသည် ဧကရာဇ်
တကယ့်စိတ်ရင်းအမှန်မည်သို့ရှိသည်ဆိုခြင်းကိုဘေးဖယ်ထားပြီး မိမိတို့
အစီအစဉ်အတိုင်းလုပ်ဆောင်ခြင်းသည် ဘုရင်ဧကရာဇ်၏အလိုတော်ကျပြ
သည်ဟုဝါဒဖြန့်ခဲ့ကြသည်။ ယင်းနောက် အနီရောင်စာရွက်နှင့် ရေးသ
ထားသည့်အမိန့်စာကို ဘုရင်ဧကရာဇ်၏ဆင့်ခေါ်စာဟုဆိုကာ ပြည်သူများ
ဆီပို့ခဲ့ခြင်းကြောင့် ဂျပန်နိုင်ငံသားများသည် ငြင်းဆန်ခွင့်မရှိဘဲ စစ်မြေပြ
သို့ပို့ဆောင်ခံခဲ့ရသည်။

နံပါတ်လေးမှာ - မြို့တွင်းလူကြိုက်များစေရန်အတွက် လူထု
သဘောကျနိုင်မည့် ဆောင်းပါးများကိုရေးသားခြင်း၊ စိတ်ဝင်စားစေမည့
ဓာတ်ပုံများကို သတင်းစာများထဲထည့်သွင်းဖော်ပြခြင်းစသည့် နည်းလမ်း
များဖြစ်သည်။ ဥပမာ- သာမန်အချိန်တွင် ခမ်းနားသည့်အိမ်ကြီးတွင်
ချမ်းချမ်းသာသာနေထိုင်နေသည့် အာဏာရှင်တစ်ဦးက အလုပ်သမား
များနှင့်အတူတူ ဂေါ်ပြားနှင့် မြေကြီးတူးဆွနေသည့် ရုပ်ရှင်ကိုပြလိုက်သည့်

အခါ လူများက ယင်းအာဏာရှင်ကို မိမိတို့၏မိတ်ဆွေဟုထင်မှတ်ကုန်ကြသည်။ ဝန်ကြီးချုပ်တစ်ဦးက မော်တော်ကားနှင့် ဝေးလံသည့်နေရာများကို သွားပြီး ဆင်းရဲသည့်ရွာကလေးတစ်ရွာ၏ ရွာဝင်ပေါက်တွင် ကားမှမြင်းကို ပြောင်းစီးပြီးသည့်နောက် လယ်သမားများကို နှစ်သိမ့်အားပေးနေသည့် ဓာတ်ပုံကို ဖော်ပြလိုက်သည့်အခါ လူများကအလုပ်မအားမလပ်သည့် ဝန်ကြီးချုပ်ကကားမစီးဘဲ လူထု၏အခြေအနေကို သွားရောက်ကြည့်ရှုလေ့လာနေသည်ဟုထင်ပြီး ချီးမွမ်းထောပနာပြုကြသည်။

နံပါတ်ငါးမှာ - အမှန်နှင့် အမှားကို ပါးပါးနပ်နပ်နှင့် ရောမွေသည့် နည်းလမ်းဖြစ်သည်။ မည်မျှကောင်းသည့် ကြော်ငြာဖြစ်ပါစေ၊ အနှေးနှင့် အမြန်ဆိုသကဲ့သို့ လူထုက ယင်းသည် လိမ်ထားခြင်းဖြစ်သည်ကို သိသွားတတ်သည်။ ထို့ကြောင့် အရင်ဆုံးအစစ်အမှန်ကိုပြောဆိုပြီး လူများကို ဆွဲဆောင်ပြီးသည့်နောက် မိမိ၏စကားကို ယုံကြည်အောင်လုပ်သည်။ ယင်းနောက်တွင် အလိမ်အညာကိုအဟုတ်ဟုထင်လာစေပြီး မိမိတို့ရည်မှန်းချက်ကို အောင်မြင်အောင်လုပ်ခြင်းဖြစ်သည်။ နောက်တစ်ခါတကယ့်အစစ်အမှန်ကိစ္စကိုပင် အချက်တစ်ချက်တည်းကိုပဲကွက်ပြီး ဖော်ပြလိုက်မည်ဆိုပါက ပြောသည့်ပုံပေါ်မူတည်ပြီး ပြောင်းပြန်အဓိပ္ပာယ်သက်ရောက်စေရန်လုပ်၍လည်းရပါသေးသည်။ သာဓကအနေနဲ့ စိတ်ဝင်စားစရာကောင်းသည့်ဇာတ်လမ်းတစ်ပုဒ်ကိုလည်း ပြောပြလိုပါသည်။

အိန္ဒိယသမုဒ္ဒရာကို ဖြတ်သန်းသွားလာသည့် ကုန်တင်သင်္ဘောတစ်စင်းတွင် ကက်ပတိန်နှင့် မာလိန်မှူးတို့သည် တစ်ရက်စီအလှည့်ကျပဲ့ကိုင်လမ်းညွှန်ရန်တာဝန်ယူကြရပြီး မိမိတာဝန်ကျသည့်ရက်တွင် ပင်လယ်ခရီးသွားမှတ်တမ်းကိုရေးသားကြသည်။ ကက်ပတိန်သည်အလုပ်ကို အင်မတန်အလေးအနက်ထားသည့်သူဖြစ်သည်။ မာလိန်မှူးက ရေးကြောင်းခရီးကျွမ်းကျင်နေသူဖြစ်သည့်အတွက် နည်းနည်းလေးအားပြိုဆိုသည်နှင့် အရက်ကလေးတမြမြဖြစ်နေသဖြင့် သူတို့နှစ်ဦးသည်မတည့်ကြပါ။ တစ်ရက်တွင် ကက်ပတိန်သည် သင်္ဘောကုန်းပတ်ပေါ်တွင် မတ်တပ်ရပ်နေစဉ် မာလိန်မှူးက အရက်မူးပြီး ဝီစကီပုလင်းလွတ်ကို ကုန်းပတ်ပေါ်မှာ လိမ့်နေသည် ကိုတွေ့လိုက်ရသည်။ ကက်ပတိန်သည် ယင်းအပြုအမူကို အင်မတန်မုန်းတီးစက်ဆုပ်သဖြင့်

ယင်းညသင်္ဘောမှတ်တမ်းတွင် ထိုအကြောင်းကို ထည့်ရေးလိုက်သ
နောက်တစ်ရက် မာလိန်မှူးတာဝန်ကျ၍ ယင်းမှတ်တမ်းကိုဖတ်သည့်
သူ့အကြောင်းရေးထားသည်ကိုတွေ့လိုက်ရသဖြင့် အကြီးအကျယ်စိတ်
ဒေါသထွက်ပြီး ကက်ပတိန်ကိုကန့်ကွက်ပြောဆိုသည်။

"ကျုပ်တို့တွေဟာ ကိုယ့်တာဝန်မရှိတဲ့အချိန်မှာ ကိုယ့်ဘာသာကို
ဘယ်လိုနေနေဖြစ်တယ်မဟုတ်လား။ ကျုပ်ကတာဝန်ချိန်မှာ အရက်သော
နေတာမဟုတ်ဘူး။ ဒီမှတ်တမ်းကို ကုမ္ပဏီသူဌေးကဖတ်မိရင် ကျုပ်ကိုဘ
လို ထင်သွားမလဲ"ဟူ၍ မာလိန်မှူးကပြောသည့်အခါ"အဲဒါကတေ
ကျုပ်လည်းသိပါတယ်"ဟု ကက်ပတိန်က အေးအေးဆေးဆေးပဲပြန်ပြော
လိုက်သည်။

"ဒါပေမယ့် မနေ့တုန်းက ခင်ဗျားအရက်မူးနေတဲ့ကိစ္စဟ
အဖြစ်မှန်ပဲ။ ကျုပ်က အဲဒီအဖြစ်မှန်ကိုပဲရေးထားတာ"ဟုလည်း ပြောလို
သည်။

စိတ်ထဲကမကျေနပ်မှုကိုမြိုသိပ်ပြီး ဆက်အလုပ်လုပ်ခဲ့ရသည်
မာလိန်မှူးသည် ယင်းညသင်္ဘောမှတ်တမ်းတွင် သူရေးရသည့်အလှည့်ရောက်
လာချိန်တွင်"ဒီနေ့ ကက်ပတိန်ဟာတစ်နေ့လုံး အရက်မူးမနေခဲ့ဘူး"လို
ရေးလိုက် သည်။ နောက်နေ့ယင်း စာကိုဖတ်ပြီး ဒေါသတကြီးဖြစ်ရသည်သူမှ
ကက်ပတိန် ဖြစ်သည်။

"ကျုပ်အရက်မူးမနေဘူးလို့ရေးထားတာက ရန်စတဲ့သဘောလား
အဲဒီလိုရေးလိုက်တော့ကျုပ်က တခြားရက်မှာ မူးနေတယ်လို့မြင်ကြတော့
မှာပေါ့။ ကျုပ်က အရက်ကိုတစ်စက်ကလေးမှမသောက်ဘူးဆိုတာ ခင်ဗျား
သိလျက်နဲ့။ ခင်ဗျားက အစီရင်ခံစာကိုလိမ်ရေးပြီး ကျုပ်ကိုဒုက္ခရောက်အော
လုပ်တာပေါ့"ဟု ပြောသည်။

ထိုအခါ မာလိန်မှူးက"ဟုတ်တယ်။ ခင်ဗျားအရက်မသောက်တတ်ဘူး
ဆိုတာ ကျုပ်လည်းသိသားပဲ။ သို့သော်လည်း မနေ့တုန်းက ခင်ဗျားအရက်
မမူးခဲ့ဘူးဆိုတာက အဖြစ်မှန်ပဲလေ။ ကျုပ်က အဲဒီအဖြစ်မှန်ကိုပဲရေးထား
တာ"ဟုပြန်ဖြေလိုက်သည်။

သဘော်မှတ်တမ်းမှာရေးထားသည့် အကြောင်းအရာများက နှစ်ခု စလုံးအမှန်တွေ့ ချည်းပဲဖြစ်သည်။ သိုရာတွင် ဖော်ပြနည်းပေါ်လိုက်၍ အဖြစ်မှန်ဆိုခြင်းသည် ပြောင်းပြန်အမြင်ကိုမြင်စေသည်ဆိုခြင်းကို ယင်း က်စ်ကို ကြည့်ပြီးသိနိုင်သည်။

နောက်တစ်ခု - မေ့၍မဖြစ်သော အရေးကြီးသည့်အချက်သည် လူထုကသတိမထားမိပါက ဝါဒဖြန့်ကြော်ငြာတိုက်ပွဲတွင် ရပ်တည် ချက်မျိုးစုံရှိသည့် နိုင်ငံရေးပါတီများသည် ငွေကြေးနှင့် လူထုအမြင်ကို လွှမ်းမိုးရန်ကြိုးစားကြပြီး ငွေအများဆုံးသုံးစွဲနိုင်သည့်သူက အနိုင်ရသွားမည် ဆိုသည့် အချက်ပင်ဖြစ်သည်။ ဥပမာ- နိုင်ငံရေးပါတီတစ်ခုသည် လုပ်ငန်းရှင်များအတွက် အကျိုးမဲ့စေမည့်ဥပဒေကြမ်းတစ်ရပ်ကို လွှတ်တော်တွင် အတည်မပြုနိုင်စေရန်ကြိုးပမ်းသည်။ သို့ရာတွင် ယင်းကမအောင်မြင် နိုင်သည့် အခြေအနေဖြစ်လာမည်ဆိုပါက ယခုအခါ ယင်းဥပဒေကြမ်းကို လုံးဝအနှစ်သာရမဲ့အောင်၊ ထိရောက်နိုင်စွမ်းကို လုံးဝပျောက်သွားအောင် တခြားအချက်အလက်များ ထည့်သွင်းနိုင်ဖို့ကြိုးစားတော့သည်။ အကယ်၍ ယခုကဲ့သို့မျိုး အကြံအစည်က ငွေကြေးအင်အားကြောင့် ဖြစ်မြောက်သွား သည်ဆိုပါက ဒီမိုကရေစီသည် ငွေကြေးအာဏာနှင့် လွှမ်းမိုးသော နိုင်ငံရေး၏နောက်တွင် ကျစ်ရစ်ခဲ့တော့မည် ဖြစ်သည်။

ဝါဒဖြန့်ကြော်ငြာရေးဌာနများ

ယနေ့ခေတ်တိုးတက်နေသည့် ဝါဒဖြန့်ကြော်ငြာသည့် နည်းပညာ များထဲတွင် လူသုံးအများဆုံးဖြစ်နေခြင်းက သတင်းစာ၊ မဂ္ဂဇင်းနှင့် ရေဒီယို ဖြစ်သည်။ ၎င်းအပြင် ပိုစတာ၊ ဆိုင်းဘုတ်၊ ရုပ်ရှင်၊ ဟောပြောပွဲစသည်များ ကို အသုံးပြုနေကြပေမည်။ ရှေးကပြောခဲ့သည်များသည် အထူးသဖြင့် အရေးပါပြီး ယင်းတို့တွင်မှ သတင်းစာ၏စွမ်းပကားသည် အကြီးမားဆုံးဖြစ် သည်။ သတင်းစာသည် လူထုအမြင်ကို မှန်မှန်ကန်ကန်ထင်ဟပ်ပြသပေးရန် လိုအပ်သည်။ သတင်းစာသည် တိကျမှန်ကန်သည့်အဖြစ်အပျက်ကို အခြေပြုပြီး လူထုအမြင်ကိုမှန်ကန်သည့်ဘက်သို့ ရောက်စေရန် လမ်းညွှန် ပြသပေးသင့်သည်။ သို့ရာတွင် ပြောင်းပြန်အနေဖြင့် သတင်းစာကို

အသုံးချပြီး လူထုအမြင်ကို မိမိလိုရာသို့ လုပ်ကြံဖန်တီးမှုများ အများအပြား ရှိသည်။

သတင်းစာသည် ဝါဒဖြန့်ကြော်ငြာမှု၏လက်နက်တစ်ခုအဖြစ်ကြီးကြီး မားမားအသုံးဝင်ခြင်းကြောင့် ယင်းကိုအသုံးချလိုသူသည်လည်း ငွေပမာဏ အမြောက်အများဖြင့် သတင်းစာကိုဝယ်ယူနိုင်ရန်ကြိုးပမ်းကြသည်။ တစ်နည်း အားဖြင့်သတင်းစာကို ကိုယ်တိုင်ထုတ်ဝေခြင်းဖြစ်သည်။ သတင်းစာတစ်စောင် သည် မည်သို့သောသူများက သို့မဟုတ် မည်သို့သော နိုင်ငံရေးပါတီများက စီမံခန့်ခွဲထုတ်ဝေနေသနည်းဆိုခြင်းကိုသာ သိထားမည်ဆိုပါက ဖတ်သည့်သူ ကလည်း ယင်းကိုသိထားပြီးဖတ်ခြင်း ဖြစ်သည့်အတွက်ကြီးမားသည့် ထိခိုက် ဆုံးရှုံးမှုမရှိနိုင်ပါ။ သို့ရာတွင် ယင်းကိုမြင်အောင်ကြည့်ရန်ခက်ခဲသည့် အမည်မျိုးနှင့် သတင်းစာတွင် ဝါဒဖြန့်ကြော်ငြာမှုကို ပါးပါးနပ်နပ်နှင့် လုပ်ထားမည်ဆိုပါက လူထု၏သဘောထားကို အကြီးအကျယ်ပြောင်းလဲ သွားစေနိုင်သည်။ အမည်အမျိုးမျိုးနှင့် သတင်းစာအမျိုးမျိုးကို ဝယ်ယူ ချုပ်ကိုင်ထားမည်ဆိုပါက အစိုးရသက်ရောက်မှုကလည်းများသည်။ ယင်းကဲ့သို့ဆောင်ရွက်ခြင်းဖြင့် အပြဿနာအမြင်တွင် ဒီမိုကရေစီ ထွန်းကား သည့် လူ့ဘောင်အဖွဲ့အစည်းအတွင်း ငွေကြေးလွှမ်းမိုးသည့် နိုင်ငံရေးက ကျယ်ပြန့်လာနိုင်သည်။ "ငရဲပြည်တွင် အပြစ်ရှိမရှိဆုံးဖြတ်တာတောင် ငွေပေါ်မူတည်တယ်" ဟုဆိုသည့် ဂျပန်ဆိုရိုးစကားသည် ငွေသည်အရာရာ ကိုဖန်တီးနိုင်သော အင်အားရှိသည်ဟု ဆိုလိုခြင်းဖြစ်သည့်အတွက် လူထု အမြင်ကို ထင်သလိုပြောင်းလဲပစ်မည်ဆိုပါက ဒီမိုကရေစီအစစ်အမှန်ကို ဖော်ဆောင်နိုင်မည်မဟုတ်ပေ။

သတင်းစာတိုက်ကိုစီမံခန့်ခွဲရန် ငွေကြေးအကုန်အကျများသည်။ ယင်းစရိတ်သည် ဝယ်ယူဖတ်ရှုသူများထံမှ သတင်းစာဖိုးအားလုံး ပေါင်းထားခြင်းထက်ပို၍များပြားသည် ယင်းကဲ့သို့အမြတ်အစွန်းမရသော် ဘာကြောင့် သတင်းစာတိုက်များကိုလုပ်ကိုင်နေကြသနည်း။ တစ်ခြား မဟုတ်ပါ။ ယင်းလိုအပ်နေသည့် ကွက်လပ်များကို ကြော်ငြာကရသည့်ငွေနှင့် ပြန်လည်ဖြည့်ဆည်းပေးနေခြင်းဖြစ်သည်။ ထို့ကြောင့် သတင်းစာဖတ်သည့်

သူများအနေနှင့် စျေးနှုန်းချိုသာစွာနှင့် စိတ်ဝင်စားစရာကောင်းသည့် သတင်းစာကို ဖတ်ရှုနိုင်ကြခြင်းဖြစ်သည်။ တစ်ခါတရံတွင် သတင်းစာထုတ်လုပ်စရိတ်ထက်ဝက်ကျော်ကို ကြော်ငြာကရသည့်ငွေနှင့် ဖြည့်ဆည်းပေးနိုင်သည့်အခါများရှိသည်။ ယင်းကိုကြည့်မည်ဆိုပါက သတင်းစာ၏ ကြော်ငြာများသည်မည်မျှအထိ အကျိုးသက်ရောက်မှုရှိသည်ကို သိနိုင်လောက်ပြီထင်သည်။ ကြော်ငြာကထိရောက်မှုရှိသည် ဆိုခြင်းသည် သတင်းစာက ဝါဒဖြန့်.အဖွဲ့.အစည်းအဖြစ် မည်မျှလောက်အောင်မြင်နေသနည်းဆိုသည်ကိုပြနေသည်။ ကြော်ငြာသည်ပင် ယခုလောက်အထိ အစွမ်းထက်နေခြင်းဖြစ်သည့်အတွက်ဆောင်းပါးကို ကောင်းကောင်းမွန်မွန်၊ စိတ်ဝင်စားစရာဖြစ်အောင် ဆွဲဆောင်ရေးသားပြီး ရှားပါးဓာတ်ပုံများနှင့် သာတွဲ၍ဖော်ပြမည်ဆိုပါက မည်မျှအထိထိရောက်မှုရှိမည်ဆိုခြင်းကို စဉ်းစား၍ရနိုင်သည်။ ကိစ္စတစ်ခုကို သတင်းစာတစ်စောင်ထဲတွင် ဖော်ပြသော်လည်း စာလုံးအမည်းကြီးများနှင့် ခေါင်းစည်းတွင်ဖော်ပြခြင်းနှင့် စာရွက်ထောင့်စွန်းတွင် သေးငယ်စွာဖော်ပြသည့်နှစ်ခုတွင် ထိရောက်မှုခြင်းအမှန်တကယ်ကွာခြားသည်။ အဖြစ်မှန်တစ်ခုကို စိတ်ကြိုက်ရေး၍ လူတစ်ဦးတစ်ယောက်ကိုထိခိုက်အောင်လုပ်မည်ဆိုပါက နောက်ပိုင်းတွင် အနည်းငယ်ပြင်ဆင်ရေးပေးသည့်တိုင် ယင်းလူအပေါ်ထားသည့် အမျာ်း၏ယုံကြည်ချက်သည် ကျဆင်းသွားပြီးဖြစ်သည်။ လူထုအမြင်ကို ပြောင်းလဲပေးနိုင်သည့် သတင်းစာ၏စွမ်းပကားသည် ယခုဖော်ပြခဲ့သကဲ့သို့ အလွန်ကြီးမားသည်။ သတင်းစာထုတ်ဝေမှုကို စီမံခန့်.ခွဲလုပ်ကိုင်နေသည့်သူများ၏တာဝန်သည်လည်း အလွန်ပင်အရေးကြီးသည်ဟု ပြောရမည်ဖြစ်သည်။

ယခုဖော်ပြခဲ့သည့်ကိစ္စမျိုးသည် မဂ္ဂဇင်းအပြင် အပတ်စဉ်၊ လစဉ် ပုံမှန်ထုတ်ဝေနေသည့် တခြားပုံနှိပ်စာအုပ်စာစောင်များတွင်လည်း အတူတူပင်ဖြစ်သည်။ မဂ္ဂဇင်းတစ်စောင်သည် အစောင်ရေများလာသည့် နာမည်ကြီးမဂ္ဂဇင်းဖြစ်လာပြီဆိုပါက ဝါဒကြော်ငြာရှာဖွေနတစ်ခုအဖြစ်နှင့် အသုံးချနိုင်သည့် တန်ဖိုးသည်လည်း ကြီးမားလာသည်။ ထို့ကြောင့် မဂ္ဂဇင်းတိုက်တစ်တိုက်၏ အထွေထွေကုန်ကျစရိတ်အများစုကို ကြော်ငြာကရသည့် ငွေနှင့်လည်ပတ်ဖြည့်ဆည်းပေးနေကြသည်။

ထိုထက်စိတ်ဝင်စားစရာအကောင်းဆုံးသည် ရေဒီယိုဖြစ်သည်
ယနေ့ခေတ်ဂျပန်တွင် အသံလွှင့်ဌာနအားလုံးကို အသံလွှင့်ဌာနအဖွဲ့အစ
တစ်ခုက ကြီးကြပ်ပေးနေပြီး အထွေထွေကုန်ကျစရိတ်သည် သောတရှင်များ
ပေးချေသည့် ငွေကြေးနှင့် လည်ပတ်နေခြင်းဖြစ်သည်။ ရေဒီယိုကို ကြော်ငြ
အနေနှင့် အသုံးပြုခြင်းမျိုးမရှိပါ။ သို့ရာတွင် အမေရိကန်နိုင်ငံတွင် ပုဂ္ဂလိ
အသံလွှင့်ဌာနပေါင်း ၆၀၀ ကျော်ရှိသည်။ တိုကျိုမြို့ အကျယ်အဝန်း
တစ်ဝက်လောက်ရှိသည့် မြို့တစ်မြို့အတွင်းတွင် အသံလွှင့်ဌာနအမြောက
အများရှိပြီး စိတ်ဝင်စားဖွယ်ကောင်းသည့်အစီအစဉ်များကို အပြိုင်အဆို
ထုတ်လွှင့်နေကြသည်။ သောတရှင်များထံမှ ငွေကြေးတစ်ပြားတစ်ချ
ရယူခြင်းမရှိသော်လည်း အစီအစဉ်အတွင်းတွင် ကြောငြာများ
ထည့်သွင်းခြင်းအားဖြင့် အသံလွှင့်လုပ်ငန်းကို လည်ပတ်နေကြခြင်းဖြစ်သည်

သတင်းစာ၊ မဂ္ဂဇင်း၊ ရေဒီယိုအစရှိသည့် မီဒီယာများသည
ကြော်ငြာကရသည့် ငွေကိုအဓိကအားထားနေရသည့်အတွက် တတ်နိ
သမျှကြော်ငြာ များများရရှိစေရန်ပြိုင်ဆိုင်ကြိုးပမ်းကြရသည်။ ကြော်ငြာ
ရန်အတွက် အထူးတလည်အားထုတ်စရာမလိုသော၊ ကြော်ငြာထည့်
သည့်သူကချဉ်းကပ်ရသည့် နာမည်ကြီးသတင်းစာ၊ မဂ္ဂဇင်းများဆိုပါ
ကြော်ငြာရှင်သဘောကျရန်အတွက် လုပ်ပေးရန်မလိုသော်လည်း နာမ
မကြီးသော စာစောင်များအနေနှင့် ကြော်ငြာရှင်သဘောကျစေ
တည်းဖြတ်ပြင်ဆင်ပေးရခြင်း၊ ကြော်ငြာရှင်နှင့် စာစောင်များအကြ
မျက်နှာပျက်စေမည့် ဆောင်းပါးမျိုးမပါရှိရန်လုပ်ရသည်။ ယင်းကဲ့သ
သတင်းစာတိုက်၊ မဂ္ဂဇင်းတိုက်ဆိုပါက ကြော်ငြာရှင်များက ဖိအားပေး
မိမိတို့အတွက် အကျိုးယုတ်စေမည့်ဥပဒေမူကြမ်းမျိုး လွှတ်တော်တွ
အတည်မပြုနိုင်စေရန် ဆောင်းပါးများအာဘော်များရေးရန် အမျိုးမျိ
တောင်းဆိုကြသည်။ ယင်းဥပဒေမူကြမ်း၏ပျော့ကွက်အား ပုံကြီးချဲ့ပြီ
ပြောဆိုခြင်း ထောက်ခံသူများ၏မကောင်းသတင်းကို အပုပ်ချပြောဆိုရေ
သားခြင်း မျိုးကိုလုပ်ဆောင်စေသည်။ ယခုကဲ့သို့ထိရောက်သည့် နည်းလမ်
များနှင့် မည်သည့်ဘက်တွင်မှမရှိသေးသည့် စာဖတ်သူများ၏စိတ်ကို
ပြောင်းလဲသွားစေရန်လုပ်ခြင်းသည် အခက်အခဲမရှိနိုင်ပေ။

တစ်ဖက်တွင်လည်း နယ်သတင်းစာတိုက်ငယ်များ၊ မဂ္ဂဇင်းတိုက်ငယ်များက မကောင်းသည့်သတင်းများကို ဖွင့်ချလိုက်မည်ဟုဆိုကာ နာမည်ရှိသည့်သူများကို ခြိမ်းခြောက်ပြောဆိုခြင်းမျိုးရှိသည်။ ယင်းနည်းလမ်းနှင့် ငွေကြေးအမြောက်အများ ညှစ်ယူကြသည်။ ကိုယ်စားလှယ်လောင်းကိုယ်တိုင်က သတင်းစာတိုက်၊ မဂ္ဂဇင်းတိုက်များကိုငွေပေးပြီး မိမိအတွက် အကျိုးရှိစေမည့်ဆောင်းပါးမျိုးကို ထည့်သွင်းမှုမျိုးလည်းရှိသည်။ ယခုကဲ့သို့ ကျင့်ဝတ်မစောင့်ထိန်းသည့် စာနယ်ဇင်းသမားများနှင့် အမတ်လောင်း၊ ကိုယ်စားလှယ်လောင်းများရှိမည်ဆိုပါက မဲဆန္ဒရှင်များအနေနှင့် တွေဝေမှုဖြစ်လာပြီး ကောင်းသည့်သူကိုမဲမထည့်ဘဲ မသင့်တော်သည့်သူကို မဲထည့်မိခြင်းမျိုးဖြစ်ရန်လွယ်ကူသည်။

သတင်းစာဆောင်းပါးတွင် ယခုကဲ့သို့အခြေအနေများကြောင့် အလိမ်အညာများကို ရေးသားခြင်းမျိုးများလာသည့်အခါ ယင်းကို တင်းတင်းကျပ်ကျပ်စောင့်ကြည့်ရန်အတွက် အစိုးရက အရင်ဆုံးဆင်ဆာဖြတ်ခြင်းဖြင့် အဆိုပါအန္တရာယ်များကိုကာကွယ်ခြင်းသည် ကောင်းမည်ဟုတွေးကောင်းတွေးမိကြပါလိမ့်မည်။ သို့ရာတွင် ယခုကဲ့သို့ လုပ်မည်ဆိုပါက အခြေအနေကပိုပြီးဆိုးသွားနိုင်သည်။ အဘယ်ကြောင့်ဆိုသော် အစိုးရက ယင်းအခွင့်အာဏာကိုအသုံးချ၍ မိမိဝါဒကိုထိခိုက်စေမည့်ဆောင်းပါးအာဘော်များကိုတားမြစ်ပြီး မိမိအတွက်အကျိုးရှိစေမည့် ဆောင်းပါးများကိုသာ ရေးခိုင်းတော့မည်ဖြစ်သည့်အတွက်ဖြစ်သည်။ ပြည်သူများကို မျက်ကန်းဘဝရောက်စေမည်ဖြစ်သကဲ့သို့ အာဏာရှင်က ဝါဒဖြန့်ကြောငြာသည့် အဖွဲ့အစည်းကိုချုပ်ကိုင်သည့် အန္တရာယ်အများဆုံးနည်းလမ်းဖြစ်သည်။ ပြောရေးဆိုခွင့်ရှိသည့်အဖွဲ့အစည်းတစ်ခုကိုချုပ်ကိုင်ပြီး ဆင်ဆာနှင့် တည်းဖြတ်ရန်လုပ်ခြင်းသည် အာဏာရှင်က အသုံးပြုသည့်အထက်မြက်ဆုံးလက်နက်တစ်ခုဖြစ်သည်။

ထို့ကြောင့် ဒီမိုကရေစီနိုင်ငံများတွင် လွတ်လပ်စွာပြောဆိုရေးသားခွင့်၊ ပုံနှိပ်ထုတ်ဝေခွင့်များကို အာမခံချက်ပေးထားသည်။ ယခုကဲ့သို့လုပ်ပေးခြင်းအားဖြင့် ပြည်သူများက အစိုးရ၏မူဝါဒများကို ဝေဖန်ပြောကြားနိုင်ပြီး

မှန်ကန်မှုမရှိသည်များနှင့် ပတ်သက်ပြီး ရဲရဲဝံ့ဝံ့ဆန့်ကျင်နိုင်ကြမည်ဖြစ်သ
ယင်းလွတ်လပ်ခွင့်ရှိနေသမျှကာလပတ်လုံး နိုင်ငံရေးအပေါ် မကျေနပ်
များပေါ် ပေါက်ကွဲထွက်လာပြီး တိုက်ရိုက်ဆူပူဆန့်ကျင်သည့် အန္တရာယ်
မည်မဟုတ်ပါ။ အစိုးရက အန္တရာယ်ရှိသည်ဟု ယူဆသည့်အတွေးအ
များကို ဖိနှိပ်မည်ဆိုပါက ယင်းအတွေးအခေါ်များက ငုပ်လျှိုးသွ
တဖြည်းဖြည်းနှင့် မကျေနပ်ချက်များ၊ ဆန့်ကျင်လိုသည့်စိတ်များကို စုထ
သကဲ့သို့ဖြစ်လာသည်။ နောက်ဆုံးတွင် လူမှုအဖွဲ့အစည်းအရေး၊ နိုင်ငံ
အရမတည်ငြိမ်မှုများကို ဖိတ်ခေါ်သကဲ့သို့ဖြစ်လာပါသည်။ အစိုးရအ
လူထုအမြင်ပေါ် မူတည်ပြီး နိုင်ငံရေးကိုလုပ်ဆောင်ရမည့်အစား မိ
စဉ်းစားသည့်အတိုင်း ပြုပြင်ပုံသွင်းရန်ကြိုးစားမည်ဆိုပါက ဒီမိုကရေစီဝါ
စိတ်ဓာတ်များကို အညွှန့်ချိုးလိုက်သကဲ့သို့ဖြစ်သွားပါမည်။

နိုင်ငံရေးသည် အမှန်တရားပေါ် အခြေခံပြီးဆောင်ရွက်သွားရ
ယင်းအမှန် တရားဆိုသည်မှာလည်း လွတ်လပ်စွာပြောဆိုလုပ်ကိုင်
ပေါက်ဖွားလာသည့်အရာဖြစ်ရန်လိုသည်။ ယင်းကသာလျှင် ဒီမိုက
ဝါဒ၏မူလအခြေခံသဘောတရားဖြစ်သည်။ ဥပမာ- အေနှင့်ဘီတွင် ဘ
ပြောသည့်အချက်နှင့် ဘီ၏ရပ်တည်ချက်ကို လွတ်လွတ်လပ်လပ်ဆွေ
စေသည်ဆိုပါစို့။ အေကဝါဒဖြန့်ကြော်ငြာမှုကိုသုံးပြီး ပြည်သူလူထု
သဘောကျနှစ်သက်မှုကိုရယူပြီး ရွေးကောက်ပွဲတွင် အများစုကိုရပြီး
နောက်ဘီအပေါ် တွင် အနိုင်ရရှိသွားသည်။ သို့သော်လည်း အေ၏ကြော်
များက အမှန်အကန်မဟုတ်ပါက ယင်းအနိုင်ရမှုဆိုခြင်းသည် မည်မျှ
ကြာရှည်တည်မြဲပါမည်နည်း။ ပြည်သူများအနေနှင့် အမှန်တရာ
ရှာဖွေတွေ့ရှိနိုင်မည့် အရည်အချင်းမျိုးကိုသာ ပိုင်ဆိုင်မထားလျှင်အ
တရားကိုပြောဆိုခဲ့သည့် ဘီ၏ရပ်တည်ချက်သည် မည်သည့်အခါမျှပေါ်
တော့မည်မဟုတ်ပါ။ ပြောင်းပြန်အနေနှင့် ပြည်သူများက ယင်းတို့
အရည်အချင်းမျိုးကို ပိုင်ဆိုင်မည်ဆိုပါက အေအပေါ် လူကြိုက်များမှုသ
နောက်ဆုံးတွင် ကျဆင်းသွားမည်ဖြစ်သည်။ ယင်းနောက် လူနည်းစုဖြစ်သ
ဘီ၏ရပ်တည်ချက်က အင်အားကောင်းလာမည်ဖြစ်သည်။ ပိုမိုရှင်းလင်

ပြောရမည်ဆိုပါက ပြည်သူလူထုက အမှန်တကယ်ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံမည်ဆိုပါက မူလကပင်အေ၏ဝါဒဖြန့်ကြော်ငြာမှုနောက်သို့ပါမသွားဘဲ ဆုံးဖြတ်ချက်မှားယွင်းခြင်းမျိုးဆိုခြင်းလည်းရှိမည် မဟုတ်ပေ။

ထို့ကြောင့် လွတ်လပ်စွာပြောဆိုခွင့်ရှိသည့်အခြေအနေတွင် အမှန်တရားကို ရှာဖွေတွေ့ရှိနိုင်မည့်နည်းလမ်းသည် ပြည်သူများ "မျက်ဒိပွင့်နားပွင့်ရှိသူ" များဖြစ်နေရန်ကလွဲ၍ အခြားမရှိပါ။ မျက်စိပွင့်နားပွင့်ရှိသည့် သူများသည် အလိမ်အညာများကို အသိဆုံးလူများဖြစ်ကြသည်။ ပြည်သူများသာ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံပါက သတင်းစာကမဟုတ်မမှန်ခြင်းများကိုရေး၍မဖြစ်တော့သည့်အတွက် အမှန်တရားကိုသာရေးသားကြရမည်ဖြစ်သည်။ ပြည်သူများ၏မှန်ကန်သည့်ဝေဖန်ချက်ကို ကျော်လွှားရန်မဖြစ်နိုင်သည့်အတွက် သတင်းစာ၊ မဂ္ဂဇင်းများအနေနှင့် မှန်ကန်သည့် လူထုအမြင်ကိုသာ အလေးပေးရေးသားကြရသည်။ ယခုကဲ့သို့နည်းလမ်းနှင့် နိုင်ငံရေးသည် မှန်ကန်သည့် လမ်းကြောင်းသို့ ဦးတည်သွားရမည်ဖြစ်သည်။

သတင်းအချက်အလက်များအား လက်တွေ့ကျကျချင့်ချိန်သုံးသပ်ခြင်း

အမှန်တရားကို ရှာဖွေဖော်ထုတ်ရန်အလုပ်သည် သိပ္ပံပညာရှင်၏အလုပ်ဖြစ်သည်။ ထို့ကြောင့် မုသားနှင့်အမှန်တရား၊ မှားယွင်းနေသည့် ဝါဒဖြန့်ကြော်ငြာမှုနှင့် အဖြစ်မှန်ကိုခွဲခြားရန်အတွက် သိပ္ပံပညာက အမှန်တရားကို ရှာဖွေဖော်ထုတ်သည့် နည်းလမ်းမျိုးကဲ့သို့ သတင်းစာများ၊ မဂ္ဂဇင်းများ၊ လက်ကမ်းစာစောင်များကတစ်ဆင့်ရလာသည့် သတင်းများကို ခေါင်းအေးအေးနှင့် စဉ်းစားသုံးသပ်ရန်လိုအပ်သည်။ နေရာပေါင်းစုံကနေ ပုံစံပေါင်းစုံနှင့် ထွက်ပေါ်လာနေသည့် ဝါဒဖြန့်ကြော်ငြာမှုများကို သိပ္ပံနည်းကျစဉ်းစားသုံးသပ်ပြီး ယင်းတို့အထဲမှ မှန်ကန်မှုကို ရှာဖွေဖော်ထုတ်သည့် အလေ့အကျင့်ကို ပျိုးထောင်ရမည်ဖြစ်သည်-

(၁) သိပ္ပံနည်းကျစဉ်းစားသည့်အခါ ဦးစွာသတိပြုရမည်မှာ မူလရှိပြီးသားအတွေးအခေါ်များကို စွန့်ပစ်ဖယ်ထုတ်ရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကာလရှည်ကြာကြုံလာရသည့်

အတွေ့အကြုံများ၊ ငယ်စဉ်က သင်ကြားခဲ့ရမှုများ
ပြောဆိုပုံသွင်းခံခဲ့ရသောကိစ္စများ၊ ပထမဦးဆုံးစိတ်ဝင်
စားစွာဖတ်ရှု ခဲ့ရသည့်စာအုပ်၊ အခြားအကြောင်းအရာ
အမျိုးမျိုးကြောင့် အတွေးအခေါ်တစ်ခုတည်းတွင် သာ
ယဉ်ပါးနေပြီး မည်သည့်ကိစ္စမဆိုယင်းရပ်တည်ချက်ဖြင့်
ဆုံးဖြတ်တတ်သည့်အကျင့်ကစွဲနေသည်။ ယင်းက ကောင်
တာရှိသကဲ့သို့ မှားယွင်းနေခြင်းများလည်းရှိသည်။ မူလ
ပြီးသား အတွေးအခေါ်ကို လေ့လာဆန်းစစ်မှုမလုပ်ဘဲ
ကိစ္စတစ်ခုကို ဆုံးဖြတ်လိုက်မည်ဆိုပါက တစ်ဖက်
စောင်းနင်းကျသည့် ဆုံးဖြတ်မှုမျိုးသာဖြစ်လာမည်
ရှေးအခါက လေနတ်သားသည် လေတိုက်စေပြီ
မြေအောက်တွင်ရှိသည့် ငါးခူက ရုန်းကန်လှုပ်ရှားသည်
အခါ ငလျင်လှုပ်သည်ဟု ယူဆခဲ့ကြသည်။ ယခုအခ
မှားယွင်း ယုံကြည်မှုများ၊ နဂိုရှိပြီးသား သဘောတရား
များကို ဖယ်ပစ်ရန်သည် သိပ္ပံပညာတိုးတက်မှု၏ ပထမဆ
ခြေလှမ်းဖြစ်သည်။ ဂျပန်လူမျိုးများသည် စစ်ပွဲဖြစ်သည
အချိန်တွင် မိမိဘက်မှ အခြေအနေ ကောင်းများရလ
လိမ့်မည်ဟု ယူဆခဲ့ကြသည်။ ဘုရင်က တိုက်ရိုက်ကွပ်
သည့် အမြင့်ဆုံး စစ်အဖွဲ့အစည်း၏ ကြေညာချက်အား
ကို အမှန်ဟုယူဆခဲ့ကြသည်။ ယင်းအတွေးအခေါ်ကဲ့
ကြောက်စရာကောင်းသည့် အတွေးအခေါ်မျိုးမရှိပ
နိုင်ငံရေးအရဆုံးဖြတ်မှုပြုလုပ်သည့်အခါ ယခုကဲ့သ
ရှိပြီးသားအတွေးအခေါ်ဟောင်းများကို စွန့်ပစ်ဖ
ထုတ်ရန်သည် သိပ္ပံနည်းကျစဉ်းစားတွေးခေါ်မှု
ပထမဆုံးခြေလှမ်းဖြစ်သည်။

(၂) အရေးကြီးသည်မှာ သတင်းအချက်အလက်သည
မည်သည့်နေရာမှ ထွက်လာသည်ကိုသိရန်ဖြစ်သည်။

မိမိဖတ်ရှုမိသည့် သို့မဟုတ် ကြားသိလာသည့်ကိစ္စတစ်ခု အပေါ်ယုံကြည်လိုက်ခြင်းသည် မိုက်မဲရုံသာမက အမှန်ပင်အန္တရာယ်များလှသည်။ ထိုကြောင့် အမြဲတမ်း ယုံခဲ့သို့ မေးခွန်းထုတ်ကြည့်ရန်လိုသည်။ မည်သူက ယင်းကိုရေးသနည်း၊ မည်သူက ယခုကိစ္စကိုပြောသနည်း၊ မည်သည့်အုပ်စု၊ အဖွဲ့အစည်းမျိုးလည်း၊ ယင်းတို့တွင် အဆိုပါကိစ္စကိုပြောရလောက်သည့် အရည်အချင်းရှိသလား၊ မည်သည့်နေရာတွင် မည်သို့လုပ်ပြီး ယင်းသတင်းကို ရလာသနည်း၊ ယင်းတို့တွင် ရှေးရိုးအစွဲအလမ်းများ ရှိနေသလား၊ မျှမျှတတနှင့် ကိုယ်ကျိုးမဖက်သည့်သူများလား၊ နောက်တစ်ခါကျိုးကြောင်း ဆီလျော်မှုရှိသော်လည်း ယင်းသတင်း၏ နောက်ကွယ်တွင် အကျိုးအမြတ်တစ်ခုခုရှိစေမည့် အကြောင်းရင်းရှိနေသလား၊ ယင်းကဲ့သို့ မေးခွန်းများကို မိမိကိုယ်မိမိပြန်မေးကြည့်ခြင်းသည် သိပ္ပံနည်းကျစဉ်းစား ရာတွင် အလွန်အသုံးဝင်သည်။

(၃) သတင်းစာများ၊ မဂ္ဂဇင်းများကိုဖတ်သည့်အခါ ယခုကဲ့သို့ အချက်များကို သတိထားကြည့်ရန်ဖြစ်သည်-

(က) အယ်ဒီတာ့အာဘော်ကိုဖတ်၍ ယင်းသတင်းစာ မဂ္ဂဇင်း၏ အကြမ်းဖျင်းသဘောထား၊ ဥပမာ-နှေးရိုးစွဲလား၊ ပြုပြင်ပြောင်းလဲမှုကို လိုလားသလား ဆိုသည်ကို တတ်နိုင်သမျှမြန်မြန်သိအောင်လုပ်ရန်။

(ခ) ယင်းကိုယဘောပေါက်ပြီဆိုပါက သူနှင့်ဆန့်ကျင်ဘက် သဘောထားရှိသည့် တခြားသတင်းစာ၊ မဂ္ဂဇင်းကို ဖတ်ပြီး ယင်းနှစ်ဖက်ပြောနေသည့်စကားတွင် မည်သူမှန် သည်ဆိုခြင်းကို ဆုံးဖြတ်ရန်။

(ဂ) အဆင့်အတန်းမရှိသည့် ဆောင်းပါးမျိုးကို ဖော်ပြခြင်း၊ ပုံမှန်မဟုတ်သည့် စိတ်ဝင်စားမှုမျိုးကို ဖြစ်စေသည့် အရေးအသားမျိုးနှင့် ဖော်ပြခြင်း၊ တမင်သက်သက် သူတစ်ပါးကို ထိခိုက်အောင်လုပ်နေခြင်းစသည်တို့ကို ခွဲခြားသိရှိနိုင်ရေးအတွက် ဆောင်ရွက်ရန်။

(ဃ) ဆောင်းပါးအာဘော်များ၏ ခေါင်းစဉ်နှင့် အတွင်းတွင်ရေးထားသည့် အချက်အလက်၊ အကြောင်းအရာများကိုယှဉ်ကြည့်ရန်။ ဆောင်းပါးထဲတွင် အကြမ်းဖျင်းအားဖြင့် အကြောင်းအရာအမှန်အကန်ကိုရေးထားသော်လည်း ယင်းအကြောင်းအရာနှင့် လိုက်ဖက်မှုမရှိသည့် ခေါင်းစဉ်အား ကြီးမားထင်ရှားစွာဖေါ်ပြပြီး ဖတ်ရှုသူကိုမှားယွင်းသည့် အထင်ရောက်စေခြင်းမျိုးများရှိသည်အတွက် ခေါင်းစဉ်တစ်ခုတည်းကိုသာ ကြည့်ပြီး ဆုံးဖြတ်၍မရပါ။

(င) သတင်းစာ၊ မဂ္ဂဇင်း၏အုပ်ချုပ်သူက မည်သို့သော လူစားမျိုးလည်း ယင်းနောက်ကွယ်တွင် မည်သို့သော လူမျိုးကထောက်ပံ့ပေးနေသနည်းဆိုသည်ကို သတိထားရန်။ အစိုးရ၏အုပ်ချုပ်မှုအာဏာကို ခိုးမွှမ်းဖော်ပြသည့် သတင်းစာမျိုးကို လော်ဘီသတင်းစာဟုခေါ်ကြပြီး အစိုးရမဟုတ်ဘဲ ငွေကြေးအင်အားရှိ လူတန်းစားကိုကာကွယ်ရေးသားသည့် သတင်းစာမျိုးသည်လည်း လော်လီသတင်းစာပဲ ဖြစ်သည်။

(ဌ) လက်ရှိနေ့စဉ်သတင်းစာများ၊ ရေဒီယိုများတွင် နိုင်ငံတကာပြဿနာများ အကြောင်းအမြဲလိုလိုကြားသိနေရသည်။

ယနေ့ခေတ်တွင် ပြည်တွင်းမှာ ဖြစ်ပျက်နေသည့် နိုင်ငံရေးသည် နိုင်ငံတကာပြဿနာများနှင့် ခွဲခြားမရနိုင်သည့် ဆက်နွယ်မှုများရှိခြင်းကြောင့် နိုင်ငံတကာက အဖြစ်အပျက်များကို အမြဲမပြတ်နားစွင့်ပြီး မှန်မှန်ကန်ကန်နားလည်သဘောပေါက်ရန်လိုအပ်သည်။ စစ်မတိုင်ခင်က ဂျပန်လူမျိုးများသည် မိမိတို့လုပ်ဆောင်နေသမျှကို တစ်ကမ္ဘာလုံး၏ အမြင်နှင့် ဆက်စပ်ပြီး အနည်းငယ်မျှပင် ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ မိမိတို့သာမှန်ကန်သည်၊ ကောင်းမွန်သည်ဟု တွေးထင်ခဲ့ကြသည်။ ယခုအချိန်တွင် ဂျပန်နိုင်ငံအနေနှင့် မိမိတို့သည် နိုင်ငံတကာ၏ အခြေအနေများအကြား မည်ကဲ့သို့သောရပ်တည်ချက်မျိုး၊ မည်ကဲ့သို့သော နေရာမျိုးတွင် ရောက်နေသနည်းဆိုသည်ကို သေသေချာချာစဉ်းစားရမည်ဖြစ်ပြီး နောက်မှသာ ဆက်စပ်၍ ပြည်တွင်းပြဿနာကို စဉ်းစားလုပ်ဆောင်သွားရမည်ဖြစ်သည်။ နိုင်ငံအချင်းချင်းကြားက ဝါဒဖြန့်ကြေငြာမှုများသည် ပြည်တွင်းကထက် ပိုမိုပြင်းထန်ပြီး ပိုမိုထက်မြက်သည့် နည်းလမ်းများကို အသုံးပြုထားခြင်းကြောင့် အမျိုးမျိုးသောကိစ္စရပ်များအပေါ် စကားစစ်ထိုးနေကြသည့် နိုင်ငံပေါင်းစုံ၏ နောက်ကွယ်မှ တကယ့်ရည်ရွယ်ချက်အမှန်ကို မြင်လာအောင် ကြိုးစားသွားရမည်ဖြစ်သည်။ အထူးသဖြင့် ပြောရေးဆိုခွင့်၊ ထုတ်ဝေခွင့်များကို တင်းတင်းကျပ်ကျပ် ထိန်းချုပ်ထားသည့် နိုင်ငံမျိုးကိုပို၍ သတိပြုရန်လိုသည်။

(၅) လူ့ဘောင်လောကအတွင်း ဖြစ်ပျက်နေသည့် ပြဿနာများသည် အလွန်ရှုပ်ထွေးလှသည်။ ပြဿနာ၏မျက်နှာစာတစ်ဖက်ကိုသာကြည့်ပြီး ဆွေးနွေးဆုံးဖြတ်ရန်ဆိုခြင်းသည်အလွန်အန္တရာယ်ကြီးသည်။ ထို့ကြောင့်အယူအဆတစ်ခုကိုပြောဆိုလာသည့်သူကို ပြဿနာ၏အခြားမျက်နှာ စာတစ်ဖက်နှင့် ပတ်သက်ပြီး မည်သို့မြင်သနည်း

ဆိုခြင်းကိုလည်း သိရန်လိုသည်။ဝါဒဖြန့်ကြော်ငြာ
တစ်ခုကို ကြည့်ရှုနားထောင်ရုံသာမကဘဲ မိမိဘက်က
လည်း သံသယမေးခွန်းအမျိုးမျိုးကို တွေးဆထားရမည်
ဖြစ်ပြီး ယင်းနှင့် ပတ်သက်၍ မေးမြန်းနိုင်သည့်အခွင့်အရေ
ရှိရမည်ဖြစ်သည်။ ယင်းအတွက် ဆွေးနွေးငြင်းခုံနိုင်သည့
ပွဲများကို အများအပြားလုပ်ပေးနိုင်မည် ဆိုပါက
အကျိုးရှိသည်။ ကျောင်းများတွင်လည်း မိမိတို့အတန်း
အလိုက် ကိစ္စရပ်တစ်ခုနှင့် ပတ်သက်ပြီး ဆွေးနွေးပွဲများ
လုပ်ပေးခြင်းသည်ကောင်းသည်။ သုတေသနအဖွဲ့က
ဖွဲ့စည်းသည့်အခါ ဆန့်ကျင်ဘက်အမြင်ရှိသူများကို
လုပ်ဖော်ကိုင်ဖက်အတွင်းထည့်သွင်းထားရမည်ဖြစ်သည်
ယင်းတို့သည် သိပ္ပံပညာရှင်များက လက်တွေ့စမ်းသပ်
များ လုပ်ဆောင်သည့်သဘောမျိုးဖြစ်သည်။ အမျိုးမျိုး
စမ်းသပ်ကြည့်ပြီး လူအများအပြား၏သုတေသန
ရလဒ်များကို မေးမြန်းခြင်းအားဖြင့် အမှားကိုတဖြည်း
ဖြည်းဖယ်ထုတ်၍ တူညီမှုရှိသည့် ဘုံအမှန်တရားတစ်ခုကို
ဖော်ထုတ်ရမည်ဖြစ်သည်။ ယခုကဲ့သို့ ပြုလုပ်ပြီး မည်သည့်
ကိစ္စမဆို သိပ္ပံနည်းကျစဉ်းစားသုံးသပ်သည့် အတေ
အကျင့်မျိုးကိုထားရှိမည်ဆိုပါက ဒီမိုကရေစီဝါဒကိုကျ
သုံးသည့် လူမှုအဖွဲ့အစည်းတစ်ခုအတွင်း တာဝန်ယူမှုရှိသည
လုပ်ကိုင်ဆောင်ရွက်မှုမျိုးလုပ်ဆောင်ရာတွင် အလွ
အသုံးဝင်မည်ဖြစ်သည်။

အနှစ်ချုပ်ပြောရမည်ဆိုပါက မဲဆန္ဒရှင်တစ်ဦးချင်း၊ တစ်ယောက
ချင်းစီက ဉာဏ်အမြော်အမြင်နှင့် မပြည့်စုံပါက ဒီမိုကရေစီဝါဒသည
အောင်မြင်မည်မဟုတ်ပေ။ ပြည်သူလူထုကဉာဏ်အမြော်အမြင်နှင့် ပြည့်စုံပြီး
ကိစ္စတိုင်းကို သိပ္ပံနည်းကျစဉ်းစားသုံးသပ်လာနိုင်ချိန်တွင် လိမ်ညာဝါဒ
ဖြန့်မှိုင်းတိုက်ခြင်းများကို လုပ်ဆောင်လာသည့်အခါတွင်လည်းအမှန်က
မြင်အောင်ကြည့်နိုင်သည့်အတွက် မည်သူကမျှတာဝန်မဲ့စကားမျိုးကိုပြော
လုပ်ကိုင်နိုင်မည်မဟုတ်ပါ။ ဉာဏ်အမြော်အမြင်၊ အမှန်တရားကို ချစ်မြတ်

စိတ်နှင့် တွေ့ရှိထားသည့်အမှန်တရားကို ကာကွယ်စောင့်ရှောက်လိုစိတ်၊ မှန်ကန်သည့်လမ်းကြောင်းကို တာဝန်ယူစိတ်အပြည့်နှင့် ဆောင်ရွက်သွားနိုင်သည့် စွမ်းဆောင်ရည်၊ ယခုကဲ့သို့စွမ်းရည်များရှိသူများအကြား အပြန်အလှန်လေးစားမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့သည် ကြီးကျယ်ခမ်းနားသော ဒီမိုကရေစီနိုင်ငံကို တည်ဆောက်ရန်အတွက်လိုအပ်သည့် ပင်မအင်အားများပင်ဖြစ်သည်။ ယင်းအင်အားများသည် အထက်တွင်ပြောခဲ့သည့် စိတ်ဓာတ်၊ စွမ်းဆောင်ရည်များအပေါ်တွင် မူတည်ခြင်းဖြစ်ပြီး အခြားတွင်ရှာဖွေ၍မရနိုင်ပါ။

အခန်း (၇)
နိုင်ငံရေးနှင့် နိုင်ငံသား

သူများလက်ဝကွက်အပ်နိုင်ငံရေးနှင့်ကိုယ်တိုင်ကိုယ်ကျနိုင်ငံရေး

ဒီမိုကရေစီသည် ရွေးကောက်ပွဲကျင်းပသည့်အချိန်တွင် မဲထည့်ပ
မျှသာဖြစ်သော နိုင်ငံရေးလုပ်ဆောင်မှုတစ်ခုမဟုတ်ဘဲ ပိုမိုကျယ်ပြန့
ပိုမိုကြီးမားသည့် အရေးကိစ္စဖြစ်သည်ဆိုခြင်းကို ရှေ့ပိုင်းတွင် ရေးသားဖော်ပြပြီ
ဖြစ်သည်။ ယင်းကဲ့သို့ ဒီမိုကရေစီနိုင်ငံရေးကို အကောင်အထည်ဖော်ရန်အတွက်
လူတစ်ဦးတစ်ယောက်ချင်းစီက နိုင်ငံရေးတွင် ပါဝင်လုပ်ဆောင်ရန်မဖြစ်မနေ
လိုအပ်သည်ဆိုခြင်းသည် အသေအချာဖြစ်သည်။ ပညာရေး၊ တိုးတက်
ကျယ်ပြန့်လာရန်ဖြစ်စေ၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာရန်ဖြစ်စေ
စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရန်ဖြစ်စေ၊ နိုင်ငံရေး၏အကောင်းအဆိုးသည်
အကျိုးသက်ရောက်မှုကြီးမားသည်။ ယင်းကဲ့သို့ အရေးပါသည့် နိုင်ငံရေးကို
အခြားသူများလက်ဝကွက်အပ်ခြင်းမျိုးမဟုတ်ဘဲ မိမိကိုယ်တိုင်၏အလုပ်
အနေနှင့် လုပ်ကိုင်မည့် စိတ်ဓာတ်ကသာ ဒီမိုကရေစီ နိုင်ငံတစ်နိုင်ငံက
နိုင်ငံသားများ၏အလေးထားဆုံး အသိစိတ်ဓာတ်ဖြစ်နေရမည်။

အရှေ့တိုင်းတွင် ရွေးယခင်ကပင် "အမိန့်အတိုင်းလိုက်နာစေဖို့သာ
လိုတယ်။ ရှင်းပြနေဖို့မလိုဘူး" ဟု ပြောလေ့ရှိကြသည်။ နိုင်ငံရေးလုပ်သည်
သူက လူများကို အမိန့်အတိုင်းလိုက်နာခိုင်းရန်မဖြစ်နိုင်ပေ၊ နိုင်ငံရေး
အခြေခံရည်ရွယ်ချက်ကို ရှင်းပြခြင်းမျိုးမလုပ်သင့်ဟုဆိုသည့် အဓိပ္ပာယ်ဖြ

သည်။ နိုင်ငံရေး၏ရည်ရွယ်ချက်ကို အသိပေးလိုက်မည်ဆိုပါက အမျိုးမျိုး အပြစ်တင်ဝေဖန်သည့်သူများရှိလာပြီး နိုင်ငံရေးကို ရည်မှန်းထားသည့် အတိုင်း အကောင်အထည်ဖော်၍မရတော့ဘဲ ဖြစ်သွားနိုင်သည်။ ဂျပန်နိုင်ငံက နိုင်ငံရေးသမားများသည်လည်း အချိန်ကာလကြာမြင့်စွာ ယခုကဲ့သို့ ပြုမူလုပ်ဆောင်လာခဲ့သည့်အတွက် နိုင်ငံသားများအနေနှင့် နိုင်ငံရေးကို အခြားသူများ လက်ဝှက်အပ်ထားလိုက်ပြီး တကယ်တမ်းကိုယ်တိုင်ကိုယ်ကျ "နိုင်ငံရေးလုပ်မည်"ဆိုသည့် အတွေးအခေါ်ကို ကာလအတန်ကြာ ကျင့်သားမရကြပါ။ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှာရှိသည် ဆိုသော်လည်း မည်သည်ကိုဆိုလိုခြင်းကို ကောင်းစွာနားမလည်ကြ၊ ဇဝေဇဝါ ဖြစ်နေမှုများ ကာလကြာမြင့်စွာမပျောက်သွားကြပါ။ နိုင်ငံရေးကိုသူများ လက်ဝှက်အပ်ခြင်းဆိုသည့်အပြုအမူသည် ယင်းကစ၍ အရင်းခံလာခြင်း ဖြစ်သည်။

သို့ရာတွင် အမှန်တကယ်နိုင်ငံရေးကို သူများလက်ဝှက်အပ်ခြင်းသည် ကောင်းပါသလား။ နိုင်ငံသားများမသိလိုက်ရဘဲ နိုင်ငံရေးသမားများက စစ်တိုက်ရန်အစီအစဉ်ဆွဲ၊ ခင်ပွန်းသည်နှင့် သားများကို စစ်တပ်သွတ်သွင်းခြင်းခံရ၊ နောက်ဆုံးတွင် အိမ်တွေမီးရှို့ခံရ၊ ပိုင်ဆိုင်မှုများကိုဆုံးရှုံးရ၊ စားရန်သောက်ရန်ပင်မရှိ၊ ဝမ်းနည်းကြေကွဲစရာအခြေအနေကို ရောက်သွားခဲ့ရခြင်းတို့သည် မကြာသောကာလကအဖြစ်အပျက်များ မဟုတ်သော်လည်း နိုင်ငံရေးအရလုပ်ဆောင်မှုမကောင်းခြင်းကြောင့် ဒုက္ခအရောက်ရဆုံးသူများမှာ အခြားမဟုတ်ပါ။ နိုင်ငံသားများပင်ဖြစ်သည်။ တစ်ဖက်တွင် နိုင်ငံရေးလုပ်ပုံကိုင်ပုံများကောင်းပါက ယင်း၏အကျိုးကျေးဇူးကို ကိုယ်တိုင်ခံစားကြရမည့်သူများမှာလည်း နိုင်ငံသားများဖြစ်သည်။ နိုင်ငံသားများအနေနှင့် နိုင်ငံရေးကို နားမလည်၍မဖြစ်ပါ။ နိုင်ငံရေးကို နက်နက်ရှိုင်းရှိုင်း စိတ်ဝင်စားရန်လိုအပ်သည်။ နိုင်ငံသားများ၏ အစွမ်းအစနှင့် နိုင်ငံရေးကိုကောင်းမွန်စေရန် လုပ်ဆောင်မည်ဆိုသည့် ခိုင်မာသည့် ဆုံးဖြတ်ချက်ရှိရမည်။ နိုင်ငံရေး၏အကောင်းအဆိုးကို ကိုယ်တိုင်ကိုယ်ကျ ခံစားပြီး နားလည်သဘော ပေါက်နိုင်ခြင်းသည် နိုင်ငံသားများဖြစ်သည့်

အတွက် နိုင်ငံသားများကိုယ်တိုင် နိုင်ငံရေးလုပ်ရန်ဆိုခြင်းသည် ကောင်းမွ
သည့် နိုင်ငံရေးကိုဖန်တီးရန် တစ်ခုတည်းသော သေချာသည့်နည်းလမ်
ဖြစ်သည်။ ဒီမိုကရေစီနည်းကျသည့် နိုင်ငံရေး၏အခြေခံသဘောတရားသည
ဤသို့ပင် နိုင်ငံသားများအနေနှင့် နိုင်ငံရေးဆိုသည် မိမိအလုပ်ဟုယူဆပြီ
နိုင်ငံရေး၏သော့ချက်ကို ကောင်းကောင်းနားလည်သဘောပေါက်ခြင်းသည
နိုင်ငံရေးရလဒ်များတိုးတက်လာစေရန်ဖြစ်သည့်အတွက် မရှိမဖြစ်လိုအပ်
သည်။ နိုင်ငံရေးဆိုသည် အစိုးရကသာလုပ်၍မရပါ။ ကောင်းမွန်သော
နိုင်ငံရေးဦးတည်ချက်များကိုရေးဆွဲသော်လည်း နိုင်ငံသားများတွင် ယင်းကို
အကောင်အထည်ဖော်လိုသောစိတ်နှင့် ပူးပေါင်းဆောင်ရွက်မှုမရှိပါက
ရလဒ်ကောင်းများထွက်ပေါ်လာမည်မဟုတ်ပါ။

အစိုးရက ခိုင်မာသည့်မူဝါဒများကိုချမှတ်ပြီး နိုင်ငံသားများက
ယင်းကို မိမိအလုပ်ဟုသဘောထားကာ ပူးပေါင်းဆောင်ရွက်မည်ဆိုပါက
သဘာဝဘေးအန္တရာယ်ကို တားဆီးနိုင်ရန်ဖြစ်နိုင်ချေရှိသည်။ တောင်များ
မြစ်များကနေ ရေအလွယ်တကူရသည့် အခြေအနေမှာရှိမည်ဆိုသော်လည်း
မိုးနည်းသည့် ရာသီရောက်သည့်အခါတွင် ဆိုးရွားသည့်ရေမလုံလောက်မှု
များဖြစ်လာနိုင်သည်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကျဆင်းပြီး
ရေပေးဝေမှုများလည်း ရပ်တန့်ကုန်ခြင်းမျိုးဖြစ်လာနိုင်သည်။ မည်သို့
လုပ်ပါက ယင်းကဲ့သို့ အခြေအနေမျိုးကို ကောင်းမွန်လာအောင်မည်သို့
ပြုပြင်နိုင်မည်နည်း၊ ယင်းကို ပြည်သူများကစဉ်းစားပြီး အစိုးရကို သင့်
တော်သည့်မူဝါဒများချမှတ်စေပြီး ပြည်သူများအနေနှင့် တက်တက်ကြွကြွနှင့်
ပူးပေါင်းဆောင်ရွက်သွားကြခြင်းက "ပြည်သူများလုပ်ဆောင်သော၊
ပြည်သူ့အတွက်နိုင်ငံရေး" ဖြစ်သည်။

သဘာဝဘေးအန္တရာယ်ကိုကာကွယ်ခြင်း သဘာဝအရင်းအမြစ်
များကို အသုံးပြုခြင်းများတွင်လည်း ပြည်သူများ၏ပူးပေါင်းဆောင်ရွက်
မှုသည် မရှိမဖြစ်လိုအပ်သည်။ လူသားများနေထိုင်သည့် လူ့လောကကြီးကို
ကောင်းမွန်အောင်လုပ်ဆောင်ရန်အတွက် ပြည်သူများတွင် လုပ်ချင်စိတ်ရှိ
ခြင်းသည် မရှိမဖြစ်လိုအပ်သည့်အချက်ဖြစ်သည်။ ဌေကြေးဖောင်းပွမှု၏

ကြောက်စရာကောင်းသည့် အချက်များကို လူတိုင်းသိနေကြသည်။ ထုတ်ကုန်ကိုတိုးမြှင့်မှုဖြစ်မည်ဆိုခြင်းလည်း အားလုံးကသိထားကြသည်။ သို့ရာတွင် ယင်းတို့အတွက် မည်သို့သောမူဝါဒကို ချမှတ်လုပ်ဆောင်သည်ဖြစ်စေ၊ ပြည်သူများက အကောင်အထည်ဖော်လိုစိတ်မရှိပါက ရလဒ်ကတိုးတက်လာမည်မဟုတ်။ အခြားသူများလက်ဝယ်ကွက် အပ်သည့် နိုင်ငံရေးတွင် ပြည်သူများသည်ကွယ်ရာ၌ အစိုးရ၏မကောင်းကြောင်းပြောရုံလောက်သာလုပ်ပြီး ကိုယ်တိုင်တာဝန် ယူချင်စိတ်မရှိပါ။ နောက်ဆုံးလည်သည့်သူများသာအကျိုးအမြတ်ရပြီး ရိုးသားသည့်သူများက နစ်နာရမှုများဖြစ်လာပါလိမ့်မည်။ ယင်းသို့ဆိုပါက လောကကြီးက ပိုမိုဆိုးလာရန်ရှိသည်။ နိုင်ငံရေးကို ကောင်းမွန်အောင်လုပ်ရန်ဆိုပါက ပြည်သူတစ်ဦးတစ်ယောက်ချင်း တာဝန်မယူ၍မဖြစ်ပါ။ တာဝန်မဲ့သူများ အခွင့်အရေးယူ၍မရသော နိုင်ငံရေးကို လုပ်ဆောင်ရပါလိမ့်မည်။ ယင်းကို မည်သူလုပ်ဆောင်မည်နည်း။ နိုင်ငံသားများပြည်သူများသာဖြစ်သည်။ ထို့ကြောင့် နိုင်ငံရေးဆိုသည် ပြည်သူများကိုယ်တိုင်၏အလုပ်၊ ပြည်သူများ၏တာဝန်သာဖြစ်သည်။ ထိုကြောင့် ဒီမိုကရေစီဆိုသည် "ပြည်သူများ၏နိုင်ငံရေး" ဖြစ်နေရပါမည်။

ဒေသအလိုက်အုပ်ချုပ်ရေး

ဤသို့ဆိုလျှင် ပြည်သူများက နိုင်ငံရေးကို "ကိုယ့်အလုပ်"ဟု သဘောထား၍မဖြစ်ခြင်းသည် မည်သို့ကြောင့်ဆိုခြင်းကို သဘောပေါက်ပါလိမ့်မည်။ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေးဆိုခြင်းမှာ ကျယ်ပြန့်သည်။ ပြဿနာများကလည်း ရှုပ်ထွေးသည်။ ဖြစ်လာနိုင်ချေများကို ခန့်မှန်းရန်လည်းခက်ခဲသည်။ ယင်းတို့ကို မည်သို့မည်ပုံ "ကိုယ့်အလုပ်" ဖြစ်အောင် လုပ်ဆောင်ရမည်ကို အလွယ်တကူမှန်းဆရန်မလွယ်ဟု ယူဆကောင်းယူဆနိုင်သည်။ သို့ရာတွင် နိုင်ငံရေးဟုဆိုရာတွင် တိုင်းပြည်တစ်ခုလုံး၏ ပင်မနေရာများတွင်သာရှိသည်ဟု ပြော၍မရပါ။ ပို၍သေးငယ်သည့် ပို၍လက်လှမ်းမှီရန်ခက်ခဲသည့်နေရာများတွင်လည်း နိုင်ငံရေးရှိသည်။ တိုင်းပြည်၏နိုင်ငံရေးသည် ခက်ခဲ၍နားမလည်ဟု ပြောနိုင်သော်လည်း မြို့၏နိုင်ငံရေး၊ ရွာ၏နိုင်ငံရေး

ဆိုပါက မည်သူမဆိုနားလည်လွယ်သည်။ ယင်းတို့ကို "ကိုယ့်အလုပ်" စဉ်းစားခြင်းသည် ဒီမိုကရေစီနိုင်ငံရေး၏ ပထမခြေလှမ်းဖြစ်သည်။

ဂျပန်နိုင်ငံသည်(တိုကျို)မြို့၊ (ဟော့ကိုင်ဒို)ခရိုင်၊ (ကျိုတို)ခရို (အိုးစက) ခရိုင်အပြင် ခရိုင် ၄၂ ခု နှင့် ဖွဲ့စည်းထားပါသည်။ ယင်းခရိုင်မ တွင် မြို့များ၊ ရပ်ကွက်များ၊ မြို့နယ်များ၊ ရွာများပါရှိသည်။ ယင်းတို့ ဒေသန္တရအုပ်ချုပ်ရေးဟုခေါ်သည်။ မေဂျီဖွဲ့စည်းပုံအခြေခံဥပဒေတွ ဗဟိုအစိုးရ၏အုပ်ချုပ်သူများက တာဝန်ရှိသူများကို တိုက်ရိုက်ခန့်အပ် ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များကို ကြိုးကိုင်ခဲ့ကြသည်။ ဤသို့ဖြ မြို့ရွာများ၏အခြေအနေနှင့် မကိုက်ညီမှုများကို အတင်းအကျပ်စေခိုင်း သည်။ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဤကဲ့သို့ပြုလုပ်၍မရပ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များတွင် ကိုယ်ပိုင်စီရင်ဆုံးဖြတ်သည့်အဖွဲ့မျ အလုပ်အမှုဆောင်အဖွဲ့များရှိပြီး ၎င်းလုပ်ငန်းတာဝန်များကို ထမ်းဆော မည့်သူများကို ဒေသခံများက ရွေးကောက်တင်မြှောက်ကြသည်။ ခရို ကောင်စီဝင်များ၊ မြို့ကောင်စီဝင်များ၊ ရွာကောင်စီဝင်များစသည်တို့ ရွေးကောက်တင်မြှောက်ခြင်းသည် အထွေအထူးပြောရန်မလိုသကဲ့သ ခရိုင်ကောင်စီ၊ မြို့ကောင်စီ၊ ရွာကောင်စီများတွင် ဆုံးဖြတ်လိုက်သည် ကိစ္စရပ်များကို အကောင်အထည်ဖော်မည့် ခရိုင်အုပ်ချုပ်ရေးမှူးများ မြို့ဝန်များ၊ ရွာသူကြီးများကိုလည်း ရွေးကောက်ပွဲကျင်းပပြီး ရွေးချယ်ကြသည် မည်သူ့ကို ခေါင်းဆောင်အဖြစ် ရွေးချယ်မည်နည်း၊ ရွေးချယ်လိုက်သည် ခေါင်းဆောင်ကို မည်သို့သောနိုင်ငံရေးမျိုးလုပ်ဆောင်စေမည်နည် ခေါင်းဆောင်များက ခရိုင်သူ၊ ခရိုင်သား၊ မြို့သူမြို့သား၊ ရွာသူ၊ ရွာသားမျ မျှော်လင့်ထားသည့် နိုင်ငံရေးကိုလုပ်ဆောင်နေသလား၊ မလုပ်ဆောင်ပါ ယင်းတို့ကိုကိုယ်တိုင် တက်တက်ကြွကြွစဉ်းစားသွားခြင်းအားဖြင့် ယင် နိုင်ငံရေးသည်အားလုံးအတွက် "ကိုယ့်အလုပ်"ဖြစ်လာလိမ့်မည်။ ၎င်းသည် ခက်ခဲသည့်ကိစ္စတစ်ခုလည်း မဟုတ်သကဲ့သို့ အလွယ်တကူသိကြခြင် လည်းမရှိပါ။

ဥပမာ - ရွာတစ်ရွာတွင် မြေရိုင်းတစ်ကွက်ရှိသည်ဆိုကြပါစို့ ရေဆင်းမကောင်းသည့်အတွက် ထွန်ယက်စိုက်ပျိုးရန်မသင့်တော်

ယင်းနေရာတွင် ထွန်ယက်စိုက်ပျိုးရန်အတွက် ငွေကြေးလည်းကုန်ကျမည်။ အားထည့်ရန်လည်းလိုအပ်သည့်အတွက် လွယ်ကူသည့်ကိစ္စမဟုတ်။ ထိုကြောင့် ယခင်ကတည်းက ယခုအတိုင်းရှိနေခဲ့သည်။ သို့ရာတွင် ၎င်းအတိုင်း ထားခြင်းသည်ကောင်းမည်လား။ တစ်နည်းနည်းနဲ့ ငွေချေး၊ အားလုံးအတူ ပူးပေါင်းပြီး ဤနေရာကို ရှင်းလင်းသည့် နည်းလမ်းမရှိနိုင်ပါသလား။ မြစ်ချောင်းများ၏ရေကိုတားဆီးပြီး ရေဆင်းကောင်းအောင်လုပ်ပါက ဟက်တာအနည်းငယ်ရှိသည့် လယ်ကွင်းများကို ရရှိနိုင်မည်ဖြစ်သည်။ ရေကာတာနှင့် တားဆီးလိုက်သည့်ရေများက လယ်ယာများကိုရေပေးရန်လည်း အသုံးဝင်လာနိုင်သည်။ ရွာသူရွာသားများက ယင်းကဲ့သို့ အဆင်ပြေစေရန် လုပ်ဆောင်ပြီးလက်တွေ့ အကောင်အထည်ဖော်နိုင်စွမ်းရှိသူများကို ရွာကောင်စီအဖွဲ့ဝင်များ ရွာသူကြီးများအဖြစ်ရွေးချယ်၍ ယင်းစီမံကိန်းကို အကောင်အထည်ဖော်လိုက်ကြသည်ဆိုပါစို့။ နှစ်နှစ်၊ သုံးနှစ်ခန့် ရွာ၏ဘတ်ဂျက်ရှင်းတမ်းတွင် အနှုတ်ပေါ်နိုင်သည်။ သို့ရာတွင် နှစ်နှစ်မြောက်တွင် စိုက်ပျိုးထားမှုများကနေ ကောက်ပဲသီးနှံအနည်းငယ်ရိတ်သိမ်း၍ ရနိုင်သည်။ ငါးနှစ်မြောက်ဆောင်းဦးရာသီတွင် ရွှေရောင်စပါးများ ဝေဝေဆာဆာသီးနေခြင်းကို မြင်တွေ့နိုင်သည်။ မည်သည့်အရာပင်ဖြစ်စေ ဤကဲ့သို့ အဆင်ပြေချောမွေ့မည်ဟု တထစ်ချမဆိုနိုပါ။ ထို့ကြောင့်လည်း ဆန့်ကျင်သူများရှိနိုင်ပေသည်။ ဆန့်ကျင်သူများဘက်တွင်လည်း အကြောင်းပြချက်များရှိမည်ဖြစ်သည်။ ယင်းတို့ကို အားလုံးအတူတကွ စဉ်းစားကြရပါမည်။ ယင်းကဲ့သို့ လုပ်ဆောင်ပြီး ထောက်ခံသူအများအပြားရမည်ဆိုပါက စမ်းသပ်လုပ်ဆောင်ရန်ဖြစ်သည်။ ရွာကတိုးတက်လာပြီး ရွာသူရွာသားများ၏ လူနေမှုဘဝများအဆင်ပြေလာမည်။ ရွာ၏နိုင်ငံရေးဆိုခြင်းသည် ဤသို့ပင်ဖြစ်သည်။ စာသင်ကျောင်းဆောက်လုပ်ခြင်း၊ အများပြည်သူသုံးခန်းမကို ခမ်းခမ်းနားနားဖြစ်အောင်ပြင်ဆင်ခြင်း၊ လမ်းပြင်ခြင်းစသည်တို့သည် သဘောထားခြင်းတူညီကြသည်သာဖြစ်သည်။ ရွာသားများအတွက် ယင်းအလုပ်များသည် "သူများလက်ဝကွက်အပ်ထားသည့်အလုပ်" ဆိုပါက မည်သို့မျှရလဒ်မကောင်းနိုင်ပါ။ မိသားစုတစ်စုလုံး

တညီတညွတ်တည်းပူးပေါင်းပြီး ထွန်ယက်သည့်လယ်ယာလုပ်ငန်းသ
ယင်းမိသားစုအတွက် "ကိုယ့်အလုပ်" ဖြစ်သကဲ့သို့ အားလုံးသ
ရွာသားများအတွက် "ကိုယ့်အလုပ်" ဖြစ်နေရပါမည်။ လောကကြီး
နိုင်ငံများ၊ ဒေသများ၊ မြို့များ၊ ရွာများ၊ အားလုံးတွင် ခက်ခဲသည့်ပြဿနာ
အများအပြားရှိနေကြသည်။ ဒေသဆိုင်ရာပြဿနာများ၊ မြို့၏ပြဿနာမ
ရွာ၏ပြဿနာများကို ယင်းဒေသတွင် နေထိုင်သည့်သူများ၊ ၎င်းမြို့
မြို့သားများ၊ ရွာသူရွာသားများကိုယ်တိုင်စဉ်းစားပြီး ကိုယ်တိုင်ဖြေရှင်း
ကြိုးစားသွားရမည်။ ဂျပန်စကားတွင်"ကိုယ့်ကိုယ်ကိုယ်ကယ်တင်သူ
ကောင်းကင်ဘုံက ကယ်တင်သည်"ဟုအဆိုရှိသည်။ ရွာကခရိုင်
အထောက်အပံ့ကိုရယူခြင်း၊ ရပ်ရွာဒေသများက နိုင်ငံတော်၏အထော
အပံ့ကိုရယူခြင်းများသည် နောင်မှသာဖြစ်လာမည်ဖြစ်သည်။ နိုင်ငံသ
အားလုံးက အတတ်နိုင်ဆုံးကြိုးစားပြီး မတတ်နိုင်သည့်အခြေအနေမှသ
နိုင်ငံခြား၏အကူအညီများ ပူးပေါင်းဆောင်ရွက်မှုများကို မျှော်လင့်သ
ဆိုခြင်းသည်လည်း အလားတူသဘောဆောင်သည်။

ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များ၏ပြဿနာကို ရပ်သူရွာသားများ
အင်အားနှင့် ဖြေရှင်းမည်။ မြို့သူမြို့သားများ၊ ရွာသူရွာသားများသည
ကိုယ်စီကိုယ်စီအလုပ်အကိုင်များရှိကြသဖြင့် မြို့၏နိုင်ငံရေး၊ ရွာ၏နိုင်ငံရေ
များကိုသာ လုပ်နေရန်မဖြစ်နိုင်ပါ။ အားလုံးအားကိုယ်စားပြုသည
သူကိုရွေးချယ်ပြီး နိုင်ငံရေးဆိုင်ရာအလုပ်များကိုလုပ်စေသည်။ သို့ရာတွ
ကိုယ်စားလှယ်များကို ရွေးချယ်လိုက်ခြင်းကြောင့် နောက်ပိုင်းကိစ္စများ
အားလုံးကို ယင်းလူများကိုသာ လွှဲအပ်ထားလိုက်ရင်ပြီးပြီဆိုသည့် ပုံစံမျိ
ဆိုလျှင်လည်းမဖြစ်ပြန်ပါ။ မြို့ဝန်များ၊ ရွာသူကြီးများက မည်သို့မည်သည်များ
လုပ်မေ့ကြသနည်း။ မြို့ကောင်စီဝင်များ၊ ရွာကောင်စီဝင်များက မည်သို့
ဆွေးနွေးနေကြသနည်း။ ခံစားချက်ကိုဦးစားပေးခြင်းမျိုး၊ ပါတီများအကြား
ယှဉ်ပြိုင်မှုများတို့ကိုသာ အာရုံစူးစိုက်နေကြမှုများရှိနေသလား။ မြို့သူမြို့သား
များ၊ ရွာသူရွာသားများသည် ယင်းကဲ့သို့သော ဖြစ်စဉ်များကိုသတိထား၍
ကိုယ်ရွေးချယ်ထားသည့် ကိုယ်စားလှယ်များ၏ လုပ်ဆောင်နေမှုများကို

တင်းတင်းကြပ်ကြပ်ဝေဖန်၊ သတိပေးစရာရှိသည်ကို အကျိုးအကြောင်းခိုင်ခိုင်လုံလုံနှင့် ထောက်ပြပြီး၊ အတူတကွမှန်ကန်ကောင်းမွန်သည့် မြို့၏နိုင်ငံရေး၊ မှု၏နိုင်ငံရေးကိုတည်ထောင်ကြသည်။

နိုင်ငံရေးသည် မည်သူ့အတွက်မဆို "ကိုယ့်အလုပ်" ဖြစ်သင့်သည်။ သို့ရာတွင် မည်သို့ပင်ဆိုစေကာမူ နိုင်ငံရေးရာကိစ္စများကို မှန်ကန်စွာလုပ်ကိုင်ပေးမည့် ကိုယ်စားလှယ်ကို ရရှိရန် အရေးကြီးဆုံးဖြစ်သည်။ ထို့ကြောင့် တာဝန်ယူဆောင်ရွက်နိုင်သည်ဟုယူဆသူများအနေဖြင့် မြို့ဝန်၊ ရွာကောင်စီဝင်အဖြစ် ဝင်ရောက်အရွေးခံသင့်သည်။ ကိုယ်ကကိုယ်စားလှယ်ဖြစ်ရန်မသင့်တော်ပါက တာဝန်ယူဆောင်ရွက်ရန် စိတ်အားထက်သန်မှုရှိသူများမှဖြစ်သင့်သူအား အလေးအနက်ရွေးကောက်တင်မြှောက်သင့်သည်။

ရွေးကောက်ပွဲတွင်အာရုံထွေပြားပြီး တည်တည်ငြိမ်ငြိမ်နှင့် ဆုံးဖြတ်ချက်ချနိုင်စွမ်းမရှိလျှင်လည်းမဖြစ်ပေ။ အမေရိကန်ပြည်ထောင်စုကဲ့သို့ နိုင်ငံများတွင် ရွေးကောက်ပွဲဆိုသည် နိုင်ငံသားများ အင်တိုက်အားတိုက်လုပ်ဆောင်ကြသည့် ပွဲတစ်ခုဖြစ်သဖြင့် တစ်ခါတရံတွင် တေးဂီတများထည့်ပြီး လုပ်ဆောင်ကြသည်လည်းရှိသည်။ လူများအာရုံစိုက်အောင်၊ ရွေးကောက်ပွဲတွင် အားသာသည့်အနေအထားဖြစ်အောင် တီးပိုင်းများဌားပြီး ကျယ်ကျယ်လောင်လောင်နှင့်မဲဆွယ်၊ ကြော်ငြာကြသည့်ကိုယ်စားလှယ်လောင်းများလည်းရှိသည်။ ပျော်ရွှင်စရာကောင်းသည့် အခြေအနေကဆွဲဆောင်ခြင်းအားဖြင့် မမှန်ကန်သည့် ကိုယ်စားလှယ်လောင်းကိုမဲပေးမိပြီးထင်ထင်ပေါ်ပေါ်မရှိသည့် ရိုးသားသည့်ကိုယ်စားလှယ်လောင်းများကို ရှုံးနိမ့်စေခြင်းမျိုးရှိလာနိုင်ပေသည်။ ဂျပန်နိုင်ငံတွင် လေမှုတ်တူရိယာဝိုင်းများနှင့် ရွေးကောက်ပွဲတွင် ဝင်ပြိုင်သည့်ဒူမရှိဟုဆိုနိုင်ပါသည်။ သို့ရာတွင် အပေါ်ယံမဲဆွယ်မှုများနောက်လိုက်မိပြီး ရွေးချယ်သင့်သူကို မရွေးချယ်မိသည့် ရလဒ်မျိုးဖြစ် သွားခြင်းများလည်းမနည်းလှပေ။ နိုင်ငံရေးဆိုသည်မှာ ဘုရားကိုအားကိုးပြီး ဖြေရှင်း၍မရပါ။ ကောင်းမွန်သည့်နိုင်ငံရေးအတွက် အရည်အချင်းရှိသည့်အစွမ်းအစကို အားမကိုး၍မရပါ။ ထို့ကြောင့် နတ်ဘုရား

များကိုပူဇော်ပသသည့်ပွဲတော်ထက်ပိုပြီး ရွေးကောက်ပွဲကို အင်တိုက်အား
လုပ်ဆောင်သည့်အထိမလိုအပ်သော်လည်း အဆန်မပါသည့်မဲဆွယ်မှုများ
မယုံမိစေရန် သတိထားရမည်ဆိုခြင်းသည် အရေးကြီးလှသည်။

တိုင်းပြည်နိုင်ငံရေး

ရွာ၏နိုင်ငံရေးကို ရွာသူရွာသားများ၏အင်အားနှင့် မြို့၏နိုင်ငံ
ကို မြို့သူမြို့သားများ၏အသိစိတ်နှင့် ခရိုင်များ၏နိုင်ငံရေးကို ခရိုင
ခရိုင်သားများ၏ပူးပေါင်းဆောင်ရွက်မှုနှင့် လုပ်ဆောင်သွားခြင်းသည်
ဒီမိုကရေစီနည်းကျသည့် ဒေသအလိုက်အုပ်ချုပ်ရေး၏ အခြေခံမူဝါ
ဖြစ်သည်။ သို့ရာတွင် ရွာတစ်ရွာ၏နိုင်ငံရေးဆိုသည် ယင်းရွာတစ်
တည်းက ဖြေရှင်း၍မရပါ။ ဒေသတစ်ခု၏ပြဿနာကို ယင်းဒေသတစ်
တည်းက ဖြေရှင်း၍မရနိုင်ပါ။ ထို့ကြောင့် ရွာအတွက်စဉ်းစားသည့်အ
ဒေသတစ်ခုလုံးအတွက် စဉ်းစားရမည်ဖြစ်သည်။ ဒေသတစ်ခု၏ပြဿနာ
ဖြေရှင်းရန်အတွက် တစ်တိုင်းတစ်ပြည်လုံး၏ နိုင်ငံရေးကိုစဉ်းစားသွ
မည်။ အစပိုင်းတွင် တိုင်းပြည်၏နိုင်ငံရေးဆိုသည် ရှုပ်ထွေးပြီးကျယ်ပြန့်လွ
သည့်အတွက် နားမလည်နိုင်ဟု ထင်ကောင်းထင်နိုင်ပါသည်။ သို့ရာတွ
ဤကဲ့သို့မျိုး ဒေသအသီးသီးအတွက် အလေးအနက်စဉ်းစားသွားရင်း
ကြီးမားသည့်နိုင်ငံကြီးတစ်ခုလုံး၏နိုင်ငံရေးပြဿနာနှင့် ပတ်သက်၍လည်
တဖြည်းဖြည်းနားလည်လာပြီး ချင့်ချိန်နိုင်စွမ်းများလည်း တိုးတက်မြင့်မ
လာမည်ဖြစ်သည်။

လက်ရှိဂျပန်နိုင်ငံတွင် အရေးအကြီးဆုံးပြဿနာတစ်ခုက စား
ရိက္ခာဆိုင်ရာ ပြဿနာဖြစ်သည်ကို အထွေအထူးပြောစရာလိုမည်မထင်ပ
ယင်းစားနပ်ရိက္ခာများထုတ်လုပ်မှုအတွက် အရေးပါသည့်လယ်ယာစိုက်
ရေးလုပ်သည့်ရွာများသည် တစ်နှစ်ပတ်လုံးနားရက်မရှိ ပင်ပင်ပန်းပ
အလုပ်လုပ်နေရသည်။ အမေရိကန်ပြည်ထောင်စုကဲ့သို့နိုင်ငံတွင် လယ်ယ
စိုက်ပျိုးရေးကို စက်မှုပုံစံပြောင်းလဲရန် အကြီးအကျယ်လုပ်ဆောင်နေသည်
လယ်ထွန်ခြင်း၊ မျိုးစေ့ကြဲခြင်း၊ ရိတ်သိမ်းခြင်း၊ စပါးလှေ့ခြင်းများတ

စက်များကိုသုံး၍လုပ်နေကြသည်။ လေယာဉ်ပျံနှင့် ဝေဟင်ကနေ မျိုးစေ့ကြဲခြင်းမျိုးကိုပင်လုပ်နေသည်။ ဂျပန်ကဲ့သို့ မြေနေရာကျဉ်းသောစိုက်ကွင်းများရှိသည့်နိုင်ငံတွင် အဆိုပါနည်းလမ်းအတိုင်း အတုယူပြီးလုပ်ရန်မဖြစ်နိုင်သော်လည်း အနည်းဆုံးလျှပ်စစ်မာတ်အားနှင့် တိရိစ္ဆာများ၏စွမ်းအားကိုပင်ယခုထက်ပို၍ထိ ရောက်စွာသုံးနိုင်လာမည်ဆိုပါက လယ်ယာထွက်ကုန်များ၏ အထွက်နှုန်းမည်မျှတိုးတက်လာမည်နည်း။ ယခုကဲ့သို့ တိုးတက်လာသည့်အတွက် လယ်ယာစိုက်ပျိုးရေးလုပ်သည့် ကျေးရွာများတွင်လည်းယဉ်ကျေးမှုနှင့် ပညာရေးတွင် ပိုပြီးအားသွန်ခွန်စိုက်လုပ်ရန်အချိန်ရလာနိုင်သည်။ သို့ဖြစ်ရာ ယင်းအတွက်ရေအားလျှပ်စစ်ကို ပိုမိုတိုးတက်အောင်လုပ်ဆောင်ရန်လိုသည်။ ကျောက်မီးသွေးကိုလည်း ပိုမိုထုတ်လုပ်ရမည်။ တိရိစ္ဆာန်များ၏အင်အားနှင့် ထုတ်လုပ်မှုကိုကျယ်ပြန့်လာအောင် လယ်ယာစိုက်ပျိုးရေးသုံးစက်ပစ္စည်းများကို ပိုပြီးကောင်းမွန်အောင်၊ ကျယ်ကျယ်ပြန့်ပြန့်သုံးနိုင်အောင်လုပ်ရန်လိုသည်။ ယင်းသည် ရွာတစ်ရွာ၊ မြို့တစ်မြို့၊ ဒေသတစ်ခု၏ကိစ္စမဟုတ်ပါ။ နိုင်ငံတစ်နိုင်ငံလုံးအတိုင်းအတာနှင့် အစိုးရကပါဝင်ပူးပေါင်းဆောင်ရွက်မှ ဖြေရှင်း၍ရမည့်ကိစ္စဖြစ်သည်။

ဥပမာတစ်ခုရှိပါသေးသည်။ ယင်းဥပမာတစ်ခုနှင့် သဘောပေါက်နိုင်ပါသည်။ ဒေသတစ်ခု၏နိုင်ငံရေးဆိုခြင်းသည် တစ်နိုင်ငံလုံး၏နိုင်ငံရေးနှင့် နက်နက်ရှိုင်းရှိုင်းဆက်နွယ်နေသည်။ ထို့ကြောင့် ရွာတစ်ရွာ၏နိုင်ငံရေးကိုလေးလေးနက်နက်စဉ်းစားသည့်သူများသည် ဒေသ၏နိုင်ငံရေးကိုလည်းအလေးအနက်မထား၍မရပါ။ ဒေသ၏ပြဿနာများကို အလေးအနက်ထားသည့်သူများသည် နိုင်ငံ၏နိုင်ငံရေးကို အလေးအနက် ဂရုမစိုက်ဘဲမနေနိုင်ပါ။ ရွာ၏နိုင်ငံရေးကို ကိုယ့်အလုပ်ဟုသဘောထားသည့်ခံစားချက်သည် တိုင်းပြည်၏နိုင်ငံရေးကိုလည်း ကိုယ့်အလုပ်ဟုစဉ်းစား မိလာစေမည်ဖြစ်သည်။ သို့ရာတွင် မြို့များ၊ ရွာများနိုင်ငံရေးမှစ၍ ခရိုင်များ၏နိုင်ငံရေးအထိ၊ ဒေသများ၏နိုင်ငံရေးမှ တစ်နိုင်ငံလုံး၏နိုင်ငံရေးအထိကျယ်ပြန့်လာသည်နှင့် အမျှပြဿနာများက ပိုရှုပ်ထွေးလာသည်ဆိုခြင်းသည်လည်း အမှန်ဖြစ်သည်။ တိုင်းပြည်၏နိုင်ငံရေးဟုပြောသော်လည်း နိုင်ငံသားများက

"ကိုယ့်အလုပ်"ဟု သဘောထားရမည်ဖြစ်သည်။ သို့ရာတွင် မြို့တစ်မြို့ ရွာတစ်ရွာ၏အရေးကိစ္စနှင့်မတူဘဲ တစ်နိုင်ငံလုံး၏ နိုင်ငံရေးဆိုပါ သာမန်ပြည်သူများအတွက် အသေးစိတ်ကိစ္စရပ်များအထိ ဝင်ရောက်ဆော ရွှက်နိုင်ရန် ပြဿနာ၏အဓိကကျသည့်အချက်ကို သဘောပေါက်နားလည် ခက်ခဲသည့်အခြေအနေမျိုးလည်းရှိပါသည်။ ထို့အပြင် မြို့များ၊ ရွာများတွ ကိုယ်စားလှယ်အဖြစ် ဝင်အရွေးခံရန်အခွင့်အရေးများ အများအပြ ရှိသော်လည်း တစ်နိုင်ငံလုံး၏နိုင်ငံရေးတွင် လွှတ်တော်အမတ်များ ဝန်ကြီးများအဖြစ်နှင့် ကိုယ်တိုင်နိုင်ငံရေးကိုစီမံခန့်ခွဲရသည့် နေရာ ရောက်နိုင်သည့်သူမှာ အနည်းငယ်သာရှိနိုင်သည်။ ထို့ကြောင့် နိုင်ငံသ အများစုအတွက် တတ်နိုင်သမျှ အကောင်းဆုံးကိုယ်စားလှယ်ကိုရွေးချယ် လွှတ်တော်အမတ်အဖြစ်တင်မြှောက်ရန်သည် တိုင်းပြည်၏နိုင်ငံရေးတွ ပါဝင်ရန် အရေးအကြီးဆုံးလမ်းစဉ်ဟုဆိုရမည်။

သို့ရာတွင် ကိုယ်စားလှယ်ကိုရွေးချယ်ခြင်းတူသော်လည်း မြို့ကော စီဝင်များ၊ ရွာကောင်စီဝင်များကိုရွေးချယ်သည့်အခါ မဲပေးသူများသ ရွေးကောက်ပွဲများ၏ကိုယ်ရေးရာဇဝင်များ၊ အကျင့်စာရိတ္တများ ကောင်းကောင်းသိထားကြပြီး မည်သူ့ကိုရွေးချယ်မည်ကို အလွယ်တ ဆုံးဖြတ်နိုင်သည်။ တစ်ဖက်တွင်နိုင်ငံ၏ လွှတ်တော်အမတ်များ ရွေးချယ်သည့်အခါ ကိုယ်စားလှယ်လောင်းများကပြောဆို၊ ပြသသ အချက်အလက်များကိုကြည့်ပြီးမှသာ ကိုယ်စားလှယ်လောင်း၏အမ အလုပ်အကိုင်စသည့် ကိုယ်ရေးအချက်အလက်များကို သိရသည်က သည်။ ယင်းထဲကမှ ရွေးချယ်ဆုံးဖြတ်ရခြင်းသည် ဓာတ်ပုံကြည့ အိမ်ထောင်ဖက်ကိုရွေးချယ်ရခြင်းမျိုးဖြစ်နေပြီး အကောင်းအဆိုးဆုံးဖြတ် ခက်သည်။ ကိုယ်စားလှယ်လောင်းများ၏ နိုင်ငံရေးအမြင်များကို ရှင်းထ ပြောကြားသည့်ဟောပြောပွဲများ၊ ရေဒီယိုများကို နားထောင်ရသော်လ ပြောတိုင်းယုံ၍မဖြစ်နိုင်ပေ။ ရွေးချယ်ရသည့် သူများဘက်ကကြည့်လ လည်း စိုးရိမ်ရသည်။ အရွေးချယ်ခံရသည့် သူများဘက်က ကြည့်ပြန် လည်း မဲပေးမှုများသည် ကံစီမံရာဖြစ်နေသဖြင့် အခြေအနေမကော

အရွေးချယ်ခံရသည့် ရာပေါင်းများစွာရှိသည့် လွှတ်တော်အမတ်များက မတူညီသောကိုယ်စီအမြင်များကို အခိုင်အမာပြော၍ မိမိဆုံးဖြတ်ချက်နှင့် မိမိလုပ်ဆောင်မည်ဆိုပါက နိုင်ငံရေးဦးတည်ချက်ကို အပြီးသတ်ဆုံးဖြတ်၍ မရပါ။ ယင်းကဲ့သို့ အဆင်မပြေမှုများကို မည်သည့်နည်းလမ်းများနှင့် ဖယ်ရှားပစ်နိုင်မည်နည်း။

နိုင်ငံရေးပါတီ

ဖော်ပြပြီးသည့်အဆင်မပြေမှုများကို ဖယ်ရှားရန်အတွက် ဒီမိုကရေစီနိုင်ငံရေးတိုးတက်လာသည်နှင့်အတူ ယှဉ်တွဲတိုးတက်လာခြင်းသည် နိုင်ငံရေးပါတီများဖြစ်သည်။ ဒီမိုကရေစီနိုင်ငံရေးသည် နိုင်ငံရေးပါတီများကို အခြေခံပြီး လုပ်ဆောင်ခြင်းဖြစ်သည်။ ပြည်သူများအတွက်"လူ"ကို ရွေးချယ်ရသည်မှာခက်ခဲသော်လည်း မည်သည့်ပါတီ၏မူဝါဒများ၊ ဟောပြောချက်၊ ပြောဆိုချက်များကို ထောက်ခံသင့်သနည်းဆိုသည်ကို ဆုံးဖြတ်ရခြင်းမှာ လွယ်ကူသည်။ လွှတ်တော်အမတ်တစ်ယောက်အတွက် တစ်သီးပုဂ္ဂလအနေဖြင့်မဟုတ်ဘဲ၊ ပါတီဝင်တစ်ယောက်အနေနှင့် လုပ်ကိုင်လှုပ်ရှားခြင်းအားဖြင့် ၎င်းရည်မှန်းချက်ကို အစိုးရအပေါ် အပြင်းအထန်ဖိအားပေးတိုက်တွန်း၍ရသည်။ နိုင်ငံရေးပါတီများသည် ဒေသများ၏နိုင်ငံရေးတွင်လည်း အခန်းကဏ္ဍအမျိုးမျိုးတွင် ပါဝင်နေသော်လည်း တစ်နိုင်ငံလုံး၏နိုင်ငံရေးကို နိုင်ငံရေးပါတီများနှင့်မဟုတ်ပါက ဒီမိုကရေစီနည်းကျကျလုပ်ဆောင်နိုင်မည်မဟုတ်ပေ၊ ထို့ကြောင့် ကောင်းသည့်အခါ ကောင်းကောင်းမွန်မွန်လည်ပတ်ပြီး မကောင်းသည့်အခါ ထိခိုက်မှုအမျိုးမျိုးရှိတတ်သည်မှာလည်း ပါတီနိုင်ငံရေးဖြစ်သည်။

နိုင်ငံရေးပါတီများဆိုသည်မှာ နိုင်ငံရေးနှင့်ပတ်သက်သည့် သဘောတရားများ၊ အတွေးအခေါ်များတူညီသည့်သူများနှင့် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများဖြစ်ကြသည်။ နိုင်ငံရေးတွင် သဘောထားအမြင်များသည် လူတစ်ယောက်နှင့်တစ်ယောက် အနည်းနှင့်အများ ကွာခြားချက်များရှိသော်လည်း တူညီသည့်အချက်များကိုစုစည်းလိုက်ပါက ယေဘုယျအားဖြင့်

အုပ်စုများခွဲ၍ရသည်။ ဤသို့ဆိုလျှင် ဘုံမူဝါဒကိုတိတိကျကျနှင့် ကျိုးကြောင်း ဆီလျော်စွာချမှတ်ပြီး ယင်းအခြေခံမူဝါဒများကို ရည်မှန်းချက်မြင့်မြင့် မားမားနှင့် သတ်မှတ်ထားသည့်လမ်းကြောင်းအတိုင်း ရဲရဲဝံ့ဝံ့လုပ်ဆောင်မည်ဖြစ်သည်။ ဤသည်မှာ နိုင်ငံရေးပါတီ၏အဓိပ္ပာယ်ဖြစ်သည်။

နိုင်ငံရေးသမားများသည် နိုင်ငံရေးပါတီတစ်ခုခုတွင်ပါဝင်ပြီး ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်။ ပြည်သူများက မည်သည့်နိုင်ငံရေးပါတီ၏ မူဝါဒကို ထောက်ခံသင့်သည်ဆိုသည်ကိုချင့်ချိန်ပြီး တစ်ချိန်တည်းတွင် ယှဉ်ပြိုင်သူများ၏စရိုက်ကိုပါစဉ်းစား၍ သင့်လျော်သည့်သူကိုမဲပေးမည်။ နိုင်ငံရေးပါတီအသီးသီးက ပြည်သူများ၏ထောက်ခံမှုအလိုက် ကိုယ်စားလှယ်အများအပြား၊ သို့မဟုတ်ကိုယ်စားလှယ်အနည်းငယ် လွှတ်တော်တွင် တာဝန်ထမ်းဆောင်ရမည်။ ဤသို့ဖြင့် သဘောထားချင်းမတူသည့် ပါတီများနှင့် ငြင်းခုံဆွေးနွေးမှုများလုပ်ခြင်း၊ အတွေးအခေါ်အယူအဆနီးစပ်သည့် ပါတီအချင်းချင်းပူးပေါင်းဆောင်ရွက်ခြင်းများလုပ်ဆောင်ပြီး နိုင်ငံ၏ နိုင်ငံရေးဦးတည်ချက်ကို ဆုံးဖြတ်ကြမည်။ ပြည်သူများက လှိုက်လှိုက်လှဲလှဲ ထောက်ခံအားပေးခြင်း၊ ဆန့်ကျင်ဘန့်ကွက်ခြင်းများလုပ်ပြီး ကိုယ်ဖြစ်စေချင်သည့် အုပ်ချုပ်ရေးဖြစ်လာစေရန်ပဲ့ကိုင်ပါမည်။ ဤသို့ဖြင့် တိုင်းပြည်၏ နိုင်ငံရေးသည် ပြည်သူများအတွက်"ကိုယ်၏အလုပ်" ဖြစ်လာပါမည်။

တိုင်းပြည်၏နိုင်ငံရေးသည် ရှုပ်ထွေးပြီးခက်ခဲသည်။ ရှုပ်ထွေးပြီး ခက်ခဲသည့်အတွက် မည်သို့သောမူဝါဒများကို အကောင်အထည်ဖော် သင့်သနည်းဆိုသည်နှင့် ပတ်သက်ပြီး အမြင်အမျိုးမျိုးကွဲပြားသည်။ ထို့ကြောင့် ပါတီနှစ်ခု၊ သုံးခု၊ တစ်ခါတစ်ရံတွင် ငါးခု၊ ခြောက်ခုထိ ကွဲပြားသွားသည်။ ပါတီများအမျိုးမျိုးကွဲခြင်းသည်သဘာဝဖြစ်သည်။ ပါတီတစ်ခုတည်း၏ရပ်တည်ချက်ကိုသာ မှန်ကန်သည်ဟုဆို၍ အခြားပါတီများ၏ ရပ်တည်ချက်ကို အသိအမှတ်မပြုပါက ဒီမိုကရေစီမဟုတ်ပါ။ ဤသည်မှာ အာဏာရှင်စနစ်ဖြစ်သည်။

အာဏာရှင်စနစ်ဆိုသည် အတိုက်အခံပါတီများရှိခွင့်မပြု၊ နိုင်ငံ တစ်နိုင်ငံ တစ်ပါတီသာရှိပြီး အယူအဆအားလုံးကိုအာဏာနှင့် ထိန်းချုပ်သည်။ ဆန့်ကျင်ဘက်ဖြစ်သည့် ဒီမိုကရေစီစနစ်တွင် လွတ်လပ်စွာပြောဆို

ခွင့်နှင့် ပါတီများကို လွတ်လွတ်လပ်လပ်ရွေးချယ်ပိုင်ခွင့်ပေးထားသည်။ ထို့ကြောင့် အများစုအင်အားရရှိထားသည့်ပါတီက အာဏာချုပ်ကိုင်ပါကလည်း အတိုက်အခံပါတီများရှိနေသည့်အတွက် အစိုးရ၏လုပ်ဆောင်ချက်များကို အားမနာတမ်းဝေဖန်ကြသည်။ အစိုးရနှင့် အများစုအင်အားရှိထားသည့်ပါတီသည် သူတို့၏မူဝါဒများနှင့် ပတ်သက်ပြီး ပြန်လည်သုံးသပ်သည်။

ပြည်သူများအနေဖြင့် ပြဿနာ၏အရင်းအမြစ်နှင့် ယင်းပြဿနာများအားရှင်းလင်းရန် မည်သည့်အတွေးအခေါ်များသည် ဖြစ်နိုင်ချေရှိသည်ဆိုသည်ကို သိနိုင်သည်။ အနည်းစုအင်အား၏သဘောထားကို အများစုအင်အားက အတည်မပြုခဲ့သော်လည်း အနည်းစု၏သဘောထားအမြင်သည် မှန်ကန်သည်ဆိုပါက တဖြည်းဖြည်းနှင့် ပြည်သူများ၏ထောက်ခံမှုကို ရရှိပြီး အနည်းစုအင်အားမှ အများစုအင်အားဖြစ်လာနိုင်သည်။ ယခုကဲ့သို့ စီမံခန့်ခွဲပြီး လုပ်ဆောင်ခြင်းသည် နည်းလမ်းကြသည့် ဒီမိုကရေစီနိုင်ငံရေးဖြစ်သည်။

သို့သော် နိုင်ငံရေးပါတီများအလွန်များလာခြင်းမျိုးကလည်း လိုလားစရာကောင်းသော အခြေအနေမျိုးမဟုတ်ပေ။ နိုင်ငံရေးပါတီများငါးခု၊ ခြောက်ခုခန့်ရှိလာသည့်အခါ၊ ယင်းအထဲမှတစ်ခုသည် လွှတ်တော်တွင် အများစုအင်အားကိုရယူရန် အလွန်ခက်ခဲသည်။ လွှတ်တော်တွင် အများစုအင်အားရထားသည့်ပါတီသည် အစိုးရအဖွဲ့ကို ဖွဲ့စည်းရမည်ဆိုပါက၊ ပါတီတစ်ခုတည်းဖြင့် မလုံလောက်တော့ပါ။ ပါတီနှစ်ခု၊ သုံးခုကို ပေါင်းစပ်ပြီး အစိုးရအဖွဲ့ဖွဲ့စည်းရသည်။ ပါတီနှစ်ခုနှင့်အထက်က အတူပူးပေါင်းပြီး မူဝါဒများသတ်မှတ်၊ ညွှန့်ပေါင်းအစိုးရဖွဲ့ခြင်းသည် မကောင်းသော်လည်း၊ ယင်းသို့သော အစိုးရသည်အချိန်အနည်းငယ်ကြာသည်နှင့် နိုင်ငံရေးအင်အားလျော့နည်းလာမည်ကိုစိုးရိမ်ရသည်။ ယုံကြည်ချက်တစ်ခုကိုကိုင်စွဲပြီး တိကျပြတ်သားသည့်မူဝါဒများကို တညီတညွတ်တည်းမလုပ်ဆောင်နိုင်ပါက အစိုးရထဲတွင် သဘောကွဲလွဲခြင်းများဖြစ်လွယ်ပါသည်။ ပါတီတစ်ခုက အတိုက်အခံဘက်ကိုသွားလျှင် ယင်းအဖွဲ့အစည်းက အင်အားနည်းသွားပြီး အစိုးရအဖွဲ့မလည်ပတ်တော့ပေ။

အစိုးရ၏သက်တမ်းတစ်လျှောက် အချိန်တိုကာလအတွင်း အစိုးရ၏မူဝါဒများ မရေမရာတည်ငြိမ်မှုမရှိဘဲ ပြောင်းလဲနေခြင်းမျိုးများ အမြဲဖြစ်နေပါက ပြည်သူများအနေဖြင့် တဖြည်းဖြည်းနှင့် လွှတ်တော်နိုင်ငံရေးကို အယုံအကြည်ကင်းမဲ့သွားတတ်သည်။ ဤသို့ဖြင့် အလိုအလျောက် လမ်းတစ်လမ်းတည်းကိုသာ အားကြိုးမာန်တက်နှင့် တစ်စိုက်မတ်မတ်လုပ်ဆောင်သည့် နိုင်ငံရေးကိုလိုလားပြီး အာဏာရှင်စနစ်ဆီသို့ ဦးတည်သွားမည်ကိုစိုးရိမ်ရသည်။

ထို့ကြောင့် ပါတီများအများအပြားကွဲခြင်းကို တတ်နိုင်သမျှရှောင်ရှားရန်လိုသည်။ ဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးစနိုင်ငံတွင် သတိမပြုမိသည့်ကာလတွင် ပါတီတစ်ခု၏ကိုယ်စားလှယ်သည် ယင်းပါတီမှ နုတ်ထွက်သွားခြင်း၊ တစ်သီးပုဂ္ဂလလွတ်တော်အမတ်များနှင့် အဖြူအမည်းမသဲကွဲသည့် ပါတီငယ်များကိုလိုက်လံစုစည်းပြီး ပါတီသစ်တစ်ခုဖွဲ့စည်းခြင်းများသည် အတိုင်းအတာတစ်ခုအထိ မလွဲမရှောင်သာဆိုသော်လည်း ယင်းအခြေအနေကို အမြန်ကျော်လွှန်ခြင်းသည် အကောင်းဆုံးဖြစ်သည်။ ရှင်းလင်းပြတ်သားသည့် အယူအဆရှိသည့် ပါတီကြီးနှစ်ခု၊ သုံးခုသာရှိပြီး လှည့်စား၍မရသည့်၊ ခိုင်မာပြတ်သားသည့် လွှတ်တော်နိုင်ငံရေးကို လုပ်ဆောင်နိုင်ရန် လိုအပ်ပါသည်။

ပါတီနိုင်ငံရေး၏ဆိုးကျိုးများ

ဒီမိုကရေစီနိုင်ငံရေးတွင် အများစုသဘောထားနှင့် ဆုံးဖြတ်သည်။ ရွေးကောက်ပွဲတွင်လည်း မဲအများဆုံးရသည့် ကိုယ်စားလှယ်လောင်းသည် အရွေးခံရသည်။ လွှတ်တော်တွင် ဥပဒေရေးဆွဲခြင်း၊ ဝန်ကြီးချုပ်ကို ရွေးချယ်ခြင်းများသည် အများစုသဘောဖြင့် လုပ်ဆောင်ခြင်းပင်ဖြစ်သည်။ အများစု၏သဘောထားနှင့် ဆုံးဖြတ်သည့် ယင်းအခြေခံသဘောထားကို ဆန့်ကျင်မည်ဆိုပါက ဒီမိုကရေစီနိုင်ငံရေးဖြစ်ပေါ်လာမည်မဟုတ်ပါ။ ထို့ကြောင့် ဒီမိုကရေစီနိုင်ငံရေးတွင် အရေအတွက်က အဆုံးအဖြတ်ပေးခြင်းဖြစ်လာသည်။ အများစုသဘောထားကိုရရန် ကြိုးစားသည့်ပွင့်လင်းမြင်သာပြီး တရားမျှတသည့်ယှဉ်ပြိုင်မှုသည် ဒီမိုကရေစီနိုင်ငံရေးအတွက် ရှေ့ဆက်ရန်

အဓိက တွန်းအားဖြစ်သည်။ တစ်ဖက်တွင်လည်း ပါတီနိုင်ငံရေးတွင် ရှိလေ့ရှိထရှိသည့် ဆိုးကျိုးများထွက်ပေါ်လာနိုင်သည်ကို သတိပြုရမည်။

ပါတီနိုင်ငံရေးတွင် အများဆုံးဖြစ်တတ်သည့်ဆိုးကျိုးမှာ "သားပုပ်လေလွင့်ပြောပြီးယှဉ်ပြိုင်ခြင်း"ပင်ဖြစ်သည်။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ မဲများများရရန်အတွက် ပါတီများသည် နည်းအမျိုးမျိုးသုံးပြီး လုပ်ဆောင်ခြင်းမျိုးများဖြစ်တတ်သည်။ ဤသို့ဖြင့် ရွေးကောက်ပွဲတွင် တစ်ဖက်ပါတီ၏အင်အားကို ခြိုးနှိမ်ရန်သက်သက်အတွက် တိုက်ခိုက်ကြသည်။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေပြောဆိုပြီး ပြိုင်ဘက်ပါတီကို အခြေအနေမကောင်းအောင် ကြိုးပမ်းကြသည်။

နောက်ဆုံးတွင် ကိုယ်စားလှယ်လောင်းများ၏ ကိုယ်ရေးကိုယ်တာများကိုပါဖွင့်ချပြီး အသရေဖျက်ခြင်း၊ ပုဂ္ဂိုလ်ရေးအရတိုက်ခိုက်ခြင်းများကို လုပ်လာကြသည်။ အတိုက်ခိုက်ခံရသည့်ဘက်ကလည်း ငြိမ်နေ၍မဖြစ်သည့်အတွက် "ပါးကိုက်ရင်၊ နားကိုက်မယ်"... ဆိုသကဲ့သို့ အများပြည်သူနှင့်ဆိုင်သည့်ကိစ္စ၊ ကိုယ်ရေးကိုယ်တာကိစ္စ... စသည်တို့ကို လျစ်လျူရှုပြီး မှိုခိုး၊ မျှစ်ခိုးပြောဆိုကြသည်။ ဤသို့ သားပုပ်လေလွင့်ပြောကာယှဉ်ပြိုင်ခြင်းသည် တစ်ဖက်လူကိုအရှက်ရအောင်လုပ်**ရန်ရည်ရွယ်ရာမှ ကိုယ့်ကိုယ်ကိုယ်အရှက်ရအောင်လုပ်နေခြင်းပင်ဖြစ်သည်။ ပါတီနိုင်ငံရေး** ဒီမိုကရေစီဆိုခြင်းကို နာမည်ပျက်အောင်လုပ်ခြင်းပင်ဖြစ်သည်။ ဤသို့ သားပုပ်လေလွင့်ပြောကာယှဉ်ပြိုင်ခြင်းသည် အထွေထွေရွေးကောက်ပွဲပြီးဆုံးသွားသော်လည်း အဆုံးမသတ်နိုင်သေးဘဲ လွှတ်တော်ကိုဖွဲ့စည်းပြီး နောက်အချိန်အနည်းငယ်ကြာသည်အထိ ဆက်ပြီးဖြစ်နေတတ်သည်။

ဤသို့ဖြစ်နေပါက ပါတီတစ်ခုသည် အခြားပါတီများပြိုကွဲအောင်လုပ်ပါတော့သည်။ အတိုက်အခံပါတီအပေါ် လူများမုန်းတီးမည့်အကြောင်းအရာများကိုရှာဖွေပြီး ဖွင့်ချသည့်နည်းဗျူဟာဖြင့်လုပ်ကြသည်။ အရေအတွက်အရနိုင်ခြေမရှိလျှင် အစိုးရကတင်သည့်ဥပဒေမူကြမ်းအပေါ် ရှည်လျားလှသည့် ဆန့်ကျင်ကန့်ကွက်သည့် ပြောမှုများကိုလုပ်သည်။

သဘောတူသည့်ဟောပြောမှုများကို နှောင့်ယှက်ပြောဆိုပြီး လွှတ်တော်အတွင်း ရှုပ်ထွေးမှုများဖြစ်စေပါသည်။ မေးခွန်းတစ်ခုတည်းကို အကြိမ်ကြိမ်မေးပြီးသုံးသပ်မှုများကို နှောင့်နှေးကြန့်ကြာအောင်လုပ်သည်။ လွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးမှုကိုအဆုံးသတ်ရန်လုပ်သည့်အခါ "ဖိနှိပ်ခြင်း ချုပ်ချယ်သည်"ဟု စွပ်စွဲသည်။ နောက်ဆုံးတွင် ဥက္ကဋ္ဌ၏ထိုင်ခုံအနီးအထိ ကပ်သွားခြင်းများ၊ ထိုးကြိတ်ခြင်းများအထိလုပ်သည်။

ဤသို့ဖြင့် ဥပဒေမူကြမ်းကိုအတည်ပြုခြင်း နှောင့်နှေးကြန့်ကြာ အောင်လုပ်ပြီး ဆွေးနွေးမှုမပြီးဆုံးသည့် အခြေအနေဖြစ်လာစေရန်ဖန်တီး သည်။ ဆွေးနွေးမှုမပြီးဆုံးဘဲ လွှတ်တော်သက်တမ်းကုန်ဆုံးသွားလျှင် အများစုအင်အားဖြစ်သည့်တိုင်အောင် ဥပဒေမူကြမ်းကို အတည်မပြုနိုင်ပါ။ အနည်းစုအင်အားသည် အနည်းစုအင်အားအလျောက် ယခုကဲ့သို့ နည်းဗျူဟာများကိုသုံးခြင်းမျိုး တစ်ခါတစ်ရံရှိသည်။

ယင်းသို့"သားပုပ်လေလွင့်ပြောပြီး ယှဉ်ပြိုင်ခြင်း"နည်းလမ်းနှင့် အတူ ပါတီနိုင်ငံရေးတွင် တွဲပါလာတတ်သည့် ဆိုးကျိုးကြီးတစ်ခုမှာ ငွေကြေး၏ဆွဲဆောင်မှုဖြစ်သည်။ "ငရဲပြည်၏အဆုံးအဖြတ်တောင် ငွေပေါ်မူတည်သည်" ဆိုသည့် ဂျပန်ဆိုရိုးတစ်ခုကဲ့သို့၊ နိုင်ငံရေးလောက တွင်လည်း ငွေ၏ကြိုးကိုင်မှုနှင့် ပြောင်းလဲခြင်းများများစွာရှိသည်။

ပွင့်လင်းမြင်သာပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်ခဲ့လျှင် ငွေကြေးအမြောက်အမြားကုန်ကျသည်ဟုပြောရန်မရှိပါ။ မဲပေးသူများကို ငွေပေးခြင်း၊ သတင်းစာများကို သိမ်းကျုံးဝယ်ယူခြင်းများ လုပ်ရန်လွှဲ အမြောက်အမြားလိုအပ်သည်။ ရွေးကောက်ပွဲအတွက် ကုန်ကျစရိတ်အခြေ အဝက်ကို ပါတီကထုတ်ပေးသည်ဆိုပါက ပါတီများသည် စီးပွားရေး လုပ်ငန်းရှင်များမဟုတ်ကြသည့်အတွက် အမြတ်အစွန်းရရှိရန် မလုပ်ဆောင် နိုင်ပါ။ ပါတီများကို ငွေကြေးအဖွဲ့အစည်းများက ငွေထုတ်ပေးမှုများ ရှိလာပါက နိုင်ငံရေးအာဏာသည် ငွေကြေးနှင့် ထိန်းချုပ်ခြင်းကိုခံရမည်ဖြစ် သည်။ ဤသို့သော ဆိုးကျိုးများကို ရှင်းလင်းဖယ်ရှားပစ်ရန် မည်သို့ လုပ်ဆောင်သင့်ပါနည်း။

ပထမဦးဆုံးပါတီတစ်ခုသည် ဥပဒေအရခွင့်ပြုခြင်းခံရသည့်ပါတီ ဖြစ်သည်ဆိုခြင်းကို ကိုယ်တိုင်အသိရှိရမည်။ ပါတီသည် ပြည်သူများကို ကိုယ်စားပြုပြီး သူတို့၏ဆန္ဒကို နိုင်ငံရေးအရအကောင်အထည်ဖော်ရန် ကြိုးစားရမည်ဖြစ်သည့်အတွက် တိကျပြတ်သားသည့်မူဝါဒများကိုကိုင်စွဲ၊ ယင်းတို့ကို သစ္စာရှိရှိနှင့် အကောင်အထည်ဖော်သွားရန် ကြိုးပမ်းရမည် ဖြစ်သည်။

နိုင်ငံရေးလုပ်ဆောင်သူများသည် သက်ရှိဖြစ်သည့်အတွက် တိကျ ပြတ်သားသည့် မူဝါဒဟုဆိုသော်လည်း လက်တွေ့အခြေအနေနှင့် မကိုက်ညီ သည့် ပုံသေနည်းကြီးအတိုင်း ဆိုပြန်လျင်လည်းမဖြစ်ပေ။ ပြောင်းလဲနေသည့် အဖွဲ့အစည်းများ၏အခြေအနေပေါ်မူတည်၍ ကိုက်ညီစေရန် ယင်းမူဝါဒ များကို စဉ်ဆက်မပြတ်ဆန်းသစ်နေစေပြီး အကြမ်းခံနိုင်စေရန် ကြိုးပမ်းသွား ရန်လိုအပ်သည်။ ပါတီဝင်များက ယင်းမူဝါဒများကို ဗဟိုချက်အနေဖြင့် ထားရှိပြီး ပွင့်လင်းမြင်သာစွာ မှန်မှန်ကန်ကန်လုပ်ဆောင်သွားပြီး ထုတ်ပြန် လိုက်သည့်မူဝါဒများအပေါ် အမြင်တူသည့်ပြည်သူများက ယင်းပါတီအပေါ် ယုံကြည်ပြီးထောက်ခံကြမည်ဆိုပါက ယင်းပါတီကိုယ်တိုင်က ဒီမိုကရေစီကျ သည့် အဖွဲ့အစည်းဖြစ်လာမည်ဖြစ်သည်။

ပါတီအတွက် ထူးချွန်ထက်မြက်သည့်သူများရှိရန်အရေးကြီးသည် ဆိုခြင်းသည် အထွေအထူးပြောရန်မလိုပေ။ ပါတီဆိုသည် မူဝါဒများ၊ လူများ၏ဦးဆောင်မှုများနှင့် တိုးတက်ခြင်းပင်ဖြစ်သည်။ အထူးသဖြင့် ပါတီ၏ခေါင်းဆောင်ပိုင်းက သေချာစွာဆောင်ရွက်ခြင်းမရှိပါက ပါတီ၏ စည်းလုံးညီညွတ်မှုကို ရေရှည်တည်တံ့စေရန် လုပ်ဆောင်ရန်မဖြစ်နိုင်ပေ။ သို့ရာတွင် ခေါင်းဆောင်ပိုင်းက သေချာစွာလုပ်ဆောင်သည် ဆိုခြင်းနှင့် ခေါင်းဆောင်ပိုင်း၏အမိန့်အတိုင်း အာဏာရှင်စနစ်နှင့် လုပ်ဆောင်သည် ဆိုခြင်းသည် လုံးဝကွဲပြားခြားနားသည်။

ပါတီသည်ငွေနှင့် လည်ပတ်လှုပ်ရှားခြင်းမျိုးဖြစ်လာသည့်အခါ ပါတီ အကြီးအကဲများ၏ အရေးအကြီးဆုံးအလုပ်သည် ငွေရှာရန်ဖြစ်သွားမည်ဖြစ် သည်။ ဤအခါတွင် အားအသာဆုံးလူကို ခေါင်းဆောင်အဖြစ်တင်မြှောက်ပြီး

ခက်ခဲသည့်အလုပ်မှန်သမျှအား ယင်းသူအား လုပ်ဆောင်စေခြင်းမျိုး ဖြစ်သွားမည်ဖြစ်သည်။

ပါတီများသည် ဒီမိုကရေစီ၏ဗဟိုချက်ဖြစ်သည့်အတွက် ပါတီတွင်းတွင် ဒီမိုကရေစီနည်းကျဖွဲ့စည်းထားခြင်းမျိုးဖြစ်နေရပါမည်။ ပါတီ၏ စည်းစနစ်များသည် တင်းကျပ်မှုရှိရန်လိုအပ်သကဲ့သို့ ပါတီတွင်း ဆွေးနွေးပြောဆိုပိုင်ခွင့်များကိုလည်းအလေးထားပြီး ဦးဆောင်နိုင်စွမ်းရှိသူကို ရွေးချယ်ပြီး ဦးဆောင်စေရပါမည်။ တစ်ချိန်တည်းမှာပင် ပါတီ၏အသုံးစရိတ်ကို လုပ်ငန်းများစွာပိုင်ဆိုင်သူများ ချမ်းသာကြွယ်ဝသည့် လူနည်းစုထံမှ မဟုတ်ဘဲ၊ တတ်နိုင်သမျှ ထောက်ခံသူအများအပြားထံမှရသည့် အလှူငွေနှင့် လည်ပတ်စေသင့်သည်။

တတိယအချက်အနေဖြင့် ပါတီများတွင် တစ်ဖက်သား၏ရပ်တည်မှုကိုနားလည် ပေးနိုင်စွမ်းရှိရန်လိုအပ်သည်။ နိုင်ငံရေးပါတီများသည် ကိုယ်ပိုင်ယုံကြည်မှု မူဝါဒလမ်းစဉ်များနှင့် ရပ်တည်နေခြင်းဖြစ်သည့်အတွက် ပါတီတစ်ခုနှင့် တစ်ခုအကြားတွင် ထိပ်တိုက်တွေ့မှုများ၊ ယှဉ်ပြိုင်မှုများရှိခြင်းသည်အဆန်းမဟုတ်ပေ၊ သို့ရာတွင် မည်မျှပင် ပါတီအချင်းချင်းထိပ်တိုက်တွေ့မှုများရှိစေကာမူ အဆုံးသတ်ပါက တိုင်းပြည်၏နိုင်ငံရေးကို ကောင်းမွန်စေရန်လုပ်ဆောင်ပြီး ပြည်သူများ၏စားဝတ်နေရေး တိုးတက်စေရန်ဆိုသည့် ရည်မှန်းချက်တစ်ခုတည်းအတွက် ဦးတည်၍ပူးပေါင်းဆောင်ရွက်နေခြင်းမျိုးဖြစ်ရမည်။

ထို့ကြောင့် နိုင်ငံရေးပါတီများသည် တစ်ဖက်သား၏ကိုင်စွဲချက်ကို သေချာစွာနားထောင်ပြီး မှန်ကန်သည့်အမြင်ဖြစ်ပါက လက်ခံကျင့်သုံးရမည်ဆိုသည့် သဘောထားပြည့်ဝမှုရှိရန်လိုအပ်သည်။ အထူးသဖြင့် အင်အားများသောပါတီသည် အခြားပါတီများ၏ပြောဆိုချက်များကို အလေးအနက်ထားရမည်။ အများစုအင်အားနှင့် အနည်းစုကိုဖိနှိပ်ပြီး မှားမှားမှန်မှန်မဲပေးရွေးချယ်မှုတွင် အနိုင်ရမည်ဆိုပါက အများစုအင်အား၏ဖိနှိပ်ချုပ်ချယ်မှုဖြစ်သွားမည်ကို ရှောင်လွှဲ၍မရပါ။

ပြည်သူများ၏ဆင်းရဲချမ်းသာကို အဆုံးအဖြတ်ပေးမည့် ပြဿနာများကိုရှုထောင့်မျိုးစုံမှကြည့်ပြီး သေသေချာချာလေ့လာသုံးသပ်၊ တစ်ဖက်နှင့် တစ်ဖက်အကြိမ်ကြိမ်ဆွေးနွေးပြီး တစ်ခုတည်းသောအမှန်တရားကို ရှာဖွေသွားရန်ကြိုးပမ်းသည်၊ နှိမ်ချသည့်စိတ်ဓာတ်မျိုးရှိမှသာ အသီးအပွင့်များနှင့် ဝေဆာလှပသည့် ပါတီနိုင်ငံရေးဖြစ်လာမည်။

သို့ရာတွင် ယင်းတို့အားလုံး၏အခြေခံသည် ပြည်သူများအတွက် ကောင်းမွန်သည့် စိတ်ဓာတ်ပင်ဖြစ်သည်။ ပါတီများသည် ပြည်သူ့နှလုံးသား၏မှန်များကဲ့သို့သော အရာများဖြစ်သည်။ ပြည်သူများ၏စိတ်ဓာတ်ကွေ့ကောက်နေလျှင် ကွေ့ကောက်နေသည့် ပါတီများဖြစ်ထွန်းလာမည်ဖြစ်သည်။ ပြည်သူများ၏စိတ်ဓာတ်နိမ့်ကျလျှင် နိမ့်ကျသည့်ပါတီများအများကြီးပေါ်ထွက်လာပြီး မြင်မကောင်းသည့်ယှဉ်ပြိုင်မှုများကို လုပ်ကြပါလိမ့်မည်။ ယင်းတို့ကိုကြည့်ပြီး ပါတီများ၏မကောင်းကြောင်းပြောခြင်းမျိုးမလုပ်မီဦးစွာ အားလုံးထက်အရေးကြီးသည့် ပြည်သူများကို ကိုယ်စားပြုသူအဖြစ် အမှန်တကယ်ယုံကြည်စိတ်ချရသည့် ထူးချွန်ထက်မြက်သူကိုရွေးချယ်ရန် သတိပြုကြရသည်။

ပြည်သူအားလုံးမျက်စိပွင့် နားပွင့်ရှိသည့် မဲပေးသူများဖြစ်ရန်၊ နိုင်ငံရေးကို "ကိုယ့်၏အလုပ်"... ဟု သဘောထားပြီး ကောင်းမွန်အောင်လုပ်ဆောင်ရန် စဉ်ဆက်မပြတ်ကြိုးပမ်းသွားရန်၊ ယင်းတို့ကလွဲပြီး ဒီမိုကရေစီနိုင်ငံရေးကို အောင်မြင်စေမည့်နည်းလမ်းမရှိပါ။

အခန်း (၈)
လူမှုဝန်းကျင်ဆိုင်ရာဒီမိုကရေစီ

လူမှုဝန်းကျင်တွင်းမှ ဒီမိုကရေစီ

ဒီမိုကရေစီဆိုသည် နိုင်ငံရေးနည်းစနစ်သက်သက်မဟုတ်၊ ဒီမိုကရေစီဆိုသည် အခြေခံအုတ်မြစ်ကစ၍ ဒီမိုကရေစီဆန်သည့် လူမှုဝန်းကျင်၏ လည်ပတ်တည်ရှိနေမှုဖြစ်သည်။ လူမှုဝန်းကျင်ကိုဖန်တီးသည့် လူတိုင်းလူတိုင်း၏ စိတ်ထားဖြစ်သည်။ နိုင်ငံ ၁ရေးအရ နည်းစနစ်သက်သက်ဆိုပါက ဒီမိုကရေစီဖော်ဆောင်ရန်ခက်ခဲမည်မဟုတ်ပေ၊ ဒီမိုကရေစီနိုင်ငံရေး၏ နည်းစနစ်ကို ယနေ့မြင်တွေ့နေရသည့် ပုံစံအထိဖြစ်လာစေရန်လုပ်ရန် အတွက် လူသားများသည် ကာလကြာရှည်စွာအခက်အခဲများကို ကျော်လွှားပြီး ကြိုးပမ်းလာခဲ့သည့်သမိုင်းရှိသည်ဆိုခြင်းက အခန်း(၂)တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ စစ်ရှုံးခဲ့ပြီးရှိခဲ့သည့် နိုင်ငံရေးအဖွဲ့အစည်းက တပါတည်းပြိုလဲသွားပြီးသည့်နောက်တွင် အနောက်တိုင်းက တိုးတက်သည့် နိုင်ငံများမှ နိုင်ငံရေးဖွဲ့စည်းပုံ၏လွှမ်းမိုးမှုကိုခံယူပြီး နည်းစနစ်အသစ်တစ်ခုကို ကျင့်သုံးမည်ဆိုသည့်အခါ အတုယူစရာများ၊ နမူနာများ များပြားစွာရှိနှင့်ပြီးသားဖြစ်သည့်အတွက် လွယ်ကူသည်။

ယင်းနှင့်ဆန့်ကျင်ဘက်အနေဖြင့် လူမှုဝန်းကျင်၏အောက်ခြေမှစ၍ ဒီမိုကရေစီဖော်ဆောင်ရန်ဆိုသည်မျိုးဖြစ်လာသည့်အခါ တစ်နေ့တစ်ညတည်းနှင့် လုပ်နိုင်သည့်အရာမဟုတ်တော့ပါ။ ကာလကြာရှည်စွာ လူများ၏စိတ်ထဲတွင် အမြစ်တွယ်လာသည့်၊ ဒီမိုကရေစီမကျသည့် ခံစားချက်

များကိုဖယ်ရှားပစ်ပြီး နေ့စဉ်လူနေမှုဘဝ၏ကိစ္စအရပ်ရပ်တွင် ဒီမိုကရေစီစိတ်ဓာတ်ရှိလာစေရေးအတွက်လုပ်ဆောင်ရန် တစိုက်မတ်မတ်ပြင်ဆင်မှုနှင့် လေ့ကျင့်မှုများလိုအပ်သည်။ ထို့ပြင် ယင်းကဲ့သို့မလုပ်ပါက နိုင်ငံရေးအရ အပြင်ပန်းဒီမိုကရေစီသာဖြစ်နိုင်ပြီး စစ်မှန်သည့် ဒီမိုကရေစီလုံးဝဖြစ်လာမည်မဟုတ်ပါ။

ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်မှုမရှိသေးသောကာလတွင် အနောက်တိုင်းတွင်လည်း မြေရှင်ပဒေသရာဇ်စနစ်ကိုကျင့်သုံးခဲ့သည်။ နယ်စားများနှင့် မင်းမျိုးမင်းနွယ်များက ကျယ်ပြန့်သည့်မြေနေရာများကို ပိုင်ဆိုင်ပြီး ယင်းဒေသကပြည်သူများကိုအုပ်ချုပ်သည်။ နယ်စားများမှာ လက်အောက်ငယ်သားများအမြောက်အမြားရှိပြီး၊ ယင်းလူများသည် နယ်စားများကို ရိုသေကိုးကွယ်ကြရသည်။ ပြည်သူများအပေါ်တွင် မောက်မောက်မာမာဆက်ဆံပြီး အာဏာသုံးခဲ့ကြသည်။ လူများအကြား အဆင့်အတန်းကွာခြားမှုများဖြစ်ပေါ်လာပြီး ရာထူးအဆင့်အတန်းပေါ်မူတည်၍ လူတစ်ဦး၏တန်ဖိုးက အကြီးအကျယ်ကွာဟသွားခြင်းသည် မြေရှင်ပဒေသရာဇ်စနစ်၏ထူးခြားချက်ဖြစ်သည်။

လူတစ်ဦးတစ်ယောက်၏ တန်ဖိုးအစစ်အမှန်ကိုမကြည့်ဘဲ မိသားစုအသိုင်းအဝိုင်းကိုကြည့်ပြီး ရိုသေလေးစားခြင်း၊ နှိမ်ခြင်းများသည် မြေရှင်ပဒေသရာဇ်စိတ်ဓာတ်များပင်ဖြစ်သည်။ အထက်တန်းလွှာက အောက်တန်းလွှာကို မင်းမူခြင်း၊ သဘောကျသည့် လက်အောက်ငယ်သားကို အခွင့်အရေးပေးခြင်းများ လုပ်သည်မှာလည်း မြေရှင်ပဒေသရာဇ်ဆန်သော လုပ်ဆောင်မှုများဖြစ်သည်။ မိဘများ၏အရှိန်အဝါနှင့် သားသမီး၏စရိုက်ကိုမသိချင်ယောင်ဆောင်နေခြင်း၊ ခင်ပွန်းသည်က ဇနီးသည်ကို တစ်ဆင့်နိမ့်ကျသည်ဟု သတ်မှတ်ထားခြင်းများသည်လည်း မြေရှင်ပဒေသရာဇ်ခေတ်မှ အရှိန်များကျန်ရှိနေခြင်းပင်ဖြစ်သည်။

လူများအကြား အရည်အချင်းကွာခြားမှုများလည်းရှိသည်။ အတွေ့အကြုံအနည်းအများလည်းရှိသည်။ အကျင့်စရိုက်ကောင်းခြင်းမကောင်းခြင်းလည်းရှိသည်။ အကျင့်စရိုက်၊ အသိပညာမြင့်မားသည့်သူများက လောကမှာ လေးစားခံရခြင်းသည် သဘာဝဖြစ်သည်။ အရည်အချင်းရှိပြီး အတွေ့အကြုံများသည့်သူများက လခကောင်းကောင်းနှင့်

တာဝန်ကြီးသည့်ရာထူးကိုရခြင်းသည်လည်း ဖြစ်သင့်သည့်အရာဖြစ်သည်
လူမှုအသိုင်းအဝိုင်းတွင် ဒီမိုကရေစီဖော်ဆောင်ရန်ဆိုခြင်းသည် ယင်းတို့ကို
လျစ်လျူရှုမည်ဆိုသည့် အဓိပ္ပာယ်လုံးဝမဟုတ်ပါ။ တူညီသည့်အလုပ်ကို
လုပ်ပြီး ၁၀ မှတ်ဖိုးလုပ်နိုင်သည့်သူနှင့် တစ်မှတ်ဖိုးခန့်လုပ်နိုင်သည့် သူကို
အခွင့်အရေးအတူ ပေးခြင်းသည်မကောင်းသည့် တန်းတူညီမျှမှုဖြစ်သည်
အမှန်တကယ်စစ်မှန်သည့် တန်းတူညီမျှမှုမဟုတ်ပါ။ ယင်းကဲ့သို့ ရာထူး
နေရာ အခွင့်အရေးကွာခြားမှုများကို လူများ၏စစ်မှန်သည့် အရည်အချင်း
နှင့် သတ်မှတ်ရမည်ဖြစ်သည်။ ရာထူးမြင့်နေသဖြင့် လေးစားရမည်
ဆိုခြင်းထက် အရည်အချင်းရှိသဖြင့်အရေးပါသည့် လုပ်ငန်းတာဝန်ကို
ရရှိခြင်းဖြစ်ရမည်။ ဥပမာ - ကျောင်းမှာလည်း ဆရာဆိုသည် ဆရာဖြစ်
နေသဖြင့်သူ့ကို အစစအရာရာရိုသေလေးစားရမည် သဘောမျိုးမဟုတ်၊
ဆရာသည်ပညာတတ်သည်။ အကျင့်စာရိတ္တကောင်းမွန်သည်။ လူ့လောကတွင်
အတွေ့အကြုံများသည့်အတွက် တပည့်များကို ကြီးကြပ်ခြင်း၊ ညွှန်ပြ
သွန်သင်ခြင်းလုပ်သည့်တာဝန်ကိုယူထားသည့်နေရာတွင် ရှိနေခြင်းမျိုး
ကြောင့်သာ လေးစားခြင်းဖြစ်ရမည်။

ဂျပန်နိုင်ငံ၏လူမှုဝန်းကျင်တွင်လည်း အထူးသဖြင့် လက်လှမ်းမှီပြီး
ဒီမိုကရေစီဖော်ဆောင်ရန်လိုအပ်သည့်နေရာသည် ကိုယ်တိုင်လည်ပတ်
လုပ်ဆောင်နေသည့် မိသားစုထဲတွင်လည်းရှိသည်။ ဖခင်ဖြစ်သူက ငါက
ဖခင်ဆိုကာသားသမီးများကို အတင်းအဓမ္မစေခိုင်းခြင်း၊ ခင်ပွန်းဖြစ်သူက
ငါကအိမ်ထောင်ဦးစီးဆို၍ ဇနီးကိုပြောသမျှလိုက်နာခိုင်းခြင်း၊ ပြုစုခိုင်းခြင်း
စသည်တို့သည်အကြောင်းပြချက်မဲ့ လုပ်ဆောင်နေခြင်းများပင်ဖြစ်သည်။
သားငယ်သမီးငယ်များသည်လည်း သားသမီးများဖြစ်ကြသော်လည်း မိဘက
သားကြီးတစ်ဦးကိုသာ ဂရုစိုက်ခြင်းသည်လည်း လူတစ်ဦးတစ်ယောက်စီကို
တန်းတူညီမျှလေးစားရမည်ဆိုသည့် စိတ်ဓာတ်ကိုတားဆီးသည့်၊ ဆင်ခြင်တုံ
တရားမရှိသည့် အလေ့အထဖြစ်သည်။

မိဘဖြစ်၍ ဩဇာအာဏာရှိခြင်းမဟုတ်၊ အသက်အရွယ်ပိုကြီးသူ
အနေဖြင့် အသိပညာများ၊ အတွေ့အကြုံများရှိပြီးသားသမီးကို ရင်ထဲမှ
မိဘမေတ္တာနှင့် ထိန်းသိမ်းမှုသာ သားသမီးကလည်း အလိုအလျောက်

မိဘအပေါ် ချစ်ခင်လေးစားယုံကြည်ပြီး ပြောစကားနားထောင်မည်ဖြစ်သည်။ ဇနီးမောင်နှံများ၊ မောင်နှမများအကြားတွင်လည်း တစ်ဦး၏အကျင့်စရိုက်ကိုတစ်ဦးက နားလည်အသိအမှတ်ပြုမှသာ အဆင်ပြေပြေ၊ အေးအေးချမ်းချမ်းနှင့် စနစ်တကျရှိနေမည်ဖြစ်သည်။ မိသားစုသည် လူမှုဝန်းကျင်အသေးတစ်ခုဖြစ်သည်။ ထို့ကြောင့် လူမှုဝန်းကျင်တွင် ဒီမိုကရေစီကျင့်သုံးရန် ပထမဆုံးမိသားစုထဲကစတင်ရပါမည်။

လူတစ်ဦးချင်းအပေါ် လေးစားမှု

လူမှုဝန်းကျင်အတွင်းက ဒီမိုကရေစီ၏အခြေခံသဘောတရားသည် လူသားများကို လူတစ်ဦးချင်းအနေနှင့် လေးစားအလေးထားသည့်အချက်ဖြစ်သည်။ လေးစားအလေးထားရမည့် သူဆိုသည်မည်သူနည်း၊ ယင်းမှာကျွန်ုပ်နှင့်သင်ပင်ဖြစ်သည်။ လူများက "ငါကဘာမျှ မဟုတ်ပါဘူး" ဆိုပြီး ပြောတတ်ကြသည်။ ပြောရုံတင်သာမကတကယ်လည်း ဤသို့ပင်တွေးကြသည်။ လူဆိုသည် မာနထောင်လွှားခြင်းမကောင်းပါဆိုသည့်အတွက် ယင်းကဲ့သို့နှိမ့်ချသည့် စိတ်ဓာတ်မျိုးရှိရန်လည်းလိုအပ်သည်။ သို့ရာတွင် နှိမ့်ချသည့်စိတ်ဓာတ်ကို အခွင့်ကောင်းယူ၍ မိမိစိတ်ကြိုက်ဆက်ဆံကာကိုယ့်လိုအင်ဆန္ဒအတိုင်းလုပ်သည့် သူများရှိလာသည့်အခါ ယင်းအတိုင်းလက်ပိုက်ကြည့်နေခြင်းသည် မှန်ကန်ပါသလား၊ ကျွန်ုပ်၏ကြိုးစားမှုများကို အလဟဿဖြစ်စေသည်ဟုဆိုကာ သင့်စားဝတ်နေရေးကို နင်းချေဖျက်ဆီးရန်ထင်တိုင်းကြွခွင့်ပြုရန်သင့်ပါမည်လား၊ ဤသို့ မဖြစ်ပါ။ လူသားများ၏အသိတရားပင်ဖြစ်သည်။ ကျွန်ုပ်ဖြစ်ဖြစ်၊ သင်ပဲဖြစ်ဖြစ်၊ လူသားတစ်ဦး၏တည်ရှိနေမှုကို အရာအားလုံးထက်အလေးအနက်ထားရမည်ဖြစ်သည်။ ဒီမိုကရေစီနည်းကျလူမှုဝန်းကျင်သည် လူများ၏အသိတရားရှိမှုနှင့် လူတစ်ဦးချင်းစီအပေါ် လေးစားတန်ဖိုးထားမှုကစတင်သည်။

မိမိ၏ယုံကြည်မှုကိုပင် ထုတ်ဖော်ပြောဆိုနိုင်ခြင်းမရှိဘဲ၊ အာဏာရှိသူရှေ့တွင် ငိုကြွေးဒူးယောက်ခြင်းသည် ပုံမှန်ကဲ့သို့ဖြစ်နေသည့် လောကကြီးသည် မည်ကဲ့သို့လုပ်၍ မှန်မှန်ကန်ကန်နှင့် ပျော်ရွှင်ကြည်နူးစရာကောင်းလာနိုင်ချေရှိပါမည်နည်း။ စိတ်ဓာတ်ကျနေပြီး ကွယ်ရာတွင်သာ

အပြန်အလှန်အတင်းပြောနေသည့် လူမှုဝန်းကျင်တွင် နေထိုင်ရလောက်
အောင် သည်းခံရန်မသင့်ပါ။ မိသားစုထဲတွင် ယင်းသို့သော ပတ်ဝန်းကျင်
အခြေအနေမျိုးရှိနေပါသလား၊ ကျောင်းမှာရော ယင်းကဲ့သို့မျိုးများရှိ
နေတုန်းလား၊ အစိုးရရုံးများနှင့် စက်ရုံများမှာ ဤသို့ဖြစ်မည့် အလားအလာ
များရှိသလား၊ အကယ်၍ ရှိသည်ဆိုပါက မည်သူက ယင်းအခြေအနေ
ကိုဖယ်ရှားပစ်နိုင်မည်နည်း။ ယင်းမိသားစုက မိသားစုဝင်များ၊ ယင်းကျောင်း
က ဆရာ ဆရာမများနှင့် ကျောင်းသူ ကျောင်းသားများ၊ ယင်းအစိုးရရုံးများနှင့်
စက်ရုံများမှာ အလုပ်လုပ်သည့်သူများကလွဲပြီး ယင်းကိုလုပ်နိုင်သည့်သူမရှိပါ။
အားလုံးက လူသားတစ်ယောက်အနေနှင့် အသိတရားရှိပြီး "မိမိကို
လုပ်ပေးစေချင်သည့် အတိုင်းသူများကိုလည်း လုပ်ပေးခြင်း"ကလွဲပြီး
ပျော်ရွှင်စရာကောင်းပြီး နေထိုင်စဖွယ်ဖြစ်သည့် လူမှုဝန်းကျင်ကို ဖန်တီး
သွားနိုင်မည့်နည်းလမ်းမရှိပေ။

လူသားတိုင်းသည် အသက်ရှင်ခွင့်ရှိသည်။ လူတိုင်းလူတိုင်းပျော်ရွှင်
ဖွယ်ဘဝကို ဖန်တီးပိုင်ခွင့်ရှိသည်။ လူအများပျော်ရွှင်ချမ်းမြေ့ရန် ဆိုသည်မှာ
လူမှုဝန်းကျင်၏စံဖြစ်သည်။

မြေရှင်ပဒေသရာဇ် လူမှုဝန်းကျင်တွင် လူနည်းစုအခွင့်ထူးခံလူတန်း
စားများ၏ ချမ်းသာပျော်ရွှင်မှုအတွက် လူအများ၏ပျော်ရွှင်ချမ်းမြေ့မှုများကို
စတေးခဲ့ရသည်။ အာဏာရှင်စနစ်တွင် အာဏာရှင်ကစိတ်တိုင်းမကျသည်နှင့်
သစ္စာရှိသည့် လက်အောက်ငယ်သားများ၊ ပြည်သူလူကောင်းများသည်
ပိုးကောင်များကဲ့သို့ သတ်ဖြတ်ခြင်းခံခဲ့ကြရသည်။

အာဏာရှင်နိုင်ငံရေးစနစ်ကြီးစိုးနေသည့်အခါတွင် အာဏာရှင်က
စီစဉ်သည့်စစ်ပွဲအတွက် သန်းနှင့်ချီသည့် လူများ၏အသက်များဆုံးရှုံး
သည်။ လူ့အသက်သည် အရာရာထက်တန်ဖိုးရှိသည်။ လူများ၏ချမ်းသာ
ပျော်ရွှင်မှုသည် ပန်းဥယျာဉ်လိုလှပသည်။ လူတိုင်းလူတိုင်းသည် တန်းတူညီ
ပျော်ရွှင်ချမ်းမြေ့မှုများကို အတူတကွခံစား၊ စံစားခွင့်ရှိရမည်။ ဒီမိုကရေစီသည်
မြေရှင်ပဒေသရာဇ်စနစ်ကိုဖြိုဖျက်၊ အာဏာရှင်စနစ်ကို အမြစ်ဖြတ်ပြီး
အာဏာရှင်စနစ်ကို တိုက်ခိုက်ခဲ့သည်။ မိမိ၏သွေး၊ ချွေး၊ မျက်ရည်များနှ

ရင်းပြီး တိုက်ခိုက်ရယူခဲ့သည့် အတုမရှိသည့်ရတနာတစ်ပါးဖြစ်ခြင်းကြောင့် အနောက်တိုင်းက ဒီမိုကရေစီဖွံ့ဖြိုးသည့်နိုင်ငံများမှ ပြည်သူများသည် လူသားများ၏လွတ်လပ်ခွင့်နှင့် တစ်ဦးချင်းစီ၏အခွင့်အရေးကို အစွမ်းကုန် ထိန်းသိမ်းသွားမည်ဆိုသည့်ပြင်းပြသည့် စိတ်ဓာတ်ရှိကြသည်။

လူသားများအားလုံးသည် တန်းတူညီမျှပျော်ရွှင်ချမ်းမြေ့မှုကို ကောင်းစားခွင့်ရှိသည်။ ပျော်ရွှင်ချမ်းမြေ့မှုဆိုသည် မိုးပေါ်ကကျလာသည့်အရာမျိုး မဟုတ်သကဲ့သို့ မြေကြီးထဲကထွက်ပေါ်လာသည့် အရာများလည်းမဟုတ်။ ပျော်ရွှင်ချမ်းမြေ့မှုဆိုခြင်းသည် လူများ၏လုပ်အား၊ ကြိုးပမ်းမှုများနှင့် တည်ဆောက်သွားရမည်ဖြစ်သည်။ ထို့ကြောင့် လူမှုဝန်းကျင်တွင် နေထိုင်ကြသူတိုင်းရဲရဲရင့်ရင့်နှင့် လုပ်ဆောင်ရမည်။ ကိုယ်တိုင်လုပ်ဆောင်ခြင်းမှ ရရှိသည့် ဝမ်းသာမှုကိုခံစားရင်းဖြင့် အခြားလူများ၏နဖူးကချွေးခြေကျအောင် ကြိုးစားထားသည့်လုပ်အားကိုလည်း တန်ဖိုးထားရမည်ဖြစ်သည်။

လူ့လောကတွင် ဝိရောဓိဖြစ်မှုများရှိခြင်းသည် အမှန်တကယ်ဖြစ်သည်။ ဒီမိုကရေစီကိုကျင့်သုံးသည့်အခါတွင် အလုပ်လုပ်သည့် လူများ၏စားဝတ်နေရေးက အဆင်မပြေကြသော်လည်း အလုပ်မလုပ်သည့်သူများ၏အိပ်ထောင်ထဲသို့ ငွေများစီးဝင်ခြင်းမျိုးဖြစ်သည်မှာ မနည်းပေ။ အဓိကအားဖြင့် စီးပွားရေးနယ်ပယ်က ဒီမိုကရေစီရေးရာ ပြဿနာဖြစ်သည်။ လာမည့်အခန်းတွင် လေ့လာကြမည်။

စီးပွားရေးအဖွဲ့အစည်းများ၏ပြဿနာကိုခေတ္တထားပြီး လူသားများအနေနှင့် လူတစ်ဦးချင်းအပေါ် လေးစားတန်ဖိုးထားသည့်စိတ်ဓာတ်မျိုး လူအများတွင်ရှိနေပါက စီးပွားရေးနှင့် ဆက်နွယ်နေသည့် အတွေးအခေါ်များက လူမှုဝန်းကျင်အတွင်း နက်နက်ရှိုင်းရှိုင်းအမြစ်တွယ်နေခြင်း၏ရလဒ်အနေဖြင့် သူတစ်ပါး၏လုပ်အားကြောင့် ရရှိလာသည့်အကျိုးအမြတ်ကို အလုပ်မလုပ်သည့်လူများက ခေါင်းပုံဖြတ်ယူသည့်လုပ်ထုံးလုပ်နည်းပင်ဖြစ်သည်ကို သိမြင်နိုင်သည်။ ဒဿနိကပညာရှင် Immanuel kantm က "ကိုယ်ကိုယ်တိုင်နှင့် အခြားသူများအပေါ် မည်သူ့ကိုမဆို ဟူညီသောရည်မှန်းချက်အဖြစ်ဆက်ဆံသင့်ပြီး မိမိရည်မှန်းချက်ပြည့်ရန်

နည်းလမ်းတစ်ခုအဖြစ် အသုံးပြုတာမျိုးမဖြစ်သင့်ပါ"ဟု ပြောခဲ့သည်
အခြားလူများ၏ရည်မှန်းချက်အတွက် နည်းလမ်းတစ်ခုသက်သက်အဖြ
အသုံးချခံရသည့်သူသည် အခိုင်းအစေသာဖြစ်သည်။ ကိုယ့်အကျိုးအမြ
အတွက် ပစ္စည်းတစ်ခုအနေဖြင့်အသုံးပြုခြင်းသည် လူများ၏ဂုဏ်သိက္ခာ
နင်းချေဖျက်ဆီးသည့် ပြစ်မှုတစ်ခုပင်ဖြစ်သည်။ ဒီမိုကရေစီသည် လူအသိုင်
အဝိုင်းအတွင်းမှ အခိုင်းအစေအမျိုးမျိုးကို ပပျောက်သွားစေရန် လုပ်ဆော
ရမည်ဖြစ်သည်။ အခြားသူများ၏ချွေးဖြင့် ကြိုးစားပုံဖော်ထားခြင်းများ
လက်အစိုဖြင့်ဆပ်ပြာမှုန့်များကိုကိုင်သကဲ့သို့ ရယူနေသည့်ပြစ်မှုများ
နှင့်ထုတ်ပစ်ရမည်ဖြစ်သည်။

လူတိုင်းကောင်းစားရေးဝါဒ

လူသားများကို တစ်ဦးချင်းအပေါ်လေးစားတန်ဖိုးထားသည
ရပ်တည်မှုသည် လူတိုင်းကောင်းစားရေးစနစ်ဖြစ်သည်။ ဒီမိုကရေစီဝါဒ
အခြေခံစိတ်ဓာတ်ဆိုသည် တစ်ဦးချင်းကောင်းမွန်မှုအပေါ်ရပ်တည်နေခြင်
ဖြစ်သည်။ လူတစ်ဦးတစ်ယောက်ချင်းစီသည် လူမှုဝန်းကျင်၏နယ်ပယ်
အမျိုးမျိုး၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ လူတစ်ဦးချင်းပြည့်စုံမှုကသ
လူမှုဝန်းကျင်တိုးတက်မှု၏ အခြေခံဖြစ်သည်ဆိုခြင်းကိုလက်ခံသည့် ရပ်တည
ချက်ဖြစ်သည်။ လူအားလုံးလူမှုဝန်းကျင်ထဲတွင် ကောင်းမွန်တန်ဖိုးရှိသည
အရွယ်ရောက်သူများဖြစ်လာမည်ဆိုပါက လောကကြီးသည် အလို
ကောင်းမွန်လာမည်ဖြစ်သည်။ တစ်ဦးတစ်ယောက်ချင်းစီ၏ စား၊ ဝတ
နေရေးတိုးတက်ပါက ကြွယ်ဝချမ်းသာပြီးပျော်ရွှင်ဖွယ်ကောင်းသည့် လူ
ဝန်းကျင်သည် အလိုလိုဖြစ်ပေါ်လာမည်။ လေးစားတန်ဖိုးထားသင့်သည်မှာ
"လူတစ်စု"မဟုတ်၊ "ကိုယ်တစ်ယောက်တည်း"မဟုတ်၊ အသက်ရှိသည့်"လူတိုင်း
ဖြစ်သည်။

ဒီမိုကရေစီဝါဒနှင့် ဆန့်ကျင်နေခြင်းသည် အာဏာရှင်ဝါဒဖြစ်
သည်။ အာဏာရှင်ဝါဒသည် တစ်ဦးတစ်ယောက်ကောင်းစားသည့်စနစ်
ပယ်ချခြင်းဖြစ်သည်ဟုဆို၍ အများကောင်းစားရေးဝါဒကို အခိုင်အ
ကိုင်စွဲပြောဆိုသည်။

ယင်းသို့ပြောဆိုသော အများကောင်းစားရေးဝါဒဆိုသည်မှာ တစ်ဦးတစ်ယောက်ချင်းစီကို လေးစားတန်ဖိုးထားခြင်းမဟုတ်၊ တစ်ဦးချင်းကိုကျော်လွန်ပြီး လူမှုဝန်းကျင်တစ်ခုလုံးကို လေးစားတန်ဖိုးထားသည်။ လူမျိုးစုတစ်ခုလုံးဆိုခြင်းမျိုး၊ နိုင်ငံတစ်ဝန်းလုံးဆိုခြင်းမျိုးကို တန်ဖိုးအရှိဆုံးဟု ယူဆခြင်းဖြစ်သည်။ လူမျိုးစုများ၊ နိုင်ငံများဆိုသည် လူတစ်ဦးတစ်ယောက်ချင်းဆိုသည်ကိုကျော်လွန်ကာအားလုံးကိုခြုံပြီး အရာတစ်ခုအနေဖြင့် သက်ဝင်လူပ်ရှားပြီး ယင်းတစ်ခုလုံးက တိုးတက်သွားသည်ဟုယူဆခြင်းဖြစ်သည်။

လူမှုဝန်းကျင်အတွင်း ရှင်သန်နေထိုင်မှုအားလုံး၏ရည်မှန်းချက်သည် တန်ဖိုးထားမှုအားလုံးကိုတိုးတက်စေပြီး ကြွယ်ဝချမ်းသာစေသည်ဟုဆိုသည်။ တစ်ခုလုံးကိုလေးစားသည်ဆိုခြင်းသည် တစ်စိတ်တစ်ပိုင်းကိုတစ်ခုလုံးတွင် မှီခိုအားထားစေသည်။ တစ်ခုလုံး၏တစ်စိတ်တစ်ပိုင်းကို တစ်ဦးတစ်ယောက်ချင်းစီနှင့် ဖွဲ့စည်းထားသည်။ အများကောင်းစားရေးစနစ်ဆိုသည်မှာ တစ်ဦးချင်းစီ၏တန်ဖိုးကို အသိအမှတ်မပြု၊ တစ်ဦးချင်းစီသည် တစ်ခုလုံးအတွက် အနစ်နာခံရမည်ဟု သင်ထားသည်။

လူမျိုးစုနိုင်ငံဆိုသည် တန်ဖိုးထားရမည့်အရာဖြစ်သည်ကို လက်ခံရမည်ဖြစ်သည်။ လူမျိုးစုထဲမှ တစ်ဦးတစ်ယောက်ချင်းစီ မကြိုးပွားမတိုးတက်လျှင် လူမျိုးစုတစ်ခုလုံး၏ကြိုးပွားတိုးတက်မှုဆိုခြင်းသည် မည်သို့ရှိနိုင်မည်နည်း။ နိုင်ငံသားအားလုံးစတေးပြီး တစ်နိုင်ငံလုံးမည်သို့ တိုးတက်အောင်လုပ်ဆောင်နိုင်မည်နည်း။ လူမျိုးစုများ၊ နိုင်ငံများ၏ တိုးတက်အောင်မြင်မှုဆိုသည်မှာ အခြားမဟုတ်။ နိုင်ငံတွင်ရှိသည့် လူတစ်ဦးတစ်ယောက်ချင်းစီ၏တိုးတက်အောင်မြင်မှုပင်ဖြစ်သည်။ လူတစ်ဦးတစ်ယောက်ချင်းစီ၏တန်ဖိုးကိုလက်မခံဘဲ လူမှုဝန်းကျင်တစ်ခုလုံးကိုတန်ဖိုးရှိသည့်အရာဆိုကာ ခေါင်းထဲရိုက်သွင်းခြင်းသည် အာဏာရှင်စနစ်၏လုပ်ရပ်များဖြစ်သည်။

အာဏာရှင်သည်ပြည်သူများအား ယင်းကဲ့သို့ပြောဆိုညွှန်ကြားပြီး ပြည်သူများက စွန့်လွှတ်အနစ်နာခံရန် တွန့်ဆုတ်မနေစေရေးအတွက်ကြံဖန်သည်။ ပြည်သူများအတွက်ဟုဆိုကာ "အများကောင်းဖို့ ကိုယ်ကျိုးစွန့်" . . . ဆိုသည့် မူဝါဒကိုအတင်းအကျပ်လုပ်ဆောင်သည်။

အများကောင်းစားရေးဝါဒသည် ဒီမိုကရေစီဝါဒကို ရှုတ်ချရန်အတွက် ဒီမိုကရေစီသည် တစ်ကိုယ်ကောင်းဆန်သည့်ဝါဒဖြစ်ခြင်းကြောင့် ဒီမိုကရေစီနိုင်ငံက ပြည်သူများသည် နိုင်ငံအပေါ် စေတနာနည်းပြီး နိုင်ငံချစ်စိတ်ဓာတ် နည်းပါးသည်ဟုဆိုသည်။

ဒီမိုကရေစီဝါဒသည် နိုင်ငံ၏အလေးထားရမည့်အရာကို နှလုံးသွင်းထားသည်။ ကိုယ့်နိုင်ငံ၏ချစ်မြတ်နိုးရမည့်အရာသည် မည်သည်ဆိုခြင်းကို သိထားသည်။ နိုင်ငံအတွက်ဟုဆိုကာ နိုင်ငံသားတစ်ဦးတစ်ယောက် အနေဖြင့် ရသင့်သည့်လွတ်လပ်ခွင့်နှင့် ရပိုင်ခွင့်များကို စတေးပစ်ရမည်ကို အဆုံးစွန်ဆန့်ကျင်သည်။ နိုင်ငံသည် လူမှုဝန်းကျင်၏ဖွဲ့စည်းပုံစနစ်ကို ထိန်းသိမ်းထားပြီး ပြည်သူများ၏ပျော်ရွှင်ချမ်းမြေ့မှု၊ တိုးတက်မှုများပြားလာစေရန်အတွက် လိုအပ်သည့်အဖြစ်ကိုသာ အလေးထားသင့်သည်။ ပြည်သူများက အတူတကွကြိုးပမ်းလုပ်ဆောင်၊ အပြန်အလှန်ဖေးမကူညီပြီး စည်းစည်းလုံးလုံးနှင့် တည်ဆောက်ထားသည့် နိုင်ငံတော်ဖြစ်မှသာ ချစ်မြတ်နိုးလောက်သည့်အရာဖြစ်လာမည်ဖြစ်သည်။ ဒီမိုကရေစီဝါဒတွင် အလေးထားဆုံးအရာသည် တစ်ဦးတစ်ယောက်ချင်းစီ၏စားဝတ်နေရေးပြည့်စုံမှုဖြစ်ပြီး တစ်ဦးချင်းစီ၏စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှုကြောင့် လူအားလုံးဖွံ့ဖြိုးတိုးတက်လာသည့် လူမှုဝန်းကျင်အတွင်းက စားဝတ်နေရေးပင်ဖြစ်သည်။ နိုင်ငံသည် လူမှုဝန်းကျင်အတွင်း စားဝတ်နေရေးပိုမိုကောင်းမွန်တိုးတက်အောင်ထိန်းသိမ်းပြီး တိုးတက်ရေးအတွက်တည်ရှိသည့် နိုင်ငံရေးအဖွဲ့အစည်းတစ်ခုပင်ဖြစ်သည်။

အများကောင်းစားရေးဝါဒ၏စဉ်းစားပုံသည် ပြည်တွင်းတွင် နိုင်ငံသားတစ်ယောက်ချင်းစီ၏အခြေခံအခွင့်အရေးများနှင့် စားဝတ်နေရေးကို နင်းချေဖျက်ဆီးမှုတစ်ခုတည်းကြောင့် အန္တရာယ်ရှိသည်မဟုတ်ပေ။ ပြည်ပကိုဦးတည်၍ အခြားနိုင်ငံများ၏အကျိုးအမြတ်များကို ထိခိုက်ဖျက်ဆီးရန် ဝန်မလေးသည့်အပြုအမူဖြစ်သည်။ အများကောင်းစားရေးဝါဒသည် နိုင်ငံအားလုံး၏အချုပ်အခြာအာဏာနှင့် လုံခြုံရေးကို တန်းတူအလေးထားရာတွင် မိမိတစ်နိုင်ငံတည်းကသာ ကမ္ဘာပေါ်တွင် အတိုးတက်

ဆုံး၊ လေးစားစရာအကောင်းဆုံးနိုင်ငံဖြစ်သည်ဟု ယူဆထားသည်။ အခြားနိုင်ငံများမည်သို့ပင်ဖြစ်စေကာမူ မိမိနိုင်ငံသားအားကောင်းလာမည်ဆိုပါကပြီးသည်ဟုစဉ်းစားသည်။ ထွက်ပေါ်လာသည့်ဆုံးဖြတ်ချက်မှာ မိမိနိုင်ငံအင်အားကောင်းရန်အတွက် မည်သည့်အလုပ်မဆိုလုပ်မည်ဆိုသည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် တစ်ကိုယ်ကောင်းဆန်သည့်ဝါဒဖြစ်ပြီး နိုင်ငံခြားတိုင်းပြည်များကိုလက်နက်နှင့် ခြိမ်းခြောက်ခြင်း၊ အင်အားသုံး၍ အိမ်နီးချင်းနိုင်ငံ၏နယ်မြေကို သိမ်းပိုက်ခြင်းများလုပ်သည့် ကျူးကျော်သည့်ဝါဒဖြစ်သည်။ အမျာကောင်းစားရေးဝါဒသည် စစ်၏ဘေးအန္တရာယ်များကို ဖိတ်ခေါ်ရာရောက်နိုင်သည်။ ကြောက်မက်ဖွယ်ရာကောင်းသည့်စစ်ကြီးနောက် တစ်ကြိမ်ထပ်မဖြစ်ရန်အတွက် အမျာကောင်းစားရေးဝါဒဆိုသည့် အမှားကြီးကိုနောက်တစ်ကြိမ်ထပ်မလုပ်သင့်ပေ။

ဒီမိုကရေစီဝါဒသည် တစ်ဦးချင်းစီ၏တန်ဖိုးနှင့် ဂုဏ်သိက္ခာအပေါ်နက်နက်ရှိုင်းရှိုင်းလေးစားတန်ဖိုးထားမှုကို အခြေခံထားသည်။ မိမိနိုင်ငံ၏နိုင်ငံသားများကို လေးစားတန်ဖိုးထားသည်သာမက အခြားတိုင်းပြည်များက နိုင်ငံသားများကိုလည်း တန်းတူညီမျှလူသားများအနေဖြင့် လေးစားတန်ဖိုးထားသည်။ မိမိနိုင်ငံကြွယ်ဝချမ်းသာခြင်းနှင့် တစ်ချိန်တည်းတွင် အခြားနိုင်ငံများလည်း အတူတကွကြွယ်ဝချမ်းသာစေချင်သည်။ ထွက်ပေါ်လာခြင်းက ဟန်ဆောင်မှုကင်းမဲ့သည့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုဆိုသည့် အပြုအမူဖြစ်ပြီး အရည်အသွေးမြင့်မားသည့်ကမ္ဘာ့ငြိမ်းချမ်းရေးကို အကာအကွယ်ပေးသည့် စိတ်ဓာတ်ပင်ဖြစ်သည်။ ဒီမိုကရေစီဝါဒနှင့်သာကမ္ဘာသည် တစ်ဖြည်းဖြည်းတစ်စုတစ်စည်းတည်းဖြစ်လာပေမည်။ နိုင်ငံအသီးသီးက သူတို့၏ထူးခြားချက်ကိုအသုံးပြုပြီး ကိုယ်စီတာဝန်ထမ်းဆောင်ခြင်းအားဖြင့် သက်ရှိလူသားအားလုံးငြိမ်းချမ်းမှု၊ ပျော်ရွှင်ချမ်းမြေ့မှုများကို ခံစားနိုင်မည့်ကမ္ဘာကြီး တဖြည်းဖြည်းပေါ်ပေါက်လာမည်ဖြစ်သည်။

အခွင့်အရေးနှင့် တာဝန်ဝတ္တရား

လူတိုင်းကောင်းစားရေးစနစ်သည် မိမိသူတစ်ပါးဆိုသည်နှင့်မဆိုင်၊ လူသားအားလုံးကို လူတစ်ဦးတစ်ယောက်စီအဖြစ် လေးစားတန်ဖိုးထားသည်။ မိမိကိုယ်ကို လေးစားတန်ဖိုးထားသည်ဆိုခြင်းသည် မိမိ၏စရိုက်လက္ခဏာကိုတန်ဖိုးထားခြင်းဖြစ်ပြီး မိမိ၏မှန်ကန်သည့်အခွင့်အရေးကို အကာအကွယ်ပေးခြင်းလည်းဖြစ်သည်။ စရိုက်လက္ခဏာကို အလေးထားသည့်သူသည် မိမိအကျင့်စရိုက်ကို ကောင်းမွန်အောင်ကြိုးစားရမည်ဖြစ်သည်။ မမှန်ကန်သည့်အခွင့်အရေးကို ထောက်ပြပြောဆိုသည့်သူသည် အလားတူသူတစ်ပါး၏ မှန်ကန်သည့်အခွင့်အရေးကိုလည်း အလေးထားရမည်။ မိမိ၏အကျင့်စရိုက်မကောင်းဘဲ၊ သူတစ်ပါး၏လေးစားမှုကို လိုချင်၍မရပါ။ အခြားသူများ၏ရပ်တည်မှုကို အလေးမထားဘဲ။ မိမိ၏ရပ်တည်မှုကို လက်ခံခိုင်း၍မရပါ။ လူတိုင်းကောင်းစားရေးစနစ်သည် တစ်ဦးချင်းစီ၏အခွင့်အရေးကို အလေးထားပြီး တစ်ဦးချင်းစီ၏တာဝန်ကိုလည်း အလေးထားသည်။ တစ်ဦးချင်းစီက ယင်းတာဝန်ကိုသိထားခြင်းအားဖြင့် လူမှုဝန်းကျင်အတွင်း နေထိုင်လှုပ်ရှားမှုအားလုံး အဆင်ပြေပြေချောချောမွေ့မွေ့လုပ်ဆောင်နိုင်ရန် မျှော်လင့်၍ရမည်ဖြစ်သည်။

ဒီမိုကရေစီ၏လူမှုဝန်းကျင်တွင် လူသားအားလုံးသည် မိမိ၏လုပ်ဆောင်မှုအားလုံးကို တာဝန်ယူရသည်။ တစ်ခုခုလုပ်ကြည့်၍အဆင်ပြေသွားသည့်အခါ ရပိုင်ခွင့်များကိုအကြီးအကျယ်အခိုင်အမာပြောဆိုပြီး ကျရှုံးသွားသည့်အခါ ချက်ချင်းအခြားလူကို အပြစ်ပြောခြင်းကဲ့သို့သော လုပ်နည်းလုပ်ဟန်များသည် သူရဲဘောအကြောင်ဆုံးသောလုပ်ရပ်ဖြစ်သည်။ လူတိုင်းမိမိတာဝန်ကိုထိန်းသိမ်း၊ မိမိထူးခြားချက်ကို ကောင်းမွန်စွာအသုံးချပြီး ကာဝန်ယူစိတ်အပြည့်နှင့် မိမိတာဝန်ကိုထမ်းဆောင်ခြင်းမဟုတ်ပါက လူမှုဝန်းကျင်တိုးတက်ရန်မျှော်လင့်၍မရပေ။

ဘေ့စ်ဘောကိုကြည့်ပါက ပစ်သူကဘောလုံးကိုပစ်၊ ဖမ်းသူကဘောလုံးကိုဖမ်းသည်။ Shortstop မှာရှိသူထံသို့ ဘောလုံးရောက်လာသည့်အခါ သူကချက်ချင်းဖမ်းပြီး Second base က လူထံပစ်၊ Second base

ကနေချက်ချင်း First base ကိုပစ်ပြီး double play ဖြစ်အောင်လုပ်မည်။ right field နှင့် center field ကြားထဲကျသည့် ဘောလုံးကို နှစ်ဦးပြိုင်ပြီး ဖမ်းရန်ပြေးသွားသည့်အခါ right field က ကစားသမားက ခြေတစ်လှမ်း စောနေသည်ဆိုပါက center field က အားကစားသမားက အပြိုင်မလုဘဲ နောက်ဆုတ်ပေးမည်။ ဘေ့စ်ဘောတွင် ကိုးဦးစလုံးက အသီးသီးမတူသည့် လုပ်ဆောင်မှုများနှင့် ကိုယ့်ထူးခြားချက်ကိုကောင်းကောင်းအသုံးချရင်းနှင့် လူတစ်ယောက်တည်းက ခြေများလက်များကို လှုပ်ရှားနေသကဲ့သို့ အားလုံးက တညီတညွတ်တည်းဖြစ်ပြီး အားလုံးအတူတကွရည်မှန်းချက်ဆီ ဦးတည်၍ အပ်ချည်တစ်မျှင်စာမျှပင်မလွဲစေဘဲ ပူးပေါင်းလုပ်ဆောင်သည်။ ဒိမိုကရေစီဝါဒ၏လူမှုဝန်းကျင်အတွင်းက ဘဝသည်လည်း နာမည်ကျော် ဘေ့စ်ဘောလ်အသင်း ကစားသည့်အတိုင်း ဖြစ်မည်ဆိုပါက အလွန်ကောင်းမွန်မည်ဖြစ်သည်။

လူမှုဝန်းကျင်ဘဝသည် အလွန်တော်သည့်အားကစားသမား ကိုးဦးနှင့် ကစားသည့်ဘေ့စ်ဘောနှင့်မတူပါ။ ရွာတစ်ရွာတည်းမှာပင် ထောင်နှင့်ချီသော ရွာသူရွာသားများရှိကြသည်။ မြို့တွင်လည်း လူနှစ်သောင်း၊ သုံးသောင်းခန့်အတူနေထိုင်ကြသည်။ တစ်နိုင်ငံလုံးသန်းနှင့်ချီ၍ရှိကြသည်။ ယင်းတို့အထဲတွင် ဆိုးသွမ်းသည့်လူများလည်းရှိသည်။ လုပ်ချင်သည်ကိုလုပ်ပြီး အခြားလူများကို အလွန်အကျွံစိတ်အနှောင့်အယှက်ပေးသည့်သူများလည်းရှိသည်။ သူခိုးများရှိသကဲ့သို့ မားပြများလည်းရှိသည်။ ဤအတိုင်းဆိုပါက လူမှုဝန်းကျင်သည် အဆင်မပြေနိုင်။ ယင်းအခါ ဥပဒေဆိုသည်ပေါ်ပေါက်လာပြီး ပြစ်မှုကိုစီရင်ဆုံးဖြတ်သည်။ ဆိုးသွမ်းသည့်သူကို ဖမ်းဆီးသည်။ ကောင်းသည့်သူကို မှန်ကန်သည့်အခွင့်အရေးများရရှိရန် အကာအကွယ်ပေးသည်။ ပိုင်ဆိုင်ခွင့်ကိုထိပါးခံရသည့်အခါ ပြန်ရအောင် လုပ်ဆောင်ပေးသည်။ တရားမမျှတသည့်ဆုံးရှုံးမှုဖြစ်သည့်အခါ တရားရုံးတွင် တိုင်တန်းပြီးလျော်ကြေးတောင်း၍ရသည်။ ဥပဒေဟုဆိုပါက ကြောက်စရာဟုထင်တတ်ကြပြီး တရားရုံးရောက်သည်ဟုပြောလိုက်ပါက မနှစ်မြို့စရာထင်မြင်ယူဆခြင်းသည် အာဏာကိုတုန်နေအောင်ကြောက်ခဲ့ရစဉ်က

အကျင့်များ ကျန်နေသေးသောကြောင့်ဖြစ်သည်။ ဒီမိုကရေစီနိုင်ငံက ပြည်သူများသည် အခွင့်အရေးများကို အသုံးမချ၍ မဖြစ်ပါ။ မှန်ကန်သည့် အခွင့်အရေးဆိုခြင်းသည် ရဲရဲရင့်ရင့်နှင့် ဥပဒေကိုမူတည်ပြီး တိုက်ခိုက်ယူရမည်ဖြစ်သည်။ ဥပဒေ၊ တရားရုံးဆိုသည် များသည် ပြည်သူများနှင့် ဖွဲ့စည်းထားသည့် ဘက်တော်သားများ ဖြစ်နေရမည်။

တစ်ချိန်တည်းမှာ ဥပဒေအရအခွင့်အရေးကို အခိုင်အမာပြောဆိုခြင်း တစ်ခုတည်းကိုသာ အလျင်စလိုလုပ်ပြီး တာဝန်ထမ်းဆောင်သည့်နေရာတွင် ဥပေက္ခာပြုထား၍ မဖြစ်သည်ကို ပြောစရာလိုမည်မထင်ပါ။ ဥပဒေကိုအသုံးချပြီး အားနည်းသူကိုအနိုင်ကျင့်၊ တရားမျှတမှုမရှိသည့် သဘောတူညီချက်များကို အဓမ္မလုပ်ဆောင်စေပြီး မမှန်ကန်သည့်အကျိုးအမြတ်များကိုလိုချင်လောဘကြီးခြင်းမျိုးသည် ဥပဒေကိုမကောင်းသည့်ဘက်တွင် အစွန်းရောက်အသုံးချခြင်းဖြစ်သည်။

အီတလီနိုင်ငံ ဗင်းနစ်မြို့တွင် အန်တိုနီဆိုသည့် စိတ်ကောင်းရှိသည့် ပြည်သူတစ်ယောက်ရှိသည်။ သူသည်သူငယ်ချင်းအတွက် ငွေချေးငှားရန်လိုသဖြင့် အတိုးအများကြီးယူသည့် ရှိုင်းလော့ထံမှ သုံးထောင်ချေးခဲ့သည်။ ငွေချေးစာချုပ်တွင် ပြန်မဆပ်နိုင်ပါက အသားကိုအလေးချိန်တစ်ပေါင်စာလှီးဖြတ်မည်ဟုရေးထားသည်။ အန်တိုနီယိုသည် ငွေပြန်မဆပ်နိုင်ခဲ့သည့်အတွက် ရှိုင်းလော့ကတိုင်တန်းပြီး ကတိအတိုင်းအသားကိုအလေးချိန်တစ်ပေါင်စာလှီးထုတ်မည်ဟု ဖိအားပေးသည်။ အန်တိုနီယိုငွေချေးလိုက်သည့် သူငယ်ချင်း၏ဇနီးပိုရှာသည် တရားသူကြီးဟန်ဆောင်ပြီး တရားရုံးကိုရောက်လာသည်။ ငွေချေးစာချုပ်တွင် အသားကိုအလေးချိန်တစ်ပေါင်စာလှီးဖြတ်မည်ဟုရေးထားသော်လည်း သွေးကိုထုတ်ယူမည်ဟုမရေးထားသည့်အတွက် သွေးတစ်စက်မှမထွက်စေဘဲအသားကို အလေးချိန်တစ်ပေါင်အတိအကျလှီးဖြတ်ယူ၍ ရမည်လားဟုဆိုသည်။ ရမည်ဆိုပါက လုပ်ကြရန်ဆုံးဖြတ်ချက်ချလိုက်ပြီး ရှိုင်းလော့ကိုအခက်တွေ့စေခဲ့သည်။ ယင်းသည် ရှိတ်စပီးယား၏ The Merchant of Venice ဆိုသည့် ဝတ္ထုဖြစ်သည်။ အဓိပ္ပာယ်မရှိသည့် သဘောတူစာချုပ်မျိုးရှိစရာအကြောင်းမရှိပါ။

ပစ္စည်းဥစ္စာဆိုခြင်းသည် သုံးစွဲပုံပေါ်မူတည်ပြီး အားနည်းသူကိုဒုက္ခပေးသည့် အင်အားကြီးမားသည့် လက်နက်ကြီးဖြစ်သည်။ ငွေကြေးဥစ္စာကြွယ်ဝချမ်းသာသူများ၏အကျိုးစီးပွားတစ်ခုတည်းကိုသာ တစ်ဖက်သတ်ထိန်းသိမ်းပေးသည့် ဥပဒေစနစ်မျိုးကို ပြည်သူများ၏ဆန္ဒနှင့် ပြင်ဆင်သွားရန်လိုအပ်သည်။

ပစ္စည်းဥစ္စာသည် လူများ၏စား၊ ဝတ်၊ နေရေးအတွက် မရှိမဖြစ်လိုအပ်သည့်အရာဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကိုကာကွယ်စောင့်ရှောက်ပြီး ဥပဒေသည် လက်ဝယ်ထားရှိခွင့်ကို ကာကွယ်စောင့်ရှောက်သည်။ လူမှုဝန်းကျင်တွင် နေထိုင်သည့်သူများအကြား ဆင်းရဲချမ်းသာကွာဟမှုကြီးမားလာသည့်အခါ ချမ်းသာကြွယ်ဝသူများ၏ အကျိုးအမြတ်များက ပိုမိုကြီးမားလာပြီး ဆင်းရဲသူများကပိုပြီး အခြေအနေဆိုးလာမည်ဖြစ်သည်။ ပြည်သူအားလုံးပျော်ရွှင်ချမ်းမြေ့မှုကို မျှဝေခံစားမည်ဆိုသည့် ဒီမိုကရေစီနိုင်ငံ၏စံရည်မှန်းချက် အလဟဿဖြစ်သွားမည်ကို ရှောင်လွှဲ၍မရနိုင်ပါ။ ယင်းဆိုးကျိုးကိုဖယ်ရှားရန်အတွက် စီးပွားရေးနယ်ပယ်တွင် ဒီမိုကရေစီဖော်ဆောင်ရန် အရေးကြီးဆုံးဖြစ်သည်။ တစ်ချိန်တည်းတွင် လူမှုဝန်းကျင်ထဲ၌ နေထိုင်လှုပ်ရှားသည့်လူများက ပစ္စည်းဥစ္စာဆိုသည့်အရာနှင့် ပတ်သက်ပြီး ကိုင်စွဲထားသည့်အတွေးအခေါ်များကို ပြောင်းလဲပစ်ရပါမည်။ ပိုင်ဆိုင်ခွင့်ဆိုခြင်းသည် ပိုင်ရှင်၏အကျိုးစီးပွားတစ်ခုတည်းအတွက်ရှိသည့် အရာများမဖြစ်ရပါ။ ပိုင်ဆိုင်သူများသည် ပိုင်ဆိုင်သည့်ပမာဏများပြားလေလေ၊ ယင်းပိုင်ဆိုင်မှုများကိုအသုံးပြုပြီး လူမှုဝန်းကျင်တိုးတက်အောင်အကျိုးပြုရန် တာဝန်ရှိလေလေဖြစ်သည်။ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်းသည် လူတစ်ဦးချင်းစီ၏ လူမှုဝန်းကျင်ဆိုင်ရာတာဝန်ကို ထမ်းဆောင်ခြင်းဖြစ်သည်ဆိုခြင်းကို မျက်မှောက်ခေတ် လူမှုဝန်းကျင်ပုံစံပိုင်ဆိုင်ခွင့်၏သဘောတရားထဲတွင် ရှင်းရှင်းလင်းလင်းဖော်ပြထားသည်။

လူမှုကျင့်ဝတ်

လူမှုဝန်းကျင်တွင် နေထိုင်သူအားလုံးသည် အသီးသီး၏တာဝန်ကို အလေးထား၍ ကိုယ်စီကိုယ်စီ၏အခန်းကဏ္ဍကိုလုပ်ဆောင်ပြီး အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်းသည် လူသားများလုပ်ဆောင်ရမည့် လူမှုကျင့်ဝတ် ဖြစ်သည်။ လူမှုကျင့်ဝတ်နှင့် ဥပဒေတို့သည် လူမှုဝန်းကျင်စနစ်တကျရှိမှုကို ထိန်းသိမ်းထားရန်အတွက်မရှိမဖြစ်လို အပ်သည့် အရာများဖြစ်သည်။ ယင်းနှစ်ခုတွင် ပါဝင်သည့်တာဝန်များက တူညီမှုများရှိနိုင်သော်လည်း မလိုက်နာမနေရသတ်မှတ်ထားခြင်းသည် ဥပဒေဖြစ်သည်။

လူမှုကျင့်ဝတ်အရတာဝန်သည် မိမိကိုယ်တိုင်ကအသိစိတ်ဓာတ်နှင့် မိမိသဘောနှင့် မိမိလုပ်ဆောင်သွားခြင်းပင်ဖြစ်သည်။ ယင်းသည်လူမှုဝန်းကျင်၏ တန်ဖိုးဖြစ်သည်။ ထို့ပြင် ဥပဒေအရတာဝန်ကိုလည်း နိုင်ငံတော်က အတင်းအကျပ်လုပ်ဆောင်ခိုင်းရသည်မျိုးမဟုတ်ဘဲ၊ ပြည်သူများက မိမိသဘောနှင့် မိမိလုပ်ဆောင်ရန်လိုအပ်သည်။ လူမှုကျင့်ဝတ်အရ တာဝန်များကိုလိုက်နာစောင့်ထိန်းခြင်းမပြုတော့သည့်အခါတွင် ဥပဒေအရမဖြစ်မနေကြေပ်မတ်ရုံသာရှိသည်။ ထို့ကြောင့် ဥပဒေသည်လည်း လူမှုကျင့်ဝတ်ကို အခြေခံထားခြင်းမဟုတ်ခဲ့ပါလျှင် အပြည့်အဝလိုက်နာကြမည်မဟုတ်သကဲ့သို့ လူမှုကျင့်ဝတ်သည်လည်းဥပဒေနှင့် ယှဉ်တွဲမနေပါက အားနည်းမှုရှိမည်ဖြစ်သည်။

ဥပမာ - ရထားမောင်းသူသည် မီးပွိုင့်ကိုအမြဲတမ်းသတိထား၍ တာဝန်ယူစိတ်အပြည့်နှင့် မောင်းရပါမည်။ သူငယ်ချင်းနှင့် စကားပြောသည့်ဘက်သို့ အာရုံရောက်သွားပြီး မတော်တဆမှုဖြစ်ခြင်း၊ သတိလက်လွတ်နှင့်လူကို ဝင်တိုက်ခြင်းများလုပ်မိလျှင် ဥပဒေအရပြစ်ဒဏ်ခတ်ခံရပါသည်။ မောင်းနှင်သူများအစုသည် ဥပဒေအရပြစ်ဒဏ်ချမှတ်ရမည်ကို ကြောက်၍မဟုတ်၊ လူအများ၏အသက်ကိုတာဝန်ယူထားရသည်ဆိုသည့် ကြီးမားသည့် တာဝန်ကိုသိထားပြီး မိမိသဘောနှင့် မိမိသတိထားကာ လုံးဝအမှားအယွင်းမဖြစ်စေရန် ရထားကိုမောင်းနှင်နေခြင်းသာဖြစ်ရမည်။ ရထားမောင်းသူများသည် ဥပဒေအရသတ်မှတ်ပေးထားသော တာဝန်များ

သည် လူမှုကျင့်ဝတ်အရလိုက်နာရမည့်တာဝန်ဖြစ်သည်။ အခြားဥပမာ တစ်ခုအနေနှင့် အခြားသူများထံကချေးငှားထားသည့် အရာများကို ပြန်ပေးခြင်းသည် လူမှုကျင့်ဝတ်အရတာဝန်ဖြစ်သည်။ သူငယ်ချင်း ထံမှငှားထားသည့် စာအုပ်ကိုမမေ့မလျော့ပြန်ပေးလိုစိတ်ရှိသည်မဟုတ် ပါလား၊ အခက်အခဲတွေ့နေချိန်တွင် မိမိကိုတစ်စုံတစ်ယောက်က ငွေချေးသည် ဆိုပါက ပြန်မတောင်းရဘဲ အဆင်ပြေသည်နှင့် ပြန်ဆပ်ကြသည်မဟုတ် ပါလား။ လူများတွင်လည်း စကားကို ဗလောင်းဗလဲပြောဆိုပြီး ချေးထားသည့် အရာများကို ပြန်မပေးသည့်သူများရှိသည်။ ထိုအခါတွင် ဥပဒေနှင့် အတင်း အကျပ်ပြန် ပေးခိုင်းရခြင်းများဖြစ်လာသည်။ လူမှုကျင့်ဝတ်အရတာဝန်ကို ပျက်ကွက်ပါက ဥပဒေနှင့် အတင်းအကျပ်လုပ်ဆောင်ရန် လိုအပ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။

လူမှုကျင့်ဝတ်နှင့် ဥပဒေဆိုသည် မော်ကော်ကားဘီးများကဲ့သို့ တစ်ခုနှင့်တစ်ခု နက်နက်ရှိုင်းရှိုင်းဆက်သွယ်နေပြီး စည်းစနစ်ကျစွာ အတူ တကွယှဉ်တွဲနေထိုင်မှုကို ထိန်းသိမ်းထားခြင်းဖြစ်သည်။ နေ့စဉ်လူမှုဝန်းကျင် အတွင်းနေထိုင်ရာတွင် ဥပဒေအရအရေးယူစေရန်တိုင်းကြားရသည်အထိ မဖြစ်ဘဲ၊ လူမှုကျင့်ဝတ်၏စွမ်းအားနှင့်ပင် စနစ်တကျဖြစ်နေပါက အကောင်း ဆုံးဖြစ်သည်။

ဒီမိုကရေစီလူမှုဝန်းကျင်တွင် အရာအားလုံးထက်အရင်ဆုံး လူသားချင်းတစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်လေးစားရမည်ဆို သည့်စိတ်ဓာတ်ကို မွေးမြူရမည်ဖြစ်သည်။ တစ်ဦးချင်းစီ၏လွတ်လပ်ခွင့် အပေါ် အလေးထားမှုကို အသိအမှတ်မပြုတစ်ဦးချင်းစီ၏ဂုဏ်သိက္ခာကို နားလည်မှုမရှိသည့်သူသည် အခြားသူ၏လွတ်လပ်ခွင့်ကိုပိတ်ပင်၊ အခြား သူ၏အကျင့်စရိုက်ကိုစော်ကားခြင်းများကို မဆင်မခြင်လုပ်တတ်သည်။

လူသားအဖြစ်မွေးဖွားလာပြီး တစ်ဦးတစ်ယောက်တည်းနေထိုင် သွား၍မရပေ။ လူများသည် မွေးဖွားလာချိန်မှစ၍ အပြန်အလှန်မှီခိုရင်း အလုပ်လုပ်ကြရသည်။ အခြားသူများ၏လုပ်အားကြောင့် အဆင်ပြေပြေ နေထိုင်စားသောက်နိုင်သည်။ အားလုံးနေထိုင်သည့် လူမှုဝန်းကျင်ကို

တတ်နိုင်သမျှကောင်းမွန်စေရန် စိတ်ချမ်းသာစရာဖြစ်စေရန် လုပ်ဆောင်ရန် သည် အားလုံး၏တာဝန်ဖြစ်သည်။ တစ်ဦး၏ထူးခြားချက်ကို တစ်ဦးက အသိအမှတ်ပြုပြီး၊ မိမိရောသူတစ်ပါးပါလွတ်လပ်ခွင့်ကို မမှန်မကန် ချုပ်ကိုင်ခြင်း မခံရစေရန်လုပ်ဆောင်ရင်း ကိုယ်တိုင်ကလည်းသူတစ်ပါး၏ လွတ်လပ်ခွင့်ကို လေးစားတန်ဖိုးထားရမည်။ ဤသို့လုပ်ဆောင်ပြီး အမြဲတမ်း အမှန်ကိုသာပြောကာ အမှန်တရားကိုသာအကောင်အထည်ဖော်ရန်အတွက် အစဉ်မပြတ်ရိုးသားဖြောင့်မတ်မှု၊ အမှန်တရားအတွက် အနှုံးမပေးမှုဟူသည့် သတ္တိရှိနေရပါမည်။ လူမှုဝန်းကျင်တစ်ခုတွင် ဒီမိုကရေစီဝါဒအောင်မြင်ခြင်း၊ အောင်မြင်မှုမရှိခြင်းကို အဆိုပါလူမှုဝန်းကျင်တွင် အများပြည်သူ၏ပျော်ရွှင် ချမ်းမြေ့မှုအတွက် စွန့်လွှတ်ပေးအပ်သည့် ရိုးသားဖြောင့်မတ်မှုနှင့် သတ္တိရှိ သောသူအနည်းအများက အဆုံးအဖြတ်ပေးခြင်းပင်ဖြစ်သည်။

အခန်း (၉)
စီးပွားရေးလှုပ်ရှားမှုနှင့် ဒီမိုကရေစီ

လွတ်လပ်စွာပြိုင်ဆိုင်လုပ်ဆောင်ခြင်းအကျိုးအမြတ်

ဒီမိုကရေစီစိတ်ဓာတ်ကို နိုင်ငံရေး၊ လူမှုရေးအတွင်းတွင်သာမက စီးပွားရေးလုပ်ဆောင်ရာတွင်လည်း ထည့်သွင်းသွားရန်လိုအပ်သည်။ စီးပွားရေးလုပ်ဆောင်မှုမရှိဘဲ လူသားများအသက်ရှင်နေထိုင်သွားရန် မဖြစ်နိုင်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမရှိဘဲ၊ လူသားများ၏ချမ်းသာပျော်ရွှင်မှုအစစ်အမှန်ရရန် ဆိုခြင်းသည်လည်းမဖြစ်နိုင်။ စီးပွားရေးလုပ်ဆောင်ခြင်း၏ရည်ရွယ်ချက်သည် ကျွန်ုပ်တို့၏စားဝတ်နေရေးဘဝတွင် ပေါများကြွယ်ဝမှုများရှိလာစေရန် လုပ်ဆောင်ခြင်းပင်ဖြစ်သည်။ အထူးသဖြင့် စီးပွားရေးလှုပ်ရှားမှုအတွင်းတွင်ရှိနေသည့် ဒီမိုကရေစီဝါဒ၏ တာဝန်ဝတ္တရားသည် လူသားတစ်ဦးအနေဖြင့် အသက်ရှင်နေထိုင်သွားနိုင်သည့် အခွင့်အရေးကိုလေးစားပြီး စီးပွားရေးအရတရားမျှတသည့် ခွဲဝေမှုကို အာမခံပေးခြင်းနှင့်အတူ လူသားအားလုံး၏လူနေမှုဘဝအဆင့်အတန်းကို တတ်နိုင်သမျှ မြှင့်တင်ပေးရန်၊ သာယာနေပျော်ဖွယ်လူမှုအသိုက်အဝန်းကို တည်ဆောက်သွားရန်တို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်ဖြစ်သည်။

ယနေ့စီးပွားရေးသည် အရင်းရှင်စနစ်၊ လွတ်လပ်သည့်စီးပွားရေးဘဝဟုခေါ်ကြသည့် အဖွဲ့အစည်းများကြောင့် တိုးတက်ဖွံ့ဖြိုးလာခဲ့သည်။ ရိုးရှင်းစွာဆိုရလျှင် အရင်းရှင်စီးပွားရေးစနစ်သည် လူတစ်ဦးတစ်ယောက်၊

ကုမ္ပဏီ၊ သမဝါယမစသည်များက ထုတ်လုပ်မှုနည်းလမ်းကို ကိုယ်ပိုင်အဖြစ် ထားရှိလုပ်ဆောင်သည့် စီးပွားရေးပုံစံမျိုးဖြစ်သည်။ ဥပမာ- မြေ၊ သတ္တုတွင်း၊ စက်ရုံစသည်များသည် ကုန်ပစ္စည်းထုတ်လုပ်နိုင်သည့် စွမ်းအားများကို ပိုင်ဆိုင်ကြသည်။ ထုတ်လုပ်ရေးအရင်းအနှီးများကို မည်သူမဆိုကိုယ်ပိုင် ပစ္စည်းအဖြစ် ပိုင်ဆိုင်နိုင်ကြပြီး ၎င်းတို့ကို အသုံးချခြင်းအားဖြင့် အမျိုးမျိုးသောလုပ်ငန်းများကို စီမံခန့်ခွဲလုပ်ကိုင်သွားသည့် စီးပွားရေး လုပ်ဆောင်မှုမျိုးသည် အရင်းရှင်ဒီးပွားရေးစနစ်ဖြစ်သည်။ အရင်းရှင် စီးပွားရေးစနစ်၏ သာမန်သဘောသဘာဝမှာ တစ်ဖက်တွင်အရင်းအနှီး ကိုပိုင်ဆိုင်ပြီး လုပ်ငန်းလုပ်ကိုင်နေသည့်အရင်းရှင် တစ်နည်းအားဖြင့် လုပ်ငန်းရှင်ကရှိနေပြီး တစ်ဖက်တွင် လုပ်ငန်းတွင် အလုပ်ခန့်ထားခံရသည့် အလုပ်သမားလည်းရှိသည်။ အရင်းရှင်သည် မိမိတွင်ရှိသည့်ပစ္စည်းများကို အရင်းအနှီးပြု၍ မိမိစိတ်ကြိုက်လုပ်ငန်းကိုလုပ်ကိုင်သည်။ လုပ်ငန်းတွင် အလုပ်ခန့်ထားခြင်းခံရသည့် အလုပ်သမားက လုပ်ခလစာယူပြီး အလုပ် လုပ်ကိုင်ကြသည်။ လုပ်ငန်းကထုတ်လုပ်လိုက်သည့် ကုန်ပစ္စည်းများကို ဈေးကွက်တွင်စုစည်းပြီး ၎င်းတို့ကို ဝယ်ယူရန်ဆန္ဒရှိသည့်၊ ဝယ်ယူနိုင်သည့် သူများက လွတ်လွတ်လပ်လပ်ဝယ်ယူကြသည်။ အရင်းရှင်စီးပွားရေးစနစ်ဆို သည်မှာ ဤနည်းဖြင့်လည်ပတ်လှုပ်ရှားနေသည်။

ထို့ကြောင့် အရင်းရှင်စီးပွားရေးဝါဒသည် တိုင်းပြည်၏အုပ်ချုပ်မှု အောက်တွင် ရှိမနေဘဲလွတ်လပ်သည့်ပုံစံရှိသည့် စီးပွားရေးအဖြစ် တိုးတက် လာခဲ့သည်။ လွတ်လပ်သည့် စီးပွားရေးသည် နိုင်ငံရေးအရလွတ်လပ်သည့် ဝါဒနှင့်လည်း နက်နက်ရှိုင်းရှိုင်း ပတ်သက်နေသည်။ မြေရှင်ယာရှင်ဝါဒ၊ သက်ဦးဆံပိုင်ဝါဒများကြီးစိုးသည့်ခေတ်တွင် ပြည်သူလူထုသည် နိုင်ငံရေး အရ လွတ်လပ်မှုမရှိကြ။ နိုင်ငံရေးအရလွတ်လပ်မှုမရှိသည့် နိုင်ငံတစ်နိုင်ငံ တွင် စီးပွားရေးသည်လည်း လွတ်လပ်မှုမရှိပေ၊ မြေယာရှင်ခေတ်တွင် စက်မှုလုပ်ငန်း လုပ်ကိုင်သူများနှင့် လယ်သမား များသည် မြေရှင်ယာရှင်များ၏ အာဏာအောက်တွင် ဖိနှိပ်မှုကိုခံခဲ့ကြရသည်။ ဗဟိုအုပ်ချုပ်မှုအားကောင်း သည့်စနစ်သည် သက်ဦးဆံပိုင်ဝါဒပုံစံနှင့် ပေါ်ပေါက်လာသည့်ခေတ်တွ

ပြည်သူလူထု၏စီးပွားရေးလုပ်ကိုင်မှုတွင် နိုင်ငံ၏ဝင်ရောက်စွက်ဖက်မှုကို အကြီးအကျယ်ခံရသည်။ တစ်ဖက်တွင် နိုင်ငံရေးနှင့် ပတ်သက်၍ ပြည်သူလူထုသည် မျက်စိပွင့်နားပွင့်လာပြီး မြေရှင်ယာရှင်စနစ်၊ သက်ဦးဆံပိုင်စနစ်များကျဆုံးလာသည်နှင့်အတူ စီးပွားရေးလုပ်ကိုင်မှုအပေါ်ဖိအားပေးမှု၊ ဝင်ရောက်စွက်ဖက်မှုများသည်လည်း ပျောက်ကွယ်လာသည်။ စီးပွားရေးအရ လုပ်ကိုင်ဆောင်ရွက်မှုများကိုလည်း တစ်ဦးတစ်ယောက်ချင်း၊ သို့မဟုတ် လုပ်ငန်းများအနေဖြင့် မိမိတို့စဉ်းစားတွေးခေါ်ထားသည့်အတိုင်း လွတ်လွတ်လပ်လပ်လုပ်ကိုင်လာနိုင်ခဲ့သည်။ ၁၉ ရာစု၏ စီးပွားရေးအရလွတ်လပ်လာသည့် လက္ခဏာများဖြစ်သည်။ ယနေ့ခေတ် အရင်းရှင်ဝါဒသည်စီးပွားရေးအရ လွတ်လပ်မှုကိုအခြေခံပြီး လျင်လျင်မြန်မြန်တိုးတက်ဖွံ့ဖြိုးလာခဲ့သည်။

လူပ်ရှားသက်ဝင်နေသည့် လူ့ဘောင်လောကအတွင်းတွင် စီးပွားရေးအဖွဲ့အစည်းအဖြစ်ပေါ်ပေါက်လာပုံကို လေ့လာသင့်သည်။ အရင်းရှင်ဝါဒသည် ခေတ်အလိုက် ပြောင်းလဲလှုပ်ရှားလာခဲ့သည်။ ၂၀ ရာစု၏အရင်းရှင်ဝါဒသည် ၁၉ ရာစုနှင့် မတူ ၁၉ ရာစုတွင်ရှိသည့် လွတ်လပ်သည့်စီးပွားရေးပုံစံမှာ ကောင်းကျိုးများရှိသကဲ့သို့ အားနည်းချက်များလည်းမနည်းလှပေ။ လွတ်လပ်သည့်စီးပွားရေး၏အားနည်းချက်ကို အဆင်ပြေသင့်လျော်သည့်အုပ်ချုပ်မှုနှင့် မှန်ကန်မှုရှိစေရန်ပြင်ဆင်ရမည်ဖြစ်သည်။ အထူးသဖြင့် အုပ်ချုပ်မှုလွတ်ကင်းနေသည့် အရင်းရှင်ဝါဒ၏ ကြီးမားသည့်ဆိုးကျိုးကို မွေးဖွားပေးနိုင်ခြင်းသည် သေချာပေါက်တွေ့ကြုံရမည်ဖြစ်သည်။ အရင်းရှင်စနစ်စီးပွားရေးနှင့် အများပြည်သူလူမှုဖူလုံရေးကို ပေါင်းစည်းပေးသွားရန်သည် စီးပွားရေးလုပ်ဆောင်မှုဖြစ်စဉ်အတွင်းမှ ဒီမိုကရေစီ၏ အခြေခံသဘောဝရားဖြစ်သည်။ ပထမဆုံးအနေဖြင့် ၁၉ ရာစုတွင် လွတ်လပ်သည့်စီးပွားရေးပုံစံကို အခြေခံထားသည့် အရင်းရှင်ဝါဒသည် မည်သည့်ပုံစံမျိုးနှင့် လှုပ်ရှားခဲ့သနည်း၊ စီးပွားရေးပညာရှင်များသည် မည်သို့သုံးသပ်ကြသနည်းဆိုသည်ကို စဉ်းစားကြည့်ကြရန်လိုပေမည်။

၁၉ ရာစုတွင် စီးပွားရေးအရလွတ်လပ်ခွင့်ကို အများဆုံးရရှိခဲ့သည်မှာ စီးပွားရေးလုပ်ငန်းများဖြစ်သည်။ အရင်းရှင်သည် မိမိလုပ်ကိုင်လိုသည့်အလုပ်၊ အမြတ်အစွန်းရနိုင်မည်ဟုယူဆသည့် လုပ်ငန်းများရင်းနှီးမြှုပ်နှံပြီး လွတ်လွတ်လပ်လပ်စီမံခန့်ခွဲကြသည်။ အမြတ်အစွန်းများသည့် လုပ်ငန်းကို လုပ်ကိုင်လိုသူများများပြားလာသည့်အတွက် အပြိုင်အဆိုင်များဖြစ်လာသည်။ အပြိုင်အဆိုင်များလာသည့်အတွက် ထုတ်လုပ်သူသည်လည်း တတ်နိုင်သမျှ ပစ္စည်းကောင်းကောင်းကို စျေးချိုချိုနှုန့် ထုတ်လုပ်ပြီး များများရောင်းရရန် ကြိုးစားတော့သည်။ သို့ရာတွင် ထုတ်လုပ်သူအရေအတွက်ကများနေပြီး သုံးစွဲမည့်သူမရှိပါက ပစ္စည်းမရောင်းရနိုင်ပါ။ ထိုအခါတွင်အရင်းရှင်သည် လိုအပ်ချက်များသော အခြားပစ္စည်းကို ထုတ်လုပ်ရန်ရည်ရွယ်ပြီး ကြိုးစားလာသည်။ ဤသို့ဖြင့် မမြင်နိုင်သည့်လက်တစ်စုံသည် အကူအညီပေးလိုက်သည့်သဘောဖြစ်လာသည်၊ ထုတ်လုပ်မှုနှုန့် လိုအပ်ချက်မျှတသွားပြီး အရင်းရှင်အနေဖြင့်လည်း အမြတ်အစွန်းရရန် ထုတ်လုပ်မှုကို လုပ်ကိုင်သကဲ့သို့ လူမှုအဖွဲ့အစည်းအတွင်းတွင် နေထိုင်နေသူများအနေဖြင့်လည်း ငွေသာရှိပါက မည်သည့်အရာမဆိုဝယ်ယူလာနိုင်သည်။ ဤသို့သောနည်းဖြင့် ထုတ်လုပ်မှုလည်းတိုး၊ ပြည်သူထူထူ၏ စိတ်ချမ်းသာပျော်ရွှင်မှုလည်းတိုးပြီး လူသားအားလုံး၏ အခြေခံကျသည့် လိုအပ်ချက်ကို ဖြည့်စွမ်းပေးနိုင်သည့် မြင့်မားသည့်လူနေမှုအဆင့်အတန်းကို ထိန်းသိမ်းသွားနိုင်လာသည်။ Adam Smith ဟုခေါ်သည့် ဗြိတိန်နိုင်ငံ၏ နာမည်ကြီး စီးပွားရေးပညာရှင်သည် စီးပွားရေးအရလွတ်လပ်မှုအတွင်းတွင်ရှိသည့် စီးပွားရေးလုပ်ငန်းလွတ်လပ်မှု၏အရေးပါပုံ၊ အထူးသဖြင့် "လွတ်လပ်စွာပြိုင်ဆိုင်မှု၏အကျိုးရှိပုံ" ကို ရှင်းလင်းပြခဲ့သည်။

လက်တွေ့တွင် လွတ်လပ်စွာပြိုင်ဆိုင်မှုသည် အရင်းရှင်ဝါဒ စီးပွားရေး၏ မူလဘူတအင်အားဖြစ်သည်။ ယင်းကို ကျွမ်းကျွမ်းကျင်ကျင် အသုံးချနိုင်မှုအပေါ်မူတည်ပြီး အရင်းရှင်ဝါဒ၏တန်ဖိုးနှင့် အဓိပ္ပာယ်ကို သတ်မှတ်ခြင်းဖြစ်သည်။ Adam Smith ၏လွတ်လပ်သည့် စီးပွားရေးသီအိုရီသဘောတရားကိုအခြေခံအဖြစ်ထားပြီး လွတ်လပ်စွာပြိုင်ဆိုင်မှုကို ချောချော

မွေ့မွေ့ဆောင်ရွက်သွားနိုင်မည့်အခြေအနေမျိုးကို လက်တွေ့ကျကျစဉ်းစားကြည့်ကြပါစို့။

လူတစ်ဦးသည် မိမိပိုင်ဆိုင်သည့်အရင်းအနှီး သို့မဟုတ် သူတစ်ပါးဆီမှ ချေးငှားထားသည့်အရင်းအနှီးနှင့် အလုပ်သမားငှား၊ စက်ပစ္စည်းသွင်း၊ ကုန်ကြမ်းဝယ်ပြီး မိမိအနေနှင့် အမြတ်အစွန်းရမည်ဟု ထင်မှတ်ထားသည့်ပစ္စည်းကို ထုတ်လုပ်မည်ဆိုကြပါစို့။ အခြားသူလည်း ၎င်းပစ္စည်း အမြတ်အစွန်းရနိုင်သည်ဆိုသည်ကိုသဘောပေါက်ပြီး ၎င်းလုပ်ငန်းမျိုးကို လုပ်ကိုင်လာမည်ဆိုလျှင် သူတို့နှစ်ဦးကြားတွင် လွတ်လပ်သည့်ပြိုင်ဆိုင်မှုပေါ်ပေါက်လာတော့သည်။ တစ်ဖက်တွင် စားသုံးသူသည် လွတ်လွတ်လပ်လပ်နှင့် မိမိကြိုက်နှစ်သက်သည့်ကုန်ပစ္စည်းကို ရွေးချယ်နိုင်သည့်အတွက် စျေးလည်းချို၊ အရည်အသွေးလည်းကောင်းသည့် ပစ္စည်းမျိုးများကိုသာ ဝယ်ယူမှုများသည်။ ထို့ကြောင့် စျေးသက်သာပြီးကောင်းသည့် ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းရှင်များသည် အခြားလုပ်ငန်းရှင်များထက် ပိုမိုရောင်းရပြီး အမြတ်အစွန်းလည်းများများပိုရလေ့ရှိသည်။ ၎င်းနှင့်ဆန့်ကျင်ဘက်ဖြစ်သော အရည်အသွေးလည်းညံ့၊ စျေးလည်းကြီးသည့် ပစ္စည်းမျိုးရောင်းချသည့် သူများအနေနှင့် စားသုံးသူများ၏သဘောကျနှစ်သက်ခြင်းကိုမခံရသည့် အတွက် ပစ္စည်းရောင်းမထွက်ဘဲထုတ်လုပ်ရာတွင် ကုန်ကျသည့်စရိတ်ကိုကာမိရန်ခက်ခဲလာသည်။ ထိုအခါ ကုန်ထုတ်လုပ်မှုကုန်ကျစရိတ်ကို လျှော့ချခြင်း၊ နည်းပညာပိုင်းကိုပြုပြင်ပြောင်းလဲမှုလုပ်ဆောင်ခြင်း၊ မိမိ၏ထုတ်ကုန်နှင့် ပတ်သက်၍ တီထွင်ဖန်တီးမှုများလုပ်ဆောင်ခြင်းများနှင့် အခြားလုပ်ငန်းရှင်ကို ယှဉ်ပြိုင်နိုင်မည့်ပစ္စည်းမျိုးကို ထုတ်လုပ်ရန်ကြိုးစားသည်။ ဤနည်းဖြင့် လူ့အဖွဲ့အစည်းအတွင်းတွင် ပစ္စည်းကောင်းကို စျေးနှုန်းချို့ချို့သာသာနှင့် ရနိုင်လာပြီး သုံးစွဲသူက သဘောကျနှစ်သက်သလောက် အမြတ်အစွန်းများလည်းတိုးပွားလာသည်။

ပြိုင်ဆိုင်မှုများပြင်းထန်လာပြီး ပစ္စည်းတူများကို လိုအပ်သည်ထက်ပိုပြီး ထုတ်လုပ်လာသည့်အခါ အောက်အဆင့်တွင်ရှိနေသည့် ထုတ်လုပ်သူများအနေဖြင့် ယင်းပစ္စည်းကိုဆက်လက်ထုတ်လုပ်၍ အမြတ်ရရန်ခက်ခဲလာ

သည်။ ထိုအခါ ပထမဆုံးလုပ်ကိုင်ခဲ့သည့် ကုန်ပစ္စည်းထုတ်လုပ်မှုကို ရပ်တန့်ပြီး အခြားပစ္စည်းတစ်မျိုးကို ပြောင်းလဲထုတ်လုပ်ရန်လုပ်ဆောင်လာကြသည်။ ပထမပစ္စည်း၏ထုတ်လုပ်မှုနှင့် လိုအပ်ချက်သည် အလိုအလျောက် မျှတသွားပြီး ကုန်ကြမ်းနှင့်လုပ်အားများ အလဟဿဆုံးရှုံးမှုသည်လည်း နည်းသွားသည်။ တစ်ဖက်တွင် ဒုတိယပစ္စည်းထုတ်လုပ်မှုနှင့် ပတ်သက်ပြီး ကြည့်လျှင် ဒုတိယပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းလောကတွင် လူသစ်တစ်ယောက်တိုးလာခြင်းဖြစ်သည့်အတွက် ပိုပြီးကြိုးစားလုပ်ကိုင်ကြသည်။ အရည်အသွေးညံ့သည့် ပစ္စည်းမျိုးထုတ်လုပ်သူသည်ပြိုင်ဆိုင်မှုတွင်ရှုံးနိမ့်ပြီး ပစ္စည်းကောင်းထုတ်လုပ်သူသာလျှင်စျေးကွက်တွင် ကျန်နိုင်မည်ဖြစ်သည်။ ဤသို့သော ဖြစ်စဉ်မျိုးအကြိမ်ကြိမ်အဖန်ဖန်ဖြစ်ပွားနေသည့် လူအဖွဲ့အစည်းအတွင်းတွင် အရင်းအနှီး၊ ငွေ၊ လုပ်အား၊ အဆောက်အအုံ၊ ကုန်ကြမ်းများကို ထိထိရောက်ရောက်သုံးစွဲခြင်းကြောင့် ထုတ်လုပ်မှုစွမ်းအားသည်လည်းအလို အလျောက်မြင့်မားသည့်အဆင့်အတန်းသို့ ရောက်ရှိသွားမည်ဖြစ်သည်။ အရင်းရှင်စနစ်ကိုထောက်ခံသည့်အနေဖြင့် တရားရေးရာပညာရှင်များသည် ယခုကဲ့သို့ လွတ်လပ်စွာပြိုင်ဆိုင်ခြင်းမှ ပေါ်ထွက်လာသည့်ထိရောက်မှုကို အသားပေးပြောဆိုလေ့ရှိကြသည်။

၎င်းသဘောတရားကို စားသုံးသူများဘက်မှကြည့်ပါလျှင် စီးပွားရေးအရ လွတ်လပ်စွာလုပ်ပိုင်ခွင့်ရှိမှုသည် "စားသုံးသူ၏လွတ်လပ်ခွင့်" ဟုလည်း အဓိပ္ပာယ်ယူ၍ရနိုင်သည်။ လူမှုအဖွဲ့အစည်းအတွင်း၌ နေထိုင်စားသောက်လျက်ရှိနေကြသည့်လူသားများသည် ကုန်ပစ္စည်းကို ကိုယ်စီကိုယ်ငှလွတ်လပ်စွာ ရွေးချယ်နိုင်ခွင့်ရှိကြသည်။ မည်သူမဆို မိမိအလိုရှိဆုံးပစ္စည်းကိုတတ်နိုင်သမျှစျေးချိုချိုနှင့် ဝယ်ယူနိုင်ရန်လုပ်ဆောင်ကြသည်။ စျေးကြီးလျှင် အရောင်းထိုင်းမည်ဖြစ်သဖြင့် ပစ္စည်းစျေးနှုန်းကို စားသုံးသူသည်ဝယ်၍အဆင်ပြေနိုင်မည့် အဆင့်လောက်သာထားတတ်ကြသည်။ စားသုံးသူ၏လွတ်လပ်ခွင့်သည့် လွတ်လပ်စွာပြိုင်ဆိုင်မှုကိုအားပေးပြီး လွတ်လပ်စွာပြိုင်ဆိုင်မှုကြောင့် စားသုံးသူကိုစိတ်ကျေနပ်မှုပေးနိုင်မည့် ကုန်စွည်းများကို လိုအပ်ချက်ပြည့်မီသည့်ပမာဏအထိ ထုတ်လုပ်ခဲ့သည်။

လွတ်လပ်စွာပြိုင်ဆိုင်မှုကိုသာ အဆင်ပြေပြေချောချောမွေ့မွေ့နှင့် လုပ်ဆောင်နိုင်မည်ဆိုပါက ဤသို့သော အကျိုးကျေးဇူးများရှိလာသည်။ အထူးသဖြင့် ၁၉ ရာစုတွင် စီးပွားရေးလွတ်လပ်မှုဝါဒသည် လွတ်လပ်စွာပြိုင်ဆိုင်မှုက ယူဆောင်လာသည့် အကျိုးအမြတ်ကို အများဆုံးဖော်ထုတ်ပေးနိုင်ခဲ့ပြီး ယင်းရလဒ်သည်လည်း အဆင်ပြေပြေပေါ်ပေါက်လာနိုင်မည်ဟု ယုံကြည်ထားကြသည်။ တစ်နည်းအားဖြင့် လူမှုအသိုက်အဝန်းအတွင်းတွင် နေထိုင်သည့် လူတစ်ဦးတစ်ယောက်ချင်းစီသည် မိမိတို့၏အကျိုးအမြတ်ကို လိုလားပြီး လုပ်ကိုင်ဆောင်ရွက်သွားမည်ဟုဆိုပါက အလိုအလျောက်အများ၏ အကျိုးအမြတ်နှင့် ဆက်စပ်သွားမည်ဖြစ်သကဲ့သို့ စီးပွားရေးတိုးတက်မှုနှင့်အတူ ပြည်သူလူထု၏ပျော်ရွှင်ချမ်းမြေ့မှုသည်လည်း တိုးတက်လာမည်ဟုယူဆခဲ့ကြခြင်းဖြစ်သည်။ ဤနည်းဖြင့် အရင်းရှင်ဝါဒသည် လွတ်လပ်သည့်စီးပွားရေးလုပ်ငန်းများကိုအုတ်မြစ်ချပြီး ခိုင်ခိုင်မာမာတိုးတက်လာခဲ့ခြင်းဖြစ်သည်။

လက်ဝါးကြီးအုပ်ခြင်း၏ဆိုးကျိုး

လွတ်လပ်သည့်စီးပွားရေးလုပ်ကိုင်မှုသည် အားသာချက်အမျိုးမျိုးရှိသည်။ လွတ်လပ်စွာပြိုင်ဆိုင်ခွင့်တွင် လူ့အဖွဲ့အစည်းအတွင်းမှ စီးပွားရေးလှုပ်ရှားမှုများကို သွက်လက်လာစေသည့် အင်အားမျိုးရှိသည်ဆိုသည့် အချက်သည် ၁၉ ရာစုတွင် လွတ်လပ်သည့်အတွေးအခေါ်မျိုးရှိသည့် စီးပွားရေးပညာရှင်များစဉ်းစားခဲ့သည့်အတိုင်းဖြစ်သည်။ လူတစ်ဦးတစ်ယောက်ချင်းစီသည် မိမိတို့အကျိုးအတွက်သာစဉ်းစားပြီး စီးပွားရေးလှုပ်ရှားမှုကို ဖြစ်လိုရာဖြစ်စေရန်ဟု မျက်ကွယ်ပြုလိုက်မည်ဆိုပါက လူ့အဖွဲ့အစည်းတစ်ခုလုံး၏ အကျိုးအမြတ်သည် အဆင်ပြေပြေနှင့် တိုးပွားလာနိုင်မည်ဟုထင်ပါသလား။ တကယ့်လက်တွေ့တွင် အဆင်ပြေပြေနှင့် တိုးတက်လာမည်မဟုတ်ပါ။

သမိုင်းတွင်ရခဲ့သည့်သင်ခန်းစာအရပြောရမည်ဆိုပါက အုပ်ချုပ်ရေးလုံးဝမပါဘဲလုပ်ဆောင်သည့် စီးပွားရေးမျိုးသည် ဆုံးရှုံးမှုအမျိုးမျိုးနှင့်ကြုံတွေ့ရလေ့ရှိသည်။ ဤသို့ဖြစ်ရသည်မှာ အကြောင်းရင်းအမျိုးမျိုးရှိပြီး ယင်းတို့အထဲမှ အရေးအပါဆုံးအကြောင်းရင်းသည် လက်ဝါးကြီးအုပ်ခြင်းဖြစ်သည်ဟု

စဉ်းစားနိုင်သည်။ လက်ဝါးကြီးအုပ်သည်ဆိုခြင်းသည် အပြိုင်အဆိုင်ဖြစ်နေသည့် လုပ်ငန်းရှင်များသည် နောက်ဆုံးအထိယှဉ်ပြိုင်ခြင်းမျိုးမလုပ်တော့ဘဲ ပြိုင်နေစဉ်ကာလအတွင်းတွင် စာချုပ်ချုပ်လိုက်ခြင်း၊ သို့မဟုတ်အကျိုးတူပူးပေါင်းလိုက်ခြင်းအားဖြင့် ဈေးနှုန်း၊ ထုတ်လုပ်မှုပမာဏ၊ ဈေးကွက်များကို မိမိတို့စိတ်ကြိုက်ဆုံးဖြတ်ပြုပြင်လိုက်ခြင်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့် ယှဉ်ပြိုင်ခြင်းကြောင့် ဖြစ်ပေါ်လာမည့် အပြန်အလှန်တိုက်ခိုက်မှုများကို ရှောင်ရှားရန်အတွက် အဆင့်တစ်ခုတွင် ပြိုင်ဆိုင်မှုကိုရပ်တန့်လိုက်ပြီး ဆွေးနွေးညှိနှိုင်းပြီးသည့်နောက် ဈေးကွက်ကို လက်ဝါးကြီးအုပ်ချုပ်ကိုင်မှုအောက်တွင် ထားလိုက်ခြင်းဖြစ်သည်။ ပြိုင်ဆိုင်မှုကိုရပ်တန့်ပြီး ပူးပေါင်းရန်လုပ်ဆောင်သည့် စီးပွားရေးလုပ်ငန်းအရေအတွက်များလျှင်များသကဲ့သို့ လက်ဝါးကြီးအုပ်ချုပ်ကိုင်မှုအင်အားသည်လည်း ယင်းနှင့် အတူ ပိုပြီးကြီးထွားလာလေ့ရှိသည်။ Cartel ၊ Trust ဟုခေါ်ကြသည့်အရာများသည် စီးပွားရေးလုပ်ငန်းလက်ဝါးကြီးအုပ်မှုများထဲမှ အဓိကကျသည့် အမျိုးအစားများပင်ဖြစ်သည်။

လက်ဝါးကြီးအုပ်မှု၏စွမ်းအားသည် အလွန်ကြီးမားသည်။ ယင်းစွမ်းအားကို ပိုင်ပိုင်နိုင်နိုင်သာအသုံးချနိုင်မည်ဆိုပါက လူမှုဖူလုံရေးကို တိုးပွားအောင်လုပ်ဆောင်ရာတွင် အကူအညီများစွာရနိုင်မည်ဖြစ်သည်။ တစ်နည်းအားဖြင့် လက်ဝါးကြီးအုပ်ပူးပေါင်းမှုများများလာမည်ဆိုပါက လုပ်ငန်း၏ပမာဏသည်လည်း ကြီးထွားလာမည်ဖြစ်သည်။ ဤမျှမက အခြေခံသဘောတရားအားဖြင့် လုပ်ငန်းကြီးလျှင်ကြီးသကဲ့သို့ ပစ္စည်းတစ်ခုချင်းစီ၏ထုတ်လုပ်မှုစရိတ်လည်း သက်သာလာသည်။ တဖန်အစွမ်းထက်သည့်နည်းပညာများကို အသုံးပြုခြင်း၊ တီထွင်ဖန်တီးမှုအသစ်များကိုပြုလုပ်ခြင်း၊ ကိုယ်ပိုင်သုတေသနဌာနများတည်ဆောက်ခြင်းစသည်များကြောင့် ပစ္စည်းကောင်းကို အရေအတွက်များများထုတ်လုပ်လာနိုင်သည်။ ထို့အပြင် လက်ဝါးကြီးအုပ်လုပ်ကိုင်ပြီး ပစ္စည်းအရေအတွက်များများထုတ်လုပ်နိုင်ခြင်းကြောင့် ပစ္စည်းကောင်းကိုစျေးသက်သက်သာသာနှင့် စားသုံးသူများထံဖြန့်ဝေပေးနိုင်မည်မှာ သေချာသည်။ ထို့ကြောင့် စက်မှုလုပ်ငန်းသည် အရင်းရှင်စနစ်၊ ဆိုရှယ်လစ်စနစ်ခွဲခြားမနေဘဲ လုပ်ငန်းကြီးအဖြစ်

တဖြည်းဖြည်းကြီးထွားသွားသည့် အနေအထားမျိုးကိုတွေ့ရသည်။ ထို့အပြင် လက်ဝါးကြီးအုပ်ချုပ်ကိုင်မှုများပြားလာသော်လည်း နိုင်ငံတစ်နိုင်ငံက ပစ္စည်းတစ်မျိုးကို လုပ်ငန်းတစ်စုတည်းကပင် ချုပ်ကိုင်မထားမချင်း၊ လွတ်လပ်စွာပြိုင်ဆိုင်မှုကြောင့် ဖြစ်ပေါ်လာသည့်အကျိုးအမြတ်များကို ဆုံးရှုံးမသွားနိုင်ပါ။ လုပ်ငန်းကြီးများအကြား ပို၍သက်သာမည့် ကုန်ပစ္စည်းမျိုးကိုထုတ်လုပ်ရန်ပြိုင်ဆိုင်ကြသည့်အခါ လူမှုအသိုက်အဝန်းအတွင်းရှိ လူနေမှုဘဝတွင် ကြီးမားသည့်သာယာပျော်ရွှင်မှုများရလာနိုင်သည်။ အထူးသဖြင့် သံမဏိထုတ်လုပ်ရေး၊ မီးရထားလုပ်ငန်းစသည်တို့သည် အခြေခံကျပြီး လူထုအကျိုးစီးပွားနှင့် နက်နက်ရှိုင်းရှိုင်းပတ်သက်သည့် လုပ်ငန်းများ အဖြစ်တွေ့နိုင်သည်။ ဤလုပ်ငန်းများနှင့်ပတ်သက်လျှင် လုပ်ငန်းအရေအတွက်ကို ကန့်သတ်ထားရန်လိုအပ်သည်။

သို့ရာတွင် လက်ဝါးကြီးအုပ်ချုပ်ကိုင်လိုသည့်စီးပွားရေးလုပ်ငန်းတစ်ခုသည် ယခုကဲ့သို့အင်အားကောင်းသည့်နေရာ၌ အသုံးမချဘဲ မကောင်းသည့်နေရာတွင် အသုံးချမည်ဆိုပါက ဆုံးရှုံးမှုအမျိုးမျိုးကိုဖန်တီးသလိုဖြစ်လာပေမည်။ ဥပမာ - ပစ္စည်းများများထုတ်လုပ်သည့်အခါ ထုတ်လုပ်မှုစရိတ်ကို လျှော့ချပေးနိုင်ပါလျက်နှင့် လုပ်ငန်းရှင်သည် လက်ဝါးကြီးအုပ်ထားသည့် အနေအထားကိုအသုံးချပြီး ပစ္စည်းဈေးနှုန်းကို မိမိတို့အကြားမှာပင်ဆွေးနွေးပြီး ဆုံးဖြတ်လိုက်မည်ဆိုပါက သုံးစွဲသူအနေနှင့် ပစ္စည်းကို ဈေးကြီးကြီးနှင့် ဝယ်သုံးရတော့မည်ဖြစ်သည်။ ထို့အပြင် ပြိုင်ဘက်မရှိခြင်းကို အခွင့်ကောင်းယူပြီး ထုတ်လုပ်မှုနည်းပညာပိုင်းတွင် ရေသာခိုသည့်အခါ ပစ္စည်းအရည်အသွေးတိုးတက်လာရန်ဆိုသည်ကို မျှော်မှန်း၍မရနိုင်တော့ပေ။ ထို့အပြင် ပြိုင်ဘက်အသစ်သည် ယင်းလုပ်ငန်းလောကအတွင်းသို့ ဝင်ရောက်ရန်ကြိုးစားလာသည့်အခါ မိမိ၏ခိုင်မာသည့် ငွေကြေးအရင်းအနှီးကို လက်နက်သဖွယ်အသုံးချပြီး အချိန်အကန့်အသတ်နှင့် ဈေးနှုန်းကို လျှော့ချရောင်းခြင်းအားဖြင့် ပြိုင်ဘက်ကိုရှုံးနိမ့်အောင်လုပ်ဆောင်သည့်နည်းလမ်းမျိုးကိုလည်း လုပ်ဆောင်လာနိုင်သည်။ လွတ်လပ်စွာပြိုင်ဆိုင်မှုကြောင့် ဖြစ်ပေါ်လာသည့်အကျိုးအမြတ်သည်လည်း

ဆုံးရှုံးသွားရန်သာရှိသည်။ ထို့ကြောင့် လက်ဝါးကြီးအုပ်လုပ်ကိုင်ခြင်းကို ရှောင်ရှားရန်ခက်ခဲပြီး အကျိုးအမြတ်လည်း ထိုက်သင့်သလောက်ရှိသည့် အခြေအနေမျိုးတွင် လက်ဝါးကြီးအုပ်မှုအင်အားကို တစ်လွဲအသုံးချမှုအား ကာကွယ်ရန်၊ လွတ်လွတ်လပ်လပ်နှင့် တရားမျှတစွာပြိုင်ဆိုင်မှုကို လုပ်ဆောင်ရန်သည်စီးပွားရေးတွင် ဒီမိုကရေစီပုံစံပြောင်းလဲရန်အတွက် ကြီးမားသည့် ပြဿနာတစ်ခုပင်ဖြစ်သည်။

လက်ဝါးကြီးအုပ်ခြင်း၏ဆို့ကျိုးကိုဖယ်ရှားပြီး လွတ်လွတ်လပ်လပ်နှင့် မျှမျှတတယှဉ်ပြိုင်မှုကို လုပ်ဆောင်ရန်အတွက် ထိရောက်သည့်နည်းလမ်းတစ်ခုမှာ လက်ဝါးကြီးအုပ်ခြင်းကို ဥပဒေဖြင့်တားမြစ်ရန် သို့မဟုတ် ကန့်သတ်ရန်ဖြစ်သည်။ နိုင်ငံအနေဖြင့် ဆိုးကျိုးအများအပြားဖြစ်စေသည့် လက်ဝါးကြီးအုပ်ထားသည့် လုပ်ငန်းများကိုဖျက်သိမ်းရန်အမိန့်ပေးခြင်း၊ လုပ်ငန်း၏စီမံအုပ်ချုပ်မှုကိုစောင့်ကြည့်ပြီး မမှန်မကန်လုပ်ဆောင်ခြင်းကို တားမြစ်ခြင်းမျိုးများလုပ်မည်ဆိုပါက လက်ဝါးကြီးအုပ်ခြင်း၏ခြိမ်းခြောက်မှုမှ ကင်းဝေးနိုင်မည်ဖြစ်သည်။ ဂျပန်စီးပွားရေးတွင် အင်အားကြီးသည့် စီးပွားရေးလုပ်ငန်းစုကြီးများဖြို့ခွဲခံရခြင်းသည် ယင်းလုပ်ငန်းကြီးတွင် လက်ဝါးကြီးအုပ်လုပ်ကိုင်နေသည့် စရိုက်လက္ခဏာများရှိပြီး စစ်ဘက်ဆိုင်ရာ စီးပွားရေးကို အဓိကလုပ်ကိုင်လာခဲ့ကြခြင်းကြောင့်ဖြစ်သည်။ ယင်းအခြေအနေတွင် ပုဂ္ဂလိကလက်ဝါးကြီးအုပ်မှုကို တားမြစ်သည့်ဥပဒေကို အသစ်တစ်ဖန်ပြဋ္ဌာန်းလိုက်ခြင်းသည်လည်း တရားမျှတမှုရှိသည့် ရောင်းဝယ်ဖောက်ကားမှုစနစ်ကို ခိုင်မာအောင်လုပ်ရာ၌ အထောက်အပံ့ဖြစ်စေခဲ့သည်။

အရင်းရှင်ဝါဒနှင့် ဆိုရှယ်လစ်ဝါဒ

အရင်းရှင်ဝါဒကို ချောချောမွေ့မွေ့လုပ်ဆောင်နေသည့် အဖွဲ့အစည်းတစ်ခုမှတစ်ဖက်တွင် စီးပွားရေးအရလွတ်လပ်သည့် ဝါဒကိုကျင့်သုံးပြီး လွတ်လပ်သည့်လုပ်ငန်းစနစ်သည် တိုးတက်လာသော်လည်း အခြားတစ်ဘက်တွင် လွတ်လပ်သည့်လုပ်ငန်းစနစ်သည် ရှေ့သို့ရောက်လွန်းခြင်း

မဖြစ်ရစေရန် ထိန်းချုပ်ပေးသည်။ လက်ဝါးကြီးအုပ်မှုကို တားမြစ်သည့် အထိန်းအကွပ်များကိုထားရှိသည်။ တစ်ပြိုင်တည်းမှာ အသေးစား၊ အလတ်စား ကုန်သည်များနှင့် လယ်သမားများ၊ သမဝါယမများ၊ စားသုံးသူများ၊ သမဂ္ဂများ၊ အလုပ်သမားများ၊ အလုပ်သမားသမဂ္ဂများတည်ထောင်ပြီး မိမိတို့အသင်းအဖွဲ့အလိုက်အဆင့်အတန်းမြှင့်တင်ပြီး စီးပွားရေးလုပ်ဆောင်မှုကို တည်ငြိမ်မှုရှိစေရန်ပြုလုပ်သွားနိုင်ကြသည်။ နိုင်ငံအနေဖြင့် လူအဖွဲ့အစည်းဆိုင်ရာ မူဝါဒအမျိုးမျိုးကိုချမှတ် လုပ်ဆောင်ခြင်းအားဖြင့် အလုပ်လက်မဲ့၊ ဆင်းရဲမွဲတေမှု၊ စိတ်ပူပန်မှုများကိုတားဆီးရန်သို့မဟုတ် အနည်းဆုံးလျော့ကျစေရန် လုပ်ဆောင်နိုင်မည့် နည်းလမ်းများလည်းရှိပေသည်။

အရင်းရှင်ဝါဒထွန်းကားသည့်နိုင်ငံတွင် ပုဂ္ဂလိကလုပ်ငန်းများ၏ တိုးတက်မှုကို ဖိနှိပ်ချုပ်ခြယ်ခြင်းမျိုးရှောင်ရင်းဖြင့် အလွန်အမင်းတိုးတက်လာသည့် စီးပွားရေးလွတ်လပ်မှုကို ထိန်းညှိရင်းနိုင်ငံရေးကိုလည်း ဒီမိုကရေစီကျကျဆောင်ရွက်သွားခြင်းအားဖြင့် စီးပွားရေးပိုင်းတွင် ဒီမိုကရေစီထွန်းကားလာအောင် လျှင်မြန်စွာအကောင်အထည်ဖော်နေကြသည်။ အမေရိကန်ပြည်ထောင်စု ယခုထိလျှောက်လှမ်းလာခဲ့သည့်လမ်းကိုကြည့်ပါက အကြမ်းအားဖြင့် ဤလမ်းကြောင်းအတိုင်းလာခဲ့သည်ဟုပြောနိုင်သည်။

အရင်းရှင်ဝါဒသည် ခေတ်အလိုက်တဖြည်းဖြည်းတိုးတက်လာပြီး ကောင်းမွန်အောင်ပြုပြင်လာခဲ့သော်လည်း ဥရောပအရင်းရှင်နိုင်ငံများ၊ ဥပမာ-ဗြိတိန်အစရှိသည့် နိုင်ငံများသည် ၁၉ ရာစုကုန်ကာနီးခန့်တွင် လွတ်လပ်စွာစီးပွားရေးလုပ်ကိုင်ရာ၌ အကျပ်အတည်းများသိသိသာသာပေါ်ပေါက်လာခဲ့ပြီး အရင်းရှင်ဝါဒမှဆိုရှယ်လစ်ဝါဒဘက်သို့ တဖြည်းဖြည်းပြောင်းလဲသွားခဲ့သည်။

အရင်းရှင်ဝါဒကြီးစိုးသည့် လူမှုအသိုက်အဝန်းအတွင်းတွင် တစ်ဦးတစ်ယောက် သို့မဟုတ် ကုမ္ပဏီက ထုတ်လုပ်မှုနည်းပညာများကိုပိုင်ဆိုင်ပြီး အရင်းရှင်ဖြစ်သည့် ပုဂ္ဂလိကလုပ်ငန်းများက စီးပွားရေး၏အခရာဖြစ်လာသည်။ အရင်းအနှီးမပိုင်ဆိုင်သည့်သူများသည် ယင်းလုပ်ငန်းများတွင် အလုပ်ဝင်လုပ်ကြရပြီး လုပ်အားမှရရှိသည့်လခနှင့် စားဝတ်နေရေးကို

ဖြေရှင်းကြရသည်။ ဤနေရာ၌ အလုပ်သမားအနေနှင့် မိမိအလုပ် လုပ်လိုသည့်နေရာကို လွတ်လွတ်လပ်လပ်ရွေးချယ်နိုင်ပြီး မြေရှင်ယာရှင် ခေတ်ကဲ့သို့ ထုံးထမ်းစဉ်လာများ၊ လူများအပေါ် မူတည်ပြီး အလုပ် တစ်မျိုးတည်းကိုသာ လုပ်ကိုင်ရခြင်းမျိုးမရှိပါ။ ယင်းဘက်ကြည့်မည်ဆိုပါက လွတ်လပ်စွာ စီးပွားရေးလုပ်ဆောင်မှုတွင် "လွတ်လွတ်လပ်လပ်အလုပ် လုပ်ပိုင်ခွင့်"ဆိုခြင်းသည်ပါဝင်နေသည်။

ဤသို့ဆိုလျှင် အလုပ်သမားလွတ်လပ်ခွင့်ဆိုသည်မှာ အမှန်တကယ် ရှိနေပြီလား။

အရင်းရှင်စနစ်အောက်တွင် အလုပ်သမား၏နေထိုင်မှုစရိတ်ကို အလုပ်လုပ်ရာမှ ရရှိသည့်ဝင်ငွေနှင့် သုံးစွဲရခြင်းဖြစ်သည်။ အလုပ်သမား ဆိုသည်ကို ကျယ်ကျယ်ပြန့်ပြန့်ပြောမည်ဆိုပါက လယ်သမား၊ သာမန် လက်လုပ်လက်စားများပါဝင်ပေမည်။ ဤနေရာ၌ အဓိကအားဖြင့် စက်ရုံ များတွင် အလုပ်လုပ်ကိုင်သည့် အလုပ်သမားများနှင့် ပတ်သက်ပြီး စဉ်းစား ကြည့်ပါက-

အလုပ်သမားများသည် အလုပ်မရသည့်အခါမျိုး၊ အလုပ်ပြုတ်သည့် အခါမျိုးများ၌စားဝတ်နေရေးတွင် ချက်ချင်းဆိုသကဲ့သို့ အကျပ်အတည်း တွေ့နိုင်သည့်အတွက် မည်သည့်အခြေအနေတွင်ရှိနေစေကာမူ အလုပ်ရနိုင် သည့်နေရာမျိုးကိုရှာပြီး ယင်းနေရာတွင် အလုပ်လုပ်ကြရသည်။ လုပ်ခလစာနှင့် ပတ်သက်၍ တောင်းဆိုလိုသည့်အချက်များရှိသော်လည်း ဤနေရာတွင် အလုပ်မရဟုဆိုပါက စားဝတ်နေရေးကို ဖြည့်ဆည်းပေးရန်မဖြစ်နိုင်ခြင်း ကြောင့် အလုပ်ရှင်ဘက်၏ သတ်မှတ်ချက်များအတိုင်း မလွဲမရှောင်သာလက်ခံ ရလေ့ရှိသည်။ အလုပ်သမားသမဂ္ဂများပေါ် ပေါက်လာသည်နှင့်အမျှ အလုပ် သမားများသည် အလုပ်ရှင်များနှင့် တပြေးညီအနေအထားသို့ရောက်လာပြီး သတ်မှတ်ချက်များ၊ ကတိကဝတ်များကိုထားရှိနိုင်သည့် အခြေအနေဖြစ်လာ သည်။ ယင်းမတိုင်ခင်က အလုပ်အကိုင်နှင့် ပတ်သက်သည့် လွတ်လပ်ခွင့်၊ လွတ်လပ်စွာစာချုပ်ချုပ်ခွင့်ဟူ၍ပြောသော်လည်း အမည်ခံသာဖြစ်ပြီး စီးပွားရေးလုပ်ကိုင်မှု၏လွတ်လပ်ခွင့်ကို အဓိကအားဖြင့် အရင်းရှင်များ

ကသာ အကျိုးရှိရှိအသုံးချနေကြခြင်းဖြစ်သည်။ အရင်းရှင်ဝါဒတွင် ထုတ်လုပ်မှုပမာဏကိုများစေခြင်းအားဖြင့် ပြည်သူလူထု၏လူနေမှုအဆင့်အတန်းကို တိုးတက်လာစေမည်။ ဤမှထွက်ပေါ်လာသည့် အမြတ်အစွန်းက အရင်းရှင်ထံကိုသာ တစ်ဖက်သတ်စီးဆင်းသွားမှုအား ရှောင်လွှဲ၍မရနိုင်ပါ။

အရင်းရှင်ဝါဒသည် စီးပွားရေးလုပ်ငန်း၏လွတ်လပ်မှုကို အာမခံချက်ပေးထားသည့်အတွက် အလုပ်သမားအနေဖြင့်လည်း အခွင့်အရေးရသည့်အခါ အရင်းရှင်ဘဝကိုရောက်လာနိုင်သည်။ သို့ရာတွင် အခွင့်အရေးရသော်လည်း အရင်းအနှီးမရှိပါက အရင်းရှင်ဖြစ်လာနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် အထိန်းအကွပ်မရှိသည့် အရင်းရှင်ဝါဒအောက်တွင် အရင်းအနှီးပိုင်ဆိုင်သည်များနှင့် အလုပ်သမားများအကြား ကွဲပြားခြားနားမှုက သိသိသာသာပေါ်ထွက်လာသည်။ ဤအခါတွင် စီးပွားရေးအရမမျှတမှုပိုပြီးကြီးထွားလာခြင်းကို ရှောင်လွှဲနိုင်မည်မဟုတ်ပါ။ ထို့အပြင် အလုပ်သမားလူတန်းစားသည် လူမှုအဖွဲ့အစည်း၏ အများစုဖြစ်ခြင်းကြောင့် အထိန်းအကွပ်မရှိသည့်အရင်းရှင်ဝါဒသည် ပြည်သူများ၏သာယာပျော်ရွှင်မှုကို တတ်နိုင်သမျှမြှင့်တင်ပေးမည်ဆိုသည့် ဒီမိုကရေစီဝါဒ၏အခြေခံစိတ်ဓာတ်နှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေတော့သည်။

အရင်းရှင်ဝါဒနှင့် အတူပါလာသော ဤချို့ယွင်းချက်ကိုပြင်ဆင်ရန်အတွက် နည်းလမ်းနှစ်သွယ်စဉ်းစား၍ရသည်။ တစ်ခုမှာ အရင်းရှင်ဝါဒ၏ဖွဲ့စည်းတည်ဆောက်ပုံကိုမပြောင်းလဲဘဲ အရင်းရှင်နှင့် အလုပ်သမားအကြားကွာဟချက်နည်းပါးစေမည့် "လူမှုအဖွဲ့အစည်းမူဝါဒ"ကို အကောင်အထည်ဖော်မည့်နည်းလမ်းဖြစ်သည်။ တစ်နည်းအားဖြင့် လုပ်ခလစာ၊ အခြားသော အလုပ်အကိုင်နှင့် ပတ်သက်သည့် ကန့်သတ်ချက်များကို အလုပ်ရှင်အလုပ်သမားနှစ်ဦးနှစ်ဖက်ကြားတွင် ကတိကဝတ်ထားယုံသာထားခြင်းမျိုးမဟုတ်ဘဲ အနည်းဆုံးလုပ်အားခကို ဥပဒေနှင့် သတ်မှတ်ခြင်း၊ အလုပ်ချိန်ကို အများဆုံးမည်မျှအထိဟုသတ်မှတ်မှုအား အလုပ်သမားဘက်တွင် နစ်နာမှုများမရှိရစေရန် အစီအစဉ်ရေးဆွဲခြင်းများကို စဉ်းစားနိုင်သည်။ ဤမျှနှင့်မလုံလောက်သေးပါ။ အလုပ်သမားများပူးပေါင်း၍ အလုပ်ရှင်များနှင့်

အဖွဲ့လိုက်ညှိနှိုင်းဆွေးနွေးနိုင်မည့်အဖွဲ့အစည်းများကို ဖွဲ့စည်းတည်ထောင်လာကြသည်။ အလုပ်လုပ်သည့်လက်အစုံကို ပိုင်ဆိုင်ထားသည့် အလုပ်သမားများကသာ စည်းလုံးညီညွတ်ကြမည်ဆိုပါက ကြီးမားသည့် အင်အားတစ်ခုဖြစ်လာနိုင်သည်။ ထို့ကြောင့် အလုပ်ရှင်နှင့် အဖွဲ့လိုက်ညှိနှိုင်းသည့်အခါ အလုပ်သမားများ၏အနေအထားသည် ကောင်းလာနိုင်သည်။ အလုပ်သမားများသည် သမဂ္ဂများဖွဲ့စည်းပြီး သမဂ္ဂအင်အားကိုသုံး၍ လူနေမှုဘဝတိုးတက်လာရေး၊ အလုပ်လက်မဲ့ဖြစ်မှုကို တားဆီးရေးများကို လုပ်ဆောင်နိုင်ရန်ကြိုးပမ်းလာကြသည်။ ဂျပန်နိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အလုပ်သမားစည်းရုံးခွင့်၊ အဖွဲ့အစည်းအလိုက် ညှိနှိုင်းဆွေးနွေးခွင့်များကိုအာမခံပေးထားပြီး အလုပ်သမားသမဂ္ဂဥပဒေ၊ အလုပ်သမားဆိုင်ရာ ထိန်းညှိပြုပြင်ရေးဥပဒေများကို ပြဋ္ဌာန်းခဲ့သကဲ့သို့ အလုပ်သမားအကျိုးစီးပွားကိုအကာအကွယ်ပေးနိုင်မည့် အစီအစဉ်များကိုလည်း ဆောင်ရွက်ခဲ့သည်။ တစ်ချိန်တည်းတွင် အလုပ်သမားများ၏လုပ်ငန်းခွင်တွင် ဖြစ်ပျက်သည့် ထိခိုက်ဒဏ်ရာရမှုဆိုင်ရာအာမခံဥပဒေ၊ အလုပ်လက်မဲ့ဆိုင်ရာ အာမခံဥပဒေများကိုလည်းပြဋ္ဌာန်းခဲ့ပြီး အလုပ်သမားများ၏နေ့စဉ်ဘဝထဲမှ ပူပန်ကြောင့်ကြမှုများကို ဖယ်ရှားပေးနိုင်ရန်အတွက် ကြိုးပမ်းလုပ်ဆောင်လာခဲ့ကြသည်။

တစ်ဖက်တွင် လူမှုအဖွဲ့အစည်းဆိုင်ရာမူဝါဒများကို ပြည့်ပြည့်ဝဝကျင့်သုံးပြီး အခြားတစ်ဖက်တွင် အစည်းအရုံးသမဂ္ဂများ၊ စားသုံးသူအသင်းများပေါ်ပေါက်လာခြင်းကြောင့် အသေးစားနှင့်အလတ်စားလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများ၊ သုံးစွဲသူများအနေဖြင့် မိမိတို့အင်အားနှင့်မိမိတို့၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်မည်ဆိုပါက အရင်းရှင်ဝါဒ၏ကျောရိုးကို မပျက်စေဘဲ၊ စီးပွားရေးအရလွတ်လပ်မှုရနိုင်မည့် ရည်မှန်းချက်ကို ပြည့်မီအောင်လုပ်ဆောင်နိုင်မည်ဖြစ်သည်။

အရင်းရှင်ဝါဒ၏ချို့ယွင်းချက်များကို ဖြေရှင်းပေးနိုင်မည့်နောက်နည်းလမ်းတစ်ခုမှာ ဆိုရှယ်လစ်ဝါဒကိုကျင့်သုံးခြင်းပင်ဖြစ်သည်။ ယင်းအတွေးအခေါ်ကိုထုတ်ဖော်လာသည့် သူများ၏အဆိုအရ၊ လူမှုအဖွဲ့အစည်း

ဆိုင်ရာမူဝါဒကိုကျင့်သုံးသော်လည်း ကိုယ်ပိုင်ထုတ်လုပ်မှုကို အသိအမှတ်ပြုထားသည့် အရင်းရှင်ဝါဒ၏အခြေခံသဘောတရားကို မပြောင်းလဲသမျှ အလုပ်သမားများ၏အဆင့်သည် အခြေခံမှစ၍ကောင်းမွန်လာနိုင်မည်မဟုတ်ဟုဆိုသည်။ ဤနည်းလမ်းသည်ပျော့ပျောင်းသည့်နည်းလမ်းဖြစ်ပြီး၊ လူမှုအဖွဲ့အစည်းဆိုင်ရာမူဝါဒကျင့်သုံးယုံမျှဖြင့် အလုပ်ရှင်အလုပ်သမားအကြားပြဿနာကို ပြေလည်အောင်ဖြေရှင်းပေးနိုင်မည်မဟုတ်ဟု ယူဆကြသည်။ ဆိုရှယ်လစ်ဝါဒကို ထောက်ခံသူများသည် စီးပွားရေးအရသာတူညီမျှဖြစ်စေရေးကို အမှန်တကယ်အကောင်အထည်ဖော်နိုင်ရန်အတွက် အရင်းရှင်ဝါဒကိုစွန့်ပယ်ပြီးအရင်းအနှီးကို နိုင်ငံတော် သို့မဟုတ် အများပြည်သူအဖွဲ့အစည်း၏ လက်သို့လွှဲပြောင်းရန်မှလွဲ၍ အခြားလမ်းမရှိဟုဆိုကြသည်။ ဤသို့လုပ်ဆောင်ခြင်းအားဖြင့် အရင်းရှင်နှင့် အလုပ်သမားကြားက ပဋိပက္ခများချုပ်ငြိမ်းသွားမည်ဖြစ်သကဲ့သို့ ပြည်သူပိုင်လုပ်ငန်းဆိုသည့်ပုံသဏ္ဌာန်နှင့် ထုတ်လုပ်မှုစွမ်းအားကို တိုးမြှင့်သင့်သည်ဟုဆိုသည်။

ဆိုရှယ်လစ်ဝါဒီများက စီးပွားရေးအရအကျိုးအမြတ်ခွဲဝေမှုကို သာတူညီမျှဖြစ်စေရန်အတွက် အကောင်းဆုံးနည်းလမ်းမှာ အရင်းရှင်ဝါဒကြီးစိုးသည့် စီးပွားရေးအဖွဲ့အစည်းတစ်ခုလုံးကို အမြစ်လှန်ပြောင်းလဲပစ်ရမည်ဟု ပြောဆိုကြသည်။ အရင်းရှင်ဝါဒ၏ရပ်တည်ချက်မှပြောရမည်ဆိုပါက ထုတ်လုပ်မှုလုပ်ငန်းအားလုံးကိုနိုင်ငံ၏ ထိန်းချုပ်မှုအောက်သို့ပို့လိုက်သည့်အခါ ယခင်အခါကကဲ့သို့အကျိုးအမြတ်အတွက် လွတ်လွတ်လပ်လပ်အပြိုင်အဆိုင် လုပ်ဆောင်ကြသည့် တက်ကြွမှုပျောက်ဆုံးသွားမည်ဖြစ်သည့်အတွက် အရင်းရှင်ခေတ်ကကဲ့သို့ ထုတ်လုပ်ရေးကိုမြှင့်တင်သွားနိုင်မှုမရှိတော့မည်ကို စိုးရိမ်စရာဖြစ်လာသည်ဟုလည်းဆိုကြသည်။

ထုတ်လုပ်မှုကျဆင်းပြီး ကုန်ကြမ်းများသုံးစွဲနိုင်မှု၊ ထုတ်လုပ်မှုစရိတ်လျော့ချရန်နှင့် ပတ်သက်သည့် အသိစိတ်ဓာတ်ကျဆင်းလာမည်ဖြစ်ခြင်းကြောင့် အကျိုးအမြတ်ခွဲဝေမှုသည်သာတူညီမျှဖြစ်သော်လည်း လုပ်သားအင်အားစု၏လူနေမှုအဆင့်အတန်းမှာ အတိုင်းအတာတစ်ခုလုံးအနေအထားနှင့် ကျဆင်းသွားမည့်အန္တရာယ်ရှိသည်။ လွတ်လပ်စွာပြိုင်ဆိုင်

မှုမှပေါ်ထွက်လာသည့် အလိုအလျောက်ထိန်းညှိပေးသည့်ဖြစ်စဉ်သည် အောင်မြင်စွာလည်ပတ်နိုင်ခြင်းမရှိတော့သည့်အတွက် ဆိုရှယ်လစ်စီးပွားရေးစနစ်တွင် မည်သည့်ပစ္စည်းမဆိုမည်မျှများများထုတ်လျှင်ကောင်းမည်နည်းဆိုသည့် တိကျသည့်ဆုံးဖြတ်ချက်ကို ချမှတ်ရန်ခက်ခဲစေပြီး ရလဒ်အနေနှင့် ထုတ်လုပ်မှုစွမ်းအားအများစုကို အလဟဿဖြစ်စေမည့် အန္တရာယ်မျိုးရှိသည်။ အရာရှိအရာခံစနစ်သည် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများတွင် မြင်တွေ့နေကြအကိုင်း လက်တွေ့အခြေအနေနှင့် အံဝင်ခွင်ကျမဖြစ်သည့် စီမံအုပ်ချုပ်မှုမျိုးဖြစ်လွယ်သည်ဆိုသည့်အချက်များသည် ဆိုရှယ်လစ်ဝါဒနှင့် ရှေ့ဆက်လျှောက်လှမ်းရာတွင် တွေ့ကြုံရသည့်အားနည်းချက်များဖြစ်သည်။

ဆိုရှယ်လစ်ဝါဒီများက ယခုကဲ့သို့ ပူပန်မှုမျိုးမလိုအပ်ဟုဆိုပြီး ယခုကဲ့သို့ ပြောကြပြန်သည်။ ဆိုရှယ်လစ်စနစ်တွင် အကျိုးအမြတ်ကို ရှာဖွေရန်ဆိုသည့် တက်ကြွမှုပျောက်ဆုံးသွားသော်လည်း အလုပ်သမားအနေနှင့် ပြည်သူလူထုအပေါ်ထားရှိရမည့် တာဝန်ဝတ္တရားကို နားလည်သဘောပေါက်ပြီး ထုတ်လုပ်ရေးတွင် ပိုကြိုးစားသွားနိုင်ကြောင်း၊ နိုင်ငံပိုင်ထုတ်လုပ်ရေးလုပ်ငန်းများအတွင်းတွင်လည်း နည်းလမ်းပေါင်းစုံနှင့် ယှဉ်ပြိုင်ခြင်းမျိုးလုပ်ဆောင်နိုင်သည့်အတွက်ကြောင့် ဆိုရှယ်လစ်ဝါဒကို ကျင့်သုံး၍ဟုဆိုကာ ယှဉ်ပြိုင်မှုများပျောက်ဆုံးသွားခြင်း ထုတ်လုပ်မှုကျဆင်းသွားခြင်းများဖြစ်မည်ဟု ပုံသေကားကျပြော၍မရကြောင်း။ ထို့အပြင် ဆိုရှယ်လစ်စနစ်စီးပွားရေးတွင် အရင်းရှင်စနစ်စီးပွားရေး၏ ထူးခြားချက်ဟုပြောကြသည့်ထုတ်လုပ်မှုနှင့် လိုအပ်ချက်အကြား အလိုအလျောက်ထိန်းညှိပေးသည့်ဖြစ်စဉ်အစား၊ နိုင်ငံက တစ်နိုင်ငံလုံး၏ ထုတ်လုပ်မှုကို စုပေါင်းစီမံခန့်ခွဲရန်အတွက် အစီအစဉ်ရေးဆွဲပြီး ယင်းကို အခြေခံထားသည့် သင့်လျော်သည့်စီးပွားရေးကို ဆောင်ရွက်သွားသည့်အတွက်ကြောင့် အလေအလွင့်များကိုဖယ်ရှားပေးပြီး ပြည်သူလူထုအတွက် လိုအပ်သည့်ပစ္စည်းများကို လိုအပ်သမျှသာထုတ်လုပ်သွားနိုင်ကြောင်း။ ယင်းအချက်အရ အရင်းရှင်စနစ်၏လွတ်လပ်စွာပြိုင်ဆိုင်မှုသည် ထုတ်လုပ်မှုစွမ်းအားကို ဆက်တိုက်ဖြုန်းတီးသကဲ့သို့ဖြစ်နေကြောင်း၊ လိုအပ်သည့်ပစ္စည်းထက် ဇိမ်ခံပစ္စည်းများကိုသာထုတ်လုပ်ပြီး လုပ်ငန်းချင်းပြိုင်ဆိုင်

ရန်အတွက် ကြော်ငြာစရိတ်၊ ပစ္စည်းထိန်းသိမ်းစရိတ်များကြီးမားခြင်းကြောင့် ၎င်းအတွက်အလဟဿပြုန်းတီးမှုဖြစ်လေ့ရှိကြောင်း၊ ယင်းတို့အား ဆိုရှယ်လစ်ဝါဒ၏စီမံကိန်းချထားသည့် စီးပွားရေးကပင်ဖယ်ရှားပေးနိုင်သည်ဟု ဆိုကြသည်။

အရင်းရှင်ဝါဒသည်သာ ကောင်းသည်၊ ဆိုရှယ်လစ်ဝါဒကို အားကိုးသင့်သည်ဆိုသည်နှင့်ပတ်သက်၍ အထက်တွင်ဖော်ပြခဲ့သကဲ့သို့ သဘောထားများကွဲပြားလျက်ရှိသည်။ သို့သော်လည်း ယင်းပြဿနာနှင့် ပတ်သက်ပြီး ဆုံးဖြတ်သည့်အခါ ကောင်းစွာသတိထားသင့်သည်မှာ အရင်းရှင်ဝါဒပင်ဖြစ်စေ၊ ဆိုရှယ်လစ်ဝါဒပင်ဖြစ်စေ၊ စာအုပ်များထဲတွင် ရေးထားသကဲ့သို့ သို့မဟုတ် လက်တွေ့ပြဿနာနှင့် အလှမ်းဝေးသည့် ဆွေးနွေးမှုများထဲမှ ပေါ်ထွက်လာသကဲ့သို့ တိတိကျကျနှစ်ခြမ်းကွဲနေခြင်းမဟုတ်ဘဲ အရင်းရှင်စစ်စင်လည်းမဟုတ် ဆိုရှယ်လစ်စစ်စစ်လို့လည်းမခေါ်နိုင်သည့် ကြားပုံစံအမျိုးမျိုးရှိနေသေးသည်ဆိုသည့် အချက်ပင်ဖြစ်သည်။

တစ်နည်းအားဖြင့် အရင်းရှင်ဝါဒသည် ထုတ်လုပ်မှုလွတ်လပ်ခွင့်ကို အခြေခံပြီးစီမံအုပ်ချုပ်သည့် စီးပွားရေးပုံစံဖြစ်ပြီး ဆိုရှယ်လစ်ဝါဒက ထုတ်လုပ်မှုလွတ်လပ်ခွင့်ကို အသိအမှတ်မပြုပါ။ ထုတ်လုပ်မှုလွတ်လပ်ခွင့်ကို အသိအမှတ်မပြုဟုဆိုခြင်းသည် မည်သို့သောကုန်ပစ္စည်းအမျိုးအစားအတွက်ဖြစ်ပါသနည်း။ ပုဂ္ဂလိကကုန်ပစ္စည်းထုတ်လုပ်မှုအားလုံးကို တားမြစ်ပြီး စက်မှုလုပ်ငန်းအားလုံးကို ပြည်သူပိုင်လုပ်လိုက်မည်ဆိုပါက ၎င်းသည်ရာနှုန်းပြည့် ဆိုရှယ်လစ်ဝါဒဖြစ်သည်ဆိုခြင်းသည် ယုံမှားသံသယမရှိနိုင်ပါ။ သို့ရာတွင် ဥပမာ- မြေကြီးကိုနိုင်ငံပိုင်လုပ်ပြီး သတ္ထုတူးဖော်ရေးလုပ်ငန်းနှင့် အခြားအရေးကြီးစက်မှုလုပ်ငန်းအချို့အား နိုင်ငံပိုင်လုပ်လိုက်ရုံနှင့် ဆိုရှယ်လစ်စနစ်ဆန်သည့်မူဝါဒဟု ကောင်းကောင်းအမည်တပ်၍ရသွားတော့သည်။ ယင်းအချိန်တွင် အခြားထုတ်လုပ်ရေးကုန်ကြမ်းပစ္စည်းများ၏ပုဂ္ဂလိက ပိုင်ဆိုင်မှုကိုအသိအမှတ်ပြုထားမည်ဆိုပါက ဆိုရှယ်လစ်ဝါဒဆန်သည်ဟုပြောကြသည့် စီးပွားရေးပုံစံအတွင်း၌ အရင်းရှင်ဝါဒသို့မဟုတ် အရင်းရှင်ဝါဒနှင့်နီးစပ်သည့် လုပ်နည်းလုပ်ဟန်နှင့် ထုတ်လုပ်ရေး

ကို လုပ်ဆောင်နေကြခြင်းဖြစ်သည်။ အပြန်အလှန်အားဖြင့် အရင်းရှင်ဝါဒ-ဆန်သည့် စီးပွားရေးပတ်ဝန်းကျင်အား ကျယ်ကျယ်ပြန့်ပြန့်နှင့် လုပ်ဆောင်သည့် လူမှုအဖွဲ့အစည်းအတွင်းတွင် အထူးသဖြင့် ပြည်သူလူထု၏လူမှုဖူလုံရေးနှင့် နက်နက်ရှိုင်းရှိုင်းပတ်သက်ဆက်နွယ်နေသည့် စီးပွားရေးလုပ်ငန်းအများအပြားကို အစိုးရအောက်ကိုထည့်သွင်းပြီး နိုင်ငံကထိန်းသိမ်းကြီးကြပ်သည့်အခါမျိုးတွင် ဆိုရှယ်လစ်ဝါဒဆန်သည့် အခြေခံသဘောတရားများကို ပေါင်းထည့်လုပ်ဆောင်သည့် သဘောဖြစ်လာသည်။ ဤကဲ့သို့ လုပ်၍ရပါလျက်နှင့် ၁၉ ရာစုတွင် လုပ်ခဲ့သကဲ့သို့ အထိန်းအကွပ်မရှိသည့် အရင်းရှင်ဝါဒနှင့် အစွန်းရောက် ဆိုရှယ်လစ်ဝါဒကိုနှိုင်းယှဉ်ပြီး ၎င်းကကောင်းသည်။ အခြားတစ်ခုကမကောင်းဟု ငြင်းခုံခြင်းသည် လက်တွေ့တွင် မည်သို့မျှအကျိုးမရှိနိုင်ပါ။

ထို့ကြောင့် လက်တွေ့ပြဿနာအနေနှင့် အရေးကြီးသည်မှာ ယခုကဲ့သို့ ဆိုရှယ်လစ်စီးပွားရေးစနစ်အမျိုးမျိုးရှိသည့်အနက် မည်သို့သောလမ်းကြောင်းကိုရွေးချယ်ပြီး မည်သည့်အတိုင်းအတာအထိ သဘောတရားနှစ်ခုကိုပေါင်းစပ်သွားမည်နည်းဆိုခြင်းသည် ပြည်သူ့စီးပွားရေးကို ဒီမိုကရေစီအသွင်ပြောင်းလဲရန်အတွက် အမှန်တကယ်သင့်တော်သည့် စဉ်းစားတွေးခေါ်မှုဖြစ်သည်။ မိမိတို့လူ့အဖွဲ့အစည်းသည် မည်သို့သောစီးပွားရေးကန့်သတ်ချက်များအောက်တွင်ရှိနေသနည်း။ မိမိတို့နိုင်ငံတွင် လက်ရှိအချိန်၌ မည်သို့သော နိုင်ငံတကာပတ်ဝန်းကျင်အနေအထားအောက်တွင် ရောက်နေသနည်းဆိုသည်များကို သေချာစွာစဉ်းစားလေ့လာရန်လိုအပ်သည်။ လက်တွေ့ဖြစ်နေသည့်အကန့်အသတ်များကိုလျစ်လျူရှု၍ သဘောတရားအရကိစ္စများကို ဆုံးဖြတ်ခြင်းကဲ့သို့အန္တရာယ်ကြီးခြင်းမရှိပါ။ ထို့အပြင် ယနေ့ခေတ်ကဲ့သို့ရှုပ်ထွေးပွေလီနေသည့်လောကကြီးတွင် နိုင်ငံတကာဆက်ဆံရေးကို အလေးမထားဘဲ စီးပွားရေးပြန်လည်တည်ဆောက်ခြင်း၊ ပြည်သူလူထု၏လူနေမှုဘဝမြင့်မားတိုးတက်မှောင်လုပ်ခြင်းများကို အကောင်အထည်ဖော်ရန်မဖြစ်နိုင်ပါ။

ဒီမိုကရေစီနိုင်ငံရေးစနစ်ကို ကျင့်သုံးနေသည့်အခြေအနေမျိုးတွင် အများဆန္ဒနှင့် ဆုံးဖြတ်ခြင်းဟူသော သဘောတရားကိုအခြေခံ၍ အရင်းရှင်ဝါဒ၏ကောင်းသည့်အချက်များကို ကျင့်သုံးသွားနိုင်သကဲ့သို့ ဆိုရှယ်လစ်ဝါဒဆန်သည့်မူဝါဒများကို အနည်းနှင့်အများ ထည့်သွင်းကျင့်သုံးသွားနိုင်သည်။ ထို့အပြင် ယင်းဝါဒနှစ်ခုကိုပေါင်းစပ်၍လည်း ကျင့်သုံးနိုင်သည်။ လွတ်လပ်စွာပြိုင်ဆိုင်မှု၏အကျိုးအမြတ်ကို အလေးထားသည့်နိုင်ငံရေးပါတီသည် နိုင်ငံရေး၏အဓိကအင်အားစုဖြစ်လာမည်ဆိုပါက အရင်းရှင်ဝါဒ၏အခြေခံအုတ်မြစ်အဖွဲ့အစည်းကို မယိမ်းမယိုင်စေဘဲ စီးပွားရေးတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုကို လုပ်ဆောင်ရန်ကြိုးစားသကဲ့သို့ လွတ်တော်တွင် အမတ်နေရာ အများစုရရှိထားသည့်ပါတီသာအရေးပါသည့် စက်မှုလုပ်ငန်းကို နိုင်ငံပိုင်လုပ်ရန်ဆိုသည့်ဥပဒေမူကြမ်းကို အတည်ပြုစေရန်လုပ်ဆောင်လာပါက ဆိုရှယ်လစ်ဝါဒလမ်းကြောင်းသို့ ချဉ်းကပ်လာသည်ဟုပြောရမည်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့အနေနှင့် ပြည်တွင်းပြည်ပအခြေအနေအရပ်ရပ်ကို တည်တည်ငြိမ်ငြိမ်နှင့် လေ့လာသုံးသပ်ပြီး ပါတီအသီးသီး၏လှုပ်ရှားမှုကို မျက်ခြည်မပြတ်အကဲခတ်ရမည်ဖြစ်သလို မည်သို့သောမူဝါဒနှင့်အကူအညီပေးသင့်သနည်းဆိုသည်ကို စဉ်းစားဆုံးဖြတ်ရန်လိုအပ်သည်။

သတိထားသင့်သောအချက်သည် အာဏာရှင်ဆန်သည့်နည်းနှင့် ဆိုရှယ်လစ်စနစ်ကို အကောင်အထည်ဖော်ရန်လုပ်ဆောင်သည့် ကွန်မြူနစ်ဝါဒီပုံစံဖြစ်သည်။ ကွန်မြူနစ်ဝါဒသည် ဦးစွာပထမ ဆိုရှယ်လစ်စနစ်ကို အပြည့်အဝထူထောင်ရန်ကြိုးပမ်းကြသည်။ သူ၏ထူးခြားချက်မှာ အရင်းရှင်စနစ်ကိုမူလကပင် လုံးဝမကောင်းသည့်အရာ သို့မဟုတ် သမိုင်းကြောင်းကြာမြင့်လာခြင်းနှင့်အတူ ပျောက်ကွယ်သွားတော့မည့်အရာအဖြစ် သတ်မှတ်ထားသည့်အချက်ဖြစ်သည်။ ထို့ကြောင့် အများဆန္ဒနှင့် ဆုံးဖြတ်သည့်နည်းလမ်းနှင့် အခြေအနေ၊ အချိန်အခါပေါ်မူတည်၍ လက်တွေ့ကျသင့်တော်သည့်နည်းလမ်းမျိုးကိုမသုံးဘဲ အကြမ်းဖက်တော်လှန်ရေး၊ ပစ္စည်းမဲ့လူတန်းစားများကသာ အာဏာရှင်ဖြစ်သည်အစရှိသည့် ဒီမိုကရေစီနှင့်သွေဖည်သည့် လမ်းကြောင်းသို့သွားနေသည့် လက္ခဏာမျိုးတွေ့ရသည်။

လုပ်ခွင့်ပေးထားခြင်းမျိုးမဟုတ်ပေ။ ထို့ကြောင့် အများ၏အကျိုးစီးပွားအတွက် စီးပွားရေးလွတ်လပ်ခွင့်ကို ချုပ်ကိုင်လိုက်ခြင်းကြောင့် ဒီမိုကရေစီ၏အခြေခံသဘောတရားကို ဆန့်ကျင်နေခြင်းဟုပြော၍မရပါ။ အဓိကကျခြင်းမှာ ချုပ်ကိုင်မှုကို မည်ကဲ့သို့ရည်ရွယ်ချက်နှင့်သုံးစွဲပြီး မည်သည့်အတိုင်းအတာအထိ ဒီမိုကရေစီကျကျကျင့်သုံးသွားမည်ဆိုသည့်အပေါ်တွင်မူတည်နေခြင်းဖြစ်သည်။ စီးပွားရေးချုပ်ကိုင်မှုကိုလုပ်မည်ဆိုပါက ၎င်းသည် ပြည်သူများ၏ ဘဝတည်ငြိမ်ရေးအတွက်၊ လူမှုဘဝအဆင့်အတန်းတိုးတက်လာစေရန်အတွက်ပင်ဖြစ်ရမည်။ ယေဘုယျအားဖြင့် စီးပွားရေးချုပ်ကိုင်မှုလို အပ်ခြင်းဟု အသိအမှတ်ပြုထားခြင်းများသည် လူမှုဖူလုံရေးအတွက် ရည်ရွယ်ပြုလုပ်သည့် ထိန်းချုပ်မှုနှင့် စီးပွားရေးတိုးတက်ရန်အတွက် ရည်ရွယ်ပြုလုပ်သည့် ထိန်းချုပ်မှုနှစ်ခုတို့အတွက်သာဖြစ်သည်။

စီးပွားရေးလုပ်ဆောင်မှုအတွင်း ဒီမိုကရေစီစနစ်ကိုဖော်ဆောင်ရန်အတွက် အလုပ်သမားများ၏အဆင့်ကို မြှင့်တင်ပေးရန်ရည်ရွယ်ပြီး မူဝါဒအမျိုးမျိုးနှင့် လုပ်ဆောင်ရမည်ဆိုခြင်းကို ရှေ့ပိုင်းတွင်ဖော်ပြခဲ့သည်။ ယင်းအထဲတွင် နိုင်ငံ၏ဥပဒေအရလုပ်ခလစာ၊ အခြားသောသတ်မှတ်ချက်များ၏အနိမ့်ဆုံးစံများကို ချမှတ်မည်ဆိုခြင်းသည် အလုပ်ရှင်နှင့် အလုပ်သမားအကြား လွတ်လွတ်လပ်လပ်ကတိကဝတ်ပြုထားသည့်အပေါ်တွင် စိတ်ချထား၍မဖြစ်သည့် အဓိပ္ပာယ်ဖြစ်ပြီး ၎င်းကစီးပွားရေးအပေါ် ချုပ်ကိုင်လိုက်သည့်ကိစ္စတစ်မျိုးပင်ဖြစ်သည်။ ထို့အပြင် ဝင်ငွေများသည့် သူများအပေါ် နိုင်ငံအခွန်များများကောက်ခြင်း၊ အစိုးရငွေချေးစာချုပ်များကိုထုတ်ဝေခြင်း၊ အစရှိသည့်နည်းလမ်းများနှင့် ဘဏ္ဍာငွေအရင်းအနှီးကိုရှာဖွေပြီး ယင်းငွေနှင့်အလုပ်လက်မဲ့ထောက်ပံ့ကြေး၊ လူမှုဖူလုံရေးအာမခံ၊ ဆင်းရဲသည့်လူများကိုကူညီထောက်ပံ့သည့် အစီအစဉ်များကိုလုပ်၍ ကြွယ်ဝမှုမရှိသည့်လူများကို အကူအညီပေးရန်လိုအပ်သည်။ စီးပွားရေးပုံစံ၏အားနည်းချက်များကြောင့် ဆင်းရဲချမ်းသာကွာဟမှု ကြီးမားလျှင် ကြီးမားသကဲ့သို့ လူမှုအဖွဲ့အစည်းဆိုင်ရာအစီအစဉ်များ၏လိုအပ်ချက်များလည်းပိုကြီးလာပြီး တာဝန်လည်းကြီးလေးလာသည်။ ထိုအခါတွင် စီးပွားရေးအပေါ်နိုင်ငံ၏ချုပ်ကိုင်မှုကို မလွှမ်းရှောင်သာပိုပြီးတိုးမြှင့်လာရသည်။

လုပ်ခွင့်ပေးထားခြင်းမျိုးမဟုတ်ပေ။ ထို့ကြောင့် အများ၏အကျိုးစီးပွားအတွက် စီးပွားရေးလွတ်လပ်ခွင့်ကို ချုပ်ကိုင်လိုက်ခြင်းကြောင့် ဒီမိုကရေစီ၏အခြေခံသဘောတရားကို ဆန့်ကျင်နေခြင်းဟုပြော၍မရပါ။ အဓိကကျခြင်းမှာ ချုပ်ကိုင်မှုကို မည်ကဲ့သို့ရည်ရွယ်ချက်နှင့်သုံးစွဲပြီး မည်သည့်အတိုင်းအတာအထိ ဒီမိုကရေစီကျကျကျင့်သုံးသွားမည်ဆိုသည့်အပေါ်တွင်မူတည်နေခြင်းဖြစ်သည်။ စီးပွားရေးချုပ်ကိုင်မှုကိုလုပ်မည်ဆိုပါက ၎င်းသည်ပြည်သူများ၏ ဘဝတည်ငြိမ်ရေးအတွက်၊ လူမှုဘဝအဆင့်အတန်းတိုးတက်လာစေရန်အတွက်ပင်ဖြစ်ရမည်။ ယေဘုယျအားဖြင့် စီးပွားရေးချုပ်ကိုင်မှုလိုအပ်ခြင်းဟု အသိအမှတ်ပြုထားခြင်းများသည် လူမှုဖူလုံရေးအတွက် ရည်ရွယ်ပြုလုပ်သည့် ထိန်းချုပ်မှုနှင့် စီးပွားရေးတိုးတက်ရန်အတွက် ရည်ရွယ်ပြုလုပ်သည့် ထိန်းချုပ်မှုနှစ်ခုတို့အတွက်သာဖြစ်သည်။

စီးပွားရေးလုပ်ဆောင်မှုအတွင်း ဒီမိုကရေစီစနစ်ကိုဖော်ဆောင်ရန်အတွက် အလုပ်သမားများ၏အဆင့်ကို မြှင့်တင်ပေးရန်ရည်ရွယ်ပြီး မူဝါဒအမျိုးမျိုးနှင့် လုပ်ဆောင်ရမည်ဆိုခြင်းကို ရှေ့ပိုင်းတွင်ဖော်ပြခဲ့သည်။ ယင်းအထဲတွင် နိုင်ငံ၏ဥပဒေအရလုပ်ခလစာ၊ အခြားသောသတ်မှတ်ချက်များ၏အနိမ့်ဆုံးစံများကို ချမှတ်မည်ဆိုခြင်းသည် အလုပ်ရှင်နှင့် အလုပ်သမားအကြား လွတ်လွတ်လပ်လပ်ကတိကဝတ်ပြုထားသည့်အပေါ်တွင် စိတ်ချထား၍မဖြစ်သည့် အဓိပ္ပာယ်ဖြစ်ပြီး ၎င်းကစီးပွားရေးအပေါ် ချုပ်ကိုင်လိုက်သည့်ကိစ္စတစ်မျိုးပင်ဖြစ်သည်။ ထို့အပြင် ဝင်ငွေများသည့်သူများအပေါ် နိုင်ငံအခွန်များများကောက်ခြင်း၊ အစိုးရငွေချေးစာချုပ်များကိုထုတ်ဝေခြင်း၊ အစရှိသည့်နည်းလမ်းများနှင့် ဘဏ္ဍာငွေအရင်းအနှီးကိုရှာဖွေပြီး ယင်းငွေနှင့်အလုပ်လက်မဲ့ထောက်ပံ့ကြေး၊ လူမှုဖူလုံရေးအာမခံ၊ ဆင်းရဲသည့်လူများကိုကူညီထောက်ပံ့သည့် အစီအစဉ်များကိုလုပ်၍ ကြွယ်ဝမှုမရှိသည့်လူများကို အကူအညီပေးရန်လိုအပ်သည်။ စီးပွားရေးပုံစံ၏အားနည်းချက်များကြောင့် ဆင်းရဲချမ်းသာကွာဟမှု ကြီးမားလျှင် ကြီးမားသကဲ့သို့ လူမှုအဖွဲ့အစည်းဆိုင်ရာအစီအစဉ်များ၏လိုအပ်ချက်များလည်းပိုကြီးလာပြီး တာဝန်လည်းကြီးလေးလာသည်။ ထိုအခါတွင် စီးပွားရေးအပေါ်နိုင်ငံ၏ချုပ်ကိုင်မှုကို မလွှဲမရှောင်သာပိုပြီးတိုးမြှင့်လာရသည်။

စီးပွားရေးကောင်းမွန်စေရန်ရည်ရွယ်သည့် အခြားသောချုပ်ကိုင်မှုတစ်ခုမှာ အရင်းရှင်ဝါဒစီးပွားရေးနှင့်အတူပါလာလေ့ရှိသည့် စီးပွားရေးအခြေအနေ၏အပြောင်းအလဲကို ထိန်းချုပ်ပြီး အထူးသဖြင့် စီးပွားရေးမကောင်းသည့် အချိန်တွင် ပေါ်ပေါက်လာသော အလုပ်လက်မဲ့ပြဿနာနှင့် ပြည်သူလူထု၏အခြားသောစားဝတ်နေရေးအခက်အခဲများကို ဖယ်ရှားရန် အတွက်ပြုလုပ်ခြင်းဖြစ်သည်။ ချုပ်ကိုင်မှုမရှိသည့် လွတ်လပ်သည့်စီးပွားရေးသာဖြစ်မည်ဆိုပါက ထုတ်လုပ်ရေးတွင် အလွန်အကျွံဖြစ်လာခြင်း၊ လိုအပ်ချက်လျော့ကျသွားခြင်း၊ ပြည်တွင်းနှင့် ပြည်ပက စီးပွားရေးအပြောင်းအလဲအပေါ် လိုက်၍ ဂယက်ရိုက်ခံရခြင်းများကြောင့် ရုတ်တရက်စီးပွားရေးကျဆင်းခြင်းမျိုးဖြစ်တတ်သည်။ ရလဒ်အနေဖြင့် အလုပ်လက်မဲ့များအများအပြားပေါ်ထွက်လာပြီး ပြည်သူလူထုဘဝသည် ဆင်းရဲတွင်းထဲကျရောက်သွားသည့် အခြေအနေဖြစ်သွားမည်ဖြစ်သည်။ စီးပွားရေးအခြေအနေအပေါ် လိုက်၍ ကုန်ထုတ်လုပ်ငန်းတစ်ခုကို ခဲ့လိုက်ချဲ့လိုက်လုပ်ဆောင်ခြင်းအားဖြင့် လုပ်ငန်းရှင်၏လက်ဝါးကြီးအုပ်မှုကို အတိုင်းအတာတစ်ခုအထိ ကာကွယ်ရန်အတွက်အသုံးဝင်သော်လည်း ယင်းကဲ့သို့ ကိုယ်ပိုင်ချုပ်ကိုင်မှုနှင့် ရှေ့ကဖော်ပြခဲ့သကဲ့သို့ လက်ဝါးကြီးအုပ်မှု၏ဆိုးကျိုးများသည် အရိပ်ကဲ့သို့ တကောက်ကောက်ပါနေမည်ဖြစ်ခြင်းကြောင့် ယင်းကို နိုင်ငံကချုပ်ကိုင်လိုက်မည်ဆိုပါက အများအကျိုးစီးပွားကို ချုပ်ကိုင်မှုအမျိုးအစားများ၏စံပုံစံဖြစ်သည်ဟု လည်းပြောလာနိုင်သည်။ မည်သို့ပင်ဖြစ်စေ အလုပ်လက်မဲ့ဖြစ်သည်ဆိုခြင်းသည် အလုပ်လုပ်ခွင့်ကို ပြည်သူလူထုထံမှ လုယူလိုက်သည့် သဘောဖြစ်ပြီးအသက်ရှင်နေထိုင်မည့်အရေးကို ခြိမ်းခြောက်လာနိုင်သည့် ကိစ္စဖြစ်ခြင်းကြောင့် နိုင်ငံအနေနှင့် သင့်တော်သောမူဝါဒကို အမြဲတစေစဉ်းစားရမည်ဖြစ်သကဲ့သို့ "အားလုံးကိုအလုပ်ခန့်အပ်နိုင်ရေး" ရည်မှန်းချက်ကိုထားရှိပြီး တတ်နိုင်သမျှကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်သည်။

အရင်းရှင်ဝါဒအောက်၌ချုပ်ကိုင်မှုကို လုပ်ဆောင်ရသည့် ရည်ရွယ်ချက်သည် အရေးပေါ်အခြေအနေဖြစ်လျှင် ဖောက်ထွက်နိုင်စေရန်လုပ်ဆောင်ထားသည့် အရေးပေါ်ချုပ်ကိုင်မှုဆိုသည့်နည်းကိုလည်း စဉ်းစား၍ရနိုင်သည်။ ဥပမာ- ငွေကြေး ဖောင်းပွမှုပြင်းပြင်းထန်ထန်ဖြစ်ပွားသည့်

အခါမျိုး၊ စစ်ပွဲများကြောင့်ထုတ်လုပ်မှုများရပ်ဆိုင်းသွားသည့်အခါမျိုး၌ ထုတ်လုပ်မှုစွမ်းအားကို ပြန်လည်ကောင်းမွန်လာစေပြီး ကုန်စျေးနှုန်းတည်ငြိမ်စေရေး၊ ပြည်သူလူထု၏နေ့စဉ်ဘဝကို ခြိမ်းခြောက်လာသည့် အန္တရာယ်ကြားကနေ ဖောက်ထွက်နိုင်စေရေးတို့အတွက် ချုပ်ကိုင်မှုကို အပြည့်အဝအားကုန်သုံးပြီးလုပ်ဆောင်ရန်လိုအပ်သည်။ ပြည်သူများ၏ ဘဝကိုပြန်လည်တည်ဆောက်ပေးရန်အတွက် ယင်းရည်ရွယ်ချက်ရှိနေသမျှ ကာလပတ်လုံး ဒီမိုကရေစီ၏စိတ်ဓာတ်ကိုဆန့်ကျင်သည်ဟု ပြောရမရပါ။ အကယ်၍စီးပွားရေးလုပ်ငန်း၏ လွတ်လပ်မှုကို အလေးပေးလွန်းပြီး လိုအပ်သည့်ချုပ်ကိုင်မှုကိုမလုပ်ဆောင်ခြင်းကြောင့် ပြည်သူများ၏ဘဝအခြေအနေဆိုးရွားသွားမည်ဆိုပါက ဒီမိုကရေစီ၏ရည်ရွယ်ချက်မှ သွေဖည်သွားခြင်းပင်ဖြစ်သည်။

ထို့ကြောင့် ချုပ်ကိုင်မှုသည်အတိုင်းအတာတစ်ခုအထိလိုအပ်သည်ကိုသိလာပြီဖြစ်သည်။ ချုပ်ကိုင်မှုကို မည်ကဲ့သို့လုပ်ဆောင်သွားလျှင်ကောင်းမည်နည်း၊ မည်သို့လုပ်လျှင် ချုပ်ကိုင်မှုကိုဒီမိုကရေစီကျအောင်လုပ်နိုင်မည်နည်း။

ယင်းအချက်သည် အလွန်ခက်ခဲသည်။ အဘယ်ကြောင့်ဆိုလျှင် ချုပ်ကိုင်မှုကို လုပ်ငန်းရှင်များလက်ထဲအပ်၍ လွတ်လွတ်လပ်လပ်လုပ်ကိုင်စေမည်ဆိုပါက အထက်တွင်ဖော်ပြခဲ့သကဲ့သို့ လုပ်ငန်းရှင်၏လက်ဝါးကြီးအုပ်သည့် ဆိုးကျိုးများကို ရှောင်ရှားနိုင်မည်မဟုတ်ပါ။ ချုပ်ကိုင်မှုကို နိုင်ငံကလွဲ၍ လုပ်ပေးမည့်သူမရှိသည့် အခြေအနေမျိုးဖြစ်လာသည်။ အစိုးရအမှုထမ်းများ၏ချုပ်ကိုင်မှုအောက် သို့ကျ ရောက်သွားတတ်သည်။ တစ်နည်းအားဖြင့် အစိုးရဝန်ထမ်းများသည် ပြည်သူများ၏ဘဝအခြေအနေမှန်နှင့် ကုန်ထုတ်လုပ်ငန်းများ၏ အနေအထားအမှန်၊ ပြဿနာများကို ရေရေလည်လည်မသိဘဲ ဥပဒေနှင့်တူသည့် ဇင်းမာသည့်ချုပ်ကိုင်မှုမျိုးကို လုပ်ဆောင်နိုင်သည့်အန္တရာယ်ရှိသည်။ ချုပ်ကိုင်မှုနှင့်အတူ ဖြစ်ပေါ်တတ်သည့် အစိုးရဝန်ထမ်းများ၏ မမှန်မကန်လုပ်ဆောင်မှု၊ ချုပ်ကိုင်မှုကွန်ရက်ကိုအကြောင်းပြုပြီးလုပ်ဆောင်သည့် မှောင်ခိုရောင်းဝယ်ဖောက်

ကားမှုများဖြစ်လာနိုင်သည်။ ဤသို့ဆိုပါက မည်မျှအထိသင့်တော်သည့် ချုပ်ကိုင်မှုမျိုးကိုလုပ်ဆောင်သည်ဖြစ်စေ၊ ရည်မှန်းချက်ကို ပြည့်ပြည့်ဝဝ ဖော်ဆောင်နိုင်ရန်မဖြစ်နိုင်ပါ။

အားနည်းချက်ကိုဖယ်ရှားရန်နည်းလမ်းအမျိုးမျိုးစဉ်းစား၍ရနိုင်သည်။ **နံပါတ်တစ်** ချုပ်ကိုင်မှုကို အစိုးရဝန်ထမ်းကိုသာ ပုံအပ်ထားခြင်းမျိုးမဟုတ်ဘဲ ပြည်သူလူထု၏ကိုယ်စားလှယ်ဖြစ်သည့်လွှတ်တော်က ကြပ်မတ်ပေးမှုနှင့် ပြောဆိုမှုတို့ကိုသေချာစွာလုပ်ဆောင်ရန်လိုအပ်သည်။ ဤနည်းအတိုင်းဆောင်ရွက်နိုင်မည်ဆိုပါက ချုပ်ကိုင်လွန်းသည့်အခြေအနေ သို့မဟုတ် မပြည့်စုံမှုများကိုဖယ်ရှားပြီး လက်တွေ့အခြေအနေနှင့် သဟဇာတဖြစ်သည့် ချုပ်ကိုင်မှုကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။ **နံပါတ်နှစ်** အစိုးရဝန်ထမ်းအဖွဲ့အစည်းအတွင်းတွင် ပြည်သူလူထုထဲမှ ဩဇာကြီးသည့်သူ၊ ပညာရပ်ပိုင်းဆိုင်ရာအတွေ့အကြုံရှိသူများကိုခန့်အပ်ပြီး ပြည်သူတစ်ယောက်အနေနှင့် ကိုယ်တွေ့ကြုံခဲ့ရခြင်းများကို စီးပွားရေးချုပ်ကိုင်မှုတွင် အသုံးပြုရန်အရေးကြီးသည်။ **နံပါတ်သုံး** အစိုးရရုံးများ၏ချုပ်ကိုင်မှုယန္တရားသည် အောက်ခြေအထိ အလုပ်လုပ်ခြင်းရှိမရှိကိုစောင့်ကြည့်သည့် အဖွဲ့မျိုးဖွဲ့စည်းပြီး ယင်းအဖွဲ့ထဲတွင် သာမန်အရပ်သား၊ အထူးသဖြင့် စားသုံးသူ များ၏ကိုယ်စားလှယ်ကို ပါဝင်စေသည့်နည်းလမ်းသည်လည်း သင့်တော်သည်။ ဤသို့လုပ်ဆောင်ပြီး ပြည်သူလူထု၏ချုပ်ကိုင်မှုလိုအပ်သည်ဆိုသည်ကို နားလည်သဘောပေါက်သည်နှင့်အတူ ချုပ်ကိုင်မှုလုပ်ဆောင်နေမှုကိုလည်း ပြည်သူများက မျက်စိဒေါက်ထောက်ကြည့်နိုင်သည်။ ဤသို့ဖြင့် ဒီမိုကရေစီကျကျဆောင်ရွက်သွားခြင်းသည် စီးပွားရေးချုပ်ကိုင်မှုအတွက် အကောင်းဆုံးနှင့် အရေးအကြီးဆုံးဖြစ်သည်။

ဤသို့လုပ်ဆောင်ခြင်းသည် နိုင်ငံအနေဖြင့် မိမိတို့ကိုယ်တိုင်လုပ်ဆောင်သည့် နိုင်ငံပိုင်လုပ်ငန်းများမှာတွင်လည်း အလားတူပင်ဖြစ်သည်။ အရင်းရှင်ဝါဒ လူ့အဖွဲ့အစည်းတွင်လည်းမီးရထား၊ တယ်လီဖုန်း၊ ဆက်သွယ်ရေးအစရှိသည့်လုပ်ငန်းများကဲ့သို့ ပြည်သူ့အကျိုးဆောင်လုပ်ငန်းများကို နိုင်ငံအနေဖြင့် တိုက်ရိုက်ထိန်းချုပ်စီမံခန့်ခွဲရမှုမျှားရှိသည်။ ဤသို့သော

အနေအထားတွင် ဆို့ရှယ်လစ်ဝါဒဘက်သို့ ချည်းကပ်သွားသည့်အခါ သံမဏိလုပ်ငန်း၊ ကျောက်မီးသွေးလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းများသည် တဖြည်းဖြည်းနှင့် နိုင်ငံပိုင်လုပ်ငန်းများအဖြစ် ပြောင်းလဲသွားသည့် သဘောသဘာဝရှိလာသည်။ ကုန်ထုတ်လုပ်ငန်းများထဲတွင် ယင်းလုပ်ငန်းများက အရေးပါသည့်အတွက် အကယ်၍နိုင်ငံ၏ထိန်းချုပ်မှုအောက်ကို ရောက်သွားမည်ဆိုပါက ရလဒ်အနေနှင့် လက်ဝါးကြီး အုပ်စိုမံအုပ်ချုပ်မှုနှင့် အစိုးရဝန်ထမ်းများ၏ချုပ်ကိုင်မှုဆိုသည် ထပ်ဆင့် ဆိုးကျိုးများကိုပေါ်ပေါက်လာစေပြီး ယင်းဂယက်သည်အလွန်မှကြီးမားသည်ဟု ပြောနိုင်သည်။ ထို့ကြောင့် ဤသို့သောအခြေ အနေမျိုးတွင်လည်း ထူးချွန်သည့်ပညာရှင်များနှင့် တာဝန်ယူလိုစိတ်ကြီးမားသည့် စားသုံးသူကိုယ်စားလှယ်များ၏ သဘောထားအမြင်များကို ဖော်ပြနိုင်ခွင့်ရှိသည့် အဖွဲ့အစည်းမျိုးကို တည်ထောင်ပြီး နိုင်ငံပိုင်လုပ်ငန်းများကို မှန်မှန်ကန်ကန်စီမံခန့်ခွဲနိုင်စေရန် စောင့်ကြည့်သွားရမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် မိမိ၏အကျိုးစီးပွားအတွက် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ရမည်ဆိုသည့် ဒီမိုကရေစီအခြေခံသဘောတရားသည် ဤနေရာတွင် ပြည့်ပြည့်ဝဝကျင့်သုံးသွားရန်လိုအပ်သည်။

သမဝါယမကျယ်ပြန့်လာခြင်း

စီးပွားရေးလုပ်ဆောင်မှုအတွင်း ဒီမိုကရေစီသဘောတရားကို အကောင်အထည်ဖော်သွားရန်အတွက် စီးပွားရေးလုပ်ငန်းရှင်ကြီးများ မြေပိုင်ရှင်ကြီးများ၏စီးပွားရေးအင်အားကို အလယ်အလတ်နှင့် အသေးစားလုပ်ငန်းများဖြင့် လယ်သမားများအနှံတုနိုင်စေရန် လုပ်ဆောင်ပေးရန်လိုအပ်သည်။ နိုင်ငံအများစုတွင် အလယ်အလတ်နှင့် အသေးစားလုပ်ငန်းများ၊ လယ်သမားများနှင့် ဖွဲ့စည်းထားသည့် သမဝါယမအဖွဲ့အစည်းများတိုးတက်လာခဲ့သည်။ ခေတ်သစ်အရင်းရှင်စနစ်လူမှုအဖွဲ့အစည်းတွင် အရွယ်အစားကြီးမားသည့် စီးပွားရေးလုပ်ငန်းကြီးများသည်အများအားဖြင့် အစုရှယ်ယာအဖွဲ့အစည်း

ပုံစံနှင့် စီမံအုပ်ချုပ်ကြပြီး ယင်းလုပ်ငန်းကြီးများနှင့် အတူ ၎င်းကဲ့သို့ အရွယ်အစားမကြီးသည့် အလယ်အလတ်နှင့် အသေးစားစက်မှုလုပ်ငန်းငယ်များရှိကြသည်။ အလယ်အလတ်နှင့် အသေးစားလုပ်ငန်းများတွင်လည်း ကုမ္ပဏီ၏စီမံခန့်ခွဲအုပ်ချုပ်ပုံစံများရှိသော်လည်း လုပ်ငန်းအများစုသည် တစ်ဦးတစ်ယောက်ကသာ စီမံခန့်ခွဲခြင်းဖြစ်သည်။ အလယ်အလတ်စားနှင့် အသေးစားလုပ်ငန်းများ၏အနေအထားသည် အရေးပါနေသော်လည်း စီးပွားရေးလုပ်ငန်းကြီးများ၏ဖိအားပေးခြင်းကိုခံရသည့် အန္တရာယ်ရှိနေဆဲပင်ဖြစ်သည်။ လုပ်ဖော်ကိုင်ဖက်များအကြားတွင် လွတ်လပ်စွာပြိုင်ဆိုင်မှု၏ရလဒ်အနေနှင့် ကမ္ဘာမီးလောင်သားကောင်ချနင်းပုံစံများဖြစ်ရန်လွယ်ကူသည်။ ထို့ကြောင့် အလတ်စားနှင့် အသေးစားစက်မှုလုပ်ငန်းရှင်များသည် အလုပ်သမားကို လစာအနည်းငယ်သာပေး၍ ခိုင်းခြင်းမျိုးများဖြစ်လာသည်။ ယင်းချို့ယွင်းချက်ကို ဖယ်ရှားရန်အတွက် မည်သို့လုပ်ဆောင်ကြရမည်နည်း။

ယင်းကိစ္စနှင့်ပတ်သက်ပြီး အထိရောက်ဆုံးနည်းလမ်းတစ်ခုမှာ လုပ်ငန်းအမျိုးအစားချင်းတူသည့် အလတ်စားနှင့်အသေးစားစက်မှုလုပ်ငန်းရှင်များစုစည်း၍ "သမဝါယမ"ဖွဲ့ပြီးသည့်နောက် အဖွဲ့၏အင်အားနှင့် ချို့ယွင်းချက်များကိုဖြည့်ဆည်းပြီး လုပ်ငန်းကြီးများ၏အရင်းအနှီးအင်အားကို အန်တုရင်းတစ်ချိန်တည်းတွင်လုပ်ငန်းကို အကျိုးရှိရှိအောင်မြင်မှုရလာစေရန် ဆောင်ရွက်သွားမည်ဆိုသည့် လုပ်နည်းဖြစ်သည်။

ဥပမာ- လုပ်ငန်းချင်းတူသည့် ကုန်ထုတ်လုပ်ငန်းရှင်များသည် သမဝါယမဖွဲ့စည်းပြီး ကုန်ကြမ်းကိုစုပေါင်း၍ ဝယ်ယူနိုင်သကဲ့သို့ ထုတ်လုပ်လိုက်သည့်ကုန်ပစ္စည်းကိုလည်း အတူတကွရောင်းချနိုင်သည်။ လုပ်ငန်းတစ်ခုချင်းစီလုပ်နိုင်ရန်ခဲယဉ်းသည့် အဆောက်အအုံတည်ဆောက်ခြင်းမျိုးကို လုပ်ဆောင်နိုင်ပြီးအားလုံးကဘုံအဖြစ်သုံးစွဲနိုင်သည်။ အရင်းအနှီးမလုံလောက်သည့်အခါ သမဝါယမအဖွဲ့အနေနှင့် ဘဏ်က ငွေချေးယူနိုင်သည်။ ဤနည်းလမ်းအား ပုပြီးတိုးတက်လာမည်ဆိုပါက သမဝါယမအဖွဲ့ဝင်များပိုင်သည့်စက်ရုံကို အားလုံးမျှဝေသုံးစွဲ၊ ထုတ်လုပ်ရေးကို အင်တိုက်အားတိုက်လုပ်ဆောင်၊ အရှုံးအမြတ်တွက်ချက်ပြီး ထွက်ပေါ်လာသည့်

အမြတ်ကိုဝေမျှခံစားနိုင်ကြသည်။ ဤနည်းဖြင့် လုပ်ဆောင်သွားမည်ဆိုပါက လုပ်ငန်းရှင်တစ်ဦးစီအပေါ် ချုပ်ကိုင်မှုများ ဖြစ်လာသည့်အတွက် စီးပွားရေးလုပ်ငန်းကို လွတ်လွတ်လပ်လပ်လုပ်ကိုင်နိုင်ခြင်းဆိုသည့် ဆွဲဆောင်မှုသည် လျော့ပါးသွားသည်ဟုပြောနိုင်သော လုပ်ငန်းကြီးများကို ယှဉ်ပြိုင်နိုင်သည့် အင်အားများကိုပိုင်ဆိုင်လာနိုင်မည်ဖြစ်သည်။ ထို့အပြင် တစ်ချိန်က အလတ်စားနှင့် အသေးစားလုပ်ငန်းများသည် လက်ကားရောင်းဝယ်သူများထံတွင် အောက်ကျိုးရသည့်အပြင် အရင်းအနှီးငွေလိုအပ်သည့်အချိန်၊ ကုန်ကြမ်းပစ္စည်းသွင်းသည့်အချိန်၊ ထုတ်ကုန်ပစ္စည်းကိုရောင်းချသည့် အချိန်တို့တွင် တစ်ဖက်စောင်းနင်းကျသည့် သတ်မှတ်ချက်များနှင့် ကျေနပ်နှစ်သိမ့်နေခဲ့ကြရသည်။ သမဝါယမနည်းလမ်းကိုသုံးခြင်းကြောင့် ယင်းအခြေအနေသည် အတိုင်းအတာတစ်ခုအထိလွတ်မြောက်လာပြီး တိုးတက်အောင်မြင်မှုများရရှိစေရန် လုပ်ဆောင်လာနိုင်မည်ဖြစ်သည်။

သို့ရာတွင် ဤသို့ဆောင်ရွက်မှုဖြင့် အလတ်စားနှင့် အသေးစားလုပ်ငန်းများ၏အခြေအနေများ တိုးတက်ကောင်းမွန်လာစေမည့် စီမံအုပ်ချုပ်မှုအတွင်း အလုပ်သမားများအား ရှေးရိုးစွဲအတိုင်းတင်းတင်းကျပ်ကျပ်အုပ်ချုပ်နေမည်ဆိုပါက ဒီမို[illegible]ရေစီ၏ပန်းတိုင်သို့ရောက်ရန် ဝေးနေလိမ့်ဦးမည်ဟု ပြောရမည်ဖြစ်သည်။ အလတ်စားနှင့် အသေးစားလုပ်ငန်းများ ယခုကာလအထိ အဆင်မပြေမှုအမျိုးမျိုးကို ကြံ့ကြံ့ခံရင်ဆိုင်ပြီး ဇွဲရှိရှိနှင့်တောင့်ခံနိုင်ခဲ့သည့် အဓိကအကြောင်းရင်းမှာ သက်သာသည့် လုပ်အားခနှင့် အကျိုးအမြတ်များရယူလာကြခြင်းကြောင့်ဖြစ်သည်။ နောက်ပိုင်းတွင် အလတ်စားနှင့် အသေးစားလုပ်ငန်းများ၌ လုပ်ကိုင်နေကြသည့် အလုပ်သမားများ၏ ဘဝအခြေအနေကိုကာကွယ်ရန်အတွက် နိုင်ငံသို့မဟုတ် လူမှုအဖွဲ့အစည်းမှစောင့်ကြည့်ပြီး လုပ်အားခဆိုင်ရာ သတ်မှတ်ချက်များကို မြှင့်တင်ပေးနိုင်စေရန်လုပ်ဆောင်ရမည်ဖြစ်သည်။ လုပ်အားခမြင့်တက်လာလျှင် အလတ်စားနှင့် အသေးစားလုပ်ငန်းများလည်ပတ်ရန် အခက်အခဲများရှိလာနိုင်သောအားနည်းချက်ကို သမဝါယမအဖွဲ့အစည်းတိုးတက်မှုနှင့် အစားထိုးလုပ်ဆောင်သွားမည်ဆိုပါက ဖြစ်နိုင်ပေသည်။

သမဝါယမအဖွဲ့အစည်းအနေဖြင့် ခိုင်မာကြံ့ခိုင်သည့်တိုးတက်မှုကို လိုအပ်သည်မှာ စီးပွားရေးလုပ်ငန်းနှင့် ကုန်ထုတ်လုပ်ငန်းများတွင်သာ မဟုတ်ပါ။ ပြည်သူလူထု၏ဘဝကိုတိုက်ရိုက် ထောက်ပံ့ပေးနေသည့် လယ်ယာလုပ်ငန်းတွင်လည်း သမဝါယမအဖွဲ့အစည်းနှင့် စီးပွားရေးကို ဒီမိုကရေစီကျကျဖော်ဆောင်ရန်သည်အရေးကြီးသည်။ လယ်ယာလုပ်ငန်းသည် ပြည်သူလူထု၏စီးပွားရေးတွင် အထူးသဖြင့် အလွန်အရေးပါသည့်နေရာတွင်ရှိသည်။ လယ်ယာလုပ်ငန်းသည် ပြည်သူပြည်သားအားလုံးအတွက် စားစရာဖူလုံမှုရှိစေရန် ဖြည့်စွမ်းပေးနေခြင်းဖြစ်သည်။ လူဦးရေ၏ထက်ဝက်နီးပါးသည် လယ်ယာလုပ်ကိုင်ကြသည့်ရွာများတွင် နေထိုင်ကြခြင်းဖြစ်သည့်အတွက် ယင်းရွာများတွင် ဖြစ်ပွားသည့်ပြဿနာသည် အားလုံးအတွက်အထူးစိတ်ဝင်စားသည့် အကြောင်းအရာများဖြစ်လာလေ့ရှိသည်။ ထို့အပြင် ကုန်ထုတ်လုပ်ငန်းများတွင် ပါဝင်နေသည့် လုပ်သားအင်အားသည် အဓိကအားဖြင့် လယ်ယာလုပ်ငန်းလုပ်ကိုင်သည့်ရွာများက ဖြည့်ဆည်းပေးထားခြင်းဖြစ်သည်။ ထို့ကြောင့် တောရွာများ၏လူနေမှုဘဝအဆင့်အတန်းနိမ့်ကျမည်ဆိုပါက စက်ရုံအလုပ်သမားများ၏လစာသည်လည်း ၎င်းဂယက်ကြောင့် အတိုင်းအတာတစ်ခုအထိသာတက်လာနိုင်မည်ဖြစ်သည်။ ၎င်းအတွက် လယ်သမားများ၏ဘဝကိုမြှင့်တင်ပေးခြင်းသည် မြို့ပေါ်နေအလုပ်သမားများ၏အဆင့်ကို သွယ်ဝိုက်ပြီးမြှင့်တင်ပေးရာလည်းရောက်သည်။

တောရွာများ၌ အဖြစ်အများဆုံးပြဿနာမှာ မြေပိုင်ရှင်နှင့် သူရင်းငှားတို့၏ဆက်ဆံရေးနှင့် ပတ်သက်၍ဖြစ်သည်။ လက်တစ်ဆုပ်စာပင်ရှိသည့် မြေပိုင်ရှင်များသည် မြေဧကအမြောက်အများကိုပိုင်ဆိုင်ကြပြီး မိမိကိုယ်တိုင်က အလုပ်မလုပ်ဘဲ မြေငှားခကြီးကြီးယူလေ့ရှိကြသည်။ သူရင်းငှားများသည် ပင်ပင်ပန်းပန်းအလုပ်လုပ်ကိုင်ပြီး ရိတ်သိမ်းရရှိသည့်အထဲမှအများစုကို မြေငှားခအဖြစ်ကောက်ပဲသီးနှံများနှင့် ပေးချေရသည့်အတွက် ဆင်းဆင်းရဲရဲနေကြရသည့်အခြေအနေမျိုးသည် သဘာဝမကျပါ။ ထို့အပြင် "ပိုင်ဆိုင်မှု၏ ထူးခြားသည့်စွမ်းအားသည် သဲကနေ

ရွှေဖြစ်အောင် လုပ်ဆောင်နိုင်သည်" ဆိုသည့်စကားရှိသည့်အတိုင်း ကိုယ်ပိုင်မြေကို မိမိဘာသာထွန်ယက်စိုက်ပျိုးရမည်ဆိုပါက လယ်ယာစိုက်ပျိုးရေးအပေါ် ထားရှိသည့် စိတ်သဘောထားသည်လည်း အလိုအလျောက် ပြောင်းလဲသွားမည်ဖြစ်သည်။ ထို့ကြောင့် တောရွာများ၏ ဒီမိုကရေစီအခြေခံဆိုခြင်းသည် တတ်နိုင်သမျှ သူရင်းငှားများသည် မိမိမြေပေါ်တွင် ကိုယ်တိုင်ထွန်ယက်စိုက်ပျိုးနိုင်ရေးအပေါ်တွင်မူတည်သည်။ ဤနေရာတွင် ဂျပန်တွင် အစောပိုင်းကပြုလုပ်ခဲ့သည့် လယ်ယာမြေစနစ်ပြုပြင်ပြောင်းလဲရေးတွင် မြေပိုင်ရှင်များ၏မြေများကို နိုင်ငံမှဝယ်ယူပြီး ထိုမြေများကို လယ်သမားသူရင်းငှားများအားဝယ်ယူစေသည်။ ယင်းကဲ့သို့လုပ်ဆောင်ခြင်းသည် ဂျပန်လယ်ယာလုပ်ငန်းတွင်ကြီးမားသည့် အပြောင်းအလဲကိုဖြစ်စေခဲ့ပြီး အလုပ်လုပ်သူလယ်သမားများအတွက် လူနေမှုဘဝတိုးတက်ရေးအတွက် အာမခံချက်ပေးခြင်းပင်ဖြစ်သည်။

လယ်ယာလုပ်ငန်းသမဝါယမသည် လယ်သမားများ၏သီးခြားလွတ်လပ်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ထို့ကြောင့် လယ်သမားများအနေဖြင့် တစ်ဦးတစ်ယောက်ချင်း လယ်ယာလုပ်ငန်းကို ဦးစီးလုပ်ကိုင်ရင်းနှင့် မျိုးစေ့၊ မြေဩဇာ၊ လယ်ယာသုံးစက်ကိရိယာများကို ဝယ်ယူသည့်အခါမျိုး၊ အရင်းအနှီးမလုံလောက်သည့်အခါမျိုး၊ လယ်ယာထွက်ကုန်များကိုရောင်းချသည့်အခါမျိုးတို့တွင် အားလုံး၏အင်အားကိုပေါင်းစည်းပြီးအတူတကွလုပ်ဆောင်လာကြသည်။ လယ်သမားတစ်ဦးအနေနှင့် သီးသန့်မိမိဘာသာ မိမိလယ်ယာလုပ်ငန်းလုပ်ကိုင်မည်ဆိုပါက ယင်း၏အမြတ်အစွန်းသည် မြို့ပေါ်ကုန်ထုတ်လုပ်ငန်းများ စီးပွားရေးလုပ်ငန်းများ၊ ငွေကြေးဆိုင်ရာလုပ်ငန်းများအပေါ်မူတည်ပြီး အပြောင်းအလဲဖြစ်လွယ်သည်။ စျေးနှုန်းကြီးမြင့်သည့် စက်ကိရိယာပစ္စည်းများကိုဝယ်လိုက်ရခြင်း၊ ကုန်သည်မှမိမိသီးနှံကိုစျေးပေါပေါနှင့်ဖြတ်ခြင်း၊ အတိုးနှုန်းကြီးကြီးဖြင့် ငွေချေးရခြင်းများနှင့် ကြုံကြရသည်လည်းအနည်းနှင့် အများရှိနေသည်။ ထို့အပြင်လုပ်ငန်းသေးငယ်သည့်အတွက် ရရှိသည့်အမြတ်အစွန်းမှာလည်းနည်းပါးသည်။ စက်ကိရိယာများကို လုံလုံလောက်လောက်အသုံးပြုရန် အိပ်မက်ပင်

မမက်နိုင်သည့် အခြေအနေဖြစ်ရသည်။ လယ်သမားများ၏ ပြန့်ကျဲနေသည့် အင်အားကိုစုစည်းပြီး ငွေကြေးစီမံခန့်ခွဲသည့်လုပ်ငန်းကို မိမိတို့ဘာသာဦးစီး၊ ရောင်းချဝယ်ယူရေးကိုပါအများစု၍ လုပ်ဆောင်၊ အသုံးပြုသည့်စက်ကိရိယာများကို ဘုံသုံးကြမည်ဆိုပါက လယ်သမားများ၏အားနည်းနေသည့်အနေအထားသည်လည်း များစွာတိုးတက်လာမည်ဖြစ်သည်။ ယင်းသည် သမဝါယမအခန်းကဏ္ဍသာဖြစ်သည်။ သမဝါယမဆိုခြင်းသည် ဒီမိုကရေစီကျသည့်အဖွဲ့အစည်းဖြစ်ရုံသာမက လယ်သမားများ၏အဆင့်အတန်းနှင့် ဘဝအခြေအနေကို တည်ငြိမ်မှုပေးနိုင်ရန်အတွက် တာဝန်ကြီးကြေပ်ယူထားသည်ဆိုပါကလည်း မမှားပေ။

လယ်သမားများ၏ဘဝအဆင့်အတန်းကို အမှန်တကယ်တိုးတက်လာစေရန်အတွက် စက်မှုလုပ်ငန်း၊ သတ္တုတွင်းလုပ်ငန်းများကို တိုးတက်ဖွံ့ဖြိုးအောင်လုပ်ဆောင်ပြီး လယ်ယာလုပ်ငန်းလုပ်ကိုင်သည့် တောရွာများ၌ ပိုလျှံနေသည့်လူများကို ယင်းလုပ်ငန်းများသို့ပြောင်းရွှေ့ပေးရန် လိုအပ်သည်။ သို့ရာတွင် တစ်ချိန်တည်းမှာ လယ်လုပ်သည့်ရွာများတွင်လည်း လယ်ယာထွက်ကုန်များကို ပြုပြင်စီမံထုတ်လုပ်သည့် ကုန်ထုတ်လုပ်ငန်းများကို ထူထောင်ပြီးပိုနေသည့်လူများသည် ယင်းလုပ်ငန်းများကို လုပ်ကိုင်နိုင်ရန်အတွက်လည်း ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ဤသို့လုပ်ဆောင်ရန် လွယ်ကူမည်မဟုတ်သော်လည်း ဖွံ့ဖြိုးမှုခိုင်မာသည့်လယ်ယာစီးပွားရေးလုပ်ငန်းဖြစ်ထွန်းလာစေရန်အတွက် မဖြစ်မနေကြိုးစားသင့်သည်။

စားသုံးသူကိုအကာအကွယ်ပေးခြင်း

ပြည်သူလူထုအားထုတ်လုပ်ရေးပိုင်းရှုထောင့်မှကြည့်ပါက အရင်းရှင်၊ အလုပ်သမား၊ ကုန်သည်၊ လခစား၊ လယ်သမားဟု အမျိုးမျိုးအဖုံဖုံကွဲပြားနေသော်လည်း စားသုံးသူဆိုသည့်ရှုထောင့်ကနေ ကြည့်မည်ဆိုပါက အားလုံးအတူတူပင်ဖြစ်သည်။ အကောင်းအဆိုးမှန်သမျှကို အတူတူခံစားရမည့်သူများဖြစ်သည်။ ထို့ကြောင့် စားသုံးသူများ၏အကျိုးစီးပွားကို ကာကွယ်ရန် ပြည်သူလူထု၏ဘဝအခြေအနေကို တည်ငြိမ်မှုရှိစေပြီး တိုးတက်စေရေး

အတွက်လုပ်ဆောင်ရန်ဆိုသည့်ရှုထောင့်မှကြည့်လျှင်လည်း အလွန်အရေးကြီးသည့်ကိစ္စဖြစ်သည်။ ဤသို့စားသုံးသူများ၏အကျိုးစီးပွားကို ကာကွယ်ရန်သည် အထူးသဖြင့် မြို့ကြီးပြကြီးတွင် လိုအပ်ချက်ပိုမိုကြီးမားသည်။ လယ်လုပ်သည့်ရွာများတွင် စားနပ်ရိက္ခာများကို မိမိတို့ဘာသာထုတ်လုပ်သည့် ရာခိုင်နှုန်းများသကဲ့သို့ လယ်ယာလုပ်ငန်းသမဝါယမများသည် အများအပြားတိုးတက်ဖွံ့ဖြိုးနေပြီးလိုအပ်သည့်ပစ္စည်းကို လူအများစုပြီးဝယ်ယူနိုင်ခြင်းကြောင့် အခက်အခဲများစွာမရှိပါ။

စားသုံးသူ၏အကျိုးစီးပွားကိုစဉ်းစားရာတွင် အရေးအကြီးဆုံးမှာ တတ်နိုင်သမျှ"စားသုံးမှုလွတ်လပ်ခွင့်"ကိုပေးရန်ဖြစ်သည်။ မည်သည်ကို အလိုအပ်ဆုံးဖြစ်သည်။ အရင်ဆုံးမည်သည်ကို ဝယ်လိုသည်ကို ယေဘုယျအားဖြင့် ကာယကံရှင်ကိုယ်တိုင် အသိဆုံးဖြစ်သည်။ လူသည်အကြိုက်အမျိုးမျိုးရှိပြီး နေထိုင်မှုပုံစံအရလိုအပ်မှုကလည်း မတူညီခြင်းကြောင့် ပုံစံတစ်ခုတည်းအဖြစ်ညှိခြင်းမျိုးကိုတတ်နိုင်သမျှ ရှောင်ခြင်းသည်ကောင်းသည်။ ကုန်ကြမ်းပစ္စည်းနည်းပါးသည့်အချိန်ဖြစ်ပါက စားသုံးသူ၏ဝေစု၊ အကန့်အသတ်ဆိုခြင်းကို မလွဲမရှောင်သာလုပ်ဆောင်ရမည်ဖြစ်သော်လည်း စားသုံးမှုလွတ်လပ်ခွင့်ကို တတ်နိုင်သမျှဖော်ဆောင်ရမည်ဖြစ်သည်။ စားသုံးမှုလွတ်လပ်ခွင့်ကို အကောင်းဆုံးအသိအမှတ်ပြုရန်အတွက် ပစ္စည်းရောင်းချရာတွင် ဆိုင်များအနေဖြင့် လွတ်လွတ်လပ်လပ်အပြိုင်အဆိုင်လုပ်ဆောင်စေပြီး ပြည်သူလူထုအနေနှင့် မိမိကြိုက်သည့်ပစ္စည်းအား မိမိကြိုက်သည့်ဆိုင်မှဝယ်ယူနိုင်စေရန် လုပ်ဆောင်ပေးထားခြင်းသည်ကောင်းသည်။ သို့ရာတွင် စားသုံးသူနှင့် ထုတ်လုပ်သူကြားတွင် ကုန်သည်သည် အမြတ်အစွန်းကြီးကြီးမားမားရရှိရန်လုပ်သည့်ပုံစံမှာ စားသုံးသူ၏အကျိုးစီးပွားပျောက်ပျက်လွယ်သည်။ ထိုအခါ စားသုံးသူများသမဂ္ဂကို တိုးတက်ဖွံ့ဖြိုးစေပြီး စားသုံးသူများ၏အကျိုးစီးပွားကို တိုက်ရိုက်ကာကွယ်စောင့်ရှောက်သွားရန်ကိုသာမျှော်လင့်ရသည်။ စားသုံးသူများသမဂ္ဂဆိုသည် အမြတ်အစွန်းရရန်လုပ်သည့် အဖွဲ့အစည်းမဟုတ်သည့်အတွက် ကြားအဆင့်တွင် ပေးနေရသည့်ဝန်ဆောင်မှုစရိတ်သည် အနည်းငယ်သာပေးရမည်။

စားသုံးသူသမဂ္ဂတိုးတက်လာမည်ဆိုပါက ကုန်သည်များဘက်မှလည်း ယင်းကိုအန်တုရန်အတွက် ကုန်ကျစရိတ်ကိုချွေတာပြီး တတ်နိုင်သမျှ ဈေးနှုန်းချိချိုသာသာနှင့် ပစ္စည်းကိုဖြန့်ချိရန်ကြိုးစားလာသည့်အတွက် စားသုံးသူများ၏အကျိုးစီးပွားပိုပြီးကြီးမားလာသည်။ ထို့ကြောင့် ဈေးဆိုင်များနှင့် စားသုံးသူများသမဂ္ဂများအပြိုင်ရှိနေခြင်းသည် ကောင်းမွန်ပြီး တစ်ဖက်ဘက်အား ကန့်သတ်ခြင်းမျိုးလုပ်ရန်မလိုပါ။

စားသုံးသူများသမဂ္ဂများ နေရာဒေသအနည်းငယ်မှ နယ်ပယ်အလိုက်၊ တစ်နိုင်ငံလုံးအလိုက်စသဖြင့် ကျယ်ပြန့်သွားမည်ဆိုပါက အလွန်အားကိုးရသည့် အင်အားဖြစ်လာပေမည်။ **ဗြိတိန်၊ အမေရိက၊ ဆွီဒင်** စသည့်နိုင်ငံများတွင် စားသုံးသူများသမဂ္ဂသည် စက်ရုံကြီးများပိုင်ဆိုင်ပြီး မိမိတို့ကိုယ်တိုင်ထုတ်လုပ်ပြီးနောက် ကုန်ပစ္စည်းကိုသယ်ပိုးသည့် အဆင့်အထိလုပ်ဆောင်နေကြသည်။ ယင်းကဲ့သို့အထိလုပ်ရန် မလွယ်ကူသော်လည်း စားသုံးသူများသမဂ္ဂကို ဒီမိုကရေစီနည်းကျကျတိုးတက်လာစေခြင်းသည် စားသုံးသူများ၏နေထိုင်မှုဘဝကို သိသိသာသာပြောင်းလဲလာစေရန် အကျိုးပြုသည်။

စားသုံးသူများသမဂ္ဂ၏တာဝန်များသည် နေ့စဉ်လူနေမှုဘဝတွင် လိုအပ်သည့်ပစ္စည်းများကို အတူတကွဝယ်ယူမှသာမကပါ။ ကြီးမားသည့် သမဂ္ဂအဖွဲ့အစည်းအားဆိုခြင်းကို နောက်ခံထားရန်ကြည့်မည်ဆိုပါက ဆံသဆိုင်၊ အခကြေးငွေပေးရသည့်ရေချိုးခန်း၊ ကလေးထိန်းဌာနများကစ၍ ဆေးရုံများကိုလည်းတည်ဆောက်နိုင်သကဲ့သို့ အတူတကွချက်ပြုတ်စားသောက်ခြင်းကိုလည်း လုပ်ဆောင်နိုင်သည်။ ထို့အပြင် စားသုံးသူများသမဂ္ဂတိုးတက်လာမည်ဆိုပါက နယ်ပယ်အသီးသီး၏အစည်းအဝေးများတွင် စားသုံးသူများ၏ကိုယ်စားလှယ်များကို တက်ရောက်စေရန်သမဂ္ဂထဲကနေ ရွေးချယ်စေလွှတ်နိုင်ပါသေးသည်။ ၎င်းသည် ကြီးမားသည့်အဖွဲ့အစည်းကို အခြေပြုထားသည့် ကိုယ်စားလှယ်ဖြစ်သည့်အတွက် စားသုံးသူများ၏ သဘောထားကိုကိုယ်စားပြုနေပြီး နယ်ပယ်အသီးသီးတွင် စားသုံးသူများ၏ စကားသံအဖြစ် အလေးထားလာမည်ဖြစ်သည်။ နောက်ပိုင်းတွင် ပြည်သူ

လူထု၏လူမှုစီးပွားရေးဘဝတိုးတက်လာရေးအတွက် ကြီးမားသည့်အဓိပ္ပာယ် ကိုဆောင်နေသည်။ ပြည်သူတစ်ဦးတစ်ယောက်ချင်းစီ အကွဲကွဲအပြားပြား နှင့် မည်သို့မှလုပ်ဆောင်၍မရသောကိစ္စမျိုးကို ပူးပေါင်းဆောင်ရွက်မှု အင်အားနှင့် ဖြေရှင်းပြီး စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နှင့် တောင်းဆိုမှု များလုပ်သွားသည့်နေရာတွင် စားသုံးသူများ၏အကျိုးစီးပွားကိုကာကွယ် ပေးသည့် စားသုံးသူများသမဂ္ဂသည်အရေးပါသည့် အခန်းကဏ္ဍတွင် ရှိနေ ပေသည်။

သို့ရာတွင် စားသုံးသူများ၏ဘဝကို အထောက်အပံ့ပေးခြင်းသည် အခြေခံအားဖြင့် ကုန်ထုတ်လုပ်မှုဖြစ်သည်။ ကုန်ထုတ်လုပ်မှုတိုးတက်မလာ သရွေ့ မည်မျှလောက်ပင်ပြည့်စုံသည့်သမဂ္ဂမျိုးဖွဲ့ဖြိုးလာသည်ဖြစ်စေ၊ စားသုံးသူများ၏လူနေမှုဘဝတိုးတက်ရန် မျှော်မှန်း၍မရနိုင်ပါ။ ကုန်ထုတ် လုပ်မှုတိုးတက်မလာသည့်အတွက် ပြည်သူလူထု၏လူနေမှုအဆင့်အတန်း နိမ့်လာပြီးနေရာအနှံ့တွင် အလုပ်လက်မဲ့များပေါ်လာမည်ဆိုပါက စီးပွားရေး ဆိုင်ရာဒီမိုကရေစီကို အကောင်အထည်ဖော်နိုင်မည်မဟုတ်ပေ။ ထိုမျှမက စီးပွားရေးကျဆင်းမှုနှင့် ဝရုန်းသုန်းကားဖြစ်မှုဆိုခြင်းသည် နောက်ဆုံးတွင် နိုင်ငံရေးဆိုင်ရာဒီမိုကရေစီကိုပါခြိမ်းခြောက်လာပြီး ဒီမိုကရေစီနိုင်ငံအဖြစ် လျှောက်လှမ်းနေသည့်လမ်းကြောင်းတွင် အခက်အခဲများတွေ့စေနိုင်သည်။ စီးပွားရေး၌ လွယ်လွယ်ကူကူနှင့် အဆင်ပြေလာခြင်းမရှိပါက စီးပွားရေး ဆိုင်ရာဒီမိုကရေစီသည် လွယ်လွယ်ကူကူအကောင်အထည်ဖော်နိုင်ခြင်းမရှိဟု ပြောရမည်ဖြစ်သည်။ ဤသို့မလွယ်ကူခြင်းကြောင့်လည်း စီးပွားရေးဆိုင်ရာ ဒီမိုကရေစီကျင့်စဉ်ကို ခိုင်ခိုင်မာမာကိုင်စွဲပြီး အကောင်အထည်ပေါ်လာမှုရှိ စေရန် ကြိုးစားသွားရန်အရေးကြီးသည်။

အခန်း (၁၀)
ဒီမိုကရေစီနှင့် အလုပ်သမားသမဂ္ဂ

အလုပ်သမားသမဂ္ဂ၏ရည်ရွယ်ချက်

အရင်းရှင်စနစ်တွင် ဒီမိုကရေစီ၏အခြေခံများရှိပြီး တစ်ဦးချင်းပျော်ရွှင်ချမ်းသာမှုကိုရှာဖွေရင်း ဘဝတွင်လှုပ်ရှားနေထိုင်နိုင်သည့် လွတ်လပ်မှုနှင့် အခွင့်အရေးများရှိသည်ဟု အတည်ပြုထားသမျှ ပြည်သူများ၏ ကြိုးစားအားထုတ်မှုအပေါ်လိုက်၍ နေ့စဉ်လူနေမှုဘဝသည် တဖြည်းဖြည်း သာယာလာမည်မှာ မလွဲဟုဆိုသည်။ သို့ရာတွင် တကယ့်လက်တွေ့တွင် ဤသို့မလွဲမသွေဖြစ်ရန်မလွယ်ပါ။ ထို့ကြောင့် စီးပွားရေးဆိုင်ရာ ဒီမိုကရေစီကို ကောင်းစွာကျင့်သုံးနိုင်ခြင်းမရှိသေးသည့် အနေအထားတွင် စီးပွားရေးကဏ္ဍရှိအလုပ်သမားများ၏အခန်းကဏ္ဍသည် အထူးသဖြင့် လျစ်လျူရှုခံရတတ်သည်။ အဘယ်ကြောင့်ဆိုသော် ၄င်းအချိန်၌ အရင်းအနှီးများသည် အရေအတွက်အားဖြင့် အလွန်နည်းသည့် အရင်းရှင်များ၏လက်တွင်စုပြုံရှိနေပြီး စီးပွားရေး၏ခွန်အားသည် အခန့်မသင့်ပါက အရင်းရှင်များ၏ အကျိုးစီးပွားသက်သက်အတွက် တစ်ဖက်သတ်အသုံးချခံရရန်လွယ်ကူမှုရှိခြင်းကြောင့်ဖြစ်သည်။ တစ်ဖက်တွင် အလုပ်လုပ်ရန်အာရုံစိုက်နေရသည့် ပြည်သူအများစုသည် တရား[illegible]မှုမရှိသည့် နိမ့်ကျသည့်လုပ်အားခနှင့် တရားမျှတမှုမရှိသည့် အလုပ်လုပ်ချိန်ကြာမြင့်စွာခိုင်းစေသည်များကို ရှောင်ကွင်းမရနိုင်ဘဲကြုံတွေ့ရပြီး နိမ့်ကျသည့်လူနေမှုအဆင့်အတန်းတွင် မလွဲမရှောင်သာနေရတတ်ပါသည်။

အရင်းရှင်စနစ်အတားအဆီးမရှိကြီးစိုးနေသည့် စီးပွားရေးလှုပ်ဘောင်လောကၦ အများအားဖြင့် စက်ရုံများကဲ့သို့နေရာများတွင် အရင်းရှင်များသည် သတ်မှတ်ထားသည့်စည်းမျဉ်းများကို အသုံးပြုကြသည်။ ၎င်းအနေအထားၦ လုပ်အားကြောင့်ရသည့် ကုန်ထုတ်လုပ်မှု၏အကျိုးအမြတ်ထဲမှ ကြီးမားသည့် အစိတ်အပိုင်းကို အရင်းရှင်များ၏လက်ထဲရောက်မသွားစေရန် မတားဆီးနိုင်ပါ။ ဤကဲ့သို့ ဖြစ်နေသည့်တိုင် မူလကပင် အလုပ်၏စည်းမျဉ်းများသည် ဥပဒေအရအလုပ်ရှင်နှင့် အလုပ်သမားကြား ချုပ်ဆိုထားသည့် စာချုပ်အပေါ် မူတည်ပြီး လွတ်လွတ်လပ်လပ်သတ်မှတ်၍ရပါသည်။ ဤနေရာတွင် အရင်းရှင်များသည် ယင်းအတွက် အသာစီးရစေမည့် စည်းမျဉ်းများကိုရေးဆွဲနိုင်သည်။ တစ်ဖက်တွင် အလုပ်သမားများသည် စားဝတ်နေရေးအတွက် လိုအပ်နေခြင်းကြောင့်မတတ်သာဘဲ ၎င်းစည်းမျဉ်းများကို လက်ခံလိုက်ရသည်ဆိုပါက ဤအနေအထားတွင်ချုပ်ဆိုသည့် စာချုပ်သည် အမှန်တကယ်မျှတမှု၊ လွတ်လပ်မှုရှိသည်ဟု ပြောနိုင်မည်မဟုတ်ပေ။ အဆိုပါအနေအထားကို ယခုအတိုင်းပစ်ထားခြင်းသည်လည်း ဒီမိုကရေစီ၏ အခြေခံသဘောတရားနှင့်ဆန့်ကျင်နေပါသည်။

အဘယ်ကြောင့်ဆိုသော် ဒီမိုကရေစီ၏အခြေခံစိတ်ဓာတ်သည် လူသားတစ်ဦးချင်းကို လေးစားတန်ဖိုးထားခြင်းကြောင့်ဖြစ်သည်။ လူသားများသည် မည်သူမဆိုဘဝသာယာအောင်တည်ဆောက်ရန် အခွင့်အရေးကို ပိုင်ဆိုင်ထားသည်။ ဤသို့ဖြစ်ပါလျက်နှင့် ရိုးရိုးသားသားကြိုးစား၍ အလုပ်လုပ်နေသည့် လူများသည်လူသားတစ်ယောက်အနေနှင့် အသက်ရှင်နေရုံသက်သက်အတွက် စားဝတ်နေရေးကိုလုံးပန်းနေရသည့် အနေအထားဖြစ်နေမည်ဆိုပါက ၎င်းသည် ကြီးမားသည့်ပြဿနာတစ်ခုပင်ဖြစ်သည်။ ထို့ကြောင့် လူသားအားလုံးသည် မိမိကိုယ်တိုင်နှင့် မိမိ၏မိသားစုအတွက် အလုပ်လုပ်ပိုင်ခွင့်ရှိပြီး ဤသို့အလုပ်လုပ်ခြင်းကြောင့် မိသားစု၏စားဝတ်နေရေးကို ထောက်ပံ့ပေးနိုင်သည့် လုံလောက်သောဝင်ငွေရရှိနိုင်ရန် တန်းတူညီမျှအခွင့်အရေးများကို တောင်းဆိုနိုင်ရမည်ဖြစ်သည်။ ယင်းသည် ပြည်သူအားလုံးအတွက် တစ်ပြေးညီအသိအမှတ်ပြုရမည့် အခြေခံလူ့အခွင့်အရေးဖြစ်သည်။ အခြေခံလူ့အခွင့်အရေးကို အထူးဦးစားပေးသည့် ဒီမိုကရေစီ

တွင် စီးပွားရေးဆိုင်ရာလူမှုဘဝအတွက် အမျိုးမျိုးသော ဆူးညောင့်ခလုတ်များ၊ မတရားမှုများကိုဖယ်ရှားရန်ကြိုးစားခြင်းသည် မည်သို့မျှမထူးဆန်းဟုပြောရမည်ဖြစ်သည်။

ယင်းအချက်များသည်နောက်ဆုံး၌ ယခင်အခန်းတွင် ရှင်းပြခဲ့သည့် စီးပွားရေးဆိုင်ရာလူမှုဘဝအတွက် ဒီမိုကရေစီ၏ပြဿနာဖြစ်သော်လည်း အထူးသဖြင့် အလုပ်သမားများ၏ဘဝအဆင့်အတန်းတိုးတက်မှုဆိုသည့် အခန်းကဏ္ဍမှစဉ်းစားမည်ဆိုပါက အလုပ်သမားပြဿနာဟုခေါ်ကြသည့် အရေးကိစ္စပင်ဖြစ်သည်။ အလုပ်သမားပြဿနာအတွက် စီမံချက်များသည် အမျိုးမျိုးရှိနိုင်သော်လည်း ၎င်းကိုအခြေခံဖြေရှင်းရန်နည်းလမ်းတွင် အလုပ်သမားများအတွက် တရားနည်းလမ်းမကျ အနိုင်ကျင့်ခံရသည့်စည်းမျဉ်းများကို ဖယ်ရှားရေးသာဖြစ်သည်။ ဤလိုအပ်ချက်များဘက်မှ ကြည့်မည်ဆိုပါကလည်း အလုပ်သမားများ ညီညီညွတ်ညွတ်စုစည်းပြီးဖွဲ့စည်းထားသည့် အလုပ်သမားများသမဂ္ဂဆိုခြင်းသည်အရေးပါသည့် အဓိပ္ပာယ်ရှိသည့် အဖွဲ့အစည်းဖြစ်သည်။

ယနေ့ခေတ် ကုန်ထုတ်လုပ်ငန်းလောက၌ လုပ်ကိုင်နေကြသည့် အလုပ်သမားသည်များပြားလှသည့် စက်ရုံများအလုပ်ဌာနများတွင် ပြန့်ကျဲ၍ရှိနေကြသည်။ ၎င်းအပြင် အကယ်၍ အလုပ်သမားသမဂ္ဂများမရှိခဲ့ပါက တစ်နေရာတည်းတွင် အလုပ်လုပ်နေသည့် လူများအချင်းချင်းပင် အလုပ်ရှင်သည် သီးခြားစီအလုပ်ခန့်၊ တစ်ဦးချင်းတစ်ယောက်ချင်း သီးသန့်လုပ်ခများ၊ အခြားအလုပ်စည်းမျဉ်းများကို သတ်မှတ်မည်ဖြစ်သည်။ သူတို့သည် မိမိတို့၏လုပ်အားသည် မည်မျှတန်ဖိုးရှိသည်၊ မည်သည့်နေရာတွင် အလိုအပ်ဆုံးဖြစ်သည်၊ သင့်လျော်သည့်လုပ်အားခဆိုသည် မည်မျှရှိသည်စသည်များကို တိတိကျကျသိနိုင်ရန်လမ်းမရှိပါ။ ကုမ္ပဏီ၏သဘောအတိုင်း အလုပ်ဖြုတ်မည်ဟုပြောလာလျှင်လည်း တစ်ဦးတစ်ယောက်ချင်း၏ခွန်အားနှင့် အာခံရန်မဖြစ်နိုင်သည့်အပြင် အာခံဖိဆန်သော်လည်း ကုမ္ပဏီဘက်မှ ဂရုစိုက်မည်မဟုတ်ပါ။ အလုပ်ပြုတ်သွားခဲ့လျှင် ချက်ချင်းပင် နောက်နေ့စားဝတ်နေရေးအတွက်ဒုက္ခရောက်မည်ဖြစ်၍ မည်သည့်နေရာ

တွင်ဖြစ်စေ၊ မည်သည့်စည်းမျဉ်းကန့်သတ်မှတ်ချက်နှင့်ပင်ဖြစ်စေ အလုပ်ပေးမည့်နေရာရှိပါက လုပ်ရမည့်အနေအထားဖြစ်လာသည်။ ထို့ကြောင့် တစ်ဦးချင်းသီးသန့်အနေအထားဖြစ်နေခြင်းသည် အလုပ်သမားများအတွက် အကြီးဆုံးအရေးနိမ့်နေရသည့်အချက်ဟု ပြော၍ရသည်။

ဤမျှမက အခုခေတ်ကဲ့သို့ လုပ်ငန်းပမာဏကြီးမားကျယ်ပြန့်လာနေချိန်တွင် အလုပ်ကိုပို၍အမျိုးအစားများခွဲလာကြသည်။ ဌာနတစ်ခုတည်းတွင် အလုပ်လုပ်နေကြသည့် အလုပ်သမားများသည် ဥပမာ- သံချောင်းကိုတူနှင့်ရိုက်ခြင်း၊ စက်ကိုဆီဖြည့်ခြင်းစသည့်ပုံစံချပြီးသား လွယ်ကူသည့် အလုပ်တစ်ခုကိုသာတာဝန်ယူ၍ တစ်ချိန်လုံး ၎င်းကိုသာလုပ်နေရခြင်းမျိုးရှိလာနေသည်။ ဤသို့သော အနေအထားတွင် ဦးနှောက်ကိုသုံး၍ နည်းပညာသစ်များကိုရှာဖွေကြံဆစရာ မလိုအပ်သကဲ့သို့ဖြစ်လာပြီး လူသားများသည် စက်ရုပ်များကဲ့သို့ပင်လုပ်လာရသည့်အခါ စိတ်ပိုင်းဆိုင်ရာအတွေးအခေါ်ကြံဆမှုအစွမ်းများသာမက၊ ယင်းအစွမ်းကို အသုံးချရန်အခွင့်အလမ်းများပါကင်းမဲ့နေခြင်းကြောင့် တဖြည်းဖြည်းအစွမ်းအစများလျော့ပါးလာမည်ဖြစ်သည်။ ဤအချက်သည် ယခုခေတ် စက်ရုံအလုပ်သမားများနှင့် ယခင်လက်နှင့်လုပ်သည့်ခေတ် ပညာရှင်များနှင့်လုံးဝမတူသည့်အချက်ပင်ဖြစ်သည်။ လူသည် ဤကဲ့သို့ ဖြစ်လာသည်နှင့်အမျှ အပျော်အပါးစိတ်အပန်းဖြေစရာများ ယဉ်ကျေးမှုဆိုင်ရာအသိပညာများကို ပိုပြီးလိုလားလာတတ်သော်လည်း နေ့တစ်နေ့၏ အချိန်အများစုကို စက်ရုံအလုပ်ရုံတွင် အလုပ်လုပ်၊ လုပ်ခနည်းနည်းလေးကိုယူ၍ အိမ်ပြန်ရောက်သည့်အခါပင်ပန်းပြီး အိပ်ရန်ပင်ရှိသည်ဆိုသည့်အနေအထားတွင် ဤလိုလားချက်များကို ဖြည့်ဆည်းနိုင်မည်မဟုတ်ပေ။ အလုပ်သမားများ၏အနေအထားသည် အထီးကျန်ဖြစ်နေလျှင် မိမိတစ်ဦးတည်း၏မပြောပလောက်သောအားနှင့် အသိပညာများကို ခဲ့ထွင်ရန်အတွက် စီမံအကွက်ချခြင်းမျိုးမည်သို့မျှစဉ်းစားမိမည် မဟုတ်ပေ။

ဤသို့ အရှုံးပေးထားရသည့်စည်းမျဉ်းများကို အလုပ်သမားအများစုက ညီညွတ်စုစည်းကြမည်ဆိုပါက အဖွဲ့အစည်း၏အင်အားနှင့် အနည်းဆုံးအချို့သောအပိုင်းများကို ဖယ်ရှားသွားရန်ဖြစ်နိုင်ပေသည်။

ဤသို့ဖြင့် ယင်းအဖွဲ့အစည်းကြီးထွားလာသည်နှင့်အမျှ ညီညွတ်သည့် အင်အားကို ပို၍ထိထိရောက်ရောက်အသုံးချလာမည်။ ထို့ကြောင့် လူတစ်ဦးချင်းသည်အလုပ်ခွင်များတွင် တကွဲတပြားနှင့် အလုပ်လုပ်နေပြီး တစ်ယောက်ချင်းအထီးကျန်ဖြစ်နေသည့် အလုပ်သမားများသည် တဖြည်းဖြည်းနှင့် သီးခြားစီဖြစ်နေရခြင်းသည်တစ်ပန်းရုံးနေရသည်ဟု ခံစားမိလာပြီး အချင်းချင်းပူးပေါင်း၍ သင့်တင့်လျောက်ပတ်သည့် အလုပ်စည်းမျဉ်းများကို ချမှတ်ရေးဆွဲရန် ကြိုးပမ်းလာကြသည်။ ဤသို့ ကုမ္ပဏီကြီးများပေါ်ထွန်းလာပြီး စီးပွားရေးဩဇာအလွန်အမင်းကြီးမားလာသည်နှင့်အမျှ အလုပ်သမားသမဂ္ဂများသည်လည်း သေးငယ်သည့်အရွယ်အစားမှ တဖြည်းဖြည်းအားကောင်းလာကာ ဒေသအလိုက် သို့မဟုတ် နိုင်ငံလုံးဆိုင်ရာ အဖွဲ့အစည်းများအဖြစ်ဖွဲ့စည်းလာကြသည်။ အလုပ်စည်းမျဉ်းပြင်ဆင်ရေးဆွဲခြင်းသာမက၊ အလုပ်သမားများ၏စားဝတ်နေရေးအခြေအနေကောင်းမွန်စေရန်ကိုပါ ဤသို့သော အလုပ်သမားသမဂ္ဂများ၏လှုပ်ရှားမှုများအပေါ် အကြီးအကျယ် မှီခိုလာခဲ့သည်။ ၄င်းနှင့်တပါတည်း ဒီမိုကရေစီနိုင်ငံ၏စနစ်အနေဖြင့် အလုပ်သမားသမဂ္ဂများဖွဲ့စည်းပြုထားပြီး သမဂ္ဂများပေါ်ပေါက်လာရေးကို ဥပဒေကြောင်းနှင့် ကူညီအားပေးလာခြင်းသည် စီးပွားရေးဆိုင်ရာဒီမိုကရေစီပြုပြင်ပြောင်းလဲမှု၏ ဦးတည်သည့်ကြိုးမားသည့်ခြေလှမ်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။

အလုပ်သမားသမဂ္ဂ၏ဝတ္တရား

အလုပ်သမားသမဂ္ဂသည် သင့်တင့်လျောက်ပတ်သည့် အလုပ်ဆိုင်ရာစည်းမျဉ်းများကို ချမှတ်ရန်ကြိုးပမ်းသည့် အလုပ်သမားထုကိုယ်တိုင် စည်းလုံးညီညွတ်စွာနှင့် ဖွဲ့စည်းခြင်းဖြစ်သည်။ ထို့ကြောင့် ၄င်းကဲ့သို့ လုပ်ဆောင်နိုင်ရန် အခြေခံစိတ်ဓာတ်သည် စီးပွားရေးလုပ်ငန်းရှင်များ ဩဇာအာဏာကို မတရားသဖြင့် သုံးစွဲလာသည့်အခါမျိုးတွင် အလုပ်သမားများဘက်ကရပ်တည်ပြီး အခြေခံလူ့အခွင့်အရေးများကိုကာကွယ်ပေးရန် ဒီမိုကရေစီနည်းလမ်းကျသည့် လှုပ်ရှားမှုပေါ်တွင် မြစ်ဖျားခံသည်ဟုပြောနိုင်သည်။ တစ်နည်းအားဖြင့် အလုပ်

သမားသမဂ္ဂသည် စီးပွားရေးဘက်တွင် ဒီမိုကရေစီကိုလက်တွေ့ ကျင့်သုံးရန် အတွက် လူထုအဖွဲ့အစည်းပင်ဖြစ်သည်။

အကယ်၍ အလုပ်သမားထု ကိုယ်တိုင်ထူထောင်ထားသည့် အလုပ်သမားသမဂ္ဂဆိုသည့် အဖွဲ့အစည်းမရှိပါက သို့မဟုတ် ယခုကဲ့သို့ထူထောင်ခြင်းကိုတားမြစ်ခံထားရမည်ဆိုပါက အပေါ်ယံကြောဉပဒေအရခွင့်ပြုထား၍ စနစ်အနေနှင့် တည်ရှိနေသည့်တိုင်အောင် ခေတ်သစ်ဒီမိုကရေစီအခြေခံသဘောတရားကို လက်တွေ့ပြည့်ပြည့်ဝဝကျင့်သုံးနိုင်ခြင်းမရှိဟုဆိုနိုင်ပေသည်။ ထို့ကြောင့် အလုပ်သမားသမဂ္ဂဆိုသည် ဒီမိုကရေစီ၏အခြေခံသဘောတရားကို ခေတ်မီသည့် ကုန်ထုတ်လုပ်မှုကဏ္ဍဖွဲ့စည်းပုံထဲတွင် သက်ရှိများ၏စားဝတ်နေရေးအခြေခံ သဘောတရားအဖြစ် တိုးတက်ဖွံ့ဖြိုးလာစေရေးမှာ မရှိမဖြစ်သည့်လိုအပ်ချက်ပင်ဖြစ်သည်။

ဤအချက်များကြောင့် အလုပ်သမားသမဂ္ဂ၏ နံပါတ်တစ်တာဝန်သည် သင့်တင့်လျောက်ပတ်သည့် အလုပ်ဆိုင်ရာစည်းမျဉ်းကိုရေးဆွဲရန်ပင်ဖြစ်သည်။ သို့ရာတွင် အလုပ်ဆိုင်ရာစည်းမျဉ်းများကို ကောင်းမွန်အောင်လုပ်ရန် အာဏာရှင်ဆန်သည့် အစိုးရအရာရှိများဖြစ်စေ၊ စေတနာကောင်းသည့် အာဏာရှင်ပင်ဖြစ်စေလုပ်နိုင်သည့် ကိစ္စဖြစ်သည်။ ဥပမာ-ဟစ်တလာသည်အလုပ်သမားများကို မြောက်ပင့်အားပေး၍ ကူညီရေးအင်အားစုဆိုသည်ကိုဖွဲ့စည်းစေပြီး အလုပ်သမားထုကြီးက ဟစ်တလာအားသဘောကျစေရန် ကောင်းစွာလုပ်ဆောင်ခဲ့သည်။ သို့ရာတွင် ဤသို့သောနည်းနှင့် အလုပ်ဆိုင်ရာစည်းမျဉ်းများကို ကောင်းမွန်အောင်ပြင်ဆင်ခြင်းသည် မှန်ကန်သည့် နည်းလမ်းမဟုတ်ပေ။ အကြောင်းမှာ အလုပ်သမားများကိုယ်တိုင်စီမံမှုကို လျစ်လျူရှုထားခြင်းကြောင့်ပင်ဖြစ်သည်။ အာဏာကိုချုပ်ကိုင်သည့်ခေတ်တွင် အလုပ်သမားများကိုယ်တိုင်စီမံမှုကို လစ်လျူရှုထားခြင်းကြောင့်ပင်ဖြစ်သည်။ အာဏာကိုချုပ်ကိုင်သည့်ခေတ်၏အုပ်ချုပ်မှုအခြေခံသဘောတရားဆိုသည် "ပြည်သူသည် အုပ်ချုပ်သူလုပ်သမျှကိုနာခံရုံသာဖြစ်ပြီး အကျိုးအကြောင်းသိစရာမလို၍" ဖြစ်သည်။ တစ်ဖက်တွင်ယနေ့ခေတ် အလုပ်သမားသမဂ္ဂများ၏ရည်မှန်းချက်မှာ အလုပ်သမား

ထုကြီးသည် မှန်ကန်သည့် အလုပ်ဆိုင်ရာစည်းမျဉ်းများကို မိမိတို့အဖွဲ့အစည်း၏ခွန်အားနှင့် မိမိတို့ကိုယ်တိုင်အကောင်အထည်ဖော်သွားရန် ဖြစ်သည်။ "အထက်က" လာသည့် အမိန့်အရမဟုတ်ဘဲ "အောက်ခြေက" အဖွဲ့အစည်း၏ခွန်အားနှင့် စီးပွားရေးဆိုင်ရာ ဒီမိုကရေစီ၏ထွန်းကားမှုကို ဖော်ဆောင်ခြင်းသာလျှင် အလုပ်သမားသမဂ္ဂ၏ကြီးမားသည့် တာဝန်ဖြစ်ပေသည်။

ဤအချက်ကို အသေအချာစဉ်းစားကြည့်မည်ဆိုပါက အလုပ်သမားသမဂ္ဂ၏စိတ်ဓာတ်သည် ဒီမိုကရေစီအခြေခံသဘောထားနှင့် မည်မျှအထိ ဆက်နွယ်နေသည်ကို နားလည်နိုင်မည်ဖြစ်သည်။ ဒီမိုကရေစီအုပ်ချုပ်ရေးသည် "ပြည်သူ့အတွက်နိုင်ငံရေး" ဖြစ်သည်။ သို့ရာတွင် "ပြည်သူ့အတွက်နိုင်ငံရေး" ကို လုပ်ဆောင်ကြရာတွင် အသုံးပြုသော နည်းလမ်းအတိုင်း တစ်ထစ်ချကောင်းမည်ဟုမပြောနိုင်ပါ။ "အထက်က" လာသည့် အမိန့်အရ ပြည်သူလူထု၏သာယာဝပြောမှုများ ဆတက်ထမ်းပိုးတိုးလာသည်ဆိုစေကာမူ ဒီမိုကရေစီဖြစ်သည်ဟု မဆိုနိုင်ပေ။ ပြည်သူတို့၏အင်အားနှင့် ပြည်သူတို့ကိုယ်ဝိုင် ပြည်သူများအတွက်နိုင်ငံရေးကို လုပ်ဆောင်ခြင်းသည်သာ တကယ့်ဒီမိုကရေစီ ဖြစ်သည်။ **၄င်းနှင့် အလားတူ နိုင်ငံရေးတွင် ရည်မှန်းချက်ကြီးသူများ သို့မဟုတ် အလုပ်သမားများ၏ နောက်ကွယ်၌ ပုန်းကွယ်နေသည့် ခေါင်းဆောင်ကြီးများ၏ အင်အားကြောင့်မဟုတ်ဘဲ အလုပ်သမားများ၏ အင်အားနှင့် အလုပ်သမားထုကြီးကိုယ်တိုင် စည်းလုံးညီညွတ်စွာနှင့် အလုပ်လုပ်သူများ၏ ဘဝအဆင့်အတန်းမြင့်မားအောင်လုပ်ဆောင်ခြင်းသည် စစ်မှန်သည့်အလုပ်သမားသမဂ္ဂ၏လုပ်ဆောင်မှုဖြစ်သည်။** ဤကဲ့သို့ကိုယ်တိုင် လုပ်ဆောင်သည့် သမဂ္ဂများ၏လှုပ်ရှားမှုနှင့် အလုပ်သမားများသည် မိမိတို့ကိုယ်တိုင် လူ့ဘောင်ဆိုင်ရာ နိုင်ငံရေးဆိုင်ရာများကို လေ့လာသင်ယူနိုင်မည်။ ဤကဲ့သို့ရှထောင့်မှကြည့်မည်ဆိုပါက အလုပ်သမားသမဂ္ဂသည် ကိုယ်တိုင်စီမံခန့်ခွဲသည့် အဖွဲ့အစည်းမျိုးများရှိရသည့် ဒီမိုကရေစီစနစ်၏သင်တန်းကျောင်းကြီးတစ်ခုဖြစ်သည်ဟု ပြောလိုပါသည်။

ထို့အပြင်အလုပ်သမားသမဂ္ဂ၏တာဝန်သည် လုပ်ခတိုးရန်၊ အလုပ်ချိန်တိုရန်၊ အခြားအလုပ်နှင့်ဆိုင်သည့် စည်းမျဉ်းများကို ကောင်းအောင်ပြင်ပေးရန်ဟုတောင်းဆိုသည့် စီးပွားရေးနှင့် ပတ်သက်သည့် ရည်ရွယ်ချက်များသက်သက်အတွက် ဖွဲ့စည်းထားခြင်းမဟုတ်ပေ။ အလုပ်သမားသမဂ္ဂသည် နောက်ထပ်အရေးပါသည့် လူမှုဆိုင်ရာတာဝန်များကိုလည်း ထမ်းဆောင်ရန်လိုသည်။

ယခုခေတ်၌ ကြီးမားသောအလုပ်ရုံများ၌ အလုပ်လုပ်နေကြသူများသည် ပုံစံချထားသည့်အလုပ်ကိုလုပ်ကြရသည့်အတွက် စွမ်းရည်အသိပညာများတိုးတက်လာစေရေးအတွက် လုပ်ဆောင်ရန်မလွယ်သည့်အပြင် စိတ်ပိုင်းဆိုင်ရာလစ်ဟာမှုများ ဖြစ်လာနိုင်သည့်အန္တရာယ်ရှိသည်။ ၄င်းသည် အရင်းရှင်စနစ်ဖြစ်စေ ဆိုရှယ်လစ်စနစ်ဖြစ်စေ အလုပ်ခွဲခြားလုပ်ကိုင်မှုအလွန်တရာလိုအပ်သည့်ကြီးမားသော စီးပွားရေးလုပ်ငန်းပုံစံအောက်တွင် မည်သို့မျှရှောင်လွှဲ၍မရနိုင်သည့် ကိစ္စဖြစ်သည်။ တစ်ဖက်၌ အလုပ်သမားများ၏ စွမ်းရည်အရည်အသွေးများ နိမ့်ကျပျောက်ကွယ်မသွားစေရန် ကာကွယ်စောင့်ရှောက်ပြီး စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရာ၌ အခြေခံလူ့အခွင့်အရေးထိန်းသိမ်းမှုရှုထောင့်မှကြည့်ပါက အလွန်အရေးပါသည့် ပြဿနာဖြစ်လာနေသည်။ လူဆိုသည်မှာ အစာစားပြီး အသက်ရှင်နေရုံနဲ့မပြီးပါ။ လူသားကိုင်းစိတ်ချမ်းသာမှုကိုရရန် သာတူညီမျှအခွင့်အရေးများပိုင်ဆိုင်ထားသည်။ ကုမ္ပဏီကြီးများ၊ စီးပွားရေးလုပ်ငန်းကြီးများကို ဗဟိုပြုသည့်စီးပွားရေးစနစ်သည် အလုပ်သမားများ၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများအတွက် အတားအဆီးဖြစ်လာနိုင်သည့်အပေါ် အလုပ်သမားများ ကိုယ်တိုင်စုစည်းထားသည့် အင်အားနှင့် တစ်ဦးချင်းတစ်ယောက်ချင်းမရနိုင်သော ပညာဗဟုသုတများကိုရယူပြီး ယဉ်ကျေးမှုအသစ်များကို ခံစားကျင့်သုံးနိုင်စေရန်လုပ်ပေးရေးသည် အလုပ်သမားသမဂ္ဂများကိုပေးအပ်ထားသည့် တာဝန်ဖြစ်ပေသည်။

ကုန်ထုတ်လုပ်မှုဖြစ်စဉ် သာယာဝပြောရေးအကောင်အထည်ဖော်မှု

အလုပ်သမားသမဂ္ဂများ၏လှုပ်ရှားမှုကြောင့် သင့်တင့်လျှောက်ပတ်သည့် အလုပ်ဆိုင်ရာစည်းမျဉ်းများရှိလာပြီး အလုပ်သမားထုကြီး၏ အဆင့်အတန်း မြင့်မားလာခြင်းသည် "ကုန်ထုတ်လုပ်ငန်းဖြစ်စဉ် သာယာဝပြောရေး" အကောင်အထည်ဖော်ရန်အတွက် များစွာအထောက်အကူပြုသည်။ စီးပွားရေးလုပ်ငန်းများ၌ လွတ်လပ်မှုမရှိသည့်အနေအထားကို အချိန်အတန်ကြာ လျစ်လျူရှုထားမည်ဆိုပါက အလုပ်ရှင်နှင့် အလုပ်သမားအကြား အဆင့်အတန်းကွာဟမှုမှာ ပိုပိုကြီးထွားလာပြီး အမြတ်အစွန်း၊ ခံစားချက်များနှင့် ပတ်သတ်၍ နားလည်မှုမပေးနိုင်လောက်အောင် သဘောထားကွဲကာ ထိပ်တိုက်တွေ့လာနိုင်သည့် အန္တရာယ်ရှိသည်။ ဤသည်မှာ ကုန်ထုတ်လုပ်မှုတိုးတက်ရေးကို အတားအဆီးဖြစ်စေပြီး လူ့ဘောင်လောကသာယာရေးကို အနှောက်အယှက်ပေးသည့် အကြောင်းရင်းဖြစ်လာမည်။ အကယ်၍ အလုပ်သမားသမဂ္ဂများ ခိုင်ခိုင်မာမာတည်ထောင်ထားနိုင်ခြင်းကြောင့် အလုပ်ရှင်နှင့် အလုပ်သမားများအကြား နားလည်မှုနှင့် ပူးပေါင်းလုပ်ဆောင်မှုများတွင်ကျယ်လာမည်ဆိုပါက ထိပ်တိုက်တွေ့သည့်အဖြစ်မျိုးများကို ရှောင်ကွင်းနိုင်မည်ဖြစ်သည်။ ကုန်ထုတ်လုပ်ငန်းလောကသာယာဝပြောရေးသည် ကျယ်ပြန့်ခိုင်မာစွာတည်ထောင်ထားသည့် သမဂ္ဂများအတွက် လိုအင်ဆန္ဒဖြစ်သည်။ ထို့အပြင် **သဝိတ်မှောက်ဆန္ဒပြတောင်းဆိုခြင်းသည် မတတ်သာသည့် အဆုံးမှသာ ရွေးချယ်ရသည့် နောက်ဆုံးအဆင့်နည်းလမ်းဖြစ်သည်ကို အမြဲတမ်းနှလုံးသွင်းထားရမည်။**

ကုန်ထုတ်လုပ်မှုဖြစ်စဉ်သာယာဝပြောရေး အကောင်အထည်ဖော်ရာ၌ အရင်ဆုံး အလုပ်ရှင်ဘက်မှ အလုပ်သမားများ၏လက်တွေ့အနေအထားကို မှန်မှန်ကန်ကန်နားလည်သဘောပေါက်သင့်သို့ အလုပ်သမားများဘက်မှလည်း လုပ်ငန်းရှင်၏လက်ရှိကြုံတွေ့နေရသည့် ပြဿနာကို တရားမျှတစွာ သုံးသပ်နားလည်ရန်လိုအပ်သည်။

အရင်းရှင်စနစ်၏စီးပွားရေးဖြစ်စဉ်တွင် ပုဂ္ဂလိကလုပ်ငန်းများသည် အခြေခံအားဖြင့် အကျိုးအမြတ်ကို ဦးတည်ချက်ထားသည်။ သို့ရာတွင် အရင်းရှင်များနှင့် အလုပ်ရှင်များသည် အကျိုးအမြတ်ကိုပင် အဓိကထားပြီး အလုပ်သမားများ၏အနေအထားကို လျစ်လျူရှုမည်၊ တတ်နိုင်သမျှ လုပ်အားခစျေးပေါပေါနှင့် တတ်နိုင်သမျှအလုပ်များများလုပ်ခိုင်းလာမည် ဆိုပါက အလုပ်သမားများဘက်မှလည်း စုစည်းညီညွတ်မှုအင်အားကိုရယူပြီး ပြန်လည်တိုက်ခိုက်ရန် လက်နက်အဖြစ်ကိုင်စွဲရတော့မည်ဖြစ်သည်။ ဤသို့ဖြစ်လာလျှင် အလုပ်ရှင်ဘက်မှ အလုပ်သမားများ၏စုစည်းမှုကို ရန်သူအဖြစ်နှင့် ပို၍မြင်လာမည်။ သို့ရာတွင် စက်ရုံလည်ပတ်နေပြီး ကုန်ပစ္စည်းကိုထုတ်လုပ်၊ အကျိုးအမြတ်များရနေခြင်းသည် အဓိကအားဖြင့် အလုပ်သမားများ၏လုပ်အားကြောင့်ဖြစ်၍ အလုပ်သမားများဘက်မှဆန္ဒများကို အလေးထားရမည်ကသဘာဝကျပြီး မှန်ကန်သည်။ အလုပ်သမားများ၏လူသားဆိုင်ရာအခြေခံအခွင့်အရေးများနှင့် တရားမျှတသည့်တောင်းဆိုမှုများကို အလေးထားရမည်ဆိုသည့် ဒီမိုကရေစီနည်းလမ်းကျသည့် စိတ်ထားမျိုးအလုပ်ရှင်တွင်ရှိမည်ဆိုပါက ပြဿနာအမျိုးမျိုးသည် အေးချမ်းစွာဆွေးနွေးညှိနှိုင်းပြီး ဖြေရှင်းနိုင်မည်မလွဲပေ။ ဤသို့ဖြင့် ကုန်ထုတ်လုပ်ငန်းဖြစ်စဉ် သာယာဝပြောရေးအတွက်လမ်းကြောင်းသည် အလိုလိုပွင့်လာမည်ဖြစ်သည်။

ဒုတိယအချက်အနေနှင့် ကုန်ထုတ်လုပ်ငန်းဖြစ်စဉ် သာယာဝပြောရေးရည်မှန်းချက်အောင်မြင်ရန်သည် အလုပ်ရှင်နှင့် အလုပ်သမားတပြေးညီအနေအထားတွင် ရှိနေသည်ကိုခံယူထားရန်လိုအပ်သည်။

အလုပ်ရှင်နှင့် အလုပ်သမားတို့သည် ရပ်တည်ချက်ခြင်းမတူကြပေ။ သို့ရာတွင် လုပ်ငန်းကိုလုပ်ကိုင်သွားနိုင်ရန် နှစ်ဖက်စလုံးကြိုးစားအားထုတ်ရေးသည်အရေးပါပြီး တစ်ဖက်တည်း၏အားဖြင့် လုပ်ငန်းကိစ္စသည် အဆင်ပြေပြေချောချောမွေ့မွေ့ဖြစ်မြောက်နိုင်ပေ။ ထို့ကြောင့် အလုပ်ရှင်နှင့် အလုပ်သမားဆိုသည်မှာ တစ်ဖက်သတ်ကျသည့် စိတ်ခံစားချက်များ၊ နိုင်ငံရေးသဘောထားကွဲလွဲမှုများကို ဦးစားပေးခြင်းမျိုးရှောင်ရှားပြီး လုပ်ငန်းအတွက် ညီညီညာညာအားစိုက်သွားရန်ဆိုသည့် အတွေးအခေါ်ကိုထားရမည်ဖြစ်သည်။ လုပ်ငန်း

စီမံလုပ်ကိုင်ရာတွင် တွေ့ကြုံလာရမည့်အတားအဆီးများကို ဖယ်ရှားပြီး လုပ်ငန်းတိုးတက်အောင်မြင်ရေးကို လုပ်ဆောင်ခြင်းအားဖြင့် နှစ်ဦးနှစ်ဖက် အကျိုးရှိစေမည်ဆိုပါက အလုပ်ရှင်နှင့် အလုပ်သမားများအကြားတွင် စိတ်ညစ်ညူးစရာတိုက်ခိုက်မှုများ ထပ်ခါထပ်ခါပေါ်လာစရာမရှိပေ။ အထူးသဖြင့် ကုန်ထုတ်လုပ်မှုတိုင်းသည် ထုတ်လုပ်သူများ၏အကျိုးစီးပွားသက်သက်အတွက် လုပ်ဆောင်နေခြင်းမဟုတ်ဘဲ ပြည်သူတစ်ရပ်လုံး၏ စားဝတ်နေရေးအဆင်ပြေစေရန်၊ လူမှုဖူလုံရေးတိုးတက်ဖွံ့ဖြိုးစေရန်လုပ်ဆောင်သည့်အဓိပ္ပာယ်ကို ဖော်ဆောင်နေသည်။ ဤရည်ရွယ်ချက်ကို အဓိကပန်းတိုင်အဖြစ်နှေးရှုပြီးစဉ်းစားမည်ဆိုပါက နှစ်ဦးနှစ်ဖက်အကြားတူညီသောသဘောထားအမြင်ကို ရှာဖွေဖော်ထုတ်နိုင်ရန်မှာ မည်မျှအရေးပါသည်ကို သိသာထင်ရှားလှပေသည်။

အကယ်၍ ဤကဲ့သို့ အလုပ်ရှင်နှင့် အလုပ်သမားများအချင်းချင်းတစ်ဖက်၏ရပ်တည်ချက်အနေအထားကို တစ်ဖက်ကကောင်းကောင်းနားလည်သဘောပေါက်ပြီး အပြန်အလှန်ပူးပေါင်းမှု၊ တာဝန်ယူမှုများနှင့် လုပ်ငန်းတိုးတက်အောင်ကြိုးပမ်းပြီး အသီးသီးမိမိတို့တာဝန်ကိုကျေကျေပွန်ပွန်ထမ်းသွားမည်ဆိုပါက လုပ်ငန်းရလဒ်များ ပိုကောင်းလာပြီးအကျိုးအမြတ်များတိုးပွားလာပေမည်။ ဤသို့သောအနေအထားတွင် အလုပ်ရှင်သည် အလုပ်သမား၏ကြိုးပမ်းအားထုတ်မှုလုပ်အားကို မှန်မှန်ကန်ကန် အကဲဖြတ်မည်ဆိုပါက ရလာသည့်အကျိုးအမြတ်ကိုလုပ်အားခပေးခြင်းအားဖြင့် အလုပ်သမားများကိုလည်း မျှမျှတတနှင့် ခွဲဝေပေးလာမည်ဖြစ်သည်။ ဤသည်မှာ အရင်းရှင်စနစ်၏အတွေးအခေါ်သည် လူမှုရေးအသွင်ဆောင်သည့် အဓိပ္ပာယ်သက်ရောက်ယုံမက အကယ်၍လုပ်ငန်းတစ်ခု၏အလုပ်ရှင်သည် အမြင်ကျယ်သည့် အတွေးအခေါ်ရှိမည်ဆိုလျှင် ယင်းအချက်သည် လုပ်ငန်းအောင်မြင်ရန်မရှိမဖြစ်လိုအပ်သည့် အချက်ဖြစ်သည်ကို သိရှိမည်ဖြစ်သည်။ လခကောင်းကောင်းပေးပြီး အကျိုးအမြတ်တိုးလာအောင်လုပ်သည့်နည်းသည် လုပ်ငန်းကိုတိုးတက်လာစေယုံသာမက ဤလုပ်ငန်းနှင့် ဆက်စပ်နေသူအတွက် ဤလုပ်ငန်းနှင့်ဆက်စပ်နေသူ အားလုံးချမ်းသာကြွယ်ဝလာစေရေး

အကြောင်းရင်းလည်းဖြစ်သည်။ ဤသည်မှာ အရင်းရှင်စနစ်အောက်၌ ဒီးပွားရေးနှင့်ဆိုင်သည့်ကြွယ်ဝလာစေရေး လက်တွေ့အကောင်အထည်ဖော်ရန် အကောင်းဆုံးနည်းလမ်းဖြစ်သည်ဟု ပြောနိုင်ပါသည်။

တစ်ဖက်၌ ဆိုရှယ်လစ်စနစ်ဆန်သည့်လုပ်ငန်းစီမံခန့်ခွဲနည်းကို အသုံးပြုခြင်းသည် အလုပ်ရှင်နှင့်အလုပ်သမားများ တပြေးညီသဘောထားသည်ဆိုသည့်အချက်အရ လူမှုအသိုက်အဝန်း၏တရားမျှတမှုဆိုသည့် လိုအပ်ချက်နှင့် ကိုက်ညီနေပြန်သည်။ သို့သော်လည်း အရင်းရှင်စနစ်အားသာချက်များကို အသုံးချသွားရန်ဟူသော ရှုထောင့်မှကြည့်မည်ဆိုပါက ဤသို့သောပုံစံအောက်တွင် လူတစ်ဦးချင်း မိမိတို့၏အကျိုးအမြတ်အတွက် ကုန်ထုတ်လုပ်မှုကို ကြိုးစားလုပ်ဆောင်မည်ဆိုသည့်ပြင်းပြသည့်တွန်းအားကို လျော့ကျစေနိုင်သည့်အန္တရာယ်ရှိသည်။ ထို့ကြောင့် အလုပ်ကိုကြိုးစားလုပ်လျှင် လုပ်သမျှအကျိုးအမြတ်တိုးလာသည်ဆိုသည့် အရင်းရှင်စနစ်၏အားသာချက်ကို ထိန်းသိမ်းရင်း၊ အလုပ်သမားများအနေနှင့်လည်း လုပ်အားခမြင့်လာသည်ဟူသောပုံစံနှင့် ကြိုးစားအားထုတ်မှု အသီးအပွင့်များကို ခွဲဝေခံစားနိုင်အောင်လုပ်သွားမည်ဆိုပါက ကုန်ထုတ်လုပ်မှုတိုးတက်လာသည်နှင့် တစ်ပြိုင်တည်း အများ၏လူမှုရေးအမြင်များနှင့် ကိုက်ညီသည့် လုပ်ငန်းစီမံခန့်ခွဲမှုဖြစ်လာပေမည်။ ထို့ကြောင့် ဦးစွာအလုပ်ရှင်နှင့် အလုပ်သမားများကြား အဆင်ပြေချောမွေ့သည့် ပူးပေါင်းဆောင်ရွက်မှုများမွေးဖွားလာမှသာ ကုန်ထုတ်လုပ်ငန်းဖြစ်စဉ်သာယာဝပြောရေး အကောင်အထည်ပေါ်လာရန်မျှော်လင့်နိုင်မည်ဖြစ်သည်။

အုပ်စုလိုက်အရေးဆိုညှိနှိုင်းမှု

အလုပ်သမားသမဂ္ဂတွင် ယခုအထိရှင်းပြလာသကဲ့သို့ တာဝန်ဝတ္တရားများ၊ စိတ်ဓာတ်သဘောတရားများ အမျိုးမျိုးရှိသော်လည်း အခြေခံသည် သင့်တင့်လျှောက်ပတ်သော အလုပ်ဆိုင်ရာစည်းမျဉ်းများအားရေးဆွဲချမှတ်ရန် ဖြစ်သည်ဆိုသည်ကို အထူးပြောရာမလိုပေ။ အလုပ်သမားသမဂ္ဂသည် ဤရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရာတွင် သုံးရမည့်အရေးပါဆုံးနည်းလမ်းမှာ "အုပ်စုလိုက်အရေး ဆိုညှိနှိုင်းမှု" ပင်ဖြစ်သည်။

အလုပ်သမားသမဂ္ဂများမပေါ်မီအထိ အလုပ်ဆိုင်ရာစည်းမျဉ်းများသည် ပုံမှန်အားဖြင့် အလုပ်ရှင်များဘက်မှ တစ်ဖက်သတ်အလိုဆန္ဒများနှင့် သတ်မှတ်ထားခြင်းဖြစ်သည်။ သို့ရာတွင် အလုပ်ရှင်နှင့် အလုပ်သမားသမဂ္ဂ ကိုယ်စားလှယ်များအကြား အုပ်စုလိုက်အရေးဆိုညှိနှိုင်းကြခြင်းကြောင့် အများအားဖြင့် အလုပ်ရှင်ဘက်မှ သတ်မှတ်ထားသည့်စည်းမျဉ်းများကို မဖြစ်မနေလိုက်နာခဲ့ရသည်။ သို့ရာတွင် အုပ်စုလိုက်အရေးဆိုညှိနှိုင်းပိုင်ခွင့်များသည် အလုပ်သမားသမဂ္ဂ၏ရည်မှန်းချက်အား အကောင်အထည်ဖော်ရန်မရှိမဖြစ်လိုအပ်သည့်အချက်များဖြစ်သည်။ ဂျပန်နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တွင် အခွင့်အရေးနှစ်ရပ်ကို ထည့်သွင်းထားပြီး ခိုင်ခိုင်မာမာအကာအကွယ်ပေးထားခြင်းမှာလည်း ဤရည်ရွယ်ချက်အတွက်ပင်ဖြစ်သည်။

အုပ်စုလိုက်အရေးဆိုညှိနှိုင်းခြင်းအားဖြင့် သင့်တင့်လျောက်ပတ်သည့် အလုပ်ဆိုင်ရာစည်းမျဉ်းများကိုသတ်မှတ်နိုင်ရန်၊ လုပ်ငန်းခိုင်မာတောင့်တင်းရေးအတွက် အလုပ်သမားသမဂ္ဂဝင်များ၏လူနေမှုအဆင့်အတန်းမြင့်မားရေးသည် မရှိမဖြစ်လိုအပ်သည်ဆိုသည့်အချက်ကို အလုပ်ရှင်ဘက်မှ လေးလေးနက်နက်သဘောပေါက်ထားရန်လိုသည်။ ထို့အပြင် သမဂ္ဂဘက်မှလည်း စီမံခန့်ခွဲမှုချောမွေ့ပြီး ကုန်ထုတ်လုပ်မှုတိုးတက်မလာပါက လုပ်ငန်းတွင် အခက်အခဲများဖြစ်လာပြီး သင့်တင့်သည့် အလုပ်ဆိုင်ရာစည်းမျဉ်းများ၊ နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းရေးတွင် အဓိပ္ပါယ်မရှိဖြစ်သွားမည်ကို ကောင်းစွာနားလည်ထားရန်လိုအပ်သည်။

ဤသို့ **အပြန်အလှန်နားလည်မှုများဖြင့် အုပ်စုလိုက်အရေးဆိုညှိနှိုင်းမှုများ အဆင်ပြေပြေလုပ်ဆောင်နိုင်မည်ဆိုပါက ရလဒ်အနေဖြင့် အလုပ်ရှင်နှင့် အလုပ်သမားအကြားတွင် "အလုပ်ဆိုင်ရာသဘောတူညီချက်" ရလာမည်ဖြစ်သည်။** ယင်မှုပညာ လုပ်ငန်းများ၊ အသေးစားလုပ်ငန်းများတွင် အလုပ်အမျိုးအစားနှင့် ပုံသဏ္ဌာန်များမတူကြခြင်းကြောင့် သာမန်အလုပ်ဆိုင်ရာသဘောတူညီချက်ဘွင် အခြေခံအားဖြင့် တူညီမှုရှိရန် အလွန်ခက်ခဲပါသည်။ တစ်ဖက်၌ကြီးမားသည့်လုပ်ငန်းအဖြစ် တိုးတက်ကြီးထွားလာသည့်အခါ အလုပ်သမားများ၏ လူနေမှုပတ်ဝန်းကျင်အနေအထားသည်တဖြည်းဖြည်းတစ်ပြေးညီသည့်ပုံစံဖြစ်လာပြီး အလုပ်ဆိုင်ရာသဘော

တူညီချက်သည် မည်သို့သောအနေအထားဖြစ်ပါက သင့်လျော်မည်ဆိုသည်ကို ကျယ်ပြန့်သည့်ရှုထောင့်မှနေကြည့်၍ သာမန်အားဖြင့်ဆုံးဖြတ်နိုင်သည်။ ထို့ကြောင့်အလုပ်နှင့်ပတ်သက်သည့် အနိမ့်ဆုံးအခြေခံလိုအပ်ချက်ကို နိုင်ငံ၏ဥပဒေတွင် တစ်ပြေးညီသတ်မှတ်ထားမည်ဆိုပါက အုပ်စုလိုက်အရေးဆိုညှိနှိုင်းမှု၏ရည်မှန်းချက်ကို မည်မျှအထိသတ်မှတ်မည်ဆိုသည်ကို ပိုပြီးရှင်းလင်းသိသာလာမည်။ "အလုပ်ဆိုင်ရာ အခြေခံစည်းမျဉ်းအက် ဥပဒေ" ဟူသော ဥပဒေသည် အလုပ်ဆိုင်ရာစည်းမျဉ်း၏အနိမ့်ဆုံးအဆင့် အခြေခံလိုအပ်ချက်ကိုသတ်မှတ်ထားပြီး အလုပ်သမားများ၏လူသားပီပီနေထိုင်နိုင်ရေးကို ထိန်းသိမ်းကာကွယ်ပေးရန် ရည်ရွယ်ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

အုပ်စုလိုက်အရေးဆိုညှိနှိုင်းခြင်းကြောင့်ရလာသည့် အလုပ်ဆိုင်ရာသဘောတူညီချက်ကို တစ်နှစ်ခန့်အချိန်ပေး၍ အလုပ်ဆိုင်ရာစည်းမျဉ်းများချမှတ်နိုင်ပါက အကောင်းဆုံးဖြစ်သည်။ ဤသို့ဆိုလျှင် အနည်းဆုံးဤကာလအတွင်း အလုပ်နှင့်ပတ်သက်သည့် အနေအထားတည်မြဲနေမည်ဖြစ်၍ အလုပ်သမားများသည် ထိုအပေါ်တွင်အခြေခံပြီး စားဝတ်နေရေးကို အကွက်ချလုပ်ဆောင်နိုင်မည်။ ထို့အပြင် အလုပ်ရှင်ဘက်ကလည်း လုပ်အားခမည်မျှကုန်ကျမည်ဆိုသည်ကို ရှင်းလင်းစွာသိနိုင်၍ လုပ်ငန်းဆိုင်ရာခန့်မှန်းတွက်ချက်မှုများ လွယ်ကူစွာလုပ်နိုင်သည်။ ဤသည်မှာ နှစ်ဦးနှစ်ဖက်အတွက် အလွန်အရေးပါသည်။ သမဂ္ဂများက အုပ်စုလိုက်ညှိနှိုင်းမှုကို လုပ်ခြင်းသည် လုပ်ငန်းချောမွေ့စေရေးကို တစ်ဖက်မှလည်းအကျိုးပြုနေသည်။

ဤသို့ဆိုသော်လည်း အုပ်စုလိုက်အရေးဆိုညှိနှိုင်းမှုသည် အမြဲတမ်းအဆင်ပြေပြေချောချောမွေ့မွေ့နှင့် သဘောတူညီချက်ရမည်ဟု သေချာပေါက်မျှော်မှန်းထား၍မရနိုင်ပါ။ သမဂ္ဂဘက်မှလုပ်ငန်း၏လက်တွေ့အနေအထားနှင့် ကိုက်ညီသောသင့်တော်သည့် တောင်းဆိုချက်ကိုတင်ပြပြီး အလုပ်ရှင်ဘက်မှလည်း လိုလိုလားလားနှင့် လိုက်လျောရန်ကြိုးစားမည်ဆိုပါက ပြဿနာမရှိနိုင်ပါ။ သို့မဟုတ်ပါက ညှိနှိုင်းမှုပျက်ရန်ဖြစ်လာပါမည်။ ဤသို့

ပျက်နိုင်ခြေများလာသည့်တိုင်အောင် ကြားဝင်စေ့စပ်မှုနည်းလမ်းများကို သုံးပြီး ညှိနှိုင်းသူများအနေနှင့် အပြန်အလှန်အကျိုးမဲ့စေမည့် အငြင်းပွားမှုများကို တတ်နိုင်သမျှရှောင်ရှားကြရမည်။ ဤသို့လုပ်သည့်တိုင်အောင် ပြေလည်မည့်နည်းလမ်းလုံးဝမရှိတော့ပါက နိုင်ငံဝန်ထမ်းမှလွဲပြီး သာမန်အလုပ်သမားများသည် နောက်ဆုံးအဆင့်အနေနှင့် အလုပ်မလုပ်ဘဲ သပိတ်မှောက်ဆန္ဒပြသည့်နည်းလမ်းဖြင့် တောင်းဆိုရန်အခွင့်အရေးရှိသည်။

အလုပ်မလုပ်ဘဲဆန္ဒပြခြင်းသည် အလုပ်သမားများ၏တရားမျှတသည့် တောင်းဆိုမှုကိုအကာအကွယ်ပေးရန် နည်းလမ်းတစ်ခုဖြစ်သည်။ သို့ရာတွင် **အလုပ်မလုပ်ဘဲဆန္ဒပြခြင်းကို ထွေထွေထူးထူးမဟုတ်သော သာမန်အငြင်းပွားမှုဌ် လက်နက်တစ်ခုအဖြစ်သုံး၍ အလုပ်မလုပ်ရစေရန် ဆန္ဒပြခြင်းမျိုးမဖြစ်စေရန် တတ်နိုင်သမျှရှောင်ရှားရမည်။ အလုပ်မလုပ်ဘဲဆန္ဒပြခြင်းကြောင့်ဖြစ်ပေါ်လာမည့် စီးပွားရေး၊ လူမှုရေးဆုံးရှုံးမှုများသည် ကြီးတင်ခန့်မှန်း၍မရလောက်အောင် ကြီးမားလှပေသည်။** ယနေ့ခေတ်တွင် ကုန်ထုတ်လုပ်ငန်းတစ်ခုသည် အမျိုးမျိုးသောနယ်ပယ်များနှင့် အပြန်အလှန်အမှီသဟဲပြုနေပြီး စုပေါင်းဆက်စပ်အသက်ဝင်လှုပ်ရှားနေသည်။ ထို့ကြောင့် နယ်ပယ်တစ်ခုခု သို့မဟုတ် လုပ်ငန်းတစ်ခုခု၏ကုန်ထုတ်လုပ်မှုရပ်တန့်သွားမည်ဆိုပါက ပြည်သူလူထု၏စီးပွားရေးအဝန်းအဝိုင်းကြီးတစ်ခုလုံး၏လည်ပတ်လုပ်ကိုင်မှု ထစ်ငေါ့သွားနိုင်သည့်အန္တရာယ်ရှိသည်။ ထို့အပြင် အလုပ်သမားသမဂ္ဂကပေါ့ပေါ့တန်တန်သဘောနှင့် အလုပ်မလုပ်ဘဲဆန္ဒပြလိုက်ခြင်းကြောင့် ပြည်သူအားလုံး၏စီးပွားရေးလှုပ်ရှားမှုကို အန္တရာယ်ဖြစ်အောင်ခြိမ်းခြောက်လာသည့် ရလဒ်မျိုးလည်းပေါ်လာတတ်သည်။ ထို့ကြောင့် အလုပ်မလုပ်ဘဲဆန္ဒပြပိုင်ခွင့်ကို အသုံးပြုလိုလျှင် ပရမ်းပတာလုပ်ခြင်းမျိုးမဖြစ်ရန် သမဂ္ဂခေါင်းဆောင်များသည် လိမ္မာပါးနပ်စွာဂရုတစိုက်နှင့် လုပ်ဆောင်ရမည်။ အထူးသဖြင့် မီးရထားနှင့် သတ္တုတွင်းကဲ့သို့ အများပြည်သူနှင့် ဆိုင်သည့်လုပ်ငန်းများတွင် သတိထားရန်လိုအပ်သည်။

အလုပ်မလုပ်ဘဲဆန္ဒပြခြင်းကို တတ်နိုင်သမျှရှောင်ရှားဖို့အတွက် အစောပိုင်းတွင် ပြောခဲ့သကဲ့သို့ **အလုပ်ရှင်များဘက်မှ အလုပ်သမား သမဂ္ဂ၏တရားသဖြင့် တောင်းဆိုချက်များကို အလေးထားရန်၊ အလုပ်သမားသမဂ္ဂ ဘက်ကပြည်သူလူထု၏ စီးပွားရေးအနေအထားနှင့် လုပ်ငန်း၏အနေအထား များကို ချိန်ထိုးပြီး မသင့်တော်သည့် တောင်းဆိုချက်များကိုမလုပ်ရန် အဓိကကျပါသည်။** သို့ရာတွင် နှစ်ဖက်စလုံး မိမိသဘောထားအား လုံးဝအလျှော့မပေးနိုင်သည့် အခါမျိုးတွင် ယင်းတို့နှစ်ဦးနှစ်ဖက်ကြားအဆင်ပြေမည့်လမ်းအား ရှာဖို့မလွယ်တော့ပေ။ ဤအခါ၌ အလုပ်နှင့်ပတ်သက်သည့် အငြင်းပွားမှုပြဿနာများတွင် ဘက်မလိုက်ဘဲကြားဝင်စေ့စပ်ပေးရန် လိုအပ်လာသည်။ ဤသည်မှာ အလုပ်ရှင်ကိုကိုယ်စားပြုသည့်သူ၊ အလုပ်သမားကို ကိုယ်စားပြုသည့်သူများမဟုတ်ဘဲ မည်သည့်ဘက်မှာမှမပါသည့် ကြားလူများနှင့် ဖွဲ့ထားသည့် "အလုပ်သမားရေးရာကော်မတီ" ကိုထားရှိပြီး အငြင်းပွားမှုပဋိပက္ခများ မဖြစ်အောင် ကြိုတင်ကာကွယ်နိုင်ရန်ကြိုးပမ်းရမည်။ ပဋိပက္ခများဖြစ်လာသည့်အခါ၌ ကြားဝင်ဖျန်ဖြေရန်၊ ကြားဝင်စေ့စပ်ညှိနှိုင်းရန်လုပ်ဆောင်ရမည်။

ဤနေရာတွင် ကြားဝင်ဖျန်ဖြေမှုနှင့် ကြားဝင်စေ့စပ် ညှိနှိုင်းမှုဆိုသည်မှာ စကားလုံးအားဖြင့် အဓိပ္ပာယ်တူသည်ဟုသာမန်အားဖြင့် ယူဆဖွယ်ဖြစ်သော်လည်း စနစ်များမှာအလွန်ကွာခြားကြသည်။ "ကြားဝင်ဖျန်ဖြေမှု" ဆိုသည်မှာ ပဋိက္ခ၏အကြောင်းရင်းကိုလေ့လာ၍ နှစ်ဖက်စလုံး၏ဆန္ဒသဘောထားကိုကြားနာပြီး အလုပ်ရှင်နှင့် အလုပ်သမားသမဂ္ဂအကြားတွင် လိုက်လျောမှုများဖြစ်လာနိုင်မည့်အနေအထားကိုအဆိုပြုကာ နှစ်ဖက်စလုံးကျေနပ်မှုရခြင်းပင်ဖြစ်သည်။

"ကြားဝင်စေ့စပ်ညှိနှိုင်းမှု"ဆိုသည်မှာ ဖျန်ဖြေပေးရုံနှင့် ပဋိပက္ခမပြေလည်နိုင်သည့်အခါမျိုးတွင် ကာယကံရှင်များ၏တောင်းဆိုချက်နှင့် စေ့စပ်ညှိနှိုင်းမှုကိုလုပ်ဆောင်ခြင်းဖြစ်သည်။ စေ့စပ်ညှိနှိုင်းမှုတွင် ကာယကံရှင်များသည် ကြားဝင်သူ၏ဆုံးဖြတ်ချက်ကို မဖြစ်မနေလိုက်နာရသည်။

အလုပ်သမားရေးရာကော်မီတီသည်လည်း ဖျန်ဖြေမှု၊ စေ့စပ်ညှိနှိုင်းမှုများကို လုပ်ဆောင်သော်လည်း ကာယကံရှင်များ၏ဆွေးနွေးညှိနှိုင်းမှုများအပေါ် ဖျန်ဖြေမှုစေ့စပ်ညှိနှိုင်းရန် အခြားအဖွဲ့အားအပ်နှံနိုင်ပါသည်။ ဖျန်ဖြေမှု၊ စေ့စပ်ညှိနှိုင်းမှုများ၏လုပ်ငန်းစဉ်များကို သတ်မှတ်အတည်ပြုထားသော "အလုပ်သမား ရေးရာညှိနှိုင်းရေးဥပဒေ" နှင့်အညီ ဆောင်ရွက်ကြရသည် ယင်းဥပဒေသည် အလုပ်သမားသမဂ္ဂများနှင့် ပတ်သက်သည့် စည်းမျဉ်းများကို ပြဋ္ဌာန်းထားသည့် အလုပ်သမားသမဂ္ဂဥပဒေ၊ အလုပ်ဆိုင်ရာ စည်းမျဉ်း၏အနိမ့်ဆုံးအဆင့်အခြေခံများကို သတ်မှတ်ဖော်ပြထားသည့် အလုပ်ဆိုင်ရာ အခြေခံစည်းမျဉ်းဥပဒေများနှင့် အလုပ်သမားဆိုင်ရာ ပြဿနာများကို ဖြေရှင်းရေးအတွက်ဦးတည်ပြီး ကုန်ထုတ်လုပ်မှုဖြစ်စဉ် ဝပြောရေးကို ထိန်းသိမ်းရန်နှင့် စီးပွားရေးတိုးတက်ရန် ရည်ရွယ်ချက်ထားသည်။

ဤဖော်ပြချက်များသည် အလုပ်သမားပဋိပက္ခဖြေရှင်းရေးအတွက် ပုံမှန်နည်းလမ်းများဖြစ်သော်လည်း ၎င်းအတွက်အရေးပါသည့် ကန့်သတ်ချက်များရှိသည်ကို သတိထားရန်လိုသည်။ အများပြည်သူဆိုင်ရာလုပ်ငန်းများသည် ပဋိပက္ခအတွက်ကန့်သတ်ချက်ရှိနေသည်။ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းများကဲ့သို့အများနှင့် ဆိုင်သည့်လုပ်ငန်းများတွင် ပဋိပက္ခများဖြစ်လာခဲ့လျှင် ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း အမြဲတမ်းအလုပ်သမားရေးရာကော်မတီ၏ကြားဝင်လုပ်ဆောင်မှုကို ရယူရမည်။ ပြီးမှစေ့စပ်ညှိ နှိုင်းမှုလုပ်ရန်အပ်နှံချိန်ကစ၍ ရက်ပေါင်း ၃၀ တိတိမပြည့်မချင်း အလုပ်မလုပ်ဘဲဆန္ဒပြခြင်းကို လုပ်ခွင့်မရှိပေ။ အများပြည်သူနှင့် ဆိုင်သည့် လုပ်ငန်းများသည် ပြည်သူများ၏စားဝတ်နေရေးအတွက် တိုက်ရိုက်ပတ်သက်မှုအရှိဆုံးဖြစ်၍ ဥပဒေတွင် ဤသို့ရှောင်တခင် ပဋိပက္ခများကို တားမြစ်ထားခြင်းသည် တရားနည်းလမ်းကျသည်။

အခြားတစ်ချက်မှာ အစုရရုံးဌာနများတွင် အလုပ်သမားသမဂ္ဂများ၏ လှုပ်ရှားမှုဆိုင်ရာကန့်သတ်ချက်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများသည် အများပြည်သူဆိုင်ရာလုပ်ငန်းများ အလုပ်သမားများနှင့် ယှဉ်ပါက အများ

ပြည်သူ၏အကျိုးစီးပွားနှင့် ပိုပြီးနက်နက်ရှိုင်းရှိုင်းပတ်သက်နေသည့် အနေအထားတွင်ရှိသည်။ ထို့ကြောင့် ဤဝန်ထမ်းများ၌ရှိသော ကြီးလေးသည့် တာဝန်များကို ထည့်သွင်းစဉ်စားမည်ဆိုပါက အစိုးရဝန်ထမ်း၏အုပ်စုလိုက် အရေးဆိုညှိနှိုင်းခွင့်များ အလုပ်မလုပ်ဘဲဆန္ဒပြခွင့်များသည် အများပြည်သူ၏ စားဝတ်နေရေးကို ခြိမ်းခြောက်အန္တရာယ်ပြုလာခြင်းမျိုးမဖြစ်အောင် ကန့်သတ်ခြင်း၊ တားမြစ်ခြင်းများရှိရမည်ဖြစ်ပေမည်။ အထူးသဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များကို အလုပ်သမားသမဂ္ဂဖွဲ့စည်းခြင်းနှင့် သမဂ္ဂတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခြင်းကိုပါတားမြစ်ထားသည်။

အလုပ်သမားသမဂ္ဂ၏နိုင်ငံရေးလှုပ်ရှားမှု

အလုပ်သမားသမဂ္ဂ၏လှုပ်ရှားမှုသည် အခြိန်အတိုင်းအတာတစ်ခုအထိ အလုပ်သမားများ၏ လူနေမှုအဆင့်အတန်းမြှင့်တင်ရေးဆိုသည့် စီးပွားရေးဆိုင်ရာရည်မှန်းချက်အတွက် အလေးထားလုပ်ဆောင်သည်။ သို့ရာတွင် စီးပွားရေးဆိုင်ရာရည်မှန်းချက်သည် စီးပွားရေးလှုပ်ရှားမှုသက်သက်နှင့် လွယ်ကူစွာမအောင်မြင်နိုင်ပေ။ နိုင်ငံတစ်နိုင်ငံ၏စီးပွားရေးပြဿနာကို ဖြေရှင်းရေးသည် နိုင်ငံရေးအနေအထားပေါ်တွင် အနည်းနှင့်အများ မူတည်နေသည်။ ထို့ကြောင့် အလုပ်သမားသမဂ္ဂများသည် တရားမျှတသည့် အလုပ်ဆိုင်ရာစည်းမျဉ်းကို သတ်မှတ်နိုင်ရန်အတွက် နိုင်ငံရေးကို တစေ့တစောင်းလေ့လာသိရှိထားရမည်ဖြစ်သည်။ သမဂ္ဂများသည် အလုပ်သမားထုကိုယ်တိုင်စုစည်းမှုဖြစ်ခြင်းကြောင့် ထိုအဖွဲ့အစည်း၏ အင်အားကို မှန်မှန်ကန်ကန်အသုံးချသွားမည်ဆိုပါက ဒီမိုကရေစီထွန်းကားရေးတွင် ကြီးမားသည့်အကျိုးသက်ရောက်မှုကို ပေးနိုင်မည်ဖြစ်သည်။ ဒီမိုကရေစီနည်းလမ်းကျသည့် စီးပွားရေးလှုပ်ရှားမှုအပေါ် အားထားသင့်သည့်အပိုင်းများအများကြီးရှိနေသည်။ ဤသို့ဆိုသော်လည်း အလုပ်သမားသမဂ္ဂသည် နိုင်ငံရေးပါတီမဟုတ်ခြင်းကြောင့် သမဂ္ဂ၏ **နိုင်ငံရေးလှုပ်ရှားမှုကို အတိုင်းအတာတစ်ခုအထိ အကန့်အသတ်ထားရန်လိုအပ်သည်။ ဤသည်ကို အမြဲတမ်းနှလုံးသွင်း ထားရန်လိုသည်။** နိုင်ငံရေးပါတီ၌ ယုံကြည်ချက်ဝါဒ

အတိအကျရှိသည်။ ဤသည်ကို သဘောတူသူများသည် ထိုနိုင်ငံရေးပါတီတွင်ပါဝင်ကြသည်။ နိုင်ငံရေးပါတီ၏လုပ်ဆောင်ပုံများကို မကျေနပ်သည့်အခါ ထိုပါတီမှထွက်ပြီး အခြားပါတီထဲသို့ဝင်နိုင်သည်။ ထို့ကြောင့် နိုင်ငံရေးပါတီဆိုပါက ပါတီဝင်များအပေါ် ပါတီကသတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာလုပ်ဆောင်ရန်တောင်းဆိုနိုင်သည်။ တစ်ဖက်တွင် အလုပ်သမားသမဂ္ဂ၌ အလုပ်နှင့်ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများကို တိုးတက်ကောင်းမွန်အောင်လုပ်ဆောင်ပြီး အလုပ်သမားများ၏ဘဝကို သာယာဝပြောအောင်လုပ်ရေးဟူသော ဘုံရည်မှန်းချက်ရှိသည့် သက်ဆိုင်သူများကိုယ်တိုင်စုဝေးဖွဲ့စည်းထားခြင်းပင်ဖြစ်သည်။ သမဂ္ဂအဖွဲ့ဝင်များသည် မည်သို့သော နိုင်ငံရေးဝါဒကို လက်ခံမည်ဟုဖွဲ့စည်းထားခြင်းမဟုတ်ပေ။ ထို့ကြောင့် သမဂ္ဂအဖွဲ့ဝင်များသည် မည်သို့နိုင်ငံရေးဝါဒကိုယုံကြည်မည်။ မည်သည့် နိုင်ငံရေးပါတီကို ထောက်ခံမည်ဆိုသည်ကို တစ်ဦးတစ်ယောက်ချင်းတွင် လွတ်လပ်စွာဆုံးဖြတ်ခွင့်ရှိရမည်ဖြစ်သည်။ ထိုအတွက် သမဂ္ဂအဖွဲ့ဝင်များသည် **နိုင်ငံရေးအရ မိမိတို့ကိုယ်တိုင်၏ခံယူချက်များမပြည့်ဝလျှင် တစ်ဖက်စောင်းနင်း နိုင်ငံရေးအမြင်ရှိသည့် လူနည်းစုသည် သမဂ္ဂကိုချုပ်ကိုင်၍ အာဏာရှင်ဆန်ဆန်၊ အာဏာကိုအလွဲသုံးစားလုပ်ပြီး သမဂ္ဂ၏စုစည်းထားသည့် အင်အားကို ယင်းတို့၏နိုင်ငံရေးရည်မှန်းချက်များအောင်မြင်ရန်အတွက် အသုံးချခံရရန်** လွယ်ကူစေလိမ့်မည်။ အလုပ်သမားသမဂ္ဂသည် ဤသို့သော လူနည်းစု၏ချုပ်ကိုင်မှုကို ခွင့်ပြုခြင်းမျိုး သို့မဟုတ် ပါတီတစ်ခု၏ အသုံးချခံခြင်းမျိုးဖြစ်လာမည်ဆိုပါက မူလရည်ရွယ်ချက်နှင့် လုံးဝသွေဖည်နေမည်ဖြစ်၍ ဤသို့ဖြစ်မလာအောင် သမဂ္ဂအဖွဲ့ဝင်များကိုယ်တိုင် အမြဲတမ်းသတိထားစောင့်ကြည့်နေရန်လိုသည်။

ထို့ကြောင့် အလုပ်သမားသမဂ္ဂ၏ နိုင်ငံရေးလှုပ်ရှားမှုသည် သမဂ္ဂ၏ မူလရည်မှန်းချက်များအပေါ် အခြေခံလုပ်ဆောင်ရန်လိုအပ်သည်။ ထို့အပြင် ဤမူဘောင် အတွင်းတွင်လည်း ပွင့်ပွင့်လင်းလင်းမှန်မှန်ကန်ကန် လုပ်ဆောင်ရန်လိုအပ်သည်။

တစ်နည်းအားဖြင့် အလုပ်သမားသမဂ္ဂ၏တာဝန်သည် အလုပ်သမားထုကြီး၏အခြေခံအရေးကို ကာကွယ်စောင့်ရှောက်ရန်ဖြစ်သည်။ သင့်တင့်လျောက်ပတ်သည့် အလုပ်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို ချမှတ်နိုင်ရန်ဖြစ်သည်။ အလုပ်လုပ်သူများ၏စိတ်ဓာတ်ပိုင်းဆိုင်ရာ၊ ယဉ်ကျေးမှုပိုင်းဆိုင်ရာ အဆင့်အတန်းမြင့်မားရေးဖြစ်သည်။ ထို့ကြောင့် အလုပ်သမားသမဂ္ဂသည် ဤရည်မှန်းချက်များကို ပြည့်မီစေသည့် ဥပဒေများ ပြဋ္ဌာန်းနိုင်အောင် လွှတ်တော်ကိုတောင်းဆိုရမည်ဖြစ်သကဲ့သို့ ဤရည်မှန်းချက်များကို နှောင့်ယှက်ပိတ်ဆို့သည့်ဥပဒေများပေါ်လာလျှင် ဤသည်ကို ဖျက်သိမ်းရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အပြင် အလုပ်သမားသမဂ္ဂ၏ရပ်တည်မှုကို ကာကွယ်စောင့်ရှောက်ပေးသည့် ဥပဒေသတ်မှတ်ထားသော်လည်းအစိုးရက ဤအနှစ်သာရကို အလုပ်ဆိုင်ရာစီမံခန့်ခွဲရေးတွင် မှန်မှန်ကန်ကန်လုပ်ဆောင်လာအောင်တွန်းအား ပေးလှုံ့ဆော်သွားရန်ဖြစ်သည်။ ဤနည်းဖြင့် အလုပ်လုပ်သည့် ပြည်သူလူထု၏ဆန္ဒသဘောထားများကို သမဂ္ဂများမှတစ်ဆင့် နိုင်ငံကိုစီမံခန့်ခွဲမှုများတွင် အသုံးချသည်ဆိုသည့် အချက်သည် စီးပွားရေးဆိုင်ရာဒီမိုကရေစီကို အကောင်ထည်ဖော်ရန်အတွက် ကြီးမားသည့်အားအင် ဖြစ်လာနိုင်မည်။

အစောပိုင်း၌ ပြောခဲ့သကဲ့သို့ အလုပ်သမားသမဂ္ဂဆိုသည်မှာ မိမိတို့၏ဆန္ဒနှင့် ဖွဲ့စည်းထားသည့် ဒီမိုကရေစီလေ့ကျင့်ပို့ချထောင်ရေးကျောင်းဖြစ်သည်။ ကျောင်းဟုဆိုသော်လည်း ဒီမိုကရေစီကိုအထူးပြုသင်ကြားပေးသည့် ဆရာမရှိနိုင်ပါ။ ဒီမိုကရေစီသည် မိမိတို့ကိုယ်တိုင်၏ခွန်အားနှင့်တည်ဆောက်၊ မိမိတို့ကိုယ်တိုင်အသုံးပြု၊ မိမိတို့အားလုံး၏စားဝတ်နေရေးကို မည်မျှအဆင့်မြင့်အောင်လုပ်ဆောင်နိုင်သည်ကို ကိုယ်တိုင်တွေ့ကြုံခံစားပါမှ ကိုယ်တိုင်ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် အလုပ်သမားသမဂ္ဂတွင် အဖွဲ့ဝင်အားလုံးသည်ဆရာဖြစ်ပြီး တစ်ချိန်တည်းမှာပင် ကျောင်းသားလည်းဖြစ်ရန်လိုသည်။ ဆရာမကောင်းလျှင် ကျောင်းသားလည်းညံ့မည်။ **သမဂ္ဂအဖွဲ့ဝင်များသည်သမဂ္ဂကို အုပ်စုဖွဲ့အရေးဆိုရုံသက်သက်ဟုယူဆထားကြမည်ဆိုပါက ဇြိမ်းချမ်းသည့်စုစည်းမှုကို အခြေခံသည့် ဒီမိုကရေစီ၏အနှစ်သာရပျက်ပြားသွားမည်ဖြစ်သည်။** သမဂ္ဂအဖွဲ့ဝင်

အများစုက မိမိတို့သည်ဆရာများဖြစ်သည်ဆိုသည်ကို မေ့လျော့ပြီး **လက်ဝေခံအနေအထားနှင့် လူနည်းစုဆရာကြီးလုပ်သူများ၏စေလိုရာစေနောက်လိုက်များဖြစ်နေလျှင် ဒီမိုကရေစီအစား အာဏာရှင်စနစ်နိုင်ငံရေး၏ပညာပေးခြင်းကိုသာခံကြရမည်။**

အလုပ်သမားသမဂ္ဂကို မိမိတို့၏ခွန်အားနှင့် မိမိတို့အတွက်တည်ထောင်သည့် အဖွဲ့အစည်းဖြစ်လာစေရန် လုပ်ကြရန်ပင်ဖြစ်သည်။ လူမှုအသိုင်းအဝိုင်း၊ စီးပွားရေး၊ နိုင်ငံရေးကို ဒီမိုကရေစီအသွင်ပြောင်းလဲရန် အချက်များနှင့် ပုံဖော်သွားလျှင် မလွဲမသွေအောင်မြင်ပြီး စည်ပင်သာယာနိုင်မည်ဖြစ်သည်။

အခန်း (၁၁)
ဒီမိုကရေစီနှင့် အာဏာရှင်စနစ်

ဒီမိုကရေစီ၏အသွင်သုံးရပ်

ရှေ့ကဖော်ပြခဲ့သည့်အခန်းများတွင် ဖော်ပြခဲ့သည့်အချက်များကို အနှစ်ချုပ်စဉ်းစားကြည့်မည်ဆိုပါက ဒီမိုကရေစီ၏အခြေခံစိတ်ဓာတ်သည် တစ်မျိုးတည်းဖြစ်သည်ဆိုသော်လည်း လူသားများအတူတူနေထိုင်ကြသည့် လောကထဲ၌ ပေါ်ပေါက်လာသည့်အသွင်သဏ္ဌာန်များတွင် အမျိုးမျိုးကွဲပြားနေသည်ကိုသိနိုင်သည်။

လူသားအားလုံးကို လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းအဖြစ် လေးစားသည်။ ထို့ကြောင့် လူသားအားလုံး၏လွတ်လပ်မှုတွင် တန်းတူညီမျှမှုကို ထိန်းသိမ်းစောင့်ရှောက်ရန်ဦးတည်သည့် ဒီမိုကရေစီ၏ အခြေခံသဘောထားသည်မည်သို့ပင်ဖြစ်စေအတူတူဖြစ်ပြီး မည်သည့် အချိန်ရောက်ရောက်မပြောင်းလဲပေ။ သို့ရာတွင် ဒီမိုကရေစီသည်ရှည်လျားသည့် သမိုင်းထဲမှမွေးဖွားလာသည့်အရာဖြစ်ပြီး လက်တွေ့ပုံသဏ္ဌာန်တွင် ခေတ်အလိုက်ပြောင်းလဲနေသကဲ့သို့ နောင်တွင်လည်းစဉ်ဆက်မပြတ်ပြောင်းလဲနေဦးမည်ဖြစ်သည်။ ဤသည်နှင့် တစ်ပြိုင်တည်း အကျုံးဝင်သည့် အဝန်းအဝိုင်းသည်လည်း ပိုပိုကျယ်ပြန့်လာနေသည်။ ရလဒ်အနေဖြင့် ယခုအခါတွင် ဒီမိုကရေစီကို အသွင်သုံးရပ်အဖြစ်ခွဲခြားတွေ့မြင်နိုင်သည်။ နိုင်ငံရေးဆိုင်ရာဒီမိုကရေစီ၊ လူမှုပက်ဝန်းကျင်ဆိုင်ရာဒီမိုကရေစီ၊ စီးပွားရေးဆိုင်ရာ ဒီမိုကရေစီဆိုသည့် အသွင်သုံးရပ်ပင်ဖြစ်သည်။

ပထမဦးဆုံး နိုင်ငံရေးဆိုင်ရာဒီမိုကရေစီသည် ဤအသွင်သုံးရပ်ထဲတွင် အခြေခံအကျဆုံးအသွင်သဏ္ဌာန်ဟုပြောနိုင်သည်။ ထို့ကြောင့်လည်း သမိုင်းတွင် အစောဆုံးပေါ်ပေါက်လာပြီးအစပိုင်းမှာပင် ခိုင်ခိုင်မာမာ ပြောဆိုတင်ပြလာခဲ့ကြသည်။

လူသားများအားလုံးသည် မွေးဖွားလာစဉ်ကပင်လွတ်လပ်ပြီး အားလုံးတန်းတူဖြစ်သည်ဟူသော အတွေးအခေါ်သည် ရှေးယခင်ကပင် အခြေခံအားဖြင့်ရှိသော်လည်း အထူးသဖြင့် ခေတ်သစ်ပြောင်းလဲစပြုခဲ့ချိန် နောက်ပိုင်းတွင် တဖြည်းဖြည်းနိုင်ငံရေးအသွင်အဖြစ် တိုးတက်ယူဆလာကြရင်း၊ လူတို့က နိုင်ငံရေးတွင် လွတ်လပ်မှုနှင့် သာတူညီမျှမှုများကို ရည်မှန်း၍ အမျိုးမျိုးအဖုံဖုံကြိုးပမ်းလာကြသည်။ ထို့နောက် ဤသို့ကြိုးပမ်းမှုများ၏ရလဒ်အနေဖြင့် ၁၈ ရာစုကုန်ခါနီးတွင် ပေါ်ပေါက်ခဲ့သည့် အမေရိကန်ပြည်ထောင်စု၏လွတ်လပ်ရေးနှင့် ပြင်သစ်တော်လှန်ရေးဟူသော ကြီးမားသည့်ဖြစ်ရပ်ကြီးနှစ်ခုတို့မှစတင်၍ စနစ်တကျလက်တွေ့အသုံးပြုလာခဲ့သည်။ အမှန်တကယ် ဒီမိုကရေစီနည်းလမ်းကျသည့် နိုင်ငံရေး၏ရည်မှန်းချက်တွင် အများပြည်သူ၏စားဝတ်နေရေးကို အဆင့်အတန်းမြင့်မားစေပြီး လူသားအားလုံး မိမိတို့ဘဝသာယာရေးကို လုပ်ဆောင်နိုင်မည့် သာတူညီမျှသော အခွင့်အလမ်းများနှင့် အခြေအနေကို ဖော်ဆောင်ရန်ဖြစ်သည်။ ပြည်သူတို့ကိုယ်တိုင်က နိုင်ငံရေး၏အခြေခံမူဝါဒကိုဆုံးဖြတ်ပြီး မိမိတို့၏ကိုယ်စားလှယ်များကို များနိုင်သမျှများများရွေးကောက်ပွဲများတွင် ပါဝင်စေခြင်းအားဖြင့် "ပြည်သူများအတွက်နိုင်ငံရေး" ကိုစတင်အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ အကယ်၍ ပြည်သူတို့၏ကိုယ်စားလှယ်များကြားတွင် အမြင်ကွဲလွဲမှုများရှိနေပါက အများစု၏ဆန္ဒနှင့် မည်သည့်အမြင်ကို အသုံးပြုမည်ကို ဆုံးဖြတ်ရွေးချယ်သင့်သည်။ ဤသည်မှာ နိုင်ငံရေးဆိုင်ရာ ဒီမိုကရေစီ၏ အခြေခံမူဖြစ်ပြီး ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်၏ ပုံသဏ္ဌာန်အမျိုးမျိုးကွဲပြားနေသည်ဆိုခြင်းမှာ ဤအခြေခံအတွေးအခေါ်ကို အသုံးချသည့် နည်းလမ်းများကွဲပြားနေခြင်းပင်ဖြစ်သည်။

နိုင်ငံရေးဆိုင်ရာဒီမိုကရေစီနှင့်အတူ တိုးတက်ထွန်းကားလာခြင်းက ဒုတိယအသွင်ဖြစ်သည့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ ဒီမိုကရေစီဖြစ်သည်။

ဤသည်မှာ အတူတကွနေထိုင်နေကြသည့်လူများအကြားတွင် အဆင့်အတန်းများ၊ လူမျိုးများအလိုက် အထူးအခွင့်အရေးများရှိနေခြင်းကို ငြင်းပယ်၍ အာဏာကိုချုပ်ကိုင်သည့်စနစ်ကို အဆုံးသတ်ရန်ဖြစ်သည်။ မြို့စားနယ်စားများ၊ ဘုရင်မျိုးနွယ်များ၏အိမ်တွင် မွေးဖွားလာသူက သာမန်ပြည်သူများထက် ရာထူးအဆင့်မြင့်သည့်နေရာတွင်ရှိနေခြင်း၊ လူမျိုးနှင့်ကိုးကွယ်သည့် ဘာသာမတူခြင်းကိုအကြောင်းပြုပြီး ဤလူများအကြားတွင် အခွင့်ထူးများသတ်မှတ်ထားခြင်းမျိုးစသည့် လူသားများ၏လွတ်လပ်မှုနှင့် တန်းတူညီမျှမှုဟူသော အတွေးအခေါ်နှင့် ဖီလာဆန့်ကျင်မှုများရှိနေသည်ကို တွေ့ရသည်။ အမျိုးသမီးများသည် အမျိုးသမီးဖြစ်ခြင်းကိုအကြောင်းပြု၍ အမျိုးသားများပြောသမျှ နာခံလိုက်နာရမည်ဆိုသည့် အတွေးအခေါ်များ၊ မိသားစုထဲတွင် လင်ယောကျ်ားသည် အခွင့်ထူးကိုရယူထားပြီး၊ ရင်သွေးများအနေနှင့်မိဘ၊ အထူးသဖြင့် ဖခင်အလိုကျအတိုင်း မဖြစ်မနေနာခံရခြင်း၊ အကြီးဆုံးသားကိုသာ အထူးအခွင့်အရေးပေးဆက်ဆံသည့်ပုံစံများကိုလည်း ဖယ်ရှားရမည်။ ဤနေရာတွင် လူမှုပတ်ဝန်းကျင်ထဲ၌ ထူးခွန်သည့်အရည်အသွေးများရှိသူများ၊ အတွေ့အကြုံ၊ ပဟုသုတများပြားသူများသည် အခြားသူများ၏လေးစားနေရာပေးမှုခံရပြီး ခေါင်းဆောင်မှုနေရာပေးခံရခြင်းမျိုးသည် ဖြစ်သင့်ဖြစ်ထိုက်ကြောင်း ပြောစရာလိုမည်မထင်ပေ။ သို့ရာတွင် လူတစ်ဦးသည် ဤအရည်အချင်းဖြင့် ကိုယ်ရည်ကိုယ်သွေးကိုပိုပြီး ထက်မြက်အောင်လုပ်ဆောင်ရာတွင် လူမျိုး၊ ကျားမ၊ ဘာသာရေးယုံကြည်မှုနှင့် အသက်အရွယ်များနှင့် မဆိုင်ဘဲ လူသားအားလုံး တစ်ပြေးညီအခွင့်အလမ်းများရယူနိုင်ရမည်ဟူသောအချက်သည်သာလျှင် လူမှုပတ်ဝန်းကျင်ဆိုင်ရာ ဒီမိုကရေစီ၏ရပ်တည်ချက်ဖြစ်သည်။

နိုင်ငံရေးဆိုင်ရာဒီမိုကရေစီ၊ လူမှုပတ်ဝန်းကျင်ဆိုင်ရာဒီမိုကရေစီနှင့်ဆက်စပ်၍ အရေးပါလာသော ဒီမိုကရေစီသည် တတိယအသွင်ဖြစ်သော စီးပွားရေးဆိုင်ရာ ဒီမိုကရေစီပင်ဖြစ်သည်။

ဒီမိုကရေစီသည် လူသားတိုင်း၏သာယာဝပြောမှုကို တည်ဆောက်နိုင်သည့်လောကကို ရည်မှန်းချက်ထားသည်။ ဤနေရာတွင် သာယာဝပြောမှုဆိုခြင်းသည် ရုပ်ဝတ္ထုဆိုင်ရာ သာယာဝပြောမှုသက်သက်ကိုဆိုလိုခြင်းမဟုတ်သော်လည်း လူအများအပြားသည် စားဝတ်နေရေးတွင် မပြည့်မစုံနှင့် ဒုက္ခရောက်နေမည်ဆိုပါက စိတ်ပိုင်းဆိုင်ရာတိုးတက်မှုကို မျှော်မှန်းနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ဒီမိုကရေစီသည် လူသားအားလုံး၏စီးပွားရေးဆိုင်ရာတိုးတက်မှုကို အလေးပေးသည်ဆိုသည်မှာ မူလကပင်သဘာဝကျလှသည်။ သို့ရာတွင် အစပိုင်းတွင် စီးပွားရေးလှုပ်ရှားမှုနှင့် ပတ်သက်၍ နိုင်ငံရေးအရဝင်ရောက်စွက်ဖက်ခြင်းကို တတ်နိုင်သမျှရှောင်ရှားပြီး လွတ်လပ်မှုကို ထိန်းသိမ်းပေးသည့် မူဝါဒကိုကျင့်သုံးခြင်းသည် အသင့်လျော်ဆုံးနည်းလမ်းဖြစ်သည်ဟု ယူဆခဲ့ကြသည်။ သို့ရာတွင် ဤသို့လုပ်ဆောင်ခြင်း၏ရလဒ်အဖြစ် ဓနအင်အားကို လက်ဝါးကြီးအုပ်မှုများ ဖြစ်လာပြီးအရင်းရှင်များနှင့် အလုပ်သမားလူထုအကြား ဆင်းရဲချမ်းသာကွာဟမှုကို ပိုပိုကြီးထွားလာစေခဲ့သည်။ စီးပွားရေးဆိုင်ရာ ဒီမိုကရေစီသည် လူသားအားလုံး၏စီးပွားရေးအခွင့်အလမ်းများကို မျှမျှတတရှိစေခြင်းအားဖြင့် ဆင်းရဲချမ်းသာကွာဟမှုကို လျော့ပါးလာရန်လုပ်ဆောင်သည်။ ထို့ကြောင့် ဒီမိုကရေစီ၏အသွင်သုံးရပ်ထဲတွင် ယခုအခါ အရေးအကြီးဆုံးဖြစ်ပြီး အပြည့်အဝဖြေရှင်းနိုင်ခြင်းမရှိသေးသည့် ပြဿနာသည်စီးပွားရေးဆိုင်ရာ ဒီမိုကရေစီဖြစ်သည်ဟုဆိုရမည်ဖြစ်သည်။

သို့သော်လည်း စီးပွားရေးဆိုင်ရာဒီမိုကရေစီကို သီးခြားခွဲထားလိုက်မည်ဆိုပါက အကောင်အထည်ပေါ်လာမည်မဟုတ်ပေ။ ဆင်းရဲသားများဘက်က ချမ်းသာသည့်သူများကို "အဆင့်အတန်းမြင့်သည့်ပုဂ္ဂိုလ်" ဟုသတ်မှတ်ပြီးနာခံလိုသည့် စိတ်ရှိကြသည်။ ချမ်းသာသည့်သူများကလည်း ဤသည်ကိုအခွင့်ကောင်းယူပြီး ဆင်းရဲသားများကို ဈေးပေါပေါနှင့် တရားနည်းလမ်းမကျသောအလုပ်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအောက်တွင် အချိန်ကြာမြင့်စွာအလုပ်ခိုင်းစေခြင်းသည် သဘာဝကျသည်ဟု ယူဆသော ဆက်ဆံမှုရှိနေသမျှကာလပတ်လုံး စီးပွားရေးသည် တစ်ဖက်စောင်းနင်းဖြစ်နေမည်

ဖြစ်သည်။ လေးစားရမည်မှာ လူသားဖြစ်သည်။ လူ့ဘောင်လောကတွင် စီးပွားရေးလုပ်ငန်းရှင်ကြီးများကို လေးစားသင့်သည်ဟုဆိုလျှင် လူတို့၏ ထူးချွန်သည့်စိမ်ခန့်ခွဲမှု အမျှော်အမြင်နှင့် လုပ်ငန်းအပေါ် စိတ်ရောကိုယ်ပါနှစ်ပြီး လူ့ဘောင်လောကအကျိုးစီးပွားကိုဖော်ဆောင်ရန် ကြိုးပမ်းမှုများကြောင့်သာ ဖြစ်ပြီး ဤလူများသည် သန်းကြွယ်သူဌေးဖြစ်နေသောကြောင့် မဟုတ်ပေ။ စီးပွားရေးလှုပ်ရှားမှုတွင် အခွင့်အလမ်းသာတူညီမျှရှိလာစေရန် ပထမဆုံး စည်းစိမ်ဥစ္စာအနည်းအများပေါ်မူတည်ပြီး လူသား၏တန်ဖိုးကိုတိုင်းထွာသည့် အတွေးအခေါ်ကို ဖယ်ရှားပစ်ရမည်ဖြစ်သည်။ ဤရှုထောင့်မှ ကြည့်မည်ဆိုပါက စီးပွားရေးဆိုင်ရာ ဒီမိုကရေစီသည်သေချာပေါက် လူ့ဘောင်လောကအတွက် ဒီမိုကရေစီနှင့် ဆက်နွယ်နေပါသည်။

ဤတွင်မက စီးပွားရေးဆိုင်ရာဒီမိုကရေစီကို မည်သို့အကောင်အထည်ဖော်မည်ဟု ယူဆချက်များသည် သဘောထားအလွဲဆုံးဖြစ်သည်။ အရင်းရှင်စနစ်ကောင်းသည်၊ ဆိုရှယ်လစ်စနစ်ကောင်းသည်၊ အရင်းအမြစ်များကို လက်ဝါးကြီးအုပ်မှုလျှော့ချနိုင်ရန် မည်သို့သောနည်းလမ်းနှင့် မည်သို့သောမူဝါဒကို ချမှတ်လုပ်ဆောင်သင့်မည်၊ အလုပ်သမားအခွင့်အရေးများကိုထိန်းသိမ်းရင်း အလုပ်လက်ခဲများပပျောက်စေရန် မည်သို့စီမံချက်ချလျှင်ကောင်းမည်၊ ပြည်သူအားလုံးအလုပ်လုပ်ရမည်ဟု သတ်မှတ်လျှင်လည်း လက်တွေ့တွင် အပျော်လိုက်ပြီးနေကြသူများရှိလာလျှင် မည်သို့ကိုင်တွယ်မည်၊ အလုပ်မလုပ်မနေရတာဝန်ကို လူတိုင်းအတွက် လူ့ကျင့်ဝတ်တစ်ခုအဖြစ်သတ်မှတ်သင့်သည်၊ သို့မဟုတ် ဥပဒေပြဋ္ဌာန်းပြီး အတင်းအကျပ်လုပ်သင့်သည်၊ အခြားပြဿနာများလည်းအမျိုးမျိုးရှိပြီး တစ်ခုချင်းနှင့် ပတ်သက်သည့် အမြင်အမျိုးမျိုးပေါ်လာကာ တစ်ခါတစ်ရံပြင်းပြင်းထန်ထန် အယူအဆကွဲခြင်းများရှောင်ရှား၍မရဖြစ်လာတတ်သည်။

ဤအချိန်တွင် ဒီမိုကရေစီနိုင်ငံရေးအရ " အများစု၏ဆန္ဒ" ကို ရွေးချယ်ရသည်။ ဥပမာ- ကိုယ်စားပြုဒီမိုကရေစီစနစ်တွင် လွှတ်တော်တွင် အများစုအင်အားရှိထားသည် ပါတီသည်စီးပွားရေးနှင့် ပတ်သက်သည့် ဥပဒေကို ပြဋ္ဌာန်းရန်လည်း အဓိကကျသည့် အခန်းကဏ္ဍတွင်ရှိနေသည်။

လွတ်တော်အမတ်အများစုထောက်ခံသည့် အစိုးရသည်လည်း လွတ်တော်အမတ်အများစုထောက်ခံမှုနှင့် ချမှတ်ထားသည့် စီးပွားရေးမူဝါဒကို အခြေခံ၍ စီးပွားရေးကိုအကောင်အထည်ဖော်သည်။ ထို့ကြောင့် နိုင်ငံရေးဆိုင်ရာဒီမိုကရေစီ၏ရည်မှန်းချက်သည် "ပြည်သူများအတွက် နိုင်ငံရေး" ပြည်သူအားလုံး၏ ဘုံအကျိုးစီးပွားဖြစ်သည်။ ဤရည်မှန်းချက်ကို ပြည့်ဝစေမည့်နည်းလမ်းသည် အများစုဆန္ဒနှင့် လုပ်ဆောင်ခြင်းဖြစ်သည်။ ထို့အတွက်ကြောင့် အများစုထောက်ခံမှုဆိုသည့် အခြေခံသဘောတရားကို ငြင်းပယ်လိုက်မည်ဆိုပါက နိုင်ငံရေးဆိုင်ရာ ဒီမိုကရေစီသည် ဖြစ်တည်နိုင်မည်မဟုတ်ပေ။ တစ်နည်းအားဖြင့် "ပြည်သူများအတွက် နိုင်ငံရေး"ဆိုသည့် အလံကိုထောင်ထားသော်လည်း အများစု၏ဆန္ဒကိုလျစ်လျူရှုသည့် နိုင်ငံရေးကိုလုပ်ဆောင်ခြင်းသည် ဒီမိုကရေစီမဟုတ်ပေ။

ဒီမိုကရေစီအပေါ် ဝေဖန်အပြစ်တင်မှုများ

လူသားအားလုံးသည် တစ်ဦးတစ်ယောက်ချင်းအနေနှင့် လေးစားရမည်ဖြစ်ပြီး မိမိ၏ကိုယ်ရည်ကိုယ်သွေးများကို လွတ်လွတ်လပ်လပ် အသုံးချပိုင်ခွင့်နှင့် မိမိ၏အရည်အချင်းကို ပိုပြီးတိုးတက်အောင်လုပ်ဆောင်ရန် သာတူညီမျှအခွင့်အရေးများကို ပိုင်ဆိုင်ထားပါသည်။ ယဉ်ကျေးမှုအရသာမက စီးပွားရေးအရပါ အတူယှဉ်တွဲနေထိုင်နိုင်သည်ဟူသော ဒီမိုကရေစီ၏ရည်မှန်းချက်သည် အလွန်မွန်မြတ်ပြီး ဤအချက်နှင့် ပတ်သက်၍ မည်သူမျှကန့်ကွက်နိုင်ခြင်းမရှိပါ။ ဤရည်မှန်းချက်အတိုင်း အပြည့်အဝကျင့်သုံးနိုင်ရန်အတွက် လူသားတို့သည် ကြမ်းတမ်းခက်ခဲသည့်ခရီးရှည်ကြီးကို ဆက်ပြီးလျှောက်ရဦးမည်ဆိုသည်ကို ပြောစရာလိုမည်မထင်ပေ။ သို့သော်လည်း ဒီမိုကရေစီသည် အတိတ်ရာစုနှစ်များစွာကပင် ဤရည်မှန်းချက်အကောင်အထည်ပေါ်လာရန်ဦးတည်၍ အမျိုးမျိုးအဖုံဖုံကြိုးပမ်းလာခဲ့သကဲ့သို့ ဤရည်မှန်းချက်ကိုဦးတည်ပြီး ကြိုးမားသည့်အောင်မြင်မှုများစွာရလာခဲ့ပြီဖြစ်သည်။

သို့ရာတွင် အခြားတစ်ဖက်တွင် ကျွန်ုပ်တို့သည် သမိုင်းတစ်လျှောက်၌ ဒီမိုကရေစီကို အမြဲတမ်းထောက်ခံပြီး၊ ဂုဏ်တင်ချီးမြှောက်လာခဲ့ခြင်းမျိုး မဟုတ်ပေ။ အမှန်ဆိုရလျှင် အမျိုးမျိုးအပြစ်တင်ပြောဆိုရင်းမှ ပြုစုပျိုးထောင်လာခဲ့ခြင်းဖြစ်သည်ကိုမေ့ထား၍ မရပေ။

အင်္ဂလန်၌ ဒီမိုကရေစီနည်းလမ်းကျသည့် တော်လှန်ရေးလုပ်ဆောင်ခဲ့ပြီးထို့နောက် အမေရိကတွင် လွတ်လပ်ရေးစစ်ပွဲဖြစ်ခဲ့သည်။ ထို့နောက် ပြင်သစ်၌ တော်လှန်ရေးကြီးဖြစ်ခဲ့ချိန်တွင် အခွင့်ထူးများကို စိတ်ကြိုက်ခံစားလာသူများက ဒီမိုကရေစီကိုမုန်းတီးပြီး ပြင်းပြင်းထန်ထန်အပြစ်တင်ဝေဖန်ခဲ့ကြသည်။ နောက်ပိုင်းတွင် အတွေးအခေါ်ပညာရှင်များ၊ ဝေဖန်ရေးသမားများက ဒီမိုကရေစီအပေါ် ဝေဖန်ခဲ့ကြသည်။ ဤသို့ဖြင့် ပထမကမ္ဘာစစ်နောက်ပိုင်းတွင် ဥရောပနိုင်ငံများက နိုင်ငံရေးအနေအထားအကြီးအကျယ်ဆိုးရွားလာချိန်တွင် "ဒီမိုကရေစီအတွက်အန္တရာယ်"ဆိုသည်မှာ လူတိုင်းပြောခဲ့သောစကားဖြစ်လာခဲ့သည်။ ထို့နောက် အီတလီ၌ဖက်စစ်ဝါဒ၊ ဂျာမနီ၌ နာဇီဝါဒများ ပေါ်လာပြီး ဒီမိုကရေစီကို ဝိုင်းပြီးထိုးနှက်တိုက်ခိုက်လာခဲ့သည်။

ဒီမိုကရေစီကိုဆန့်ကျင်သူများတွင် အပြင်းထန်ဆုံးအပြစ်တင်ဝေဖန်သည့်အချက်မှာ အများစုဆန္ဒဆိုသည့် အခြေခံအယူအဆပင်ဖြစ်သည်။ ဒီမိုကရေစီတွင် မည်သည့်နိုင်ငံရေးဝါဒသည် အမှန်ကန်ဆုံးနည်း၊ ပြည်သူများ၏သာယာဝပြောရေးအတွက် မည်ကဲ့သို့လုပ်မည်စသည်တို့နှင့် ပတ်သက်ပြီး အယူအဆအမျိုးမျိုးရှိလာခဲ့လျှင် အများစုကထောက်ခံသည့် ဆန္ဒသဘောထားကိုရွေးချယ်လုပ်ဆောင်သည်။ ဤကဲ့သို့သော နိုင်ငံရေးပြဿနာနှင့် ပတ်သက်သည့် သဘောထားအမြင်ကိုထုတ်ပြန်ပြီး မဲပေးနိုင်သူအဝန်းအဝိုင်းကို အတတ်နိုင်ဆုံးချဲ့ထွင်၍ နိုင်ငံရေး၌ ပြည်သူတို့များနိုင်သမျှများများပါဝင်နိုင်အောင်လုပ်ဆောင်သည်။ သို့ရာတွင် ဒီမိုကရေစီကိုဆန့်ကျင်သူတို့၏အဆိုအရ ဤသို့နည်းဖြင့်ရလာသည့် အများစု၏ဆန္ဒဆိုသည်မှာ အသိဉာဏ်ပညာအမှော်အမြင်မရှိသည့် ရေရှည်ကိုမမြင်နိုင်သည့် လူအများ၏ဆန္ဒဖြစ်သည်၊ ယင်းတို့အဆုံးအဖြတ်ပေးသည့်သဘောဖြစ်သည်။ အများလုပ်လျှင်လိုက်လုပ်တတ်သည့် လူသဘာဝအရရောယောင်ပြီး မျက်စိရှေ့တွင်ရှိသည့် အရှုံးအမြတ်သက်သက်ကို ဦးစားပေးတတ်သည့်လူများသည် "အရေအတွက်"

များသည်ဆိုသည့် အချက်တစ်ချက်တည်းနှင့် အရေးပါသည့် နိုင်ငံရေး ပြဿနာကို စိတ်တိုင်းကျဆုံးဖြတ်ကြလိမ့်မည်။ ဆန့်ကျင်ဘက်အနေနှင့် ထူးချွန်သည့်အတွေးအမြင်ရှိသော လူတို့၏စဉ်းစားတွေးခေါ်မှုသည် လူနည်းစုဖြစ်သည်ဟုဆိုလျင်လျစ်လျူရှုခံရနိုင်သည်။ ဤသည်မှာ "အရေအတွက် နိုင်ငံရေးဖြစ်ပြီး ပညာမဲ့၊ လူမိုက်အုပ်စုနိုင်ငံရေး"ဖြစ်သည်ဟု ဒီမိုကရေစီကို ဆန့်ကျင်သည့်သူများကပြောကြသည်။ လူတို့ကိုဒုက္ခပေးနေပြီဆိုသည့် ပုံစံနှင့်ဒီမိုကရေစီကိုထိုးနှက်ဖြိုလဲရန် ကြိုးပမ်းခဲ့ကြသည်။

ဒီမိုကရေစီအပေါ် ဤသို့ဝေဖန်မှုများက လမ်းဖော်ပေးခဲ့သည်မှာ အာဏာရှင်စနစ်ပင်ဖြစ်သည်။ အများစု၏ဆန္ဒနှင့်လုပ်ဆောင်သည့် ဒီမိုကရေစီကို "ပညာမဲ့လူမိုက် အုပ်စုနိုင်ငံရေး"ဆိုကာ ကဲ့ရဲ့ဝေဖန်ခဲ့သူများသည် အစားထိုးရန်နိုင်ငံရေးမူအဖြစ် " ဦးဆောင်လမ်းပြသူအခြေခံသဘောတရား" ကို ပြောလာကြသည်။ အာဏာရှင်များပြောသည့် ဦးဆောင်လမ်းပြသူ အခြေခံသဘောတရား"ကို ပြောလာကြခြင်းဖြစ်သည်။ အာဏာရှင်များက ပြောသည့် ဦးဆောင်လမ်းပြသူအခြေခံသဘောတရားဆိုသည်မှာ မည်မျှလောက် လူအများကြီးသဘောကျသည့် နိုင်ငံရေးနည်းလမ်းဖြစ်စေအားလုံး၏ အကဲ့အမြတ်နှင့် ဆန့်ကျင်သည့်မူဝါဒကို လုပ်ဆောင်မည်ဆိုပါက ဖယ်ရှားပစ်ရမည်။ တစ်နည်းအားဖြင့် အစိုးရကကြိုးစားပမ်းစားဆုံးဖြတ်ချက်ချထားသည့်မူဝါဒကို လုပ်ဆောင်ရမည့်အချိန်တွင် ဆန့်ကျင်ဘက်ပါတီက အရေအတွက်ကိုသုံး၍ ဖျက်လိုဖျက်ဆီးလုပ်လာမည်ဆိုပါက နိုင်ငံရေးအန္တရာယ်များကို ကျော်လွှားသွားရန်မဖြစ်နိုင်ပေ။ ထို့ကြောင့် ဤသို့အများစုက လွှမ်းမိုးမှုအစားဉာဏ်ပညာအပြည့်ဆုံး၊ အတော်ဆုံး၊ ဆုံးဖြတ်နိုင်စွမ်းအရှိဆုံး တစ်ယောက်တည်းသော သူကိုရွေးချယ်၊ ဤ "ဦးဆောင်လမ်းပြသူ" လက်သို့ နိုင်ငံရေးအရ အကြွင်းမဲ့အခွင့်အာဏာကိုပေးအပ်မည်။ ပြည်သူလူထုတွင် ဦးဆောင်လမ်းပြသူ၏အမိန့်အတိုင်း ညီညီညာညာနှင့် လိုက်လုပ်သွားခြင်းသည်အကောင်းဆုံးဖြစ်သည်ဟု ဆိုသည့်အယူအဆပင်ဖြစ်သည်။ ထို့ကြောင့် အာဏာရှင်စနစ်၌ နိုင်ငံရေးအပေါ်ပြည်သူလူထု၏ဝေဖန်မှုများကို ပိတ်ပင်သည်။ နိုင်ငံရေးပါတီများ အပြိုင်အဆိုင်ဖြစ်ခြင်းကိုတားမြစ်သည်။ လွတ်တော်နိုင်ငံရေးကိုလက်မခံဘဲ အကြွင်းမဲ့အခွင့်အာဏာကိုချုပ်ကိုင်ထားသည့်

အာဏာရှင်အပေါ် အလုံးစုံအားကိုးအားထားပြုသည်။ တစ်ခုတည်းသော မူဝါဒကိုပင် တစိုက်မတ်မတ်လုပ်ဆောင်သည်။

အာဏာရှင်စနစ်၏ဒီမိုကရေစီအပေါ် ထိုးနှက်ဝေဖန်သည့် အချက်တစ်ချက်မှာ "တစ်ဦးတစ်ယောက်ချင်းကို ဦးစားပေးသည့်အယူအဆ" ပင်ဖြစ်သည်။ ဒီမိုကရေစီတွင် လူသားတိုင်းသည် တစ်ဦးတစ်ယောက်ချင်း အနေနှင့် သာတူညီမျှပြီး အခြားသူတို့၏လွတ်လပ်မှုကို မထိပါးသရွေ့ တစ်ဦးတစ်ယောက်ချင်း၏လွတ်လပ်မှုကိုအာမခံသည်။ သို့ရာတွင် အာဏာရှင်ဝါဒီများသည် လူတစ်ဦးတစ်ယောက်ချင်းစီ သူတို့၏အခွင့်အရေးအတွက် တောင်းဆို၊ ကိုယ်ကျိုးစီးပွားသက်သက်အလေးပေးလုပ်သည်ကို ခွင့်ပြုထားလျှင် လူ့ဘောင်တစ်ခုလုံး၏ဟန်ချက်ပျက်ပြီး နိုင်ငံနှင့်လူမျိုး၏အကျိုးအမြတ်ကို ပစ်ပယ်ထားခံရမည်။ အာဏာရှင်ဝါဒီတို့၏အဆိုအရ ဦးစားပေးရမည်မှာ လူတစ်ဦးတစ်ယောက်ချင်းမဟုတ်ဘဲ နိုင်ငံတစ်ခုလုံး၊ လူမျိုးတစ်ရပ်လုံးဖြစ်သည်။ လူတစ်ဦးချင်းသည် လူအားလုံး၏တစ်စိတ်တစ်ပိုင်းဖြစ်ပြီး လူအားလုံးမည်သူမဆို အစိတ်အပိုင်းတစ်ခုဟူသော တန်ဖိုးကလွဲပြီးမရှိ။ အာဏာရှင်စနစ်သည် ဤသို့ဆိုကာ တစ်ဦးချင်းကိုဦးစားပေးသည့်ဝါဒ၊ လွတ်လပ်မှုကိုဦးစားပေးသည့်ဝါဒများကို ထိုးနှက်တိုက်ခိုက်ရင်း "အကြွင်းမဲ့အာဏာရှင်ဝါဒ" ကိုဆုပ်ကိုင်သည်။ အာဏာရှင်အမိန့်ပေးသည့်အတိုင်း ပြည်သူလူထုတစ်ရပ်လုံးအတွက်ဖြစ်ပါက ပုဂ္ဂလိကအခွင့်အရေးသာမက၊ အသက်ကိုပါဝမ်းမြောက်ဝမ်းသာနှင့် ပေးဆပ်ရမည်ဆိုသည်မှာ အကြွင်းမဲ့အာဏာရှင်စနစ်၏အဖြေပင်ဖြစ်သည်။

ဒီမိုကရေစီ၏အဖြေ

အာဏာရှင်စနစ်သည် ဒီမိုကရေစီ၌သုံးစွဲနေသည့် အများစု၏ဆန္ဒသဘောထားနှင့် ဆုံးဖြတ်သည်ကို ဝေဖန်ရှုတ်ချသည်။ အများ၏ဆန္ဒသဘောထားဖြစ်၍ အမြဲတမ်းမှန်ကန်သည်ဟု ကောက်ချက်ချခြင်းမဟုတ်ဘဲ လူနည်းစု၏ ဆန္ဒသဘောထား၊ တစ်ဦးတည်းသော ရှေ့ဆောင်သူ၏အတွေးအခေါ်သည် မှန်ကန်သည့်အခါလည်းများစွာရှိသည်ဆိုသည်မှာ အမှန်ပင်ဖြစ်သည်။ သို့ရာတွင် အာဏာရှင်တို့၏ဆုံးဖြတ်ချက်ဆိုပါက ပြည်သူ

တစ်ရပ်လုံးသာယာဝပြောရန် ရည်ရွယ်ချက်ပြည့်စေလိမ့်မည်ဟု မည်သူက အာမခံနိုင်မည်နည်း။ ဒီမိုကရေစီနိုင်ငံရေးက "အသိဉာဏ်မဲ့သည့်သူ အများစု၏နိုင်ငံရေး" ဟုဆိုလျှင် အာဏာရှင်နိုင်ငံရေးသည် တစ်ကြိမ်တစ်ခါမှား မိလျှင် ပြန်မပြင်နိုင်အောင်အကြီးအကျယ်ထိခိုက်ဆုံးရှုံးရသည့် "ထင်တိုင်းကြ နိုင်ငံရေး" ပင်ဖြစ်သည်။

လူတို့သည် ဘုရားသခင်မဟုတ်ပေ။ ထို့ကြောင့် လူတို့၏အတွေး အခေါ်များမှာ မည်သို့အနေအထားတွင် ဖြစ်စေအမှားများရှိတတ်သည်။ သို့ရာတွင် လူသားတို့၏ဆင်ခြင်တုံတရား၏အားသာချက်သည် အမှား အယွင်းများလုပ်မိလျှင်လည်း ပြင်ဆင်ရန်တတ်နိုင်ပေသည်။ အာဏာရှင် စနစ်သည်အမှားလုပ်မိလျှင် အမြဲတမ်းဖုံးကွယ်ရန်လုပ်ကြသည်။ ထို့နောက် ဆင်ခြင်တုံတရားနှင့် ဤအမှားကိုထောက်ပြဝေဖန်လာလျှင် အင်အားသုံးပြီး အသံမထွက်လာအောင်ပိတ်ပစ်သည်။ ထို့ကြောင့် အာဏာရှင်နိုင်ငံရေးသည် ဒီမိုကရေစီနိုင်ငံရေးကဲ့သို့ မိမိ၏အမှားကို လွယ်လွယ်နှင့် မပြင်နိုင်ပေ။

ဒီမိုကရေစီစနစ်တွင် လွတ်လပ်စွာပြောဆိုခွင့်ရှိ၍ နိုင်ငံရေးသမား များ၏အမှားကို အမြဲတမ်းပြင်ဆင်သွားနိုင်သည်။ အများ၏ဆန္ဒနှင့် ဆုံးဖြတ်ခဲ့ခြင်းသည်မှားနေသည်ဟုသိလာလျှင် နောက်တစ်ကြိမ်တွင် လူနည်းစု၏သဘောထားကို အများကထောက်ခံပြီး ၎င်းကိုလက်တွေ့ လုပ်ဆောင်သွားနိုင်သည်။ ဤသို့လုပ်သွားလျှင်ပြည်သူတို့သည် တဖြည်းဖြည်း နိုင်ငံရေးဗဟုသုတအမြင်များတိုးလာပြီး မိမိကိုယ်ကိုသုံးသပ်လာခြင်းကြောင့် အများ၏ဆန္ဒနှင့် ဆုံးဖြတ်ခြင်းသည်လည်း တဖြည်းဖြည်းလမ်းကြောင်း မှန်လာပြီး အများအယွင်းနည်းလာမည်။ အသိပညာများပွါးနှံ့လာပြီး ပြည်သူ တို့၏အတွေးအခေါ်များမြင့်လာသည်နှင့်အမျှ အများစုက ထောက်ခံမှု နည်းလာမည်။ အသိပညာများပွါးနှံ့လာပြီး ပြည်သူတို့၏အတွေးအခေါ်များ မြင့်မားလာသည်နှင့်အမျှ အများစုကထောက်ခံသည့် နိုင်ငံရေးမူဝါဒသည် ပြည်သူတို့၏သာယာဝပြောမှုကိုဖော်ဆောင်လာမည်။ ဤသို့နှင့် နိုင်ငံရေးကို မှန်ကန်သည့်လမ်းကြောင်းထဲသို့ မပြတ်ဦးတည်ပေးနိုင်သည်ဟူသော အချက်သည် လွတ်လပ်စွာပြောဆိုခွင့်နှင့် ယှဉ်သောအများ၏ဆန္ဒနှင့် ဆုံးဖြတ်ခြင်း အခြေခံသဘောထား၏အကောင်းဆုံးအားသာချက်ဖြစ်သည်။

ဒီမိုကရေစီသည် လူသားအားလုံးကို မျှော်လင့်ချက်များ၊ တရားမျှတမှုများ ဆီသို့ခေါ်ဆောင်သွားမည့် တစ်ခုတည်းသောလမ်းဖြစ်သည်။

အာဏာရှင်စနစ်သည် တစ်ဦးတစ်ယောက်ချင်းကို ဦးစားပေးသည့် ဝါဒကိုတိုက်ခိုက်ပြီး လွတ်လပ်ခြင်းကိုဦးစားပေးသည့်ဝါဒကိုရှုံ့ချသည်။ ထို့နောက် တစ်နိုင်ငံလုံး၊ လူမျိုးတစ်စုလုံးတိုးတက်ဖွံ့ဖြိုးမှုကို ပြည်သူ့တာဝန်အဖြစ်သတ်မှတ်သည့် အကြွင်းမဲ့အာဏာရှင်စနစ်၏အယူအဆကို ဆုပ်ကိုင်သည်။ သို့ရာတွင် နိုင်ငံတိုးတက်ဖွံ့ဖြိုးမှုများ၊ လူမျိုးစုသာယာဝပြောရေးဆိုသည်မှာ ဘယ်အရာကိုဆိုလိုပါသနည်း။ နိုင်ငံ၊ လူမျိုးဟုပြောသော်လည်း အမှန်မှာအလွန်များပြားသည့် လူတစ်ဦးတစ်ယောက်ချင်းနှင့် ဖွဲ့စည်းထားခြင်းသာဖြစ်သည်။ ထို့ကြောင့် ဤဖွဲ့စည်းမှုထဲတွင် ပါဝင်သူအားလုံး၏ ယဉ်ကျေးမှု၊ စီးပွားရေးတိုးတက်မှုကို ဖယ်ကျဉ်ထားမည်ဆိုပါက တစ်နိုင်ငံလုံး၊ လူမျိုးတစ်စုလုံးတိုးတက်မှုမဖြစ်နိုင်ပေ။ ဤသို့ဖြစ်ပါလျက်နှင့် အာဏာရှင်စနစ်သည်အစုအဝေးတစ်ခုလုံး၏သာယာဝပြောမှုကိုဦးစားပေးပြီး အစိတ်အပိုင်းဖြစ်သည့် လူတစ်ဦးတစ်ယောက်ချင်းက အားလုံးအတွက် စွန့်လွှတ်ပေးဆပ်ရန်တောင်းဆိုခြင်းသည် အစုအဝေးတစ်ခုလုံးကို စိမ်ခန့်ခွဲရန်ဆိုသည်ကို အကြောင်းပြပြီးထုတ်ပြန်သည့် အာဏာရှင်၏အမိန့်နှင့် ပြည်သူတို့ကို အတင်းအဓမ္မ၊ တရွတ်တိုက်ဆွဲခေါ်သွားရန်သက်သက်သာဖြစ်သည်။ ဤနေရာတွင် ပြည်သူတို့၏လူသားတစ်ယောက်အဖြစ်လွတ်လပ်မှုနှင့် ပျော်ရွှင်မှုများဆုံးရှုံးရသည့်တိုင်အောင် အာဏာရှင်၏စိမ်ကိန်းကို သူ့အလိုက္ခအတိုင်း အဓမ္မဖော်ဆောင်မည်ဆိုသည့် အတွင်းစိတ်ကိန်းအောင်းနေသည်။

ဒီမိုကရေစီသည် တစ်ဦးတစ်ယောက်ချင်းကိုလေးစားသည်။ တစ်ယောက်ချင်း၏လွတ်လပ်မှုကိုအလေးထားသည်။ သို့ရာတွင် ဒီမိုကရေစီ၏ရပ်တည်ချက်သည်မှန်ကန်သည့် "တစ်ဦးတစ်ယောက်ချင်းကို ဦးစားပေးသည့်ဝါဒ" ဖြစ်ပြီး "တစ်ကိုယ်ကောင်းဝါဒ"လုံးဝမဟုတ်ပေ။ များနိုင်သမျှများပြားသည့် လူတစ်ဦးချင်းတစ်ယောက်ချင်း၏တတ်နိုင်သမျှကြိုးမားသည့် သာယာဝပြောမှုကို အကောင်အထည်ပေါ်အောင်လုပ်ဆောင်သည့် ဒီမိုကရေစီ၏သဘောထားသည် မိမိတစ်ဦးတည်း၏အကျိုးစီးပွားကိုသာ မျှော်မှန်းပြီး အခြား

သူတို့၏ကံကြမ္မာကို အနည်းငယ်မျှပင်ခေါင်းထဲမထည့်သော တစ်ကိုယ်ကောင်းဝါဒနှင့် လုံးဝဆန့်ကျင်ဘက်ဖြစ်သည်။ သို့သော်လူတစ်ဦးချင်းက မိမိ၏အစွမ်းနှင့် ရယူတည်ဆောက်ထားသည့် သာယာဝပြောမှုသာလျှင် အမှန်တကယ်လူသား၏ အမှန်တကယ်သာယာဝပြောမှုဖြစ်ခြင်းကြောင့် ဤနေရာတွင် ဒီမိုကရေစီသည် တစ်ဦးတစ်ယောက်ချင်း၏ သာယာဝပြောမှုကို နှောင့်ယှက်ဖျက်ဆီးခြင်းမရှိစေသည့် အတိုင်းအတာအတွင်း၊ သာယာဝပြောမှုရယူနိုင်သည့် တန်းတူညီမျှသည့်လွတ်လပ်မှုကို လူသားအားလုံးအဝွက် ခွင့်ပြုခြင်းဖြစ်သည်။ တစ်ဦးချင်း၏ကြိုးပမ်းမှုနှင့် ပြည်သူတို့၏ စားဝတ်နေရေးကောင်းမွန်လာမည်ဆိုပါက ထိုနိုင်ငံသည် အလိုလိုတိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်သည်။ ပြည်သူတစ်ဦးချင်းက လူမျိုးစုအားလုံးအတူတကွ သာယာဝပြောမှုကို တည်ထောင်သွားမည်ဆိုလျှင် ထိုလူမျိုးတစ်စုလုံးသည်လည်း သူ့အလိုလိုကြွယ်ဝချမ်းသာလာမည်ဖြစ်သည်။ ထို့ကြောင့် လူမျိုးစုအားလုံး ပြည်သူအားလုံးအသီးသီးကြွယ်ဝချမ်းသာလာရင်း၊ အပြန်အလှန်ငြိမ်းချမ်းစွာနှင့် ကူညီသွားမည်ဆိုလျှင် လူသားအားလုံး၏သာယာဝပြောမှုသည် မလွဲမသွေတိုးတက်လာမည်ဖြစ်သည်။

စပါးပင်တစ်ပင်ချင်းကနေ အနှံတွေဝေဆာလာမည်ဆိုလျှင် မျက်စိတဆုံးရွှေရောင် လှိုင်းများထနေသည့် စိုက်ခင်းကစပါးများ အများကြီးထွက်လာရန် သေချာသည်ဆိုခြင်းနှင့် အလားတူပင်ဖြစ်ပေသည်။